# စက်ဖြွက်ဝိပဿနာကျမ်း

၁၇၁၈၆

စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

ခန္တီးဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

# စက်ဖြတ်ဝိပဿနာကျမ်း


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈

[illegible]

ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ်—၀၂၄၀၅/၀၂၅၂၇) က
ပုံနှိပ်ထုတ်ဝေသည်။



စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့
နိုင်ငံတော် ဩဝါဒါစရိယ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု
ခန္တီးဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဇနမဟာထေရ်
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

# အချီးနိဒါန်း

တိလောကဂ္ဂ တိလောကနာထ တိလောကသယမ္ဘူ ပြိုင်သူဘက်ကင်း သုံးလူ့မင်း ဖြစ်တော်မူသော ဗုဒ္ဓမည်တွင် ဘုရားရှင်သည် ဗောဓိပင်ရင်း ရွှေပလ္လင်ဝယ် နေစဉ်အတွင်း၌ မိုးသောက်ယံအချိန် အာသဝက္ခယ-အဘိညာဉ်ခေါ် အရဟတ္တမဂ်ဉာဏ်တော်ဖြင့် အဝိဇ္ဇာ,တဏှာ မြစ်ရင်းခံသော ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်ကြီးကို ထွားထွား ညက်ညက် အကုန်ပျက်အောင် ချေဖျက်တော်မူခဲ့လေသည်။

ထို ဗောဓိပင်အရင်း၌ပင် သတ္တာဟ နေတော်မူစဉ် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ ချားရဟတ်ကဲ့သို့ လည်၍ဖြစ်ပုံကို အနုလုံ-ပဋိလုံ အားဖြင့် ဆင်ခြင်သုံးသပ်တော်မူတဲ့အခါ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ ချာချာပတ်ပတ် ချားရဟတ်ကဲ့သို့ လည်၍ ဖြစ်ပုံကိုလည်းကောင်း၊ ချုပ်ပုံကိုလည်းကောင်း မျက်ဝါးထင်ထင် သိမြင်တော်မူလျှင် ဝမ်းမြောက်သော သဘောဖြင့် "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ" အစရှိသော သုံးဂါထာတို့ဖြင့် နှလုံးရွှင်ဖွင့် ဥဒါန်းကျူးရင့်တော်မူလေသည်။

သုံးလောကထွတ်ထား မြတ်ဘုရားသည် သံသရာစက်ရဟတ်ကို အမြစ်ပြတ်ဖြတ်ပြီး၍ မွေးသေလွတ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရပြီးသကဲ့သို့ ထို့တူပမာ ဝေနေယျကြွာ သတ္တဝါတို့အားလည်း သံသရာစက်ရဟတ်ကို ဖြတ်၍ အမြိုက် နိဗ္ဗာန်ကို ရကြစေခြင်းငှာ လေးဆယ့်ငါးဝါတိုင်တိုင် မဂ္ဂင်ရှစ်ပါး၊ ဝိသုဒ္ဓိခုနစ်ပါး၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး စက်ဖြတ် ဝိပဿနာတရားတော်ကို မနေမနား ကြိုးစား၍ ဟောကြားတော်မူခဲ့လေသည်။

ထိုသို့ ဟောကြားတော်မူသဖြင့် ဝေနေယျကြွာ သတ္တဝါတို့သည် သင်္ချေနှစ်ဆယ် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း သံသရာစက်ရဟတ်ကိုဖြတ်၍ မွေးသေလွတ်တဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကို ရကြပေပြီ။

ကြွင်းကျန်သေးသော ဝေနေယျကြာ သတ္တဝါတို့အားလည်း သံသရာ စက်ရဟတ်ကို ဖြတ်ဖို့ရန် အရှင်မဟာဗုဒ္ဓဃောသ မဟာထေရ် ရေးသား ထားသော "စက်ဖြတ်ဝိပဿနာ" ခေါ် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကျမ်းကြီး ကား ပါဠိဘာသာဖြင့် ထင်ရှားရှိပါ၏။ သို့ရှိငြားသော်လည်း ပါဠိဘာသာ မကျွမ်းကျင်သော ပုဂ္ဂိုလ်တို့မှာ သိရှိကြဖို့ရန် မလွယ်ကူပါ။

ထို့ကြောင့် ဝန်းသိုမြို့ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ခန္တီးဆရာတော် ဘုရားကြီးသည် မည်သူမဆို ကြည့်ရှုလိုသူ, ကျင့်ကြံအားထုတ်လိုသူ, သံသရာစက်ရဟတ်ကိုဖြတ်လိုသူ ပုဂ္ဂိုလ်အပေါင်းတို့အား မေတ္တာ, ကရုဏာ စိတ် ရည်သန်၍ ပေါ်လွင်သော မြန်မာစကားဖြင့် ဤ "စက်ဖြတ် ဝိပဿနာကျမ်း" ကို ရေးသားထုတ်ဝေလိုက်ရပါသတည်း။

(ပုံ) ဦးကုသလ
တိုက်အုပ်ဘုန်းကြီး
ခန္တီးစာသင်တိုက်၊ ဝန်းသိုမြို့။

# တိုက်တွန်းချက်

စက်ဖြတ်နည်းသည် အကျဉ်းနည်း, အကျယ်နည်းဟု နှစ်မျိုးရှိ၏။ မိမိတို့ နှစ်သက်ရာကိုယူပါ။ အကျဉ်းနည်းဖြင့်လည်း စက်ဖြတ်နိုင်ပါသည်။ အကျယ်နည်းဖြင့်လည်း စက်ဖြတ်နိုင်ပါသည်။ သို့ရာတွင် အကျဉ်းနည်းမှာ ဗဟုသုတနည်း၏။ အကျယ်နည်းမှာ ဗဟုသုတများ၏။

## လမ်းနှစ်လမ်း လိုင်းနှစ်လိုင်း

အရဟတ္တမဂ်ကိုရမှ မွေးသေလွတ်ကြသည်ကို ထောက်၍ လမ်းသည် မွေးသေလွတ်တဲ့လမ်း, မွေးသေမလွတ်တဲ့လမ်း၊ (ဝါ) မွေးသေလွတ်တဲ့ လိုင်း, မွေးသေမလွတ်တဲ့လိုင်း-ဟု ၂-မျိုးရှိရာ မွေးသေမလွတ်တဲ့လမ်းမှာ တရားအားမထုတ်ပဲ နေတဲ့လမ်းပဲ။ မွေးသေလွတ်တဲ့လမ်းမှာ တရား အားထုတ်တဲ့လမ်းပဲ။ အကြင်မျှလောက် တရားကို အားမထုတ်ပဲနေသေး၊ ထိုမျှလောက် မွေးသေမလွတ်သေး။ အကြင်အခါ၌ တရားကို အားထုတ် ၏၊ ထိုအခါ မွေးသေလွတ်၏။ သို့ရာတွင် မိမိနှစ်သက်ရာလမ်းကိုလိုက်ပါ။

ဒါဖြင့်ယင် ယခုဘဝ တရားကိုအားထုတ်လျှင် ယခုဘဝ မွေးသေ လွတ်မလားဟု မေးရန်ရှိ၏။ သူ့ကို ပြန်၍မေးပါ။ အခု ရေတွင်းတူး အခု ရေကြည် သောက်ရမလားဟု မေးပါ။ အခု ရေတွင်းတူးယင် အခု ရေကြည် မသောက်ရသေးပါ။ ရေနောက်တွေပဲ ထွက်လာနေဦးမည်။ သို့ရာတွင် ရေနောက်တွေကုန်တဲ့အခါ ရေကြည်သောက်ရပါမည်။ ထို့အတူ ဖြစ်ပျက်ရေနောက်တွေ လေးခါကုန်မှ မဖြစ်မပျက်ပဲ အငြိမ်ငြိမ်းအေးနေတဲ့ ရေကြည်ကို သောက်ရပါမည်ဟု ဖြေဆိုရမည်။

ထို့ကြောင့် ဘုရားသာသနာနှင့်လဲတွေ့ ရခဲသော လူ့အဖြစ်ကိုလဲ ရနေတဲ့အခါ လက်ရှိဘဝ လမ်းလွဲသောအားဖြင့် (ဝါ) လိုင်းလွဲသော အားဖြင့် တရားကို အားထုတ်ဖြစ်အောင် အားထုတ်ပါရန် တိုက်တွန်း အပ်ပါသည် သူတော်ကောင်းတို့။

## ရှေးဆရာတော်ကြီးအဆို (မဂ်ဝင်အင်္ဂါငါးပါး)

"ငြိမ့်-ချုပ်-အေး-ထင်၊ ဝမ်းမြောက်လျှင်၊ မဂ်ဝင် အင်္ဂါငါး"– ဖြစ်ပျက်ကိုရှုနေတဲ့အထဲက သူ့အလိုလို ငြိမ့်ကနဲဖြစ်သွားပြီး ဖြစ်ပျက်တွေ ဖြတ်ကနဲချုပ်၊ အေးကနဲဖြစ်၊ နိဗ္ဗာန်ဟုထင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေတော့သည်။

ဤ၌ ငြိမ့်မှာ တမျိုးတည်းမဟုတ်ပေ။ အချို့က ငြိမ့်ကနဲဖြစ်။ အချို့က ထိတ်ကနဲ၊ အချို့က ရိပ်ကနဲ၊ အချို့က ဖိုကနဲ၊ အချို့က ဟာကနဲ စသည် ဖြင့် တမျိုးစီ ဖြစ်တတ်လေသည်။ ဘယ်လိုပဲဖြစ်ဖြစ် မှန်သည်ဟုဆိုသည်။ အမှန်မှာ ဖြစ်ပျက် သခ်ၤတနယ်ဆုံး၍ မဖြစ် မပျက် အသခ်ၤတနယ်သို့ ကူးပြောင်းသွားခြင်းပေတည်း။

ဆရာတော်

ခန္တီးရိပ်သာ၊ဝန်းသိုမြို့။

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ရတနတ္တယပဏာမကိုပြခြင်း | .... | .... | ၁ |
| စက်ဖြတ်လက်နက် အရဟတ္တမဂ်ကိုပြခြင်း | .... | .... | ၃ |
| သမ္မပ္ပဓာန်လေးပါးကိုပြခြင်း | .... | .... | ၃ |
| အင်္ဂါလေးပါးရှိသော ဝီရိယကိုပြခြင်း | .... | .... | ၄ |
| လက်ရှိဘဝ မဂ်ဖိုလ်ရ-မရကိုပြခြင်း | .... | .... | ၅ |
| မြတ်စွာဘုရား တရားအားထုတ်ပုံကိုပြခြင်း | .... | .... | ၅ |
| မဟာမိတ္တထေရ် တရားအားထုတ်ပုံကိုပြခြင်း | .... | .... | ၅ |
| ဥဃ္ဃဋိတညူစသော ပုဂ္ဂိုလ်လေးမျိုးကိုပြခြင်း | .... | .... | ၅ |
| လက်ရှိဘဝ မဂ်ဖိုလ်ကိုရသော ပုဂ္ဂိုလ်ကိုပြခြင်း | .... | .... | ၆ |
| ပဓာနိယအင်္ဂါငါးပါးလက္ခဏာကိုပြခြင်း | .... | .... | ၈ |
| ဝိသုဒ္ဓိခုနစ်ပါးကိုပြခြင်း | .... | .... | ၉ |
| သဒ္ဓါ-သတိ-ဝီရိယ-ပညာပြဓာန်းသည်ကိုပြခြင်း | .... | .... | ၁၁ |
| ခဲလေသမျှ သဲရေကျကိုပြခြင်း | .... | .... | ၁၂ |
| စိတ္တဝိသုဒ္ဓိကိုပြခြင်း | .... | .... | ၁၄ |
| မူလကပြိုးပြိုးပြက်ပြက် နောက်မှဆိုးလှိုညစ် | .... | .... | ၁၅ |
| ရေမြှု-ရေနီဖြစ်လာပုံ | .... | .... | ၁၅ |
| အာရုံအာရမ္မဏိကကိုပြခြင်း | .... | .... | ၁၅ |
| လောကီစျာန်ကိုးပါးကိုပြခြင်း | .... | .... | ၁၆ |
| အပါယ်သို့တဖန် ကျတတ်ပြန် | .... | .... | ၁၇ |
| တဝင်းဝင်းနှင့် တရှုတ်ရှုတ် | .... | .... | ၁၇ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဝိပဿနာဘက်သို့ တက်ပုံ | .... | .... | ၁၈ |
| သံသရာ၌မှ အမြန်ထွက် | .... | .... | ၁၈ |

**ဒိဋ္ဌိဝိသုဒ္ဓိ**

| | | | |
|---|---|---|---|
| ဒိဋ္ဌိဝိသုဒ္ဓိကိုပြခြင်း | .... | .... | ၂၁ |
| နာမ်ကိုသိမ်းဆည်းပုံ | .... | .... | ၂၁ |
| ရုပ်ကိုသိမ်းဆည်းပုံ | .... | .... | ၂၁ |
| ရုပ်နာမ်ကို ပိုင်းခြားပုံ | .... | .... | ၂၂ |
| မဂ်ဖိုလ်ကိုမြစ်တား ဒိဋ္ဌိအမှား | .... | .... | ၂၃ |
| သက္ကာယဒိဋ္ဌိမှပေါက်ဖွား ၆၂-ပါး | .... | .... | ၂၄ |
| သက္ကာယဒိဋ္ဌိ ၂၀-ပွားပုံ | .... | .... | ၂၅ |
| သက္ကာယဒိဋ္ဌိဆောင်ပုဒ်များ | .... | .... | ၂၇ |
| သက္ကာယဒိဋ္ဌိပုဒ်ကို ရှင်းလင်းဖော်ပြခြင်း | .... | .... | ၂၈ |
| သက္ကာယဒိဋ္ဌိ ဖြစ်-မဖြစ် | .... | .... | ၃၀ |
| ၆၂ ပါး မိစ္ဆာဒိဋ္ဌိအမှား | .... | .... | ၃၁ |
| ရှိလျှင်ရှိ-မရှိလျှင်မရှိ | .... | .... | ၃၂ |
| သဿတနှင့် ဥစ္ဆေဒကိုပြခြင်း | .... | .... | ၃၃ |
| ဒိဋ္ဌိမှန်က ငရဲကျ | .... | .... | ၃၃ |
| မဂ်ကိုသာတား၊ နတ်ရွာသုဂတိကိုမတား | .... | .... | ၃၄ |
| အယူတမျိုး အလုပ်တမျိုး | .... | .... | ၃၅ |
| မိစ္ဆာဒိဋ္ဌိသုံးမျိုး | .... | .... | ၃၅ |
| ဒိဋ္ဌိဖြစ်ကြောင်းရှစ်ပါး | .... | .... | ၃၇ |
| သက္ကာယဒိဋ္ဌိ ရှိ-မရှိကိုပြခြင်း | .... | .... | ၄၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သက္ကာယဒိဋ္ဌိ မဖြစ်ပုံကိုပြခြင်း .... .... | ၄၁ |
| သက္ကာယ၊ ဥစ္ဆေဒ၊ သဿတစင်ပုံ .... .... | ၄၂ |
| ဝိပလ္လာလ မူလ ၄-ပါး၊ မူလီ ၁၂-ပါး .... .... | ၄၃ |
| အလွန်ဆိုးတဲ့ ဖောက်ပြန်မျိုး .... .... | ၄၄ |
| သညာ,စိတ္တ, ဒိဋ္ဌိဝိပလ္လာသဆောင်ပုဒ် .... .... | ၄၅ |
| မျက်မှန်စိမ်းဥပမာ .... .... | ၄၆ |
| သနားသူပမာ ဘုရားမြတ်စွာ .... .... | ၄၇ |
| သော၊သနား၊ဧဟန္တာကိုပြခြင်း .... .... | ၄၉ |
| ကြိုးကြိုးမားမား သတိထား .... .... | ၅၀ |
| အိပ်မက် မက်ခြင်း-မမက်ခြင်း .... .... | ၅၀ |
| ပထဝီဓာတ် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် .... | ၅၁ |
| အာပေါဓာတ်၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် .... | ၅၂ |
| တေဇောဓာတ်၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် .... | ၅၃ |
| ဝါယောဓာတ်၊ လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် .... | ၅၃ |
| လက်,ရ,ပ,ဋ္ဌာန်ကိုပြခြင်း .... .... | ၅၅ |
| ဟုဘ်တိုင်းသိပြန် ယထာဘူတဉာဏ် .... .... | ၅၉ |
| ၃၂-ခု ပေါင်းအစု .... .... | ၆၁ |
| မရှိပညတ် ရှိပရမတ် .... .... | ၆၂ |
| ထင်မြင်အောင်ဆင်ခြင် .... .... | ၆၂ |
| ရုပ်နာမ်မြင်သိ ဒိဋ္ဌိဝိသုဒ္ဓိ .... .... | ၆၃ |
| ဒိဋ္ဌိယောကျ်ား-ဒိဋ္ဌိမိန်းမ ဖြစ်နေကြမယ် .... .... | ၆၃ |
| မြူငါးမျိုးကိုပြခြင်း .... .... | ၆၅ |
| ကလာပ်နှစ်မျိုးကိုပြခြင်း .... .... | ၆၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ရှစ်သောင်းလေးထောင်-မြင်းမိုရ်တောင် | .... | .... | ၆၇ |
| မြေညက်ရုပ်ကြီး-ပမာမှီး | .... | .... | ၆၈ |
| ကြီးငယ်ကွဲပြားခြင်းမရှိ | .... | .... | ၆၈ |
| ဒိဋ္ဌိဝိသုဒ္ဓိ | .... | .... | ၆၉ |
| ရုပ်ကလာပ်အားဖြင့် သိမ်းဆည်းပုံ | .... | .... | ၇၀ |
| ပိုးလောက်ပမာတည်နေရာ | .... | .... | ၇၀ |
| ကံကြောင့်ဖြစ်သော ရုပ်-၃၀ | .... | .... | ၇၁ |
| ခက်မငါးဖြာ ဖြစ်ပေါ်လာ | .... | .... | ၇၂ |
| သတ္တာဟရက်ပေါင်း ၂၉၄-ရက် | .... | .... | ၇၅ |
| ဣန္ဒကဘီလူး | .... | .... | ၇၆ |
| ၄၂-ရုပ် ဓာတ်ပရမတ် | .... | .... | ၇၉ |
| ပထဝီဓာတ် ၂၀၊ အာပေါ ၁၂၊ တေဇော ၄၊ ဝါယော ၆-ပါး | | | ၈၀ |
| ကျိုးနှင့်ကန်းဥပမာ | .... | .... | ၈၁ |
| မြင်အပ်သည်ကိုမမြင်၊ မမြင်အပ်သည်ကိုမြင် | .... | .... | ၈၈ |
| နာမရူပပရိစ္ဆေဒဉာဏ် | .... | .... | ၉၀ |


## ကင်္ခါဝိတရဏဝိသုဒ္ဓိ


| | | | |
|---|---|---|---|
| ဖြစ်ကြောင်းငါးပါး | .... | .... | ၉၄ |
| မပြတ်ဖြစ်တာ သံသရာ | .... | .... | ၉၈ |
| ပဝတ္တိအခါ နာမ်ဖြစ်ကြောင်း | .... | .... | ၉၉ |
| တနည်း၊ နာမ်ဖြစ်ကြောင်း | .... | .... | ၁၀၀ |
| တနည်း၊ နာမ်ဖြစ်ကြောင်း | .... | .... | ၁၀၀ |
| ကုသိုလ်-အကုသိုလ်-ကြိယာနာမ်ဖြစ်ကြောင်း | .... | .... | ၁၀၁ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ယုံမှားခြင်း ၁၆-ပါး | .... | .... | ၁၀၃ |
| ဆောင်ပုဒ်လင်္ကာ | .... | .... | ၁၀၄ |
| ယုံရှားခြင်းရှစ်ပါး | .... | .... | ၁၀၈ |
| ကင်္ခါဝိတရဏဝိသုဒ္ဓိပုဂ္ဂိုလ် | .... | .... | ၁၀၈ |
| စူဠသောတာပန် | .... | .... | ၁၁၀ |
| သက်သာရာ ထောက်တည်ရာရပုံ | .... | .... | ၁၁၀ |
| စူဠ၊ မဇ္ဈိမ၊ မဟာသောတာပန်သုံးမျိုး | .... | .... | ၁၁၁ |
| ယောဂီပုဂ္ဂိုလ်သ တိပြု | .... | .... | ၁၁၂ |

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**

| | | | |
|---|---|---|---|
| သုဒ္ဓသမ္မသနနည်း သုံးသပ်ပုံ | .... | .... | ၁၁၃ |
| တနည်းသုံးသပ်ပုံ၊ တနည်းသုံးသပ်ပုံ အဒ္ဓါနည်း.... | | .... | ၁၁၄ |
| ဟီန၊ ပဏီတ၊ မဇ္ဈိမ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဒူရ၊ သန္တိစသည် | | .... | ၁၁၅ |
| တဆယ့်တရာသီ သုံးသပ်ပုံ | .... | .... | ၁၁၇ |
| တရေးရေးထင်အောင် နှလုံးသွင်း | .... | .... | ၁၁၈ |
| ကုဋ္ဌေတသိန်းငါးထောင်ကျော် | .... | .... | ၁၁၉ |
| သမ္မသနဉာဏ်ဖြစ်အောင် ရှုမှတ်ပုံ | .... | .... | ၁၂၀ |
| ပွတ်ဆောက်ဖျားနှင့် မုန်ညင်းစေ့ပမာ | .... | .... | ၁၂၁ |
| သမ္မသနဉာဏ်ရင့်သန်ပုံ | .... | .... | ၁၂၁ |
| တော-၄၀၊ သမ္မသနဉာဏ် | .... | .... | ၁၂၂ |
| အနိစ္စလက္ခဏာ ၁၀၊ ဒုက္ခလက္ခဏာ ၂၅၊ အနတ္တလက္ခဏာ ၅ | | | ၁၂၂ |
| သမ္မသနဝိပဿနာဉာဏ် ၂၀၀ | .... | .... | ၁၂၄ |
| အကျိုးပြ မဂ်သို့ရောက်ပုံ | .... | .... | ၁၂၅ |
| သမ္မသနဉာဏ်ပြီးဆုံးခြင်း | .... | .... | ၁၂၅ |

# စက်ဖြတ်ဝိပဿနာကျမ်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သေမင်းမမြင်နိုင်ပုံ | ၁၂၆ |
| အစုငါးစု ခန္ဓာငါးပါး | ၁၂၇ |
| လောကီပရိညာသုံးပါး | ၁၂၇ |
| ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ | ၁၂၈ |
| ဘူမိအရာဌာနသုံးမျိုး | ၁၂၈ |
| ပိုင်းခြား၍သိပုံ | ၁၂၉ |
| ဉာဏ်ခြောက်မျိုး | ၁၃၀ |
| ဉာဏ်ခြောက်မျိုး အကျဉ်းဆောင်ပုဒ် | ၁၃၁ |
| ဉာဏ်ခြောက်မျိုး ရှင်းပြခြင်း | ၁၃၁ |
| မဟာဝိပဿနာ ၁၈-ပါးကိုပြခြင်း | ၁၃၂ |
| ကီ-ကုဋ် ၂-တန် ၁၆-တန် | ၁၃၃ |
| ဥဒယဗ္ဗယပိုင်း | ၁၃၅ |
| အစုငါးစုခေါ်သော ခန္ဓာငါးပါး | ၁၃၇ |
| ရုပ်ခန္ဓာအဘို့က် ရုပ်ဖြစ်ကြောင်းပွားပုံ | ၁၃၈ |
| ရုပ်ခန္ဓာအဘို့က် ရုပ်ချုပ်ကြောင်းပွားပုံ | ၁၃၈ |
| ဥဒယဉာဏ် ၂၅၊ ဝယဉာဏ် ၂၅ ပွားပုံ | ၁၄၁ |
| အာရဒ္ဓဝိပဿကဖြစ်ပုံ | ၁၄၄ |
| အကျိုးပြ တရာနှင့်တရက် | ၁၄၅ |
| မြတ်-မမြတ် | ၁၄၅ |
| အနုမာသိ လူသာမန်တို့ မရနိုင်ပုံ | ၁၄၆ |
| ဥပက္ကိလေသ ၁၀ ပါးဖြစ်ပေါ်လာပုံ | ၁၄၇ |
| ဖြစ်-မဖြစ် နှစ်မျိုး | ၁၄၈ |
| ဥပက္ကိလေသအပိုင်းကို ပြဆိုခြင်း | ၁၄၉ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ထက်ဝယ်ဖွဲ့ခွေ စကြ္ကငွေ့ဒုသောင်း .... .... | ၁၅၀ |
| ဝိပဿနာလမ်းလွဲပုံ .... .. | ၁၅၀ |
| ဩဘာသကို မဂ်ဟုယူမှားပုံ .... .... | ၁၅၁ |
| မိမိသာမြင် သူတပါးမမြင်ရ .... ... | ၁၅၂ |
| ထပ်မံရှင်းလင်းချက် .... .... | ၁၅၃ |
| ပိုင်းခြားပုံကား .... .... | ၁၅၄ |
| အနိစ္စ-ဒုက္ခ-အနတ္တရှုပုံ .... .... | ၁၅၄ |
| တဏှာ, မာန, ဒိဋ္ဌိခွါပုံ .... .... | ၁၅၅ |
| တနည်းရှုပုံ .... .... | ၁၅၅ |
| ပီတိအပြား ငါးပါး .... .... | ၁၅၆ |
| ပီတိငါးမျိုးရှင်းပြပုံ .... .... | ၁၅၇ |
| ပီတိတမျိုးရှိသေးပုံ .... .... | ၁၅၉ |
| အံ့ဩလောက်တဲ့ ဥဗ္ဗေဂါပီတိ .... .... | ၁၆၁ |
| ယောဂီများကိုယ်တွေ့ .... .... | ၁၆၃ |
| သိကြား, ဗြဟ္မာ တားမြစ်၍မရပုံ .... .... | ၁၆၄ |
| မဂ်ဖိုလ်ရပြီဟု အထင်ကြီးတတ်ပုံ .... .... | ၁၆၅ |
| ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်အထူး .... .... | ၁၆၅ |
| ဥပက္ကိလေသ ဖြစ်-မဖြစ် .... .... | ၁၇၀ |
| တဏှာ, မာန, ဒိဋ္ဌိခွါပုံ .... .... | ၁၇၁ |
| ဝိကမ္ပန ဓမ္မုဒ္ဓစ္စ သဒ္ဓမ္မပဋိရူပက .... .... | ၁၇၁ |
| မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ .... .... | ၁၇၂ |
| သစ္စာ ၃-ပါး၊ ၄-ပါးမြင်ပုံ .... .... | ၁၇၃ |
| ရဟန္တာပုဂ္ဂိုလ်ကြီး ၄-ပါးမိန့်ခွန်း .... .... | ၁၇၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** ၁၇၅
လက္ခဏာရေးသုံးပါးထင်ပုံ .... .... ၁၇၇
ခေတ်ကြီး ၄-ပါးဖြစ်ပုံ .... .... ၁၇၉
တစုံတခုကိုမမြင် .... .... ၁၈၁
ငါ့ကိုယ် ငါ့ဟာ ငါမဟုတ် နာမ်ရုပ်အနတ္တ .... .... ၁၈၂
လက္ခဏာရေးဆိုက်၊ သစ္စာလေးပါးကိုက် .... .... ၁၈၂
အရိယာနှင့် ပုထုဇဉ် .... .... ၁၈၃
အနိစ္စကို **သန္တတိဖုံးလွှမ်းသည်** .... .... ၁၈၃
ဒုက္ခကို ဣရိယာပထဖုံးလွှမ်းသည် .... .... ၁၈၅
အနတ္တကို ဃနဖုံးလွှမ်းသည် .... .... ၁၈၆
နိဗ္ဗိန္ဒဉာဏ် ရင့်သန်လာပုံ .... .... ၁၈၆
အမေးပုစ္ဆာ ၁နှစ်မျိုး .... .... ၁၈၈
ဥဒယဗ္ဗယဉာဏ် ပြီးဆုံးခြင်း .... .... ၁၉၀
ဥဒယဗ္ဗယဉာဏ်နှင့် ဘင်ဉာဏ်အထူး .... .... ၁၉၂
သေမင်း မမြင်နိုင်ပုံ .... .... ၁၉၂
ဘင်ဉာဏ် အာနိသင်ရှစ်ပါး .... .... ၁၉၃
တိုက်တွန်းနှိုးဆော်ချက် .... .... ၁၉၄
ဘယဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ .... .... ၁၉၄
အာဒီနဝဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ .... .... ၁၉၆
အာဒီနဝသန္တိပဒဉာဏ် ၁၀-ပါး .... .... ၁၉၇
ပွားများပုံ .... .... ၁၉၈
တနည်း ပွားများပုံ .... .... ၁၉၉
ရှုပုံ ရှုနည်း နည်းယူရန် .... .... ၂၀၀

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒိဋ္ဌဓမ္မနိဗ္ဗာန် .... .... | ၂၀၂ |
| နိဗ္ဗိန္ဒဉာဏ် .... .... | ၂၀၂ |
| ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒဉာဏ်သုံးပါး .... .... | ၂၀၃ |
| မုဉ္စိတုကမျတာဉာဏ်နှင့် ပဋိသင်္ခါဉာဏ် .... .... | ၂၀၄ |
| ပဋိသင်္ခါဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ .... .... | ၂၀၅ |
| သမ္မသနဉာဏ်နှင့် ပဋိသင်္ခါဉာဏ်အထူး .... .... | ၂၀၇ |
| လက္ခဏာဉာဏ် ရင့်သန်လာစေရန် .... .... | ၂၀၈ |
| သင်္ခါရုပေက္ခာဉာဏ်နှင့် ပဋိပဒါဉာဏ် .... .... | ၂၀၈ |
| ဆင်ခြင်ပွားများပုံ .... .... | ၂၁၀ |
| ဒွိကောဋိကနည်း .... .... | ၂၁၁ |
| စတုကောဋိကနည်း .... .... | ၂၁၁ |
| ဆကောဋိကနည်း .... .... | ၂၁၂ |
| အဋ္ဌကောဋိကနည်း .... .... | ၂၁၃ |
| ကောဋိကသုညတနည်း .... .... | ၂၁၄ |
| ရေပွက်ပမာ ရုပ်ခန္ဓာ .... .... | ၂၁၅ |
| သေမင်း မမြင်တော့ပြီ .... .... | ၂၁၅ |
| နိဗ္ဗာန်မှတပါး ဘာကိုမှ အလိုမရှိပုံ .... .... | ၂၁၆ |
| အနုလောမဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ... .... | ၂၁၉ |
| ဥပမာ ၁၂-မျိုး တူပုံ .... .... | ၂၂၀ |
| မုဉ္စိတုကမျတာဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ .... | ၂၂၄ |
| ဂေါတြဘူဉာဏ်နှင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ .... .... | ၂၂၅ |
| သိခါပတ္တဝုဋ္ဌာနဂါမိနီဝိပဿနာ .... .... | ၂၂၅ |
| ပဋိသင်္ခါဉာဏ်နှင့် ဉာဏဒဿနဝိသုဒ္ဓိ ၁၇-ပါး .... .... | ၂၂၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **ဉာဏဒဿနဝိသုဒ္ဓိ** | | | ၂၂၇ |
| အကြမ်း, အလတ်, အနု | .... | .... | ၂၂၈ |
| ခြောက်ပစ္စယသတ္တိဖြင့် | .... | .... | ၂၂၈ |
| ရေခမြောင်းခုန်သောဥပမာ | .... | .... | ၂၂၉ |
| နက္ခတ်ကြည့်သောယောကျ်ားဥပမာ | .... | .... | ၂၂၉ |
| လေးပစ်သောယောကျ်ားဥပမာ | .... | .... | ၂၂၉ |
| သုခပဋိပဒါခိပ္ပါဘိညာ | .... | .... | ၂၃၀ |
| နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ မပြုပုံ | .... | .... | ၂၃၁ |
| သမ္မာဒိဋ္ဌိ ၂-မျိုး ပြားပုံ | .... | .... | ၂၃၂ |
| ရုပ်, နာမ် ၂-ပါးကို ဝိပဿနာရှုပုံ | .... | | ၂၃၃ |
| ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ | .... | .... | ၂၃၄ |
| တရားအားထုတ်ပုံ | .... | .... | ၂၃၅ |
| သစ္စာလေးချက် တပြိုင်နက် | .... | .... | ၂၃၇ |
| မဂ်ကိစ္စ ၁၆-ချက် | .... | --- | ၂၃၇ |
| မဂ္ဂဝီထိအားဖြင့်ဆိုသော် | .... | .... | ၂၃၉ |
| နည်းပေါင်းတထောင်မြောက်ပွားပုံ | .... | .... | ၂၄၁ |
| မဂ်လေးပါး နည်းလေးထောင် | .... | .... | ၂၄၁ |
| သောတာပတ္တိ မဂ္ဂဝီထိချပုံ | .... | .... | ၂၄၁ |
| ကျဉ်းကျဉ်းနှင့် ရှင်းရှင်း | .... | .... | ၂၄၂ |
| အမြတ်ဆုံး သောတာပတ္တိဖိုလ် | .... | .... | ၂၄၃ |
| အပါယ်ဘေးအတွက် ရင်အေးချက် | .... | .... | ၂၄၄ |
| မပိုင်းခြားနိုင်တော့ပေ | .... | .... | ၂၄၄ |
| ဉာဏဒဿနဝိသုဒ္ဓိ ပြီးဆုံးခြင်း | .... | .... | ၂၄၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|

## ပစ္စေကဗောဓိဉာဏ်


| | | | |
|---|---|---|---|
| မဂ်ဆိုတာဘာလဲ | .... | .... | ၂၄၇ |
| ပစ္စေကဗောဓိဉာဏ် ၁၉-တန် | .... | .... | ၂၄၈ |
| သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆင်ခြင်ပုံ .... | | | ၂၄၈ |
| ဝါဒထူးတမျိုး | .... | .... | ၂၅၁ |
| မဂ်လေးပါးတို့ ခန္ဓာမှ အသီးအသီး ထပုံ | .... | .... | ၂၅၂ |


## သမာပတ်ပိုင်း


| | | | |
|---|---|---|---|
| သမာပတ်သုံးမျိုး | .... | .... | ၂၅၃ |
| အပ္ပနာဇောကျပုံ | .... | .... | ၂၅၄ |
| ဈာနသမာပတ်ဝင်စားပုံ | .... | .... | ၂၅၄ |
| အကြောင်းအရာ ဖော်ပြချက် | .... | .... | ၂၅၅ |
| အနှစ်သာရမရှိတဲ့ ကေစိဝါဒ | .... | .... | ၂၅၆ |
| ဖိုလ်ဝင်စားနိုင်သော အကြောင်း ၂-ပါး | .... | .... | ၂၅၆ |
| ဖလသမာပတ်ဝင်စားပုံ | .... | .... | ၂၅၇ |
| အပ္ပနာဇော ဂေါ်ရိယာပုထ်ခိုင်မာပုံ | .... | .... | ၂၅၈ |
| သမာပတ်ဝင်စားနေစဉ် မည်သည့်အသံကိုမှ မကြား | | .... | ၂၅၈ |
| အဘယ်ကြောင့် မကြားသနည်း | .... | .... | ၂၅၈ |
| ဆူဆူညံညံ လှည်းသံကိုမကြား | .... | .... | ၂၅၉ |
| နိရောဓသမာပတ် ဝင်စားပုံ | .... | .... | ၂၆၀ |
| ပုဗ္ဗကိစ္စ ၄ ပါးပြုပုံ | .... | .... | ၂၆၁ |
| နဝပုဗ္ဗဝိဟာရသမာပတ် | .... | .... | ၂၆၃ |
| ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်တို့ မဝင်စားနိုင် ... | | .... | ၂၆၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဗ္ဗာန .... .... .... .... .... .... | ၂၆၃ |
| သေသူနှင့် နိရောဓသမာပတ် ဝင်စားသူတို့အထူး .... .... | ၂၆၄ |
| မျက်မှောက်ဘဝ ချမ်းသာစွာနေရခြင်း .... .... .... | ၂၆၄ |
| နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ချမ်းသာ .... .... | ၂၆၄ |
| ရဟန်းချမ်းသာရှစ်မျိုး .... .... .... .... | ၂၆၅ |
| သောတာပတ္တိမဂ်သို့ တက်ပုံ .... .... .... .... | ၂၆၆ |
| စမ်းသပ်ပုံ .... ... .... .... .... | ၂၆၆ |
| မဂ္ဂင်္ဂ-ဖလင်္ဂ ၂-မျိုး .... .... .... .... | ၂၆၇ |
| အနည်းဆုံး ၄-၅ ကြိမ်ဝင်စားကြည့် .... .... ... | ၂၆၈ |
| သကဒါဂါမိမဂ်သို့ တက်ပုံ .... .... .... .... | ၂၆၈ |
| အနာဂါမိမဂ်သို့ တက်ပုံ .... .... .... .... | ၂၆၉ |
| အရဟတ္တမဂ်သို့ တက်ပုံ .... .... .... .... | ၂၆၉ |
| ဇာတ်သိမ်းပြည်နိဗ္ဗာန် .... .... .... .... | ၂၇၀ |
| စက်ဖြတ်ဝိပဿနာကျမ်း .... .... .... .... | ၂၇၀ |


## မာရ်စစ်သည်ကိုပြဆိုခန်း


| | |
|---|---|
| ပြင်ပစစ်နှင့် ကိုယ်တွင်းစစ် နှစ်မျိုး .... .... .... | ၂၇၁ |
| အမြင်မှားနှင့်အမြင်မှန် .... .... .... .... | ၂၇၁ |
| မာရ်စစ်သည် ၁၀-တပ် .... .... .... .... | ၂၇၂ |
| မာရ်စစ်သည် ကဗျာသံပေါက်.... .... .... .... | ၂၇၄ |
| သမ္မာဒိဋ္ဌိဗိုလ်ချုပ်မိန့်ခွန်း .... .... .... .... | ၂၇၅ |
| စစ်သား ဗိုလ်ဝီရိယအဖြေ .... .... .... .... | ၂၇၅ |
| ဝီရိယနှစ်မျိုး .... .... .... .... | ၂၇၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **မဂ်လေးပါးကိလေသာပယ်ခန်း** | |
| သံယောဇဉ် ၁၀-ပါး .... .... .... .... | ၂၇၆ |
| ကိလေသာ ၁၀-ပါး .... .... .... .... | ၂၇၇ |
| မိစ္ဆတ္တတရား ၈-ပါး၊ ၁၀-ပါး.... .... .... .... | ၂၇၈ |
| လောကဓံတရား ၈-ပါး .... .... .... .... | ၂၇၉ |
| မစ္ဆရိယတရား ၅-ပါး .... .... .... .... | ၂၈၁ |
| ဝိပလ္လာသတရား ၁၂-ပါး .... .... .... .... | ၂၈၃ |
| ဂန္ထတရား ၄-ပါး .... .... .... .... | ၂၈၄ |
| အဂတိတရား ၄-ပါး .... .... .... .... | ၂၈၅ |
| အာသဝတရား ၄-ပါး .... .... .... .... | ၂၈၅ |
| ဩဃတရား ၄-ပါး .... .... .... .... | ၂၈၆ |
| ယောဂတရား ၄-ပါး .... .... .... .... | ၂၈၆ |
| ဥပါဒါန်တရား ၄-ပါး .... .... .... .... | ၂၈၇ |
| နီဝရဏတရား ၆-ပါး .... .... .... .... | ၂၈၈ |
| အနုသယတရား ၇-ပါး .... .... .... .... | ၂၈၉ |
| မလတရား ၃-ပါး .... .... .... .... | ၂၉၀ |
| အကုသလကမ္မပထတရား ၁၀-ပါး .... .... .... | ၂၉၀ |
| အကုသိုလ်စိတ္တုပ္ပါဒ် ၁၂-ပါး .... .... .... | ၂၉၂ |
| ဥပဇ္ဇနာရဟ အနာဂတ်ကိလေသာ .... .... .... | ၂၉၂ |
| **ပုဂ္ဂလဘေဒပိုင်း** | |
| ပုဂ္ဂိုလ်လေးမျိုး .... .... .... .... | ၂၉၅ |
| သာမညသောတာပန် ၃-မျိုး .... .... .... | ၂၉၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အနု, အလတ်, အရင့် ၃-မျိုး .... .... .... | ၂၉၆ |
| ဝဋ္ဋာဘိရတဘုံစဉ်စံ သောတာပန် ၃-မျိုး .... .... | ၂၉၇ |
| ဝိသေသအားဖြင့် သောတာပန် ၂၄-မျိုး .... .... | ၂၉၈ |
| သာမညသကဒါဂါမ် ၅-မျိုး .... .... .... | ၂၉၈ |
| ဝိသေသ သကဒါဂါမ်-၆၀ .... .... .... | ၂၉၉ |
| သာမညအနာဂါမ် ၅-မျိုး .... .... .... | ၂၉၉ |
| ဝိသေသအနာဂါမ် ၄၈-မျိုး .... .... .... | ၃၀၀ |
| သာမညရဟန္တာ ၆-မျိုး .... .... .... | ၃၀၁ |
| ဝိသေသရဟန္တာ ၇၂-မျိုး .... .... .... | ၃၀၁ |
| အရိယာပုဂ္ဂိုလ်ပေါင်း ၁၅၈ .... .... .... | ၃၀၂ |
| သမသီသီ ၄-မျိုး .... .... .... .... | ၃၀၂ |
| ဝိမောက္ခ ၃-မျိုး .... .... .... .... | ၃၀၄ |
| ပဋိပဒါ ၄-မျိုး .... .... .... .... | ၃၀၇ |
| အကျဉ်းဆောင်ပုဒ်များ .... .... .... .... | ၃၀၈ |


## အရိယာစစ်တမ်း


| | |
|---|---|
| အရိယာပုဂ္ဂိုလ် ၄-မျိုး .... .... .... .... | ၃၀၉ |
| အရိယာစစ်တမ်း .... .... .... .... | ၃၁၁ |
| ဆဋ္ဌာနစစ်တမ်း .... .... .... .... | ၃၁၁ |
| မေးခွန်းထုတ်ပုစ္ဆာ .... .... .... .... | ၃၁၂ |
| အာဂမနပဋိပဒါ .... .... .... .... | ၃၁၅ |
| ထိတ်လန့်စေအပ်၏ .... .... .... .... | ၃၁၆ |
| ခြောက်လှန့်အပ်၏ .... .... .... .... | ၃၁၆ |

အကြောင်းအရာ စာမျက်နှာ

နောက်တနည်း .... .... .... .... ၃၁၇
ပုထုဇဉ်မှာ ရသတဏှာမပယ်နိုင် .... .... .... ၃၁၇
အရိယာအဆင့်ဆင့် စစ်မေးခြင်း .... .... .... ၃၁၈
သောတာပန်စစ်တမ်း .... .... .... .... ၃၁၉
သောတာပန်အင်္ဂါ ၄-ပါး .... .... .... ၃၂၀
ကျမ်းဂန်နှင့်ညီသော သောတာပန် .... .... .... ၃၂၁
သောတာပန် လက်ဟောင်း-လက်သစ် .... .... ၃၂၃
အပါယ်ငရဲ တကယ်ဆွဲ .... .... .... ၃၂၄
သောတာပန် သဒ္ဓါတရားနိုင်မာပုံ .... .... .... ၃၂၆
အသက်ဖြင့် ခြိမ်းခြောက်၍မရပုံ .... .... .... ၃၂၇
လိမ်လည်၍မရပုံ .... .... .... .... ၃၂၈
သောတာပန်မှန်က သူ့အသက်ကိုမသတ် .... .... ၃၂၉
နိဗ္ဗာန်အစစ်နှင့် နိဗ္ဗာန်အတု .... .... .... ၃၃၀
တဏှာ,ခန္ဓာ ငြိမ်း-မငြိမ်း .... .... .... .... ၃၃၀
မဂ်ဖိုလ်အတုနှင့် မဂ်ဖိုလ်အစစ် .... .... .... ၃၃၁
အတုပေါ် ပေါက် အစစ်ပျောက် .... .... .... ၃၃၁

## ဝဋ်မှထွက်ခန်း

သတ်လွှတ်သူကို ငါမဟော .... .... .... ၃၃၂
အာနာပါနအကျိုးကား များပြားလှ .... .... .... ၃၃၃
ဗောဇ္ဈင် ၇-ပါ. ပြည့်စုံပုံ .... .... .... ၁၃၃
အာနာပါနအကျိုး ၅-ပါး .... .... .... .... ၃၃၅
အကျဉ်းဆောင်ပုဒ်များ .... .... .... .... ၃၃၆

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကမ္မဋ္ဌာန်းခွင် လုပ်ငန်းဝင် .... .... .... .... | ၃၃၇ |
| ဝါရကြီး ၄၅-ဝါရ .... .... .... .... | ၃၃၉ |
| အာနာပါနသမထရှေ့ပိုင်း .... .... .... .... | ၃၃၉ |
| အာနာပါနဝိပဿနာနောက်ပိုင်း .... .... .... | ၃၄၀ |
| စတုသစ္စကမ္မဋ္ဌာန်း .... .... .... .... | ၃၄၀ |
| ဓာတ်ကြီးလေးပါး တပါးပါး .... .... .... | ၃၄၁ |
| ဝိပဿနာ အညစ်အကြေး ၈-ပါး .... .... .... | ၃၄၂ |
| ပဘာဝနတရား လေးပါး .... .... .... .... | ၃၄၂ |
| ပရိဂ္ဂဟ ၂-ပါး သတိထား .... .... .... .... | ၃၄၄ |


## ပကိဏ္ဏကခန်း


| | |
|---|---|
| အဓိဋ္ဌာန် ပြုခြင်း, မပြုခြင်း .... .... .... .... | ၃၄၆ |
| တိတိကျကျ ဝင်စားနိုင်ခြင်း .... .... .... .... | ၃၄၆ |
| ဝသီဘော်ငါးပါး .... .... .... .... | ၃၄၆ |
| ပို၍ဖြစ်စေ, လို၍ဖြစ်စေ .... .... .... .... | ၃၄၇ |
| ပုထုဇဉ်တို့ မဝင်စားနိုင် .... .... .... .... | ၃၄၇ |
| သမာဓိ ဝင်စားပုံ .... .... .... .... | ၃၄၇ |
| ဝိပဿနာဝင်စားပုံ .... .... .... .... | ၃၄၈ |
| ရဟန်းကိစ္စ သုံးပါး .... .... .... .... | ၃၄၈ |
| ဗုဒ္ဓမိန့်ခွန်းတော်များ .... .... .... .... | ၃၄၉ |
| မာရ်နတ်မေးပုံ .... .... .... .... | ၃၅၃ |
| ဝဇိရာဘိက္ခုနီမ ဖြေကြားပုံ .... .... .... .... | ၃၅၃ |
| သဟမ္ပတိဗြဟ္မာ ရွတ်ဆိုပုံ .... .... .... .... | ၃၅၅ |
| သိကြားမင်းရွတ်ဆိုသောဂါထာ .... .... .... | ၃၅၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **နောက်ဆက်တွဲ** | |
| သာသနာ့ဝန်ထမ်း နှစ်မျိုး .... .... .... .... | ၃၅၇ |
| ကျေးဇူးတင်စကားသာ ပြောကြပါ .... .... .... | ၃၅၇ |
| အိမ်ကြက်ချင်း ခြံပေါက်ချင်း.... .... .... .... | ၃၆၀ |
| အာသဝေါကင်းတဲ့ အသိတရား .... .... .... | ၃၆၁ |
| သူသတ်ယောကျ်ား .... .... .... .... | ၃၆၄ |
| ခန္ဓာငါးပါး လက္ခဏာရေးတင်ပုံ .... .... .... | ၃၆၄ |
| အကျဉ်းဆောင်ပုဒ်များ .... .... .... .... | ၃၆၅ |
| ပထမ မိတ်ဆက်စာတမ်း .... .... .... .... | ၃၆၇ |
| ဒုတိယမိတ်ဆက်စာတမ်း .... .... .... .... | ၃၆၉ |
| သညာ ၇-ပါး .... .... .... | ၃၆၉ |
| တတိယ မိတ်ဆက်စာတမ်း .... .... .... .... | ၃၆၉ |
| စာကိုယ်ပြီးဆုံး ကျမ်းနိဂုံး .... .... .... .... | ၃၇၁ |
| ဂါမ၊ နိဂမ၊ ဇနပဒ၊ နဂရတို့၏ အထူးကိုပြဆိုခြင်း .... .... | ၃၇၁ |

# စက်ဖြတ်ဝိပဿနာကျမ်း

---

## ရတနတ္တယပဏာမ

နမော ဗုဒ္ဓဿ သံသာရစက္ကဆေဒကဿ သုဂတဿ။

၁။ ဗုဒ္ဓေါ သဗ္ဗညုတညာဏော၊ ဓမ္မော လောကုတ္တရော နဝ။
သံဃော မဂ္ဂဖလဋ္ဌော စ၊ ဣစ္စေတေ ရတနတ္တယန္တိ။
(ပထမသကာရဝိပုလာဂါတာ)

၂။ ယံ သုဝိဟတန္တရာယော၊ ဝန္ဒာမိ သိရသာ တယံ။
ဟုတွာ တဿာနုဘာဝေန၊ ပုညံ တယဝန္ဒနာမယံ။
(ပထမရကာရဝိပုလာဂါထာ)

ကရိဿံ စက္ကဆေဒနိံ၊ ခိပ္ပံ နိဗ္ဗာနပတ္တိယာတိ။
(ဇကာရဝိပုလာဂါထာ)

၁။ သဗ္ဗညုတညာဏော၊ ကိ,ကုတ်နှစ်တန် ကြွင်းကျန်မရှိ အလုံးစုံကို အကုန်သိတော်မူသော သဗ္ဗညုတညာဏ် ရှိတော်မူသော မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဘုရားမည်၏။ လောကုတ္တရော နဝ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာတရားသည်။ ဓမ္မော၊ တရားမည်၏။ မဂ္ဂဖလဋ္ဌော စ၊ မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန် လေးယောက် ဤရှစ်ယောက်သည်ကား။ သံဃော၊ သံဃာမည်၏။ ဣစ္စေတေ၊ ဤ ဘုရား, တရား, သံဃာတို့သည်။ ရတနတ္တယံ၊ ရတနာတို့၏ သုံးပါးတို့၏ အပေါင်းမည်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ သိမှတ်အပ်၏။

၂။ တယံ တံ တယံ၊ ထိုရတနာတို့၏ သုံးပါးတို့၏ အပေါင်းကို။ အဟံ၊ ရုပ်နာမ်နှစ်ဝ သမူဟကို (သုဇန)မှည့်ခေါ် တပည့်တော်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ၊ ဘယ,လာဘ,ကုလ ကြဉ်ရှောင်း

ဂုဏ်တော်ပေါင်းကို အောက်မေ့၍သာ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဝါ၊ ရှိခိုးရသောကြောင့်။ တယဝန္ဒနာမယံ၊ ရတနာသုံးပါးတို့အား ရှိခိုးခြင်းဖြင့် ပြီးသော။ ယံ ပုညံ၊ အကြင် ကောင်းမှုကုသိုလ်ကို။ မယာ၊ ငါသည်။ လဒ္ဓံ၊ ရအပ်ပေပြီ။ တဿ ပုညဿ၊ ထိုကောင်းမှု၏။ အာနု-ဘာဝေန၊ တန်ခိုးတေဇော် အာနုဘော်ကြောင့်။ သုဝိဟတန္တရာယော၊ ကောင်းစွာ ပယ်ဖျောက်အပ်ပြီးသော အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်း အကျိုးရှိသည်။ ဟုတွာ၊ ဖြစ်၍။ ခိပ္ပံ သီဃံ၊ ဆောလျင်စွာ။ နိဗ္ဗာနပတ္တိယာ၊ နိဗ္ဗာန်သို့ ရောက်စေခြင်း အကျိုးငှါ။ စက္ကစ္ဆေဒနီ၊ ဖြစ်ပျက်မွေးသေ တပေပေဆိုတဲ့ သံသရာစက်၊ ဘဝစက်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို အပြီးအပြတ် လက်စသတ် ပြတ်အောင် ဖြတ်ပေးတတ်သောကြောင့် စက်ဖြတ်ဝိပဿနာ အမည်ရှိသောကျမ်းကို။ ကရိဿံ ကရိဿာမိ၊ မွေးသေလွတ်ရေး မြော်ထောက်တွေး၍ ရေးသားမှုကို ပြုပေအံ့။

**မှတ်ချက်။** "ဗုဒ္ဓေါ သဗ္ဗညုတဉာဏော"၌ သဗ္ဗညုတဉာဏော၊ သဗ္ဗညုတဉာဏ်သည်။ ဗုဒ္ဓေါ၊ ဘုရားမည်၏–ဟု အနက်မပေးနှင့်။(သဗ္ဗညုတ-ဉာဏောတိ သဗ္ဗညုတဉာဏဝါ ဘဂဝါ)ဟု ဋီကာဖွင့်သောကြောင့် သဗ္ဗညုတဉာဏ်ရှိတော်မူသော ဘုရားဟု အနက်ပေးပါ။ သဗ္ဗညုတဉာဏ်ကို ဗုဒ္ဓဟု (ဝါ)ဘုရားဟု မယူလေနှင့်။ ဘုရားဂုဏ်တော်လို့သာ ယူပါ။ (အပရိမေယျ ဂုဏဂဏာတရော ခန္ဓသန္တာနော ဗုဒ္ဓေါ)ဟု ဋီကာဖွင့်သောကြောင့် မနှိုင်းယှဉ် မရေတွက်နိုင်သော ဂုဏ်တော်တို့၏ တည်ရာဖြစ်သော ခန္ဓာတော်အစဉ်ကိုသာ ဗုဒ္ဓဟု(ဝါ)ဘုရားဟု ယူပါ။ အကြောင်းသော်ကား (ဝိသုဒ္ဓိခန္ဓသန္တာနော ဗုဒ္ဓေါတိ နိယမော ကတော၊ ခန္ဓ-သန္တာနသုဒ္ဓိသုဂုဏောတိ နိယမော ကတော) ဟု ဇိနာလင်္ကာရဋီကာ(၁၀) ဂါထာမြောက်၌ ဖွင့်ပြသောကြောင့်ပေတည်း။

# စက်ဖြတ်ဝိပဿနာနိဒါန်း

## စက်ဖြတ်လက်နက် အရဟတ္တမဂ်

အဝိဇ္ဇာအစ သမုဒယောအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို (ဝါ) နိဗ္ဗာန်မရသေးသမျှ မရပ်မနား တသွားတည်းသွား တလည်တည်းလည်၍နေသော မွေးသေစက်ကြီးကို တချက်တည်း ရပ်သွားအောင် ဖျက်ဆီး၍ပေးနိုင်သော မြမြထက်သည့် (သံမဏိ)လက်နက်ကား အခြားမဟုတ်၊ (အရဟတ္တမဂ်) လက်နက်ပေတည်း။ ဤလိုဤပုံ စွမ်းရည်သတ္တိကျပ်ပြည့်ရှိသော အရဟတ္တမဂ်လက်နက်ကောင်းကြီးကို လက်ကိုင်ရရှိလာအောင် တည်ဆောက်၍ပေးနိုင်သော (သံမဏိ)စက်ရုံကား အခြားမဟုတ် (သမထဝိပဿနာ) စက်ရုံပေတည်း။ ထိုသမထဝိပဿနာ စက်ရုံသို့ဝင်၍ အရဟတ္တမဂ်လက်နက် လက်ကိုင်ရအောင် ပြုလုပ်ရန်ကား အခြားမဟုတ်၊ ဆရာကောင်းထံ ချဉ်းကပ်၍ ကျမ်းဂန်နည်း ကျကျ ဆရာနည်း ရရ လက်ရှိဘဝ အရဟတ္တမဂ်ကိုရအောင် အင်္ဂါလေးပါးရှိသော ဝီရိယဖြင့်—

ကြော,ရိုး,အရေ၊ ကြွင်းကျန်စေ၊ ခြေ က်လေ သွားအသွေး။
အသက်ကိုမှ၊ မငဲ့ရ၊ သမ္မပ္ပဓာန်လေး—

နှင့်အညီ အားထုတ်ရုံပေတည်း။

ယာဝ မဂ္ဂဏဝမ္ပော မံန ဥပဂစ္ဆတိ၊ တာဝ ပုရေတာရမေဝါဟံ
အပတ္တာဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ
သစ္ဆိကိရိယာယ ။ပ။ အာရဘိတဗ္ဗံ။

(ထိုဟိုပါဠိအဋ္ဌကထာ)

**အဓိပ္ပာယ်ကား**—အကြင်မျှလောက် သေခြင်း သဘောတရားသည် ငါ့ထံသို့ မကိုက်ရောက်လာသေး။ ထိုသေခြင်းတရား မလာမရောက်မီ ရှေးဦးစွာကသာလျှင် ငါသည် မရောက်သေးသော မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်စေခြင်းငှါလည်းကောင်း၊ မရဖူးသေးသော မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေခြင်းငှါ

လည်းကောင်း၊ မျက်မှောက်မပြုရဖူးသေးသော မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရစေခြင်းငှါလည်းကောင်း ငါ၏ခန္ဓာကိုယ်၌ အရေကြွင်းစေ၊ အကြောကြွင်းစေ၊ အရိုးကြွင်းစေ၊ အသားအသွေး ခန်းခြောက်လိုလည်း ခန်းခြောက်စေ ယောကျ်ားမြတ်တို့၏အားအစွမ်းဖြင့် ယောကျ်ားမြတ်တို့၏ အားထုတ်ခြင်းဖြင့် ယောကျ်ားမြတ်တို့၏ လုံ့လဝီရိယဖြင့် ရောက်အပ် ရအပ်သော အကြင် အရဟတ္တဖိုလ်သည် ရှိ၏။ ထိုအရဟတ္တဖိုလ်ကို မရမရောက်သေးပဲ တရားအလုပ် အားထုတ်မှုကို လျှော့ခြင်းသည် ဝါ-အလျှော့ပေးခြင်းသည် ဝါ ကြောက်ရွံ့နောက်တွန့်ခြင်းသည် မဖြစ်လတ္တံ့ဟု ရဲရဲတင်းတင်း နှလုံးသွင်းစိတ်ထား၍ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ယနေ့၌လည်းကောင်း၊ နက်ဖြန်၌လည်းကောင်း နိဗ္ဗာန်ကို မျက်မှောက်ပြုရတော့အံ့ဟု နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ အောက်အံသွား၌ အထက်အံသွားကို နှိပ်၍ ဝါ-အံကြိတ်၍ အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်ပဲ့ အားအံခဲ၍ အားထုတ်ခြင်းပေတည်း။ (+)ဤအင်္ဂါလေးပါးနှင့် ပြည့်စုံစွာ အားထုတ်ပါက လက်ရှိဘဝ (ပဒပရမ-အဘဗ္ဗပုဂ္ဂိုလ်) မဟုတ်ပါလျှင် မဂ်ဖိုလ်ရမြဲ ထုံးစံဟူလို။

**မှတ်ချက်။** ။(+)အင်္ဂါလေးပါးရှိသော ဝီရိယကား (၁) အရေ၊ (၂) အကြော၊ (၃) အရိုး၊ (၄) အသား အသွေး— ဤလေးပါးတို့ပေတည်း။ အသားနှင့် အသွေးကို တပါတည်းပြု၍ ယူလေ။

ဂါထာပါဠိဖြင့် အရကျက်မှတ်လိုပါလျှင် —

ကာမံ တစော စ နှာရု စ၊ အဋ္ဌိ စ အဝသိဿတု။
ဥပသုဿတု နိဿေသံ၊ သရီရေ မံသလောဟိတန္တိ။
(သုတ္တနိပါတအဋ္ဌကထာ၊ ဒု–၁၁၉)

**အဓိပ္ပါယ်ကား** — (၁) အရေကြွင်းစေ၊ (၂) အကြောကြွင်းစေ၊ (၃) အရိုးကြွင်းစေ၊ (၄) အသား အသွေးခြောက်ခန်းပါစေ၊ မဂ်ဖိုလ် မရသမျှ ငါမထတည်း။

## လက်ရှိဘဝ မဂ်ဖိုလ် ရ-မရ နှစ်မျိုး

**မြတ်စွာဘုရား တရားအားထုတ်တော်မူပုံ–**

န တာဝါဟံ ဣမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ၊ ယာဝ မေ
နာနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိဿတီတိ။

(မူလပဏ္ဏာသပါဠိတော် – ၂၁၈)

**အဓိပ္ပါယ်ကား**–ငါဘုရားသည် အကြင်မျှလောက်သောကာလပတ်လုံး တစုံတခုသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကိုမျှ ငါ့ဟာ, ငါ, ငါ့ကိုယ်ဟု တဏှာ, မာန, ဒိဋ္ဌိအားဖြင့် မစွဲလမ်းမယူမူ၍ အာသဝေါတရားတို့မှ ငါဘုရား၏စိတ်သည် မလွတ်မြောက်နိုင်သေးလတ္တံ့။ ထိုမျှလောက်ကာလပတ်လုံး ဤထက်ဝယ်ဖွဲ့ခွေ တင်ပလ္လင်နေထိုင်ခြင်းကို မဖျက်တော့အံ့ဟု ဆိုလိုသည်။

### ပဟာမိတ္တထေရ် တရားအားထုတ်ပုံ

အရဟတ္တံ အပါပုဏိတွာ န နိက္ခမိဿာမီတိ ဝီရိယံ အဓိဋ္ဌဟိတွာ နိသီဒိ။

(သာရသင်္ဂဟ အဋ္ဌကထာ-၅၈)

**အဓိပ္ပါယ်ကား**–သီဟိုဠ်ကျွန်း ကဿပလိုဏ်ဂူ၌ နေသော မဟာမိတ္တမထေရ်သည် ငါသည် အရဟတ္တဖိုလ်သို့မရောက်မူ၍ (ဝါ) မရောက်သမျှကာလပတ်လုံး ဤလိုဏ်ဂူမှ မထွက်တော့အံ့ဟု အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်၍ တရားအလုပ် အားထုတ်၍ နေသည်ရှိသော် နေ့ဆွမ်းမစားမီ အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်မှ လိုဏ်ဂူက ထွက်သတည်း။

(ဤလိုအဖြစ်မျိုး ...ဝဲ ...ဘိဓွကကား)

### ပုဂ္ဂိုလ် ၄–မျိုး

၁။ **သက်တော်ထင်ရှား ဘုရားလက်ထက်** (စတ္တာရော သတိပဋ္ဌာနာ) စသည် အကျဉ်းအားဖြင့် မာတိကာကိုထားသည်ရှိသော် ဒေသနာတော်ကို

အစဉ်လျှောက်သဖြင့် မိမိဉာဏ်ကိုစေလွှတ်၍ အရဟတ္တဖိုလ်ကိုယူခြင်းငှါ စွမ်းနိုင်သော (ဥဂ္ဃဋိတညူပုဂ္ဂိုလ်တမျိုး)။

၂။ အကျဉ်းအားဖြင့် မာတိကာကို ထား၍ **အကျယ်အားဖြင့် အနက်ကိုဝေဖန်၍** ဟောသည်ရှိသော် **အရဟတ္တဖိုလ်သို့** ရောက်ခြင်းငှါ စွမ်းနိုင်သော (ဝိပဉ္စိတညူပုဂ္ဂိုလ်တမျိုး)။

၃။ အကျဉ်း, မကျဉ်းမကျယ်, အကျယ်အားဖြင့် ဆောင်အပ်သော (ဝိသုဒ္ဓိခုနစ်ပါးကျင့်စဉ်) အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်သော (နေယျပုဂ္ဂိုလ်တမျိုး)။

၄။ လက်ရှိဘဝ ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သော သဒ္ဒါပုဒ်ဗျည်းမျှသာ အတိုင်းအရှည်ရှိသော (ပဒပရမ ပုဂ္ဂိုလ်တမျိုး)။

ဤလို ပုဂ္ဂိုလ်လေးမျိုးရှိပုံကို ပုဂ္ဂလပညတ် အဋ္ဌကထာ စတုက္ကနိဒ္ဒေသ စာမျက်နှာ (၃၃)၌ ဖွင့်ပြသည်။

## လက်ရှိဘဝ မဂ်ဖိုလ်ရ

ထိုတွင် လက်ရှိဘဝ မဂ်ဖိုလ်ကိုမရနိုင်သော အထုံဝါသနာ ဘာဂီမျှသာ ဖြစ်သော (ပဒပရမပုဂ္ဂိုလ်)မျိုးကို ချန်လှပ်၍ လက်ရှိဘဝ မဂ်ဖိုလ်နိဗ္ဗာန် ကိုရနိုင်သော (ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျပုဂ္ဂိုလ်) သုံးမျိုးတို့တွင် လည်း သာသနာတော် နှစ်ပေါင်း နှစ်ထောင်ကျော်ပြီးသော နောက်ပိုင်း ကာလမှာ များသောအားဖြင့် (နေယျပုဂ္ဂိုလ်မျိုး) တို့သာ များနေ ကြတော့သည်ဖြစ်၍ ထိုနေယျပုဂ္ဂိုလ်မျိုးတို့သည်လည်း (အနုက္ကမေန) ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာဉာဏ်ဆယ်ပါး ကျင့်စဉ်အားဖြင့် ကျမ်းဂန်နည်း ကျကျ ဆရာနည်းရရ အားထုတ်မှသာ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်သော ကြောင့် ယခုအခါ ကျင့်စဉ် ဝိသုဒ္ဓိခုနစ်ပါးတို့ကို ပြဆိုပေတော့အံ့။

နေယျပုဂ္ဂိုလ်မျိုးသည်လည်း (တိက္ခ-မဇ္ဈိမ-မန္ဒ) ဟု သုံးမျိုးရှိရာ ဤ၌ မဇ္ဈိမနေယျမျိုးကိုသာ ယူပါလေ။ အဘယ့်ကြောင့်ဆိုသော် (သာယမန္ဒ-

သိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတီတိ အတ္တာဂ်တေ သူရိယေ အနုသိဋ္ဌော အရုဏုဂ္ဂမနေ ဝိသေသံ အဓိဂမိဿတိ) ဟူ၍လည်းကောင်း၊ (ပါတမနုသိဋ္ဌော သာယန္တိ အရုဏုဂ္ဂမနေ အနုသိဋ္ဌော သူရိယတ္ထင်္ဂမနဝေလာယံ။ အယဥ္စ ပန ဒေသနာ နေယျပုဂ္ဂလဝသေန ဝုတ္တာ။ ဒန္ဓပညော ဟိ နေယျပုဂ္ဂလော သတ္တဟိ ဒိဝသေဟိ အရဟတ္တံ ပါပုဏာတိ၊ တိက္ခပညော ကေဒိဝသေန၊ သေသဒိဝသေ မဇ္ဈိမပညာဝသေန ဝေဒိတဗ္ဗံ) ဟူ၍လည်းကောင်း မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ စာမျက်နှာ (၂၂၆) ၌ လာ၏။

အဓိပ္ပါယ်ကား—

၁။ တိက္ခနေယျပုဂ္ဂိုလ်မျိုးမှာ နေဝင်ချိန်၌ ဆုံးမလိုက်ယင်၊ သို့မဟုတ် နေဝင်ချိန်ကစ၍ ဆုံးမလိုက်ယင် (ဝါ) တရားအပ်လိုက်ယင် အရုဏ်တက်ချိန်၌ တရားထူး မဂ်ဖိုလ်ရ၍ အရုဏ်တက်ချိန်၌ ဆုံးမလိုက်ယင်၊ သို့မဟုတ် အရုဏ်တက်ချိန်ကစ၍ ဆုံးမလိုက်ယင် နေဝင်ချိန်၌ တရားထူးမဂ်ဖိုလ်ကိုရ၍ တရက်နှင့်ပင် အရဟတ္တမဂ်အရဟတ္တဖိုလ်ကို ရနိုင်ကြပေသည်။(လူရည်ချွန် အာဇာနည်ပုဂ္ဂိုလ်တို့ပေတည်း။)

၂။ မန္ဒနေယျပုဂ္ဂိုလ်မျိုးမှာ ခုနစ်ရက် အားထုတ်ယင် အရဟတ္တဖိုလ်ကို ရနိုင်သည်။

၃။ မဇ္ဈိမနေယျပုဂ္ဂိုလ်မျိုးမှာ နည်းသောအားဖြင့် (၁၊၂၊၃၊၄၊၅၊၆) ရက်နှင့်ပင် အရဟတ္တဖိုလ်ကို ရသူလည်းရှိသည်။ များသောအားဖြင့် ခုနစ်ရက်, ခုနစ်လ, ခုနစ်နှစ်အားထုတ်မှ အရဟတ္တဖိုလ်ကို ရသူလည်း ရှိသည်ဟု ဆိုလိုသည်။

သဗ္ဗမ္ပိ စေတံ မဇ္ဈိမဗောဓ နေယျပုဂ္ဂလဝသေန ဝုတ္တံ။

(မူလပဏ္ဏာသအဋ္ဌကထာ-၃၀၅)

## အကျဉ်းဆောင်ပုဒ်များ

၁။ တရက်ကျင့်က၊ မဂ်ဖိုလ်ရ၊ တိက္ခနေယျမှတ်။

၂။ ခုနစ်ရက်ကျင့်က၊ မဂ်ဖိုလ်ရ၊ မန္ဒနေယျမှတ်။

၃။ ကြွင်းရက် (ဝါ) ကြားရက်ကျင့်က၊ မဂ်ဖိုလ်ရ၊ မဇ္ဈိမနေယျမှတ်။

## ပဓာနိယအင်္ဂါ ငါးပါး

ပဉ္စိမာနိ ပဓာနိယင်္ဂါနိ။ ကတမာနိ ပဉ္စ? သဒ္ဓေါ ဟောတိ၊ အပ္ပါဗာဓော၊ အသဌော အမာယာဝီ၊ အာရဒ္ဓဝီရိယော၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတောတိ ဣမာနိ ပဉ္စ ပဓာနိယင်္ဂါနိ။

(မဇ္ဈိမ ပဏ္ဏာသပါဠိတော်၊ ၂၉၈)

**အဓိပ္ပာယ်ကား** – ဘုရား၌ယုံကြည်ခြင်း၊ **အနာ**ရောဂါကင်းခြင်း၊ ဖြောင့်မှန်၍ မာယာဉာဏ် ဟန်မလုပ်တတ်ခြင်း၊ လွန်စွာတရားကို **အား**ထုတ်ခြင်း၊ ရုပ်**နာမ်**ဖြစ်ပျက်ကို သိမြင်နိုင်**သော** ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း– ဤပဓာနိယ အင်္ဂါငါးပါးနှင့် ပြည့်စုံက နေဝင်ချိန်၌ဆုံးမယင်၊ သို့မဟုတ် နေဝင်ချိန်**ကစ၍** ဆုံးမယင် **နေထွက်ချိန်၌တရားရ။နေထွက်ချိန်၌ဆုံးမယင်၊** သို့မဟုတ် နေထွက်ချိန်ကစ၍ ဆုံးမယင် နေဝင်ချိန်၌တရားရ-ဆိုတဲ့ အဆိုနှင့် ကိုက်ညီသည်ဟု ဆိုလိုခြင်းဖြစ်သည်။

## အကျဉ်းဆောင်ပုဒ်

ယုံကြည်, ကျန်းမာ၊ ဖြောင့်စင်းစွာနှင့်၊ လွန်စွာအားထုတ်၊ နာမ်ရုပ်မြင်သိ၊ ပညာရှိ၊ ပဓာနိယအင်္ဂါ ငါးပါးတည်း။

## ဝိသုဒ္ဓိခုနစ်ပါး

# ၁-သီလဝိသုဒ္ဓိ

အဂ္ဂဖလံ ပတ္တုကာမေန ဘိက္ခုနာ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ စေတိ ဧတာသံ လောကိယာနံ ဆန္နံ ဝိသုဒ္ဓီနံ အနုက္ကမေန ဉာဏဒဿနဝိသုဒ္ဓိ သမ္ပာဒေတဗ္ဗာ။

(သာရသင်္ဂဟအဋ္ဌကထာ၊ ၁၀၉)

**အဓိပ္ပာယ်ကား**—အဆိုပါ ပဋိစ္စသမုပ္ပါဒ်သံသရာစက်ရဟတ်ကို မပြတ်ပြတ်အောင်ဖြတ်ခြင်းငှါ စွမ်းနိုင်သော အရဟတ္တဖိုလ် လက်နက်ကို ရလိုရောက်လိုသော ရဟန်းသည် သီလစင်ကြယ်ခြင်း၊ စိတ်၏စင်ကြယ်ခြင်း၊ အယူမှားစင်ကြယ်ခြင်း၊ ယုံမှားခြင်း စင်ကြယ်ခြင်း၊ မဂ်ဟုတ်သည် မဟုတ်သည်ဟု သိမြင်သော ဉာဏ်အမြင်စင်ကြယ်ခြင်း၊ ဥဒယဗ္ဗယဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ကိုးပါးသော အကျင့်ဉာဏ်စင်ကြယ်ခြင်း-ဤလောကီဖြစ်ကုန်သော ခြောက်ပါးကုန်သော စင်ကြယ်ခြင်းတို့၏ အစဉ်အားဖြင့် မလိုရအောင် အားထုတ်သွားသော ယောဂီပုဂ္ဂိုလ်အား နောက်အခါ မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါးဖြစ်ပေါ်လာခြင်းတည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေအပ်၏ဟု ဆိုလိုသည်။

### အကျဉ်းဆောင်ပုဒ်

သီ-စိတ်-ဒိဋ္ဌိ-ကင်၊ မဂ်-ပဋိလျှင်၊ ဉာဏ်ယှဉ် သတ္တာသား။
မဂ်ဖိုလ်လိုရှိ၊ ကြိုးစားဘိ၊ သုဒ္ဓိ ခုနစ်ပါး။

သီလဝိသုဒ္ဓိဆိုသည်မှာ—

သီလဝိသုဒ္ဓိ နာမ သုပရိသုဒ္ဓံ ပါတိမောက္ခသံဝရာဒိစတုဗ္ဗိဓံ သီလံ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ဒု-၂၂၂)

**အစိပ္ပာယ်ကား**—ဤ၌ ရဟန်းတို့၏ သီလဝိသုဒ္ဓိကို**သာ** ပြဆိုသော်လည်း လူပုဂ္ဂိုလ်မှာ လူတို့၏ငါးပါးသီလ, ရှင်သာမဏေများမှာ ဆယ်ပါးသီလ, ရဟန်းတို့မှာ ရဟန်းတို့၏ သီလ စတုပါရိသုဒ္ဓိသီလ— **ဤ**လို မိမိတို့နှင့် သက်ဆိုင်ရာ သီလတို့ကို အစ, အလယ်, အဆုံး, သုံးပါးလုံးတို့၌ မကျိုး မပေါက်, မပြောက်မကျားစေရ၊ ခရုသင်းပွတ်သစ်စပမာ ထက်ဝန်းကျင် စင်ကြယ်အောင် စောင့်ရှောက်ထိန်းသိမ်းခြင်းကို (**သီလဝိသုဒ္ဓိ**) သီလစင်ကြယ်သည်ဟု ဆိုရလေသည်။

## စတုပါရိသုဒ္ဓိသီလ

ထိုတွင် စတုပါရိသုဒ္ဓိသီလဆိုသည်မှာ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ဤလေးပါးတို့ကို ဆိုသည်။

ထိုတွင် ပါတိမောက္ခသံဝရသီလဆိုသည်မှာ ဘိက္ခုပါတိမောက်၌ လာသော (၂၂၇) သွယ်သော သိက္ခာပုဒ်အပေါင်းကို ဆိုသည်။ လိုရင်းအချုပ်မှာ အာပတ်ခုနစ်ပါးတို့တွင် ပါရာဇိကအာပတ်ကို လွန်ကျူးမိလျှင် လူသာမဏေပြုလုပ်၍ စင်ကြယ်စေရမည်။ သံဃာဒိသိသ်အာပတ်ကို လွန်ကျူးမိလျှင် ပရိဝါသ်မာန ဆောက်တည်၍ အဗ္ဘာန်သွင်းပြီး စင်ကြယ်စေရမည်။ ထုလ္လစ္စည်းစသော အာပတ်ငါးပါးတို့ကို လွန်ကျူးမိလျှင် ဒေသနာခံ ဒေသနာပြောကြားသောအားဖြင့် စင်ကြယ်စေရမည်။ ဤသို့သုတ်သင် ရှင်းလင်းလျှင် ပါတိမောက္ခသံဝရသီလ စင်ကြယ်သည်ဟု ဆိုရလေသည်။

**ဣန္ဒြိယသံဝရသီလဆိုသည်မှာ**—မျက်စိနှင့် အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အတွေ့၊ မနောနှင့်ဓမ္မာရုံပေါင်းဆုံတိုက်ခိုက်မိကြတဲ့အခါ မြင်တိုင်း, ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း၊ တွေးတောကြံစည်တိုင်းတို့၌ တပ်မက်သော လောဘ၊ ပြစ်မှားသော ဒေါသ၊ တွေဝေမသိသော မောဟ စသော ကိုယ်တွင်းကိုလေသာရန်သူများ မဖြစ်ပွားရအောင် (ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတ-

မတ္တံ) စသော ဝိပဿနာရှုမှတ်မှုဖြင့် မြင်ရုံမျှ ကြားရုံမျှ စသည်ဖြင့်သာ ဖြစ်သွားနိုင်အောင် သတိနှင့် စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ စင်ကြယ်သည် မည်၏။

**အာဇီဝပါရိသုဒ္ဓိသီလ** ဆိုသည်မှာ–ဘုရားမြတ်စွာ လွန်စွာ စက်ဆုပ်တော်မူသော စတုပစ္စယဒါယကာ ဒါယိကာမတို့အား ချီးမြှောက်လိုသော စိတ်ဘားဖြင့် သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသော ကုလဒူသန (၈)ပါး၊ အနေသန (၂၁)ပါး၊ ကုဟနလပန စသည်တို့ဖြင့် ရသော ပစ္စည်းကို ကင်းဝေးစေ၍ (ဓမ္မိယလဒ္ဓ) တရားသဖြင့်ရသော ပစ္စည်းလေးပါးတို့ဖြင့်သာ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလစင်ကြယ်သည် မည်၏။

တနည်းအားဖြင့် အာဇီဝဟူသော အကြောင်းကြောင့် အထူးပညတ်တော်မူအပ်သော (ပါ-သံ-ထုလ်-စိတ်၊ ပါ-ဒုက်ချိပ်၊ ခြောက်ရိပ် အာဇီဝ) ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ပါရာဇိက၊ သံဃာဒိသိသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်–ဤခြောက်ရပ်သော အာပတ်တို့ကို ကင်းလွတ်အောင် စောင့်ရှောက်ခြင်းသည်လည်း အာဇီဝပါရိသုဒ္ဓိသီလ စင်ကြယ်သည်မည်၏။

**ပစ္စယသန္နိဿိတသီလ** ဆိုသည်မှာ–အဆိုပါ ကုလဒူသန စသော (အဓမ္မိယလဒ္ဓ) မတရားသဖြင့် ရသော ပစ္စည်းလေးပါးတို့ကို ကင်းလွတ်စေ၍ (ဓမ္မိယလဒ္ဓ) တရားသဖြင့်ရသော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းသည် ပစ္စယသန္နိဿိတသီလ စင်ကြယ်သည် မည်၏။

## သဒ္ဓါ, သတိ, ဝီရိယ, ပညာ

ထိုတွင် ပါတိမောက္ခသံဝရသီလသည် သဒ္ဓါပြဋ္ဌာန်း၏။ သဒ္ဓါပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ဖြင့်သာ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံနိုင်၏။ ဣန္ဒြိယသံဝရသီလသည် သတိပြဋ္ဌာန်း၏။ သတိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ဖြင့်သာ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံနိုင်၏။ အာဇီဝပါရိသုဒ္ဓိသီလသည် ဝီရိယ ပြဋ္ဌာန်း၏။ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ဖြင့်သာ အာဇီဝပါရိသုဒ္ဓိသီလနှင့်

ပြည့်စုံနိုင်၏။ ပစ္စယသန္နိဿိတသီလသည် ပညာပြဋ္ဌာန်း၏။ ပညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ဖြင့်သာ ပစ္စယသန္နိဿိတသီလနှင့် ပြည့်စုံနိုင်၏ဟု သိလေ မှတ်လေ။

## ခဲလေသမျှ သဲရေကျ

ရဟန်းတို့မှာ ဤစတုပါရိသုဒ္ဓိသီလကို ပြဆိုခဲ့ပြီးသည့်အတိုင်း လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပါ။ လိုရင်းအခြေခံ (စာရိတ္တမဏ္ဍိုင်) ဖြစ်သည်။ ပေါ့ပေါ့ဆဆ မမှတ်ပါနှင့်။ တရားကို ကြိုးစား၍ အားထုတ်နေသော်လည်း ဤသီလဝိသုဒ္ဓိနှင့် မပြည့်စုံလျှင် တရားအဆင့်တက်မည်၊ တရားရမည် မဟုတ်။ ခဲလေသမျှ သဲရေကျသာဖြစ်နေရမည်ကို ကြီးကြီးမားမား သတိထားရမည်ဟု သိလေ မှတ်လေ။

သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ကား–

> သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော။ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ–

ဟု ဟောတော်မူသည်။

**အဓိပ္ပာယ်ကား**–သီလဖြင့် ထုံအပ်သော သမာဓိသည် အကျိုးရင်း, အကျိုးဖျား ကြီးထွားထက်သန်သည်။ သမာဓိဖြင့် ထုံအပ်သော ပညာသည် အကျိုးရင်း, အကျိုးဖျား ကြီးထွားထက်သန်သည်။ ပညာဖြင့် ထုံအပ်သော စိတ်သည် အာသဝေါတရားတို့မှ လွတ်နိုင်သည်။ (ဝါ) အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်ဟု ဟောတော်မူသည်ကို အထူးသတိပြုမိကြပါစေ။

ထိုထိုကျမ်းဂန်တို့၌ကား–တာဝ စတုပါရိသုဒ္ဓိသီလံ ဝိသောဓေတဗ္ဗံ-ဟု ဖွင့်ပြကြ၏။

**အဓိပ္ပာယ်ကား**—စျာန်ကို လို၍ သမထကို အားထုတ်သည် ဖြစ်စေ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို လို၍ ဝိပဿနာကို အားထုတ်သည်ဖြစ်စေ တရားအားမထုတ်မီ ရှေးဦးစွာ ရဟန်းတို့မှာ အဆိုပါ (စတုပါရိသုဒ္ဓိသီလ) ကို ခရုသင်းပွတ်သစ်ပမာ စင်ကြယ်အောင် သုတ်သင် ရှင်းလင်းရမည်ဟု ဆိုလိုသည်။ သီလမစင်ကြယ်ဘဲနှင့် အားထုတ်နေလျှင် စျာန်လည်းရမည် မဟုတ်၊ မဂ်ဖိုလ်လည်း ရနိုင်မည်မဟုတ်ဟု ဆိုလိုသည်။ ထို့ကြောင့် သီလဝိသုဒ္ဓိဖြစ်ဖို့ရာ လွန်စွာ လိုအပ်နေသည်၊ လိုရင်းအချက်ကြီး ဖြစ်သည်။ ထို့ကြောင့် သီလဝိသုဒ္ဓိအခန်းကို အကျဉ်းမပြပဲ အကျယ်ပြလိုက်ရပါသည်။

# ၂-စိတ္တဝိသုဒ္ဓိ

စိတ္တဝိသုဒ္ဓိ ဆိုသည်မှာ—

စိတ္တဝိသုဒ္ဓိ နာမ သဉပစာရာ အဋ္ဌ သမာပတ္တိယော။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒု-၂၂၂)

အဓိပ္ပာယ်ကား— ဉပစာရသမာဓိနှင့်တကွ ရှစ်ပါးသော သမာပတ်တို့သည် (စိတ္တဝိသုဒ္ဓိ)ဟု ဆိုထားရာ သမာဓိသည် ခဏိကသမာဓိ၊ ဉပစာရသမာဓိ၊ အပ္ပနာသမာဓိ စသည်ဖြင့် များသောအပြားရှိရာ ဉပါဒ်-ဌီ-ဘင် ခေါ်သော စိတ္တက္ခဏ တချက်လောက်သာ (ဝါ) မျက်စိတမှိတ် လျှပ်တပြက် လက်ဖျစ်တတွက်ခန့်လောက်သာ စိတ်တည်ငြိမ်သော သမာဓိသည် ခဏိကသမာဓိဖြစ်၍ ကာမစ္ဆန္ဒ စသော နီဝရဏစသော တရားဆိုးများ ငြိမ်ဝပ်သွားအောင် စိတ်တည်ငြိမ်သော သမာဓိသည် ဉပစာရသမာဓိဖြစ်၍ အပ္ပနာစျာန်, အပ္ပနာမဂ် ဖြစ်ပေါ်နိုင်လောက်အောင် စိတ်တည်ငြိမ်သော (ဝါ) သမာပတ်ရှစ်ပါး ဖြစ်ပေါ်လောက်အောင် စိတ်တည်ငြိမ်သော သမာဓိသည် အပ္ပနာသမာဓိ မည်၏။

ထိုတွင် ခဏိကသမာဓိကိုလွန်၍ ဉပစာရသမာဓိ, အပ္ပနာသမာဓိကို လက်ကိုင်ရလျှင် စိတ္တဝိသုဒ္ဓိဖြစ်တော့သည်ဟု ဆိုလိုသည်။ ထိုသို့ ဆိုသော်လည်း ဤဝိပဿနာအရာ၌ကား စျာန်ကိုလို၍ အားထုတ်သည်မဟုတ်၊ မဂ် ဖိုလ် နိဗ္ဗာန်ကိုသာ ရလို ရောက်လို၍ အားထုတ်သောကြောင့် အပ္ပနာသမာဓိကို မလိုလှပေ။ ဉပစာရသမာဓိလောက် ရတယ်ဆိုယင်ပဲ (ဝါ) အာရုံအာရမ္မဏိက ဖြစ်၍ တစိတ်ဟာအာရုံတည်း ဖြစ်နေသော ယောဂီ ပုဂ္ဂိုလ်၏စိတ်အစဉ်မှာ နီဝရဏတရားများ အတော်အသင့် ငြိမ်ဝပ်သွားပြီ ဖြစ်၍ (စိတ္တဝိသုဒ္ဓိ)နှင့် ပြည့်စုံလေတော့သည်။

## မူလက ပြိုးပြိုးပြက် နောက်မှ ဆိုးလို့ညစ်

ဤ၌ စိတ္တဝိသုဒ္ဓိဆိုသည်မှာ စိတ္တက-စိတ်၊ ဝိသုဒ္ဓိက-စင်ကြယ်၊ စိတ်စင်ကြယ်ခြင်းဟုဆိုသည်။ စိတ်သည်(ပဘဿရမိဒံ စိတ္တံ)ဟု ဟောတော်မူသောကြောင့် ပကတိ ပင်ကိုစိတ်သည် ပြိုးပြိုးပြက် ဖိတ်ဖိတ်တောက် ဆွတ်ဆွတ် ဖြူနေသည်။ သို့ရာတွင် (တဥ္စ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ)နှင့် အညီ အခါကာလအားလျော်စွာ ဖြစ်ပေါ်လာကြသော (လောဘ-ဒေါသ-မောဟ)စသော ညစ်နွမ်းကြောင်းဖြစ်သော ကိလေသာတို့ကြောင့် စိတ်၏ညစ်နွမ်းခြင်းများ ဖြစ်ရလေသည်။

## ရေဖြူက ရေနီ ဖြစ်သွားသလို

ဥပမာဆိုသော် ကြည်လင်လှသောရေဇလုံထဲမှာ ပန်းဆီဆေးမှုန့် အနီ-အပြာ-အစိမ်း တို့ကို ထည့်လိုက်တဲ့အခါ ပကတိရေဖြူသည် ရေနီ-ရေပြာ-ရေစိမ်း ဖြစ်သွားသလို ထို့ပမာ ပကတိပင်ကိုက စင်ကြယ်နေသော မနောဒွါရိကဘဝင်စိတ်သည် မူလက စင်ကြယ်နေသော်လည်း ပန်းဆီနှင့်တူသော အာဂန္တုကဖြစ်သော လောဘ ဒေါသ-မောဟစသော ကိလေသာတို့ဝင်လာတဲ့ခါ တခါတည်း ညစ်နွမ်း၍သွားရလေတော့သည်။

## အာရုံအာရမ္မဏိက

ထိုသို့ ညစ်နွမ်းသွားတဲ့စိတ်ကို ပကတိအတိုင်းဖြစ်လာစေရန် (ဝါ)စိတ္တဝိသုဒ္ဓိနှင့်ပြည့်စုံစေရန် ဘယ်လိုလုပ်ရမလဲဆိုတဲ့အမေး၌ အဖြေကား(+)မိမိဇရိုက်နှင့်ကိုက်ညီအောင် ကမ္မဋ္ဌာန်းတရားတပါးပါးကို ဆရာထံမှာ တောင်းယူ၍ ထုံးစံအတိုင်း ဆိတ်ငြိမ်ရာသို့ကပ်၍ ပုဗ္ဗကိစ္စများပြုပြီးလျှင် ခါးအထက်ဖြစ်သောကိုယ်ကို ဖြောင့်ဖြောင့်ထား၊ထက်ဝယ်ဖွဲ့ခွေထိုင်နေ၊မိမိအားထုတ်ရမယ့်ကမ္မဋ္ဌာန်းကို အာရုံပြု၊ဘာတခုကိုမှ မတွေးတော မကြံစည်ပဲ ရှုမှတ်နေတဲ့အာရုံနှင့် ရှုမှတ်နေတဲ့စိတ်၊ တစိတ်တအာရုံတည်းဖြစ်သွားအောင် အားထုတ်နေ၍ နာရီဝက် တနာရီ စသည်ရှိလာတဲ့ခါ တစတစ စိတ်အစဉ်မှာ ဖုံးလွှမ်းနေသော ကာမစ္ဆန္ဒ စသော နီဝရဏ အညစ်အကြေးတို့သည်

တဖြည်းဖြည်းငြိမ်ဝပ်သွားသဖြင့် ခဏိကသမာဓိကို လွန်၍ ဥပစာရသမာဓိသို့ ရောက်တဲ့ခါ စိတ်အစဉ်မှာ ဖုံးလွှမ်းနေသော လောဘ-ဒေါသ-မောဟ စသော အညစ်အကြေးများသည် စင်ကြယ် သန့်ရှင်းသွားသည်ကိုပင် ဤနေရာ၌ စိတ္တဝိသုဒ္ဓိဟု ဆိုရလေသည်။ ထို့ကြောင့် စိတ္တဝိသုဒ္ဓိနှင့်ပြည့်စုံအောင် ပြုလုပ်ရန်မှာ အခြားမဟုတ် တစိတ်တအာရုံတည်းဖြစ်သွားအောင် တရားကို အားထုတ်ရုံပေတည်း။

မှတ်ချက်။ ။(×)မိမိစရိုက်နှင့်ကိုက်ညီသောကမ္မဋ္ဌာန်းအရ(ဆဗ္ဗိမေနစရိတသင်္ဂဟော၊ တေသဋ္ဌိ စရိတဘေဒါ ဟောန္တိ) နှင့်အညီ အကျဉ်းအားဖြင့် စရိုက်ခြောက်ပါး အပြားအားဖြင့် ခြောက်ဆယ့်သုံးပါးသော စရိုက်တို့ကို သင်္ဂဟကျမ်း၊ ၎င်းဋီကာတို့၌ ကြည့်ရှုပါလေ။ ဤ၌ အကျယ်မရေးတော့ပါ။

## လောကီစျာန် ၉-ပါး

ဤလိုဤပုံ တရားကိုအားထုတ်၍ စိတ္တဝိသုဒ္ဓိ အားကောင်းသည်ထက် အားကောင်းလာတဲ့အခါ ကမ္မဋ္ဌာန်းအားလျော်စွာ ပရိကမ္မနိမိတ်မှ ဥဂ္ဂဟနိမိတ်၊ ဥဂ္ဂဟနိမိတ်မှ ယောဂီပုဂ္ဂိုလ်သည် တိဟိတ်ပဋိသန္ဓေနေခဲ့သူဖြစ်လျှင် ပရမတ္ထဓမ္မမှလွတ်သော အိမ်မှထုတ်သစ်စဖြစ်သော မှန်-ကြေးမုံပြင်ကဲ့သို့ အထူးသဖြင့် ကြည်လင်လှစွာသော ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာ၍ အပ္ပနာသမာဓိသို့ရောက်တဲ့အခါ ဝိတက်, ဝိစာရ,ပီတိ, သုခ, ဧကဂ္ဂတာဟူသော စျာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရူပါဝစရပထမစျာန်၊ ဝိစာရစသော စျာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသော ရူပါဝစရ ဒုတိယစျာန်၊ ပီတိစသော စျာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရူပါဝစရ တတိယစျာန်၊ သုခ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ နှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရ စတုတ္ထစျာန်၊ ဥပေက္ခာ ဧကဂ္ဂတာ ဟူသော စျာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရပဥ္စမစျာန်၊အစဉ်အတိုင်း ရူပါဝစရစျာန်ငါးပါး, အရူပါဝစရစျာန်လေးပါး ပေါင်း လောကီစျာန် ၉-ပါးလုံးတို့ကိုပင် ရရှိနိုင်ဖို့ရာ ယခုလိုသာသနာတွင်းကို ထားဘိဦး၊ သာသနာပ အခါကာလမှာသော်မှ ရနိုင်ရောက်နိုင်သော နည်းလမ်းများရှိလေသည်။

## အပါယ်သို့ တဖန် ကျတတ်ပြန်

သို့ရာတွင် ဤလို လောကီစျာန် ၈-ပါးလုံးကို ရဖို့ရာ လွယ်ကူလှသည် မဟုတ်ပေ။ ယခုလို ဥတုသပ္ပါယ ဆိုးရွားလှသော ဆုတ်ကပ်ကာလမှာ ဆိုလျှင် လွန်စွာပင် ခက်ခဲလှပေသည်။ အကြောင်းသော်ကား အပ္ပနာ သမာဓိကိုရအောင် အားထုတ်နိုင်မှ အပ္ပနာစျာန်အစစ်ကို ရနိုင်သော ကြောင့်ပေတည်း။ တကယ်အားထုတ်၍ လောကီစျာန် ၈-ပါးလုံးကိုရရှိပြီး မြေးလျှိုး မိုးပျံနိုင်တယ်ဆိုစေကာမူ ဝိပဿနာဉာဏ်၏ အခြေခံမျှသာ ဖြစ်သေးသည်။ စျာန်လက်ရှိနှင့်စုတိကျက စျာန်အားလျော်စွာ သက်ဆိုင် ရာဘုံတို့၌ ဖြစ်ကြ၍ သက်တမ်းစေ့ တဲ့အခါ (+) (ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ)နှင့် အညီ အပါယ်ဘုံသို့ပင် တဖန် ပြန်၍ ကျရောက်တတ်သော သဘော သတ္တိရှိနေသေး၍ အားမကိုးလောက်သေးပေ။ (ဝါ) အားကိုးလောက် သော တရားမဟုတ်သေးပေ။

**မှတ်ချက်။** ။(+)ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ။
(အဘိဓမ္မာ၊ဓမ္မဟာဒယဝိဘင်း-၄၄၁)

အဓိပ္ပါယ်ကား—ကောင်းမှုတေဇော် အာနုဘော်သည် မြှောက်ပင့်၍ တင်အပ်ကုန်သော ကာမသုဂတိ ၇-ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံသို့ရောက် ကြကုန်သော ပုထုဇဉ် လူ,နတ်,ဗြဟ္မာတို့သည် ကောင်းမှုအဟုန်ကုန်တဲ့ အခါ အပါယ်လေးဘုံခေါ်သော ဒုဂ္ဂတိဘုံသို့ နောက်ထပ်တဖန် ပြန်၍ လားရတတ်ကုန်၏။ ထို့ကြောင့် ကောင်းမှုအဟုန်မကုန်မီ လူ့ဘုံ,နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ ဖြစ်ရခိုက် အခါကောင်းတွင် ဝိပဿနာကို နာနာပွားလျှင် အာသဝေါကုန်၍ ရွှေဘုံနိဗ္ဗာန် ဝင်စံရကုန်၏ဟု ဆိုလိုသည်။

## တဝင်းဝင်းနှင့် တရှုပ်ရှုပ်

ဤကမ္ဘာ၌ ကကုသန်ဘုရား လက်ထက် ကြက်မငယ်, ဂေါတမဘုရား လက်ထက် ဝက်မငယ်, ဘုရားသုံးဆူတို့၏အကြား ကာလပက်လုံး ဗြဟ္မာ

ဖြစ်ပြီး သက်တမ်းစေ့တဲ့အခါ လူ့ဘုံ နတ်ဘုံတို့၌ ခေတ္တဖြစ်ပြီးနောက် တိရစ္ဆာန်ဘုံမှာ ဝက်မငယ် ဖြစ်လာရပြန်တယ်။ ၎င်းကြက်မ, ဝက်မကို ရည်ရွယ်၍"ဗြဟ္မာဖြစ်၍ ဈာန်တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်"ဟု ဆိုစမှတ်ပြုခဲ့ကြလေသည်။

## ဝိပဿနာဘက်သို့တက်

ထို့ကြောင့် စိတ္တဝိသုဒ္ဓိဖြစ်သည်နှင့် တပြိုင်နက် သမထဘက်မှာ အချိန်များစွာ ဆွဲမထားတော့ပဲ အမြန်ပဲ ကျမ်းဂန်နည်းကျကျ, ဆရာနည်းရရ ရုပ်နာမ်ပိုင်းခြား ရုပ်နာမ်အကြောင်း သိမ်းဆည်းပြီး အကြောင်းနှင့် တကွသောရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ဝိပဿနာဘက်သို့ ကူးတက်၍ အားထုတ်ရမည်ဟု သိမှတ်ပါလေ။

## သံသရာဝဋ်မှ အမြန်ထွက် ဒုလ္လဘလဲ ကြုံရခဲ

တဿ ဟိ ဒုလ္လဘတာယ အပ္ပနာဓိဂမမ္ပိ အနဓိဂမယမာနော သံဝေဂဗဟုလော ပုဂ္ဂလော ဥပစာရသမာဓိမ္ပိ ယောဝ ၅တွာ ဝိပဿနာယ ကမ္မံ ကရောတိ "သီဃံ သံသာရဒုက္ခံ သမတိက္ကမိဿာမိ"တိ။

(ဝိသုဒ္ဓိ၊ဋီ၊၁း၄၆၀)

**အနက်ကား**—ဟိ သစ္စံ၊ သမာဓိ သမထ စိတ္တဝိသုဒ္ဓိဖြစ်ယင် ဝိပဿနာဘက်သို့ မြန်မြန်တက်ဟု ငါဆိုသောစကားသည် မှန်လှ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တဿ၊ ထိုမဂ်ဖိုလ်ရခွင့် အတော်သင့်ဆုံးဆိုတဲ့ (+)ဗုဒ္ဓုပ္ပါဒ နဝမခဏ အချိန်ကောင်း အခါကောင်းကြီးကို။ ဒုလ္လဘတာယ၊ ဘဝရာထောင်, ကမ္ဘာရာထောင် အဘယ်မျှပင် ကြာမြင့်ပါသော်လည်း တဘဝ တခါ ရရှိဖို့ရာ လွန်စွာလွန်စွာ ရခဲလှပါသောကြောင့်။ အပ္ပနာဓိဂမံ၊ အပ္ပနာဈာန်ရရှိခြင်းကို။ (ဝါ) ဈာန်တွေရရှိလာအောင်။ အနာဂမယမာနော၊ မဆိုင်းမင့် မမျှော်လင့်တော့ပဲ။ ပဝေဝတု၊ဈာန်မရခင် ရှေးဦးစွာကပင်လျှင်။ ယော ပုဂ္ဂလော၊ အခွင့်ကောင်း, အချိန်ကောင်း,

အခါကောင်းကို ကောင်းစွာမြော်မြင် အကြင်ယောဂီရှင်သည်။ ဥပစာရ သမာဓိမှဲ့ယော၊ နိဝရဏ ငြိမ်းရုံမျှဖြစ်တဲ့ ဥပစာရသမာဓိ၌သာလျှင်။ ဌတွာ၊ တည်၍။ (ဝါ) ရပ်တန့်၍။ သီဃံ သီဃံ၊ လျင်စွာ လျင်စွာ။ သံသာရဒုက္ခံ၊ ဖြစ်ပျက်မွေးသေ တပေပေဆိုတဲ့ သံသရာဝဋ်ဆင်းရဲကြီးကို။ သမတိက္ကမိဿာမိ၊ကောင်းစွာလွန်မြောက်စေတော့အံ့။ဣတိ မနသိကတွာ၊ ဤသို့ နှလုံးသွင်းစိတ်ထား၍။ ဝိပဿနာယ၊ ဝိပဿနာ၏။ ကမ္မံ၊ အမှုကို။ (ဝါ)ရုပ်နာမ်ပိုင်းခြား ရုပ်နာမ်အကြောင်း သိမ်းဆည်းခြင်းအကြောင်းနှင့် တကွသော ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ အနိစ္စ အနိစ္စ ဟူ၍လည်းကောင်း, ဒုက္ခ ဒုက္ခဟူ၍လည်းကောင်း, အနတ္တ အနတ္တဟူ၍ လည်းကောင်း သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင် နှလုံးသွင်းခြင်းဟုဆိုအပ်သော ဝိပဿနာရှုမှုတို့ကို။ ကရောတိ၊ ပြုရလေ၏။ (ဝါ) ပြုကြလေ ယောဂီတွေတို့ဟု ဆိုလိုသည်။

ဤကား—ကရဏာရင် ဋီကာရှင်က နှောင်လာနောက်သား စျာန် မျှော်ငြားတဲ့ ယောဂီအများတို့အား တန်ဖိုးမရှိလှသေးတဲ့ သမထဘက် တွင် အချိန်မကုန်လွန်စေပဲ အလွန်ပဲ တန်ဖိုးရှိလှတဲ့ ဝိပဿနာဘက်သို့ မြန်မြန်တက်၍ အားသစ်ကြရန် တိုက်တွန်းဟန်ကို ပြဆိုသော စကားရပ် ပေတည်း။

မှတ်ချက်။ ။(+)ဗုဒ္ဓုပ္ပါဒ နဝမခဏအရ ဗုဒ္ဓ, ဥပ္ပါဒ, နဝမ,ခဏဟု ပုဒ်ဖြတ်၍ ဗုဒ္ဓ၊ဘုရား။ ဥပ္ပါဒ၊ဖြစ်ခြင်း။ နဝမ၊ကိုးခုမြောက်ဟု ဆိုလို၏။ မဂ်ဖိုလ်ရခွင့် အတော်သင့်ဆုံးဖြစ်သော ခဏကာလကို "ဗုဒ္ဓုပ္ပါဒနဝမခဏ" ဟု ဆိုရသည်။

### မဂ်ဖိုလ်မရနိုင်သော အက္ခဏ ရှစ်ပါး

တိအပါယော ဒီဃာယုကော၊ မဇ္ဈိမေ ဝိကလိန္ဒြိယော။
တထာ ဒိဋ္ဌိ စ ပစ္စန္တေ၊ ဗုဒ္ဓသုညေ တိဟေတုကော။
ဣမေ အဋ္ဌက္ခဏော ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
(စရဏာဂါထာ)

**အဓိပ္ပာယ်ကား—**

၁။ ဘုရားပွင့်တဲ့အခါ ငရဲဘုံ၌ ဖြစ်နေခြင်း၊
၂။ ။ တိရစ္ဆာန်ဘုံ၌ ဖြစ်နေခြင်း၊
၃။ ။ ပြိတ္တာဘုံ၌ ဖြစ်နေခြင်း၊
၄။ ။ အသက်ရှည်သော အသညသတ်ဘုံနှင့် အရူပဘုံတို့၌ ဖြစ်နေခြင်း၊
၅။ ။ ပညာမရှိ စိတ်ဖောက်ပြန်နေခြင်း၊ ဆွံ့အနားပင်းဖြစ်နေခြင်း၊
၆။ ။ မိစ္ဆာဒိဋ္ဌိ(အယူမှားနေခြင်း)၊
၇။ ။ ပစ္စန္တရစ်ဇနပုဒ်၌မိလက္ခု(လူရိုင်း)ဖြစ်နေခြင်း၊
၈။ ဘုရားမပွင့်တဲ့အခါ မဇ္ဈိမဒေသ၌ တိဟိတ်ပညာရှိသူ၊ မဆွံ့မအသူဖြစ်နေခြင်း။

(အင်္ဂုတ္တိုရ်ပါဠိတော်၊တတိယအုပ်၊နှာ-၆၀)

**အကျဉ်းဆောင်ပုဒ်မှတ်ရန်**

ရဲ ဆ္တာန် ပြိတ္တာ၊ အသညာ၊ အရူပါတဲ့လေး။
ဝိကိန္ဒြိယာ၊ မှားမိစ္ဆာ၊ ပစ္စန္တာ တိဟိတ်လေး။
ဤရှစ်ဌာန၊ ဟောဖော်ပြ၊ အက္ခဏတဲ့လေး။

မှတ်ချက်။ ။**အသညနှင့် အရူပကို တပါးတည်းယူပါလေ။**

ဤ အက္ခဏ ရှစ်ပါးတို့၌ ဘုရားပွင့်တဲ့အခါနှင့် ကြုံတဲ့ခဏတပါးကို ထည့်သွင်းလျှင် ကိုးခုမြောက်ဖြစ်သောကြောင့် "ဗုဒ္ဓုပ္ပါဒနဝမခဏ"ဟု ခေါ်ဆိုပါသည်။

မှတ်ချက်။ ။ဤ၌ ဝိသုဒ္ဓိခုနစ်ပါးတို့တွင် ဤသီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ နှစ်ပါးတို့ကို"မူလအခြေခံဝိသုဒ္ဓိ"ဆို၍ ကျန်ဝိသုဒ္ဓိငါးပါးတို့ကိုမူကား ကိုယ်အထည်ခံနှင့်တူသောကြောင့် "သရီရဝိသုဒ္ဓိ"ဟု ဆိုသည်ဟု သိမှတ်ပါလေ။

ဤတွင် စိတ္တဝိသုဒ္ဓိပိုင်းကို ရပ်ဆိုင်းလိုက်သည်။

# ၃ - ဒိဋ္ဌိဝိသုဒ္ဓိ

ဒိဋ္ဌိဝိသုဒ္ဓိဆိုသည်မှာ—

လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

**အဓိပ္ပာယ်ကား—** လက္ခဏ—ရသ—ပစ္စုပဋ္ဌာန်—ပဒဋ္ဌာန်၏ အစွမ်းဖြင့် ရုပ်နာမ်ကို ပိုင်းခြားသိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏ဟု ဆိုလိုသည်။

## ၁။ နာမ်ကိုသိမ်းဆည်းပုံ

နာမံ နမနလက္ခဏံ၊ သမ္ပယောဂရသံ၊ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။

**နာမ်၊** နာမ်တရားမျိုးသည်။နမနလက္ခဏံ၊ အာရုံ၌ညွတ်ခြင်းလက္ခဏာ ရှိ၏။ သမ္ပယောဂရသံ၊ စိတ်နှင့် အညီအညွတ်ယှဉ်ခြင်း ကိစ္စရှိ၏။ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊စိတ်နှင့် အသီးအခြားမဖြစ်ခြင်းဟု ထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ စိတ်ဝိညာဏ်လျှင် နီးသောဖြစ်ကြောင်းရှိ၏။

## ၂။ ရုပ်ကိုသိမ်းဆည်းပုံ

ရူပံ ရုပ္ပနလက္ခဏံ၊ ဝိကိရဏရသံ၊ အဗျာကတပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။

ရုပ်၊ ရုပ်တရားမျိုးသည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲကြဲခြင်း ကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ၊ တစုံတခုကိုမျှ ဝါ၊ ဘာဝနာကိုမျှ မသိတတ် အာရုံမပြုတတ်သော ရုပ်တရားသာဟု ယောဂီဉာဏ်အား ထင်မြင်လာသော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ စိတ်ဝိညာဏ်လျှင် နီးစွာသောဖြစ်ကြောင်းရှိ၏။

**ဤကား-** နာမ်ရုပ်နှစ်ပါးကို လက္ခဏ, ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဖြင့် **ပိုင်းခြားပုံတည်း။**

## တနည်း–ရုပ်နာမ်ကိုပိုင်းခြားပုံ

ဣမသ္မိံ သရီရေ ယံ ကိဉ္စိ ရုပ္ပနလက္ခဏံ ရူပံ။ ယဥ္စ ကိဉ္စိ နမန-
လက္ခဏံ နာမံ။ ဣဒဥ္စ နာမံ ဣဒဥ္စ ရူပံ။ ဣဒံ ဝုစ္စတိ နာမရူပံ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

**အနက်ကား**–ဣမသ္မိံသရီရေ၊ ယခုအခါ သူ, ငါ, ယောကျ်ား, မိန်းမ ခေါ်ဆိုကြတဲ့ ဤခန္ဓာကိုယ်ကြီး၌။ ယံကိဉ္စိ၊ အလုံးစုံသော။ ရုပ္ပနလက္ခဏံ၊ အေးယင်တမျိုး ပူယင်တဖုံ အမျိုးစုံ ဖောက်ပြန်တတ်သော သဘော ရှိသော လက္ခဏာသည်။ ရူပံ၊ သူငါမဟုတ် ရုပ်တရားသာတည်း။ ယဥ္စကိဉ္စိ၊ အလုံးစုံသော။ နမနလက္ခဏံ၊ ထိုထိုအာရုံ၌ ညွတ်တတ် အာရုံပြုတတ်သော လက္ခဏာသည်။ နာမံ၊ သူငါမဟုတ် နာမ်တရားပေတည်း။ ဣဒဥ္စ နာမံ၊ ဤညွတ်ခြင်းလက္ခဏာ ရှိသော နာမ်တရားသည်လည်းကောင်း။ ဣဒဥ္စ ရူပံ၊ ဤဖောက်ပြန်ခြင်း လက္ခဏာမျှသော ရုပ်တရားသည်လည်း ကောင်း။ အတ္ထိ၊ ဤနာမ်ရုပ်နှစ်ပါးသာ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဣဒံ၊ ဤနာမ်ရုပ်နှစ်ပါးကို။ နာမရူပံ၊ နာမ်ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပာယ်ကား**–ယခုကာလ သူ–ငါ–ယောကျ်ား–မိန်းမ ခေါ်ဆိုကြတဲ့ ဆံပင်အစ ကျင်ငယ်အဆုံး တကိုယ်လုံး တကောင်လုံးကြီး၌ ပညာမျက်စိ, ဉာဏ်မျက်စိ,ဝိပဿနာ မျက်စိဖြင့် လောက၌ ပြောကြတဲ့အတိုင်း သူ–ငါ–ယောကျ်ား–မိန်းမစသည်ကို ရှာဖွေကြည့်ရှုသည်ရှိသော် ကြက်ဥကို အစရှာ၍ မရနိုင်၊ မတွေ့နိုင်သလို ဖြစ်နေပေလိမ့်မည်။ အကြောင်းသော်ကား သူက, ငါက ဟာဖွဖွပြောဆိုနေကြတဲ့ သူ–ငါ–ယောကျ်ား–မိန်းမ စသည်တို့၏ တကိုယ်လုံး တကောင်လုံးကြီးကလဲ ပြောကြတဲ့ အတိုင်း သူ-ငါ-ယောကျ်ား-မိန်းမ စသည်မဟုတ်ပါ၊ ခေါ်ဝေါ်ရရုံ ပညတ်မျှသာ ဖြစ်ပါသည်။ အမှန်ဟုတ်သည်မှာ ဤတကိုယ်လုံး တကောင်လုံး ကြီးသည် အေးလျှင်တမျိုး ပူလျှင်တဖုံ အမျိုးစုံအောင် ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်သာဟုတ်မှန်၏။ ထိုရုပ်တို့တွင် ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ကြရသော စိတ် စေတသိက်တို့ကလည်း သူ ငါစသည် မဟုတ်ပါ၊ ရူပါရုံစသော အာရုံခြောက်ပါးတို့၌ ညွတ်တတ်, အာရုံပြုတတ်သော လက္ခဏာရှိသော

နာမ်သာ ဟုတ်မှန်၏။ ဤရုပ်နာမ်က အပို သူ-ငါ စသည် ခေါ်ဆိုဖို့ရန် လုံးဝမရှိသောကြောင့်ပေတည်း။

## ဒိဋ္ဌိဝိသုဒ္ဓိ

အမှန်မှာ သူ-ငါ စသည်က ပညတ်၊ ဆံပင်စသည်က ပရမတ်၊ ပညတ်က အဟုတ်မရှိတဲ့တရား၊ ပရမတ်က အဟုတ်ရှိတဲ့တရား၊ ပညတ်နှင့်ပရမတ်ကို ခွဲ၍ မှတ်သား၊ ရုပ်နာမ်နှစ်ပါးသာ အသားတင်အမှန်ရှိ၊ အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ-ဒုက္ခသစ္စာ သမုဒယသစ္စာဟု သိပါ။ ဤလိုဤပုံ အသိမှန်၊ အမြင်မှန်၊ အယူမှန်ကို ယူနိုင်ယင်၊ (ငါ) ယုံမှားမရှိ ထိုးထွင်း၍ သိယင် (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်နိုင်၏ဟူလို။

### မဂ်ကိုမြစ်တား, ဒိဋ္ဌိမှား, အရေးကြီးတဲ့တရား

**မှတ်ချက်။** ။ဤဒိဋ္ဌိဝိသုဒ္ဓိခန်းကို ဤမျှလောက် သာမည အကျဉ်းပြရုံနှင့်တော့ ဗဟုသုတနည်းပါးလှသော (**အဿုတဝါ**) အန္ဓပုထုဇဉ်ဖြစ်နေပါလျှင် (အတ္တဒိဋ္ဌိ, သတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, အတ္တဝါဒုပါဒါန်) အယူမှားစင်ကြယ်သော (**ဒိဋ္ဌိဝိသုဒ္ဓိ**) ပုဂ္ဂိုလ်အစစ်အဖြစ်သို့ ရောက်နိုင်ရန် လွန်စွာခဲယဉ်းနေပေလိမ့်မည်ဟု ထင်မိပေသည်၊ (ငါ)သဘောရရှိသည်။ ဤ ဒိဋ္ဌိအယူမှားရှိနေကလည်း(တာ သဗ္ဗာ မဂ္ဂါဝရဏာ) နှင့်အညီ မဂ်၏အတားအဆီးရှိနေ၍ ဘယ်တော့မှ မဂ်ဖိုလ်ကို ရနိုင် ရောက်နိုင်တော့မည် မဟုတ်တော့ပေ။ ထို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ဖို့ရာ လွန်စွာ့လွန်စွာ အရေးကြီးလှကြောင်းကို ဘုရားမြတ်စွာ စိန္တေယျာက....

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၁၂)

ဒေဝပုတ္တ၊ သင့်ဉာဏ်ကလေး ကြံအတွေးနှင့် မေးလျှောက်လာငြားမောင်နတ်သား။ (ငါ) ပြဟူမှာ။ သတ္တိယာ၊ အသွားနှစ်ဘက် မြမြထက်သော လှံမကြီးဖြင့်။ ဩမဋ္ဌော၊ အောက်သို့ နှိပ်၍ အထိုးခံရသောသူသည်။ တံ သတ္တိံ၊ ထို ထိုးထားသောလှံကို။ ခိပ္ပံ သီဃံ၊ ဆောလျင်စွာ။

အဓိမုတ္တိုပာနုဇ္ဈာယ၊ နုတ်ယူခြင်းအကျိုးငှါ။ ပါယမတိ ဝိယ၊ လုံ့လကြိုးကုတ် အားထုတ်ရဘိသကဲ့သို့လည်းကောင်း။ မတ္တကေ၊ ဦးခေါင်းထက်၌။ ဒယှ- မာနေ၊ မီးလောင်နေသောသူသည်။ တံ အဂ္ဂိံ၊ ထိုလောင်နေသော မီးကို။ နိဗ္ဗာပံ သီဃံ၊ ဆောလျင်စွာ။ နိဗ္ဗာပနတ္ထာယ၊ ငြိမ်းသတ်ခြင်းအကျိုး ငှါ။ ဝါယမတိ ဝိယ၊ လုံ့လကြိုးကုတ် အားထုတ်ရဘိ သကဲ့သို့လည်း ကောင်း။ တထာ၊ ထို့အတူ ထို့ထက်မက အဆ ရာထောင်။ သက္ကာယ- ဒိဋ္ဌိပ္ပဟာနာယ၊ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်သော ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ ကိုပင် ငါ့ကိုယ်, အတ္တဟု (ဝါ) သူကောင့်ငါကောင် စသည်ဖြင့် ယူမှား သော သက္ကာယဒိဋ္ဌိ အတ္တဝါဒုပါဒါန် အယူမှားကို ပယ်ရှားနိုင်ခြင်းငှါ။ ဘိက္ခု၊ အလွန်ဝန်လေး အပါယ်ဘေးကို တွေးသိမြော်မြင်သော ရဟန်း သည်။ သတော၊ ကြီးကြီးမားမား သတိထား၍။ ပရိဗ္ဗဇေ၊ ဒိဋ္ဌိပြုတ်ရေး ကြာမနေ့းပဲ အလေးပြုကာ ကျင့်ကြံရာ၏။ (ပါဠိဖြည့်စွက်၍ အနက် ပေးထားသည်)။

ဤလို ဤပုံ ဘုရားမြွက်စွာ ဓိန္တေယျာက အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ် သော ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ရုပ်နာမ်ခန္ဓာမှန်းမသိ မောဟဖိ၍ ငါ့ကိုယ်-အတ္တဟု ယူမှားနေသော သက္ကာယဒိဋ္ဌိ အယူမှားကြီးကို နေ့ညဉ့် မဆိုင်း ပယ်သတ်ခြင်းငှါ (ရင်ဝလုံ့စူး ထိပ်ဦးမီးလောင်) ပမာဆောင်၍ ဟောတော်မူခဲ့သောကြောင့် ဤဒိဋ္ဌိဝိသုဒ္ဓိ ကောင်းကောင်း လှလှကြီး ဖြစ်နိုင်ဖို့ရာ လွန်စွာ့လွန်စွာ လိုအပ်နေပါသောကြောင့် မလွဲမရှောင်သာ အကျယ်ဖွင့်ပြရေးသားရမည့် အကြောင်းကို ကြိုတင်၍ သိစေအပ်ပါသည် ယောဂီအပေါင်း သူတော်ကောင်းတို့....။

## သက္ကာယဒိဋ္ဌိမှ ပေါက်ပွား ၆၂-ပါး

ဣမာ ဒွါသဋ္ဌိ ဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိပ္ပမုခေနေဝ ဥပ္ပဇ္ဇန္တိ။
(ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ)

**အဓိပ္ပါယ်—** ဤ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတရားဆိုးတို့သည် ချွတ်ချွတ် ချော်ချော် ဖြစ်ပေါ်လာသည်ရှိသော် ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တဟု

ယူမှားသော သက္ကာယဒိဋ္ဌိကို အစ အမူး အဦး ပြု၍သာလျှင် ဖြစ်ပေါ်လာကြကုန်၏ဟု ဆိုလိုသည်။

## သက္ကာယဒိဋ္ဌိ ၂၀

"ပုဒ်ငါးချက်–အနက်လေးသွယ်၊ ပြန့်ပြောကျယ်၊နှစ်ဆယ်သက္ကာယ" ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ဝိသတိဝတ္ထုကာ သက္ကာယဒိဋ္ဌိ အရ ၂၀-သော သက္ကာယဒိဋ္ဌိကို ပြဆိုပေအံ့။

၁။ ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊
အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။

ရူပံ၊ ရုပ်ကို။ ဝါ၊ ရူပက္ခန္ဓာကို။ ငါ၊ ရုပ်အစုကို။ အတ္တတော၊ ရုပ်ကား ငါ, ငါကား ရုပ်ဟူ၍။ သမနုပဿတိ၊ မဟုတ်မမှန်ပဲ အဖန်တလဲလဲ ရှု၏။ အတ္တာနံ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော နာမ်အတ္တကို။ ရူပဝန္တံ ဝါ၊ ရုပ်ရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ ဝေဒနာစသော နာမ်အတ္တ၌လည်း။ ရူပံ၊ ရုပ်ကို။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ ဝေဒနာစသော နာမ်အတ္တကို။ ရူပသ္မိံ ဝါ၊ ရုပ်၌လည်း။ သမနုပဿတိ၊ မဟုတ်မမှန်ပဲ အဖန်တလဲလဲရှု၏။

**အဓိပ္ပာယ်ကား—**

၁။ ရုပ်သည်ပင် ငါ၊ ငါသည်ပင် ရုပ်ဟူ၍ ရုပ်နှင့်ငါ-ငါနှင့်ရုပ်၊ ရုပ်ဆိုသည်ကား ပရမတ်။ ငါဆိုသည်ကား ပညတ်။ ပရမတ်က အဟုတ်ထင်များရှိ၊ ပညတ်က အဟုတ်ထင်ရှားခဲ့။ ဤသို့ ပရမတ်နှင့်ပညတ် ကွဲပြားပါလျက် မကွဲမပြား တသားတည်းကဲ့သို့ ရှုမှားခြင်းတပါး။ (ဥပမာ) မီးရောင်နှင့် မီးလျှံ ကွဲပြားလျက် မကွဲမပြား အတူထား၍ ယူမှားခြင်းပေတည်း။

၂။ ရုပ်ရှိသော ငါ၊ ရုပ်နှင့်ပြည့်စုံသော ငါဟူ၍ ရုပ်နှင့်မကင်း ငါဆိုတဲ့ အတ္တကိုသွင်း၍ ယူမှားခြင်းတပါး။ (ဥပမာ) အရိပ်နှင့်သစ်ပင် ကွဲပြားပါလျက် မကွဲမပြား အတူထား၍ ယူမှားခြင်းပေတည်း။

၃။ ငါ၌ ရုပ်တည်၏၊ ရုပ်သည် ငါ၌ တည်၏ဟူ၍ ယူမှားခြင်းတပါး။ (ဥပမာ) ပန်းနှင့်အနံ့ကွဲပြားလျက် မကွဲမပြား အတူထား၍ ယူမှားခြင်း တပါး။

၄။ ရုပ်၌ ငါတည်၏၊ ငါသည် ရုပ်၌ တည်၏ဟူ၍ ယူမှားခြင်းတပါး။ (ဥပမာ)ကြုတ်နှင့်ပတ္တမြား ကွဲပြားလျက် မကွဲမပြား အတူထား၍ ယူမှား ခြင်းတပါး။

ဤလိုဤပုံ ရုပ်၌ယူမှားသော သက္ကာယဒိဋ္ဌိလေးပါး ဖြစ်လေသည်။

၂။ ဝေဒနံ အတ္တတော သမနုပဿတိ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝေဒနံ၊ ဝေဒနာယ ဝါ အတ္တာနံ။

ဝေဒနံ၊ ခံစားမှုဝေဒနာကို။ အတ္တတော၊ ဝေဒနာကား ငါ, ငါကား ဝေဒနာဟူ၍။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ ရုပ်, သညာ,သင်္ခါရ,ဝိညာဏ် ဟူသော ရုပ်နာမ်အတ္တကို။ ဝေဒနာဝန္တံ ဝါ၊ ဝေဒနာရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ ရုပ်နာမ်အတ္တ၌လည်း။ ဝေဒနံ၊ ခံစားမှု ဝေဒနာကို။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ ရုပ်နာမ်အတ္တကို။ ဝေဒနာယ ဝါ၊ ခံစားမှုဝေဒနာ၌လည်း။ သမနုပဿတိ၊ ရှု၏။

အဓိပ္ပာယ်ကား—

၁။ ဝေဒနာသည်ပင် ငါ၊ ငါသည်ပင် ဝေဒနာဟု ယူမှားခြင်းတပါး။

၂။ ဝေဒနာရှိသော ငါ၊ ငါသည် ဝေဒနာရှိ၏ဟု ယူမှားခြင်းတပါး။

၃။ ငါ၌ ဝေဒနာတည်၏၊ ဝေဒနာသည် ငါ၌ တည်၏ဟု ယူမှားခြင်း တပါး။

၄။ ဝေဒနာ၌ ငါတည်၏၊ ငါသည် ဝေဒနာ၌ တည်၏ဟု ယူမှားခြင်း တပါး– ပေါင်း ၄-ပါး။

ကျန် သညာ, သင်္ခါရ, ဝိညာဏ်တို့၌လည်း ရုပ်, ဝေဒနာတို့နည်းတူ သညာ, သင်္ခါရ, ဝိညာဏ်တို့ဖြင့် အမည်ပြောင်း၍ သိပါလေ။

## ဆောင်ပုဒ်များ

၁။ ရုပ်လျှင်ငါပဲ၊ ငါရုပ်ပဲဟု၊ငါ့စွဲရုပ်တည်၊ငါတည်ရုပ်မှာ၊ဤလေးဖြာ၊ သက္ကာ ရုပ်ဒိဋ္ဌိ။

၂။ ဝေလျှင် ငါပဲ၊ ငါ ဝေပဲဟု၊ ငါ့စွဲ ဝေတည်၊ ငါတည် ဝေမှာ၊ ဤလေးဖြာ၊ သက္ကာ ဝေဒိဋ္ဌိ။

၃၊ သည်လျှင် ငါပဲ၊ ငါ သည်ပဲဟု၊ ငါ့စွဲ သည်တည်၊ ငါတည် သည်မှာ၊ ဤလေးဖြာ၊ သက္ကာ သည်ဒိဋ္ဌိ။

၄။ ခါလျှင်ငါပဲ၊ ငါခါပဲဟု၊ ငါ့စွဲခါတည်၊ ငါတည်ခါမှာ၊ ဤလေးဖြာ၊ သက္ကာ ခါဒိဋ္ဌိ။

၅။ ဝိဉ်လျှင်ငါပဲ၊ ငါဝိဉ်ပဲဟု၊ငါ့စွဲဝိဉ်တည်၊ငါတည်ဝိဉ်မှာ၊ဤလေးဖြာ၊ သက္ကာ ဝိဉ်ဒိဋ္ဌိ။

**မှတ်ချက်။** ။ဤ၌ သင်္ခါရက္ခန္ဓာကို (ခါ)၊ ဝိညာဏက္ခန္ဓာကို (ဝိဉ်) ဆိုသည် ဟု သိပါလေ။

**ခန္ဓာငါးပါးတို့တွင်—**

၁။ ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ အယူမှား ၄-ပါးဖြစ်သည်။

၂။ ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ အယူမှား ၄-ပါးဖြစ်သည်။

၃။ သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ အယူမှား ၄-ပါးဖြစ်သည်။

၄။ သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ အယူမှား ၄-ပါး ဖြစ်သည်။

၅။ ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ အယူမှား ၄-ပါး ဖြစ်သည်။

**ခန္ဓာငါးပါးတို့၌** တပါးပါးလျှင် ၄-ပါး, ၄-ပါးစီ ဖြစ်သောကြောင့် (၅×၄ လီ) သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်၏။

### တနည်းဆိုသော်

၁။ ဤနည်းလေးတန်၊ ငါးပါးခန်၊ ဝိသံ–အတ်ဒိဋ္ဌိ။

၂။ ငါနှင့်မဆိုင်၊ ငါပိုင်မဟုတ်၊ ငါသမုတ်သည်၊ နာမ်ရုပ်ကိုမြှောင်၊ ငါအကောင်၊ ရှိယောင်ထင်မိ မှားဒိဋ္ဌိ။

၃။ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးခု၊ ခွဲဝေရှုက၊ ငါဟုမထင်၊ ငါမမြင်ပဲ၊ ကြောင်တောင်လွဲ၊ ငါကောင်ပဲဟု၊ စွပ်စွဲလေမိ မှားဒိဋ္ဌိ။

၄။ ဤလိုဒိဋ္ဌိ၊ ငါစွဲရှိက၊ ဗုဒ္ဓဆုဆူ၊ ချွတ်တော်မူ၊ ထိုသူ မကျွတ်တည်း။

### သက္ကာယဒိဋ္ဌိပုဒ်ကို ရှင်းလင်းဖော်ပြချက်

ဤ၌ သက္ကာယဒိဋ္ဌိဆိုသည်မှာ ပါဠိစကားဖြစ်သည်။ မြန်မာလို ကတော့ (စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်) ဆိုတဲ့ ပရမတ္ထတရားလေးပါးတို့ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာပေါ်မှာ ပရမတ္ထအားဖြင့် ထင်ရှားမရှိပဲလျက် ထင်ရှားရှိသကဲ့သို့ သူ-ငါ စသည် ယူမှားသော အယူမှားကို သက္ကာယဒိဋ္ဌိဟု ဆိုသည်။

သန္တော ကာယော သက္ကာယော။

သန္တော၊ ပရမတ်အားဖြင့် ထင်ရှားရှိသော။ ကာယော၊ ရုပ်နာမ်ခန္ဓာ အပေါင်းအစုတည်း။ သက္ကာယော၊ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ အပေါင်းအစု။ ဤဝိဂ္ဂဟ်အရ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာအပေါင်းအစုကို ၎င်း။

မှတ်ချက်။ ။သက္ကာယောပုဒ်၌ သန္တ-ကို သ-ပြု၊ က-ကို ဒွေဘော်ပြု၍ သက္ကာယဟု ရုပ်ပြီးသည်။

တနည်း–သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

သက္ကာယေ၊ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ အပေါင်း အစု၌။ ပဝတ္တာ၊ ဖြစ်သော။ ဒိဋ္ဌိ၊ အယူမှားတည်း။ သက္ကာယဒိဋ္ဌိ၊

ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာအပေါင်းအစု၌ ဖြစ်သော မှားသောအယူ။ ဤဝိဂ္ဂဟ်အရ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ် နာမ် ခန္ဓာ အပေါင်းအစု၌ ပရမတ်အားဖြင့် ထင်ရှားမရှိပဲလျက် ရှိသယောင် ရှိသလို ရှိသကဲ့သို့ အဟုတ်အမှန်မရှိပဲ အရှိလုပ်ပြီး သူပဲ ငါပဲ ယောကျ်ားပဲ မိန်းမပဲ လင်ပဲ သားပဲ စသည်ဖြင့် ယူမှားခြင်းမိစ္ဆာဒိဋ္ဌိ စေတသိက်ကို ရ၏။ ထို့ကြောင့် ဒိဋ္ဌိဆိုသည်မှာ အယူမှားကို ဆိုသည်ဟု သိလေမှတ်လေ။

ဆိုလိုရင်းမှာ ရုပ်နာမ်ခန္ဓာကား ပရမတ်အားဖြင့် ထင်ရှားရှိ၏၊ ပရမတ်တည်း။ သူ, ငါ, ယောကျ်ား, မိန်းမ စသည်ကား ပရမတ်အားဖြင့် ထင်ရှားမရှိ၊ ခေါ်တွင်စရာ နာမည် နာမပညတ်တည်း။ ထို့ကြောင့် သတ္တ-သဒ္ဒါဖြင့် အထူးပြု၍ ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာဟု ဆိုအပ်သည်ဟု ဆိုလိုပါသည်။

အမှန်မှာ မှားသောအယူသည်လည်း ဒိဋ္ဌိစေတသိက်ပင်ဖြစ်၍ ထင်ရှားရှိသည်သာဖြစ်၏။ သို့ရာတွင် မိမိဟုဆိုအပ်သော ဒိဋ္ဌိစေတသိက်၏ ယူမှားမိသော သူ, ငါ, ယောကျ်ား, မိန်းမ စသော ပညတ်သည်ကား ပရမတ်အားဖြင့် ထင်ရှားမရှိသကဲ့သို့ ထင်ရှားမရှိသည် မဟုတ်ဟု အထူးပြုခြင်းငှာသာ ဒိဋ္ဌိသဒ္ဒါကို သန္တသဒ္ဒါဖြင့် အထူးပြု၍ သက္ကာယဒိဋ္ဌိ ခေါ်ဆိုရသည်ဟု ဆိုလိုသည်။

တိုတိုကျဉ်းကျဉ်း ဆိုလိုရင်းမှာ သက္ကာယ-က ရုပ်နာမ်ခန္ဓာ ဖြစ်သည်။ ဒိဋ္ဌိ-က အယူမှားဖြစ်သည်။ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ် နာမ် ခန္ဓာ၌ ပရမတ်အားဖြင့် ထင်ရှားမရှိသော သူ, ငါ, ယောကျ်ား, မိန်းမ စသော ပညတ်၌ အဟုတ်အမှန်ရှိသကဲ့သို့ ယူမှားသောအယူဟု ဆိုလိုရင်း ဖြစ်သည်။

## သက္ကာယဒိဋ္ဌိ ဖြစ် မဖြစ် ၂-မျိုး

**သက္ကာယဒိဋ္ဌိ ဖြစ် မဖြစ်** နှစ်မျိုးတို့မှာ—

အဿုတဝါ ပုထုဇ္ဇနော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသ-
ဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော—

စသည်ဖြင့် လာသော မူလပဏ္ဏာသပါဠိတော်၊ စူဠဝေဒလ္လသုတ်နှင့် အညီ ဘုရားစသော သူတော်ကောင်းတို့ကို ပညာမျက်စိဖြင့် မမြင်ဖူးသော, သူတော်ကောင်းတရား၌ မလိမ္မာသော, သူတော်ကောင်းတရား၌ ပညာဖြင့် မသက်ဝင်သော (ဝါ) သူတော်ကောင်းတရား၌ (ဝါ) ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့်စပ်သော အမြတ်တရား၌ အဆုံးအမကို မခံရဖူးသော, ဗဟုသုတလုံးဝမရှိသော အန္ဓပုထုဇဉ်၊ အဆိုပါ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတို့၌ အကြားအမြင်မရှိ၊ မသိမလိမ္မာသောကြောင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော လောက၌ ပြောဆိုကြသော သူ, ငါ, ယောကျ်ား, မိန်းမ စသော ပညတ်တို့ကို အဟုတ်အမှန် ကေန်ရှိ၏ဟု ယူမှားမိခြင်းကိုလည်းကောင်း(ဝါ) အနိစ္စ, ဒုက္ခ, အနတ္တသာဖြစ်သော ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်, အတ္တဟု ယူမှားမိခြင်းကိုလည်းကောင်း သက္ကာယဒိဋ္ဌိ ဖြစ်သည်ဟု ဆိုသည်။ ထိုသို့မဟုတ် လောက၌ ဝေါဟာရပညတ်အားဖြင့် ပြောဆိုကြသော (ဝါ) သမ္မုတိသစ္စာအနေဖြင့်သာ သုံးစွဲကြသော သူ, ငါ စသည်တို့၏ တကိုယ်လုံး၊ တကောင်လုံးရှိ ရုပ်နာမ်ခန္ဓာကား ပရမတ် ထင်ရှားရှိတဲ့တရား ဖြစ်သည်။ သူ, ငါ, ယောကျ်ား, မိန်းမ စသည် ပြောဆိုကြသည်ကား ပညတ် ထင်ရှားမရှိသော တရားဖြစ်သည်။

ဤသို့ ပရမတ်နှင့် ပညတ် ထင်ရှားရှိခြင်းနှင့် ထင်ရှားမရှိခြင်းကို ခွဲခြား၍ သိထားပြီးမှ သမ္မုတိသစ္စာအနေအားဖြင့် သူ, ငါ, ယောကျ်ား, မိန်းမ စသည်ဖြင့် ပြောဆိုရုံသာ ပြောဆိုကြ ခေါ်ဝေါ်ကြသည်မှာ သက္ကာယဒိဋ္ဌိ မဖြစ်ပါ။ သောတာပန် အစ ဘုရားရှင်အဆုံး အားလုံးပဲ ပြောဆိုကြသော လောကဝေါဟာရ စကားသာ ဖြစ်သည်ဟု သိမှတ်ပါလေ။

ဤ-သက္ကာယဒိဋ္ဌိ အယူမှားရှိနေလျှင် ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်။ မရှိလျှင် ဖြစ်သည်ဟု သိမှတ်ပါလေ၊ ယောဂီ သူတော်ကောင်း အပေါင်းတို့။

## ၆၂-ပါး မိစ္ဆာဒိဋ္ဌိတရား

တန္တယ်ဝင်-တစင်လုံးပါ ဆိုသကဲ့သို့ သက္ကာယဒိဋ္ဌိမှ ပေါက်ပွားသော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဆိုသည်မှာ အကျဉ်းအားဖြင့် ပုဗ္ဗန္တဒိဋ္ဌိ ၁၈-ပါး၊ အပရန္တဒိဋ္ဌိ ၄၄-ပါး၊ ပေါင်း ၆၂-ပါးတို့ပေတည်း။

အကျယ်အားဖြင့်ကား—

| | | |
|---|---|---|
| ၁။ | သဿတဒိဋ္ဌိ | ၄ ပါး။ |
| ၂။ | ဧကစ္စသဿတဒိဋ္ဌိ | ၄ ပါး။ |
| ၃။ | အန္တာနန္တိကဒိဋ္ဌိ | ၄ ပါး။ |
| ၄။ | အမရာဝိက္ခေပဒိဋ္ဌိ | ၄ ပါး။ |
| ၅။ | အဓိစ္စသမုပ္ပန္နဒိဋ္ဌိ | ၂ ပါး။ |
| ၆။ | သညီဝါဒဒိဋ္ဌိ | ၁၆ ပါး။ |
| ၇။ | နေဝသညီဝါဒဒိဋ္ဌိ | ၈ ပါး။ |
| ၈။ | နေဝသညီ နာသညီဝါဒဒိဋ္ဌိ | ၈ ပါး။ |
| ၉။ | ဥစ္ဆေဒဒိဋ္ဌိ | ၇ ပါး။ |
| ၁၀။ | ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိ | ၅ ပါး။ |
| | ပေါင်း | ၆၂-ပါး ဖြစ်၏။ |

ထိုတွင် ၁-နံပါတ်မှ ၅-နံပါတ်အထိ ၁၈-ပါးတို့ကို ပုဗ္ဗန္တဒိဋ္ဌိဆိုသည်။ ၆-နံပါတ်မှ ၁၀-နံပါတ်အထိ ၄၄-ပါးတို့ကို အပရန္တဒိဋ္ဌိဆိုသည်။

တဖန် ပုဗ္ဗန္တဒိဋ္ဌိ၊ အပရန္တဒိဋ္ဌိဆိုသည်မှာ ပုဗ္ဗအန္တဒိဋ္ဌိ အပရအန္တဒိဋ္ဌိ-ဟု သုံးပုဒ်ခွဲထားပြီးလျှင် ပုဗ္ဗ-က ရှေး၊ အပရ-က နောက်၊ အန္တ-က အဖို့အစွန်း၊ ဒိဋ္ဌိ-က အယူမှားဟု အဓိပ္ပာယ်ရသည်။ ရှေ့သုံးပုဒ်ကို ပေါင်းစပ်လိုက်သည့် အခါ ဘုရားမပွင့်မီ သာသနာပ အခါကာလတုန်းက ပစ္စေကဗုဒ္ဓါသဘက် ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိကြသော တိတ္ထိဆရာကြီးတို့သည် ရှေးအဖို့အစွန်းကို

ဤသို့-ဤသို့ ဖြစ်လတ္တံ့ဟု ကြံဆ၍ ယူမှားကြသော အယူမှားကို (ပုဗ္ဗန္တ-ဒိဋ္ဌိ)ဆိုသည်။ နောက်အဖို့အစွန်းကို ဤသို့-ဤသို့ ဖြစ်လတ္တံ့ဟု ကြံဆ၍ ကြံဆ၍ ယူမှားကြသော အယူမှားကို (အပရန္တဒိဋ္ဌိ)ဆိုသည်ဟု သိမှတ်ပါလေ။ အကျယ်သိလိုပါက သီလက္ခန်ပါဠိတော်နှင့် အဋ္ဌကထာ ဗြဟ္မ-ဇာလသုတ်မှာ ကြည့်ရှုပါလေ။

## ရှိယင်ရှိ မရှိယင် မရှိ

သက္ကာယဒိဋ္ဌိယာ သတိ ဣမာ ဒိဋ္ဌိယော ဥပ္ပဇ္ဇန္တိ။ သက္ကာယဒိဋ္ဌိယာ အသတိ ဣမာ ဒိဋ္ဌိယော န ဟောန္တိ။

(သဠာယတနသံယုတ်အဋ္ဌကထာ)

အဓိပ္ပါယ်ကား–အဆိုပါ သက္ကာယဒိဋ္ဌိ အယူမှားရှိသော် ဤ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် ဖြစ်တတ်ကုန်၏။ သက္ကာယဒိဋ္ဌိ အယူမှားမရှိသော် ဤ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် မဖြစ်ကြကုန်ပြီဟု သံယုတ်အဋ္ဌကထာ သဠာယတနသုတ်မှာ ဆိုထားသောကြောင့် အမြစ်ရင်းလဲယင် အဖျားထင်းဖြစ် ဆိုသကဲ့သို့ အဆိုပါ သက္ကာယဒိဋ္ဌိကို သောတာပတ္တိမဂ်နှင့် ပယ်သတ်လိုက်တဲ့ခါ အဆိုပါ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည်လည်း တခါတည်း ချုပ်ပျောက်ကြလေတော့သည်ဟု သိမှတ်ပါလေ၊ ယောဂီအပေါင်း သူတော်ကောင်းတို့။

ထို့ပြင်—

> ဣဓေကစ္စော ရူပံ အတ္တတော သမနုပဿတိ ။ပ။ ဝေဒနာ-ဒီသုပိ ဧသေဝ နယော။ တတ္ထ ရူပံ အတ္တတော သမနုပဿတီတိ သုဒ္ဓရူပမေဝ အတ္တာတိ ကထိတံ ။ပ။ ဝေဒိတဗ္ဗာတိ။

(အဋ္ဌသာလိနီအဋ္ဌကထာ-၃၇၇)

အဓိပ္ပါယ်ကား–ထို ၂၀-သော သက္ကာယဒိဋ္ဌိတို့တွင် (ရူပံ အတ္တတော သမနုပဿတိ) ဟူသော ပထမပုဒ်၌ ရုပ်တရားသက်သက်ကိုသာ (အတ္တ) ဟု (ဝါ)ကိုယ်ဟု ယူမှားသော ဒိဋ္ဌိကို ဟောအပ်၏။(ရူပဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ရူပံ, ရူပသ္မိံ ဝါ အတ္တာနံ) ဟူသော နောက်သုံးပုဒ်တို့၌

လည်းကောင်း၊ (ဝေဒနံ အတ္တတော၊ သညံ သင်္ခါရေ ဝိညာဏံ အတ္တတော) ဟူသော လေးပုဒ်တို့၌လည်းကောင်း ဤခုနစ်ပါးသော ပုဒ်တို့၌ကား နာမ်တရား သက်သက်ကိုသာ အတ္တဟု(ဝါ)ကိုယ်ဟု ယူမှားသော ဒိဋ္ဌိကို ဟောအပ်၏။ ဝေဒနာ စသော နာမ်ခန္ဓာလေးပါးတို့တွင် ဆိုခဲ့ပြီးသော ပထမပုဒ်မှ ကြွင်းသော သုံးပါး သုံးပါးစီသော နောက်ပုဒ်တို့၏ တဆယ့်နှစ်ပါးသော ပုဒ်တို့၌ ရုပ်နာမ်နှစ်ပါးကို ရော၍ (အတ္တ)ဟု (ဝါ) ကိုယ်ဟု ယူမှားသော ဒိဋ္ဌိကို ဟောအပ်၏။

## ဥစ္ဆေဒနှင့် သဿတဒိဋ္ဌိ

တဖန် ထို (၂၀) သော သက္ကာယဒိဋ္ဌိတို့တွင် (ရူပံ အတ္တတော သမနုပဿတိ၊ ဝေဒနံ သညံ သင်္ခါရေ ဝိညာဏံ အတ္တတော သမနုပဿတိ) ဟူသော ၅-ဌာနတို့၌ အတ္တဟု ဆိုအပ်သော ဘဝသည် ပြတ်၏ဟု ယူမှားသော (ဝိဘဝဒိဋ္ဌိ) ခေါ်သော (ဥစ္ဆေဒဒိဋ္ဌိ) ကို ဟောအပ်၏။ ကြွင်းသော ၁၅-ဌာနတို့၌ အတ္တဟုဆိုအပ်သော ဘဝသည် မြဲ၏ဟု ယူမှားသော (ဘဝဒိဋ္ဌိ) ခေါ်သော (သဿတဒိဋ္ဌိ) ကို ဟောအပ်၏။

## သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိသာ

ထို ၂၀-သော သက္ကာယဒိဋ္ဌိတို့တွင် ၁၅-ဌာနတို့သည် ဘဝဒိဋ္ဌိဖြစ်ကုန်၏။ ၅-ဌာနတို့သည် ဝိဘဝဒိဋ္ဌိ ဖြစ်ကုန်၏။ ထို့ကြောင့် သက္ကာယဒိဋ္ဌိ-၂၀ ဆိုသော်လည်း ၁၅-ဌာနက (သဿတဒိဋ္ဌိ) ဖြစ်၏။ ၅-ဌာနက (ဥစ္ဆေဒဒိဋ္ဌိ) ဖြစ်၏။ ထိုသို့ သဘောတူရာ ပေါင်းပါလျှင် (သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ) နှစ်ပါးတို့သာ ဖြစ်သည်ဟု သိမှတ်ပါလေ။

## ဒိဋ္ဌိမှန်က ရေလဲ့သို့ချ

အန္တမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိ နာမ သင်္ဂ ဥပနေတုံ သမတ္ထော နာမ နတ္ထိ။ ကေန္တိ နိရယသ္မိံ ယေဝ နိမုဇ္ဇာပေတိ။ ယထာ ဟိ မုဂ္ဂမာသပ္ပမာဏာပိ ပါသာဏသက္ခရာ ဥဒကေ ပတိတာ ။ပ။ ကေန္တိ အပါယေသုယေဝ နိမုဇ္ဇာပေတိ။
(အင်္ဂုတ္တိုရ်အဋ္ဌကထာ၊မိစ္ဆာဒိဋ္ဌိသုတ်)

**အဓိပ္ပါယ်ကား**– ယုတ်သော အပိုင်းအခြား အားဖြင့် ၂၀-သော အကြောင်းရှိသော သက္ကာယဒိဋ္ဌိကို အစပြု၍ ဒိဋ္ဌိမည်သည်၊ ဝါ၊ ဒိဋ္ဌိမှုန်က လူ့ရွာ နတ်ပြည်သို့ ရောက်အောင် ပို့ဆောင်သော မည်သည်မရှိ။ စင်စစ် ငရဲ၌သာလျှင် နှစ်မြုပ်စေတတ်၏။ ထိုစကားသည် မှန်၏။ ပဲနောက်စေ့ ပမာဏရှိသော ကျောက်စရစ်ခဲကလေးကို ရေထဲသို့ပစ်ချလိုက်သည်ရှိသော် ရေပေါ်တွင် ပေါ်သောမည်သည် မရှိ။ စင်စစ် အောက်သို့သာလျှင် နှစ်မြုပ်စေသကဲ့သို့ ထို့တူပမာ ယုတ်သော အပိုင်းအခြားအားဖြင့် သက္ကာယ ဒိဋ္ဌိသည် လူ့ရွာနတ်ပြည်သို့ ရောက်စေခြင်းငှါ စွမ်းနိုင်သော မည်သည် မရှိ။ စင်စစ် အပါယ်လေးဘုံတို့၌ သာလျှင် နှစ်မြုပ်စေတတ်၏ဟု ဆိုလို ခြင်း ဖြစ်သည်။

ထိုမှတပါး–

(၁) တာ ပန ဝီသတိဒိဋ္ဌိယော မဂ္ဂဝဇ္ဈာ သောတာပတ္တိမဂ္ဂဝဇ္ဈာ။
(ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ)

(၂) တသ္မိံ သတိပိ စ ဘဝဂါမိကမ္မာနံ သိဇ္ဈနတော "မဂ္ဂဝဇ္ဈာ၊ န သဂ္ဂဝဇ္ဈာ"တိ ဝုတ္တံ။
(ပဋိသမ္ဘိဒါမဂ္ဂဂဏ္ဌိပုဒ်)

**အဓိပ္ပါယ်ကား**–

၁။ ထို ၂၀-သောသက္ကာယဒိဋ္ဌိတို့သည် သောတာပတ္တိမဂ်ကို တားမြစ်တတ်ကုန်၏။ နတ်ရွာသုဂတိကိုတော့ မတားမြစ်တတ်ကုန်။ သောတာပတ္တိမဂ်သည် ပယ်သတ်အပ်ကုန်၏။

၂။ ထိုသက္ကာယဒိဋ္ဌိ-၂၀ ရှိသော်လည်း သုဂတိဘဝသို့ လားရောက်စေတတ်သော ကုသိုလ်ကံတို့၏ ပြီးစီးနိုင်သောကြောင့် မဂ်ကို တားမြစ်တတ်ကုန်၏။ နတ်ရွာသုဂတိကို မတားမြစ်တတ်ကုန်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤ၌ သတိပြုရန်အချက်မှာ အထက်၌ ဖော်ပြခဲ့သော (အန္တမသော) စသော အဂုတ္တိုရ်အဋ္ဌကထာက ဒိဋ္ဌိမှုန်က ငရဲသို့ချဟု ဆိုခဲ့သည်။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ, ဂဏ္ဌိပုဒ်တို့က သက္ကာယဒိဋ္ဌိသည် မဂ်ကိုသာ တား

မြစ်, လူ့ရွာနတ်ပြည်ကို မတားမြစ်ဟု ဆိုသည်။ ထိုစကားနှစ်ခုတို့သည် ဆန့်ကျင်ကြသည်။ အဘယ်သို့ မှတ်ရအံ့နည်းဆိုသော်– ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ,ဂဏ္ဌိတို့ကို ထောက်ဆ၍ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ပြဆိုခြင်းမှာ– နတ်ရွာသုဂတိသို့ လားရောက်စေတတ်သော ဘဝဂါမိကံ ကုသိုလ်ကံ အလျှင်းမရှိသောသူကို ရည်၍ ကေနှ် ငရဲသို့ ကျရောက်သည်ဟု ဆိုသည်။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ,ဂဏ္ဌိတို့၌ ပြဆိုခြင်းမှာ– သက္ကာယဒိဋ္ဌိပင် ရှိသော်လည်း သုဂတိဘဝသို့ လားရောက်စေတတ်သော ဘဝဂါမိက ကုသိုလ်ကံ လက်ကိုင်ရှိသောသူကို ရည်၍ နတ်ရွာသုဂတိကို မတားမြစ်ဟု ပြဆိုခြင်း ဖြစ်သည်ဟု ယူဆပါလျှင် အဆိုပါ အဋ္ဌကထာနှစ်ကျမ်းက ရည်ရွယ်ချက် တမျိုးစီ ဖြစ်နေကြ၍ ဆန့်ကျင်ဘက် မဖြစ်။ ဂင်္ဂါရေနှင့် ယမုန်နာရေတို့ ရောနှောသကဲ့သို့ သဘောတူသည်ဟု ထင်မြင် ယူဆမိပေသည်။ (အယံ နော တက္ကော၊ ဂန္ထေန သမေဘ ဂဟေတဗ္ဗော၊ န အသမေ ဟိ။)

## အယူတမျိုး အလုပ်တမျိုး

ဤ ဂဏ္ဌိအဆိုကိုလည်း ဤသို့မှတ်ရာ၏။ သက္ကာယဒိဋ္ဌိသည် နတ်ရွာသုဂတိကို မတားမြစ်ဆိုသော်လည်း ဤသက္ကာယဒိဋ္ဌိက နတ်ရွာသုဂတိသို့ ပို့ဆောင်တတ်သောကြောင့် ဆိုသည် မဟုတ်။ အယူက– သက္ကာယဒိဋ္ဌိ အယူကို ယူနေသော်လည်း အလုပ်က– နတ်ရွာသုဂတိသို့ လားရောက်စေတတ်သော ကုသိုလ်အလုပ်ကို လုပ်နေသောကြောင့်သာ ဆိုသည်ဟု သိမှတ်ပါလေ။

## မိစ္ဆာဒိဋ္ဌိ သုံးမျိုး

၁။ ကောစ္စာ မိစ္ဆာဒိဋ္ဌိ သဂ္ဂါဝရဏာ စေဝ ဟောတိ မဂ္ဂါဝရဏာ စ။

အချို့ မိစ္ဆာဒိဋ္ဌိသည် နတ်ရွာသုဂတိကိုလည်း တားမြစ်၏။ မဂ်ကိုလည်း တားမြစ်၏။

၂။ ကောစ္စာ မဂ္ဂါဝရဏာ၊ န သဂ္ဂါဝရဏာ။

အချို့ မိစ္ဆာဒိဋ္ဌိသည် မဂ်ကိုသာ တားမြစ်၏။ နတ်ရွာသုဂတိကို မတားမြစ်။

၃။ ကေစ္စ ဧနဝ သဂ္ဂါဝရဏာ န မဂ္ဂါဝရဏာ။

အချို့ မိစ္ဆာဒိဋ္ဌိသည် နတ်ရွာသုဂတိကိုလည်း မတားမြစ်၊ မဂ်ကိုလည်း မတားမြစ်။

(အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ကေနိပါတ်-၃၇၇)

၁။ ထိုတွင် အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ ဤကမ္မပထ မြောက် ဒိဋ္ဌိကြီး သုံးပါးတို့သည် နတ်ရွာ, မဂ်ဖိုလ် နှစ်ပါးလုံးတို့ကို တားမြစ်တတ်၏။

**မှတ်ချက်။** ။ဤဒိဋ္ဌိသုံးမျိုးတို့တွင် မက္ခလိ၏ အယူဝါဒကား အဟေတုကဒိဋ္ဌိ ဖြစ်၏။ ပူရဏ၏ အယူဝါဒကား အကိရိယဒိဋ္ဌိ ဖြစ်၏။အဇိတ၏ အယူဝါဒကား နတ္ထိကဒိဋ္ဌိဖြစ်၏။

၂။ နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ စသည်ဖြင့်လာသော ၁၀-ပါးသောအကြောင်း ရှိသော (အန္တဂ္ဂါဟိကဒိဋ္ဌိ)သည် မဂ်ကိုသာ တားမြစ်၏။ နတ်ရွာသုဂတိကို မတားမြစ်ပါ။

၃။ ဝီသတိဝတ္ထုကာ သက္ကာယဒိဋ္ဌိ စသည်ဖြင့် လာသော သက္ကာယ ဒိဋ္ဌိ ၂၀-သည် နတ်ရွာသုဂတိကိုလည်းမတားမြစ်၊ မဂ်ကိုလည်းမတားမြစ်ဟု နည်းတမျိုးလာ၏။

ဤအလုံးစုံသော အစီအရင်ကိုပယ်၍ ဤသုတ်၌ (မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာတိ ဝစနတော ။ပ။ ဟု ဟောတော်မူသောကြောင့် (အန္တမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိ နာမ သဂ္ဂံ ဥပ-နေတုံ သမတ္ထာ နာမ နတ္ထိ) ဆိုသည်ဟု သိမှတ်ပါလေ။

အကြောင်းသော်ကား– (ကေန္တဂရုတရသာဝဇ္ဇဘာဝတော) စင်စစ် မိစ္ဆာဒိဋ္ဌိအယူမှားသည် အထူးသဖြင့် ကြီးလေးလှသောကြောင့်ဟု ဋီကာ ဆရာက ဟိတ်ခတ်၍ ပြသောကြောင့်ပေတည်း-ဟု သိမှတ်ပါလေ။

## ဒိဋ္ဌိဖြစ်ခြင်း အကြောင်းရှစ်ပါး

၁။ ခန္ဓာပိ ဒိဋ္ဌိဋ္ဌာနံ၊ ဥပါဒါနက္ခန္ဓာ ငါးပါးသည်လည်း ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတပါး။

၂။ အဝိဇ္ဇာပိ ဒိဋ္ဌိဋ္ဌာနံ၊ အဝိဇ္ဇာသည်လည်း ဒိဋ္ဌိဖြစ်ခြင်း အကြောင်း တပါး။

၃။ ဖဿောပိ ဒိဋ္ဌိဋ္ဌာနံ၊ဖဿသည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး။

၄။ သညာပိ ဒိဋ္ဌိဋ္ဌာနံ၊ သညာသည်လည်း ဒိဋ္ဌိဖြစ်ခြင်း အကြောင်း တပါး။

၅။ ဝိတက္ကောပိ ဒိဋ္ဌိဋ္ဌာနံ၊ ဝိတက်သည်လည်း ဒိဋ္ဌိဖြစ်ခြင်း အကြောင်း တပါး။

၆။ အယောနိသောပိ ဒိဋ္ဌိဋ္ဌာနံ၊ မသင့်သော နှလုံး သွင်းခြင်း သည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး။

၇။ ပါပမိတ္တောပိ ဒိဋ္ဌိဋ္ဌာနံ၊ ယုတ်မာသော အဆွေခင်ပွန်းသည်လည်း ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတပါး။

၈။ ပရတောဃောသောပိ ဒိဋ္ဌိဋ္ဌာနံ၊ သူတပါး တရားစကားသည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး။

(ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်-၁၃၂)

ထိုတွင်—

၁။ ရှေးဘဝက ပြုအပ်သော ကံအားလျော်စွာ တစုံတခုသော ဘုံဘဝတို့မှာ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်ပေါ်လာတဲ့ခါ ထိုခန္ဓာကိုစွဲမှီ၍ ရုပ်သည်ပင် ငါ၊ ငါသည်ပင်ရုပ် စသည် ဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်တတ်သောကြောင့် ဤ ခန္ဓာငါးပါးသည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ဖြစ်၏။

၂။ ထို ဥပါဒါနက္ခန္ဓာဖြစ်ရခြင်းသည်လည်း ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤသစ္စာလေးပါးတို့ကို မသိရအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကြောင့် ဖြစ်ရကား အဝိဇ္ဇာသည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ဖြစ်၏။

၃။ ထိုအဝိဇ္ဇာသည်လည်း စက္ခုသမ္ဖဿ စသော ၆-ပါးသော ဖဿတို့တွင် တပါးပါးသော ဖဿဖြစ်ပေါ်လာတတ်သောကြောင့် ဖဿသည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ဖြစ်၏။

၄။ ထိုဖဿဖြစ်လျှင်လည်း သဘောဇာတ်ဖြစ်သော ရူပသညာ စသော ၆-ပါးသော သညာတို့တွင် တပါးပါးသော သညာဖြစ်ပေါ်လာတတ်သောကြောင့် သညာသည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ဖြစ်၏။

၅။ ထိုသညာနှင့်အတူ ကာမဝိတက် စသော ၆-ပါးသော ဝိတက်တို့တွင် တပါးပါးသော ဝိတက်သည် ဖြစ်ပေါ်လာတတ်သောကြောင့် ဝိတက်သည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ဖြစ်၏။

၆။ ဤလို ဤပုံ ဥပါဒါနက္ခန္ဓာသက်ကိုင်ရှိသော ပုထုဇဉ်အား ရူပါရုံ စသော ၆-ပါးသော အာရုံတို့တွင် တပါးပါးသော အာရုံ၌ အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘဟု မသင့်သောအားဖြင့် နှလုံးသွင်းတတ်သောကြောင့် အယောနိသောသည်လည်း ဒိဋ္ဌိဖြစ်ခြင်း အကြောင်း ဖြစ်၏။

၇။ ထို အယောနိသောသည်လည်း ယုတ်မာသော အဆွေခင်ပွန်းကို အမှီပြု၍ ဖြစ်တတ်လေရာ ပိဘ ဆရာသမားပင် ဖြစ်စေကာမူ မှားသော အယူရှိသော မိဘ ဆရာသမား ဖြစ်နေလျှင် ထို မိဘ ဆရာသမားတို့၏ အယူအမှားအတိုင်းသာ လိုက်လာ၍ ယူမှားတတ်သောကြောင့် ပါပမိတ္တသည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ဖြစ်၏။

၈။ ထို ပါပမိတ္တကြောင့် အယူမှားဒိဋ္ဌိ ဖြစ်တတ်သကဲ့သို့ ပူရဏကဿပ စသော တိတ္ထိတို့၏အယည့်ဖြစ်ကုန်သော သူတပါးတို့၏ မိစ္ဆာဒိဋ္ဌိ တရားစကားကို ကြားနာရ၍ ပြုလုပ် ပြောဆို ကြံစည်လျှင်လည်း မိစ္ဆာ

ဒိဋ္ဌိချည်းသာ ဖြစ်တတ်ပါသောကြောင့် ပရတော ဃောသသည်လည်း ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ဖြစ်၏။

## အကျဉ်းဆောင်ပုဒ်

ခန္ဓာ, အဝိဇ္ဇာ၊ ဖဿော, သညာ၊ အယော, တက္က၊ ပါပ,ဃောသာ၊
ဤ ရှစ်ဖြာ၊ ဒိဋ္ဌိ ဖြစ်ကြောင်းသာ။

ထိုမှတပါး—

၁။ ဒိဋ္ဌိဂတိကော ဟိ ဥမ္မတ္တကသဒိသော။

(နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ-၂၉)

**အဓိပ္ပာယ်ကား**—မှန်၏၊ ဒိဋ္ဌိအယူရှိသောသူသည် လောက၌ ရူးသော သူနှင့် တူ၏။

၂။ ဒိဋ္ဌိဂတိကော ဟိ ဥမ္မတ္တကော ဝိယ ယံ ဝါ တံ ဝါ ဂဏှာတိ။

(ဒီဃနိကာယ်အဋ္ဌကထာ-၉၆)

**အဓိပ္ပာယ်ကား**—မှန်၏၊ ဒိဋ္ဌိအယူရှိသော သူသည် လောက၌ သူရူး ကဲ့သို့ ဟုတ်ဟုတ်ငြားငြား,မှားမှားမှန်မှန် ယူမှားတတ်၏။

၃။ ဒိဋ္ဌိဂတိကဿ ဟိ ထုသရာသိမှိ နိက္ခိတ္တခါဏုကဿေဝ နိစ္စလတာ နာမ နတ္ထိ။

(ဒီဃနိကာယ်အဋ္ဌကထာ-၇)

**အဓိပ္ပာယ်ကား**—မှန်၏၊ ဒိဋ္ဌိအယူမှားရှိသောသူအား ဖွဲစု (ဖွဲပုံ) ၌ စိုက်ထားသော သစ်ငုတ်ကဲ့သို့ ခိုင်မြဲသော အဖြစ်မည်သည် မရှိ။

၄။ ဒိဋ္ဌိဂတိကဿ ဟိ ဌာနံ ဝါ နိယမော ဝါ နတ္ထိ။

၅။ ဒိဋ္ဌိဂတိကဿ ဟိ ခိပ္ပံ ကထိယမာနေ ဂါရဝံ န ကရောန္တိ။

၆။ ဒိဋ္ဌိဂတိကော ဟိ ကေသ္မိံ ပတိဋ္ဌာတုံ န သက္ကောတိ။

(မဟာနိဒ္ဒေသအဋ္ဌကထာ-၁၃၉)

၇။ ဒိဋ္ဌိဂတိကဿ ဒဿနံ နာမ န နိဗ္ဗာနံ။

(ဒီဃနိကာယ်အဋ္ဌကထာ-၉၇) စသည်တို့မှာ ဖွင့်ပြကြပါသေးသည်။

## သက္ကာယဒိဋ္ဌိ ရှိမရှိ ဒိဋ္ဌိဝိသုဒ္ဓိ

အဆိုပါ ဥပါဒါနက္ခန္ဓာငါးပါး ဆိုသည်မှာ အခြားမဟုတ်ပါ၊ အခြားမှာ ရှိမနေပါ။လောကမှာ သူ-ငါ-ယောကျ်ား-မိန်းမ စသည်ဖြင့် ပြောဆိုနေကြတဲ့ သူ-ငါ-ယောကျ်ား-မိန်းမ စသည်တို့ရဲ့ တကိုယ်လုံး, တကောင်လုံးရှိအေးလျှင်တမျိုး, ပူလျှင်တဖုံ အမျိုးစုံဖောက်ပြန်တဲ့အစုကလဲ သူ-ငါ မဟုတ်ပါ၊ (ရူပုပါဒါနက္ခန္ဓာ)ဖြစ်သည်။ ကောင်းဆိုးခံစားတဲ့ အစုကလဲ သူ-ငါ မဟုတ်ပါ၊(ဝေဒနုပါဒါနက္ခန္ဓာ)ဖြစ်သည်။ကောင်းဆိုးမှတ်သားတဲ့ အစုကလဲ သူ-ငါ မဟုတ်ပါ၊ (သညုပါဒါနက္ခန္ဓာ) ဖြစ်သည်။ ကောင်းဆိုးပြုပြင်တဲ့အစုကလဲ သူ-ငါ မဟုတ်ပါ၊(သင်္ခါရုပါဒါနက္ခန္ဓာ) ဖြစ်သည်။ ကောင်းဆိုးသိတဲ့အစုကလဲ သူ-ငါ မဟုတ်ပါ၊ ဝိညာဏုပါဒါနက္ခန္ဓာ) ဖြစ်သည်။ ဤဥပါဒါနက္ခန္ဓာငါးပါးမှတပါး သီးခြား (အတ္တ)ရယ်လို့ လုံးဝ မရှိတော့ပါ။ မိမိခန္ဓာကိုယ်ထဲမှာ (အတ္တ)ရယ်လို့ သီးခြားရှိနေသေးတယ်လို့ မှတ်ထင်၍ ယူမှားနေသေးယင် သက္ကာယဒိဋ္ဌိ အယူမှား ရှိနေသေး၏။ ထိုသို့မဟုတ် အဆိုပါ လောကီဖြစ်သော ဥပါဒါနက္ခန္ဓာမှတပါး (အတ္တ)ရယ်လို့ သီးခြား လုံးဝ မရှိတော့ပါပြီ တကားဟု ဟုတ်မှန်တဲ့အတိုင်း အသိမှန် အမြင်မှန် အယူမှန်ကိုရ၍ ယုံမှားမရှိ ထိုးထွင်း၍ သိသွားယင် သက္ကာယဒိဋ္ဌိအယူမှား မရှိတော့ပါ။ သက္ကာယဒိဋ္ဌိ အညစ်အကြေး ကင်းဝေးစင်ကြယ်သွားသောကြောင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်၏ဟု သိမှတ်ပါလေ၊ ယောဂီအပေါင်း သူတော်ကောင်းတို့။

### အကျဉ်းဆောင်ပုဒ်

ဖောက်ပြန်,ခံစား၊ မှတ်သား,ပြုပြင်၊ သိပေယင်၊ ငါးအင်ခန္ဓာမှတ်။

## သက္ကာယဒိဋ္ဌိ ဖြစ် မဖြစ်

တနည်းဆိုသော် အဆိုပါ အစုငါးစုခေါ်တဲ့ ခန္ဓာငါးပါးကိုပင် (ဝါ) စိတ်-စေတသိက်-ရုပ်ကိုပင်၊ (ဝါ) ရုပ်နာမ်ကိုပင် ပုဂ္ဂိုလ်သတ္တဝါ-ငါ့ကိုယ်-အတ္တ၊ သူ့ကိုယ်-အတ္တ စသည်ဖြင့် အယူမှားရှိနေသေးယင် သက္ကာယဒိဋ္ဌိ ဖြစ်နေသေး၏။ ထိုသို့မယူမှားတော့ပဲ လောက၌ ခန္ဓာငါးပါးက အပို၊ စိတ်, စေတသိက်, ရုပ် ပရမတ္ထတရားသုံးပါးက အပို၊ ရုပ်နာမ်က အပို ပုဂ္ဂိုလ်သတ္တဝါ (အတ္တ)ရယ်လို့ သီးခြားမရှိတော့ပြီဟု အသိမှန် အမြင်မှန် အယူမှန် ရသွားယင် သက္ကာယဒိဋ္ဌိ မဖြစ်တော့ပေဟု သိမှတ်ပါလေ။

**မှတ်ချက်။** ။(မဂ်ကိုတားဆီး—ဒိဋ္ဌိအမှားကြီး) ဆိုသည်နှင့်အညီ မဂ်ကို တားဆီးသည်ကား သက္ကာယဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိ ဟု သုံးမျိုးမှတ်လေ။

ထိုတွင် (နာမရူပပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိယာ)နှင့် အညီ ရုပ်နာမ် ခန္ဓာတို့ကို ပိုင်းခြားခြင်းဖြင့် သက္ကာယဒိဋ္ဌိကို တဒင်္ဂပယ်ခြင်းသည်လည်း ကောင်း၊ (ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ) နှင့် အညီ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်းကိုမြင်သဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်ခြင်းသည်လည်းကောင်း၊ (ဝယ-ဒဿနေန သဿတဒိဋ္ဌိယာ)နှင့် အညီ ရုပ်နာမ် ခန္ဓာတို့၏ အပျက်ကို မြင်သဖြင့် သဿတဒိဋ္ဌိကို ပယ်ခြင်းသည်လည်းကောင်းဟု ဆိုသော ကြောင့်—

ဥပမာ—အာနာပါနယောဂီသည် ထွက်လိုက် ဝင်လိုက် ဖြစ်နေသော အားရုံကား ရုပ်တရားဖြစ်သည်။ ထွက်တယ် ဝင်တယ်ဟု သိမှတ်နေသော သတိကား အာရမ္မဏိက နာမ်တရားဖြစ်သည်၊ ဤသို့ ရုပ်နာမ်ကို ပိုင်းခြား သဖြင့် သက္ကာယဒိဋ္ဌိကို တဒင်္ဂပယ်သည်မည်၏ဟု ဆို၏။

တဖန် ထွက်လိုက် ဝင်လိုက်ဖြစ်နေသော ရုပ်နာမ်ခန္ဓာတို့၏ အဖြစ် အဖြစ်ကိုမြင်သဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်သည်မည်၏ဟု ဆိုသည်။

တဖန် ထွက်လိုက် ဝင်လိုက်ဖြစ်နေသော ရုပ်နာမ်ခန္ဓာတို့၏ အပျက် အပျက်ကို မြင်သဖြင့် သဿတဒိဋ္ဌိကို ပယ်သည်မည်၏ဟု ဆို၏။ တဒင် ပဟာန်သည် တဒင်တွင် ရပ်နေသည်မဟုတ် တဒင်ပဟာန် ရင့်သန်ကြီးမား လာတဲ့အခါ ဝိက္ခမ္ဘနပဟာန်သို့ ရောက်၏။ ၎င်း ဝိက္ခမ္ဘနပဟာန် ရင့်သန် ကြီးမားလာတဲ့အခါ သမုစ္ဆေဒပဟာန်သို့ ရောက်၏။ ၎င်း သမုစ္ဆေဒ-ပဟာန် ရင့်သန်ကြီးမားလာတဲ့အခါ ပဋိပ္ပဿဒ္ဓိပဟာန်သို့ ရောက်၏။၎င်း ပဋိပ္ပဿဒ္ဓိပဟာန် ရင့်သန်ကြီးမားလာတဲ့အခါ နိဿရဏပဟာန်သို့ ရောက်၏။ အဆင့်ဆင့် တက်၍ တက်၍ အားထုတ်သည်ရှိသော် နိဗ္ဗာန် ယူသိမ်း၍ အငြိမ်းကြီးငြိမ်းသည်။

## အကျဉ်းဆောင်ပုဒ်

ရုပ်နာမ်ကိုပင်၊ ပိုင်းခြားထင်၊ သက္ကာယဒိဋ္ဌိ စင်။

ရုပ်နာမ်ကိုပင်၊ အဖြစ်မြင်၊ ဥစ္ဆေဒဒိဋ္ဌိ စင်။

ရုပ်နာမ်ကိုပင်၊ အပျက်မြင်၊ သဿတဒိဋ္ဌိ စင်။

မှတ်ချက်။ ။ရုပ်နာမ်ခန္ဓာကို ပိုင်းခြား၍ သိမြင်ခြင်းသည် သက္ကာယ-ဒိဋ္ဌိ တဒင်စသည် ကွာ၏, စင်၏။ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်ကို သိမြင် ခြင်းသည် ဥစ္ဆေဒဒိဋ္ဌိ ကွာ၏, စင်၏, ကုန်၏။ ရုပ်နာမ်ခန္ဓာတို့၏ အပျက်ကို သိမြင်ခြင်းသည် သဿတဒိဋ္ဌိ ကွာ၏, စင်၏, ကုန်၏။

အဘယ့်ကြောင့်ဆိုသော် ရုပ်နာမ်ခန္ဓာတို့ကို ပိုင်းခြား၍ မသိမမြင်လျှင် သူ–ငါ–သတ္တဝါ စသည်ဖြင့် သက္ကာယဒိဋ္ဌိ ရှိသောကြောင့်ပေတည်း။ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်ကို မသိမမြင်လျှင် သေလျှင်ပြတ်၏ဟု ဥစ္ဆေဒဒိဋ္ဌိ ရှိသောကြောင့် ပေတည်း။ ရုပ်နာမ်ခန္ဓာတို့၏ အပျက်ကို မမြင်လျှင် မြဲသည်ဟု ယူသော သဿတဒိဋ္ဌိ ရှိသောကြောင့်ပေတည်း။

ရုပ်နာမ်ခန္ဓာတို့သည်ကား ဖြစ်ပြီးလျှင် ပျက်တယ်။ ပျက်ပြီးလျှင် ဖြစ်တယ်။ ဤလို ဖြစ်ပျက်မနား ဖြစ်နေသည်ကို ပိုင်းခြား၍ မသိလျှင်

သက္ကာယဒိဋ္ဌိ၊ ရုပ်နာမ်ခန္ဓာတို့၏အဖြစ်ကို မသိလျှင် ဥစ္ဆေဒဒိဋ္ဌိ။ ရုပ်နာမ် ခန္ဓာတို့၏ အပျက်ကို မသိလျှင် သဿတဒိဋ္ဌိ ဖြစ်သောကြောင့်ပေတည်း။

## ဝိပလ္လာသ မူလ ၄-ပါး, မူလီ ၁၂-ပါး

အဆိုပါ ခန္ဓာငါးပါးတို့သည် ကံအားလျော်စွာ သက်ဆိုင်ရာ ဘုံဘဝ တို့၌ ဖြစ်ကြတဲ့ခါ တနုတနုသောဘဝ၌ ပဋိသန္ဓေမှ စုတိသေနေ့ကျအောင် ဥပါဒ်–ဌီ–ဘင်၊ (ဝါ) ဖြစ်–ရင့်–ပျက်၊ (ဝါ) ဖြစ်လိုက်–ရင့်လိုက်– ပျက်လိုက်၊ (ဝါ) ဖြစ်ချေ–ရင့်ချေ–ပျက်ချေ အနေမကျ အစဉ်မပြတ် ထပ်ကာ ထပ်ကာ စပ်ကာ စပ်ကာ လျင်စွာ လျင်စွာ ဖြစ်၍ လျင်စွာ လျင်စွာရင့်၍ လျင်စွာလျင်စွာ ပျက်၍နေကြသည်။ ဝါ၊ မျက်စိတမှိတ်-လျှပ် တပြက် လက်ဖျစ်တတွက်အတွင်းမှာပင် နာမ်ခန္ဓာတို့က ကုဋေတသိန်း ရုပ်ခန္ဓာတို့က ကုဋေငါးထောင်ကျော် ဖြစ်၍ ဖြစ်၍ ပျက်၍ ပျက်၍ နေသောကြောင့် မျက်တောင်တခတ်စာလောက်မျှ မခိုင်မြဲနိုင်ကြတဲ့ အနိစ္စ မှန်တယ်။ ဖြစ်ပျက်မစဲ ကသဲသဲ နှိပ်စက်နေတဲ့ ဒုက္ခမှန်တယ်။ ဤလို မဖြစ် မပျက်ရအောင် အစိုးမရ အလိုသို့မလိုက်တဲ့ အနတ္တမှန်တယ်။ ဤခန္ဓာကိုယ် ကြီးသည် နေ့စဉ်မပြုမပြင်ပဲထားလျှင် လားလားမှ မလှပ မတင့်တယ်တဲ့ အသုဘမှန်တယ်။ သို့မှန်စေကာမူ ဤခန္ဓာကိုယ်အကြောင်းကို ကောင်း ကောင်းကြီးမသိမမြင်နိုင်ကြသေးသော ပုထုဇဉ်လူနတ်တို့ကတော့ အဆိုပါ ရုပ်နာမ်ခန္ဓာကို အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ ဟု မသိမမြင်နိုင်ကြပဲ–

၁။ အနိစ္စကေန် မုချမှန်သော ရုပ်နာမ်ခန္ဓာတို့၌–

| | |
|---|---|
| နိစ္စဟုအမှတ်ဖောက်ပြန် | အနိစ္စ၌ မှားခြင်းသုံးမျိုး |
| နိစ္စဟု အသိဖောက်ပြန် | |
| နိစ္စဟု အယူဖောက်ပြန် | |

၂။ ဒုက္ခကေန် မုချမှန်သော ရုပ်နာမ်ခန္ဓာတို့၌–

| | |
|---|---|
| သုခဟု အမှတ်ဖောက်ပြန် | ဒုက္ခ၌ မှားခြင်းသုံးမျိုး |
| သုခဟု အသိဖောက်ပြန် | |
| သုခဟု အယူဖောက်ပြန် | |

၃။ အနတ္တကြောင့် မုချမှန်သော ရုပ်နာမ်ခန္ဓာတို့၌—

အတ္တဟု အမှတ်ဖောက်ပြန် ⎫
အတ္တဟု အသိဖောက်ပြန် ⎬ အနတ္တ၌ မှားခြင်းသုံးမျိုး
အတ္တဟု အယူဖောက်ပြန် ⎭

၄။ အသုဘကြောင့် မုချမှန်သော ရုပ်နာမ်ခန္ဓာတို့၌—

သုဘဟု အမှတ်ဖောက်ပြန် ⎫
သုဘဟု အသိဖောက်ပြန် ⎬ အသုဘ၌ မှားခြင်းသုံးမျိုး
သုဘဟု အယူဖောက်ပြန် ⎭

ဤလို ဤပုံ အမှတ်-အသိ-အယူ-ဖောက်ပြန် မှားယွင်း ချွတ်ချော်သည်ဟု သိမှတ်ပါလေ။

တနည်းဆိုသော် ဤလိုဤပုံ အနိစ္စကြောင့်, ဒုက္ခကြောင့်, အနတ္တကြောင့်, အသုဘကြောင့် မုချမှန်သော ရုပ်နာမ်ခန္ဓာကိုပင် ဟုတ်မှန်တဲ့အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟု မမှတ်, မသိ, မယူဆပဲ အလွဲလွဲ အချော်ချော် သူဘဲ, ငါပဲ, ယောကျ်ားပဲ, မိန်းမပဲ, လင်ပဲ, မယားပဲ, သားပဲ, သမီးပဲ စသည်ဖြင့် တသက်လုံး အမှတ်မှား,အသိမှား,အယူမှား၍ နေကြသည်ကိုပင်(ဝိပလ္လာသ)တရား ဖုံးလွှမ်းထားသည်ဟု ဆိုရလေသည်။

## အလွန်ဆိုးတဲ့ ဖောက်ပြန်မျိုး

ဖောက်ပြန်တာမှ နည်းနည်းပါးပါးလောက်သာ ဖောက်ပြန်တာ မဟုတ်ဘူး။ အရှေ့ကို အနောက်, အနောက်ကို အရှေ့ ဖောက်ပြန်သကဲ့သို့လည်းကောင်း၊ အကောင်းကို အဆိုး, အဆိုးကို အကောင်း ဖောက်ပြန်သကဲ့သို့လည်းကောင်း၊ အဖြူကို အမဲ, အမဲကို အဖြူ ဖောက်ပြန်သကဲ့သို့လည်းကောင်း၊ ပက်လက်ကို မှောက်ခုံ, မှောက်ခုံကို ပက်လက် ဖောက်ပြန်သကဲ့သို့လည်းကောင်း တက်တက်ကူ ပြောင်းပြန်လန်အောင် ဖောက်ပြန်တဲ့ ဖောက်ပြန်မျိုးဟု သိမှတ်ပါလေ။

ဘယ်လောက်ဆိုးသလဲဆိုယင် ဤဝိပလ္လာသတရား ၁၂-ပါး ဖုံးလွှမ်း ဖောက်ပြန်ထားမှုကြောင့် ပုထုဇဉ်သတ္တဝါ လူ နတ် ဗြဟ္မာတွေဟာ ပြဆို ခဲ့ပြီးသောနည်းဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ မုချကေန် စင်စစ် မှန်သော ရုပ်နာမ်ခန္ဓာတို့ကိုပင် နိစ္စ,သုခ,အတ္တ, သုဘ ဟူ၍လည်းကောင်း၊ (ဝါ) လူပဲ, နတ်ပဲ, ဗြဟ္မာပဲ, ယောကျ်ားပဲ, မိန်းမပဲ, လင်ပဲ, မယားပဲ, သားပဲ, သမီးပဲ စသည်ဖြင့်လည်းကောင်း တသက်လုံး အမှတ်မှား, အသိမှား, အယူမှားနေအောင် ဖောက်ပြန်တဲ့ ဖောက်ပြန်မျိုး အဆိုးဆုံးဟု သိမှတ်လေ။

## အကျဉ်းဆောင်ပုဒ်

၁။ အမှတ်မှားတာ၊ ပထမာ၊ သညာဝိပလ္လာ။

၂။ အသိမှားတာ၊ ဒုတိယာ၊ စိတ္တဝိပလ္လာ။

၃။ အယူမှားတာ၊ တတိယာ၊ ဒိဋ္ဌိဝိပလ္လာ။

၄။ အနိစ္စ, ဒုက္ခ၊ အနတ္တ, အသုဘ၊ ဤလေးဝဋ္ဌ်၊ တဝသုံးပါး၊ ထည့်၍သွား၊ အပြား ၁၂-ပါး။

၁။ (အနိစ္စခန္ဓာ) နိစ္စ-မှတ်မှားတာ၊ (သညာဝိပလ္လာ) အမှတ် ဖောက်ပြန်တာ။

၂။ (အနိစ္စခန္ဓာ) နိစ္စ-သိမှားတာ၊ (စိတ္တဝိပလ္လာ) အသိ ဖောက်ပြန် တာ။

၃။ (အနိစ္စခန္ဓာ) နိစ္စ-ယူမှားတာ၊ (ဒိဋ္ဌိဝိပလ္လာ)အယူဖောက်ပြန်တာ။

၄။ (ဒုက္ခခန္ဓာ) သုခ-မှတ်မှားတာ၊ (သညာဝိပလ္လာ) အမှတ် ဖောက်ပြန်တာ။

၅။ (ဒုက္ခခန္ဓာ) သုခ-သိမှားတာ၊ (စိတ္တဝိပလ္လာ)အသိဖောက်ပြန်တာ။

၆။ (ဒုက္ခခန္ဓာ) သုခ-ယူမှားတာ၊ (ဒိဋ္ဌိဝိပလ္လာ) အယူဖောက်ပြန်တာ။

၇။ (အနတ္တခန္ဓာ) အတ္တ-မှတ်မှားတာ၊ (သညာဝိပလ္လာ) အမှတ်ဖောက်ပြန်တာ။

၈။ (အနတ္တခန္ဓာ) အတ္တ-သိမှားတာ၊ (စိတ္တဝိပလ္လာ) အသိဖောက်ပြန်တာ။

၉။ (အနတ္တခန္ဓာ) အတ္တ-ယူမှားတာ၊ (ဒိဋ္ဌိဝိပလ္လာ) အယူ ဖောက်ပြန်တာ။

၁၀။ (အသုဘခန္ဓာ) သုဘ-မှတ်မှားတာ၊ (သညာဝိပလ္လာ) အမှတ်ဖောက်ပြန်တာ။

၁၁။ (အသုဘခန္ဓာ) သုဘ-သိမှားတာ၊ (စိတ္တဝိပလ္လာ) အသိ ဖောက်ပြန်တာ။

၁၂။ (အသုဘခန္ဓာ) သုဘ-ယူမှားတာ၊ (ဒိဋ္ဌိဝိပလ္လာ) အယူ ဖောက်ပြန်တာ။

## ဆောင်ပုဒ်

ဝိပလ္လာသ၊ ထိုဓမ္မကား၊ ငါးပါးခန္ဓာ၊ ကြောင်းခြင်းရာကို၊ ကောင်းစွာမသိ၊ မောဟ ဖိ၍၊ ယူမိ ယူရာ၊ သုခ၊ ငါ၊ ကျား၊ မ၊ စသည်များပြား၊ ထင်ရှားကြရာ၊ မဟုတ်ပါပဲ၊ မှတ်လွဲ သိလွဲ၊ အယူလွဲကြ၊ ဝိပလ္လာတည့်။ မှတ်သိဖို့ရာ၊ အမှန်မှာကား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘသာ၊ မှန်ကြပါသည်၊ ခန္ဓာငါးပါး ဖြစ်ပျက်တည်း။

---

## မျက်မှန်စိမ်းဥပမာ

ဥပမာဆိုသော် ဤဝိပလ္လာသတရား ၁၂-ပါးသည် မြက်ရှားသောအရပ်တို့၌ မြင်းဇောင်းထဲမှာ မြင်းစာမြက်တွေ ခြောက်နေ၍ မြင်းမစားပဲနေတဲ့အခါ မြင်းရှင်က ရိပ်စားမိ၍ မျက်မှန်စိမ်းကို တပ်ပေးလိုက်တဲ့အခါ မြက်ဆွေး-မြက်ခြောက်တွေဟာ မြက်စိမ်း၊ မြက်စိုတွေလို ထင်လာပြီး

အလွန်စားချင်လှ၍ သွားရည်တမျှားမျှား ဖြစ်နေသကဲ့သို့ ထို့တူပမာ မြက်ဆွေး,မြက်ခြောက်တွေနှင့်တူနေသော အနိစ္စ, ဒုက္ခ,အနတ္တ, အသုဘ ဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ မြင်းရှင်နှင့်တူသော ဝိပလ္လာသ တရားဆိုး တို့က မြင်းနှင့်တူနေသော ပုထုဇဉ် လူနတ်တို့ကို ဤ ဝိပလ္လာသ မျက်မှန် စိမ်းကြီးကို တပ်ဆင်ပေးလိုက်တဲ့အခါ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဖြစ် သော ရုပ်နာမ်ခန္ဓာတို့ကိုပင် တသက်လုံး နိစ္စ, သုခ, အတ္တ, သုဘဟု မှတ်မှား-သိမှား-ယူမှား၍ နေကြလေတော့သတည်း။

## သနားသူပမာ ဘုရားမြတ်စွာ

ဤလိုပင် မြင်းရှင်က မြင်းကိုလှည့်စားတဲ့သဘောဖြင့် မျက်မှန်စိမ်းကို တပ်ပေးထားသော်လည်း သနားခြင်းကရုဏာရှိသော ပညာရှိသူ လူ တယောက်က မျက်မှန်စိမ်းကို ချွတ်ပေးလိုက်တဲ့အခါ မြင်းခမျာမှာ မြက် ခြောက်ကို မြက်ခြောက်ဟု ဟုတ်မှန်တဲ့အတိုင်း သိသွားရသကဲ့သို့ ထို့တူ ပမာ ဝိပလ္လာသတရားတို့က သတ္တဝါတို့ကိုလှည့်စားတဲ့သဘောဖြင့် အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘဟု (ဝါ)လူပဲ, နတ်ပဲ, ဗြဟ္မာပဲ,ယောကျ်ားပဲ,မိန်းမပဲ, လင်ပဲ,မယားပဲ,သားပဲ, ဆမီးပဲ စသည်ဖြင့် ထင်ယောင်ထင်မှားဖြစ်သွားအောင်လှည့်စားထားသော်လည်း သတ္တဝါတို့ အပေါ်မှာ သနားခြင်းကရုဏာ ကြီးမားတော်မူလှသော ဘုရားမြတ်စွာ စိန္တေယျာက–

နာယံ ဘိက္ခဝေ ကာယော တုမှာကံ၊ နာပိ အညေသံ–စသည်ဖြင့် ချစ်သားချစ်သမီးတို့– ဤခန္ဓာကိုယ်ကြီးသည် သင်တို့၏ ကိုယ်ပိုင်ဥစ္စာ ခန္ဓာကိုယ်လည်း မဟုတ်။ သူတပါးတို့၏ ကိုယ်ပိုင်ဥစ္စာ ခန္ဓာကိုယ်လည်း မဟုတ်။ အမှန်မှာ အစုငါးစုခေါ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သာ ဟုတ်မှန်ပါသည်။ထိုခန္ဓာငါးပါးသည်လည်း တခုတည်းသောဘဝ ပဋိသန္ဓေ မှ စုတိသေနေ့သို့ ကျအောင် ဒိုင်းဒိုင်းပြေး အနားမရှိ အရပ်မရှိ ဖြစ်ပျက် မစဲ တသဲသဲမို့ အနိစ္စ-မမြဲလို့ပဲ။ဆင်းရဲနှိပ်စက်တဲ့-ဒုက္ခ။မြဲအောင် ချမ်းသာ အောင် အစိုးမရတဲ့-အနတ္တ။ ဘယ်လိုပင် ပြန်ဆာဆင်ဆင် ဘယ်လိုပင်

ရွှေငွေတွေနှင့်ဆင်ဆင် နေ့စဉ်နှင့်အမျှ ကျင်ကြီးပေါက် ကျင်ငယ်ပေါက်စသော ကိုးပေါက် ကိုးဒွါရတို့မှ ကျင်ကြီး ကျင်ငယ်စသော စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သော အသုဘသာ ဟုတ်မှန်ပေသည်။ ထို့ပြင် မသေခင်ပဲ မအိုပဲ, မနာပဲ, မသေပဲ မြဲရဲ့လား၊ မမြဲဘူး။ အဲဒါလဲ အနိစ္စပဲ မဟုတ်လား။ ဤလို-အိုဘေး နာဘေး သေဘေးတွေ နှိပ်စက်နေတာလဲ ဆင်းရဲတဲ့ ဒုက္ခပဲမဟုတ်လား။ မအိုအောင်-မနာအောင်-မသေအောင် အစိုးမရတာလဲ အနတ္တပဲ မဟုတ်လား။ သေပြီးသည့်နောက် သုံးရက်မြောက်, လေးရက်သို့ရောက်တဲ့အခါ ဖူးရောင်ညိုမဲ ပေါက်ကွဲ-သွေးပြည်-ယင်ကောင်တွေ တရောင်းရောင်း မြင်မကောင်းပဲ ပိုးလောက်တွေ တဖွားဖွား စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်တာလဲ အသုဘပဲမဟုတ်လား။ အဲဒါတွေကို ချစ်သား, ချစ်သမီးတို့ မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား။

ထို့ကြောင့် ဤခန္ဓာငါးပါးသည် ပဋိသန္ဓေမှ စုတိသေနေ့ကျအောင် မမြဲတဲ့ အနိစ္စ။ ဆင်းရဲနှိပ်စက်တဲ့ ဒုက္ခ။ အစိုးမရတဲ့ အနတ္တ။ မလှပ မတင့်တယ်တဲ့ အသုဘတို့သာ မုချကေန် စင်စစ်မှန်သည်ဟု ဗုဒ္ဓမြတ်စွာ စိန္တေယျာက အမှန်တရားကို ဟောပြတော်မူသောအားဖြင့် ဝိပလ္လာသ-မျက်မှန်စိမ်းကို ချွတ်ပေးလိုက်တဲ့အခါ ပုထုဇဉ်သတ္တဝါတို့မှာ ထိုအခါမှသာ ဤခန္ဓာ ငါးပါးသည် ငါတို့တသက်လုံး အမှတ်မှား,အသိမှား,အယူမှားနေကြတဲ့ နိစ္စ-သုခ-အတ္တ-သုဘ လုံးဝမဟုတ်၊(ဝါ) ပုဂ္ဂိုလ် သတ္တဝါ သူ-ငါ-ယောကျ်ား-မိန်းမ စသည်တို့ လုံးဝမဟုတ်။ အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘတို့သာ မုချမှန်သည်ဟု ဟုတ်မှန်တဲ့အတိုင်း အသိမှန်-အမြင်မှန်-အယူမှန်ကို ယူနိုင်ကြတဲ့အခါ အဆိုပါ အမှတ်မှား,အသိမှား, အယူမှားဖြစ်သော သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ တရားဆိုးကြီးတို့သည် ဘယ်ကိုရောက်၍ ဘယ်ကိုပျောက်မှန်းမသိ ကြက်ပျောက်-ငှက်ပျောက် ပျောက်လေတော့သတည်း။ သို့မှသာ-ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နိုင်ပေမည်။ ဤသည်ကား ဘုရားရှင်၏ ကျေးဇူးပဲ ယောဂီအပေါင်း သူတော်ကောင်းတို့။

သော-သ-နာ—ရဟန္တာပုဂ္ဂိုလ်တို့ပယ်

ထို-ဝိပလ္လာသတရား (၁၂)ပါးတို့တွင် သောတာပန်နှင့် သကဒါဂါမ် အရိယာပုဂ္ဂိုလ်တို့သည်—

၁။ အနိစ္စ၌-နိစ္စဟု အမှတ်မှားသော (သညာဝိပလ္လာသ)၊ အသိမှားသော(စိတ္တဝိပလ္လာသ)၊အယူမှားသော(ဒိဋ္ဌိဝိပလ္လာသ) ၃-ပါး။

၂။ အနတ္တ၌-အတ္တဟု အမှတ်မှားသော(သညာဝိပလ္လာသ)၊အသိမှားသော(စိတ္တဝိပလ္လာသ)၊ အယူမှားသော(ဒိဋ္ဌိဝိပလ္လာသ) ၃-ပါး။

၃။ အသုဘ၌-သုဘဟု အယူမှားသော(ဒိဋ္ဌိဝိပလ္လာသ)၁-ပါး။ ဒုက္ခ၌-သုခဟု အယူမှားသော(ဒိဋ္ဌိဝိပလ္လာသ) ၁-ပါး ဤရှစ်ပါးသော ဝိပလ္လာသတို့ကိုသာ ပယ်နိုင်ကြသေးသည်။

၄။ အသုဘ၌-သုဘသညာ, သုဘစိတ္တ၊ ဤနှစ်ပါးကို အနာဂါမ်ဖြစ်မှ ပယ်နိုင်ကြသည်။

၅။ ဒုက္ခ၌-သုခသညာ, သုခစိတ္တ၊ ဤနှစ်ပါးကို ရဟန္တာဖြစ်မှ ပယ်နိုင်သည်။ ၁၂-ပါးလုံး ပယ်နိုင်ကြပြီ။

၆။ အသုတဝါ-ပုထုဇဉ်သတ္တဝါတို့မှာကား ၁၂-ပါးလုံးပင် မပယ်နိုင်ကြသေးပါ။ မိမွေးတိုင်း ဖမွေးတိုင်း, ဗိုလ်နေမြဲ ကျားနေမြဲ တလဲလဲပင်ရှိကြသေးသည်။ သို့ရာတွင်-သုတဝါဖြစ်လာကြတဲ့အခါ သုတမယဉာဏ် အရင်းခံ၍ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ယထာဘူတဉာဏ်ကို လက်ကိုင်ရရှိလာကြတဲ့အခါ တစတစ တဖြည်းဖြည်း အသိမှန်-အမြင်မှန်-အယူမှန်ကို ယူနိုင်ကြတဲ့အခါ တဒင်္ဂပဟာန်မှ မဂ်သမုစ္ဆေဒကျအောင် ပယ်သတ်၍ အရဟတ္တမဂ်ကျအောင် ရောက်နိုင် ရနိုင်သည်ဟု သိမှတ်ပါလေ ယောဂီအပေါင်းသူတော်ကောင်းတို့။

## ကြီးကြီးမားမား သတိထား

"မင်္ဂကိုမြစ်တား၊ ဒိဋ္ဌိမှား၊ အရေးကြီးတဲ့တရား"ဟု အထက်က ဖော်ပြခဲ့သလို ထို့အတူ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့ ပယ်စဉ်ကိုလေ့လာပါလျှင် အဆိုပါဒိဋ္ဌိကဲ့သို့ပင် ဤဝိပလ္လာသတရား ၁၂-ပါး တို့ကိုလည်း(မဂ်ကိုမြစ်တား၊ ဝိပလ္လာသအမှား၊ အရေးကြီးတဲ့တရား)ဟုပင် ဆိုထိုက်သည်မဟုတ်ပါလော။ ထို့ကြောင့်-ဤဒိဋ္ဌိဝိသုဒ္ဓိခန်း၌ ဤသက္ကာယဒိဋ္ဌိနှင့် ဝိပလ္လာသနှစ်မျိုးတို့သည် အရေးကြီးသော ဂဏ္ဍာဖြစ်နေသည်မှာ လွန်စွာထင်ရှားနေပေသည်။ထို့ကြောင့် ဤဝိပလ္လာသအကြောင်းကိုလည်း ကောင်းကောင်းကြီး ဆီးဝမ်းကွဲသွားအောင် လေ့လာကြဖို့ရာ လွန်စွာ လွန်စွာ လိုအပ်နေပါသောကြောင့် ပြဆိုခဲ့ပြီးသော ဝိပလ္လာသခန်းကိုလည်း ကြိမ်ဖန်များစွာ အခါခါလေ့လာကြဖို့ရာ ကြီးကြီးမားမား သတိထားကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## အိပ်မက် မြင်မက်ခြင်းနှင့် မမြင်မက်ခြင်း နှစ်မျိုး

> တတ္ထ ပန သုပိနံ ပဿန္တော စတူဟိ ကာရဏေဟိ ပဿတိ ဓာတုက္ခောဘတော ဝါ အနုဘူတပုဗ္ဗတော ဝါ ဒေဝတောပသံ- ဟာရတော ဝါ ပုဗ္ဗနိမိတ္တတော ဝါတိ ။ပ။ တတ္ထ ပနေတံ စတုဗ္ဗိဓမ္ပိ သုပိနံ သေက္ခပုထုဇ္ဇနာဝ ပဿန္တိ အပ္ပဟီနဝိပလ္လာသတ္တာ၊ အသေက္ခာ န ပဿန္တိ ပဟီနဝိပလ္လာသတ္တာ။
>
> (ဝိ-ဌ-၂-သံဃာဒိသိသ်)

အဓိပ္ပါယ်ကား– ထိုအိပ်မက်ကို ဓာတ်ချောက်ချားခြင်းကြောင့်လည်းကောင်း၊ ရှေးအခါက တွေ့ဖူး မြင်ဖူး ခံစားဖူးသော အာရုံကြောင့်လည်းကောင်း၊ နတ်တို့ အာရုံကိုကပ်၍ ဆောင်ပြသောကြောင့် လည်းကောင်း၊ ကောင်းကျိုး ဆိုးကျိုး ပေးလိုသောကြောင့် လည်းကောင်း ဤလေးပါးသော အကြောင်းတို့ကြောင့် အိပ်မက်ကို မက်တတ်ကြရာ အဆိုပါ– ဝိပလ္လာသတရား ၁၂-ပါးတို့ကို တပါးမှ မပယ်နိုင်ကြသေးသော ပုထုဇဉ်နှင့်သေက္ခတို့သာ မက်ကြလေသည်။ ဝိပလ္လာသတရား ၁၂-ပါးတို့ကို

အကြွင်းမထားပဲပယ်နိုင်ကြပြီးသော အသေက္ခရဟန္တာပုဂ္ဂိုလ်တို့မှာကား လုံးဝ အိပ်မက် မမက်ကြတော့ပြီဟု သိမှတ်ပါလေ။

ဤကား-သေက္ခပုဂ္ဂိုလ်နှင့် အသေက္ခပုဂ္ဂိုလ် စစ်တမ်းပေတည်း ။ (ဝါ)ရဟန္တာဖြစ်-မဖြစ် စစ် မစစ် စစ်တမ်းတမျိုးပေတည်း။

အကျယ်သိလိုပါက ဝိနည်းအဋ္ဌကထာ ပထမသံဃာဒိသိသ်နှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဥ္စကနိပါတ် မဟာသုပိနသုတ်အဖွင့်မှာ ကြည့်ရှုပါလေ။

ထို့ပြင် (ဓာတ်ကြီးလေးခု၊ ပေါက်အောင်ရှု၊ ဖြစ်မှု ဒိဋ္ဌိဝိသုဒ္ဓိ)ဆိုသည်နှင့်အညီ ဓာတ်ပေါ် ပရမတ်ပေါ် ခန္ဓာပေါ်မှာ ဓာတ်တရား, ပရမတ်တရားတို့ကို ဘုရားဟောသော သူတော်ကောင်းတို့ထံ၌ တခါတရံမျှ မနာကြားရ၍ ဓာတ်အကြောင်း ပရမတ်အကြောင်းကို ကောင်းစွာ မသိမလိမ္မာသောကြောင့် ဓာတ်ပရမတ်တွေကိုပင် သူ,ငါ,ယောကျ်ား,မိန်းမစသည်ဖြင့် ယူမှားနေကြရာ အဆိုပါ ဓာတ်ကြီးလေးပါး၊ (ဝါ) ပထဝီဓာတ်၊အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ဆိုတဲ့ ဓာတ်ကြီးလေးပါး ဓာတ်တရားတို့ကို ကြားနာရတဲ့အခါ ပုဂ္ဂိုလ်သတ္တဝါဆိုသည်မှာ ပညတ်မျှသာ ဖြစ်သည်။ အမှန်မှာ သက်ရှိသက်မဲ့ လောက၌ ဓာတ်ကြီးလေးပါးက အပို ပုဂ္ဂိုလ်သတ္တဝါမရှိတော့ပြီဟု အသိမှန် အမြင်မှန် အယူမှန်ကို ယူသွားနိုင်တဲ့အခါ ဓာတ်ပရမတ်တွေကိုပင် ပုဂ္ဂိုလ်သတ္တဝါဟု ယူမှားနေကြသော သက္ကာယဒိဋ္ဌိ အညစ်အကြေးများ တစ တစ ကင်းဝေး စင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံနိုင်စေရန် ထပ်မံ၍ ဓာတ်ကြီးလေးပါး ပရမတ္ထ တရားတို့ကို လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်တို့ဖြင့် ပြဆိုပေဦးအံ့။ သတိပြု၍ ကြည့်ရှုပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

### ၁။ ပထဝီဓာတ်၏ လက္ခဏာ ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်

ပထန္တိ ပတိဋ္ဌဟန္တိ တွေ့ သဟဇာတရူပါနီတိ ပထဝီ၊ အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု၊ ပထဝီ ဧဝ ဓာတု ပထဝီဓာတု။ သာ ကက္ခဠလက္ခဏာ၊ ပတိဋ္ဌာနရသာ၊ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ သေသဓာတုတ္တယပဒဋ္ဌာနာ။

မြန်မာပြန်ကား–ဤပထဝီဓာတ်၌ ရုပ်နှင့်တကွ ဖြစ်ပေါ်ဖြစ်ပျက်ဖြစ်သော တပါးသော ရုပ်တို့သည် တည်ရာဖြစ်သောကြောင့် **ပထဝီဓာတ်** မည်၏။ (ဝါ) ပထဝီဓာတ်ဟု ခေါ်ဆိုရ၏။ ကြမ်းတမ်းခြင်း, နူးညံ့ခြင်းဟု ဆိုအပ်သော မိမိပထဝီဓာတ်၏ သဘောကိုသာ တဖက်သတ် ဆောင်ရွက်တတ်သောကြောင့် ဓာတ်မည်၏။ (ဝါ) ဓာတ်ဟု ခေါ်ဆိုရ၏။ ပထဝီသည်သာလျှင် ဓာတ် **ပထဝီဓာတ်**။ ထိုပထဝီဓာတ်သည် ကြမ်းတမ်း, နူးညံ့တဲ့ သဘောပဲဟု အမှတ်လက္ခဏာရှိ၏။ (ဝါ) ကြမ်းတမ်းလျှင် နူးညံ့လျှင် ပထဝီဓာတ်ပဲဟု မှတ်သားထားစရာ ရှိ၏။ ထိုပထဝီဓာတ်နှင့် အတူတကွ ဖြစ်ပေါ်ဖြစ်ပျက်ဖြစ်သော (ဝါ) ဖြစ်အတူ ပျက်အတူဖြစ်ကြသော ရုပ်တို့၏ (ဝါ) အာပေါ, တေဇော, ဝါယောရုပ်တို့၏ တည်ရာ မှီရာကိစ္စရှိ၏။ မိမိပထဝီဓာတ်မှတပါး အခြားသော အာပေါ, တေဇော, ဝါယောဓာတ်တို့၏ တည်နေခြင်းကို ခံတတ်သော ဓာတ်မျိုးပါတကားဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ရှေးရှုထင်မြင်လာခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ မိမိ ပထဝီဓာတ်မှ ကြွင်းသော အာပေါ, တေဇော, ဝါယော ဟူသော (ဝါ) အာပေါ, တေဇော, ဝါယောဟူသော ဓာတ်သုံးပါးလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။ ဤကား–ပထဝီဓာတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တည်း။

## ၂။ အာပေါဓာတ်၏ လက္ခဏာ- ရသ- ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်

အာပေတိ သဟဇာတရူပါနိ ပတ္ထရတိ, အာပါယတိ ဝါ ဗြူဟေတီတိ အာပေါ၊ အာပေါ ဧဝ ဓာတု၊ **အာပေါဓာတု**။ သာ ပဂ္ဃရဏလက္ခဏာ အာဗန္ဓနလက္ခဏာ ဝါ၊ ဗြူဟနရသာ၊ သင်္ဂဟ-ပစ္စုပဋ္ဌာနာ၊ သေသဓာတုတ္တယပဒဋ္ဌာနာ။

မြန်မာပြန်ကား—အတူတကွ ဖြစ်ပျက်ဖြစ်သော တပါးသော ဓာတ်တို့ကို ပျံ့နှံ့စေတတ် ပွါးတိုးစေတတ်သောကြောင့် **အာပေါမည်၏**။ အာပေါသည်ပင်လျှင် ဓာတ် အာပေါဓာတ်မည်၏။ ထိုအာပေါဓာတ်သည် ယိုစီးခြင်း၊ တနည်း–ဖွဲ့စည်းခြင်း အမှတ်လက္ခဏာရှိ၏။ မိမိနှင့် အတူဖြစ်

သော ရုပ်ဓာတ်တို့ကို တိုးပွားစေခြင်း ကိစ္စရှိ၏။ မိမိနှင့် အတူဖြစ်သော တရားတို့ကို ပေါင်းစုဖွဲ့စည်း ယိုစီးစေတတ်သော ဓာတ်တမျိုးပါတကားဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ရှေးရှု ထင်မြင်လာခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ မိမိ အာပေါဓာတ်မှ ကြွင်းသော ပထဝီ, တေဇော, ဝါယော ဟူသော ဓာတ်သုံးပါးလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိ၏။ ဤကား အာပေါဓာတ်၏ လက္ခဏာ စသည်တည်း။

## ၃။ တေဇောဓာတ်၏ လက္ခဏာ–ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်

တေဇေတိ သဟဇာတရူပါနိ ပရိပါစေတိ, နိသေတိ ဝါ တိက္ခ-ဘာဝေန သေသဘူတတ္တယံ ဥသ္မာပေတီတိ တေဇော၊ တေဇော ဧဝ ဓာတု တေဇောဓာတု။ သာ ဥဏှတ္တလက္ခဏာ၊ ပရိပါစနရသာ၊ မဒ္ဒဝါနုပ္ပါဒနပစ္စုပဋ္ဌာနာ၊ သေသဓာတုတ္တယပဒဋ္ဌာနာ။

မြန်မာပြန်ကား– အတူတကွ ဖြစ်သော ရုပ်တို့ကို ရင့်ကျက်စေတတ်, ထက်သောအဖြစ်ဖြင့် ပူလောင်စေတတ်သောကြောင့် တေဇောဓာတ် မည်၏၊ တေဇောသည်ပင်လျှင် ဓာတ် တေဇောဓာတ်မည်၏။ ထိုတေဇော ဓာတ်သည် ပူလောင်သည်အဖြစ်ဟူသော အမှတ်လက္ခဏာရှိ၏။ ရင့်ကျက် စေခြင်းကိစ္စရှိ၏။ နူးညံ့သောအဖြစ်သို့ မရောက်စေခြင်း ဓာတ်တမျိုးပါ တကားဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ရှေးရှုထင်မြင်လာခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ မိမိတေဇောဓာတ်မှ ကြွင်းသော ပထဝီ, အာပေါ, ဝါယောဟူသော ဓာတ်သုံးပါးလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိ၏။ ဤကား တေဇောဓာတ်၏ လက္ခဏာ စသည်တည်း။

## ၄။ ဝါယောဓာတ်၏ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်

ဝါယတိ ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန ဘူတသံဃာတံ ပါပေတီတိ ဝါယော၊ ဝါယော ဧဝ ဓာတု ဝါယောဓာတု။ သာ ဝိတ္ထမ္ဘနလက္ခဏာ၊ သမုဒီရဏရသာ၊ အဘိနီဟာရပစ္စုပဋ္ဌာနာ၊ သေသဓာတုတ္တယပဒဋ္ဌာနာ။

**မြန်မာပြန်ကား**– ရှေးဖြစ်နှင့်သော အရပ်မှ တပါးသော အရပ်၌ ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့် ရုပ်ကလာပ်အကြား၌ ဖြစ်သော မဟာဘုတ်အပေါင်းကို လှုပ်ရှားစေတတ် ရောက်စေတတ်သောကြောင့် ဝါယောဓာတ်မည်၏။ ဝါယောသည်ပင်လျှင် ဓာတ် ဝါယောဓာတ်မည်၏။ ထိုဝါယောဓာတ်သည် ပြည့်ခြင်း ထောက်ကန်ခြင်း အမှတ်လက္ခဏာ ရှိ၏။ တိုက်လှုင့်လှုပ်ရှားခြင်း ကိစ္စရှိ၏။ တိုက်လှုင့်ဆောင်ယူတတ်သော ဓာတ် တမျိုးပါတကားဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ရှေ့ရှု ထင်မြင်လာခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ မိမိ ဝါယောဓာတ်မှ ကြွင်းသော ပထဝီ, အာပေါ, တေဇော ဟူသော ဓာတ်သုံးပါးလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိ၏။ ဤကား ဝါယောဓာတ်၏ လက္ခဏာ စသည်တည်း။

**အဓိပ္ပာယ်ကား**–အဆိုပါ ဓာတ်ကြီးလေးပါးတို့တွင် သက်ရှိဝတ္ထု၌ ဖြစ်စေ၊ သက်မဲ့ဝတ္ထု၌ဖြစ်စေ မာတဲ့သဘော ပျော့တဲ့သဘောကို ပထဝီဓာတ် ဆိုသည်။ ဖွဲ့စည်းတဲ့သဘော ယိုစီးတဲ့သဘောကို အာပေါဓာတ် ဆိုသည်။ ပူတဲ့သဘော အေးတဲ့သဘောကို တေဇောဓာတ် ဆိုသည်။ ထောက်ကန်တဲ့သဘော လှုပ်ရှားတဲ့သဘောကို ဝါယောဓာတ်ဆိုသည်ဟု သိမှတ်လေ။

**ဓာတ်ဆိုသည်မှာ**–(အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု)နှင့်အညီ မိမိသဘောကိုသာ ဆောင်တတ်, သူတပါးသဘောကို မဆောင်တတ်သောကြောင့် ဓာတ်ဟု ဆိုရသည်။ ပထဝီဓာတ်သည် ခက်မာနူးညံ့တဲ့ သဘောကိုသာ ဆောင်၏၊ အခြားသော သဘောကို မဆောင်တတ်ဟု ဆိုခြင်းဖြစ်သည်။ အာပေါဓာတ်သည် ဖွဲ့စည်းယိုစီးတဲ့ သဘောကိုသာ ဆောင်တတ်၏။ အခြားသဘောကို မဆောင်တတ်ဟု ဆိုခြင်းဖြစ်သည်။ တေဇောဓာတ်သည်ပူအေးတဲ့သဘောကိုသာဆောင်တတ်၏။အခြားသော သဘောကို မဆောင်တတ်ဟု ဆိုခြင်းဖြစ်၏။ ဝါယောဓာတ်သည် ထောက်ကန်တဲ့သဘောကိုသာ ဆောင်တတ်၏။ အခြားသောသဘောကို မဆောင်တတ်ဟု ဆိုခြင်းဖြစ်သည်ဟု ဆိုလိုသည်။

**လက္ခဏာ**ဆို**သည်**မှာ အမှတ်သဘောကို **ဆိုသည်**။ ရသ**ဆိုသည်**မှာ အလုပ်ကိစ္စသဘောကို ဆိုသည်။ ပစ္စုပဋ္ဌာန်ဆိုသည်မှာ ဉာဏ်ထဲမှာ စိတ်ထဲမှာ ရှေ့ရှုထင်မြင်လာသော သဘောကို ဆိုသည်။ ပဒဋ္ဌာန်ဆိုသည်မှာ နီးစွာသော အကြောင်းသဘောကို ဆိုသည်။ ရှေဦး ထင်ရှားပါလတ္တံ့။ ဓာတ်ကြီးလေးပါးတို့တွင် မာယင်, ပျော့ယင် ပထဝီဓာတ်ဟု မှတ်ပါ။ ဖွဲ့စည်း,ယိုစီးယင် အာပေါဓာတ်ဟု မှတ်ပါ။ ပူယင်, အေးယင် တေဇောဓာတ်ဟုမှတ်ပါ။ ထောက်ကန်,ဖောင်းပွ,တောင့်တင်း,လှုပ်ရှားယင် ဝါယောဓာတ်ဟုမှတ်ပါ။ တလောကလုံးကို ဉာဏ်နှင့်အုပ်ခြုံ၍ ဉာဏ်မျက်စိ ပညာမျက်စိ ဝိပဿနာမျက်စိနှင့်လည်း စေ့စေ့ငုငု ကြည့်ရှုပါလျှင် သက်ရှိဝတ္ထု၌လည်း ပုဂ္ဂိုလ်သတ္တဝါကို မတွေ့မမြင်ရတော့ပေ။ သက်မဲ့ဝတ္ထု၌လည်း မြေကြီး တောတောင် သစ်ပင် စသည်ကို မတွေ့မမြင်ရတော့ပေ။ ပြောင်ပြောင်စင်စင် **အသား**တင် ပရမတ်ခဲ ဓာတ်ခဲ အစစ်အမှန်မှာ အဆိုပါ မာပျော့သော **သ**ဘောသည် ပထဝီဓာတ်၊ ဖွဲ့စည်းယိုစီးတဲ့သဘောသည် အာပေါဓာတ်၊ ပူအေးသောသဘောသည် တေဇောဓာတ်၊ ထောက်ကန်လှုပ်ရှားသောသဘောသည် ဝါယောဓာတ်၊ ဤဓာတ်ကြီးလေးပါးတို့သာ တလောကလုံးမှာ အဟုတ်အမှန် ကေန်ရှိသည်။ ဘာဘာ ညာညာ ခေါ်ဝေါ်ပြောဆိုကြသည်မှာ ပညတ်မျှသာဖြစ်သည်ဟု အသိမှန် အမြင်မှန် အယူမှန်ကိုရ၍ ယုံမှားမရှိ ထိုးထွင်း၍ သိရှိသွားပါလျှင် ဓာတ်ပေါ် ပရမတ်ပေါ်မှာ ရှေးက အယူမှားနေတဲ့ ဒိဋ္ဌိအညစ်အကြေး ကင်းဝေးစင်ကြယ်သွားသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်နိုင်သည်ဟု သိမှတ်လေ။

## လက်, ရ, ပ, ဋ္ဌာန်

လက်-ရ-ပ-ဋ္ဌာန် ဤလေးတန်၌ (လက္ခဏာ)ဆိုတာ ဘယ်လိုဟာ။ (ရသ) ဆိုတာ ဘယ်သဘော၊ (ပစ္စုပဋ္ဌာန်) ဆိုတာ ဘယ်လိုဟာ၊ (ပဒဋ္ဌာန်)ဆိုတာ ဘယ်သဘောလဲဆိုတဲ့ အမေး၌–

၁။ သာမညံ ဝါ သဘာဝေါ ဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။
ကိစ္စံ ဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပရိဒီပယေ။

၂။ ဖလံ ဝါ ပစ္စုပဋ္ဌာန-မုပဋ္ဌာနာကာရောပိ ဝါ။
အာသန္နံ ကာရဏံ ယန္တု၊ တံ ပဒဋ္ဌာနသဥ္ဒိတံ။
(အဋ္ဌသာလိနီ-၁၀၅)

**အနက်ကား–**

၁။ ဓမ္မာနံ၊ ပထဝီ စသော ပရမတ္ထ သဘောတရားတို့၏။ သာမညံ ဝါ၊ တရားအများနှင့် ဆက်ဆံသော အနိစ္စ စသော သဘောကို လည်းကောင်း။ သဘာဝေါ ဝါ၊ တရားအများနှင့် မဆက်ဆံ ပထဝီ ဖဿ စသော မိမိ မိမိတို့၏ ပရမတ္ထဓမ္မနှင့်သာ ဆက်ဆံသော ကက္ခဠ ဖုသန စသော သဘောကိုလည်းကောင်း။ လက္ခဏံ၊ လက္ခဏာဟူ၍။ ဝါ၊လက္ခဏာ ဆိုသည်။ ဝါ၊ မှတ်ကြောင်းဆိုသည်ဟူ၍။ မတံ၊ သိအပ်၏။ တဿ၊ ထို ပထဝီ ဖဿ စသော ပရမတ္ထဓမ္မ၏။ ကိစ္စံ ဝါ၊ ပြီးစေအပ်,ပြုလုပ်အပ်သော အလုပ်ကိစ္စကိုလည်းကောင်း။ သမ္ပတ္တိ ဝါ၊ အကြောင်းစုံညီ၍ ပြည့်စုံသော ဂုဏ်ကိုလည်းကောင်း။ ရသောတိ၊ ရသဟူ၍။ ဝါ၊ အလုပ်ကိစ္စဟူ၍။ ပရိဒီပယေ၊ ပြရာ၏။

၂။ ဖလံ ဝါ၊ အကျိုးသည်လည်းကောင်း။ ဥပဋ္ဌာနာကာရောပိ ဝါ၊ ယူအပ် မှတ်အပ်သည်၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ရှေးရှုထင်မြင် လာသော အခြင်းအရာသည်လည်းကောင်း။ ပစ္စုပဋ္ဌာနံ၊ ပစ္စုပဋ္ဌာန် မည်၏။ တု၊ ထိုမှတပါး။ ယံ အာသန္နကာရဏံ၊ အကြင်အနီးဆုံးဖြစ်သော အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအနီးဆုံးဖြစ်သောအကြောင်းကို။ ပဒဋ္ဌာနသဥ္ဒိတံ၊ ပဒဋ္ဌာန်ဟု မှတ်အပ်၏။

ဤကား လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဟု ခေါ်ဆိုရပုံတည်း။

ဤကား လက္ခဏ ရသ-နှစ်ပါးတို့တွင် တပါးပါးသည် ပဒဋ္ဌာန် ဖြစ်မြဲ တည်း။

**လက္ခဏအဓိပ္ပါယ်ကား**–လက္ခဏာသည် သာမညလက္ခဏာ, သဘာဝ လက္ခဏာ, သင်္ခတလက္ခဏာဟူ၍ သုံးမျိုးရှိရာ အလုံးစုံသော ပရမတ္ထဓမ္မ တို့၏ မမြဲ ဆင်းရဲ အစိုးမရသော သဘောကို သာမညလက္ခဏာဆိုသည်။

ပရမတ္ထဓမ္မအလုံးစုံနှင့် မဆက်ဆံ၊ ကက္ခဠ,ဖုသန စသော မိမိ,မိမိတို့၏ ပရမတ္ထဓမ္မတို့နှင့်သာ ဆက်ဆံသောသဘောကို သဘာဝလက္ခဏာဆိုသည်။ ထိုထိုရုပ်နာမ်တို့၌ (ဝါ) ထိုထိုရုပ်ဒြပ်နာမ်ဒြပ်တို့၌ အမြဲတမ်း ကပ်လျက်ပါရှိနေသော (ဝါ)ဖြစ်ပျက်နေသော ဥပါဒ်ဌီဘင်သုံးခုကို သင်္ခတလက္ခဏာဆိုသည်ဟု သိမှတ်ပါလေ။

**မှတ်ချက်**— ၁။ သာမညလက္ခဏာဆိုယင် အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာ ရေးသုံးပါးကို ဆိုသည်။

၂။ သဘာဝလက္ခဏာဆိုယင် ကက္ခဠ ဖုသန စသော လက္ခဏာရှိသော ရုပ်နာမ်သဘာဝကို ဆိုသည်။

၃။ သင်္ခတလက္ခဏာဆိုယင် ဥပါဒ် - ဌီ - ဘင် သုံးခုကို ဆိုသည်ဟု သိမှတ်ပါလေ။

**ရသအဓိပ္ပါယ်ကား**—ထို ပထဝီ ဖဿ စသော ပရမတ္ထဓမ္မတို့၏ ပြီးစေအပ် ပြုလုပ်အပ်သော အလုပ်ကိစ္စကိုလည်းကောင်း၊ အကြောင်းစုံညီ၍ ပြည့်စုံသောဂုဏ်ကိုလည်းကောင်း ရသဆိုသည်ဟု သိမှတ်လေ။

**ပစ္စုပဋ္ဌာန်အဓိပ္ပါယ်ကား**—ထိုအကြောင်း၏အကျိုးကို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ဘယ်လိုဟာပါတကားဟု ထင်မြင်လာသော အခြင်းအရာကို ပစ္စုပဋ္ဌာန်ဆိုသည်ဟု သိမှတ်လေ။

**ပဒဋ္ဌာန်အဓိပ္ပါယ်ကား**— ထိုထို ပရမတ္ထဓမ္မတို့၏ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်း အနီးကပ်ဆုံးကို ပဒဋ္ဌာန်ဆိုသည်ဟု သိမှတ်ပါလေ။ ပရမတ္ထဓမ္မတိုင်း ပရမတ္ထဓမ္မတိုင်း ဤနည်းချည်းဖြစ်သည်ဟု သိမှတ်လေ။

**မှတ်ချက်**။ ။အနီးကပ်ဆုံး အကြောင်းကို ပဒဋ္ဌာန်ဆိုရသည်မှာ ဥပမာ—ခက်မာတဲ့ ပထဝီဓာတ် ဖြစ်ပေါ်လာနိုင်ဖို့ဟာ ဖွဲ့စည်းတဲ့အာပေါလဲရှိမှ၊ ပူအေးတဲ့ တေဇောလဲရှိမှ၊ ထောက်ကန်လှုပ်ရှားတဲ့ ဝါယောလဲရှိမှ ပထဝီဓာတ်တခု ဖြစ်ပေါ်လာနိုင်သည်။ အဆိုပါ အာပေါ,တေဇော, ဝါယောဆိုတဲ့ဓာတ်သုံးပါးသာ မရှိလျှင်(ဝါ)မပါရှိပါလျှင် ဘယ်နည်းနှင့်မှ

ပထဝီဓာတ် ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပထဝီဓာတ် ဖြစ်ပေါ်လာဖို့ရာ အဆိုပါ အာပေါ်၊ တေဇော၊ ဝါယော ဓာတ်သုံးပါး တို့ဟာ အနီးကပ်ဆုံး အကြောင်းရင်းခံ အစစ်အမှန် ဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် (ပထဝီဓာတု သေသဓာတုတ္တယပဒဋ္ဌာနာ)ဟု ဆိုလေသည်။ ဤနည်းကို အမှီပြု၍ ကျန် အာပေါ်၊ တေဇော၊ ဝါယော ဓာတ်သုံးပါးတို့၌လည်း သိမှတ်လေ။

ဤပုံ ဤနည်း—ပရမတ္ထဓမ္မတိုင်း ပရမတ္ထဓမ္မတိုင်းတို့၌ အဆိုပါ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ဖြင့် ဖြစ်သင့်ဖြစ်ထိုက်သလို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုသည်ရှိသော် ဘုံသုံးပါးတို့၌ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ စသည် ပြောဆိုနေကြသည်မှာ အဆိုပညတ်မျှသာ၊ အဟုတ်အမှန် ဖြစ်ပျက်နေကြတဲ့ နဂိုပရမတ်မှာ ခက်မာ–ပထဝီ၊ ဖွဲ့စည်း–အာပေါ်၊ ပူအေး–တေဇော၊ ထောက်ကန်–ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး မဟာဘုတ် ရုပ်တရားတို့နှင့် ၎င်းရုပ်တို့တွင် ဟဒယဝတ္ထုရုပ်ကိုမှီ၍ဖြစ်သော စိတ်၊ စေတသိက် ခေါ်သော နာမ်တရား၊ အကျဉ်းအားဖြင့် ဤရုပ်နာမ် နှစ်ပါး၊ အပြားအားဖြင့် ခန္ဓာငါးပါး ပရမတ္ထတရား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး၊ ဒုက္ခ၊ သမုဒယသစ္စာ နှစ်ပါးတို့သာဟု ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး သိမြင်လာတဲ့အခါ ရုပ်ပေါ် နာမ်ပေါ်မှာ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ စသည်ဖြင့် ယူမှားနေကြတဲ့ ဒိဋ္ဌိကိလေသာ အညစ်အကြေးများ၊ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ဖြင့် သိမ်းဆည်းတိုင်း သိမ်းဆည်းတိုင်း တဒင် တခဏ စသည်ဖြင့် တစ တစ ကင်းဝေးစင်ကြယ်၍သွားသောကြောင့် ( လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာန-ဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ ဟောတိ)နှင့် အညီ ပြုအပ်သော ကံအားလျော်စွာ သံသရာမှာ လူဖြစ်တာ အနန္တ၊ နတ်ဖြစ်တာ အနန္တ၊ ဗြဟ္မာဖြစ်တာ အနန္တ၊ ဘယ်ဘဝ ဘယ်ကမ္ဘာကမှ ဒိဋ္ဌိဝိသုဒ္ဓိပုဂ္ဂိုလ်ရယ်လို့ တဘာ တခါမှ မဖြစ်ခဲ့ရဘူး၊ ယခုဘဝမှာသာ ထူးထူးခြားခြား တရားကို အားထုတ်မိပေလို့သာ ဒိဋ္ဌိဝိသုဒ္ဓိပုဂ္ဂိုလ်၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် အစစ်အဖြစ်သို့ ရောက်ရပေသည်ဟု သိ၍ ရွှေအိုး၊ ငွေအိုးကို ရရှိသည်ထက်

ဝမ်းမြောက် ဝမ်းသာ နှစ်သက်ပါလေ ယောဂီ အပေါင်း သူတော်ကောင်းတို့။

## ဟုတ်တိုင်းသိပြန် ယထာဘူတဉာဏ်

ထိုမှတပါး—

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

(နိဒါနသံယုတ်ပါဠိ၊ သတ္ထုသုတ်-၁၅၀)

**အနက်ကား။** ။ယထာဘူတံ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ ဉာဏာယ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်ပျောက်၊ ရုပ် နာမ် ခန္ဓာဆိုတဲ့ ပရမတ်ပေါက်, လက္ခဏာဆိုက် သစ္စာကိုက်အောင် သိစေမြင်စေခြင်းငှာ။ သတ္ထာ၊ ပညတ်ပျောက် ပရမတ်ပေါက်, လက္ခဏာဆိုက် သစ္စာကိုက်အောင် ဟောပြနိုင်သော ဆရာကောင်း သမားကောင်းကို။ ပရိယေသိတဗ္ဗော၊ သေသေကြေကြေ မတွေ့မနေ ရှာဖွေအပ်၏။

ဤလို တကြိမ်မက ၄၄-ကြိမ် ဟောတော်မူခဲ့ပါသည်။ အဘယ့်ကြောင့် ၄၄-ကြိမ် ထပ်ကာထပ်ကာ ဟောခဲ့ပါသနည်းဆိုတဲ့အမေး၌ အရေးကြီးလွန်းလို့ ဟောတော်မူခဲ့ပါသည်။ ဘယ်လိုအရေးကြီးသလဲဆိုတဲ့ အမေး၌ ယထာဘူတဉာဏ်ခေါ်သော တရုဏ-ဝိပဿနာဉာဏ်ကို မရလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရလျှင် မဂ်ဖြင့်သတ်အပ်သော ကိလေသာ မသေ။ ကိလေသာ မသေတော့ ကိလေသာကြောင့် ခန္ဓာဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေလေတော့သည်။ ယထာဘူတဉာဏ်ရတော့ မဂ်ဉာဏ်ဖြစ်၊ မဂ်ဉာဏ်ဖြစ်တော့ မဂ်ဖြင့်သတ်အပ်သော ကိလေသာသေ။ ကိလေသာသေတော့ ကိလေသာခန္ဓာတို့၏ တဖန် အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီး ငြိမ်းရလေတော့သည်။ ထို့ကြောင့် ယထာဘူတဉာဏ်ကို ရဖို့ရာ လွန်စွာလွန်စွာ သေရေးရှင်ရေးထက် မက အရေးကြီးလှပါသောကြောင့် တကြိမ်မက ၄၄-ကြိမ် ဟောတော်မူခဲ့ပါသည် ဟူလို။

ပရမတ္ထတော ပုဂ္ဂလော သတ္တော နာမ နတ္ထိ၊ နာမရူပ-
မတ္တမေဝ အတ္ထီတိ ဒဿနံ ယထာဘူတဒဿနံ နာမ။
(ဝိသုဒ္ဓိမဂ်–၂၂၉)

**အနက်ကား**။ ။ပရမတ္ထတော၊ ပညတ်မဖက် ပရမတ်သက်သက်အားဖြင့်။ (ဝါ) စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်အားဖြင့်။ ဝါ၊ ရုပ်နာမ်ခန္ဓာအားဖြင့်။ (ဝါ) ပရမတ္ထ ဒေသနာတော်အားဖြင့်။ ပုဂ္ဂလော သတ္တော နာမ၊ ပုဂ္ဂိုလ်သတ္တဝါမည်သည်။ (ဝါ) ပုဂ္ဂိုလ်သတ္တဝါရယ်လို့။ နတ္ထိ၊လုံးဝမရှိတော့ပြီ။ နာမရူပမတ္တမေဝ၊ လောကသုံးပါး၌ ရုပ်တရား, နာမ်တရားနှစ်ပါးမျှသာလျှင်။ အတ္ထိ၊မုချရှိ၏။ ဣတိ၊ ဤသို့။ ဒဿနံ၊ မဖောက်မပြန်ဟုတ်မှန်စွာ သိမြင်ခြင်းသည်။ ယထာဘူတဒဿနံနာမ၊ ဟုတ်မှန်တဲ့အတိုင်းသိသည် မြင်သည် မည်၏။

ဤလို ဤပုံ ကျမ်းဂန်ပါဠိ လာရှိသည်ကိုလည်း ကြီးကြီးမားမား သတိထားပါလေ။

**ထိုမှတပါး–**

နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။ နာမရူပ-
ဝဝတ္ထာနန္တိပိ သင်္ခါရပရိစ္ဆေဒေါတိပိ ဝုစ္စတိ။

**အနက်ကား**။ ။နာမရူပါနံ၊ အဟုတ်အမှန်ရှိတဲ့ နာမ်တရား ရုပ်တရားတို့ကို။ယာထာဝဒဿနံ၊ပုဂ္ဂိုလ်သတ္တဝါဆိုတာ ပညတ်မျှသာ၊အဟုတ်အမှန်မှာ နာမ်ရုပ်နှစ်ပါးမျှသာ အဟုတ်ရှိ၏ အမှန်ရှိ၏ဟု ဟုတ်မှန်တဲ့အတိုင်းသိမြင်ခြင်းကို။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ အယူမှား စင်ကြယ်သော ဒိဋ္ဌိဝိသုဒ္ဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နာမရူပဝဝတ္ထာနန္တိပိ၊ ရုပ်နာမ်ကို ပိုင်းခြားမှတ်သား၏ဟူ၍လည်းကောင်း။ သင်္ခါရပရိစ္ဆေဒေါတိပိ၊ ရုပ်နာမ်ဟူသော သင်္ခါရကို ပိုင်းခြား၏ဟူ၍လည်းကောင်း။ တဿေဝ၊ ထိုဒိဋ္ဌိဝိသုဒ္ဓိ၏သာလျှင်။ အဓိဝစနံ၊ အမည်ပေတည်း။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအရာဌာနကိုလည်း သဘောကျဖြစ်အောင် ကြံဆလေဦး။

ဤလိုဤပုံ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံဖို့ရာ လွန်စွာလိုအပ်လှပါသောကြောင့် ယထာဘူတဉာဏ်ကို လက်ကိုင်ရအောင် ဆရာရှာအပ်၏ဟု ဟောတော်မူခဲ့ပါသောကြောင့် ပုဂ္ဂိုလ်သတ္တဝါဆိုတာ ပညတ်မျှသာ၊ အမှန်မှာ ပရမတ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါဆိုတာ မုချမရှိ။ တလောကလုံးမှာ နာမ်ရုပ်မျှသာရှိ၏ဟု ဟုတ်တဲ့အတိုင်း မှန်တဲ့အတိုင်း သိမြင်ခြင်းသည် ယထာဘူတဉာဏ်မည်၏။ ထို ယထာဘူတဉာဏ်သည်ပင် နုလှသော တရုဏဝိပဿနာဉာဏ်မည်၏။ ထို ယထာဘူတဉာဏ်ကို လက်ကိုင်ရလျှင်ပင် နိဗ္ဗာန်လမ်းစတွေ့ပြီ၊ နိဗ္ဗာန်လမ်းကို ခြေဦး တန်းမိပြီ။ ဤလမ်းအတိုင်း လိုက်သွားပါက လမ်းဆုံးလျှင် ရွာရောက်ဆိုသကဲ့သို့ နိဗ္ဗာန်သို့ ရောက်ရုံသာ လိုတော့သည်။ ဤမျှ အရေးကြီးလှသော ယထာဘူတဉာဏ်ဟု သိလေ။ ထို့ကြောင့် ဤယထာဘူတဉာဏ်ကို ရ၍ ဒိဋ္ဌိဝိသုဒ္ဓိ လှလှကြီး ဖြစ်နိုင်ကြရန် တမျိုးတဖန် ပြဆိုပြန်ဦးအံ့။

## ၃၂-ခု အပေါင်းအစု

အတ္ထိ ဣမသ္မိံ ကာယေ—ကေသာ, လောမာ, နခါ, ဒန္တာ, တစော, မံသံ, နှာရူ, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ, ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ, အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ, ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ, အဿု, ဝသာ, ခေဠော, သိင်္ဃာဏိကာ, လသိကာ, မုတ္တံ။

ဤကား—ပါဠိလို ဆင်ခြင်ပုံနည်းတည်း။

မြန်မာပြန်ကား—ဤ သူ-ငါ-ယောကျ်ား-မိန်းမ ခေါ်ဆိုကြတဲ့ ခြေဆုံးခေါင်းဆုံး တကိုယ်လုံး ငကောင်လုံးကြီး၌ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်၊ ဤ ၃၂-ခု ၃၂ စုသာ ရှိ၏။

ဤကား—မြန်မာလို ဆင်ခြင်ပုံနည်းတည်း။

## မရှိ-ပညတ် ရှိ-ပရမတ်

ယခုအခါ သူ-ငါ၊ သူ-ငါနှင့် တစာစာ ပြောဆိုနေကြရာ အဆိုပါ ဆံပင်အစ ကျင်ငယ်အဆုံးရှိသော ၃၂-ခု ၃၂-စုကိုပဲ ပညတ်အားဖြင့် သူ-ငါ စသည်ဖြင့် ပြောဆိုနေကြသည်။ သူ-ငါ စသည်မှာ ခေါ်စရာအမည် ပညတ်၊ အဟုတ်မရှိတဲ့ တရားဖြစ်သည်။ ဆံပင် စသည်မှာ ပရမတ်၊ အဟုတ်ရှိတဲ့ တရားဖြစ်သည်။ ဤလို ပညတ်နှင့် ပရမတ်ကိုလည်းကောင်း၊ အဟုတ်ရှိနှင့် အဟုတ်မရှိကိုလည်းကောင်း ခွဲခြား၍ သိထားပါလေ။

## ထင်မြင်အောင် ဆင်ခြင်ရန်

၁။ ရုပ်သက်သက်။ ။ဆံပင် အစ၊ ကျင်ငယ်အဆုံး၊ ၃၂-ခု၊ ဤအစုကား၊ သူ-ငါ-ကျား-မ၊ မဟုတ်ကြ၊ ရုပ်မေ့ သက်သက် သာတည်း။

၂။ နာမ်သက်သက်။ ။ဤကား-ဆံပင်၊ ဤကား-ကျင်ငယ်၊ တကယ် သိငြား၊ ထိုတရားလည်း၊ သူ-ငါ-ကျား-မ၊ မဟုတ်ကြ၊ နာမ်ဓမ္မ သက်သက်သာတည်း။

၃။ ကြောင်းကျိုးနှစ်ဝ။ ။အဆိုပါ ရုပ်နာမ်နှစ်ဝ ထိုဓမ္မလည်း သူ-ငါ-ကျား-မ မဟုတ်ကြ၊ အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရ အကြောင်းတရား၊ ကြောင်းကျိုးနှစ်ပါး သက်သက်သာ တည်း။

၄။ လက္ခဏာရေးသုံးပါး။ ။ကြောင်းကျိုးနှစ်ဝ၊ထိုဓမ္မလည်း၊သူ-ငါ-ကျား မ၊ မဟုတ်ကြ၊ အနိစ္စ-ဒုက္ခ-အနတ္တ သာတည်း။

၅။ ဒုက္ခသစ္စာ။ ။လက္ခဏာသုံးဝ၊ဤဓမ္မလည်း၊သူ-ငါ-ကျား-မ၊မဟုတ်ကြ၊ ဒုက္ခသစ္စာသာတည်း။

၆။ အနတ္တ။ ။သစ္စာဒုက္ခ၊ဤဓမ္မလည်း၊သူ-ငါ-ကျား-မ၊မဟုတ်ကြ၊အနတ္တ သက်သက်သာတည်း။

၇။ အနုတ္တထင်။ ။ဤလိုဆင်ခြင်၊ ငါပင်ထင်မှတ်၊ အတ္တပြတ်၊ အနုတ္တ လှလှထင်သတည်း။

၈။ ထင်အောင်ခဲလေ။ ။အနုတ္တထင်၊ အတ္တစင်မြဲ၊ မဂ်ဝင်ပွဲ၊ မလွဲမုချပေ၊ ထင်အောင်ခဲ၍ မဲကြလေ။

၉။ ဤသို့ ဖန်ဖန်၊ ပွားများသန်က၊ကိုယ်ကာယဥ္၊ကျား-မ မထင်၊ရုပ်နာမ် မြင်၊ ဖြစ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိ။

## ရုပ်နာမ်မြင်သိ ဒိဋ္ဌိဝိသုဒ္ဓိ

အနည်းငယ် ထင်ရှားစေဦးအံ့၊ အဆိုပါ ဆံပင်အစ ကျင်ငယ်အဆုံး ၃၂-ခု ၃၂-စုတွေဟာ သူ-ငါ-ယောကျ်ား-မိန်းမ မဟုတ်မမှန်ပါ။ ပညတ် မျှသာ ဖြစ်သည်။ အဟုတ်အမှန်မှာ ဆံပင်ကလဲ ရုပ်တရား၊ မွေးညင်းကလဲ ရုပ်တရား၊ ခြေသည်း, လက်သည်းကလဲ ရုပ်တရား၊ သွားကလဲ ရုပ်တရား၊ အရေကလဲ ရုပ်တရား ။ပ။ ကျင်ငယ်ကလဲ ရုပ်တရား။ အားလုံး ၃၂-ခု ၃၂ စုတွေဟာ ရုပ်တရားတွေချည်းသာ ဟုတ်မှန်သည်ဟု သူ-ငါ-ယောကျ်ား မိန်းမဆိုတဲ့ ပညတ်ကျော်ဖောက် ရုပ်ဆိုတဲ့ ပရမတ်ပေါက်အောင် အသိမှန် အမြင်မှန် မြင်၍ အယူမှန်ကို ယူနိုင်မှသာ အတ္တဒိဋ္ဌိ အညစ်အကြေးနှင့် ကင်းဝေးစင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံနိုင်မည်ဖြစ်သည်။

## ဒိဋ္ဌိယောကျ်ား ဒိဋ္ဌိမိန်းမ

ထိုသို့မဟုတ် အဆိုပါ ၃၂-ခု ၃၂-စု ရုပ်တရားတို့ကိုပင် ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ လူပဲ နတ်ပဲ သူပဲ ငါပဲ ယောကျ်ားပဲ မိန်းမပဲစသည်ဖြင့် အတ္တ-ဒိဋ္ဌိ သက္ကာယဒိဋ္ဌိအလွဲအမှား အစွဲတရားတို့ကို မစွန့်မလွှတ်နိုင်ကြသေးပဲ လှဲမြဲတလဲလဲ မှားမြဲတလဲလဲ အသိမှား အမြင်မှား အယူမှား လက်ကိုင် ရှိနေကြသေးတယ်ဆိုယင် ဒိဋ္ဌိယောကျ်ား, ဒိဋ္ဌိမိန်းမတွေသာ ဖြစ်နေကြ ပါက ဘယ်ဘဝ ဘယ်ကမ္ဘာမှ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံနိုင်တော့မည် မဟုတ် တော့ပေ။ဤဒိဋ္ဌိဝိသုဒ္ဓိနှင့် မပြည့်စုံကလည်း အထက်အထက် ဝိသုဒ္ဓိများနှင့် လည်း ပြည့်စုံနိုင်တော့မည် မဟုတ်တော့ပေ။ အထက်ဝိသုဒ္ဓိများနှင့် မပြည့်

စုံကလည်း ဘယ်တော့မှ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်ရောက်နိုင်တော့မည် မဟုတ်တော့ပေ။ ထို့ကြောင့် ဆံပင်စသော ၃၂-ခုကို ရုပ်၊ သိတတ်သော စိတ် စေတသိက်ကို နာမ်၊ တလောကလုံးမှာ ပရမတ္ထအားဖြင့်တော့ ရုပ်နာမ်က အပို ပုဂ္ဂိုလ် သတ္တဝါမရှိဟု အသိမှန် အမြင်မှန် အယူမှန်ကို ယူကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

တဖန် ဆံပင်တချောင်း ရုပ်ပေါင်းမည်မျှ ပါဝင်ကြသနည်းဆိုတဲ့-အမေး၌ ပကတိ မျက်စိဖြင့် မြင်ရသော လုံးလုံးလျောင်းလျောင်း ဆံတချောင်း၌ ပညာမျက်စိ ဉာဏ်နှင့် ကြည့်ရှုသော်(မာပျော့ ပထဝီရုပ်၊ ဖွဲ့စည်း အာပေါရုပ်၊ ပူအေး တေဇောရုပ်၊ ထောက်ကန်လှုပ်ရှား ဝါယော ရုပ်၊ ဝဏ္ဏရုပ်၊ ဂန္ဓရုပ်၊ ရသရုပ်၊ ဩဇာရုပ်) ဤရုပ်ရှစ်မျိုးပဲရှိသည်။ ဤရုပ်ရှစ်မျိုးပေါင်းစု၍ နေသည်ကို ဆံပင်ဟု ခေါ်ဝေါ်သမုတ်ကြသည်။ ဤ ရုပ်ရှစ်မျိုးအပြင် ဆံပင် မရှိ။ ဤ ရုပ်ရှစ်မျိုးကို နုတ်ပယ်ထား လိုက်ယင် ဆံပင် လုံးဝမရှိတော့ပြီဟု သိမှတ်ပါလေ။ ဆံပင်ဆိုသည်ကား ပညတ်၊ အဆိုပါ ရုပ်ရှစ်မျိုးကား ပရမတ်၊ ပညတ်ကား အဟုတ်မရှိတဲ့ တရား၊ ပရမတ်ကား အဟုတ်ရှိတဲ့တရား၊ ၎င်းရုပ်ရှစ်မျိုးကို ကျမ်းဂန် တို့၌ အဋ္ဌကလာပ်ဟူ၍လည်းကောင်း၊ သုဒ္ဓဋ္ဌကလာပ်ဟူ၍လည်းကောင်း၊ အဝိနိဗ္ဘောဂရုပ်ဟူ၍လည်းကောင်း ပြဆိုထားသည်။ ဆံပင်ဆိုတဲ့ ပညတ် ပေါ်တွင် အသိဉာဏ် သောင်တင် မနေစေနှင့်၊ ရုပ်ဆိုတဲ့ ပရမတ်ကို ပေါက်အောင် ရောက်အောင် ထိအောင်မိအောင် ဉာဏ်ဦးခေါင်းထောင်၍ ကြည့်ရှုပါလေ။ ဆံပင်အစုမှ တပါး မွေးညင်း စသော ၃၁-ခုတို့၌လည်း နည်းတူဟု သိမှတ်ပါလေ။

တဖန် စုဏ္ဏခေါ်သော ရုပ်မှုန့်အားဖြင့် နှလုံးသွင်းရပုံကို ပြဆိုဦးအံ့။ (တေ ပန ကလာပါ ပရမာဏုပမာဏာ ဟောန္တိ ။ပ။ ဝုတ္တာ) ဟု လာသော ဝိသုဒ္ဓိမဂ်ဋီကာနှင့်အညီ–—

## မြူ ငါးမျိုး

မြူသည်—

၁။ လိက္ခာမြူ၊

၂။ ရထရေဏုမြူ၊

၃။ တဇ္ဇာရီမြူ၊

၄။ အဏုမြူ၊

၅။ ပရမာဏုမြူ—

ဟု ငါးမျိုးရှိသည်။

ထိုတွင်—

၁။ ပေစာကညစ်၊ ရေးမှုန့်ဖြစ်၊ မှတ်လစ် လိက္ခာမြူ။

၂။ လှည်းမောင်းသောခါ၊ ဖုံထလာ၊ မှတ်ပါ ရထရေဏုမြူ။

၃။ ကောင်းကင်လွင့်သွား၊ အမှုန့်များ၊ မှတ်သား တဇ္ဇာရီမြူ။

၄။ နံရံပေါက်တွင်၊ နေရောင်ဝင်၊ အဏုမြူကိုမြင်၊ မှတ်ပါအဏုမြူပင်။

၅။ ပရမာဏုလျှင်၊ လူ မမြင်၊ ဒိဗ္ဗရှင်သာမြင်၊ မှတ်ပါ ပရမာဏုမြူပင်—

ဆိုတဲ့ သောင်ဒွိလင်္ကာနှင့်အညီ မြူငါးမျိုးတို့ကို သိမှတ်ပါလေ။

ထိုတွင်—

၁။ လိက္ခာမြူ ဆိုသည်မှာ ရှေးအခါက ကျောင်းစာရေးများသည် ပေစာကို ကညစ်ဖြင့် ရေးကြတဲ့အခါ ကညစ်ဖျားမှာ ပေကြောပြတ်၍ ကပ်ပါလာသော လုံးလုံးသေးသေး ကညစ်ချေးတလုံးကို (လိက္ခာမြူ) ဆိုသည်ဟု သိလေ။ တနည်းဆိုသော် အရိုးထဲ၌ ထိုးစားနေသော ပိုးမျိုး (၈၀)တွင် ပါဝင်သော (လိက္ခာ)မည်သော ပိုးကောင်ငယ်၏ ဦးခေါင်း လောက်မျှ ပမာဏရှိသော မြူမှုန့်ငယ်တလုံးကို (လိက္ခာမြူ) ဆိုသည်ဟု သိလေ။

၂။ နွေအခါ လမ်းခရီးများ၌ လှည်းမောင်းသွားတဲ့အခါ တထောင်းထောင်းထနေသောမြူကို (ရထရေဏုမြူ)ဆိုသည်။

၃။ အထက်ကောင်းကင်သို့ လွင့်တက်သွားသော မြူကို(တဇ္ဇာရီမြူ) ဆိုသည်။

၄။ အိမ်ကျောင်းစသည်တို့မှာ နေပူတဲ့အခါ နံရံပေါက်များမှဝင်လာသော နေ၏အရောင်နှင့်တွေ့လျှင် အခန်းတွင်းရှိ ပစ္စည်းများကို ခါတွက်တဲ့အခါ ဖြစ်စေ၊ တံမြက်လှည်းတဲ့အခါ ဖြစ်စေ နေရောင်ခြည်ထဲမှာ ပိုးကောင်ငယ်လေးတွေ ပျံပြေးနေသကဲ့သို့ ပကတိမျက်စိနှင့်ပဲ မြင်နေရသော မြူကို (အဏုမြူ)ဆိုသည်။

၅။ (ပရမာဏုမြူ)ကိုကား ပကတိမျက်စိနှင့် မမြင်နိုင်ပေ၊ ဒိဗ္ဗစက္ခုအဘိညာဏ်ကိုရရှိသော ပုဂ္ဂိုလ်တို့သာ မြင်နိုင်ပေသည်။

မှတ်ချက်။ ။ယခုခေတ် သိပ္ပံဆရာတို့ကား အလွန်အားကောင်းလှသော မှန်ပြောင်းဖြင့် ကြည့်မှသာ (အဏုမြူ)ကို မြင်နိုင်သည်။ ပကတိမျက်စိဖြင့်ကား လုံးဝ မမြင်နိုင်ကြပေ။ သုံးလူ့ထွတ်ထား ဘုရားရှင်ကြီးသည်ကား အဏုမြူကို ၃၆-စိတ် တစိတ်လောက်သာရှိသော အလွန့်အလွန်သိမ်မွေ့နူးညံ့လှသော ပရမာဏုမြူကိုပင် မှန်ပြောင်းမတပ်မဆင်ရပဲ ပကတိဉာဏ်မျက်စိနှင့်ပဲ မြင်စွမ်းတော်မူနိုင်ပေသည်။ အံ့ဖွယ်ရှိပေစွ။

## ကလာပ်နှစ်မျိုး

ရုပ်မှုန့်ကလာပ်သည် ပရမတ္ထသဘာဝကလာပ်၊ သမူဟကလာပ်ဟု နှစ်မျိုးရှိရာ သဘာဝရုပ်ကလာပ်မှုန့် နုနု တကုဋေလောက် ပေါင်းစုနေသည်ကို သမူဟကလာပ်ဟု ဆိုသည်။

၎င်း ပရမာဏုမြူ ၃၆-ခု ပေါင်းစုမိမှ အဏုမြူတလုံး ဖြစ်သည်။

၎င်း အဏုမြူ ၃၆-ခု ပေါင်းစုမိမှ ရထရေဏုမြူတလုံး ဖြစ်သည်။

၄င်း ရထရေဏုမြူ ၃၆-ခု ပေါင်းစုမိမှ တဇ္ဇာရီမြူတလုံးဖြစ်သည်။

၄င်း တဇ္ဇာရီမြူ ၃၆-ခု ပေါင်းစုမိမှ လိက္ခာမြူ တလုံး ဖြစ်သည်။

## မြန်၍စိတ်

၄င်း လိက္ခာမြူတလုံးကို ၃၆-စိတ်, စိတ်၍ တစိတ်သည် တဇ္ဇာရီမြူ တလုံးဖြစ်သည်။

၄င်း တဇ္ဇာရီမြူ တလုံးကို ၃၆-စိတ်,စိတ်၍ တစိတ်သည် ရထရေဏုမြူ တလုံးဖြစ်သည်။

၄င်း ရထရေဏုမြူတလုံးကို ၃၆-စိတ်,စိတ်၍ တစိတ်သည် အဏုမြူတလုံး ဖြစ်သည်။

၄င်း အဏုမြူတလုံးကို ၃၆-စိတ်,စိတ်၍ တစိတ်သည် ပရမာဏုမြူတလုံး ဖြစ်သည်။

## ရှစ်သောင်းလေးထောင် မြင်းမိုရ်တောင်

လိက္ခာမြူ ခုနစ်လုံးကို စပါးတလုံး၊ စပါးခုနစ်လုံးကို တလက်သစ်၊ ၁၂-သစ်ကို တထွာ၊ ၂-ထွာကို တတောင်၊ ခုနစ်တောင်ကို တတာ၊ တာ ၂၀-ကို တဥသဘ၊ ဥသဘ ၈၀-ကို တဂါဝုတ်၊ ၄-ဂါဝုတ်ကို တယူဇနာ၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်ကို မြင်းမိုရ်တောင်ဟု ဆိုကြ၏။ ဤမြင်းမိုရ်တောင်ကြီး၌ မရေမတွက်နိုင်သော မြူမှုန့်တွေ ကုဋေကုဋာပါဝင် ရမည်ကို ခန့်မှန်း၍ ကြည့်ရှုပါလေ။

ဤလိုဤပုံ ပရမာဏုမြူ ၃၆၊ အဏုမြူ ၃၆၊ ရထရေဏုမြူ ၃၆၊ တဇ္ဇာရီမြူ ၃၆၊ ၃၆×၄-လီပေါင်းမှ ပကတိမျက်စိဖြင့် မြင်ရသော ဆံပင် တချောင်းစာလောက် လိက္ခာမြူတလုံး ဖြစ်ပေါ်လာသည်ကို ထောက်ဆ၍ ရုပ်ဝတ္ထုအကြီးအငယ် ပမာဏအားလျော်စွာ ကြီးလျှင်ကြီးသလို ငယ်လျှင် ငယ်သလို အဆိုပါရုပ်မှုန့်ပေါင်းများစွာ ပါဝင်ရမည်ကို မှန်းဆ၍ သိသင့်ပေသည်။

## မြေညက်ရုပ်ကြိုး ပမာမိုး

ဥပမာပြရသော်– မကြီး,မငယ် အလယ်,အလတ်ဖြစ်သော လူတယောက်၏ကိုယ်၌ အဆိုပ်ပါ ပရမာဏုမျှ တစိတ်သားခန့်ကို ထိုနှင့်ညီမျှသော နှစ်ပြည်သားခန့်ရှိသော ချေး,သွေးစသော အရေအာပေါဓာတ်ဖြင့် ဖရိုဖရဲ မပြိုမကွဲရအောင် ဖွဲ့စည်း၍ ထားအပ်၏။ ပူ-အေး တေဇောဓာတ်ဖြင့် အရည်ဖြစ်၍ ယိုစီးမသွားရအောင်, မပုပ်မသိုးရအောင် စောင့်ရှောက်အပ်၏။ ဝါယောဓာတ်ဖြင့် အတွင်းအပြင် ထောက်ကန်အပ်၏။ ထို့ကြောင့် အဆီအစေးမရှိသော ပထဝီရုပ်မှုန့်သည် မြေညက်ကိုလုပ်သော ရွှံ့ညွန်ရုပ်ကြိုးကဲ့သို့ နေ့,လ,နှစ်များစွာ မပြိုမကွဲ မပုပ်မသိုးပဲ ကံအားလျော်စွာ သက်တမ်းစေ့အောင် တည်နေနိုင်သော သတ္တဝါ ကြီး,ငယ်အမျိုးမျိုး ရုပ်လုံးပေါ်လာနိုင်သည်မှာ အဆိုပါ ရုပ်ကလာပ်မှုန့်တို့၏ အပေါင်းအစုမျှသာ၊ သူကောင် ငါကောင် ပုဂ္ဂိုလ်သတ္တဝါကောင် အစစ်မဟုတ်ဟု အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကို ယူနိုင်ကြပါစေသတည်း။ (ဤကား မြေညက်ရုပ်ဥပမာတည်း)။

## ကြီးငယ် ကွဲပြားခြင်းမရှိ

ပကတိမြေညက်ရုပ်ကြိုးနှင့်တူသော သတ္တဝါ,သူ,ငါ စသည်တို့၏ ကိုယ်၌ရှိသော ထိုအဏုမြူပမာဏရှိသော အဆိုပါ ရုပ်ကလာပ်မှုန့်တို့သည် သက်ရှိသက်မဲ့ဖြစ်သော ကြီးသောသတ္တဝါ ငယ်သောသတ္တဝါတို့၌ (ဝါ) ဝတ္ထုတို့၌ ရုပ်ကလာပ်မှုန့်တို့သည် ကြီးသည် ငယ်သည်ဟု ကွဲပြားခြားနားကြသေးသည်ဟု ကျမ်းဂန်တို့၌ အထူးမပြဆိုကြပါ။ (ပရမာဏုမြူပမာဏ) ဟူ၍သာ ပြဆိုထားပါသောကြောင့် ရေ၌ ကြီးသောကိုယ်ရှိသော ငါး လိပ်စသော သတ္တဝါတို့၌လည်းကောင်း၊ ကုန်း၌ ကြီးသောကိုယ်ရှိသော ဆင်,မြင်း,ကျွဲ,နွားစသော သတ္တဝါတို့၌လည်းကောင်း၊ အလွန်သေးငယ်လှသော သန်းဥ,သန်းဖျ,ပိုးရွ,ခြကောင်စသော သတ္တဝါတို့၌လည်းကောင်း ရုပ်ကလာပ်မှုန့်တို့သည် သတ္တဝါတို့ ကြီးလျှင်ကြီးသလို ငယ်လျှင်ငယ်သလို ဟူးခြားကွဲပြားဖွယ် မရှိသင့်တော့ပြီ။ အဏုမြူပမာဏချည်းသာတည်းဟု မှတ်သင့်ပေသည်။

ဥပမာဆိုသော် မိုးတွင်းကာလ၌ မိုးရွာတဲ့အခါ မြစ်ထဲချောင်းထဲမှာ ရေတွေလျှံတက်လာပြီး လျော့ကျသွား၍ သဲသောင်ပြင်ပေါ်လာတဲ့အခါ သဲသောင်ပြင်ကြီးတို့သည် တဖာလုံ, တမိုင်, နှစ်မိုင်စသည် ရှည်လျား၏ဟု ပြောဆိုရသော်သည်း ထိုသဲသောင်ပြင်၌ တည်ရှိနေသော သဲလုံးများစွာ တို့၏ အကြီးအငယ်တို့သည်ကား မထူးခြား မကွဲပြားကြပြီ၊ သဲလုံးရေ အနည်းအများသို့လိုက်၍သာ သဲသောင်ပြင်ကြီး သဲသောင်ပြင်ငယ်ဟု လောက၌ ပြောဆိုကြရသကဲ့သို့ ထို့တူပမာ သက်ရှိသက်မဲ့ သတ္တဝါ တို့၌လည်း (ပရမာဏုမြူမျှ ပမာဏ) ရှိသော ရုပ်ကလာပ်မှုန့်တို့သည် အနည်းအများကို လိုက်၍ အကြီး, အငယ်ဟု ဆိုရလေသည်ဟု သိမှတ် ပါလေ။

## ဒိဋ္ဌိဝိသုဒ္ဓိ

ပြဆိုခဲ့ပြီးသော သဲသောင်ပြင် ဥပမာအတိုင်း ကံအားလျော်စွာ ဘုံသုံးပါးတို့၌ ဖြစ်ကြတဲ့အခါ အဝိဇ္ဇာ,တဏှာ,ကံ စသော အကြောင်း ကြောင့် အဆိုပါ ပရမာဏုမြူပမာဏရှိသော ရုပ်ကလာပ်မှုန့်ပေါင်း ထောင် သောင်းများစွာ မရေမတွက်သာအောင် စုပေါင်းကာ ဖြစ်ပေါ်လာကြတဲ့ ရုပ်,နာမ်,ခန္ဓာ,ဓာတ်,သစ္စာ အကျိုးတရားတို့၏ ဖြစ်မှု ပျက်မှု ဖြစ်ခြင်း ပျက်ခြင်းသာ စင်စစ်ကေန် အမှန်ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါတို့၏ ဖြစ်မှု ပျက်မှု ဖြစ်ခြင်းပျက်ခြင်း မွေးခြင်းသေခြင်းမဟုတ်ဟု အသိမှန် အမြင်မှန် အယူမှန်ကို ယူ၍ ဤ အယူမှန်အတိုင်း နှစ်သက် သဘောကျသွားလျှင် အဆိုပါ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား ရုပ်ကလာပ်မှုန့်တွေ ပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါတို့၏ ဖြစ်မှု, ပျက်မှု, မွေးမှု, သေမှုဟု တသက်လုံး တသံသရာလုံး အထင်မှား အမြင်မှား အယူမှားနေတဲ့ အတ္တဒိဋ္ဌိ,သက္ကာယ ဒိဋ္ဌိ အလွဲအမှား အစွဲတရားဆိုး အမျိုးမျိုးတို့သည် ဤမြူအကြောင်းကို သိမ်းဆည်းတိုင်း သိမ်းဆည်းတိုင်းတို့၌ တဒင်္ဂစသည် စင်ကြယ်သွားသော ကြောင့် ယုံမှားမရှိ ထိုးထွင်း၍ သိသွားကဲ့အခါ ဒိဋ္ဌိဝိသုဒ္ဓိ ကောင်းကောင်း လှလှကြီးဖြစ်နိုင်လေတော့သည်-ဟူလို။

## ရုပ်ကလာပ်အားဖြင့် သိမ်းဆည်းပုံ

ရုပ်ကလာပ်အားဖြင့်ကား–ဘုံအားလျော်စွာ ကာမသုဂတိခုနစ်ဘုံခေါ်သော လူ့ဘုံ,နတ်ဘုံတို့တွင် နတ်ဘုံတို့၌ ဖြစ်ကြတဲ့အခါ အာယတနအပြည့်အစုံ ကိုယ်ထင်ရှားဖြစ်ပေါ်လာကြသော ဩပပါတိကပဋိသန္ဓေအားဖြင့်ဖြစ်ကြ၍ နတ်သမီးဖြစ်ယင် အသက်(၁၆)နှစ်အရွယ်, နတ်သားဖြစ်ယင် အသက် (၂၀)အရွယ် ကံအားလျော်စွာ အသက်ထက်ဆုံး တည်နေကြလေသည်။

လူ့ဘုံမှာကား–များသောအားဖြင့် အမိဝမ်း၌ကိန်းသော (ဂဗ္ဘသေယျက) လူတို့၏ ပဋိသန္ဓေတည်နေရပုံ ဆင်းရဲမျိုးစုံခံရပုံကို ဆောင်ပုဒ်လင်္ကာဖြင့် ပြဆိုပါဦးအံ့။

စာဟောင်းစာသစ်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံညှီဟောင်း၊ ကျဉ်းမြောင်းမည်းမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ခွတိုမှာ၊ မျောက်အိုကုပ်သည့်နှယ်၊ မလှုပ်မယှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သုငယ်လို၊ အလမ္ပာယ်မိ၊ မြွေငယ်ချိသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တစေ၊ တည်နေဆယ်လ၊ ဤကာယ၏၊ ဖြစ်ရကြောင်းလျာ (အဝိဇ္ဇာနှင့် တဏှာ၊ ဥပါဒါန်, ကံ,အာဟာရ) ပဉ္စကသည်၊ ရှုပဟေတုပစ္စည်းတည်း။

## ပိုးလောက်ပမာ တည်နေရာ

ဂဗ္ဘသေယျ အမိဝမ်း၌ ပဋိသန္ဓေ တည်နေရပုံကို ဥပမာဆိုသော် မစင်ဘင်ပုပ်ကို စွဲ၍ဖြစ်သော ကျင်ကြီးတွင်းရှိ ပိုးလောက်တို့ကဲ့သို့ အဘ၏သုက်, အမိ၏သွေး, စက်ဆုပ်ဖွယ်အစုကို အမှီပြု၍ ကံကြောင့်ဖြစ်သော ကိုယ်ဖြစ်ဖို့ရန်(ကာယဒသကကလာပ်)တစည်း၊ စိတ်,စေတသိက်တို့၏ မှီရာဝတ္ထုဖြစ်ဖို့ရန် (ဝတ္ထုဒသကကလာပ်) တစည်း၊ ယောကျ်ား, မိန်းမ ဟန်ပန်မူရာ ဖြစ်ဖို့ရန် ( ဘာဝဒသကကလာပ် ) တစည်း၊ ဤသုံး

စည်းသော ရုပ်ကလာပ်တို့သည် ပဋိသန္ဓေစိတ်နှင့် တပြိုင်နက် ဖြစ်ပေါ် လာကြကုန်၏။ ထို (ကာယ-ဘာဝ-ဝတ္ထု) ဟူသော ၃ ကလာပ်သုံးစည်း တို့၏ ကြီး ငယ် ပမာဏသည် တောင်ကျွန်းသူတို့၏ ဆံပင်တချောင်းကို ရှစ်စိတ်,စိတ်၍ တစိတ်သည် မြောက်ကျွန်းသူတို့၏ ဆံပင်တချောင်းဖြစ်၏။ ထို ဆံပင်ဖြင့် ဆီကြည်၌ နှစ်၍ ထုတ်ဆယ်ပြီး အောက်သို့ စိုက်ထားသော် ဆံပင်ဖျားမှာ ပါလာသော သေးငယ်လှစွာသော ဆီဥ-ဆီပေါက် ပမာဏ ရှိ၏ဟု ဆိုပြီးလျှင် ထိုအဆိုကိုပယ်၍ ထို့ထက်သေးငယ်လှသော ဇဏီမည် သော သားကောင်၏ အမွေးဖြင့် ဆီ၌ နှစ်၍ ထုတ်ဆယ်သည်ရှိသော် သားကောင်၏ အမွေးဖျား၌ ပါလာသော ဆီဥ ဆီပေါက်မျှလောက်သာ (ကလလရေကြည်ရုပ်) သည် ရှိ၏ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ပြဆိုထား ပါသည်။

## ကံကြောင့်ဖြစ်သော ရုပ်-၃၀

ဤ(ကာယ, ဘာဝ, ဝတ္ထု) ခေါ်သော ကံကြောင့်ဖြစ်သော (ကမ္မဇ-ကလာပ်) သုံးစည်းတို့တွင် ကလာပ် တစည်း-တစည်း၌ ရုပ် ၁၀-ခု ၁၀-ခုစီ ရှိသောကြောင့် (ကမ္မဇရုပ်) ၃၀-ဟု ဆိုအပ်ကုန်၏။ ထိုကလာပ် တစည်း-တစည်းသော ရုပ်ကလာပ် ၁၀-ခုတို့တွင် ( ပထဝီရုပ်ကလာပ် ) သည် အခြားသော ရုပ်တို့၏ တည်ရာမှီရာ အဆိုင်အခဲ အမာခံ ဖြစ်၏။ (အာပေါရုပ်ကလာပ်) သည် မပိန်မခြောက် မလေမပျောက်ရအောင် စိမ့်ဝင်ပေါင်းစုပေး၏။ (တေဇောရုပ်ကလာပ်) သည် မပုပ်မသိုးရအောင် စောင့်ရှောက်၏။ (ဝါယောရုပ်ကလာပ်) သည် အတွင်းအပြင် ဖိညှပ် ကောက်ကန်ခြင်း ပြည့်စေပြန့်စေခြင်းဖြင့် စောင့်ရှောက်၏။ ရူပါရုံသည် မြင်ကောင်းသော အဆင်းသဏ္ဌာန် ဖြစ်၏။ သဒ္ဒါရုံသည် ကြားကောင်း သော အသံဖြစ်၏၊ ဂန္ဓာရုံ ကား အနံ့ ဖြစ်၏။ ရသာရုံသည် ချို-ချဉ်-စပ်-ငန်-ဖန်-ခါး ကပါးပါးသော အရသာ ဖြစ်၏။ ဩဇာသည် မျှတ တောင့်တင်းစေ၏။ ဇီဝိတသည် မသေရအောင် စောင့်၏။ ကာယသည် ကိုယ်ခန္ဓာဖြစ်ရန် ဖြစ်၏။ ဝတ္ထုရုပ်သည် စိတ်, စေတသိက်တို့၏ မှီရာ ဖြစ်၏။ ဘာဝရုပ်သည် ယောကျ်ား-မိန်းမ ပုံသဏ္ဌာန် ဟန်ပန်မူရာ ဖြစ်

ပေါ်ရန် ဖြစ်၏။ ထို ( ကာယ, ဘာဝ, ဝတ္ထု ) ကလာပ်သုံးစည်းတို့ကို အချင်းချင်း မရောမယှက်ရအောင် အာကာသဓာတ်သည် ပတ်ဝန်း ကျင်၌ ပိုင်းခြားအပ်၏။

ဤလို ဤပုံ (ကံ, စိတ်, ဥ, ဟာ၊ ကြောင်းလေးဖြာ) ဆိုတဲ့အတိုင်း ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတို့ကြောင့် ပဋိသန္ဓေမှ စုတိသေနေ့ကျအောင် (ဥပါဒ်-ဌီ-ဘင်) အစဉ်မပြတ် ထပ်ကာ ထပ်ကာ စပ်ကာ စပ်ကာ မပြတ်ဗဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသည်မှာ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာတို့၏ ဖြစ်မှု ပျက်မှု ဖြစ်ခြင်း ပျက်ခြင်း မွေးခြင်း သေခြင်းများ မဟုတ်ကြပေ၊ အဆိုပါ ကံ-စသော အကြောင်းကြောင့် အဆိုပါ ကမ္မဇရုပ်, ထိုရုပ်တို့တွင် ဝတ္ထုရုပ်တို့ကို မှီ၍ မှီ၍ ဖြစ်ပျက်နေကြ သော စိတ်, စေတသိက် တို့၏ ဖြစ်မှု ပျက်မှု သက်သက်သာ ဖြစ်၏ဟု ကလာပ်ပေါက် ဓာတ်ပေါက်အောင် အသိမှန် အမြင်မှန် အယူမှန်ကို ယူနိုင်မှသာ (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်နိုင်ကြပေမည် ယောဂီအပေါင်း သူတော် ကောင်းတို့။

## ခက်မငါးဖြာ ဖြစ်ပေါ်လာ

၁။ **ကလလသတ္တာဟ** (ရေကြည်) ၇-ရက်၊

၂။ အဗ္ဗုဒသတ္တာဟ (အမြှုပ်နု) ၇-ရက်၊

၃။ ပေသိသတ္တာဟ (အမြှုပ်ရင့်သွေးခဲ) ၇-ရက်၊

၄။ ဃနသတ္တာဟ (အသားတစ် အသားခဲ) ၇-ရက်၊

၅။ ပသာခသတ္တာဟ (ခက်မငါးဖြာ) ၇-ရက်။

ဤ**ကား**-သတ္တာဟပေါင်း ၅-ခု၊ ရက်ပေါင်း ၃၅-ရက် **အမိဝမ်း၌** ဖြစ်စဉ်တည်း။

ထိုတွင်—

၁။ ကလလသတ္တာဟဆိုသည်မှာ အမိဝမ်း၌ ပဋိသန္ဓေတည်နေသည်မှ စ၍ ၇-ရက်အတွင်း၌ဖြစ်သော ကလလရေကြည်ရုပ်ကို "ကလလသတ္တာဟ"

ဟု ဆို၏။ ထို ကလလရေကြည်ရုပ်သည် တခုသောဘဝ တယောက်သော အမိ၏ ဝမ်း၌ ပဋိသန္ဓေစိတ်၏ (ဥပါဒ်-ဌီ-ဘင်) သုံးခုတို့တွင် ဌီခဏ၌ ထို ကလာပ်သုံးစည်းတို့၌ ပါဝင်သော တေဇောကလာပ်သည် ဥတုသမုဋ္ဌာန် အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ပဋိသန္ဓေနောင် ပထမ ဘဝင်စိတ်၏ ဥပါဒ်မှ စ၍ စိတ်သည် စိတ္တဇသမုဋ္ဌာန် အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ထို ပဋိသန္ဓေ စိတ်သည် အရပ်တပါးမှ ရောက်ကာစ ဧည့်သည်(အဲ့သယ်)သည် တစုံတခု သော အမှုကိစ္စကို မရွက်ဆောင်နိုင်သကဲ့သို့ ထို့တူပမာ တခုသောဘဝ၌ ဖြစ်စ ဖြစ်ဦး ဖြစ်၍ မည်သည့်ရုပ်ကိုမှ မဖြစ်စေနိုင်ပါ။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်း ကံကြောင့်ဖြစ်သော(ကာယ, ဘာဝ, ဝတ္ထု)ခေါ်သော ကလာပ်သုံးစည်းသည်လည်းကောင်း၊ ပဋိသန္ဓေ စိတ်၏ ဌီခဏမှစ၍ စိတ်၏ ဌီခဏတိုင်း ဌီခဏတိုင်း ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ် တစည်း တစည်းသည်လည်းကောင်း၊ ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ ဥပါဒ်ခဏတိုင်း ဥပါဒ်ခဏတိုင်း စိတ္တဇအဋ္ဌကလာပ် တစည်း တစည်းသည်လည်းကောင်း အစဉ်အားဖြင့်ဖြစ်ကြ၍ စိတ္တက္ခဏ ၁၇-ချက်ခန့်တွင် ချုပ်ကြ ပျက်ကြ ပျောက်ကြလေကုန်၏ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ဤလိုဤပုံ (ကလလသတ္တာဟ) ၇-ရက်အတွင်း၌ ဖြစ်သင့် ဖြစ်ထိုက် သော ရုပ်ကလာပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းသည်လည်း ပုဂ္ဂိုလ်သတ္တဝါ တို့၏ ဖြစ်ခြင်း ပျက်ခြင်း ဖြစ်မှု ပျက်မှု ပဋိသန္ဓေနေမှု မွေးမှု သေမှုများ လားလားမှ မဟုတ်ကြပေ။ အဆိုပါ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်ကလာပ်တို့၏ ဖြစ်ခြင်းပျက်ခြင်း ဖြစ်မှုပျက်မှုတို့သာ ဖြစ်ချေသည်ဟု ကလာပ် ပေါက်အောင် ခါတ်ပေါက်အောင် ပရမတ် ပေါက်အောင် အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ကိုသာ ယူကြပါလေ။ သို့မှသာ (ဒိဋ္ဌိဝိသုဒ္ဓိ)နှင့် ပြည့်စုံနိုင်ပေမည်။

ဤ ကလလသတ္တာဟနှင့်အတူ ကျန် သတ္တာဟတို့၌လည်း ကလာပ် ပေါက် ခါတ်ပေါက် ပရမတ်ပေါက်အောင် သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

၂။ အဗ္ဗုဒ (အမြှုပ်ဖြစ်ပေါ်လာပုံကား) ကလလရေကြည် ၇-ရက်လွန်ပြီးနောက် အမြှုပ်ဖြစ်ပေါ်လာသော ၇-ရက်ကို (အဗ္ဗုဒသတ္တာဟ) ဆို၏။ ထို ၇-ရက်အတွင်း၌ အဆိုပါ ရုပ်ကလာပ်တို့သာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်၍ နေကြလေသည်။ ထိုသို့ပင် ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်၊ ဖြစ်ပျက်၍နေကြသော်လည်း ပျက်သော ရုပ်ကလာပ်က နည်း၍ ဖြစ်သောရုပ်ကလာပ်က တိုးပွားများပြားသောကြောင့် ၇-ရက်ကိုလွန်ပြီးနောက် ဆိုခဲ့ပြီးသော ရုပ်ကလာပ်တို့သည်လည်းကောင်း၊ အမိသည် စားအပ်သော ရသာဩဇာသည် သူငယ်၏ချက်မှ စိမ့်ဝင်လာ၍ အာဟာရဇ ဖြစ်သော အဋ္ဌကလာပ်ရုပ်တို့သည်လည်းကောင်း ဒုတိယ သတ္တာဟ၌ များစွာဖြစ်ကြ၍ အမဲသားဆေးရည်နှင့်တူသော (အဗ္ဗုဒ) ခေါ်သော ဝတ္ထုသည် ဖြစ်ပေါ်လာလေ၏။

၃။ ပေသိ(သားတစ်ဖြစ်ပေါ်လာပုံကား)ရှေးနည်းအတူ ရုပ်ကလာပ်တို့သည် အစဉ်အတိုင်း တိုး၍ယူပါ။ တတိယသတ္တာဟအတွင်း၌ ကြည်လင်သော သလွဲအဆင်းနှင့်တူသော (ပေသိ) ခေါ်သော အသားတစ်သည် ဖြစ်ပေါ်လာ၏။

၄။ ဃန (အသားခဲဖြစ်ပေါ်လာပုံကား) ဤ စတုတ္ထသတ္တာဟ၌ ကြက်ဥခန့် ပမာဏလောက်ကြီးသော ကြက်ဥကဲ့သို့ပင် ထက်ဝန်းကျင် လုံးသော (ဃန) ခေါ်သော အသားခဲသည် ဖြစ်ပေါ်လာ၏။

၅။ ပသာခ (ခက်မငါးဖြာ ဖြစ်ပေါ်လာပုံကား) ဤ ပဥ္စမသတ္တာဟ၌ ထို (ဃန)ဟူသော အသားခဲမှ ခြေ ၂-ချောင်း၊ လက် ၂-ချောင်း၊ ဦးခေါင်းတလုံးဆိုတဲ့ ခက်မငါးဖြာ ဖြစ်ပေါ်လာရန် အဖုငါးခု ဖြစ်ပေါ်လာ၏။ ထို့နောက် ထိုငါးဖု ရင့်ကျက်စေရန် ပရိပါကသတ္တာဟဟု ဆဋ္ဌသတ္တာဟ ဖြစ်ပေါ်လာရပြန်၏။ ၆-သတ္တာဟ ရက်ပေါင်း ၄၂-ရက် ရှိသွားပြီ။

မှတ်ချက်။ ။ဤသို့ဖြစ်ပေါ်လာရန် ဗြဟ္မာ, သိကြား, ထာဝရဘုရား, ဗိဿကြိုးနတ်များ ဖန်ဆင်း၍ပေးသည်မဟုတ်၊ ရှေးရှေးဘဝ ကာလတို့က

မိမိတို႔ျပဳလုပ္ခဲ့ၾကေသာ ကံ, စိတ္, ဥတု, အာဟာရတို႔က ျပဳျပင္ေပးျခင္းသာ ျဖစ္ေလသည္။ ဤလို ဤပုံ အျဖစ္မွန္ကို သိရွိလွ်င္ မိစၦာဒိ႒ိ အယူမွားေပ်ာက္၍ သမၼာဒိ႒ိ အယူမွန္သို႔ ေရာက္၍ (ဒိ႒ိဝိသုဒၶိ)ႏွင့္ ျပည့္စုံႏိုင္သည္။

ထို႔ေနာက္ မ်က္စိ မ်က္လုံးျဖစ္ရန္ (သတၱမသတၱာဟ )၇-ရက္၊ နားျဖစ္ရန္ (အ႒မသတၱာဟ) ၇-ရက္၊ ႏွာေခါင္းျဖစ္ရန္ (နဝမသတၱာဟ) ၇-ရက္၊ လွ်ာျဖစ္ရန္ (ဒသမသတၱာဟ) ၇-ရက္၊ အစဥ္အတိုင္း ျဖစ္ေပၚလာၾက၏။ ထို႔ေနာက္ ဆံပင္ ၇-ရက္၊ ေမြးညင္း ၇-ရက္ စသည္ျဖင့္ သတၱာဟေပါင္း ၃၂-ခုတို႔သည္ အစဥ္အတိုင္း ျဖစ္ေပၚလာၾကကုန္၏။ အသံကိုျပဳႏိုင္သည့္အခါမွစ၍ သဒၵနဝက ကလာပ္ ျဖစ္ေပၚလာ၏။

## ၄၂-သတၱာဟ ရက္ေပါင္း ၂၉၄-ရက္

ဤဆိုအပ္ခဲ့ၿပီးေသာ သတၱာဟ အစဥ္အားျဖင့္ အမိဝမ္းတြင္းရွိ သားသူငယ္တို႔၏ကိုယ္သည္ ကံ-ဦးစီးေသာ စိတ္ ဥတု အာဟာရတို႔က ျပဳျပင္ေပးသျဖင့္ တေရြ႕တေရြ႕ တစ တစ တျဖည္းျဖည္းခ်င္း ႀကီးပြားလာၾက၍ သတၱာဟေပါင္း ၄၂-ခု ရက္ေပါင္း ၂၉၄-ရက္၊ လေပါင္း ၉-လႏွင့္ ၂၄-ရက္၊ ၁၀-လျပည့္ရန္ ၆-ရက္သာလိုေတာ့၍ ဦးနကသခ်ၤာအရ ၁၀-လအျပည့္ထား၊ ေမြးဖြားခ်ိန္က်၍ ေျခ, လက္, ဦးေခါင္း, ဆံပင္, ေမြးညင္းစေသာ အမိဝမ္းတြင္း၌ ျဖစ္ထိုက္ေသာ ေကာ႒ာသမ်ား (ဝါ) အမ်ားစုမ်ား၊ အာယတန မခ်ိဳ႕လွ်င္ အျပည့္အစုံ ျဖစ္ၾကၿပီးျဖစ္၍ အမိအစာေဟာင္းအိမ္ကို ထိုင္၊ အမိအစာသစ္အိမ္ကို ဦးေခါင္း၌ရြက္ထား၊ ဒူးႏွစ္ဘက္ကိုေထာင္ထား၊ ဒူးေပၚမွာ ေမးကိုတင္၊ ေမးေအာက္မွာ လက္ႏွစ္ဘက္ကိုဆုပ္ထား သစ္ေခါင္းၾကားမွာ ထိုင္ေနေသာ ေမ်ာက္ကဲ့သို႔ ျဖစ္ေနရေတာ့သည္ဟု သိမွတ္ပါေလ။ ထို႔ေၾကာင့္ပင္ "စာေဟာင္း စာသစ္၊ ေအာက္ထက္ဝန္းရံ"စသည္ကို အထက္၌ ျပဆိုခဲ့ၿပီ။

## ဣန္ဒကဘီလူး

ဤလိုဤပုံ ဘယ်သူမပြု မိမိမှု ဆိုတဲ့အတိုင်း(အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ-အာဟာရ)ဤ အကြောင်းတရား ငါးပါးတို့ကြောင့်သာ ဖြစ်ပေါ်လာကြတဲ့ (ရုပ်-ဝေဒနာ သညာ-သင်္ခါရ-ဝိညာဏ်)ဆိုတဲ့ ခန္ဓာငါးပါး အကျိုးတရားတို့ကို ဘာမှမသိရှာသော ဣန္ဒကဘီလူးသည် မြတ်စွာဘုရားအား လျှောက်ထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်—

ရူပံ န ဇီဝန္တိ ဝဒန္တိ ဗုဒ္ဓါ၊ ကထံ နွယံ ဝိန္ဒတိမံ သရီရံ။
ကုတဿ အဋ္ဌိယကပိဏ္ဍမေတိ၊ ကထံ နွယံ သဇ္ဇတိ ဂဗ္ဘရသ္မိံ—

ဟု ယက္ခသံယုတ်၌ ဟောသားပါသည်။

(ယက္ခသံယုတ်)

ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ဘန္တေ၊ မြတ်စွာဘုရား။ ရူပံ၊ ရုပ်ကို။ ဇီဝန္တိ၊ အသက်ဟူ၍ (ဝါ) ပုဂ္ဂိုလ်သတ္တဝါကောင်ဟူ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ န ဝဒန္တိ၊ ဟောတော်မမူကြပါကုန်။ အထ၊ ထိုသို့ ရုပ်ကို အသက်ဟု (ဝါ) ပုဂ္ဂိုလ်သတ္တဝါကောင်ဟု မဟောသည်ရှိသော်။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ အယံ သတ္တော၊ ဤသတ္တဝါသည်။ ဣမံသရီရံ၊ ဤခန္ဓာကိုယ်ကြီးကို။ ဝိန္ဒတိနု၊ ရရှိပါသနည်း (ဝါ) ဘယ်က ရရှိပါသလဲ။ အဿ၊ ထိုသတ္တဝါ၏။ အဋ္ဌိ၊ သုံးရာသောအရိုးသည်လည်းကောင်း။ ယကပိဏ္ဍံ၊ ကိုးရာသော အသားဆိုင် အသားခဲသည် လည်းကောင်း။ ကုတော၊ အဘယ်အရပ်မှ။ ဧတိ၊ လာခဲ့ပါသနည်း။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ အယံ သတ္တော၊ ဤသတ္တဝါသည်။ ဂဗ္ဘရသ္မိံ၊ အမိဝမ်းတိုက်၌။ သဇ္ဇတိ နု၊ ကပ်လာ, ငြိလာ, တည်နေလာပါသနည်း။ ဣတိ၊ ဤသို့။ အဇ္ဈဘာသိ၊ သိလိုရေးကြောင့် မေးလျှောက်ဖူးလေ၏။

မှတ်ချက်။ ။ဤ—ဣန္ဒက ဘီလူးသည်ကား အတ္တ သတ္တ သက္ကာယဒိဋ္ဌိ အယူများရှိနေ၍ အဝိဇ္ဇာ, တဏှာ, ကံ စသော အကြောင်းကြောင့် ဖြစ်သော ရုပ်, နာမ်, ခန္ဓာ အကျိုးတရား၊ အကြောင်းနှင့် အကျိုးသာ ဖြစ်သည်ကို (ဝါ) အဖြစ်မှန်ကို မသိရှိသောကြောင့် ဤသို့ မေးမြန်း လျှောက်ထားခြင်း ဖြစ်လေသည်၊

ထိုအခါ ဘုရားမြတ်စွာက—

၁။ ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိ စ။

၂။ ယဉ္စ'ဿ ဘုဉ္စတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊ မာတုကုစ္ဆိဂတော နရော—

ဟု ဟောတော်မူ၏။

(ယက္ခသံယုတ်ပါဠိ)

**အနက်ကား—**

၁။ အာဝုသော ဣန္ဒက၊ ငါ့ရှင်ဣန္ဒကဘီလူး။ ပဌမံ၊ ရှေးဦးစွာ။ ကလလံ၊ ကလလရေကြည်ရုပ်သည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။ ကလလာ၊ ကလလရေကြည်ရုပ်မှ။ သတ္တာဟစ္စယေန၊ ၇-ရက်လွန်သဖြင့်။ အဗ္ဗုဒံ၊ အမြှုပ်ရုပ်နှသည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။ အဗ္ဗုဒါ၊ အမြှုပ်မှ၊ သတ္တာဟစ္စယေန၊ ၇-ရက်ကိုလွန်သဖြင့်။ ပေသိ၊ အမြှုပ်ရင့်သားတစ်သည်။ ဇာယတေ၊ ဖြစ်သွား၏။ ပေသိ၊ သားတစ်မှ။ သတ္တာဟစ္စယေန၊ ၇-ရက်လွန်သဖြင့်။ ဃနော၊ အသားခဲသည်။ နိဗ္ဗတ္တတိ၊ ဖြစ်သွားပြန်၏။ ဃနာ၊ အသားခဲမှ။ သတ္တာဟစ္စယေန၊ ၇-ရက်လွန်သဖြင့်။ ပသာခါ၊ ခြေနှစ်ချောင်း လက်နှစ်ချောင်း ဦးခေါင်းတလုံး ခေါ်သော ခက်မငါးဖြာတို့သည်။ ဇာယန္တိ၊ တသတ္တာဟပြီး တသတ္တာဟ ဖြစ်ပေါ်လာကြကုန်၏။ အထော၊ ထိုနောင်မှ။ ကေသာ၊ ဆံပင်သတ္တာဟတို့သည်လည်းကောင်း။ လောမာ၊ မွေးညင်းသတ္တာဟတို့သည်လည်းကောင်း။ နခါ၊ ခြေသည်း လက်သည်း သတ္တာဟတို့သည်လည်းကောင်း။ ကမာ၊ အစဉ်အတိုင်း။ ဇာယန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။

၂။ အဿ၊ ထိုသားသူငယ်၏။ မာတာ၊ အမိသည်။ ယဉ္စ အန္နံ၊ အကြင်ထမင်းကိုလည်းကောင်း။ ယဉ္စ ပါနံ၊ အကြင်အဖျော်ကို လည်းကောင်း။ ယဉ္စ ဘောဇနံ၊ အကြင်ဘောဇဉ်ကိုလည်းကောင်း။ ဘုဉ္စတိ၊

စား၏။ တေနှ၊ ထိုအမိစားသောက်သော ထမင်း, အဖျော်, ခဲဖွယ် ဘောဇဉ်ဖြင့်။ မာတုကုစ္ဆိဂတော၊ အမိဝမ်းသို့ ရောက်၍ တည်နေသော။ သော နရော၊ ထိုသတ္တဝါသည်။ တတ္ထ၊ ထိုအမိဝမ်းတွင်း၌။ ယာပေတိ၊ မျှတ၍ နေနိုင်၏။

ဤလို ဤပုံ ရုပ်ကလာပ်တို့သည် အမိဝမ်းတွင်း၌ ပဋိသန္ဓေ တည်နေ သည့်ဂ အစဉ်အားဖြင့် ကမ္ဘေတမ္ဘေ တစထက်တစ တိုးတက်ကြီးပွား လာကြ၍ ဇာတိနိယာမ, ဓမ္မနိယာမအားဖြင့် လူလည်း လူမျှလောက် ဆင်လည်း ဆင်မျှလောက် ကြီးပွားလာကြပြီးလျှင် အသက်တရာတန်း၌ လူတို့မှာ နှစ်ပေါင်း ၅၀၊ ၆၀-ကျော်လျှင် နိယာမဓမ္မတာ အားဖြင့် အစား, အသောက်, ကံ, စိတ်, ဥတု ဟူသော ရုပ်ဖြစ်ကြောင်း တရားတို့သည် ဆုတ်ယုတ်လျော့ပါးလာသဖြင့် ဖြစ်သော ရုပ်ကလာပ်နှင့် ပျက်သော ရုပ်ကလာပ်တို့သည် မတူမျှကြတော့ပဲ အဖြစ်ကနည်း အပျက်က များများလာသဖြင့် အလုံးအရပ်တို့သည် မတိုးတက်တော့ပဲ တစထက် တစ ဆံဖြူသွားကျိုး ဆိုးဆိုးရွားရွား အိုမင်းရင့်ရော် သေနာပေါ်လာ၍ တဘာဝဖြင့် ပိုင်းခြားအပ်သော (သမ္မုတိမရဏ) ခေါ်သော သေခြင်း အဆုံးသို့ ရောက်ရလေတော့သည်။

## ဒိဋ္ဌိဝိသုဒ္ဓိ

ဤလိုဖြစ်ခြင်းသည်လည်း ပုဂ္ဂိုလ်သတ္တဝါတို့၏ ပဋိသန္ဓေနေခြင်း, မွေးခြင်း, သေခြင်း မဟုတ်ပေ၊ အစစ်အမှန်မှာ တဘာဝဖြင့် ပိုင်းခြား အပ်သော အဝိဇ္ဇာ စသော အကြောင်းတရားတို့၏ ကံအရှိန်အဟုန် တို့ကြောင့် ဖြစ်ကြရပြီးလျှင် အဆိုပါ ကံအရှိန်အဟုန်တို့၏ ကုန်ခြင်း ကြောင့် ရုပ်, နာမ် ခန္ဓာဟူသော အကျိုးတရားတို့၏ ကုန်ဆုံးချုပ်ပျောက် ခြင်းမျှသာ ဖြစ်သည်ဟု အဖြစ်အပျက်မှန်ကို သိ၍ အသိမှန် အမြင်မှန် အယူမှန်ကို ယူနိုင်မှသာ အဆိုပါ ပုဂ္ဂိုလ် သတ္တဝါတို့၏ မွေးခြင်း, သေခြင်းဟု ယူမှားသော အတ္တ, သတ္တ, သက္ကာယဒိဋ္ဌိ အညစ်အကြေးများ တစတစ စင်ကြယ်သွားသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံနိုင်မည်ဟု သိမှတ်ပါလေ။

## ၄၂-ရပ် ဓာတ်, ပရမတ်

တနည်းဆိုသော်–ကာမ, ရူပ, အရူပ ခေါ်သော ဘုံသုံးပါးတို့၌ ဘုံသို့ လိုက်၍ ပုဂ္ဂိုလ် သတ္တဝါဟု လောကဝေါဟာရအားဖြင့် ခေါ်ဆိုကြသော်လည်း ပညတ်မျှသာ ဖြစ်သည်။ အဟုတ်အမှန် ဖြစ်သည် ရှိသည်တို့မှာ ၄၂-ပါးသော ဓာတ်, ပရမတ်တို့သာ ဖြစ်ကြသည် ရှိကြသည်ဟု ပြခြင်းငှါ သစ္စသင်္ခေပကျမ်းလာ ဒွါစတ္တာလီသ မနသိကာရရှုနည်းကို ပြဆိုဦးအံ့။

၁။ ကေသာဒိမတ္ထလုင်္ဂန္တာ၊ ပထဝံသာတိ ဝီသတိ။
ပိတ္တာဒိမုတ္တကန္တာ တော၊ ဇလံသာ ဒွါဒသီရိတာ ။ပ။

၂။ သောကပဥ္စသတံ ကာယေ၊ သဟာသံ တံ ပဝတ္တတိ။
ပရိပုဏ္ဏိန္ဒြိယေ ရူပံ၊ နိပ္ဖန္နံ ဓာတုဘေဒတော။

(သစ္စသံခိပ်)

၁။ ကေသာဒိ၊ ဆံပင် အစရှိကုန်သော။ မတ္ထလုင်္ဂန္တာ၊ ဦးနှောက် အဆုံးရှိကုန်သော။ တေ ဝီသတိ၊ ထို ၂၀-သော အစုတို့ကို။ ပထဝံသာတိ၊ ပထဝီဓာတ် လွန်ကဲသော အစုတို့ဟူ၍။ ဤရိတာ၊ မိန့်ဆိုအပ်ကုန်၏။ ပိတ္တာဒိ၊ သည်းခြေ အစရှိကုန်သော။ မုတ္တကန္တာ၊ ကျင်ငယ်အဆုံးရှိကုန်သော။ တေ ဒွါဒသ၊ ထိုတဆယ့်နှစ်ပါးသော အစုတို့ကို။ ဇလံသာဣတိ၊ အာပေါလွန်ကဲသော အစုတို့ဟူ၍။ ဤရိတာ၊ မိန့်ဆိုအပ်ကုန်၏။

၂။ ပရိပုဏ္ဏိန္ဒြိယေ၊ ပြည့်စုံသော ဣန္ဒြေရှိသော။ ကာယေ၊ ရုပ်ကာယ၌။ နိပ္ဖန္နံ၊ ကံစသော အကြောင်းတို့သည် ပြီးစေအပ်သော။ ရူပံ၊ ရုပ်သည်။ ဓာတုဘေဒတော၊ ဓာတ်အပြားအားဖြင့်။ သောကပဥ္စသတံ၊ တခုနှင့်တကွ ငါးရာသည်လည်းကောင်း။ ဝါ၊ ငါးရာ့တစ်သည်လည်းကောင်း။သဟာသန္တံ၊ တထောင်အဖို့ ရှိသည်လည်းကောင်း။ (ဝါ) တထောင်ငါးရာ တခုသည်လည်းကောင်း။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တတိ၊ ဖြစ်၏။

ဤလို ဤပုံ သစ္စာသင်္ခေပကျမ်း၌ ၁၃-ဂါထာ ဖော်ပြထားပါသည်။ ဤ၌ကား အစနှင့်အဆုံးကို ဖော်ပြလိုက်ပါသည်။ အပြည့်အစုံ အလို ရှိပါက ဖော်ပြထားသောကျမ်း၌ ကြည့်ရှုပါလေ။

## ပထဝီဓာတ် ၂၀

**အဓိပ္ပာယ်ကား—**

၁။ ပထဝီဓာတ်သည် သက်ရှိပထဝီ, သက်မဲ့ပထဝီဟု နှစ်မျိုးရှိရာ သက်မဲ့ပထဝီမြေကြီးသည် ပထဝီလွန်ကဲသောအစုဖြစ်၍ (ပထဝီဓာတ်)ဟု ခေါ်ဆိုရသကဲ့သို့၊ ထို့အတူ သက်ရှိသတ္တဝါတို့၌ တည်ရှိသော ဆံပင်အစ, ဦးနှောက်အဆုံး ရှိသော ၂၀-သော အစုတို့ကိုလည်း (ပထဝီဓာတ်)ဟူ၍ ခေါ်ဆိုသမုတ်အပ်၏ဟု ဆိုလိုခြင်းဖြစ်သည်။

## အာပေါဓာတ် ၁၂-ပါး

၂။ သက်မဲ့ဖြစ်သော ရေသည် အာပေါလွန်ကဲသော အစု ဖြစ်၍ (အာပေါဓာတ်) ဟု ခေါ်ဆိုရသကဲ့သို့၊ ထို့အတူ သက်ရှိသတ္တဝါတို့၌ တည်ရှိသော သည်းခြေအစ ကျင်ငယ်အဆုံးရှိသော ၁၂-ပါးသော အစု တို့ကိုလည်း (အာပေါဓာတ်)ဟု ခေါ်ဝေါ်သမုတ်အပ်ကုန်၏ဟု ဆိုလိုခြင်း ဖြစ်သည်။

## တေဇောဓာတ် ၄-ပါး

၃။ သက်မဲ့ဖြစ်သော မီးသည် တေဇောလွန်ကဲသော အစုဖြစ်၍ (တေဇောဓာတ်) ဟု ခေါ်ဆိုရသကဲ့သို့၊ ထို့အတူ သက်ရှိသတ္တဝါတို့၌ အရက်ချန် (ခြာ) ဖျားနာခြင်း သန္တပ္ပနတေဇော၊ အပူမကျ ဖျားခြင်း ဒဟနတေဇော၊ ဆံဖြူ သွားကျိုးခြင်း စသော ဇီရဏတေဇော၊ အစာ အာဟာရကို ကြေညက်စေတတ်သော ပါစကတေဇော၊ ဤ ၄-ပါးသော တေဇောအစုတို့ကိုလည်း(တေဇောဓာတ်)ဟုခေါ်ဝေါ်သမုတ်အပ်ကုန်၏။

## ဝါယောဓာတ် ၆-ပါး

၄။ သက်မဲ့ဖြစ်သော လေသည် ဝါယောလွန်ကဲသော အစုဖြစ်၍ (ဝါယောဓာတ်)ဟု ခေါ်ဆိုရသကဲ့သို့၊ ထို့အတူ သက်ရှိသတ္တဝါတို့၌ တည်ရှိသော အထက်သို့ အန်တက်သောလေ=ဥဒ္ဓင်္ဂမဝါယော၊ အောက်သို့ စုံဆင်းသောလေ=အဓောဂမဝါယော၊ ဝမ်းတွင်း၌ တည်သောလေ= ကုစ္ဆိဋ္ဌဝါယော၊ အူတွင်း၌တည်သောလေ=ကောဋ္ဌာသယဝါယော၊ အင်္ဂါကြီးငယ်၌ လျှောက်သွားသောလေ=အင်္ဂမင်္ဂါနုသာရိဝါယော၊ ထွက်သက်ဝင်သက်ဖြစ်သောလေ=အဿာသပဿာသဝါယော။ ဤခြောက်ပါးသော ဝါယောအစုတို့ကိုလည်း(ဝါယောဓာတ်)ဟု ခေါ်ဝေါ်သမုတ်အပ်ကုန်၏။

## ဒိဋ္ဌိဝိသုဒ္ဓိ

ဆိုလိုရင်းမှာ—အဆိုပါ ပထဝီဓာတ် ၂၀၊ အာပေါဓာတ် ၁၂-ပါး၊ တေဇောဓာတ် ၄-ပါး၊ ဝါယောဓာတ် ၆-ပါး၊ ပေါင်း ၄၂-ပါးသော ဓာတ်ပရမတ်တွေဟာ ပုဂ္ဂိုလ်သတ္တဝါများ လုံးဝမဟုတ်မမှန်ကြပါ၊ ဓာတ်ပရမတ်များသာ ဟုတ်မှန်ပါသည်။ ထို ၄၂-ပါးသော ဓာတွေထဲမှာ ပုဂ္ဂိုလ်သတ္တဝါများ လုံးဝမပါ လုံးဝမရှိ။ အဘယ်ကြောင့်ဆိုသော် ပုဂ္ဂိုလ်သတ္တဝါဆိုသည်ကား ပညတ်အဟုတ်မရှိတဲ့တရား၊ ၄၂-ပါးသော ဓာတ်ဆိုသည်ကား ပရမတ်·အဟုတ်ရှိတဲ့တရား။ ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်ကျော်ဖေ ပါ၊ ၄၂-ပါးသောဓာတ်ဆိုတဲ့ ပရမတ်ပေါက်အောင် အသိမှန်သိ အမြင်မှန် မြင်၍ အယူမှန်ကို ယူနိုင်ကြမှသာ ဓာတ်ပေါ် ပရမတ်ပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါဟု အထင်မှား အမြင်မှား အယူမှား ဒိဋ္ဌိအညစ်အကြေးများ ကင်းဝေး စင်ကြယ် သွားသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံနိုင်ကြပေမည်။

## ငါး·ထမ်းရွက်စပ်-ကျိုး-ကေန်းဥပမာ

တနည်းဆိုသော်—ယထာ ဇစ္စန္ဓော စ ပီဌသပ္ပိစ ဒိသာပက္ကမိတုကာမာ အဿု-စသည်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာစသည်တို့မှာ လာရှိသည်

နှင့်အညီ ဝမ်းတွင်းကျိုး ကျိုးနှင့် ဝမ်းတွင်းကန်း ကန်း၊ ထိုသူ နှစ်ယောက်တို့သည် တခုသောနေရာ၌ တွေ့ဆုံမိကြရာ ကန်းက ကျိုးကို ပြောဆိုသည်မှာ–

မိတ်ဆွေမောင်းကျိုး– ငါသည် သွားခြင်းငှာ စွမ်းနိုင်ပါ၏။ သို့သော် လမ်းခရီးကို မြင်စွမ်းနိုင်သောမျက်စိကား ငါ့မှာ မရှိပါဟု ပြောဆို၏။

ထိုအခါ ကျိုးက ပြန်၍ပြောဆိုသည်မှာ–

မိတ်ဆွေမောင်ကန်း–ငါကား လမ်းခရီးကို မြင်စွမ်းနိုင်သော မျက်စိကားရှိပါ၏။ သို့သော် လမ်းခရီးကို သွားစွမ်းနိုင်သောခြေကား ငါ့မှာ မရှိပါဟု ပြောဆိုလေ၏။

ထိုအခါ ထိုကျိုးနှင့် ကန်းနှစ်ယောက်တို့သည် မျှတ်တရက်အကြံရလာကာ ကန်းက ကျိုးကို ပခုံးဖြင့်ထမ်းယူလျက် မိမိအစွမ်းဟူသော ခြေဖြင့် သွား၏။ ကျိုးကလည်း ကန်း၏ ပခုံးပေါ်မှနေ၍ "မိတ်ဆွေ လကျာဘက်သို့သွားလော့၊ ရံခါ လက်ဝဲဘက်သို့ သွားလော့" ဟု မိမိအစွမ်းဟူသော မျက်စိဖြင့် ကြည့်၍ပြောဆို၏။ ထိုအခါ ထိုကျိုးနှင့်ကန်း နှစ်ယောက်တို့သည် တရွာမှတရွာ, တမြို့မှတမြို့သို့ လှည့်လည်သွားလာ၍ တောင်းရမ်း စားသောက်ကြပြီး အသက်မွေးနိုင်ကြလေတော့သတည်း။ (ဤကား–ဥပမာ)

ဤဥပမာ၌ ကျိုးနှင့် နာမ်တရားတူ၏။ ကန်းနှင့် ရုပ်တရားတူသည်။ ကျိုးနှင့်တူသော နာမ်တရားသည် စားလို သွားလို ပြုလုပ်လို စကားပြောဆိုလိုသော အလိုဆန္ဒကား ရှိ၏။ သို့သော် စားခြင်း, သွားခြင်း, ပြုလုပ်ခြင်း, ပြောဆိုခြင်း အမှုကိုကား မပြုစွမ်းနိုင်ပေ။

ကန်းနှင့်တူသော ရုပ်တရားသည် မိမိကား စားတတ်, သွားတတ်, ပြုလုပ်တတ်, စကားပြောဆိုတတ်၏။ သို့သော် ထိုထိုအလိုဆန္ဒကိစ္စတို့၌ ကြောင့်ကြဗျာပါရကင်း၍ နှလုံးသွင်းခြင်းကား အလျှင်းမရှိပေ၊ မိမိစား

သည် သွားသည်ကိုပင် ငါစား၏၊ ငါသွား၏၊ ငါပြုလုပ်၏၊ ငါစကားပြောဆို၏ဟု လုံးဝဘာမှ မသိတတ်ပေ။

ထိုကေန်းနှင့် ကျေးတို့ နည်းအတူ ထိုရုပ်တရား နာမ်တရား နှစ်ပါးတို့သည်လည်း ရုပ်ကိုမှီ၍ နာမ်ဖြစ်ရ၏။ နာမ်ကိုမှီ၍ ရုပ်ဖြစ်ရ၏။ ငါးထမ်းရွက်စပ် ရုပ်နှင့်နာမ်ပေါင်းစပ်မိမှသာ နာမ်သည် စားလို၏။ စားလိုသော စိတ်နာမ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ်ခေါ်သော ရုပ်တရားသည် ရုပ်သေးရုပ်ကြိုးဆွဲပမာ ထမင်းခွက်အနီးသို့ဆွဲဆောင်သည်ဖြစ်၍ ထမင်းခွက်၌ လက်နှိုက်ယူခြင်း, ထမင်းလုတ်ကို ပြုခြင်း, ခံတွင်းသို့ဆောင်ခြင်း, ပါးစပ်ကိုဟခြင်း, ဖွင့်ခြင်း, ထမင်းလုတ်ကိုခံတွင်းသို့ သွင်းခြင်း, အထက်သွားတို့ကို ကျည်ပွေ့ကိစ္စ၊ အောက်သွားတို့ကို ဆုံကိစ္စပြီးစေ၍ ဝါးခြင်း, ကြိတ်ခြင်း၊ လျှာသည် လက်ကိစ္စကိုပြီးစေလျက် ဟိုဘက်ပါးစောင်, ဒီဘက်ပါးစောင်, အောက်, အထက်ပြန်လှန်ခြင်းကိစ္စ၊ အာပေါဓာတ်သည် ရေကိစ္စကိုပြီးစေ၍ စွတ်စိုစေခြင်း၊ဝါယောဓာတ်သည် ကြိတ်ဝါး၍ ညက်ပြီးသောထမင်းလုတ်ကို အစာသစ်အိမ်သို့ ပို့ဆောင်ခြင်း၊ ပထဝီဓာတ်သည် အိုးခွက်ကိစ္စကိုပြီးစေ၍ အစာသစ်အိမ်၌ တည်နေအောင် ခံထားခြင်း၊ တေဇောဓာတ်သည် မီးကိစ္စကိုပြီးစေ၍ အစာသစ် မပုပ်မသိုးရအောင် ချက်ခြင်း၊ ကျက်ပြီးသောအစာဟောင်းကို စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် တုတ် လှံတံကဲ့သို့ ကော်ထုတ်ပို့ဆောင်ခြင်းကိစ္စကို ပြီးစေ၍ အောက်ဒွါရသို့ရောက်အောင် ထုတ်ပစ်သည်ကိုပြု၍ ကျင်ကြီးတွင်းသို့ ရောက်စေ၏။ ဤစားသောက်ခြင်းမှ တပါး အခြားသော အလုပ်ကိစ္စတို့၌လည်း ထို့အတူပေတည်း။

## ဒိဋ္ဌိဝိသုဒ္ဓိ

ဤလိုဤပုံ ပြုလုပ်ကြသည်မှာ သူငါတို့၏ခန္ဓာကိုယ်ထဲမှာ အမှုကိစ္စဟူသမျှကို ပြုလုပ်ပေးတတ်သော အတ္တကောင်, အသက်ကောင်, လိပ်ပြာကောင်, ဇီဝကောင် တမျိုးသီးခြား ရှိနေတော့သည် မဟုတ်၊ အမှန်မှာ ကြိုးဆွဲသမား ဆွဲတဲ့အတိုင်း ရုပ်သေးရုပ်ကြိုး ကပြရသကဲ့သို့ ထို့တူပမာ

စိတ်နာမ်သို့တဲ့ ကြိုးဆွဲသမားက ဆွဲတဲ့အတိုင်း ရုပ်သေးရုပ်ကြီးနှင့် တူနေသော ရုပ်တရားကြီးက ဘာမဆို လုပ်ပေးနေရလေတော့သည်။

အမှန်ဟာ အလိုဆန္ဒဆိုတဲ့ နာမ်၊ အလုပ်ဆိုတဲ့ရုပ်၊ အလိုနှင့်အလုပ်၊နာမ်နှင့်ရုပ်၊ ဘာမဆို အလိုဆန္ဒဟူသမျှ နာမ်တရား။ ဘာမဆိုအလုပ်ဟူသမျှ ရုပ်တရား။ ရုပ်နာမ်ဖြစ်ပျက်အဆက်ဆက် ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်နှင့် မရောမယှက် အလွတ်သက်သက် အနိစ္စ, ဒုက္ခ, အနတ္တအစစ်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်သည်ဟု အသိမှန်အမြင်မှန် အယူမှန်ကို ယူနိုင်မှသာ ပုဂ္ဂိုလ်သတ္တဝါဟု ယူမှားသော အတ္တ–သတ္တ–သက္ကာယဒိဋ္ဌိ အညစ်အကြေးများ ကင်းဝေးစင်ကြယ်သွားသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံနိုင်ပေမည်။

ထိုမှတပါး–

ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
ကေသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။

(ဝိသုဒ္ဓိ-၂၃၀)

**အနက်ကား**–ယမကံ၊ အစုံဖြစ်သော။ နာမရူပဉ္စ၊ နာမ်တရား,ရုပ်တရားသည်လည်း။ ဥဘော၊ နာမ်ရုပ်နှစ်ပါးတို့သည်။ အညောညနိဿိတာ၊ တပါးသည် တပါးကိုမှီ၍ ဖြစ်ကြကုန်၏။ ကေသ္မိံ၊ ရုပ်တရား,နာမ်တရားနှစ်ပါးတို့တွင် တပါးပါးသည်။ ဘိဇ္ဇမာနသ္မိံ၊ ပျက်သည်ရှိသော်။ ဥဘော ပစ္စယာ၊ နှစ်ပါးသော အကြောင်းတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ကြကုန်၏။

ထို့ပြင်–

ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ ။ပ။
ဧဝံ နာမဉ္စ ရူပဉ္စ၊ ဥဘော အညောညနိဿိတာ။

ဧဝံ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တသညံ အဘိဘဝိတွာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။

(ဝိသုဒ္ဓိမဂ်)

မြန်မာပြန်**ကား**–လှေကိုမှီ၍ လူတို့သည် သမုဒ္ဒရာ၌ သွားလာကုန်သကဲ့သို့ ဤအတူသာလျှင် ရုပ်ကိုမှီ၍ နာမ်ဖြစ်သည်။ လူကိုမှီ၍ လှေသည်လည်း သမုဒ္ဒရာ၌ သွားသကဲ့သို့ ဤအတူသာလျှင် နာမ်ကိုမှီ၍ ရုပ်ဖြစ်သည်။ လူသည်လည်းကောင်း၊ လှေသည်လည်းကောင်း နှစ်ပါးစုံတို့သည်လည်း တပါးသည် တပါးကိုမှီ၍ သမုဒ္ဒရာ၌ သွားကုန်သကဲ့သို့ ဤအတူ နာမ်တရားသည်လည်းကောင်း၊ ရုပ်တရားသည်လည်းကောင်း နှစ်ပါးကုန်သော တရားတို့သည် ပဉ္စဝေါကာရဘုံတို့၌ တပါးသည် တပါးကိုမှီ၍ ဖြစ်ကြကုန်၏။

ဤသို့ အထူးထူးသောနည်းတို့ဖြင့် နာမ်ရုပ်ကို ပိုင်းခြားမှတ်သားသော ယောဂီပုဂ္ဂိုလ်အား ပုဂ္ဂိုလ်-သတ္တဝါ–သူ–ငါ–ယောကျ်ား–မိန်းမစသော သတ္တဝါဟူသော အမှတ်သညာကို၊ ဝါ၊ ပညတ်မြင် ပညတ်သိ၊ မိစ္ဆာဒိဋ္ဌိ အမှားသိကို လွှမ်းမိုးနှိပ်စက်၍(ဝါ) လွှန်မြောက်၍(ဝါ)အသိမှန်၊ အမြင်မှန်၊ အယူမှန်ကိုယူ၍ မတွေမဝေသော အရာ၌ တည်သော (ဝါ) မဖောက်မပြန် ရုပ်နှင့်နာမ်ကို သိသော အရာ၌ တည်သော နာမ်ရုပ်ကို ဟုတ်မှန်တဲ့အတိုင်း သိခြင်းမြင်ခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိဟူ၍ (ဝါ) အယူမှားစင်ကြယ်သော ယောဂီ သူမြတ်ဟူ၍ သိမှတ်အပ်၏ဟူလို။

ထိုမှတပါး သက်တော်ထင်ရှား ဘုရားလက်ထက်၌ ဝဇိရာရဟန္တာဘိက္ခုနီမသည် သာဝတ္ထိပြည်အနီး အန္ဓဝနသူကန်းတို့နေရာ တောသို့ကပ်၍ တယောက်ထီးတည်းနေတဲ့အခါ မာရ်နတ်လာ၍ အောက်ပါ ဂါထာကို ရွတ်ဆိုလေသည်–

ကေနာ ယံ ပကတော သတ္တော၊ ကုဝံ သတ္တဿ ကာရကော၊
ကုဝံ သတ္တော သမုပ္ပန္နော၊ ကုဝံ သတ္တော နိရုဇ္ဈတိ။
(သဂါထာသံယုတ်-ဝဇိရာသုတ်–၁၃၆)

မြန်မာပြန်**ကား**– ရှင်မ ဝဇိရာ ဤသတ္တဝါကို ဘယ်သူ ပြုလုပ်အပ်သနည်း။ အဘယ်သူသည် သတ္တဝါကို ပြုသနည်း။ အဘယ်ကြောင့်သတ္တဝါဖြစ်သနည်း။ အဘယ်ကြောင့် သတ္တဝါသည် သေသနည်းဟု ခြိမ်းခြောက်လိုတဲ့သဘော အနှောင့်အယှက်ပေးလိုတဲ့သဘောနှင့် လာရောက်၍ မေးလေသည်။

ယင်းအခါ ဝဇီရာရဟန္တာဘိက္ခုနီမက ပြန်၍ပြောဆိုသည်မှာ—

၁။ ကိံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

၂။ ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

၃။ ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။
(သဂါထာသံယုတ် ဝဇီရာသုတ်-၁၃၇)

**မြန်မာပြန်ကား—**

၁။ ဟယ် မာရ်နတ်— သင်မာရ်နတ်သည် မိစ္ဆာဒိဋ္ဌိ မာရ်နတ်ကြီး ဖြစ်နေပြီ၊ သင်မာရ်နတ်သည် ဘယ်တရားကို ပုဂ္ဂိုလ်သတ္တဝါဟုဆိုလိုသနည်း၊ ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါဟု ပညတ်အားဖြင့် ပြောဆိုနေကြသည်ကား ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါင်းအစု သက်သက်သာတည်း။ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အစုအပေါင်း၌ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါကို မရအပ် မရနိုင် ပညတ်မျှသာတည်း။

၂။ ဥပမာဆိုသော် ဘီး, ဝင်ရိုး, ထမ်းပိုး, လှည်းဆန်, လှည်းအိမ်ဟူသော လှည်း၏ အစိတ်အင်္ဂါနှင့် ပြည့်စုံခြင်းကြောင့် လှည်းရထားဟု ခေါ်ဝေါ် ပြောဆိုခြင်း ဖြစ်သကဲ့သို့၊ ထို့အတူ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသာ ဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ကံအားလျော်စွာ ပဋိသန္ဓေဝါကာရ ဘုံတို့မှာ ဖြစ်ပေါ်လာသည်ရှိသော် ပညတ်အားဖြင့် ပုဂ္ဂိုလ် သတ္တဝါဟု ခေါ်ဝေါ်သမုတ်ခြင်းသာဖြစ်သည်။ မှချအားဖြင့် (ဝါ) ပရမတ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိပါတကား။

၃။ လောက၌ ပရမတ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားသာရှိ၏ဟု ငါဆိုသော စကားသည် မှချကေန် စစ်စစ်မှန်၏။ လောက၌ ဖြစ်ပေါ်လာသည်ရှိသော် ဒုက္ခသစ္စာ ရုပ်, နာမ် ခန္ဓာသည်

သာလျှင် ပဋိသန္ဓေနေသောအားဖြင့် ဖြစ်၏။ ဒုက္ခသစ္စာ ရုပ်နာမ်, ခန္ဓာ သည်သာလျှင် တသက်ပတ်လုံးတည်နေ၏။ ဒုက္ခသစ္စာ ရုပ်,နာမ်ခန္ဓာသည် သာလျှင် ချုပ်၏၊ ကင်း၏၊ သေ၏၊ပျောက်၏။ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကို ချန်ထား၍ တပါးသော တရားသည် (ဝါ) ပုဂ္ဂိုလ်သတ္တဝါမည်သည် လုံးဝမဖြစ်ပေ။ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာမှ အခြားတပါးသည် သေတတ်, ပျောက်တတ်သောသူမည်သည် လုံးဝမရှိ။ တသံသရာလုံး,နိဗ္ဗာန်ကို မရ မရောက်သေးသမျှကာလပတ်လုံး ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာသာ ဖြစ်သည်၊ တည်သည်၊ ပျက်သည်။ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာမှတပါး ဖြစ်တတ်, တည် နေတတ်,သေတတ်သော ပုဂ္ဂိုလ် သတ္တဝါမည်သည် လုံးဝ မရှိပါတကားဟု ဝဇီရာ ရဟန္တာဘိက္ခုနီမကြီးက မိမိသိပိုင်ပြီးသောအရာဖြစ်၍ မကြောက် မရွံ့ နောက်မတွန့်ပဲ ရဲရဲကြီးပြောချလိုက်တဲ့အခါ မာရ်နတ်ကြီးမှာ အရေး မလှပဲ ရှုံးနိမ့်၍ ထွက်ပြေးရလေတော့သတည်း။'

ထို့ပြင်—

နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော၊
န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ။
သုညံ ဣဒံ ယန္တမိဝါဘိသင်္ခတံ၊
ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌသာဒိသော။ (ဝိသုဒ္ဓိမဂ်)

**မြန်မာပြန်ကား—** ဤလောက၌ နာမ်သည်လည်းကောင်း၊ ရုပ်သည် လည်းကောင်း ဤနာမ်ရုပ်နှစ်ပါးသာရှိ၏။ ဤနာမ်ရုပ်နှစ်ပါး၌ အမှန် အားဖြင့် ပုဂ္ဂိုလ် သတ္တဝါ လူနတ်ပြဟ္မာဆိုသည်မှာ ထင်ရှားမရှိ၊ ပညတ် မျှသာဟု သိ။ ဤနာမ်ရုပ် နှစ်ပါးသည် ပုဂ္ဂလ သတ္တ ဇီဝမှ မရှိ လုံးလုံး ဆိတ်သုဉ်း၏။ ကြိုးဖြင့်ဆွဲအပ်သော ကြိုးဆွဲသစ်သားရုပ်ကဲ့သို့ ကံ·စသော အကြောင်းတရားတို့သည် ပြုပြင်အပ်၏။ ဤနာမ်ရုပ်နှစ်ပါးသည် ဆင်းရဲ ပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ စုဆုံ၍ကျရောက်ရာ အစုအပုံမျှသာတည်း။ ပုဂ္ဂိုလ် သတ္တဝါတို့မှ မရှိ၊ လုံးလုံးဆိတ်သုဉ်းနေသောကြောင့် မြက်ထင်းတုံး ကြီးနှင့် တထပ်တသားတည်း တူနေသည်သာတည်းဟု ဆိုလိုခြင်း ဖြစ်ပေ သည်။

ယိုမှတပါး–

နာမရူပမတ္တကော ဥဒ္ဒံ အဿော သတ္တော ဝါ ပုဂ္ဂလော ဝါ
ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိတိ နိဋ္ဌံ ဂစ္ဆတိ၊ တဒါ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။
(သာရသင်္ဂဟအဋ္ဌကထာ–၁၁၀)

မြန်မာပြန်ကား–လောကဉ္ဇ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ပညတ်မဖက်၊ ပရမတ် သက်သက်ဆိုလျှင် နာမ်ရုပ်မျှမှ အထက်၌ နာမ်ရုပ်မှတပါးသော သတ္တဝါ သည်လည်းကောင်း, ပုဂ္ဂိုလ်သည်လည်းကောင်း,နတ်သည်လည်းကောင်း, ဗြဟ္မာသည်လည်းကောင်း ပရမတ်အားဖြင့် ထင်ရှားမရှိသည်ကို မရှိဟု ဆုံးဖြတ်ချက် ချနိုင်ခြင်းသို့ ရောက်၏။ ထိုအခါ ထိုအချိန်၌ ထိုသူသည် အယူမှားစင်ကြယ်တော့သည်မည်၏။ (ဝါ)ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တော့သည် မည် ၏ဟု ဆိုလိုခြင်းဖြစ်သည်။ ဤအဖြစ်မျိုးကိုရောက်အောင် ကြိုးစားပါလေ။

## မြင်အပ်သည်ကို မမြင်၊ မမြင်အပ်သည်ကို မြင်

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။
(သုတ်မဟာဝါ သတိပဋ္ဌာနသုတ်အဋ္ဌကထာ–၃၄၇)

အနက်ကား– ယံ၊ အကြင်ယောကျ်ားမိန်းမစသော ပညတ်ကို။ ပုထုဇ္ဇနော၊ အန္ဓပုထုဇဉ်သည်။ ပဿတိ၊ မဟုတ်မမှန်မိစ္ဆာဉာဏ်ဖြင့်မြင်၏။ တံ၊ ထိုမိစ္ဆာဉာဏ်ဖြင့်မြင်ခြင်းကို။ ကလျာဏောန၊ကလျာဏပုထုဇဉ်သည်။နဒိဋ္ဌံ၊ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ ကောန်ရှိ၏ဟု မမြင်။ ယံ၊ အကြင် ရုပ်, နာမ်,ခန္ဓာ,ဓာတ်,သစ္စာကို။ ကလျာဏောန၊ ကလျာဏပုထုဇဉ်သည်။ ဒိဋ္ဌံ၊ ပရမတ်အားဖြင့် ထင်ရှားရှိ၏ဟု မြင်အပ်၏။ တံ၊ ထို·ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာကို။ ပုထုဇ္ဇနေန၊ အန္ဓပုထုဇဉ် သည်။ န ပဿတိ၊ပရမတ်အားဖြင့် ထင်ရှားရှိ၏ဟု မမြင်။ အပဿံ အပဿန္တော၊ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာကို မမြင် ပရမတ် အားဖြင့် ထင်ရှားမရှိသော ယောကျ်ား မိန်းမစသော ပညတ်ကိုသာ

မြင်သော၊ မူဋ္ဌော၊ တွေဝေမိုက်ဘိ ပညာမျက်စိ ရှိ မရှိသော အန္ဓပုထုဇဉ်ကို။ မာရေန၊ တထောင့်ငါးရာ ကိလေသာမာရ်ယုတ် တဏှာဗိုလ်ချုပ်သည်။ ဗဇ္ဈတေ၊ သူပဲ့ ငါပဲ အထင်လွဲသောကြောင့် တဏှာကျော့ကွင်းဖြင့် တင်းတင်းကြီး ဖွဲ့ချည်မိလေတော့၏။ ဗဇ္ဈမာနော၊ တွယ်တာနှစ်သက်ခြင်း တဏှာကျော့ကွင်းဖြင့် တင်းတင်းကြီး ဖွဲ့ချည်မိသော အန္ဓပုထုဇဉ် လူ နတ်ဗြဟ္မာ သတ္တဝါသည်။ န မုစ္စတိ၊ အို နာ သေရေး ဒုက္ခဘေးတွေနှင့် ရောထွေးနေတဲ့ သံသရာ ဝဋ်ဆင်းရဲကြီးထဲမှ ဘယ်ဘဝ-ဘယ်ကမ္ဘာ-ဘယ်အခါမှ မကျွတ် မလွတ် မထွက်မြောက်နိုင်တော့သည်သာတည်း။

## ဒိဋ္ဌိဝိသုဒ္ဓိ

နာမရူပတော အညော ပရမတ္ထတော သတ္တော ဝါ အတ္တာ ဝါ နတ္ထီတိ ဒဿနတော သမ္မာ ပဿတီတိ ဒိဋ္ဌိ စ ဟောတိ အတ္တသတ္တဒိဋ္ဌိမလဝိသောဓနတော ဝိသုဒ္ဓိ စာတိ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။
(ဝိသုဒ္ဓိမဂ်)

**အနက်ကား—** နာမရူပတော၊ နာမ်ရုပ်မှ။ အညော၊ အခြားတပါးသော။ ပရမတ္ထတော၊ ပညတ်မဖက် ပရမတ်သက်သက်အားဖြင့်။ သတ္တော ဝါ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာသည်လည်းကောင်း။ အတ္တာ ဝါ၊ ပြုလုပ်တတ်သော ကာရကအတ္တ၊ ခံစားတတ်သောဝေဒကအတ္တ၊ မိမိအလိုသို့ လိုက်စေနိုင်သော သယံဝသီအတ္တ၊ အိမ်ပိုင်ရှင် သဖွယ် ဖြစ်သော နိဝါသီအတ္တမျိုးသည်လည်းကောင်း။ နတ္ထိ၊ နာမ်ရုပ်မှတပါး လုံးဝမရှိတော့ပြီ၊ ဣတိ၊ ဤသို့။ ဒဿနတော၊ အသိမှန် အမြင်မှန် ယထာဘူတဉာဏ်ဖြင့် သိမြင်တတ်သောကြောင့်။ သမ္မာ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ ပဿတိ၊ သိတတ်မြင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အတ္တသတ္တဒိဋ္ဌိမလဝိသောဓနတော၊ သူကောင်, ငါကောင်, အတ္တကောင်, သတ္တဝါကောင်ရှိ၏ဟု ယူမှားသော ဒိဋ္ဌိအညစ်အကြေးစင်ကြယ်သွားသောကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓိ စ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ

ထိုမှတပါး–

နာမရူပမတ္တတော ဉဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ
ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိတိ နိဋ္ဌံ ဂစ္ဆတိ၊ တဒါ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။
(သာရသင်္ဂဟအဋ္ဌကထာ–၁၁၀)

မြန်မာပြန်ကား–လောကဥ္စ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ပညတ်မဖက်၊ ပရမတ်သက်သက်ဆိုလျှင် နာမ်ရုပ်မျှမှ အထက်၌ နာမ်ရုပ်မှတပါးသော သတ္တဝါသည်လည်းကောင်း, ပုဂ္ဂိုလ်သည်လည်းကောင်း,နတ်သည်လည်းကောင်း, ဗြဟ္မာသည်လည်းကောင်း ပရမတ်အားဖြင့် ထင်ရှားမရှိသည်ကို မရှိဟု ဆုံးဖြတ်ချက် ချနိုင်ခြင်းသို့ ရောက်၏။ ထိုအခါ ထိုအချိန်၌ ထိုသူသည် အယူမှားစင်ကြယ်တော့သည်မည်၏။ (ဝါ)ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တော့သည် မည်၏ဟု ဆိုလိုခြင်းဖြစ်သည်။ ဤအဖြစ်မျိုးကိုရောက်အောင် ကြိုးစားပါလေ။

## မြင်အပ်သည်ကို မမြင်၊ မမြင်အပ်သည်ကို မြင်

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။
(သုတ်မဟာဝါ သတိပဋ္ဌာနသုတ်အဋ္ဌကထာ–၃၄၇)

အနက်ကား– ယံ၊ အကြင်ယောကျ်ားမိန်းမစသော ပညတ်ကို။ ပုထုဇ္ဇနော၊ အန္ဓပုထုဇဉ်သည်။ ပဿတိ၊ မဟုတ်မမှန်မိစ္ဆာဉာဏ်ဖြင့်မြင်၏။ တံ၊ ထိုမိစ္ဆာဉာဏ်ဖြင့်မြင်ခြင်းကို။ ကလျာဏောနေ၊ကလျာဏပုထုဇဉ်သည်။နဒိဋ္ဌံ၊ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ ကောန်ရှိ၏ဟု မမြင်။ ယံ၊ အကြင် ရုပ်, နာမ်,ခန္ဓာ,ဓာတ်,သစ္စာကို။ ကလျာဏောန၊ ကလျာဏပုထုဇဉ်သည်။ ဒိဋ္ဌံ၊ ပရမတ်အားဖြင့် ထင်ရှားရှိ၏ဟု မြင်အပ်၏။ တံ၊ ထိုပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာကို။ ပုထုဇ္ဇနေန၊ အန္ဓပုထုဇဉ်သည်။ န ပဿတိ၊ပရမတ်အားဖြင့် ထင်ရှားရှိ၏ဟု မမြင်။ အပဿံ အပဿန္တော၊ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာကို မမြင် ပရမတ်အားဖြင့် ထင်ရှားမရှိသော ယောကျ်ား မိန်းမစသော ပညတ်ကိုသာ

မြင်သော။ မူဋ္ဌော၊ တွေဝေမိုက်ဘိ ပညာမျက်စိ ရှိ,မရှိသော အန္ဓပုထုဇဉ်ကို။ မာရေန၊ တထောင့်ငါးရာ ကိလေသာမာရ်ယုတ် တဏှာဗိုလ်ချုပ်သည်။ ဗဇ္ဈတေ၊ သူပဲ့ ငါပဲ့ အထင်လွဲသောကြောင့် တဏှာကျော့ကွင်းဖြင့် တင်းတင်းကြီး ဖွဲ့ချည်မိလေတော့၏။ ဗဇ္ဈမာနော၊ တွယ်တာနှစ်သက်ခြင်း တဏှာကျော့ကွင်းဖြင့် တင်းတင်းကြီး ဖွဲ့ချည်မိသော အန္ဓပုထုဇဉ် လူနတ်ဗြဟ္မာ သတ္တဝါသည်။ န မုစ္စတိ၊ အို, နာ, သေရေး ဒုက္ခဘေးတွေနှင့် ရောထွေးနေတဲ့ သံသရာ ဝဋ္ဋဆင်းရဲကြီးထဲမှ ဘယ်ဘဝ- ဘယ်ကမ္ဘာ-ဘယ်အခါမှ မကျွတ် မလွတ် မထွက်မြောက်နိုင်တော့သည်သာတည်း။

## ဒိဋ္ဌိဝိသုဒ္ဓိ

နာမရူပတော အညော ပရမတ္ထတော သတ္တော ဝါ အတ္တာ ဝါ နတ္ထီတိ ဒဿနတော သမ္မာ ပဿတီတိ ဒိဋ္ဌိ စ ဟောတိ အတ္တသတ္တဒိဋ္ဌိမလဝိသောဓနတော ဝိသုဒ္ဓိ စာတိ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။
(ဝိသုဒ္ဓိမဂ်)

**အနက်ကား—** နာမရူပတော၊ နာမ်ရုပ်မှ။ အညော၊ အခြားတပါးသော။ ပရမတ္ထတော၊ ပညတ်မဖက် ပရမတ်သက်သက်အားဖြင့်။ သတ္တော ဝါ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာသည်လည်းကောင်း။ အတ္တာ ဝါ၊ပြုလုပ်တတ်သော ကာရကအတ္တ၊ခံစားတတ်သောဝေဒကအတ္တ၊ မိမိအလိုသို့ လိုက်စေနိုင်သော သယံဝသီအတ္တ၊ အိမ်ပိုင်ရှင် သဖွယ် ဖြစ်သော နိဝါသီအတ္တမျိုးသည်လည်းကောင်း။ နတ္ထိ၊ နာမ်ရုပ်မှတပါး လုံးဝမရှိတော့ပြီ။ ဣတိ၊ ဤသို့။ ဒဿနတော၊ အသိမှန် အမြင်မှန် ယထာဘူတဉာဏ်ဖြင့် သိမြင်တတ်သောကြောင့်။ သမ္မာ၊မဖောက်မပြန်ဟုတ်မှန်စွာ။ ပဿတိ၊ သိတတ်မြင်တတ်၏။ ဣတိ တသ္မာ၊ထို့ကြောင့်။ ဒိဋ္ဌိ၊သမ္မာဒိဋ္ဌိမည်သည်လည်း။ ဟောတိ၊ဖြစ်၏။ အတ္တသတ္တဒိဋ္ဌိမလဝိသောဓနတော၊ သူကောင်, ငါကောင်, အတ္တကောင်, သတ္တဝါကောင်ရှိ၏ဟု ယူမှားသော ဒိဋ္ဌိအညစ်အကြေးစင်ကြယ်သွားသောကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓိ စ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ

ကလွှာ၊ ယိုနှစ်ပါးစုံသော သတ္တ်ကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ဒအဆိုပါ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံအောင် ကြိုးစားပါလေ။

**မှတ်ချက်။** ။ယခုသာမည်အကျဉ်းပြဆိုခဲ့ပြီးသော ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ ယောဂီပုဂ္ဂိုလ်အားလုံးနှင့်သက်ဆိုင်သော ကျမ်းဂန်နည်းကျကျ-ဆရာနည်း ရရ ဖွင့်ပြသော အခန်းဖြစ်လေသည်။

## နာမရူပပရိစ္ဆေဒဉာဏ်

၁။ ယောဂီပုဂ္ဂိုလ်သည် အာနာပါနယောဂီပုဂ္ဂိုလ်ဖြစ်၍ အဿုတဝါ ဖြစ်လျှင် တစိတ်တအာရုံတည်းဖြစ်နေတဲ့ ဥပစာရသမာဓိသို့ ရောက်နေတဲ့ အခါ ဤထွက်သက်ဝင်သက်အာရုံကား ရုပ်တရား၊ ဤထွက်သက်ဝင်သက် အာရုံကို အာရုံပြုနေတဲ့ စိတ်စေတသိက်ကား နာမ်တရား။ ဤရုပ်နာမ်က အပို တရားကိုအားထုတ်တတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိ။ ဤရုပ်နာမ်မျှသာ ရှိ၏ဟု ရုပ်နာမ်နှစ်ပါးတို့ကို ပိုင်းခြား၍ သိမှတ်ပါလေ။(ဤကား နာမရူပ-ပရိစ္ဆေဒဉာဏ်တည်း)

ထိုအာနာပါနယောဂီပုဂ္ဂိုလ်သည် သုတဝါယောဂီပုဂ္ဂိုလ်ဖြစ်လျှင် ဤ ထွက်သက်ဝင်သက်တို့သည် အဘယ်ကိုမှီ၍ဖြစ်ကုန်သနည်းဟု စူးစမ်းဆင် ခြင်သည်ရှိသော် ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကုန်၏ဟု သိမြင်လေ၏။ ဝတ္ထု ရုပ်ဆိုသည်ကား ကရဇကာယတည်း။ ကရဇကာယဆိုသည်ကား လေးပါး သောမဟာဘုတ်, ထို-မဟာဘုတ်ကိုမှီ၍ဖြစ်သော ဥပါဒါရုပ်တို့ပေတည်းဟု သိမြင်၍ ဤထွက်သက်ဝင်သက်နှင့် တကွ ဝတ္ထု, ကရဇကာယ, မဟာဘုတ်, ဥပါဒါရုပ်တို့သည်ကား ရုပ်တရားတို့ပေတည်း။ထိုရုပ်လျှင် အာရုံရှိကုန်သော နှာခေါင်းကာယနှင့် ဂါယောဖောဋ္ဌဗ္ဗတို့ တွေ့ထိကြတဲ့အခါ တွေ့ထိတဲ့-ဖဿ၊ ခံစားတဲ့-ဝေဒနာ၊ မှတ်သားတဲ့-သညာ၊ စေ့ဆော်တဲ့-စေတနာ၊ သိတဲ့ဝိညာဏ်၊ ဤ-ဖဿပဉ္စကတရား ငါးပါးတို့သည်ကား—နာမ်တရားတို့ ပေတည်း။ ဤရုပ်နာမ်က အပို ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤရုပ်နာမ်မျှသာ ရှိ၏ဟု ရုပ်နာမ်နှစ်ပါးတို့ကို ပိုင်းခြား၍ သိမှတ်ပါလေ။

(ဤကား-နာမရူပပရိစ္ဆေဒဉာဏ်အရာတည်း)

၂။ ယောဂီပုဂ္ဂိုလ်သည် ဟာယဂတာသတိ ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် ထိုးစံအတိုင်း တစ်ိတ်တဖောာရုံတည်းဖြစ်နေတဲ့ ဉပစာရသမာဓိဥ ရပ်တည်၍ ဤဆံပင် မွေးညင်း စသည်ဖြင့် တပါးပြီးတပါး ပြောင်းကာရှေ့ကာ သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်း၍ နေသည်ကား သူငါမဟုတ် သတိနှင့်ယှဉ်သောစိတ်ဖြစ်၍ နာမ်တရားတည်း။ ဤ-နာမ်တရား၏မှီရာ ဝတ္ထုရုပ်-ကရဇကာယ-မဟာဘုတ်-ဉပါဒါရုပ်တို့ကား ရုပ်တရားတည်း။ ဤရုပ်နာမ်ကအပို ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ဤရုပ်နာမ်မျှသာ ရှိ၏ဟု ရုပ်နာမ်တို့ကို ပိုင်းခြား၍ သိမှတ်ပါလေ။

(ဤကား-နာမရူပပရိစ္ဆေဒဉာဏ်အရာတည်း)

၃။ ယောဂီပုဂ္ဂိုလ်သည် ဗုဒ္ဓါနုဿတိ ယောဂီပုဂ္ဂိုလ် ဖြစ်လျှင် ရှေးနည်းအတူ ဉပစာရသမာဓိဥ ရပ်တည်၍ သော ဘဂဝါ ဣတိပိ အရဟံ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့် သတိနှင့်မကွာ ပညာနှင့် မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်း၍ နေသည်ကား ငါမဟုတ်, သူမဟုတ်, ယောကျာ်းမိန်းမမဟုတ်, ဘယ်သူမှ မဟုတ်၊ သတိသမ္ပယုတ္တံ စိတ္တံ နှင့်အညီ သတိနှင့်ယှဉ်သောစိတ်ဖြစ်၍ နာမ်တရားတည်း။ ထိုနာမ်တရား၏ မှီရာ ဝတ္ထုရုပ်-ကရဇကာယ-မဟာဘုတ်-ဉပါဒါရုပ်တို့ကား ရုပ်တရားတည်း။ ဤနာမ်ရုပ်က အပို ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ဤနာမ်ရုပ်မျှသာရှိ၏ဟု နာမ်ရုပ် တို့ကို ပိုင်းခြား၍ သိမှတ်ပါလေ။

(ဤကား-နာမရူပပရိစ္ဆေဒဉာဏ်အရာတည်း)

### နာမ်ရုပ်နှစ်ပါးတို့သာ-တရားကိုအားထုတ်တာ

အဘယ့်ကြောင့်ဆိုသော် တရားကိုအားထုတ်တတ်သောပုဂ္ဂိုလ်သတ္တဝါ ယောဂီပုဂ္ဂိုလ် အထီး အမဟူ၍ ပရမတ်အားဖြင့် ထင်ရှားမရှိ၊ ပညတ်မျှဟု သိမှတ်ပါလေ။ အမှန်မှာ—ရုပ်နာမ်နှစ်ပါးသာဟု သိမှတ်ပါလေ။

ယို့ကြောင့်–

> သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထာပေန္တိ ပဋ္ဌဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တီတိ ဂဏှတော ပန ဒိဋ္ဌိဥဂ္ဃါတနံ နာမ ဟောတိ။
>
> (ဝိသုဒ္ဓိမဂ်)

**အနက်ကား**– သင်္ခါရာဝ၊ ရုပ်နာမ် သင်္ခါရတို့သည်သာလျှင်။ သင်္ခါရေ၊ ရုပ်နာမ်သင်္ခါရတို့ကို။ ဝိပဿန္တိ၊ ဝိပဿနာရှုကုန်၏။ သမ္မသန္တိ၊ **သုံးသပ်**ကုန်၏။ ဝဝတ္ထာပေန္တိ၊ ပိုင်းခြားကုန်၏။ ပဋ္ဌဂ္ဂဏှန္တိ၊ **သိမ်းဆည်း**ကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ပိုင်းဖြတ်ကုန်၏။ ဣတိ၊ ဤသို့။ ဂဏှတော ပန၊ ယူဆသော ယောဂီပုဂ္ဂိုလ်သည်ကား။ ဒိဋ္ဌိဥဂ္ဃါတနံ နာမ၊ ဒိဋ္ဌိကို ခွါသည် မည်သည်၊ဝါ၊ တရားအလုပ် အားထုတ်နေတဲ သူကောင်, ငါကောင်, ပုဂ္ဂိုလ်ကောင်, **သတ္တဝါ**ကောင်စသည်ဖြင့် ယူမှားနေသော အယူမှားဒိဋ္ဌိကို ပယ်ခွာသည်မည်သည်။ ဟောတိ၊ ဖြစ်၏–ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုထားသောကြောင့်ပေတည်း။

**မှတ်ချက်**။ ။ဝိသုဒ္ဓိ ၇-ပါးတို့တွင် ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ ဒိဋ္ဌိ-က **အယူမှား**၊ ဝိသုဒ္ဓိ-က စင်ကြယ်သည်-ဟု အဓိပ္ပါယ်ရရှိရာ တရားကို အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဘာစိတ် တအာရုံတည်းဖြစ်နေတဲ့ ဥပစာရသမာဓိသို့ ရောက်တဲ့အခါ ရှုမှတ်နေတဲ့ စိတ်, စေတသိက်ကား– နာမ်တရား၊ မှီရာဝတ္ထုရုပ်နှင့် အရှုခံ-အမှတ်ခံအာရုံကား– ရုပ်တရား ဤ နာမ်ရုပ်နှစ်ပါးတို့သာ တရားကို အားထုတ်ကြသည်။ ဤ နာမ်ရုပ်က အပို တရားကို အားထုတ်တတ်သော ပုဂ္ဂိုလ်သတ္တဝါ မရှိတော့ပြီ။ နာမ်ရုပ်နှစ်ပါးတို့သာ တရားကို အားထုတ်ကြသည်ဟု ပြောင်ပြောင်စင်စင် နာမ်ရုပ်ကိုမြင်မှသာ ရုပ်ပေါ်, နာမ်ပေါ် မှာ သူ, ငါ စသည် ထင်မှား ယူမှားနေတဲ့ ဒိဋ္ဌိအယူမှား အညစ်အကြေး တဒင်္ဂစသည် ကင်းဝေးစင်ကြယ်သွားအောင် ဤကား– နာမ်၊ ဤကား–ရုပ်ဟု နာမ် ရုပ်ကို ပိုင်းခြားရခြင်း ဖြစ်လေသည်။ သို့မှလည်း ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံနိုင်သည်။ ကျမ်းဂန်တို့၌ လာသော နည်းတည်း။ ရှေ့၌ ထင်ရှားပါလတ္တံ့။

ဤ၌ ဝိသုဒ္ဓိအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ဉာဏ်အားဖြင့် နာမရူပပရိစ္ဆေဒဉာဏ် မည်၏။ ဤ ဒိဋ္ဌိဝိသုဒ္ဓိနှင့် နာမရူပပရိစ္ဆေဒဉာဏ်သည် တပြိုင်နက် ဖြစ်ပေါ်လာသည်ဟု သိမှတ်ပါလေ။ တနည်းဆိုသော်–ဤကား နာမ်၊ ဤကား ရုပ်ဟု နာမ်ရုပ်ကို ပိုင်းခြား၍ သိမြင်သော နာမရူပပရိစ္ဆေဒ ဉာဏ်နှင့် ပြည့်စုံလျှင် ဒိဋ္ဌိဝိသုဒ္ဓိနှင့်လည်း ပြည့်စုံတော့သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

နာမ=နာမ်၊ ရူပ=ရုပ်၊ ပရိစ္ဆေဒ=ပိုင်းခြား၍၊ ဉာဏ=သိခြင်း။ နာမ်ရုပ်ကို ပိုင်းခြား၍ သိမြင်သောဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်–ဟု ဆိုခြင်းဖြစ်သည်။ ရှေ့၌ ပြဆိုမည့် ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်တို့၌လည်း ထိုနည်းတူ သိမှတ်ပါလေ။

ဒိဋ္ဌိဝိသုဒ္ဓိပိုင်းကို ဤတွင် ရပ်ဆိုင်းလိုက်ပါသည်။

## ၄-ကင်္ခါဝိတရဏဝိသုဒ္ဓိ

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ဒိဋ္ဌိဝိသုဒ္ဓိကို ပြည့်စုံစေပြီး၍ ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည်—

> တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟေဏ ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ။ နာမရူပဿ ပစ္စယပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ—

ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာရှိသည်နှင့် အညီ ထို ဆိုအပ်ခဲ့ပြီးသော နာမ် ရုပ်တရားနှစ်ပါးတို့၏ အကြောင်းကို သိမ်းဆည်း ပွားများ နှလုံး၌ ထားသဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သုံးတန်သော ကာလတို့၌ ယုံမှားခြင်းကို လွန်မြောက်၍ တည်သောဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

ပြဆိုအပ်သည်နှင့်အညီ ထိုဉာဏ်ကိုပြည့်စုံစေလိုသော ယောဂီဖြူ ပုဂ္ဂိုလ် သူမြတ်သည် လိမ္မာသော ဆေးကုသမားသည် အနာကိုမြင်၍ ထိုအနာ၏ ဖြစ်ကြောင်းရင်းကို ရှာကြံသကဲ့သို့လည်းကောင်း၊ သနားခြင်း ကရုဏာ ရှိသောသူသည် အမှိုက်ပုံအထက်၌ ပက်လက်ပစ်ထားသော မွေးကာစ သူငယ်ကို တွေ့မြင်ရသော်— ထိုသူငယ်၏ မိဘသည် အဘယ်သူနည်းဟု စုံစမ်း ရှာဖွေသကဲ့သို့လည်းကောင်း ထို့တူပမာ ချမ်းသာမဖက် ဆင်းရဲ သက်သက်သာဖြစ်၍ စင်စစ် ယိုတ်ဖွယ် လန့်ဖွယ်ရာ အနာ၏အလား ပစ်ထားသော သူငယ်၏ အသွင် သိမြင်ပြီးသော နာမ်ရုပ်နှစ်ပါးတို့၏ အကြောင်းကို ရှာသည်ရှိသော်——

### ဖြစ်ကြောင်းငါးပါး

၁။ အဝိဇ္ဇာတဏှုပါဒါနံ၊ ကမ္မံ ဟေတု စတုဗ္ဗိဓော။
တေသာ ရူပကာယဿ၊ အာဟာရော ပစ္စယော ဘဝေ။
(ပေါရာဏဂါထာ)

**အနက်ကား**–တေသ ရူပကာယဿ၊ထိုရူပကာယရုပ်တရား၏။ အဝိဇ္ဇာ တဏှုပါဒါနံ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်လည်းကောင်း။ ကမ္မဥ္စ၊ ကံ လည်းကောင်း။ဣတိ၊ဤသို့။ ဟေတု၊ ဇနကအကြောင်းသည်။စတုဗ္ဗိဓော၊ လေးပါး အပြားရှိသည်၊၊ ဘဝေ၊ ဖြစ်၏။ အာဟာရော၊ အာဟာရသည်။ ပစ္စယော၊ ဥပတ္ထမ္ဘကအကြောင်းသည်။ ဘဝေ၊ ဖြစ်၏။

ဤ–ပေါရာဏ သင်္ဂဟဂါထာ လာသည်နှင့် အညီ ဤ-နာမ်ရုပ် နှစ်ပါးသည် မိုးပေါ် ကျပမာ အကြောင်းမရှိပဲ အလိုအလျောက်ဖြစ်ပေါ် လာမည် မဟုတ်၊ ပရမိဿရ– ဗြဟ္မာ– ထာဝရဘုရား–ဗိဿကြိုးနတ်များ ဖန်ဆင်း၍ ဖြစ်သည်လည်း မဟုတ်၊ အမှန်မှာ လွန်ခဲ့သော ရှေးရှေးဘဝ ကာလတို့က ရုပ်, နာမ်, ခန္ဓာ,ဓာတ်သစ္စာတို့ကို မသိရအောင် ဖုံးလွှမ်း ထားတဲ့အဝိဇ္ဇာ၊ မသိမမြင်လို့ပဲ ထိုထိုဘုံဘဝတို့၌ တဖန်-တဖန် ဖြစ်လိုဖြစ် ချင်နေတဲ့ တဏှာ၊ ထိုတဏှာအားကြီး၍ စွဲလမ်းတဲ့ဥပါဒါန်၊ ထို-ဥပါဒါန်ကို အကြောင်းခံပြီး ရှေးဘဝကပြုခဲ့တဲ့ ကံ၊ ဤလို ဟေတု ဇနက အကြောင်း လေးပါးကြောင့်သာ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်ခေါ် သောနာမ်တရား ကလလရေကြည်ခေါ် သော ရုပ်တရား ဤနာမ်ရုပ်နှစ်ပါးတို့သည်အမိဝမ်း၌ ပဋိသန္ဓေနေသောဂဗ္ဘသေယျကသတ္တဝါတို့အား မရှေးမနှောင်းတပြိုင်နက် အားဖြင့် ဖြစ်ပေါ် လာကြကုန်၏။ ပဋိသန္ဓေနောင် ပဝတ္တိအခါ၌ကား အမိနို့ရည် ဝါးဖတ်က စ၍ သေသည်တိုင်အောင် နေ့စဉ်နှင့်အမျှ စားသောက်ကြသော အာဟာရပစ္စယ ဥပတ္ထမ္ဘက အကြောင်းတပါး။

ဤ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,အာဟာရ အကြောင်းတရား ငါးပါး တို့ကြောင့်သာ ဤနာမ်ရုပ်တို့သည် ဖြစ်ပေါ် လာကြကုန်၏။ ဘယ်ဘုရား, ဘယ်ဗြဟ္မာ,ဘယ်ပရမိဿရ,ဘယ်နတ်တို့မှ ဖန်ဆင်း၍ ဖြစ်သည် မဟုတ်ဟု ဟေတုအကြောင်း ပစ္စယအကြောင်းတို့ကို ကောင်းကောင်းကြီး သိမြင် လေတော့၏။

ထိုတွင် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံတို့ကား ဇနကဖြစ်၍ ဟေတု အကြောင်းမည်၏။ အာဟာရကား–ဥပတ္ထမ္ဘကဖြစ်၍ ပစ္စယအကြောင်း မည်၏ဟု သိမှတ်လေ။

၂။ ဇနကမ္မန ကမ္မဇ္ဇ၊ ပုတ္တဿ ဟိ ပိတာ ဝိယ။
ဓာတိ ဝိယ ကုမာရဿ၊ အာဟာရော ပစ္စယော ဘဝေ။
(ပေါရာဏဂါထာ)

**အနက်ကား**– ပန၊ အဖွိုတပါးကို ဆိုဦးအံ့။ ကမ္မဇ္ဇ၊ ကမ္မဇဝေ၊ ဇနက ကံသည်သာလျှင်။ ပုတ္တဿ၊ သားကို။ ဇနကော၊ ဖြစ်စေတတ်သော။ ပိတာ ဝိယ၊ အဘကဲ့သို့။ ဇနကံ၊ တိုက်ရိုက်ဖြစ်စေတတ်သော ဇနက အကြောင်းသည်။ ဘဝေ၊ ဖြစ်၏။ ကုမာရဿ၊ သတို့သားကို။ အနုပါလကာ၊ အစဉ် စောင့်ရှောက်တတ်သော။ ဓာတိ ဝိယ၊ နို့ထိန်းကဲ့သို့။ အာဟာရော၊ အာဟာရသည်။ ပစ္စယော၊ အထောက် အပံ့ အကြောင်းသည်။ ဘဝေ၊ ဖြစ်၏။

**မှတ်ချက်**။ ။ကံသည် အဘနှင့်တူသည်ဖြစ်၍ သားကိုဖြစ်စေခြင်းငှါ ကျေးဇူးပြုတတ်သော ဇနကဟေတုအကြောင်း မည်၏။ အာဟာရသည် နို့ထိန်း- ကလေးထိန်း အာယားမနှင့် တူသည်ဖြစ်၍ ထိန်းသိမ်း စောင့်ရှောက်သောအားဖြင့် ကျေးဇူး ပြုတတ်သောကြောင့် ပစ္စယ အကြောင်းမည်၏-ဟု သိမှတ်လေ။

၃။ ဣတိ'မေ ပဉ္စ ဓမ္မာ ဟိ၊ ဟေတုပစ္စယတံ ဂတာ။
အဝိဇ္ဇာဒယော တယော တတ္ထ၊ မာတာဝ ဥပနိဿယာ။
(ပေါရာဏဂါထာ)

**အနက်ကား**– ဣတိ၊ ဤသို့။ အဝိဇ္ဇာဒယော၊ အဝိဇ္ဇာ အစရှိကုန် သော။ ဣမေ ပဉ္စ ဓမ္မာ ဟိ၊ ဤငါးပါးသော အကြောင်းတရားတို့သည် သာလျှင်။ဟေတုပစ္စယတံ၊ ဟေတုအကြောင်း ပစ္စယအကြောင်း အဖြစ် သို့။ဂတာ၊ရောက်ကုန်၏။တတ္ထ၊ ထိုငါးပါးသော အကြောင်းတရားတို့တွင်။ အဝိဇ္ဇာဒယော၊ အဝိဇ္ဇာအစရှိကုန်သော။ တယော၊ အဝိဇ္ဇာ,တဏှာ,ကံ ဟူသော သုံးပါးသော အကြောင်းတို့သည်။ မာတာဝ၊ အမိကဲ့သို့။ ဥပနိဿယာ၊ အားကြီးသော မှီရာဖြစ်၍ ကျေးဇူးပြုတတ်ကုန်၏။

ဤကား အဝိဇ္ဇာစသော အကြောင်းကြောင့် ရုပ်, နာမ် စသော အကျိုးတရားတို့ ဖြစ်ပုံကိုလည်းကောင်း၊ အကြောင်း သုံးပါးတို့သည် အမိနှင့်တူပုံကိုလည်းကောင်း ပြသည်။

၄။ န ဟေတ္ထ ဒေဝေါ ဗြဟ္မာ ဝါ၊ သံသာရဿ'တ္ထိ ကာရကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရပစ္စယာ။
(ပေါရာဏဂါထာ)

**အနက်ကား** – ဧတ္ထ၊ ဤ ရုပ်နာမ် အပေါင်း အကြောင်းသင့်စွာ ဖြစ်ပေါ်လာရာ၌။ သံသာရဿ၊ ရုပ်, နာမ်, ခန္ဓာ သံသရာကို။ ကာရကော၊ ပြုလုပ်တတ် ပြုလုပ်စေတတ်သော။ ဒေဝေါ ဝါ၊ ဗိဿနိုးစသော နတ်မျိုးသည်လည်းကောင်း။ ဗြဟ္မာ ဝါ၊ ထာဝရဘုရားခေါ်သော ဗြဟ္မာသည်လည်းကောင်း။ န ဟိ အတ္ထိ၊ မရှိရိုးကေန် အမှန်ပေတည်း။ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါ ပညတ်မဖက် ရုပ်နာမ် သက်သက်သာ ဖြစ်သော တရားတို့သည်။ ဟေတုသမ္ဘာရပစ္စယာ၊ အဝိဇ္ဇာစသော အဆောက်အဦ တည်းဟူသော အကြောင်းကြောင့်သာလျှင်။ ပဝတ္တန္တိ။ ကံအားလျော်စွာ ထိုက်သင့်ရာ ဘုံဘဝတို့မှာ ရုပ်နာမ်ခန္ဓာ အကျိုးတရားတို့သည် ဖြစ်ပွား ပေါ်ပေါက်ကြလေကုန်သတည်း။

မှတ်ချက်၊ ။ဖန်ဆင်းသူ မရှိ၊ ဖန်ဆင်း၍ ဖြစ်သည်မဟုတ်။ အဝိဇ္ဇာ စသော အကြောင်းတို့ကြောင့်သာ ကံအားလျော်စွာ ဖြစ်ကြပျက်ကြသည်၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတည်း။ အဝိဇ္ဇာ, တဏှာ, ကံ စသည်ကား အကြောင်းတရား၊ ရုပ်, နာမ်, ခန္ဓာကား အကျိုးတရားဟု သိမှတ်လေ။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ

ဤလိုဤပုံ ဖန်ဆင်းသူမရှိ ဖန်ဆင်း၍ဖြစ်သည်မဟုတ်။ အဝိဇ္ဇာစသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရ စသော ရုပ်, နာမ် အကျိုးတရား သက်သက်တို့သာ ဖြစ်သည်ဟု ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်နှင့် မရောမယှက် အလွတ်သက်သက်သော ရုပ်နာမ်ခန္ဓာ ပရမတ်သက်သက် တရားချင်းချင်း

သိမြင်မှသာ သူ့ကြောင့်၊ ငါ့ကြောင့်၊ လူကြောင့်၊ နတ်ကြောင့် ဖြစ်လေသလောဆိုတဲ့ယုံမှားခြင်းကို လွန်မြောက်သောကြောင့်၊ ဝါ၊ ယုံမှားခြင်းစင်ကြယ်သောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ-ဟု ဆိုရလေသည်။ ကင်္ခါ-က ယုံမှားခြင်း၊ ဝိတရဏ-က လွန်မြောက်ခြင်း၊ ဝိသုဒ္ဓိ-က စင်ကြယ်ခြင်း ။ သို့လော သို့လော ယုံမှားခြင်းကိုလွန်မြောက်၍ ယုံမှားခြင်းစင်ကြယ်ပြီဟု ဆိုလိုသည်။

## မပြတ်ဖြစ်တာ သံသရာ

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

(သမ္မော၊ ၄-၁၄၂)

**အနက်ကား**—ခန္ဓာနဉ္စ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏လည်းကောင်း။ ဓာတုအာယတနာနံစ၊ဓာတ်၁၈-ပါး၊အာယတန၁၂-ပါးတို့၏လည်းကောင်း။ အဗ္ဗောစ္ဆိန္နံ၊ တခုတခုသောဘဝ ပဋိသန္ဓေမှ စုတိ၊ စုတိမှ ပဋိသန္ဓေ တသံသရာလုံး မပြတ်မစဲ ထပ်တလဲလဲ။ ဝတ္တမာနာ၊ဖြစ်ပျက်နေသော။ ပဋိပါဋိ၊ ရုပ်နာမ်ခန္ဓာတို့၏ ဉပါဒ်၊ဌီ၊ဘင်အစဉ်အတန်းကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ဆိုအပ်၏။

**အဓိပ္ပါယ်ကား**— မသိအပ်သော အစရှိသော အနမတဂ္ဂသံသရာမှစ၍ (ပရိနိဗ္ဗာနစုတိ ဘင်ကွဏ) ကျအောင် ကံအားလျော်စွာ ထိုက်သင့်ရာဘုံဘဝတို့မှာ ခန္ဓာတပါး၊ ခန္ဓာလေးပါး၊ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး ဓာတ် ၁၈-ပါးတို့၏ မပြတ်မစဲ ထပ်တလဲလဲဖြစ်ပျက်နေကြသော ရုပ်နာမ်ခန္ဓာတို့၏(ဖြစ်-ရင့်-ပျက်)ဆိုတဲ့ ဉပါဒ်-ဌီ-ဘင် အစဉ်အတန်းကို သံသရာဟုဆိုရသည်။ဝါ၊မွေးသေမပြတ်အစဉ်စပ်၍နေသည်ကို သံသရာဟုဆိုရသည်ဟု အမှတ်လေ ယောဂီအပေါင်း သူတော်ကောင်းတို့။

မှတ်ချက်။ ။ ဤ၌ မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်ကို ခန္ဓာမဆိုရ ဟုဆိုကြပ်ဟု သိလေ။ မဂ်စိတ် ၄-ခု၊ ဖိုလ်စိတ် ၄-ခု၊ နိဗ္ဗာန်၊ ဤကိုး

တန်သော လောကုတ္တရာတရားကို ဓာတ်·အာယတနဟု မဆိုရ မဆိုထိုက်။ အဘယ့်ကြောင့်ဆိုသော် (လောကဓာတာ ဥတ္တရတိတိ လောကုတ္တရော။ လောကတော ဥတ္တိဏ္ဏန္တိ လောကုတ္တရံ)အရ လောကမှ ထွက်မြောက်ဆဲ ထွက်မြောက်ပြီးဖြစ်သောကြောင့်ပေတည်း။ လောကီဖြစ်သော ခန္ဓာ, အာယတန,ဓာတ်ကိုသာ **သံသရာ**ဆိုသည်ဟု ဤလိုခွဲ၍ သိမှတ်လေ။

## ပဝတ္တိအခါ နာမ်ဖြစ်ကြောင်း

၁။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

၂။ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

၃။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။

၄။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။

၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

၆။ မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

(ဝိသုဒ္ဓိ–၂၃၄)

**မြန်မာပြန်ကား–**

၁။ ပျက်စီ–**အဆင်း** ပေါင်းဆုံမိခြင်းကို စွဲ၍ မြင်သိမှု–စက္ခုဝိညာဏ် နာမ်ဖြစ်သည်။

၂။ နား–**အသံ** ပေါင်းဆုံမိခြင်းကို စွဲ၍ ကြားသိမှု–သောတဝိညာဏ် နာမ်ဖြစ်သည်။

၃။ နှာခေါင်း–အနံ့ ပေါင်းဆုံမိခြင်းကို စွဲ၍ နံသိမှု–ဃာနဝိညာဏ် နာမ်ဖြစ်သည်။

၄။ လျှာ–အရသာ ပေါင်းဆုံမိခြင်းကို စွဲ၍ စားသိမှု–ဇိဝှါဝိညာဏ် နာမ်ဖြစ်သည်။

၅။ ကိုယ်–အတွေ့ ပေါင်းဆုံမိခြင်းကို စွဲ၍ ထိသိမှု–ကာယဝိညာဏ် နာမ်ဖြစ်သည်။

၆။ မနော–ဓမ္မ ပေါင်းဆုံမိခြင်းကို စွဲ၍ ကြံသိမှု–မနောဝိညာဏ် နာမ်ဖြစ်သည်။

တနည်း–နာမ်ဖြစ်ကြောင်းကား–

၁။ စက္ခုဝိညာဏ် ဖြစ်ကြောင်းကား စက္ခု-ရူပ-အာလောက-မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်၊

၂။ သောတဝိညာဏ် ဖြစ်ကြောင်းကား သောတ-သဒ္ဒ-ဝိဝရ-မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၃။ ဃာနဝိညာဏ် ဖြစ်ကြောင်းကား ဃာန-ဂန္ဓ-ဝါယု-မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၄။ ဇိဝှါဝိညာဏ် ဖြစ်ကြောင်းကား ဇိဝှါ-ရသ-အာပ-မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၅။ ကာယဝိညာဏ် ဖြစ်ကြောင်းကား ကာယ-ဖောဋ္ဌဗ္ဗ-ပထဝီ-မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၆။ မနောဝိညာဏ် ဖြစ်ကြောင်းကား ဘဝင်-မန-ဓမ္မ-မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

(ဝိသုဒ္ဓိမဂ်–၁၂၀)

တနည်း–နာမ်ဖြစ်ကြောင်းကား–

၁။ မျက်စိ- အဆင်း- အရောင်အလင်း- နှလုံးသွင်း ပေါင်းဆုံမိမှ မြင်သိမှု စက္ခုဝိညာဏ် နာမ်ဖြစ်သည်။

၂။ နား-အသံ- ဟင်းလင်း- နှလုံးသွင်း ပေါင်းဆုံမိမှ ကြားသိမှု သောတဝိညာဏ် နာမ်ဖြစ်သည်။

၃။ နှာခေါင်း-အနံ့-လေ-နှလုံးသွင်း ပေါင်းဆုံမိမှ နံသိမှု ဃာန-ဝိညာဏ် နာမ်ဖြစ်သည်။

၄။ လျှာ-အရသာ-ခရေ- နှလုံးသွင်း ပေါင်းဆုံမိမှ စားသိမှု ဇိဝှါ-ဝိညာဏ် နာမ်ဖြစ်သည်။

၅။ ကိုယ်-အတွေ့-မြေ- နှလုံးသွင်း ပေါင်းဆုံမိမှ ထိသိမှု ကာယ-ဝိညာဏ် နာမ်ဖြစ်သည်။

၆။ နှလုံး-မနု-ဓမ္မ- နှလုံးသွင်း ပေါင်းဆုံမိမှ ကြံသိမှု မနောဝိညာဏ် နာမ်ဖြစ်သည်။

ဤကား ပဝတ္တိအခါ နာမ်ဖြစ်ကြောင်းများတည်း။

**ကုသိုလ် အကုသိုလ် ကြိယာ နာမ်ဖြစ်ကြောင်းများကား**

လောကီနာမ်တရားတို့တွင်—

၁။ ကုသိုလ်ဖြစ်သောနာမ်သည် ပဋိရူပဒေသဝါသ-သပ္ပုရိသူပနိဿယ ပုဗ္ဗေစကတပုညတာ- အတ္တသမ္မာပဏိဓိ-ဆိုတဲ့ သမ္ပတ္တိ စက်လေးပါးနှင့် ပြည့်စုံ၍ သင့်အောင် နှလုံးသွင်းတတ်သော်လည်းကောင်း၊ သူတော်ကောင်းတရားကို ကြားနာရသော်လည်းကောင်း၊ ကုသိုလ်နာမ်တရားတွေ မရေမတွက်နိုင်အောင် ဖြစ်နိုင်လေတော့သည်။

၂။ အကုသိုလ်ဖြစ်သော နာမ်သည် ကုသိုလ်နာမ် ဖြစ်ကြောင်းမှ ပြန်သောအားဖြင့် မရေမတွက်နိုင်အောင် ဖြစ်နိုင်လေသည်။

၃။ ဝိပါက်နာမ်သည် အတိတ်၌ ကုသိုလ် အကုသိုလ် ကံ ဟူသော အကြောင်းကြောင့်၊ ပစ္စုပ္ပန်ပဝတ္တိ၌ စက္ခုပသာဒ အာဝဇ္ဇန်း စသော အဇ္ဈတ္တအကြောင်း၊ ရူပါရုံ အလင်း စသော ဗဟိဒ္ဓအကြောင်းတို့ကြောင့် မရေမတွက်နိုင်အောင် ဖြစ်နိုင်လေသည်။

၄။ အာဝဇ္ဇန်း ကြိယာနာမ်သည် ဘဝင်္ဂုပစ္ဆေဒ စသောအကြောင်း၊ ဇောဖြစ်သော ကြိယာသည် ရဟန္တာပုဂ္ဂိုလ်သန္တာန် ဟူသော အကြောင်းကြောင့် မရေမတွက်နိုင်အောင် ဖြစ်နိုင်လေသည်။

## ကာလသုံးပါးတို့၌ ယုံမှားကင်းပုံ

ယထာယိဒံ နာမရူပံ၊ ပစ္စယတော ပဝတ္တတိ။
ဧဝံ တီတေပိ နာဂတေ၊ အဘာဝိတ္ထ ဘဝိဿတိ။
(သင်္ဂဟဂါထာ)

**အနက်ကား**—ဣဒံ နာမရူပံ၊ ဤလက်ရှိပစ္စုပ္ပန်ဘဝ၌ဖြစ်သော နာမ်ရုပ်နှစ်ပါးသည်။ ပစ္စယတော၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,အာဟာရ,စက္ခု,ရူပါရုံ,အလင်း, နှလုံးသွင်းဟုဆိုအပ်သော အကြောင်းကြောင့်။ ပဝတ္တတိ ယထာ၊ ပဋိသန္ဓေမှ စုတိကျအောင် မပြတ်မစဲ ထပ်တလဲလဲ မရေမတွက်နိုင်အောင် ဖြစ်ပျက်နေသကဲ့သို့။ ဧဝံ တထာ၊ထို့အတူ။ အတီတေပိ၊လွန်ခဲ့ပြီးသော ရှေးအတိတ်ကာလ ဘဝတို့ကလည်း။ ပစ္စယတော၊ ဆိုခဲ့ပြီးသော အကြောင်းတရားတို့ကြောင့်။ အဘာဝိတ္ထ၊ မရေမတွက်နိုင်အောင် ဖြစ်ခဲ့လှဖူးလေပြီ။ အနာဂတေပိ၊ နောက်အနာဂတ်ကာလ ဘဝ၌လည်း။ ပစ္စယ-တော၊ အဆိုပါအကြောင်းတရားတို့ကြောင့်။ ဘဝိဿတိ၊ ပရိနိဗ္ဗာနစုတိဘင်္ဂက္ခဏသို့ကျအောင် ဖြစ်ကြကုန်လတ္တံ့သတည်း။

ဤလို ဤပုံ ယောဂီပုဂ္ဂိုလ်သည် ပစ္စုပ္ပန်လက်ရှိဘဝ၌ ဤအဝိဇ္ဇာစသော အကြောင်းကြောင့် ဤရုပ်နာမ်ခန္ဓာ စသော အကျိုးတရားတို့၏ ဖြစ်ရပုံ အလုံးစုံတို့ကို အကုန်သိမြင်သည်ရှိသော် ရှေးဘဝကလည်း ဤအကြောင်းကြောင့် ဤအကျိုးတရားတို့သည် ဖြစ်ခဲ့ဖူးလှလေပြီ။ နောက်၌လည်း ဤအကြောင်းကြောင့်ပင် ဤအကျိုးတရားများမှာလဲပဲ နိဗ္ဗာန်ယူသိမ်း ငြိမ်းသည့်အထိ ဖြစ်ကြပေဦးလတ္တံ့ဟု ကာလသုံးပါးတို့၌ ယုံမှားကင်းသွားသည်ရှိသော် လောကကြီးကို(ဝါ)လူတွေ,နတ်တွေကို ဗြဟ္မာကြီးဖန်ဆင်းတယ်ဆိုတာပဲ ဟုတ်လေသလော မဟုတ်လေသလောဟု ယုံမှားခြင်းဝိစိကိစ္ဆာသည် ရေဆေး၍ ပစ်လိုက်သလို (ဝါ) ကြေးညှိတွေကို ချဉ်ရေနှင့် ဖေးပစ်လိုက်သလို စင်ကြယ်သွားနိုင်၍ ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံလေတော့သည်ဟုသ်မှတ်ပါလေယောဂီအပေါင်းသူတော်ကောင်းတို့။

## ယုံမှားခြင်း ၁၆-ပါး

### ၁။ အတိတ်၌ယုံမှားခြင်း ၅-ပါး

၁။ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ=ငါသည် အတိတ်က ဖြစ်ခဲ့ဖူးပြီလော။

၂။ နနုခေါ အဟောသိံ အတီတမဒ္ဓါနံ= ငါသည် အတိတ်က မဖြစ်ခဲ့ဖူးပြီလော။

၃။ ကိံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ=ငါသည် ဘယ်လို မျိုးဇာတ်ဖြင့် ဖြစ်ခဲ့ဖူးသနည်း။

၄။ ကထံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ=ငါသည် ဘယ်လို လုံးရပ်သဏ္ဌာန်ဖြင့် ဖြစ်ခဲ့ဖူးသနည်း။

၅။ ကိံ ဟုတွာ ကိံ အဟောသိံ နုခေါ အတီတမဒ္ဓါနံ=ငါသည် ဘယ်လိုအခြင်းအရာဖြင့် ဖြစ်ခဲ့ဖူးသနည်း။

ဤလို အတိတ်၌ ယုံမှားခြင်း ၅-ပါးဖြစ်၏။

### ၂။ အနာဂတ်၌ ယုံမှားခြင်း ၅-ပါး

၁။ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ=ငါသည် အနာဂတ် ကာလ၌ ဖြစ်ရဦးမည်လော။

၂။ န ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ=ငါသည် အနာဂတ် ကာလ၌ မဖြစ်ရဘူးလော။

၃။ ကိံ နု ခေါ ဘဝိဿာမိ အဟံ အနာဂတမဒ္ဓါနံ=ငါသည် ဘယ်လို မျိုးဇာတ်ဖြင့် ဖြစ်ရမည်နည်း။

၄။ ကထံ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ= ငါသည် ဘယ်လိုလုံးရပ်သဏ္ဌာန်ဖြင့် ဖြစ်ရမည်နည်း။

၅။ ကိံ ဟုဘွာ ကိံ ဘာဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ=ငါသည် ဘယ်လိုအခြင်းအရာဖြင့် ဖြစ်ရမည်နည်း။

ဤလို အနာဂတ်၌ ယုံမှားခြင်း ၅-ပါးဖြစ်၏။

## ၃။ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး

၁။ အဟံ နု ခေါ အသ္မိ=ငါသည် ယခု ဖြစ်သလော။

၂။ နော နု ခေါ အသ္မိ=ငါသည် ယခု မဖြစ်သလော။

၃။ ကိံ နု ခေါ အသ္မိ=ငါသည် ဘယ်လိုမျိုးဇာတ်ဖြင့် ဖြစ်သလဲ။

၄။ ကထံ နု ခေါ အသ္မိ=ငါသည် ဘယ်လိုလုံးရပ်သဏ္ဍာန်ဖြင့်ဖြစ်သလဲ။

၅။ အယံ နု ခေါ သတ္တော ကုတော အာဂတော=ဤသတ္တဝါသည် ဘယ်ကလာသလဲ။

၆။ သော ကုဟိံ ဂါမီ ဘဝိဿတိ= ထိုသတ္တဝါသည် ဘယ်ကို သွားလတ္တံ့နည်း။

ဤလို ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး ဖြစ်၏။

## ဆောင်ပုဒ်လင်္ကာဖြင့်မှတ်ရန်

၁။ ဖြစ်ဖူးသလား၊ မဖြစ်လားနှင့်၊ ငါအား ဘယ်သူ၊ ခြင်းရာယူ၊ ဘယ်သူဖြစ်၍–ဘယ်သူနည်း။

၂။ ဖြစ်လတ္တံ့လား၊ မဖြစ်လားနှင့်၊ ငါအား ဘယ်သူ၊ ခြင်းရာယူ၊ ဘယ်သူဖြစ်၍–ဖြစ်သနည်း။

၃။ ဟုတ်လေသလား၊ မဟုတ်လားနှင့်၊ ငါအား ဘယ်သူ၊ ခြင်းရာယူ၊ သူသည် ဘယ်ကလာ၍-ဘယ်ကိုသွားသနည်း။

၄။ အတိတ်, နာဂတ်၊ ပဋ္ဌုမှတ်၊ ခြောက်ရပ်ပစ္စုပ္ပန်။
သုံးလူ့ထွတ်ထား၊ ဟောခဲ့ငြား၊ ယုံမှား-ဆယ့်ခြောက်တန်။

မှတ်ချက်။ ။ပြဆိုခဲ့ပြီးသော ယုံမှားခြင်း ၁၆-ပါးတို့သည် သဿတ-ဥစ္ဆေဒ-ဇာတိ-လိင်္ဂ-သဏ္ဌာန-ပရိပရတို့ကို စွဲမှီ၍ဖြစ်သည်ဟု အဋ္ဌကထာတို့၌ ပြဆိုထားပါသည်။ ဤသို့ အရှုံးချေးပါဖြစ်တတ်ရာ၌ အဘယ့်ကြောင့် ဤသို့ ဖြစ်သနည်းဟု တွေးမနေ မေးမနေနှင့်တော့(ဥမ္မတ္တကော ဝိယ ပုထုဇ္ဇနော၊ ပုထုဇ္ဇနော နာမ ဥမ္မတ္တကသဒိသော)ဆိုတဲ့ ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့်အညီ ပုထုဇဉ်သည် သူရူး, လူရူး ရူးသောသူနှင့် တူသည်ဟု ဆိုသောကြောင့် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ တွေးမိတွေးရာ ကြံမိကြံရာ တွေးကြံတတ်သောကြောင့်သာ ဖြစ်ရလေသည်ဟု သိမှတ်လေ။

သို့ရာတွင် အန္ဓပုထုဇဉ်သည် ဘယ်လိုပင် တွေးမိတွေးရာ ကြံမိကြံရာ တွေးတောဆင်ခြင်သော်လည်း ရုပ်,နာမ်,ခန္ဓာ,ဓာတ်, သစ္စာတို့၌ သိကြားလိမ္မာ ပညာမျက်စိ အမြင်ရှိသော ကလျာဏ ပုထုဇဉ်တို့နှင့် ပေါင်းသင်းယှဉ်တွဲ မှီဝဲဆည်းကပ်ရသည့်ရှိသော် ထိုကလျာဏ မိတ်ဆွေတို့၏ ရုပ်နာမ်ခန္ဓာဓာတ်သစ္စာနှင့် စပ်သော အမြတ်တရားကို ကြားနာရသောကြောင့်လည်းကောင်း၊ ယခုလို တရားအလုပ် အားထုတ်တဲ့အခါ ဤ-ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ ရောက်သောကြောင့်လည်းကောင်း (ဝါ) ဤ-ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံသောကြောင့်လည်းကောင်း အတိတ်, အနာဂတ်,ပစ္စုပ္ပန် သုံးတန်သော ကာလတို့၌ ပုဂ္ဂိုလ်သတ္တဝါတို့၏ ဖြစ်မှုပျက်မှု ဖြစ်ခြင်းပျက်ခြင်းကို အလျှင်းမမြင်၊ အဝိဇ္ဇာ,တဏှာ,ကံ စသော အကြောင်းတရားတို့ကြောင့် ဖြစ်သော ရုပ်,နာမ်,ခန္ဓာ စသော အကျိုးတရားတို့၏ အကြောင်းအကျိုးနှင့်စပ်၍ ဖြစ်ခြင်းပျက်ခြင်း ဖြစ်မှုပျက်မှုတို့ကိုသာ ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်တွေ့နေရသောကြောင့် အဆိုပါ ယုံမှားခြင်း ၁၆-ပါးတို့သည် ကျက်ပျောက် ငှက်ပျောက် ပျောက်လေတော့သည်။

အဘယ်ကြောင့် ပျောက်လေသနည်းဟူမူကား လောကသုံးပါး၌ လူ နတ် ဗြဟ္မာ သတ္တဝါတွေဟာ တစုံတယောက်သောသူ ဖန်ဆင်း၍ ဖြစ်သည် မဟုတ်၊ အဝိဇ္ဇာ စသော အကြောင်းကြောင့်ဖြစ်သော ရုပ်

နာမ်ခန္ဓာ ဖြစ်ကျိုးတရားတို့သာဖြစ်သည်ဟု အဖြစ်မှန်ကို သိရသောကြောင့်ပေတည်း။

ဤ၌ ယုံမှားဆိုသည်မှာ ဤသို့ ဖြစ်သလော မဖြစ်သလောဟု သံသယ မရှင်းမလင်း ဖြစ်နေသည်ကို ဆိုသည်။ ဤကား သုတ္တန်၌လာသော ယုံမှားခြင်း ၁၆-ပါးတည်း။

## အဘိဓမ္မာ အဋ္ဌသာလိနီအဋ္ဌကထာ၌လာသော ယုံမှားခြင်း(၈)ပါး

၁။ သတ္ထရိ ကင်္ခတိ=ဘုရား၌ ယုံမှားခြင်း။
၂။ ဓမ္မေ ကင်္ခတိ=တရား၌ ။
၃။ သံဃေ ကင်္ခတိ=သံဃာ၌ ။
၄။ သိက္ခာယ ကင်္ခတိ=သီလသိက္ခာ၌ ။
၅။ ပုဗ္ဗန္တေ ကင်္ခတိ=အတိတ်ခန္ဓာ၌ ။
၆။ အပရန္တေ ကင်္ခတိ=အနာဂတ်ခန္ဓာ၌ ။
၇။ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ=ပစ္စုပ္ပန်ခန္ဓာ၌ ။
၈။ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ= ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း။

ဤကား–အဘိဓမ္မာ၌လာသော ယုံမှားခြင်း (၈) ပါးတည်း။

ထိုတွင်–

၁။ ဘုရား၌ယုံမှားခြင်းသည် ကိုယ်တော်၌ ယုံမှားခြင်း, ဂုဏ်တော်၌ ယုံမှားခြင်းဟု နှစ်မျိုးရှိရာ ကိုယ်တော်၌ ယုံမှားတဲ့အခါ ၃၂-ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်အပ်သော ကိုယ်တော်ဆိုတာ တကယ်ပဲ ရှိလေသလော-မရှိလေသလော၊ ဝါ၊ ဟုတ်မှဟုတ်ရဲ့လားဟု ယုံမှားဖြစ်နေသည်ကို ကိုယ်တော်၌ ယုံမှားခြင်းဆိုသည်။

ဂုဏ်တော်၌ ယုံမှားတဲ့အခါ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သောကာလနှင့်တကွ အလုံးစုံကိုသိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ဆို

တာ တကယ်ပဲရှိလေသလော- မရှိလေသလော ဟုတ်မှဟုတ်ရဲ့လားဟု ယုံမှားဖြစ်နေသည်ကို ဂုဏ်တော်၌ ယုံမှားသည်ဟု ဆိုသည်။

ကိုယ်တော်-ဂုဏ်တော် နှစ်ပါးတို့၌ ယုံမှားတဲ့အခါ (၈၀)သော လက္ခဏာတော်၊ တလံမျှလောက်သော ရောင်ခြည်တော်တို့ဖြင့် တပ်စွန်းသော ကိုယ်တော်၏ ထက်ဝန်းကျင် ပြည့်ခြင်းနှင့် ပြည့်စုံသော အလုံးစုံသော ဥေယျ ဓမ္မ တရားတို့ကို သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိ၍ တည်သော လောကကို၊ ဝါ၊လူ့နတ်တို့ကို သံသရာမှ ကယ်တင်တတ်သော ဘုရားဆိုတာ တကယ်ပဲရှိလေသလော-မရှိလေသလောဟု ယုံမှားသည်ကို ကိုယ်-ဂုဏ် နှစ်ပါးတို့၌ ယုံမှားသည်ဟု ဆိုသည်။

၂။ တရားတော်၌ ယုံမှားတဲ့အခါ ကိလေသာကို ပယ်စွန့်တတ်ကုန်သော လေးပါးကုန်သော အရိယမဂ်ဆိုတာ တကယ်ပဲ ရှိသလား-မရှိဘူးလား၊ တဖန် ငြိမ်းစေအပ်ပြီးသော ကိလေသာရှိကုန်သော လေးပါးကုန်သော သာမညဖိုလ်ဆိုတာ တကယ်ပဲရှိသလား-မရှိဘူးလား၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော သေခြင်းကင်းသော နိဗ္ဗာန်ဆိုတာ တကယ်ပဲရှိသလား-မရှိဘူးလား၊ ဤမဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ကိုးပါးသည် တကယ်ပဲ မွေးသေဝဋ်မှ ထွက်မြောက်နိုင်သလား-မထွက်မြောက်ဘူးလားဟု ယုံမှားသည်ကို တရားတော်၌ ယုံမှားသည်ဟု ဆိုသည်။

၃။ သံဃာ၌ ယုံမှားတဲ့အခါ မဂ်၌တည်သောပုဂ္ဂိုလ် လေးယောက် ဖိုလ်၌တည်သောပုဂ္ဂိုလ် လေးယောက် ပေါင်း-အရိယာပုဂ္ဂိုလ်ရှစ်ယောက် ဆိုတာ တကယ်ပဲရှိသလား-မရှိဘူးလား၊ ဤသံဃာသည် ကောင်းသော အကျင့်ရှိသလား-မရှိဘူးလား၊ ထိုသံဃာ၌ လှူဒါန်းအပ်သော အလှူဒါန၏အကျိုးသည် တကယ်ပဲရှိသလား-မရှိဘူးလားဟု ယုံမှားသည်ကို သံဃာ၌ ယုံမှားသည်ဟု ဆိုသည်။

၄။ သိက္ခာ၌ ယုံမှားတဲ့အခါ သီလ, သမာဓိ, ပညာ ဆိုတဲ့ သိက္ခာ သုံးပါးတို့ကို ကျင့်ခြင်းကြောင့် နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိတယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လားဟု ယုံမှားသည်ကို သိက္ခာ၌ ယုံမှားသည်ဟု ဆိုသည်။

၅-၆-၇ နံပါတ်တို့၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ခန္ဓာတို့၌ ယုံမှားတဲ့ အခါ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခန္ဓာ, အာယတန, ဓာတ်တို့သည် ရှိသလား-မရှိဘူးလားဟု ယုံမှားသည်ကို ပုဗ္ဗန္တေ, အပရန္တေ, ပုဗ္ဗန္တာပရန္တေ ခန္ဓာတို့၌ယုံမှားသည်ဟုဆိုသည်။ပုဗ္ဗန္တဆိုသည်မှာ အတိတ်ခန္ဓာကိုဆိုသည်။ အပရန္တဆိုသည်မှာ အနာဂတ်ခန္ဓာကို ဆိုသည်။ ပုဗ္ဗန္တာပရန္တဆိုသည်မှာ ပစ္စုပ္ပန်ခန္ဓာကိုဆိုသည်။

မှတ်ချက်။ ။ဤ၌ ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်မရသေးသမျှတို့၌ အဝိဇ္ဇာ စသော အကြောင်းကြောင့် ခန္ဓာ စသော အကျိုးတရား အကြောင်း အကျိုးတရား သက်သက်ကိုသာ ဖြစ်ပျက်နေကြသည်တို့ကို ယုံမှားမရှိ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိပြီးဖြစ်၍ အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာ ရှိမရှိတို့၌ ယုံမှားမရှိတော့ပေ။

၈။ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားတဲ့အခါ တဆယ့်နှစ်ပုဒ်ရှိသော ပစ္စည်းဟူသော ဝဋ္ဋတရားသည် ရှိသလား-မရှိဘူးလားဟု ယုံမှားသည်။ (ဝါ) ဤ ဇရာ မရဏ စသည်တို့၏ အကြောင်းဖြစ်ကုန်သော ဇာတိ စသော တရား၊ ဇာတိစသော ထိုထိုအကြောင်းကို စွဲ၍ဖြစ်ကုန်သော ဇရာမရဏ စသော အကျိုးတရားတို့၌ သို့လောသို့လောယုံမှားသည်ကို ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားသည်ဟု ဆိုရသည်။

ဤကား အဘိဓမ္မာ၌လာသော ယုံမှားခြင်း ရှစ်ပါးတည်း။

## ယခ ပါ ဝ တ ရ ဏ ဝိ သု ဒ္ဓိ ပု ဂ္ဂိုလ်

ယောဂီပုဂ္ဂိုလ်သည် ကာလသုံးပါးတို့၌ အဆိုပါအကြောင်းတို့ကြောင့် အဆိုပါ အကျိုးတရားတို့၏ ဖြစ်မှုပျက်မှု ဖြစ်ခြင်းပျက်ခြင်းကိုသာ ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်အားထုတ်၍ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်ပင် သိမြင်နေရသောကြောင့် ဤလောက၌ အကြောင်းအကျိုးက အပ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ အကြောင်းအကျိုးမျှသာ ပြု၏ဟု ယုံမှားမရှိ၊ ထိုးထွင်း၍ သိသည်နှင့် တပြိုင်နက်တချက်တည်း ရှေးအခါက အဆိုပါနည်းအတိုင်း

ယုံမှားနေခဲ့သော ယုံမှားခြင်း ၁၆-ပါး၊ ၈-ပါးတို့လည်း ကင်း၍ အလင်းသို့ ရောက်သဖြင့် ယောဂီပုဂ္ဂိုလ်သည် ဘယ်ဘဝဘယ်ကာလကမှ မဖြစ်ခဲ့ရဘူး၊ ထူးထူးခြားခြား ကင်္ခါဝိတရဏပုဂ္ဂိုလ်အစစ် အဖြစ်သို့ ရောက်သည်ဟု သိမှတ်လေ ယောဂီအပေါင်း သူတော်ကောင်းတို့။

မှတ်ချက်။ ။ကင်္ခါဝိတရဏဝိသုဒ္ဓိ ဆိုသည်မှာ ကင်္ခါ-က ယုံမှားခြင်း၊ ဝိတရဏ-က လွန်မြောက်ခြင်း၊ ဝိသုဒ္ဓိ-က စင်ကြယ်ခြင်း၊ ယုံမှားခြင်းကို လွန်မြောက်စင်ကြယ်သည်ဟု အဓိပ္ပါယ်ရရှိရာ လိမ္မာသော ဆေးကုဆရာသည် အနာကိုမြင်၍ အနာ၏ ဖြစ်ကြောင်းရင်းကို ရှာကြံသကဲ့သို့၊ ထို့တူပမာ နာမ်ရုပ်ကိုမြင်၍ နာမ်ရုပ်အကြောင်းကို ရှာသည့်ရှိသော် အဝိဇ္ဇာ စသော အကြောင်းကို မြင်လာ၍ ဤ-နာမ်ရုပ်သည် ထာဝရဘုရားက ဖန်ဆင်း၍ ဖြစ်သည်မဟုတ်။ စင်စစ်မှာ အဝိဇ္ဇာ စသော အကြောင်းကြောင့်သာ ဖြစ်သည်ဟု သိလာသည်နှင့် တပြိုင်နက် တချက်တည်း ရှေးအခါက ထာဝရဘုရားဖန်ဆင်း၍ ဖြစ်တယ်ဆိုတာပဲ ဟုတ်လေသလော၊ မဟုတ်လေသလောဟု ယုံမှားခြင်း ကင်းစင်သွားတဲ့အခါ ဤ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရကား အကြောင်းတရား၊ ဤ ရုပ်နာမ် ခန္ဓာကား အကျိုးတရား၊ ဤ အကြောင်းအကျိုးက အပ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ အကြောင်းနှင့် အကျိုးကိုသာ ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး မြင်လာတဲ့အခါ အဆိုပါ ယုံမှားခြင်းကို လွန်မြောက်စင်ကြယ်အောင် ဤအဝိဇ္ဇာ စသည်ကား အကြောင်း၊ ဤရုပ်နာမ်သည်ကား အကျိုးဟု ရုပ်နာမ်အကြောင်းကို သိမ်းဆည်း ရှာဖွေရလေသည်။ သို့မှလည်း ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံနိုင်သည်။ ထိုထိုကျမ်းဂန်တို့၌ လာသော နည်းပေတည်း။

ထိုထို ကျမ်းဂန်တို့၌ လာပုံကား— ရုပ်နာမ် ပိုင်းခြားပုံ— အဿာသပဿာသကမ္မိကော ။ပ။ ဧဝံ ရူပံ ပရိဂ္ဂဏှာတိ ။ပ။ ဖဿပဉ္စမေ နာမန္တိ။ ဤကား ရုပ်နာမ်ကို ပိုင်းခြားပုံ။ ဧဝံ နာမရူပံ ပရိဂ္ဂဟေတွာ တဿ ပစ္စယံ ပရိယေသန္တော အဝိဇ္ဇာဒိ ပဋိစ္စသမုပ္ပါဒံ ဒိသွာ ပစ္စယာပစ္စယုပ္ပန္နမတ္တမေဝေတံ၊ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိတိ ဝိတိဏ္ဏကင်္ခေါ

သပ္ပစ္စယနာမရူပေတိ လက္ခဏံ အာရောပေတွာ ဝိပဿနံ ဝဍ္ဍေန္တော အနု- ပုဗ္ဗေန အရဟတ္တံ ပါပုဏာတိ။ ။ဤကား ရုပ်နာမ်အကြောင်းကို သိမ်းဆည်းပုံတည်း။

ဤလိုဤပုံ ရုပ်နာမ်ကိုပိုင်းခြား၊ ရုပ်နာမ်အကြောင်းကို သိမ်းဆည်းပြီး အကြောင်းနှင့်တကွသော ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့ တင်၍ ဝိပဿနာပွားသည်ရှိသော် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်ပုံတည်း။

## စူဠသောတာပန်

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ- သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။
>
> (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

**အနက်ကား**။ ။ပန၊ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ရရှိခြင်း၏ အကျိုး ကြီးမားပုံကို ပြဆိုပါဦးအံ့။ ဣမိနာ ဉာဏေန၊ ဤနာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ဤ ဉာဏ်နှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာ၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်ရာတည်ရာရှိသည်။ နိယတဂတိကော၊ မြဲသော လူနတ်သုဂတိ အလားရှိသည်။ ဟုတွာ၊ ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် ပုဂ္ဂိုလ်အစစ်အဖြစ်သို့ ရောက် တော့သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

## သက်သာရာ ထောက်တည်ရာ ရပုံ

**မှတ်ချက်**။ ။ဤ၌ ဋီကာအလိုအရ ဗုဒ္ဓမြတ်စွာ သာသနာ၌ မချ အားဖြင့် သက်သာရာဟု ဆိုခြင်းသည် အရိယဖိုလ် မည်၏။ ထောက်ရာ တည်ရာဟုဆိုခြင်းသည် အရိယမဂ်မည်၏။ ထိုသို့ အရိယမဂ်အစစ်ကို မရ သေးသော်လည်း ဤ ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံနေသော ယောဂီ

ပုဂ္ဂိုလ်သည် ထိုမဂ်ဖိုလ်ကို ရခြင်း၏အကြောင်းရင်းဖြစ်သော အကျင့်၌ တည်ပြီဖြစ်သည်။ ထို အကျင့်၌တည်၍ မဆုတ်မနစ် အားသစ်သွားပါလျှင် ယခုလက်ရှိဘဝ၌ပင် အရိယမဂ်အရိယဖိုလ်ကို မကြာမီ ရရှိတော့မည်ဖြစ်၍ ဥပစာအားဖြင့် သက်သာရာ ထောက်တည်ရာရပြီဟု ဆိုရလေသည်။

ဤလိုဤပုံ ဤဉာဏ်နှစ်ပါးသည် ကြီးမားသော အကျိုးအာနိသင် ရှိသောကြောင့် နေ့ညမစဲ အမြဲတစေ ရုပ်နာမ်ကို ပိုင်းခြား၍ ရုပ်နာမ် အကြောင်းကို သိမ်းဆည်းပါလေ။

### စူဠ-မဇ္ဈိမ-မဟာသောတာပန် သုံးမျိုး

သောတံ အာဒိတော ပဇ္ဇိံသု ပါပုဏိံသုတိ သောတာပန္နာ။ စူဠာ သောတာပန္နာ စူဠသောတာပန္နာ။ မဇ္ဈိမာ သောတာပန္နာ မဇ္ဈိမသောတာပန္နာ၊ မဟန္တာ သောတာပန္နာ မဟာသော-တာပန္နာ။

(မဂ္ဂသံယုတ် အဋ္ဌကထာ၊ စူဠသောတာပန်မှာ။ မူလပဏ္ဏာသ ပါဠိ အဋ္ဌကထာ မဇ္ဈိမသောတာပန်နှင့် မဟာသောတာပန်တို့မှာ နယဂ္ဂါဟဟု သိပါ)။

**အနက်ကား**–ယေ၊ အကြင် နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ်နှစ်ပါးနှင့် (ဝါ) ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိနှစ်ပါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်တို့သည်။ သောတံ၊ သမ္မာဒိဋ္ဌိစသော လောကီမဂ္ဂင် ရှစ်ပါးတည်းဟူသော မဂ်ရေအလျဉ်သို့။ အာဒိတော၊ အစဦးစွာ။ အာပဇ္ဇိံသု ပါပုဏိံသု၊ ရောက်ကြကုန်ပြီ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုယောဂီပုဂ္ဂိုလ်တို့သည်။ သောတာပန္နာ၊ လက်ရှိဘဝ အပါယ်သို့ မကျနိုင်သော သောတာပန်တို့မည်ကုန်၏။ စူဠာ၊ ငယ်ကုန်သော။ မဇ္ဈိမာ၊ အလတ်ဖြစ်ကုန်သော။ မဟန္တာ၊ ကြီးကုန်သော။ သောတာပန္နာ၊ စူဠသောတာပန်, မဇ္ဈိမသောတာပန်, မဟာသောတာပန်တို့ (ဝါ) သောတာပန်အငယ်, သောတာပန်အလတ်, သောတာပန်အကြီးတို့။

**မှတ်ချက်။** ။ဤ၌ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်ကို စူဠသောတာပန်ဟု ဆို၍ သမ္မသနအစ သင်္ခါရုပေက္ခာဉာဏ်အဆုံးရှိသော ဉာဏ်ကိုးပါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်ကို မဇ္ဈိမသောတာပန်ဟုဆို၍ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်၊ ဤဉာဏ်ငါးပါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်ကို မဟာသောတာပန်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ထိုကြောင့် ယောဂီပုဂ္ဂိုလ်သည် စူဠအဖြစ်မှ မဇ္ဈိမအဖြစ်သို့ ရောက်အောင်၊ မဇ္ဈိမအဖြစ်မှ မဟာသောတာပန်အဖြစ်သို့ ရောက်အောင် အဆိုပါ ဉာဏ်များနှင့် တဆင့်ပြီးတဆင့် မြင့်သွားအောင် မနေမနား ကြိုးစားသွားရမည်ဟု သိမှတ်ပါလေ ယောဂီအပေါင်းသူတော်ကောင်းတို့။

## ယောဂီပုဂ္ဂိုလ်သတိပြု

ပြဆိုပြီးသော သီလဝိသုဒ္ဓိမှ စ၍ ဤကင်္ခါဝိတရဏဝိသုဒ္ဓိ အထိ ဝိပဿနာရှုနည်း (ဝိပဿနာဉာဏ်စဉ်)များ တပါးမှ မပါရှိသေးပေ၊ သမာဓိ, သမထမျှသာ ရှိသေးသည်။

ဥပမာဆိုသော် အသက်ထက်ဆုံး ချမ်းသာစွာ နေထိုင်ဖို့ရာ အုတ်တိုက်ကြီးတည်ဆောက်တဲ့အခါ ရှေးဦးစွာ အုတ်မြစ်ချသလို ထိုနည်းတူစွာ နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းနိုင်ဖို့ရာ ဝိပဿနာအုတ်တိုက်ကြီး တည်ဆောက်တဲ့အခါ ဝိပဿနာဉာဏ်အခြေခံ၊ ဝိပဿနာအုတ်မြစ်ချရုံမျှသာ ဖြစ်သေးသည်၊ ရှိသေးသည်ဟု သိမှတ်ပါလေ။

ရှေ့၌ ပြဆိုလတ္တံ့သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမှ စ၍ မြန်မာတိုင်းရင်းသားတို့၏ အခေါ် (ကလာပသမ္မသန)၊ သီဟိုဠ်တိုင်းရင်းသားတို့၏ အခေါ် (နယဝိပဿနာ)မှစ၍ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်များ ပူးတွဲ၍ ပါလာပေတော့မည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ဤတွင် ကင်္ခါဝိတရဏဝိသုဒ္ဓိပိုင်းကို ရပ်ဆိုင်းလိုက်ပါသည်။

**ကင်္ခါဝိတရဏဝိသုဒ္ဓိပြီး၏။**

## ၅-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

အယံ မဂ္ဂေါ အယံ န မဂ္ဂေါတိ ဧဝံ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဉတွာ
ဌိတံ ဉာဏံ ပန မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နာမ–

နှင့်အညီ ဤကား-မဂ်၊ ဤကား-မဂ်မဟုတ်ဟု မဂ်ဟုတ်သည် မဟုတ်သည်ကို သိ၍ တည်သော ဉာဏ်သည်ကား မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏ဟူလို။ ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် ခန္ဓာငါးပါး ရုပ်,နာမ်ဘာ်ရားတို့ကို (ကလာပသမ္မသန)ဟူသော အပေါင်းအစည်းအားဖြင့် စ၍ သုံးသပ်ပုံကို ပြဆိုပေဦးအံ့။

### ၁။ သုဒ္ဓသမ္မသနနည်း သုံးသပ်ပုံ

ပါဠိလိုသုံးသပ်ပုံကား–

၁။ အတီတံ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၂။ အနာဂတံ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၃။ ပစ္စုပ္ပန္နံ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

ဝေဒနာ,သညာ စသည်တို့၌လည်း လိင်ဝုစ်ပြောင်း၍ နည်းတူဆိုပါလေ။

မြန်မာလိုသုံးသပ်ပုံကား–

၁။ လွန်လေပြီးသော ရုပ်သည် မမြဲ-ဆင်းရဲ-အစိုးမရပါတကား။

၂။ လာလတ္တံ့သော ရုပ်သည် မမြဲ-ဆင်းရဲ-အစိုးမရပါတကား။

၃။ ယခုဖြစ်ဆဲရုပ်သည် မမြဲ-ဆင်းရဲ-အစိုးမရပါတကား။

## တနည်းသုံးသပ်ပုံ

ပါဠိလိုသုံးသပ်ပုံကား–

၁။ အတီတံ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

၂။ အနာဂတံ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

၃။ ပစ္စုပ္ပန္နံ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

မြန်မာလို သုံးသပ်ပုံကား–

၁။ လွန်ပြီးသောရုပ်သည် ကုန်တတ်သောအနက်ကြောင့် မမြဲတဲ့ အနိစ္စပါတကား။

၂။ လွန်ပြီးသောရုပ်သည် ကြောက်မက်ဖွယ်အနက်ကြောင့် ဆင်းရဲတဲ့ ဒုက္ခပါတကား။

၃။ လွန်ပြီးသော ရုပ်သည် အနှစ်မရှိသော အနက်သဘောကြောင့် အစိုးမရတဲ့ အနတ္တပါတကား။

အနာဂတံ-ပစ္စုပ္ပန္နံကိုလည်း နည်းတူပြောင်း၍ ဆိုပါလေ။

## တနည်းသုံးသပ်ပုံ

ပါဠိလို–

၁။ အတီတံ ရူပံ ဟုတွာ အဘာဝတော အနိစ္စံ အဘိဏှသမ္ပဋိပီဠနတော ဒုက္ခံ အဝသဝတ္တနတော အနတ္တာ။

၂။ အနာဂတံ ရူပံ ဟုတွာ အဘာဝတော အနိစ္စံ အဘိဏှသမ္ပဋိပီဠနတော ဒုက္ခံ အဝသဝတ္တနတော အနတ္တာ။

၃။ ပစ္စုပ္ပန္နံ ရူပံ ဟုတွာ အဘာဝတော အနိစ္စံ အဘိဏှသမ္ပဋိပီဠနတော ဒုက္ခံ အဝသဝတ္တနတော အနတ္တာ။

မြန်မာလို–

၁။ လွန်ပြီးသောရုပ်သည် ဖြစ်ပြီး၍ မရှိသောကြောင့် မမြဲတဲ့ အနိစ္စ ပါတကား။

၂။ လွန်ပြီးသောရုပ်သည် မပြတ်နှိပ်စက်ခြင်းကြောင့် ဆင်းရဲတဲ့ ဒုက္ခ ပါတကား။

၃။ လွန်ပြီးသောရုပ်သည် အလိုသို့မလိုက်သောကြောင့် အစိုးမရတဲ့ အနတ္တပါတကား။

အနာဂတ်-ပစ္စုပ္ပန်ကိုလည်း နည်းတူပြောင်း၍ ဆိုပါလေ။

## ၂။ အဒ္ဓါနသမ္မသနနည်းသုံးသပ်ပုံ

ပါဠိလို သုံးသပ်ပုံကား–

> ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထာပေတိ ဧကံ သမ္မသနံ၊ ဒုက္ခတော ဝဝတ္ထာပေတိ ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထာပေတိ ဧကံ သမ္မသနံ၊ ဝေဒနာဒီသုပိ။

မြန်မာလို–

အလုံးစုံသော အတိတ်,အနာဂတ်,ပစ္စုပ္ပန် သုံးတန်သော ကာလတို့၌ ဖြစ်ကြသော အဘွင်း, အပ, အယုတ်, အမြတ်, ရုန့်ရင်း, နူးညံ့, ဝေး, နီး ဖြစ်သော ရုပ်သည် ရှိ၏။ ထိုအလုံးစုံသော ရုပ်ကို မမြဲသောအားဖြင့် ပိုင်းခြားအပ်၏။ တခုသော သမ္မသနတည်း။ ဝေဒနာစသည်တို့၌လည်း ဤရုပ်ကို သုံးသပ်ပုံနည်းအတိုင်း သုံးသပ်ပါလေ။

ဤ၌ ဝိပဿနာ၏ အရာဖြစ်သောကြောင့် တဆယ့်တရာသီကို ပြဆို ပေအံ့။

## တဆယ့်တရာသီ

၁။ (အတိတ်) လွန်လေပြီးသော အတိတ်ကာလတို့၌ ဖြစ်ခဲ့ပြီးသော (ရုပ်နာမ်)

၂။ (အနာဂတ်) လာလတ္တံ့သော အနာဂတ်ကာလတို့၌ ဖြစ်လတ္တံ့သော (ရုပ်နာမ်)

၃။ (ပစ္စုပ္ပန်) ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ။

၄။ (အဇ္ဈတ္တ) မိမိကိုယ်တွင်းသန္တာန်၌ဖြစ်သော ။

၅။ (ဗဟိဒ္ဓ) သူတပါး ပြင်ပသန္တာန်၌ဖြစ်သော ။

၆။ (ဟီန) ယုတ်ညံ့သော ။

၇။ (ပဏီတ) မြင့်မြတ်သော ။

၈။ (ဩဠာရိက) ရုန့်ရင်းသော ။

၉။ (သုခုမ) သိမ်မွေ့နူးညံ့သော ။

၁၀။ (ဒူရ) ဝေးသော ။

၁၁။ (သန္တိကေ) နီးသော ။

ဤလိုဤပုံ အတိတ် အစ သန္တိကေ အဆုံး တဆယ့်တလီ တဆယ့်တရာသီ ရှိသည်တို့ကို သိရှိထားပြီးလျှင် နှုတ်တွင်ရွရွ ကြေညက်အောင် ရရှိစေရမည်ဟု သိမှတ်ပါလေ။

တဖန် (၁-၂-၃-၄-၅) နံပါတ်တို့မှာ သိသာနိုင်လောက်သော်လည်း (၆-၇-၈-၉) နံပါတ်ရုပ်တို့မှာ မသိသာ မထင်ရှားသောကြောင့် ၎င်းတို့ကို ရှင်းလင်းပြဆိုဦးအံ့။

အယုတ်အမြတ်ဆိုသည်မှာ ပရိယာယ်အားဖြင့် အပါယ်လေးဘုံတို့၌ ဖြစ်သောရုပ်သည် ဟီနမည်၏။ လူ့ဘုံ၌ ဖြစ်သောရုပ်သည် ပဏီတမည်၏။

တဖန် လူ့ဘုံ၌ ဖြစ်သောရုပ်သည် ဟီနမည်၏။ နတ်ဘုံ၌ ဖြစ်သော ရုပ်သည် ပဏီတမည်၏။ နတ်ဘုံတို့၌လည်း တဘုံထက်တဘုံ ဟီန ပဏီတ အယုတ်အမြတ်ကို သိပါလေ။ တဖန် နတ်ဘုံ၌ ဖြစ်သောရုပ်သည် ဟီန မည်၏။ ဗြဟ္မာ့ဘုံ၌ ဖြစ်သောရုပ်သည် ပဏီတ မည်၏။ ထိုဗြဟ္မာ့ဘုံတို့ ၌လည်း တဘုံထက်တဘုံ ဟီန, ပဏီတ အယုတ်အမြတ်ကို သိကြပါလေ။

(၈ ၉) နံပါတ်တို့၌ ရုန့်ရင်းသိမ်မွေ့သောရုပ် ဆိုသည်မှာ ရုပ် ၂၈-ခု တို့တွင် ပသာဒရုပ် ၅-ခု၊ ဂေါစရရုပ် ၇-ခု၊ ဤ ၁၂-ပါးသော ရုပ်တို့ကို ဉာဏ်ဖြင့်ကြည့်လျှင် ထင်လွယ်မြင်လွယ်သောကြောင့် ရုန့်ရင်းကြမ်းတမ်း၍ (ဩဠာရိကရုပ်)ဟု ဆိုသည်။ ကျန် အာပေါ, ဣတ္ထိန္ဒြေ စသော ၁၆-ပါး သော ရုပ်တို့ကို ဉာဏ်ဖြင့်ကြည့်လျှင် အလွယ်တကူ မထင်နိုင် မမြင်နိုင် သောကြောင့် နူးညံ့သိမ်မွေ့နေ၍ (သုခုမရုပ်)ဟု ဆိုသည်။

(၁၀-၁၁)တို့၌လည်း ဒူရေ–သန္တိကေ၊ ဝေး, နီးရုပ် ဆိုသည်မှာ မိမိနှင့် ဝေးသောရုပ်သည် (ဒူရေရုပ်) မည်၏။ မိမိနှင့် နီးသောရုပ်သည် (သန္တိကေရုပ်) မည်၏။ တနည်းဆိုသော် သုခုမရုပ် ၁၆-ပါးတို့သည် အသိဉာဏ်ဝေးသောကြောင့် (ဒူရေရုပ်) မည်၏၊ ဩဠာရိကရုပ် ၁၂-ပါး တို့သည် အသိဉာဏ် နီးသောကြောင့် (သန္တိကေရုပ်) မည်၏။

## တဆယ့်တရာသီ သုံးသပ်ပုံ

၁။ လွန်လေပြီးသော ဘဝကာလတို့၌ ကံအားလျော်စွာ မရေ မတွက်နိုင် ဖြစ်၍ဖြစ်၍ ပျက်ကြကုန်သော ခန္ဓာတပါး, ခန္ဓာလေးပါး, ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သည် ထိုထိုဖြစ်ရာ ဖြစ်ရာ ဘုံဘဝတို့၌သာလျှင် ဆီမီးလျှံအသွင် ရေလျဉ်ပမာ လျင်စွာ လျင်စွာဖြစ်၍ လျင်စွာလျင်စွာ ပျက်ကြလေကုန်ပြီ။ တစုံတခုသော ဘုံဘဝသို့ (ဝါ) အနာဂတ်ကာလသို့ ဆံတပင် နှမ်းတစေ့မျှ မလိုက်မပါ မလာမရောက်နိုင်ကြတော့ပြီတကား။

ဤကား အတိတ်ခန္ဓာကို ရည်မှတ်၍ သုံးသပ်ပုံတည်း။

၂။ နောင်လာလတ္တံ့သော အနာဂတ်ကာလတို့၌ ဖြစ်လတ္တံ့ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်လည်း ထိုထို ဖြစ်ရာဖြစ်ရာ အနာဂတ်ကာလတို့၌သာလျှင် မရေမတွက်နိုင်အောင် ဖြစ်၍ ပျက်ကြကုန်လတ္တံ့။ ဤပစ္စုပ္ပန်ကာလသို့ ဆံတပင် နှမ်းတစေ့မျှ မလိုက်မပါ မလာမရောက်နိုင်ကြတော့ပြီတကား။

ဤကား အနာဂတ်ခန္ဓာကို ရည်မှတ်၍ သုံးသပ်ပုံတည်း။

၃။ ယခု ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ကာလ၌ ပဋိသန္ဓေမှအစ ဖြစ်ပေါ်လာကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်လည်း ပဋိသန္ဓေမှ စုတိသေနေ့ကျအောင် ရပ်နားခြင်းမရှိ။ ဒိုင်းဒိုင်းပြေး လျှင်စွာလျှင်စွာ ဖြစ်၍ လျှင်စွာလျှင်စွာ ပျက်၍ ပျက်၍နေကြပါတကား။ ထိုပစ္စုပ္ပန်ဘဝမှ ဝဋ်စံတခုသောဘဝသို့ ဆံတပင် နှမ်းတစေ့မျှ မလိုက်မပါ မလာမရောက်နိုင်ကြတော့ပြီတကား။

ဤကား ပစ္စုပ္ပန်ခန္ဓာကို ရည်မှတ်၍ သုံးသပ်ပုံတည်း။

## တရေးရေးထင်အောင် နှလုံးသွင်း

မှတ်ချက်။ ။ ( ဘာဝိတာ – ဗဟုလီကတာ ) ဆိုတဲ့အတိုင်း ကာလ သုံးပါးတို့၌ ဖြစ်ပျက်မစဲ ဖြင်ပျက်မနား တဖွားဖွား ဖြစ်ပျက်နေသည်တို့ကို စိတ်ထဲဉာဏ်ထဲမှာ တရေးရေး ထင်မြင်နေအောင်၊ ဝါ၊ မထင်ထင်အောင် မမြင်မြင်အောင် သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင် နှလုံးသွင်းပေးရမည်ဟု သိမှတ်ပါလေ။

နံပါတ်(၄)မှစ၍ နံပါတ်(၁၁)တို့၌လည်း ဤလိုဤပုံ အတွင်း, အပြင်, အယုတ်, အမြတ်, ရှန့်ရင်း, သိမ်မွေ့, အဝေး, အနီး ရုပ်တို့၌လည်း အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သောကာလတို့၌ ဖြစ်ကြကုန်သော အလုံးစုံသော ခန္ဓာငါးပါး, ရုပ်နာမ် တရားတို့သည် အကြောင်းအားလျော်စွာ မိမိတို့၏ ဖြစ်ရာကာလတို့၌သာ ခဏချင်း ခဏချင်း ဖြစ်၍ဖြစ်၍၊ ခဏချင်း ခဏချင်း ပျက်၍ပျက်၍ နေကြသောကြောင့်

မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့-ဒုက္ခ၊ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့ မပါစေနိုင်တဲ့- အနတ္တတို့ပါတကားဟု လက္ခဏာရေး သုံးပါးသို့ တင်၍ အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်ပေးရမည်ဟု သိမှတ်ပါလေ ယောဂီ အပေါင်း သူတော်ကောင်းတို့။

ဤကား–ကျမ်းလာနည်းအတိုင်းပဲ။

## ကုဋ္ဌေတသိန်း ငါးထောင်ကျော်

ဧကစ္ဆရက္ခဏေ ကောဋိသတသဟဿသင်္ချာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။
(သမ္မောအဋ္ဌကထာ)

**အဓိပ္ပါယ်ကား—**ရုပ်တရားနာမ်တရား နှစ်ပါးတို့တွင် နာမ်တရားမျိုး တို့သည် ဖြစ်ခွင့်ရ၍ ဖြစ်ရပါလျှင် မျက်စိတမှိတ် လျှပ်တပြက် လက်ဖျစ် တတွက် လက်ဖျစ်တတီးခန့် အချိန်ကာလ ခဏအနည်းငယ်၌ ကုဋေ တသိန်းဖြစ်၍ ပျက်တယ်ဆိုယင် ရုပ်တရားမျိုးတို့ကလဲ ကုဋေငါးထောင် ကျော် ဖြစ်၍ ပျက်လေပြီဟု သိမှတ်ပါ။ ။ တိကျစွာဆိုသော် စိတ်ဆိုတဲ့ နာမ်တရားတို့က ကုဋ္ဌေတသိန်း ဖြစ်၍ ပျက်တယ်ဆိုယင် ရုပ်တရားတို့က (ကုဋေ ငါးထောင် ရှစ်ရာ ရှစ်ဆယ် နှစ်ကုဋေ သုံးသန်း ငါးသိန်း နှစ်သောင်း ကိုးထောင် သေးရာ တဆယ့်တစ်) ဖြစ်ကြ-ပျက်ကြလေပြီဟု သိမှတ်ပါလေ။

ဤလိုဤပုံ လျှင်မြန်လှသော အဆိုပါ ရုပ်နာမ်ခန္ဓာတို့၏ မျက်တောင် တခတ်စာမျှ မမြဲသော-အနိစ္စ၊ ဖြစ်ပျက်မစဲတသဲသဲ နှိပ်စက်နေသော-ဒုက္ခ၊ ဆီတပင် နှမ်းတစေ့မျှ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့ မပါစေနိုင် သော-အနတ္တ။ ဤ-အဖြစ်မျိုး အဖြစ်ဆိုးတို့ကို စိတ်ထဲဉာဏ်ထဲမှာ တရေး ရေး ထင်မြင်လာအောင် သမ္မသနဉာဏ်ဖြင့် သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းရမည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## သမ္မသနညာဏ်ရင့်သန်မှ မဂ်ညာဏ်ဖိုလ်ညာဏ် ဖြစ်နိုင်သည်

ယောဂီပုဂ္ဂိုလ်များ သတိပြုရန်မှာ– မီးကိုအလိုရှိ၍ မီးပွတ်သောသူသည် မီးစွဲမှုရပ်သကဲ့သို့၊ ထို့တူပမာ မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသောသူသည်လည်း အဆိုပါ သမ္မသနညာဏ် ရင့်သန်လာမှသာ ဥဒယဗ္ဗယ စသော အထက်ညာဏ်များ ရင့်သန်လာနိုင်မည် ဖြစ်သည်။ အထက်ညာဏ်များ ရင့်သန် အနုလောမညာဏ် အခြေမှန်မှ မဂ်ညာဏ်ဖိုလ်ညာဏ်များ ဖြစ်ပေါ်လာနိုင်မည်-ဟု အထူးသတိပြုပြီး မနေမနား ကြိုးစားအားထုတ်ရမည်ဟု သိမှတ်ပါလေ။

ဤ သမ္မသနညာဏ်မှာ အနိစ္စတပိုင်း၊ ဒုက္ခတပိုင်း၊ အနတ္တတပိုင်း၊ သုံးပိုင်းမြင်အောင် ရှုရသောညာဏ်တည်း။

### သမ္မသနညာဏ်မြင်အောင်ရှုမှတ်ပုံ

**အနန္တရာ စ ယေ ဘဂ္ဂါ၊ ယေ စ ဘဂ္ဂါ အနာဂတာ။**
**တဒနန္တရာ နိရုဒ္ဓါနံ၊ ဝေ သမံ နတ္ထိ လက္ခဏာ။**

(ဝိသုဒ္ဓိမဂ်)

**အဓိပ္ပါယ်ကား**—အခြားမဲ့ဖြစ်သော အတိတ်ကာလ၌ အကြင် ရုပ်နာမ်ခန္ဓာတို့သည် ပျက်လေကုန်ပြီ။ ဖြစ်လတ္တံ့သော အနာဂတ်ကာလ၌ အကြင် ရုပ်နာမ်ခန္ဓာတို့သည်လည်း ပျက်စီးကုန်လတ္တံ့။ ထိုအတိတ် အနာဂတ် ကာလနှစ်ပါးအကြား ဖြစ်ဆဲဖြစ်ကုန်သော ပစ္စုပ္ပန်ကာလ၌ အကြင် ရုပ်,နာမ်ခန္ဓာ တို့သည်လည်း ပျက်ကုန်ဆဲ ချုပ်ပျောက်ခြင်း သဘော ရှိသည်ဖြစ်၍ ကာလသုံးပါးတို့၌ ဖြစ်ကြကုန်သော ခန္ဓာတို့၏ အနိစ္စ စသော လက္ခဏာရေးသုံးပါးတို့၌ မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်း တို့၌ မတူကွဲပြား ထူးခြားသောအဖြစ်မည်သည် လုံးဝမရှိတော့ပြီ။ အလုံးစုံ တူညီကြကုန်၏-ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုအဆိုအတိုင်း ထင်မြင်အောင် အားထုတ်ပါလေ။

## ပွတ်ဆောက်ဖျားနှင့်မုန်ညင်းစေ့ပမာ

ဤယောဂီပုဂ္ဂိုလ်သည် ကာလသုံးပါးတို့၌ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲဖြစ်သော ရုပ်နာမ်ခန္ဓာတို့၏ မမြဲခြင်း အနိစ္စလက္ခဏာ နှိပ်စက်ခြင်း ဒုက္ခလက္ခဏာ အစိုးမရခြင်း အနတ္တလက္ခဏာတို့ကို ကောင်းစွာမြင်သည်ရှိသော် လွန်ခဲ့ပြီးသော အတိတ်ခန္ဓာတို့၏ တစုံတခုသောအရပ်၌ စုဆောင်းသိမ်းဆည်းထားခြင်းသို့ မရောက် အလိုလို ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသို့ ရောက်သည်ကိုလည်းကောင်း၊ မလာမရောက်သောကာလ၌ အနာဂတ်ခန္ဓာ ဖြစ်ဖို့ရာ တနေရာရာမှာ စုဆောင်း စုပုံထားခြင်းလည်း မရှိသည်ကိုလည်းကောင်း၊ အကြောင်းကိုစွဲ၍ ဖြစ်ဆဲထင်ရှားရှိသော ပစ္စုပ္ပန်ခန္ဓာသည်လည်း ပွတ်ဆောက်ဖျား၌တင်ထားသော မုန်ညင်းစေ့ကဲ့သို့ တခဏမျှသာတည်၍ ခဏချင်းလိမ့်ကျသည်ကိုလည်းကောင်း အပိတ်အပင်ကင်း၍ လင်းလင်းကြီး ထင်းထင်းကြီး ကွင်းကွင်းကြီး မြင်လာလေတော့သည်။

> အနိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
> နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။
>
> (ဝိသုဒ္ဓိမဂ်)

**အဓိပ္ပါယ်ကား**—ဖြစ်၍ ပျက်စီးကုန်ပြီးသော အတိတ်ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် တစုံတခုသောအရပ်၌ သိမ်းဆည်းသိုမှီးခြင်းသို့ မရောက် ကွယ်ပျောက်လေကုန်၏။ ရောက်ရာ ရောက်ရာ နောက်အခါ၌ လိုလျှင်ရစေကြိုးလိုခွေသို့စုပုံ၍ တည်နေသော ခန္ဓာတို့သည်လည်း လုံးဝ မရှိကြကုန်။ လျောက်ပတ်သော အကြောင်းကိုရ၍ ဖြစ်ကြကုန်သော အကြင် ပစ္စုပ္ပန်ခန္ဓာတို့သည်လည်း ထင်ရှားရှိကြကုန်၏။ ထိုပစ္စုပ္ပန်ခန္ဓာတို့သည်လည်း ပွတ်ဆောက်ဖျား၌ (ဝါ) စူးဖျား, အပ်ဖျား၌ တင်ထားသော မုန်ညင်းစေ့နှင့် တထပ် တသားတည်း တူသည်သာလျှင်တည်း။

## သမ္မသနဉာဏ် ရင့်သန်ပုံ

ဤယောဂီပုဂ္ဂိုလ်သည် ဖော်ပြခဲ့ပြီးသော အဒ္ဓါနသမ္မသနနည်းဖြင့် မနေမနား မီးပွတ်သောယောကျ်ား ကဲ့အလားသို့ ပွားများသည်ရှိသော်

အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သောကာလတို့၌ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်တိုင်း ပျက်တိုင်း ဖြစ်ပြီးယင်ပျက် ဖြစ်ပြီးယင်ပျက် တဖြစ်ထဲဖြစ်၍ တပျက်ထဲ ပျက်နေကြတဲ့ ဖြစ်ပျက်မနား ရုပ်နာမ်ခန္ဓာ ငါးပါးတို့၏ မမြဲ ဆင်းရဲ အစိုးမရသော အနိစ္စ-ဒုက္ခ-အနတ္တတည်းဟူသော လက္ခဏာရေး သုံးပါးတို့ကို ကွက်ကွက် ကွင်းကွင်း ထင်းထင်းလင်းလင်း စိတ်ထဲဉာဏ်ထဲမှာ အမြဲတမ်း တရေးရေး ထင်မြင်၍နေသည်ရှိသော် ဤ သမ္မသနဉာဏ်သည် ရင့်သန်ထက်မြက် ခြင်းသို့ ရောက်ပြီဟု သိမှတ်ပါလေ။

## တော-၄၀ ခေါ်သော သမ္မသနဝိပဿနာဉာဏ် ၄၀

ဤမျှနှင့်ပင် ဤ သမ္မသနဉာဏ် မရင့်သန်သေးလျှင် ဝိသုဒ္ဓိမဂ်စသော ကျမ်းတို့၌လာသော (ရူပသတ္တက) (နာမသတ္တက) (စတ္တာရီသ) စသော နည်းတို့ဖြင့်လည်း သုံးသပ်နိုင်သေးသည်။ ဤကျမ်း၌ကား တော-၄၀ တနည်းကိုသာ ပြဆိုပါအံ့။ ပါဠိတော်၌လာသော တော-၄၀ မှာ (နယဒဿန) ရှုနည်း ပြရုံမျှသာ၊ ဤကျမ်း၌ကား ရှေးဆရာတော်ကြီးများစီစဉ်၍ ထားခဲ့သော ဝိပဿနာရှုနည်း အစစ်ဖြင့်သာ ပြဆိုပါအံ့။

## ၁။ အနိစ္စလက္ခဏာ ၁၀-ပါး

ပဉ္စက္ခန္ဓေ အနိစ္စတော ပလောကတော စလတော ပဘင်္ဂုတော
အဓုဝတော ဝိပရိဏာမဓမ္မတော အသာရကတော ဝိဘဝတော
သင်္ခတတော မရဏဓမ္မတော သမ္မသတိ။

**အဓိပ္ပါယ်ကား**—အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သော ကာလ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို မမြဲသောအားဖြင့် ပျက်စီးတတ်သောအားဖြင့် တုန်လှုပ်တတ်သောအားဖြင့် ပျက်စီးခြင်းသို့ ရောက်တတ်သောအားဖြင့် အမြဲမတည်သောအားဖြင့် ဖောက်ပြန်တတ်သော သဘောအားဖြင့် အနှစ်သာရကင်းသော သဘောအားဖြင့် အစီး

အပွားမရှိသောအားဖြင့် အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်သောအားဖြင့် သေတတ်သော သဘောအားဖြင့် သုံးသပ်ဆင်ခြင်၏။

## ၂။ ဒုက္ခလက္ခဏာ ၂၅-ပါး

ပဉ္စက္ခန္ဓေ ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ဤတိတော ဥပဒ္ဒဝတော ဘယတော ဥပသဂ္ဂတော အတာဏတော အလေဏတော အသရဏတော အာဒီနဝတော အဃမူလတော ဝဓကတော သာသဝတော မာရာမိသတော ဇာတိဓမ္မတော ဇရာဓမ္မတော ဗျာဓိဓမ္မတော သောကဓမ္မတော ပရိဒေဝဓမ္မတော ဥပါယာသဓမ္မတော သံကိလေသဓမ္မတော သမ္မသတိ။

အဓိပ္ပါယ်ကား—အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သောကာလ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဆင်းရဲသောအားဖြင့် ပကတိရောဂါနှင့် တူသောအားဖြင့် အိုင်းအမာ (အနာ)နှင့် တူသောအားဖြင့် မြားငြောင့်နှင့်တူသောအားဖြင့် အစီးအပွားမဲ့ကို ဆောင်တတ်သောအားဖြင့် ပကတိအနာမှတပါး ပြင်ပ သည်းထန်သော အနာနှင့်တူသောအားဖြင့် ဘေးရန်အားဖြင့် ဥပဒ္ဒဝေါ်၏ တည်ရာအားဖြင့် ဘေးအားဖြင့် ငြိတွယ်ခြင်းရှိသောအားဖြင့် မစောင့်ရှောက်နိုင်သောအားဖြင့် ပုန်းအောင်းရာ မဟုတ်သောအားဖြင့် ကိုးကွယ်ရာမဟုတ်သောအားဖြင့် အပြစ်ကြီးလှသောအားဖြင့် မကောင်းမှု၏အကြောင်းအားဖြင့် လူသတ်ယောကျ်ားနှင့်တူသောအားဖြင့် အာသဝေါတရားတို့၏အကြောင်းအားဖြင့် မစ္စုမာရ် ကိလေသာမာရ်တို့၏ အစာအာမိသအားဖြင့် (ငါ) မာရ်မင်း သေမင်း၏ စားဖတ် ဝါးဖတ်အားဖြင့် ဖြစ်တတ်သော သဘောအားဖြင့် အိုတတ်သော သဘောအားဖြင့် နာတတ်သော သဘောအားဖြင့် စိုးရိမ်ခြင်း သဘောအားဖြင့် ငိုကြွေးခြင်းသဘောအားဖြင့် ပြင်းစွာပူပန်ခြင်း သဘောအားဖြင့် သတ္တဝါတို့၏စိတ်ကို ညစ်နွမ်းစေတတ် ပူပန်

စေတတ်သော ကိလေသာတို့၏ အာရုံဖြစ်သောအားဖြင့် မပြတ်မစဲ ထပ်တလဲလဲ သုံးသပ်၏။

## ၃။ အနတ္တလက္ခဏာ ၅-ပါး

ပဥ္စက္ခန္ဓေ အနတ္တတော ပရတော ရိတ္တတော တုစ္ဆတော သုညတော သမ္မသတိ။

အဓိပ္ပါယ်ကား—အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သောကာလ၌ ဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့ကို သူကောင်,ငါကောင်, ပုဂ္ဂိုလ်သတ္တဝါကောင် မဟုတ်သောအားဖြင့် တစိမ်းပြင်ပနှင့်တူသော အားဖြင့် အတ္တစသည်မှ ကင်းဆိတ်သောအားဖြင့် အတ္တစသည်မှအချည်းနှီး ဖြစ်သောအားဖြင့် အတ္တစသည်မှ ဆိတ်သုဉ်းသောအားဖြင့် မပြတ်မစဲ ထပ်တလဲလဲ သုံးသပ်၏။

(ကြေညက်အောင်ကျက်၊ နှုတ်တက်ပြန်၊ ဉာဏ်၌ထင်အောင်ပွား၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်တဲ့တရား)။

## သမ္မသနဝိပဿနာဉာဏ် ၂၀၀

၁။ အနိစ္စလက္ခဏာ ၁၀-ခုကို တည်၍ ခန္ဓာငါးပါးနှင့်မြှောက်သော် အနိစ္စာနုပဿနာဉာဏ် ၅၀-ဖြစ်၏။

၂။ ဒုက္ခလက္ခဏာ ၂၅-ခုကို တည်၍ ခန္ဓာငါးပါးနှင့်မြှောက်သော် ဒုက္ခာနုပဿနာဉာဏ် ၁၂၅-ဖြစ်၏။

၃။ အနတ္တလက္ခဏာ ၅-ခုကို တည်၍ ခန္ဓာငါးပါးနှင့်မြှောက်သော် အနတ္တာနုပဿနာဉာဏ် ၂၅-ဖြစ်၏။

အနိစ္စာနုပဿနာ ၅၀၊ ဒုက္ခာနုပဿနာ ၁၂၅၊ အနတ္တာနုပဿနာ ၂၅၊ အားလုံးပေါင်းသော် ဝိပဿနာဉာဏ် ၂၀၀-ဖြစ်၏။

## အကျိုးပြမဂ်သို့ရောက်ပုံ

စတ္တာရီသာယ အာကာရေဟိ ပဥ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။
(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

**အဓိပ္ပါယ်ကား—**ပြဆိုခဲ့ပြီးသော အတိတ်, အနာဂတ်,ပစ္စုပ္ပန် သုံးတန်သော ကာလတို့၌ ဖြစ်၍ဖြစ်၍ ပျက်ကြကုန်သော ခန္ဓာငါးပါး ရုပ် နာမ်တရားတို့ကို အနိစ္စလက္ခဏာ ၁၀-ပါး၊ ဒုက္ခလက္ခဏာ ၂၅-ပါး၊ အနတ္တ-လက္ခဏာ ၅-ပါး၊ တော-၄၀ ခေါ်သော လေးဆယ်သော အခြင်းအရာတို့ဖြင့်၊ ဝါ၊ လောကီ သမ္မသနဉာဏ် ၄၀ တို့ဖြင့် မီးပွတ်သောယောကျ်ားကဲ့အလားသို့ နေ့ညဥ့်မခြား သုံးသပ်ဆင်ခြင်၍ စိတ်ထဲဉာဏ်ထဲ၌ တရေးရေးထင်အောင်မြင်အောင် ပွားများအားထုတ်သည်ရှိသော် အဆိုပါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မျက်တောင်တခတ်စာမျှ မခိုင်မြဲနိုင်ကြတဲ့ အနိစ္စလက္ခဏာကို ကောင်းကောင်းလှလှကြီး ထင်မြင်လာသည်ရှိသော် အောက်ဉာဏ် အထက်ဉာဏ်တို့နှင့်လျော်သော အနုလောမခန္တိဉာဏ်ကို လက်ကိုင်မိမိ ရရှိလေတော့၏။ ထိုဉာဏ်ကို လက်ကိုင်ရရှိသော ယောဂီပုဂ္ဂိုလ်သည် အဆိုပါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်ချမ်းသာမြတ်သည် သာလျှင် ငြိမ်းအေးသောအားဖြင့် ဖြစ်၏၊ ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်ရာဖြစ်၏။ ဤလို ဤပုံ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဖြင့် တွဲတွဲရှင်းရှင်း မတွေမဝေ သိမြင်သောယောဂီပုဂ္ဂိုလ် သူမြတ်သည် "မဂ်" ဟူသော သမ္မတ္တနိယာမသို့ သက်ဝင်ကျရောက်လေတော့သည်ဟု ဆိုလိုခြင်းဖြစ်သည်။

### သမ္မသနဉာဏ် ပြီးဆုံးဟန်

ဤယောဂီပုဂ္ဂိုလ်သည် တော-၄၀ ခေါ်သော လောကီဝိပဿနာဉာဏ်ဖြင့် မနေမနား မီးပွတ်သောယောကျ်ား ကဲ့အလားသို့ ပွားများ

အားထုတ်သည်ရှိသော် လက္ခဏာရေး သုံးပါးတို့တွင် တပါးပါးသည် စိတ်ထဲဉာဏ်ထဲ၌ အမြဲတစေ တရေးရေး တရိပ်ရိပ် တဖိတ်ဖိတ် အကယ်၍ ထင်မြင်လားပြေးအံ့။ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်သည် သမ္မသနဉာဏ်ကိစ္စ ပြီးဆုံးပြီဟု သိမှတ်ပါလေ။

မှတ်ချက်။ ။ လက်ရှိဘဝ၌ပင် မဂ်ဖိုလ်ကို ရလိုရောက်လိုလျှင် ယခု ညွှန်ပြခဲ့တဲ့ နည်းအတိုင်း အားထုတ်ပါ။ မုချရမည်ဖြစ်သည်။ ဤညွှန်ပြတဲ့ နည်းအတိုင်း အားမထုတ်ပါလျှင် မရနိုင်ဟု သိမှတ်ပါလေ။

## သေမင်းနိုင်ငံ-လိုက်ရဟန်

အက္ခေယျသညိနော သတ္တာ၊ အက္ခေယျသ္မိံ ပတိဋ္ဌိတာ။
အက္ခေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော။
(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-၁၁)

**အနက်ကား**- အက္ခေယျသညိနော၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ပုဂ္ဂိုလ်သတ္တဝါစသည်ထင်မှတ်ခြင်းရှိကုန်သော။ အက္ခေယျသ္မိံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား၌။ ပတိဋ္ဌိတာ၊ ရာဂစသော ရှစ်ပါးသောအကြောင်းတို့ဖြင့် တည်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အက္ခေယျံ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားကို။ အပရိညာယ၊ သုံးပါးသော ပရိညာတို့ဖြင့် ပိုင်းခြား၍ မသိမမြင် နိုင်ကြခြင်းကြောင့်။ မစ္စုနော၊ သေမင်း၏။ ယောဂံ မရဏဝသံ၊ သေမင်း၏ အလိုနိုင်ငံသို့။ အာယန္တိ၊ မလို မလွတ်ရ တဘဝ တခါ ခန္ဓာ ပျက်ကြွေ သေသောအားဖြင့် လိုက်ရလေကုန်၏။

**အဓိပ္ပါယ်ကား**-ရုပ်နာမ်ခန္ဓာ ခေတ်သစ္စာတို့၌ မသင်ကြားဖူးသော အသုတဝါ အန္ဓပုထုဇဉ်သည် လောကသုံးပါးတို့၌ ရုပ်နာမ် ခန္ဓာကအပို ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ပညတ်မှတပါး ဘာမှ မရှိပါပဲလျက် အဆိုပါ ရုပ် နာမ် ခန္ဓာကိုပင် ပုဂ္ဂိုလ် သတ္တဝါဟု ထင်မှတ်ခြင်းရှိကြကုန်သော ရုပ်နာမ်ခန္ဓာ၌ ရှစ်ပါးသော အကြောင်းတို့ဖြင့် တည်ကုန်သော ပုဂ္ဂိုလ် သတ္တဝါတို့သည် အဆိုပါ ခန္ဓာငါးပါးတို့ကို သုံးပါးသော ပရိညာတို့ဖြင့်

ပိုင်းခြား၍မသိမမြင်နိုင်ကြသောကြောင့် ဘဝတိုင်း-ဘဝတိုင်း သေမင်း၏ အလိုနိုင်ငံသို့ မလိုမလွတ်ရ လိုက်ရလေတော့သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤလိုဤပုံ-ရုပ်နာမ်ခန္ဓာကို ရုပ်နာမ်ခန္ဓာမှန်းမသိ၊ ပုဂ္ဂိုလ်သတ္တဝါဟု အထင်အမှတ်ရှိ၍ အထင်အမြင် မှားနေကြသမျှ ကာလပတ်လုံး သေမင်း၏နောက်သို့ တကောက်ကောက် လိုက်နေရတယ်ဆိုယင် ခန္ဓာကို ခန္ဓာမှန်းသိ၍ ပရိညာ သုံးပါးတို့ဖြင့် ပိုင်းခြား၍ သိမြင်မှသာ သေမင်း၏ နိုင်ငံကို လွန်နိုင်တော့မည်ဖြစ်၍ အဆိုပါ ခန္ဓာငါးပါးတို့ကို ခန္ဓာမှန်းသိ၍ ပရိညာ သုံးပါးတို့ဖြင့် ပိုင်းခြား၍ သိမြင်ဖို့ရာ လွန်စွာ့ လွန်စွာ လိုအပ်နေပါသောကြောင့် အဆိုပါ ခန္ဓာနှင့်တကွ ပရိညာ သုံးပါးတို့ကို ပြဆိုပါဦးမည်။

## အစုငါးစု ခန္ဓာငါးပါး

၁။ ဖောက်ပြန်တဲ့အစု။ ရုပ် ၂၈-ခုသည် ရူပက္ခန္ဓာသာဟုတ်၏၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။
၂။ ခံစားတဲ့အစု။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာသာ ဟုတ်၏၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။
၃။ မှတ်သားတဲ့အစု။ သညာစေတသိက်သည် သညာက္ခန္ဓာသာ ဟုတ်၏၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။
၄။ ပြုပြင်တဲ့အစု။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာသာ ဟုတ်၏၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။
၅။ သိတဲ့အစု။ စိတ်-၈၉၊ အကျယ်-၁၂၁ သည် ဝိညာဏက္ခန္ဓာသာ ဟုတ်၏၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။

## လောကီပရိညာသုံးပါး

တိဿော ဟိ လောကိယပရိညာ ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ စ-ဟူသော ပါဠိအရ လောကီပရိညာသည် (၁) ဉာတ-ပရိညာ၊ (၂) တီရဏပရိညာ၊ (၃) ပဟာနပရိညာ ဟု သုံးမျိုးရှိရာ—

## ၁။ ဉာတပရိညာမည်ပုံ

ထို ပရိညာသုံးမျိုးတို့တွင် ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဝေဒနာသည် ခံစားခြင်းလက္ခဏာရှိ၏။ ဤသို့ စသည်ဖြင့် ထိုထို ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်တို့၏၊ မိမိ-မိမိတို့၏ အသီး အသီးသော ဝိသေသ လက္ခဏာကို ကောင်းစွာမှတ်သားသည်၏ အစွမ်းဖြင့်ဖြစ်သော အသိပညာသည် ဉာတပရိညာမည်၏။

## ၂။ တီရဏပရိညာမည်ပုံ

ရုပ်သည် မမြဲ၊ ဝေဒနာသည် မမြဲ စသည်ဖြင့် ထိုထို ရုပ်-ဝေဒနာ စသည်တို့၏ မမြဲသော အနိစ္စစသော သာမညလက္ခဏာတို့ကို စုံစမ်း သုံးသပ်သောအားဖြင့်ဖြစ်သော အသိပညာသည် တီရဏပရိညာမည်၏။

## ၃။ ပဟာနပရိညာမည်ပုံ

ထို ဝိသေသလက္ခဏာ ခေါ်သော ပစ္စတ္တလက္ခဏာ, သာမည လက္ခဏာတို့ကို ကောင်းစွာ မှတ်ယူသည်၏ အစွမ်းဖြင့် အနိစ္စတာ စသော လက္ခဏာလျှင် အာရုံရှိသော နိစ္စသညာ, သုခသညာ, အတ္တ သညာကို ပယ်တတ်သော အသိပညာသည် ပဟာနပရိညာ မည်၏။

လောကုတ္တရာ ပဟာနပရိညာမှာ ရုပ်-ဝေဒနာစသည်တို့၌ တပ်မက်မှု ဆန္ဒရာဂကို အပြတ်အသတ် ပယ်သတ်သည်ဟု သိမှတ်ပါလေ။

## ဘူမိ အရာဌာန သုံးမျိုး

ထိုတွင်—

၁။ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးသည် ဉာတ ပရိညာ၏ အရာဌာနမည်၏။

၂။ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် နှစ်ပါးသည် တီရဏပရိညာ၏ အရာဌာနမည်၏။

၃။ ဘင်္ဂဉာဏ် အစ အနုလောမဉာဏ်အဆုံးသည် **မဟာနပရိညာ၏ အရာဌာနမည်၏။**

တနည်း—

၁။ ရုပ်နာမ်ကို ပိုင်းခြား၍သိမြင်ခြင်းသည် ဉာတပရိညာမည်၏။

၂။ ကလာပသမ္မသန အစ အနုလောမ အဆုံးသည် တီရဏပရိညာ မည်၏။

၃။ အရိယမဂ်၌ဖြစ်သော မဂ်ဉာဏ်သည် ပဟာနပရိညာမည်၏။

တနည်း—

၁။ အဆိုပါ ရုပ်-ဝေဒနာ စသည်တို့ကို လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်တို့ဖြင့် ပိုင်းခြား၍ သိမြင်ခြင်းသည် ဉာတပရိညာမည်၏။

၂။ ထို ရုပ်-ဝေဒနာ စသည်တို့၏ မမြဲ, ဆင်းရဲ, အစိုးမရသော အနိစ္စလက္ခဏာ စသည်ကို သိမြင်ခြင်းသည် တီရဏပရိညာ မည်၏။

၃။ ထို ရုပ်-ဝေဒနာ စသည်တို့၌ တပ်မက်သော တဏှာဆန္ဒရာဂကို အကြွင်းမဲ့ပယ်သော မဂ်ပညာသည် ပဟာနပရိညာမည်၏ဟု သိမှတ်ပါလေ။

မှတ်ချက်။ ။ပရိညာဆိုသည်မှာ ပါဠိစကားဖြစ်သည်။ မြန်မာလို ပိုင်းခြား၍ သိတာဟု ဆိုသည်။

## ပိုင်းခြား၍သိပုံ

၁။ ဉာတပရိညာသည် ဤကား-ရုပ်၊ ဤကား-နာမ်၊ ဤကား-ခန္ဓာ စသည်ဖြင့် ပိုင်းခြား၍သိခြင်း ဖြစ်သည်။

၂။ တီရဏပရိညာသည် ဤရုပ်နာမ်ခန္ဓာကား မမြဲဆင်းရဲအစိုးမရဟု ပိုင်းခြား၍သိခြင်း ဖြစ်သည်။

၃။ ပဟာနပရိညာသည် နိစ္စသညာ စသည်ကိုလည်းကောင်း၊ တပ်မက်မှု တဏှာဆန္ဒကိုလည်းကောင်း ပယ်သတ်သည်ကို ပိုင်းခြား၍ သိခြင်း ဖြစ်သည်။

ဤ ပရိညာသုံးပါးသည် မဂ်ဖိုလ် ရရေး ဝဋ်မှ ထွက်မြောက်ရေးတို့၌ ပရိညာမပါ ပရိညာမပိုင် ပရိညာမပေါက်က မဂ်မလာ ဖိုလ်မရောက် နိဗ္ဗာန်မပေါက် ဆိုသလိုဖြစ်နေ၍ လွန်စွာ့လွန်စွာ အရာရောက်သောနည်းတို့၌ လိုအပ်လှသည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ဉာဏ်ခြောက်မျိုး

ဉာဏ်သည်– (၁) အခြေခံဉာဏ် ၂-ပါး၊ (၂) အနုပဿနာဉာဏ် ၃-ပါး၊ (၃) တနည်း အနုပဿနာဉာဏ် ၇-ပါး၊ (၄) လောကီဉာဏ် ၁၀-ပါး၊ (၅) လောကီ လောကုတ္တရာဉာဏ် ၁၆-ပါး၊ (၆) မဟာ ဝိပဿနာဉာဏ် ၁၈-ပါးဟု ခြောက်မျိုးရှိ၏။

## ဉာဏ်ခြောက်မျိုးကို အကျဉ်းဆောင်ပုဒ်ဖြင့် သိမှတ်ရန်

၁။ နာ-ပစ် နှစ်တန်၊ ခြေခံဉာဏ်။

၂။ နိစ်-ဒုက်-နတ်၊ သုံးပါးမှတ်၊ သုံးရပ်နုပဿနာ။

၃။ နိစ်-ဒုက်-နတ်-နိ-ဝိ-နိ-ပဋိ၊ မှတ်သိ၍ထား၊ အနုပဿနာ ခုနစ်ပါး။

၄။ သမ်-ဥ-ဘင်-ဘ-အာ-နိ-ဆ၊ မု-ပ-သင်-အ-ထား။
ဝိပဿနာဉာဏ်၊ ဤဆယ်တန်၊ အမှန်မြဲမှတ်သား။

၅။ နာ-ပစ်-သမ်-ဥ-ဘင်-ဘ-ဆ၊ အာ-နိ-မု ပ-ရု-နု-ဆ၊ ဂေါ-မဂ်-ဖိုလ်-ပစ္စ၊
မှတ်ကြ ဆယ့်ခြောက်ဝ။
ဝိပဿနာဉာဏ်၊ ၁၆-တန်၊ အမှန်မြဲမှတ်သား။

၆။ နိစ်-ဒုက်-နတ်-နိ၊ ဝိ-နိ-ပဋိ၊ မှတ်သိခုနစ်ရပ်။ ခ-ဝ-ဝိ-နိ-ဘပ္ပဏိ၊
သုည-ယထာ-အဓိ-အာဒိ-ပဋိ-ဝိဝဋ္ဋာ၊ မှတ်ပါ ဆယ့်တရပ်။
နှစ်ရပ်ပေါင်းကာ၊ ဋ္ဌာရသာ၊ မဟာဝိပဿနာ။

## ဉာဏ် ခြောက်မျိုးကို ရှင်းပြပုံ

ထိုဉာဏ်ခြောက်မျိုးတို့တွင် —

၁။ နာ-ပစ် နှစ်တန်၊ ခြေခံဉာဏ် ဟု ဆိုသော ဆောင်ပုဒ်မှာ— နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဤဉာဏ်နှစ်ပါးကို ဆိုသည်။ ဤဉာဏ်နှစ်ပါးမှာ ဝိပဿနာဉာဏ်အစစ် မဖြစ်သေးပဲ သမ္မသနဉာဏ်ထဲသို့ ထည့်သွင်းယူရသော လောကီဉာဏ် ၁၀-ပါးတို့၏ အခြေခံ အုတ်မြစ်သဖွယ်သာ ဖြစ်သေးသည်။ ထို့ကြောင့် ဤဉာဏ်နှစ်ပါးကို အခြေခံဉာဏ်ဟု ဆိုခြင်းဖြစ်သည်။

၂။ နိစ်-ဒုက်-နတ်၊ သုံးပါးမှတ်၊ သုံးရပ် ဝိပဿနာဟု ဆိုသော ဆောင်ပုဒ်မှာ အချို့သော နေရာဌာနတို့၌လာသော(တိဿ အနုပဿနာဉာဏောသု) ပါဠ်အရ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ သုံးပါးကို ဆိုသည်။ ထို့ကြောင့် ဤအနုပဿနာသုံးပါးကို သုံးရပ်ဝိပဿနာ ဟု ဆိုခြင်းဖြစ်သည်။

၃။ နိစ်-ဒုက်-နတ်-နိ-ဝိ နိ-ပဋိ၊မှတ်သိ၍ထား၊ အနုပဿနာ ခုနစ်ပါးဟု ဆိုသော ဆောင်ပုဒ်မှာ အချို့သော နေရာဌာနတို့၌ လာသော (သတ္တန္နံ အနုပဿနာနံ) ဟူသော ပါဠ်အရ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ, နိဗ္ဗိဒါနုပဿနာ, ဝိရာဂါနုပဿနာ, နိရောဓာနုပဿနာ, ပဋိနိဿဂ္ဂါနုပဿနာ ခုနစ်ပါးတို့ကို ဆိုသည်။ ထို့ကြောင့် ဤအနုပဿနာ ခုနစ်ပါးတို့ကို မှတ်သိ၍ထား အနုပဿနာခုနစ်ပါးဟု ဆိုခြင်းဖြစ်သည်။

၄။ သမ်-ဥ-ဘင်-ဘ- အာ-နိ-ဆ၊ မု-ပ-သင်-အ-ထား။ ဝိပဿနာဉာဏ်၊ ဤဆယ်တန်၊ အမှန်မြဲမှတ်သားဟု ဆိုသော ဆောင်ပုဒ်မှာ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်၊ ဤလောကီဉာဏ် ၁၀-ပါးကို ဆိုသည်။ ထို့ကြောင့် ဤဉာဏ် ၁၀-ပါးကို ဝိပဿနာဉာဏ် ဤဆယ်တန် အမှန်မြဲမှတ်သားဟု ဆိုခြင်းဖြစ်သည်။

၅။ နာ-ပစ်-သမ်-ဉ-ဘင်-ဘ-ဆ။ပ။ဂေါ-မင်-ဖိုလ်-ပစ္စ၊ မှတ်ကြ ဆယ့်ခြောက်ဝဟု ဆိုသောဆောင်ပုဒ်မှာ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, (ပ) ဂေါတြဘုဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် ၁၆-ပါးတို့ကို ဆိုသည်။ ထို့ကြောင့် ဤဉာဏ် ၁၆-ပါးတို့ကို ဝိပဿနာဉာဏ်၊ ၁၆-တန်၊ အမှန်မြဲမှတ်သားဟု ဆိုခြင်းဖြစ်သည်။

၆။ နိစ်-ဒုက်-နတ်-နိ ။ပ။ ဝိဝဋ္ဋာမှတ် ဆယ့်တစ်ရပ်။ နှစ်ရပ်ပေါင်းကာ၊ ဋ္ဌာရသာ၊ မဟာဝိပဿနာဟု ဆိုသော ဆောင်ပုဒ်မှာ အောက်ဖော်ပြပါ ဉာဏ်များကို သိမှတ်ပါ။

၁။ အနိစ္စာနုပဿနာဉာဏ်ဖြင့်–နိစ္စသညာကို ပယ်သတ်သည်။

၂။ ဒုက္ခာနုပဿနာဉာဏ်ဖြင့်–သုခသညာကို ပယ်သတ်သည်။

၃။ အနတ္တာနုပဿနာဉာဏ်ဖြင့်–အတ္တသညာကို ပယ်သတ်သည်။

၄။ နိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့်–သပ္ပီတိကတဏှာကို ပယ်သတ်သည်။

၅။ ဝိရာဂါနုပဿနာဉာဏ်ဖြင့်–တပ်မက်သောရာဂကို ပယ်သတ်သည်။

၆။ နိရောဓာနုပဿနာဉာဏ်ဖြင့်–တွယ်တာခြင်း သမုဒယကို ပယ်သတ်သည်။

၇။ ပဋိနိဿဂ္ဂါနုပဿနာဉာဏ်ဖြင့်–စွဲယူခြင်း အာဒါနကို ပယ်သတ်သည်။

၈။ ခယာနုပဿနာဉာဏ်ဖြင့်–တခဲနက် ဃနသညာကို ပယ်သတ်သည်။

၉။ ဝယာနုပဿနာဉာဏ်ဖြင့်–စေတနာအာယူဟနကို ပယ်သတ်သည်။

၁၀။ ဝိပရိဏာမာနုပဿနာဉာဏ်ဖြင့်–မြဲသော ဓုဝသညာကို ပယ်သတ်သည်။

၁၁။ အနိမိတ္တာနုပဿနာဉာဏ်ဖြင့်–မြဲ၏ဟုမှတ်သော နိစ္စနိမိတ်ကို ပယ်သတ်သည်။

၁၂။ အပ္ပဏိဟိတာနုပဿနာဉာဏ်ဖြင့်–တောင့်တခြင်း ပဏိဓိကို ပယ်သတ်သည်။

၁၃။ သုညတာနုပဿနာဉာဏ်ဖြင့်– မှားသောနှလုံးသွင်းခြင်းကို ပယ်သတ်သည်။

၁၄။ အဓိပညာဓမ္မဝိပဿနာဉာဏ်ဖြင့်– အနှစ်ရှိ၏ဟု ယူမှတ်ခြင်းကို ပယ်သတ်သည်။

၁၅။ ယထာဘူတဉာဏဒဿနာနုပဿနာဉာဏ်ဖြင့်–သမ္မောဟာဘိနိဝေသကို ပယ်သတ်သည်။

၁၆။ အာဒီနဝါနုပဿနာဉာဏ်ဖြင့်– အာလယာဘိနိဝေသကို ပယ်သတ်သည်။

၁၇။ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့်–ဆန့်ကျင်ဘက်ကို ပယ်သတ်သည်။

၁၈။ ဝိဝဋ္ဋာနုပဿနာဉာဏ်ဖြင့်–သံယောဂါဘိနိဝေသကိုပယ်သတ်သည်။

ဤဉာဏ် ၁၈-ပါးတို့ကို ဆိုသည်။ ထို့ကြောင့် ဤဉာဏ် ၁၈-ပါး တို့ကို ဠာရသာ၊မဟာဝိပဿနာဟု ဆိုခြင်းဖြစ်သည်။

ဤလိုဤပုံ ပယ်သတ်ခြင်းသည် ထိုထိုဝိပဿနာ အခိုက်အတန့်၌ တဒင်္ဂ တခဏမျှသာ ပယ်သတ်နိုင်သည်။ အကျယ်ကို သိလိုပါက ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဉာဏဒဿနနိဒ္ဒေသပိုင်းမှာ ကြည့်ရှုပါလေ။

မူလပဏ္ဏာသအဋ္ဌကထာ စာမျက်နှာ ၂၄-၌ကား နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ။ပ။ ဂေါတြဘုနာ သင်္ခါရနိမိတ္တဂ္ဂါဟဿ ပဟာနံ၊ စတံ တဒင်္ဂပဟာနံ နာမ ဟု ပြဆိုထားသောကြောင့် သိလိုပါက ၎င်း၌လည်း ကြည့်ရှုပါလေ။

## ကီ-ကုတ်နှစ်တန် ဆယ့်ခြောက်တန်

ထိုတွင် လိုရင်းဖြစ်သော နံပါတ်-၅ အရ နာ-ပစ်-သမ်-ဥ-။ပ။-ဂေါ-မင်-ဖိုလ်-ပစ္စ ဟူသော ဆောင်ပုဒ်အရကို ရှင်းပြပါဦးအံ့။

၁။ နာ-အရ ဘယ်ကမ္မဋ္ဌာန်းမဆို တစိတ် တအာရုံတည်းသာ ဖြစ်နေတဲ့ ဥပစာရသမာဓိကို ရရှိလာတဲ့အခါ ထုံးစံအတိုင်း ဤကား-ရုပ်၊ ဤကား

နာမ်-ဟု ရုပ်နာမ် နှစ်ပါးတို့ကို ပိုင်းခြားရသော နာမရူပပရိစ္ဆေဒဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၂။ ပစ်-အရ နာမ်ရုပ်ကို ပိုင်းခြားပြီးနောက် ဤ နာမ်ရုပ်တို့သည် အဝိဇ္ဇာစသော အကြောင်းကြောင့် ဖြစ်ကုန်၏။ အဝိဇ္ဇာ စသည်ကား အကြောင်းတရားဖြစ်သည်။ ဤနာမ်ရုပ်တို့ကား အကျိုးတရားဖြစ်သည်ဟု နာမ်ရုပ်အကြောင်းကို သိမ်းဆည်းသော ပစ္စယပရိဂ္ဂဟဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၃။ သမ်-အရ ခန္ဓာစသည်ကို အပေါင်းအစည်းအားဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ-ဟု သုံးသပ်သော သမ္မသနဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၄။ ဥ-အရ ရုပ်နာမ်တို့၏ အဖြစ် အပျက်ကို မပြတ် သိနေအောင် ရှုကြည့်နေသော ဥဒယဗ္ဗယဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၅။ ဘင်-အရ အဖြစ်ကိုလွှတ်၍ အပျက်အပျက်ကိုသာ မိအောင် ရှုကြည့်နေသော ဘင်္ဂဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၆။ ဘ-အရ ဖြစ်ပျက်ရုပ်နာမ်တို့ကို ကြောက်မက်ဖွယ် ထင်လာသော ဘယဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၇။ အာ-အရ ရုပ်, နာမ် သင်္ခါရတို့၏ အပြစ်ကို သိမြင်လာသော အာဒီနဝဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၈။ နိ-အရ ရုပ်နာမ်တို့၏ အပြစ်ကို မြင်လာတဲ့အခါ ရုပ်နာမ်တို့အပေါ်မှာ ရွံမုန်းငြီးငွေ့လာသော နိဗ္ဗိန္ဒာဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၉။ မု အရ ငြီးငွေ့မှုအားကြီးလာတဲ့အခါ ထိုရုပ်နာမ်တို့မှ လွတ်လိုလွတ်ချင်လာသော မုစ္စိတုကမျတာဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၁၀။ ပ-အရ ထိုသင်္ခါရတို့မှ လွတ်မြောက်စေရန် တဖန်ထပ်၍ရှုသော ပဋိသင်္ခါဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၁၁။ ရု-အရ ရုပ်နာမ်သင်္ခါရတို့၌ မုန်းခြင်း ချစ်ခြင်း မပြုပဲ လျစ်လျူ ရှု၍ နေသော သင်္ခါရုပေက္ခာဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၁၂။ နု အရ ရှေ့ဉာဏ် နောက်ဉာဏ် ဤနှစ်တန်နှင့် လျော်ကန်သော အနုလောမဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၁၃။ ဂေါ-အရ ဤလိုဤပုံ သမ္မသနဉာဏ်မှ စ၍ အနုလောမဉာဏ် အဆုံးရှိသော လောကီဝိပဿနာဉာဏ် ၁၀-ပါးတို့ဖြင့် မနေမနား မီးပွတ်သော ယောကျ်ားကဲ့သို့ ပွားများအားထုတ်လာသော ယောဂီပုဂ္ဂိုလ်သည် အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော လက္ခဏာရေး သုံးပါးတို့တွင် တပါးပါးကို အစွမ်းကုန်ထင်မြင်လာလျှင် အသစ်အသစ် ဖြစ်ဖြစ်နေကြတဲ့ ရုပ်,နာမ် သင်္ခါရ တို့ကို စွန့်လွှတ်၍ အသစ်အသစ် ဆက်လက်၍ မဖြစ်တော့ပဲ အမြဲ ငြိမ်းအေးရှိနေသော နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားသော ဂေါတြဘူ ဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၁၄။ မဂ်-အရ ငြိမ်းအေးနေတဲ့ နိဗ္ဗာန်ကို မျက်မှောက်မြင်သိနေတဲ့ မဂ်ဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၁၅။ ဖိုလ်-အရ ငြိမ်းအေးသော နိဗ္ဗာန်ကို ငြိမ်းအေးသည်ဟု အာရုံ ပြုနေသော ဖိုလ်ဉာဏ်ကို ဆိုခြင်းဖြစ်သည်။

၁၆။ ပစ္စ-အရ မဂ်-ဖိုလ်-နိဗ္ဗာန်၊ ပယ်-ကျန်-ကိလေ၊ ဆင်ခြင်ပေ၊ ငါးထွေ ပစ္စဝေက္ခဏာ-ဟုဆိုတဲ့ ဆောင်ပုဒ်လင်္ကာနှင့်အညီ ပစ္စဝေက္ခဏာ ဉာဏ် ငါးတန်ကို ဆိုခြင်းဖြစ်သည်-ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ဤတွင် သမ္မသနဉာဏ်ပိုင်းကို ရပ်ဆိုင်းလိုက်ပါသည်။

ဥဒယဗ္ဗယဉာဏ်ပိုင်း

ဤလို သမ္မသနဉာဏ်ကို ပြီးမြောက်ပြီး၍ ဥဒယဗ္ဗယဉာဏ်ကို ပြည့်စုံစေလို သော ယောဂီပုဂ္ဂိုလ်သည် —

၁။ **ဓာတံ** ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ **အနုပဿနာ** ဉာဏံ–

**စသည်ဖြင့်** ဝိသုဒ္ဓိမဂ်, ပဋိသမ္ဘိဒါမဂ်တို့၌ ပြဆိုထား**၏**။

**မြန်မာပြန်ကား**– ဝိပဿနာရှုဆဲခဏ၌ မဟာဘုတ် ရုပ်တရား**မျိုး** ဖြစ်စေ၊ ဥပါဒါရုပ်တရားမျိုးဖြစ်စေ၊ ထိုရုပ်တို့ကို ရှုမှတ်နေသော **စိတ်**, စေတသိက် ခေါ်သော နာမ်တရားမျိုး ဖြစ်စေ ရုပ်နာမ်မှန်သမျှ ဖြစ်ဆဲ ပစ္စုပ္ပန် ရုပ်နာမ်**မည်၏**။ ထိုရုပ်နာမ်တို့**၏** ဖြစ်စ ပေါ်စ ဥပါဒ်ခဏသည် ဥဒယ**မည်၏**။ ဖောက်ပြန်ပျက်စီးခြင်း ကုန်ခြင်း မရှိခြင်း ဘင်ခဏသည် ဝယ **မည်၏**။ ထိုရုပ်နာမ်တို့**၏** ဖြစ်မှုပျက်မှု နှစ်ပါးတို့ကို၊ ဝါ၊ ဖြစ်ဆဲ ပျက်ဆဲတို့ကို တပ်တပ်ထင်ထင် တွေ့မြင်သော ဉာဏ်အမြင်သည် ဥဒယဗ္ဗယဉာဏ် မည်၏ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ပြင်–

၂။ ယေ ကေစိ သမုဒယဓမ္မာ အတီတာနာဂတပစ္စုပ္ပန္နာ၊ သဗ္ဗေ တေ နိရောဓဓမ္မာ။

**မြန်မာပြန်ကား**—အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သော ကာလတို့၌ ဖြစ်ကြကုန်သော အလုံးစုံသော တေဘူမက သင်္ခါရတရားတို့သည် ထင်ရှားရှိကြကုန်၏။ ထိုအလုံးစုံသော တရားတို့သည် ဖြစ်ပြီး၍ ဖြစ်တိုင်း မတည်၊ အရှည်မခန့်၊ လျင်မြန်စွာ ချုပ်ပျောက်ကြကုန်၏ဟု သတိနှင့် မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်း၍ ပေးရမည်။ ထိုသို့ နှလုံးသွင်းဖန်များသည်ရှိသော် ထိုရုပ်နာမ်တို့သည် မဖြစ်ပေါ်လာခင်က ဖြစ်ပေါ်လာလျှင် အသင့်ရရှိဖို့ရာဟု တစုံတခုသောအရပ်၌ စုပုံ၍ ထားခြင်းလည်းမရှိ၊ အခြားတပါးကလာ၍ ဖြစ်သည်လည်းမဟုတ်၊ ဖြစ်၍ ချုပ်ပြီးလျှင်လည်း တစုံတခုသောအရပ်၌ စုပုံ၍မနေ၊စုပုံ၍ တည်နေသည် မဟုတ်ပေ။

**ဥပမာဆိုသော်**—စည်သံ, မောင်းသံ, စောင်းသံတို့သည် ရှေးက အသင့် ရှိ၍မနေကြပဲ ထိုးလိုက်, ခတ်လိုက်, တီးလိုက်မှသာ အသံဖြစ်ပေါ်လာ

သက်ဲ့သို့ ထို့တူပမာ အဆိုပါ ရုပ်နာမ်ခန္ဓာတို့သည်လည်း အဝိဇ္ဇာ,တဏှာ, ကံစသော အကြောင်းကြောင့်သာ ခေတ်သဘောအားဖြင့် လောလော ဆယ် အလျင်အမြန် ဖြစ်ပေါ်လာကြတာပါတကားဟု မိမိ စိတ်ထဲ ဉာဏ်ထဲ၌ စွဲမြဲထင်မြင်လာအောင် (ဝါ) စိတ်ထဲဉာဏ်ထဲမှာ တရေးရေး ထင်မြင်နေအောင် ဆင်ခြင်ပွားများရမည်ဟု သိမှတ်ပါလေ။

ဤ ဥဒယဗ္ဗယဉာဏ်မှာ အဖြစ်နှင့်အပျက်ကိုသာ ထင်မြင်အောင် ရှုရ သောဉာဏ်တည်း။

သမ္မသနဉာဏ်စသော လောကီဝိပဿနာဉာဏ် ဆယ်တန်တို့တွင် လိုရင်း ဖြစ်သော ဥဒယဗ္ဗယဉာဏ် ရင့်သန်ထက်မာလာဖို့ရာ အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါး၊ အပြားအားဖြင့် ခန္ဓာငါးပါးတို့ကို ရှေးဦးစွာ ပိုင်းခြား၍ သိထားရာ၏။

နာမဥ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော နှင့်အညီ ဤလောက၌ ပညတ်မဖက် ပရမတ်သက်သက် ပရမတ်စစ်စစ်အားဖြင့် နာမ်ရုပ်မျှသာရှိ၏။ နာမ်ရုပ်က အပို ပုဂ္ဂိုလ်သတ္တဝါဟု အမှန်ကေန် မရှိတော့ပြီဟု ဆိုလိုခြင်းဖြစ်သည်။

ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော စသည်ဖြင့် အဆိုပါနာမ်ရုပ်နှစ်ပါးကို ရူပက္ခန္ဓာဟု ရုပ်ကိုတပုံ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟု နာမ်ကိုလေးပုံ–ဤလိုဤပုံ ငါးပုံခွဲသည်ရှိသော် အပြားအားဖြင့် ခန္ဓာ ငါးပါးတို့သည် ဖြစ်ပေါ်လာပြန်၏။

### အစု ငါးစုခေါ်သော ခန္ဓာငါးပါး

၁။ ဖောက်ပြန်တဲ့အစု– ရူပက္ခန္ဓာ၊ ရုပ် ၂၈-ခု၊ တေဘူမကတရား အလုံးစုံပါဝင်၏။

၂။ ခံစားတဲ့အစု–ဝေဒနာက္ခန္ဓာ၊ ဝေဒနာစေတသိက်။

၃။ မှတ်သားတဲ့အစု–သညာက္ခန္ဓာ၊ သညာစေတသိက်။

၄။ ပြုပြင်တဲ့အစု– သင်္ခါရက္ခန္ဓာ၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက် ၅၀။

၅။ သိတဲ့အစု–ဝိညာဏက္ခန္ဓာ၊ စိတ် ၈၉၊ အကျယ် ၁၂၁-ပါး အလုံးစုံ ပါဝင်၏။

## ရူပက္ခန္ဓာအတွက် ရုပ်ဖြစ်ကြောင်း ပွားမျိုးပုံ

၁။ အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊ တဏှာသမုဒယာ ရူပ-သမုဒယော၊ ကမ္မသမုဒယာ ရူပသမုဒယော၊ အာဟာရသမုဒယာ ရူပသမုဒယော ဟောတိ၊ ရူပဿ နိဗ္ဗတ္တိလက္ခဏံ၊

(ဤကား ပါဠိလို ရှုပွားပုံတည်း။)

မြန်မာပြန်ကား—ရှေးဘဝက မောဟခေါ်သော အဝိဇ္ဇာကို မဂ်ဖြင့် မပယ်ရသေးသောကြောင့် ယခုလက်ရှိဘဝ၌ ရူပက္ခန္ဓာခေါ်သော ရုပ် ဖြစ်ပေါ်လာ၏။ ရှေးဘဝက လောဘခေါ်သော တဏှာကို မဂ်ဖြင့် မပယ် ရသေးသောကြောင့် ယခုဘဝ၌ ရူပက္ခန္ဓာရုပ် ဖြစ်ပေါ်လာ၏။ရှေးဘဝက ကုသိုလ် အကုသိုလ်ကံကို မဂ်ဖြင့် မပယ်ရသေးသောကြောင့် ယခုဘဝ၌ ရူပက္ခန္ဓာရုပ် ဖြစ်ပေါ်လာ၏။ ယခုဘဝ၌ စားမျိုအပ်သော အစာအာဟာရ ၏ ထင်ရှားရှိနေခြင်းကြောင့် ယခုဘဝ၌ ရူပက္ခန္ဓာရုပ် ဖြစ်ပေါ်လာ၏။ ပစ္စုပ္ပန်ရုပ်၏ ဥပါဒ်ခဏ၌သည်း ရူပက္ခန္ဓာရုပ် ဖြစ်ပေါ်လာ၏။ ဤလိုဤမို့ ရုပ်ဖြစ်ကြောင်း ငါးပါးတို့ကို မြန်မာလို အကြိမ်ကြိမ်အဖန်ဖန် ပွားများ ရမည်ဟု သိမှတ်ပါလေ။

## ရူပက္ခန္ဓာအတွက် ရုပ်ချုပ်ကြောင်း ပွားများပုံ

၁။ အဝိဇ္ဇာနိရောဓာ ရူပနိရောဓော၊ တဏှာနိရောဓာ ရူပနိရော-ဓော၊ ကမ္မနိရောဓာ ရူပနိရောဓော၊ အာဟာရနိရောဓာ ရူပနိရော-ဓော ဟောတိ၊ ရူပဿ ဝိပရိဏာမလက္ခဏံ။

(ဤကား ပါဠိလို ရှုပွားပုံတည်း။)

**မြန်မာပြန်ကား**—အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာ၏ တဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ခြင်းကြောင့် အနာဂတ်၌ ဖြစ်သော်ရုပ်၏ တဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသည် ဖြစ်၏။ အရဟတ္တမဂ်ဖြင့် တဏှာ၏ တဖန် မဖြစ်သောချုပ်ခြင်းဖြင့် ချုပ်သောကြောင့် အနာဂတ်၌ဖြစ်သော ရုပ်၏ တဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသည်ဖြစ်၏။ အရဟတ္တမဂ်ဖြင့် ကံ၏ တဖန်မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်သောကြောင့် အနာဂတ်၌ ဖြစ်သောရုပ်၏ တဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသည် ဖြစ်၏။ပစ္စုပ္ပန်၌ ဖြစ်သော အာဟာရ၏ ထင်ရှားမရှိသောကြောင့် ထိုအာဟာရကြောင့် ဖြစ်သောရုပ်၏ တဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသည် ဖြစ်၏။ ပစ္စုပ္ပန်၌ ဖြစ်သောရုပ်၏ ဖောက်ပြန်ပျက်စီးခြင်း ဘင်ခဏ၌ ရုပ်သည် ချုပ်၏။ဤလို ရုပ်ချုပ်ကြောင်း ငါးပါးတို့ကို မြန်မာလို ကြိမ်ဖန်များစွာ ရှုပွားရမည်ဟု သိမှတ်ပါလေ။

**မှတ်ချက်။** ။ရုပ်ဖြစ်ကြောင်း ငါးပါးတို့တွင်လည်း ရှေ့လေးပါးက ဖြစ်ကြောင်းလေးပါး၊ ပစ္စယ အကြောင်းဟုမှတ်။ နောက်ဆုံးတပါးက ဖြစ်ခြင်းတပါး၊ ဟေတုဥပတ္ထမ္ဘက အကြောင်းဟုမှတ်။ ဤလို ခန္ဓာတပါး တပါးလျှင် ဖြစ်ကြောင်းလေးပါး ဖြစ်ခြင်းတပါး ပေါင်း ငါးပါးစီရှိ၏ဟု သိမှတ်ပါလေ။

တဖန် ရုပ်ချုပ်ကြောင်း ငါးပါးတို့တွင်လည်း ရှေ့လေးပါးက ချုပ်ကြောင်းလေးပါး၊ နောက်ဆုံးတပါးက ချုပ်ခြင်းတပါး၊ ပေါင်း ငါးပါးစီရှိ၏ဟု သိမှတ်ပါလေ။

ဤလိုဤပုံ ခန္ဓာတပါးတပါးလျှင် ဖြစ်ကြောင်း လေးပါး၊ ဖြစ်ခြင်း တပါး၊ ချုပ်ကြောင်း လေးပါး၊ ချုပ်ခြင်း တပါး၊ အသီး အသီးရှိ၏ဟု သိမှတ်ပါလေ။

**တနည်းဆိုသော်** အမိ၊ အဖ၊ နို့ကိန်း ဤသုံးယောက်တို့တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အကြောင်းသုံးပါးတို့သည် အမိကဲ့သို့ သားငယ်အား အားကြီးသောမှီရာ ဖြစ်ကုန်၏။ ကံသည် အဖကဲ့သို့ သားငယ်အား ဖြစ်စေ

တတ်၏။ အာဟာရသည် နို့ထိန်းကဲ့သို့ သားငယ်အား ထိန်းသိမ်းစောင့်ရှောက်တတ်ကုန်၏။

(သာရသင်္ဂဟ အဋ္ဌကထာ၌ ပြဆိုထား၏)

ဤလို ရုပ်ဖြစ်ကြောင်းကိုရှုသော ဥဒယဉာဏ်ငါးပါး၊ ရုပ်ချုပ်ကြောင်းကိုရှုသော ဝယဉာဏ်ငါးပါး၊ ဤလို ရူပက္ခန္ဓာ၌ ဥဒယဗ္ဗယဉာဏ် ၁၀-ပါး ဖြစ်လေသည်။

ထို့အတူ ဝေဒနာ၊ သညာ၊ သင်္ခါရက္ခန္ဓာတို့၌လည်း အာဟာရသမုဒယာ ရူပသမုဒယော၌ ဖဿသမုဒယာ ဝေဒနာ၊ သညာ၊ သင်္ခါရသမုဒယော ဟူ၍လည်းကောင်း၊ ဖဿနိရောဓာ ဝေဒနာ၊ သညာ၊ သင်္ခါရနိရောဓော ဟူ၍လည်းကောင်း ဖြစ်သင့်ဖြစ်ထိုက်သလို လွှဲပြောင်း၍ ဥဒယဗ္ဗယဉာဏ် ၁၀-ပါးစီ ဖြစ်သည်ဟု သိမှတ်ပါလေ။

ဝိညာဏက္ခန္ဓာ၌ကား – နာမရူပသမုဒယာ၊ နာမရူပနိရောဓာဟု ပြောင်းလွှဲ၍ ဥဒယဗ္ဗယဉာဏ် ၁၀-ပါး ဖြစ်သည်။

ဤလို တပါးတပါးသောခန္ဓာ၌ ဥဒယဗ္ဗယဉာဏ် ၁၀-ပါးစီ ၁၀-ပါးစီ ဖြစ်၍ ခန္ဓာငါးပါးလုံးပေါင်းသော် ၅×၁၀=၅၀ ဖြစ်၍ ဥဒယဗ္ဗယဉာဏ်ပေါင်း ၅၀ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

**အထူးမှာထားချက်။** ။အဆိုပါ ဥဒယဗ္ဗယဉာဏ်ပေါင်း ၅၀-တို့တွင် နိဗ္ဗတ္တိလက္ခဏာခေါ်သော ရုပ်၏ဥပါဒ်ခဏ ၅-ချက်နှင့် ဝိပရိဏာမလက္ခဏာခေါ်သော ရုပ်၏ဘင်ခဏ ၅-ချက်၊ ဤ ၁၀-ချက်သာ ဥဒယဗ္ဗယဉာဏ်ဖြင့် မျက်မှောက် ကိုယ်တွေ့ တွေ့မြင်ရသော ပစ္စက္ခ (မျက်မှောက်) ဉာဏ်ဖြစ်သည်။ ကြွင်းကျန်သော ဉာဏ် ၄၀-တို့မှာ မှန်းဆ၍ရှုရသော အနုမာန (မှန်းဆ) ဉာဏ်များသာဖြစ်သည်ဟု သိမှတ်ပါလေ။

**ဤ** ဥဒယဗ္ဗယဉာဏ် ၅၀-ကို ရှေးအခါက ဝိပဿနာဉာဏ်အရာမှာ လွန်စွာ ကျွမ်းကျင်လိမ္မာတော်မူကြတဲ့ ဆရာတော်ကြီးများက (တသွေးသောက် ငါးဆယ်လောက်နှင့် မင်္ဂရောက်အောင်ပွား)လို့ မှာထားတော်

မှုခဲ့ကြသတဲ့။ ဆိုလိုရင်းမှာ ဤ ဥဒယဗ္ဗယဉာဏ် ၅၀-ကို ရင့်သန်ထက်မာ တဘက်ကမ်းခပ်သွားအောင် ပွားများအားထုတ်နိုင်ပါလျှင် "မဂ်ပေါက်, ဖိုလ်ပေါက်, နိဗ္ဗာန်ရောက်နိုင်ပါပြီဟု ဆိုလိုခြင်းဖြစ်သည်။ ဤ၌(ဝမ်းမြောက်ဝမ်းသာကြီးတွေ အားတက်စရာကြီးတွေ ဖြစ်ပေစွာတကား)။

---

ဤ၌ ဥဒယဉာဏ် ၂၅-ပါးနှင့် ဝယဉာဏ် ၂၅-ပါး ပွားပုံတို့ကို ပြဆိုပါဦးအံ့။

ဥဒယဉာဏ် ၂၅-ပါးနှင့် ဝယဉာဏ် ၂၅-ပါး

| | | |
|---|---|---|
| ရူပက္ခန္ဓာ | ၁။ အဝိဇ္ဇာဖြစ်ယင် | ရုပ်ဖြစ်၏။ |
| ။ | ၂။ တဏှာဖြစ်ယင် | ။ |
| ။ | ၃။ ကံဖြစ်ယင် | ။ |
| ။ | ၄။ အာဟာရဖြစ်ယင် | ။ |
| ။ | ၅။ ဥပါဒ်ခဏာ၌လည်း | ။ |

ဤကား ရူပက္ခန္ဓာ၌ ဥဒယဉာဏ် ၅-ပါး။

| | | |
|---|---|---|
| ရူပက္ခန္ဓာ | ၁။ အဝိဇ္ဇာချုပ်ယင် | ရုပ်ချုပ်၏။ |
| ။ | ၂။ တဏှာချုပ်ယင် | ။ |
| ။ | ၃။ ကံချုပ်ယင် | ။ |
| ။ | ၄။ အာဟာရချုပ်ယင် | ။ |
| ။ | ၅။ ဘင်ခဏာ၌လည်း | ။ |

ဤကား ရူပက္ခန္ဓာ၌ ဝယဉာဏ် ၅-ပါး။

| | | |
|---|---|---|
| ဝေဒနာက္ခန္ဓာ | ၁။ အဝိဇ္ဇာဖြစ်ယင် | ဝေဒနာဖြစ်၏။ |
| ။ | ၂။ တဏှာဖြစ်ယင် | ။ |
| ။ | ၃။ ကံဖြစ်ယင် | ။ |
| ။ | ၄။ ဖဿဖြစ်ယင် | ။ |
| ။ | ၅။ ဥပါဒ်ခဏာ၌လည်း | ။ |

ဤကား ဝေဒနာက္ခန္ဓာ၌ ဥဒယဉာဏ် ၅-ပါး။

| | | |
|---|---|---|
| ဝေဒနာက္ခန္ဓာ | ၁။ အဝိဇ္ဇာချုပ်ယင် | ဝေဒနာချုပ်၏။ |
| ။ | ၂။ တဏှာချုပ်ယင် | ။ |
| ။ | ၃။ ကံချုပ်ယင် | ။ |
| ။ | ၄။ ဖဿချုပ်ယင် | ။ |
| ။ | ၅။ ဘင်ခဏာ၌လည်း | ။ |

ဤကား ဝေဒနာက္ခန္ဓာ၌ ဝယဉာဏ် ၅-ပါး။

| | | |
|---|---|---|
| သညာက္ခန္ဓာ | ၁။ အဝိဇ္ဇာဖြစ်ယင် | သညာဖြစ်၏။ |
| ။ | ၂။ တဏှာဖြစ်ယင် | ။ |
| ။ | ၃။ ကံဖြစ်ယင် | ။ |
| ။ | ၄။ ဖဿဖြစ်ယင် | ။ |
| ။ | ၅။ ဥပါဒ်ခဏာ၌လည်း | ။ |

ဤကား သညာက္ခန္ဓာ၌ ဥဒယဉာဏ် ၅-ပါး။

| | | |
|---|---|---|
| သညာက္ခန္ဓာ | ၁။ အဝိဇ္ဇာချုပ်ယင် | သညာချုပ်၏။ |
| ။ | ၂။ တဏှာချုပ်ယင် | ။ |
| ။ | ၃။ ကံချုပ်ယင် | ။ |
| ။ | ၄။ ဖဿချုပ်ယင် | ။ |
| ။ | ၅။ ဘင်ခဏာ၌လည်း | ။ |

ဤကား သညာက္ခန္ဓာ၌ ဝယဉာဏ် ၅-ပါး။

| | | |
|---|---|---|
| သင်္ခါရက္ခန္ဓာ | ၁။ အဝိဇ္ဇာဖြစ်ယင် | သင်္ခါရဖြစ်၏။ |
| ။ | ၂။ တဏှာဖြစ်ယင် | ။ |
| ။ | ၃။ ကံဖြစ်ယင် | ။ |
| ။ | ၄။ ဖဿဖြစ်ယင် | ။ |
| ။ | ၅။ ဥပါဒ်ခဏာ၌လည်း | ။ |

ဤကား သင်္ခါရက္ခန္ဓာ၌ ဥဒယဉာဏ် ၅-ပါး။

| | | |
|---|---|---|
| သင်္ခါရက္ခန္ဓာ | ၁။ အဝိဇ္ဇာချုပ်ယင် | သင်္ခါရချုပ်၏။ |
| ။ | ၂။ တဏှာချုပ်ယင် | ။ |
| ။ | ၃။ ကံချုပ်ယင် | ။ |
| ။ | ၄။ ဖဿချုပ်ယင် | ။ |
| ။ | ၅။ ဘင်ခဏ၌လည်း | ။ |

ဤကား သင်္ခါရက္ခန္ဓာ၌ ဝယဉာဏ် ၅-ပါး။

| | | |
|---|---|---|
| ဝိညာဏက္ခန္ဓာ | ၁။ အဝိဇ္ဇာဖြစ်ယင် | ဝိညာဏ်ဖြစ်၏။ |
| ။ | ၂။ တဏှာဖြစ်ယင် | ။ |
| ။ | ၃။ ကံဖြစ်ယင် | ။ |
| ။ | ၄။ နာမ်ရုပ်ဖြစ်ယင် | ။ |
| ။ | ၅။ ဥပါဒ်ခဏ၌လည်း | ။ |

ဤကား-ဝိညာဏက္ခန္ဓာ၌ ဥဒယဉာဏ် ၅-ပါး။

ဤကား ခန္ဓာငါးပါးလုံး၌ ဥဒယဉာဏ်ပေါင်း ၂၅-ပါး။

| | | |
|---|---|---|
| ဝိညာဏက္ခန္ဓာ | ၁။ အဝိဇ္ဇာချုပ်ယင် | ဝိညာဏ်ချုပ်၏။ |
| ။ | ၂။ တဏှာချုပ်ယင် | ။ |
| ။ | ၃။ ကံချုပ်ယင် | ။ |
| ။ | ၄။ နာမ်ရုပ်ချုပ်ယင် | ။ |
| ။ | ၅။ ဘင်ခဏ၌လည်း | ။ |

ဤကား ဝိညာဏက္ခန္ဓာ၌ ဝယဉာဏ် ၅-ပါး။

ဤကား ခန္ဓာငါးပါးလုံး၌ ဝယဉာဏ်ပေါင်း ၂၅-ပါး။

တို့နောင်-ဋ္ဌလေ ဓမ္မာ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဟုတ္တာ၊ ရေးက ရှိမနေကြပဲ။ အမှတ္တဝတ္ထိ ကိုရ၊ ယခုမှ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကုန်ကြသတဲ့။ ဟုတ္တာ၊ အကြောင်း အားလျော်စွာ ဖြစ်ပေါ် လာပြီး၍။ ပဋိဝေဓ္ဓိ ကိုရ၊ အရှည်မတည် တခဏချင်းပင် ချုပ်ပျောက် ပျက်စီးကြကုန်သတဲ့။ ဓော်၊ ဤသို့။ သင်္ခါရော၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။

နိစ္စံ၊ အမြဲ။ နဝနဝါဝ၊ အသစ် အသစ် တို့သည်သာလျှင်(ဝါ) အဟောင်းပျက်အသစ်ဖြစ် အဟောင်းပျက်အသစ်ဖြစ် အဟောင်းအသစ်အဆက်ဆက်တို့သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်လာမြင်လာတော့၏။ ဣတိ၊ ဤသို့။ ဘာဝေန္တော၊ နံနက် ၁၀-ကြိမ် နေ့ ၁၀-ကြိမ် ညနေ ၁၀-ကြိမ် တနေ့ အကြိမ်ပေါင်း ၃၀၊ မနေမနား ပီးပွတ်သောယောကျ်ားကဲ့အလားသို့ ပွားများအားထုတ်သည်ရှိသော်။ ဉာဏံ၊ ဥဒယဗ္ဗယဉာဏ်သည်။ ဝိသဒတရံ၊ အထူးသဖြင့် သန့်ရှင်းစင်ကြယ်သည်။ ဟောတိ၊ ဖြစ်လာတော့၏။

## အာရဒ္ဓဝိပဿကပုဂ္ဂိုလ်

စင်စစ်ကား ထို ယောဂီပုဂ္ဂိုလ်အား ဘုံသုံးပါးတို့၌ တဖွားဖွား ဖြစ်ပျက်သျှက် ရှိကြသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် အမြဲ အသစ် အသစ်ဖြစ်ပျက်နေကြသည်ဟု တရေးရေး ထင်မြင်နေသည်သာ မဟုတ်သေး။ ဥပမာဆိုသော် နေထွက်သောအခါ ဆီးနှင်းပေါက်တွေ တဖြောက်ဖြောက်ကြွေကျနေသကဲ့သို့လည်းကောင်း၊ ရေပွက်တံလျှပ်ကဲ့သို့ လည်းကောင်း၊ ပွတ်ဆောက်ဖျား စူးဖျား၌ တင်ထားသော မုန်ညင်းစေ့ကဲ့သို့ လည်းကောင်း တိုစွာသော ကာလရှိသည်ဖြစ်၍ ထင်လာ မြင်လာကုန်၏။ ဤမျှသာလော- မကသေးပေ။ မျက်လှည့် အိပ်မက် ပတ်ပတ်လည်သော မီးစက်ဝိုင်း၊ ဂန္ဓဗ္ဗနတ်တို့ဖန်ဆင်း၍ပြသော ကျတ်မြို့ပုံသဏ္ဍာန် စျေး ဆိုင်၊ တိုက်အိမ် အဆောက်အအုံကြီးတွေ့ပမာ (ဝါ) နတ်မြို့ကြီးပမာ ထင်လာ မြင်လာအောင် ဖန်ဆင်း၍ ပြသော်လည်း မနက်လင်းလာတဲ့အခါ ဘာတခုမှမရှိ တောတောင်ပကတိ ဘာမျှအနှစ်သာရမရှိ၊ ရစရာ ယူစရာ အနှစ်အသား ကင်းမဲ့၍ အဖြစ်သက်သက် အပျောက်သက်သက်တို့သာ ထင်လာ မြင်လာကုန်၏။

ဤသို့ ပြဆိုခဲ့ပြီးသော အပြားရှိသော အဖြစ်-ဥဒယကိုလည်းကောင်း၊ အပျက်-ဝယကိုလည်းကောင်း မျက်မှောက်ပြုသော အခြင်းအရာအားဖြင့် အမျိုးငါးဆယ်သော လက္ခဏာတို့ကို ထိုးထွင်း သိမြင်၍

တည်သော ဥဒယဗ္ဗယာနုပဿနာမည်သော လက်ဦးစွာသော နုသော တရုဏဝိပဿနာဉာဏ်ကို လက်ကိုင် ရရှိတော့၏။ ထို့ကြောင့် ထိုယောဂီ ပုဂ္ဂိုလ်သည် အားထုတ်အပ်သော ဝိပဿနာရှိသော အာရဒ္ဓဝိပဿက ယောဂီ ပုဂ္ဂိုလ်-ဟု ခေါ်ဆိုခြင်းသို့ ရောက်၏၊ ခေါ်ဆိုထိုက်တော့၏။

## အကျိုးပြ တရားနှင့် တရက်

၁။ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ဓမ္မပဒပါဠိ)

အနက်ကား—ယော စ၊ အကြင် သူသည်လည်း။ ဥဒယဗ္ဗယံ၊ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ် အပျက်ကို၊ ဝါ၊ ဖြစ်ပုံ-ပျက်ပုံ ထိုနှစ်စုံကို။ အပဿံ အပဿန္တော၊ တကြိမ်တခါမျှ မသိမမြင်ရပဲ။ ဝဿသတံ၊ အနှစ်တရာ ကာလပတ်လုံး။ ဇီဝေ၊ မပျက်မကြွေ အသက် ရှည်၍ နေငြားအံ့။ ဝေံ သတိ၊ ဤသို့ပင် အသက်တရာရှည်၍ နေရပါ သော်လည်း။ န သေယျော၊ အသက်ရှည်ကျိုးမနပ်၍ မမြတ်ပေ။ ဥဒယဗ္ဗယံ၊ အဆိုပါ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို။ ပဿံ- ပဿန္တော၊ ပြောင်ပြောင် စင်စင် ကြောင်ကြောင်မြင်သော သူသည်။ ဧကာဟံ၊ တရက်မျှ၊ ဝါ၊ တရက်လောက်။ ဇီဝိတံ၊ အသက် ရှည်၍ နေရခြင်းသည်။ သေယျော၊ အသက်ရှည်ကျိုးနပ်၍ မြတ်လေတော့ သတည်း။

## မြတ်—မမြတ်

တရာနှင့်တရက် ကွာခြားချက် အဘယ့်ကြောင့် မမြတ်၊ အဘယ့် ကြောင့် မြတ်ပါသနည်းဆိုတဲ့ အမေး၌ အဖြေကား—

အသက်တရာပင် ရှည်၍နေသော်လည်း မိမိခန္ဓာမှာ ပဋိသန္ဓေမှ စုတိသေနေ့သို့ကျအောင် မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသော ဖြစ်တရား-ပျက်တရား ဖြစ်ပျက် မနားတဲ့ တရားတွေကို တပ်တပ်

ထင်ထင် တွဲတွဲမမြင်ယင် ဖြစ်ပျက်နှင့် ဆန့်ကျင်ဘက် မဖြစ်မပျက်သော နိဗ္ဗာန်ကိုလည်း မဂ်ဉာဏ်ဖြင့် မသိမမြင်နိုင်သောကြောင့် မဂ်ကို မရ၍ မမြတ်တော့ပေ။ တရက်တည်းပင် အသက်ရှည်၍ နေရသော်လည်း မိမိ ခန္ဓာမှာရှိနေတဲ့ ရုပ်နာမ်ဖြစ်ပျက်ကို မြင်က ရုပ်နာမ်နှင့် ဆန့်ကျင်ဘက် မဖြစ်မပျက်သော နိဗ္ဗာန်ကိုလည်း မဂ်ဉာဏ်ဖြင့်သိမြင်နိုင်၍ မဂ်ကိုရသော ကြောင့် မြတ်လေတော့သည်ဟု ဆိုခြင်းဖြစ်သည်။

တသံသရာလုံးက အမြတ်စာရင်းဝင် မဖြစ်နိုင်ခဲ့ကြတာ ယခုဘဝ ဥဒယ-ဗ္ဗယဉာဏ်ကိုရ၍ အမြတ်စာရင်းဝင်များ ဖြစ်နိုင်ကြပါပြီ။ စာရင်းဝင် နိုင်အောင် ကြိုးစားကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

### အမာနုသီ

၂။ သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

၃။ ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ။ အမတန္တံ ဝိဇာနတံ။

(ဝိသုဒ္ဓိမဂ်)

**အနက်ကား—**

၂။ သုညာဂါရံ၊ ဆိတ်ငြိမ်ရာ အရပ်သို့၊ ဝါ၊ တောဌ မှီ၍နေသော ယောဂီပုဂ္ဂိုလ်၏ အိမ်သို့၊ ဝါ၊ ကမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့။ ပဝိဋ္ဌဿ၊ ဝင်သော၊ဝါ၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်၍နေသော။ သန္တစိတ္တဿ၊ အာရုံတပါးစိတ်ထွက်၍မသွားပဲ တရားအာရုံ၌၊ဝါ၊ဖြစ်ပျက်ရုပ်နာမ်အာရုံ၌ လွန်စွာလွန်စွာ ငြိမ်သက်တည်ကြည်သော စိတ်ရှိသော။ သမ္မာ၊ ကောင်း စွာ၊ ဝါ၊ အသင့်အားဖြင့်။ဓမ္မံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားကို။ ဝိပဿတော၊ အဖြစ်နှင့်အပျက်ကို တွဲတွဲမြင်အောင်ရှု၍နေသော။ ဘိက္ခုနော၊ ယောဂီ ရဟန်းအား။ အမာနုသီ၊ တရားကိုအားမထုတ်လျှင် လူသာမန်မဆိုထားနှင့် စကြဝတေးမင်း သိကြားမင်း ဗြဟ္မာမင်းကြီးပင်ဖြစ်စေကာမူ မရရှိ မခံစား ရသောကြောင့် (အမာနုသီ)ဟု ခေါ်ဆိုရသော၊ ရတိ၊ မွေ့လျော်ခြင်း တကာ မနှိုင်းရသော နှစ်သက်ချမ်းသာခြင်းနှင့် တကွဖြစ်သော ဝိပဿနာ

ရတိသည် (ဝါ) တရားအာရုံ၌ ပျော်ပိုက် မွေ့လျော်၍ နေခြင်းသည်။ ဧဟာတိ၊ မုချမသွေ ဖြစ်တတ်လေတော့သတည်း။

၃။ ယတောယတော နာမရူပတော၊အကြောင်းအကြောင်းရုပ်နာမ်အားဖြင့်။ ခန္ဓာနံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ သမ္မသတိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝါ၊ မမြဲ၊ ဆင်းရဲ၊အစိုးမရဟု အဖန်တလဲလဲ သုံးသပ်ဆင်ခြင်၏။ တံ၊ ထိုရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်ကို။ ဝိဇာနတံ-ဝိဇာနန္တာနံ၊ တပ်တပ်ထင်ထင် တွဲ့တွဲ့ မြင်သောယောဂီပုဂ္ဂိုလ်တို့၏။ အမတန္တံ၊ သေခြင်းကင်းသောအမြိုက်နိဗ္ဗာန်လျှင်အဆုံးရှိသော။ ပီတိပါမောဇ္ဇံ၊ နှစ်သက် ဝမ်းမြောက်ခြင်းကို။ လဘတိ၊ လက်ဝယ်မိမိ ရရှိလာတော့၏။

ဤလိုဤပုံ-အဆိုပါ အမာနုသီအကျိုး၊ ပီတိပါမောဇ္ဇ အကျိုးတရားတွေကို ပြည့်ပြည့်ဝဝ ပြည့်ပြည့်ဖြိုးဖြိုး ပိုပိုသာသာ ပေးတတ်ပါသော အဆိုပါ ဥဒယဗ္ဗယဉာဏ် ရင့်သန်ထက်မာလာအောင် မပျင်းမရိ လုံ့လ ရှိရှိနှင့် မနေမနား မီးပွတ်သောယောကျ်ား ကဲ့အလားသို့ ပွားများ အားထုတ်ကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ဥပက္ကိလေသတရား ၁၀-ပါး ဖြစ်ပေါ်လာပုံ

ထို့နောင်–

သမပညာသဝသေန ဥဒယဗ္ဗယံ သမ္မသန္တဿ အာရဒ္ဓဝိပဿကဿ ယောဂိနော–

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏ မုပဋ္ဌာန–မုပေက္ခာ စ နိကန္တိ စ။

(သာရသင်္ဂဟအဋ္ဌကထာ)

ဤသာရသင်္ဂဟအဋ္ဌကထာလာသည်နှင့်အညီ ဝိပဿနာအလုပ် တရားအားထုတ်မှုကို မနေမနား ကြိုးစားအားထုတ်လေ့ရှိသော အာရဒ္ဓဝိပဿက ယောဂီပုဂ္ဂိုလ်အားသာလျှင် ဤဝိပဿနာ ညစ်ညူးကြောင်းဖြစ်သော ဝိပဿနုပက္ကိလေသခေါ်သော ဩဘာသ စသော တရားဆယ်ပါးတို့သည်

ဖြစ်ပေါ်လာတတ်ကုန်၏။ ဤဥပက္ကိလေသသည် ဥဒယဗ္ဗယဉာဏ် အနုအရင့်ဟု နှစ်မျိုးရှိရာ ဥဒယဗ္ဗယဉာဏ်အနုခွဲသာ ဖြစ်ပေါ်လာတတ်၏။ သို့မဟုတ် အနုမှ အရင့်သို့အကူးမှာ ဖြစ်ပေါ်လာတတ်၏ဟု အချို့ဆရာတို့ ဆိုကြကုန်သေး၏။ အနုအရင့်မှာ ဖြစ်ပျက်ကို ကျဲကျဲမြင်ယင် ဥဒယအနု၊ စိပ်စိပ်မြင်ယင် ဥဒယအရင့်-ဟု ဆို၏။

## ဖြစ်-မဖြစ် နှစ်မျိုး

ဤသြဘာသ စသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်ဖြစ်သော တရားဆယ်ပါးတို့သည် အဘယ်ပုဂ္ဂိုလ်တို့အား ဖြစ်တတ်၍ အဘယ်ပုဂ္ဂိုလ်တို့အား မဖြစ်တတ်သနည်းဆိုတဲ့ အမေး၌—

၁။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို လက်ကိုင်ရရှိပြီးသော အရိယာသာဝက ပုဂ္ဂိုလ်အားလည်းကောင်း၊

၂။ ရဟန်းသီလပျက်စီးသော၊ ဝါ၊ ပါရာဇိကကျပြီးသော ပုဂ္ဂိုလ်အားလည်းကောင်း၊

၃။ ရှေးဦးအစက တရားကို အားထုတ်သော်လည်း အကြား၌ ကမ္မဋ္ဌာန်းကို စွန့်ပစ်သော ပုဂ္ဂိုလ်အားလည်းကောင်း၊

၄။ ရဟန်းသီလသိက္ခာ ပြည့်စုံပါလျက် ပျင်းရိ၍ တရားကိုအားမထုတ်သော ပုဂ္ဂိုလ်အားလည်းကောင်း—

ဤဖော်ပြပါ ပုဂ္ဂိုလ်လေးယောက်တို့အား သြဘာသ စသော တရားဆယ်ပါးတို့သည် မဖြစ်ကြလေကုန်ဟု သိမှတ်ပါလေ။ မီးပွတ်သောယောကျ်ား ကဲ့သို့ ဝိပဿနာအလုပ်ကို မပြတ်မစဲ ထပ်တလဲလဲ အားထုတ်သော ဝိပဿနာအကျင့်မြတ်နှင့် ပြည့်စုံသော အာစာရကုလပုတ္တ၊ ကုလဓိတရဖြစ်ကြကုန်သော အမျိုးကောင်းသား- အမျိုးကောင်းသမီးတို့သာ ဖြစ်တတ်ကုန်၏ဟု သိမှတ်ပါလေ။ ထို့ကြောင့် အာစာရ-ကုလပုတ္တ၊ ကုလဓိတရပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## သြဘာသစသော ဥပက္ကိလေသတရား ဆယ်ပါးတို့၏ အဓိပ္ပါယ်

၁။ သြဘာသဆိုသည်မှာ ဝိပဿနာစိတ်ကြောင့် ဖြစ်သော ကိုယ်မှ ထွက်သော စိတ္တဇရောင်ခြည်ခေါ်သော အရောင်အလင်းကို ဆိုခြင်းဖြစ်သည်။

၂။ ပီတိဆိုသည်မှာ ဝိပဿနာစိတ်နှင့် တကွဖြစ်သော ခုဒ္ဒကာပီတိ စသော ပီတိငါးမျိုးကို ဆိုခြင်းဖြစ်သည်။

၃။ ပဿဒ္ဓိဆိုသည်မှာ ကိုယ်စိတ်နှစ်ပါးတို့၏ ငြိမ်းအေးခြင်းလက္ခဏာ ရှိသော ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိနှစ်ပါးကို ဆိုခြင်းဖြစ်သည်။

၄။ အဓိမောက္ခဆိုသည်မှာ ဝိပဿနာနှင့်သမ္ပယုတ်ဖြစ်သော အားကြီးသော သဒ္ဓါယုံကြည်ခြင်း သဒ္ဓိန္ဒြေကို ဆိုခြင်းဖြစ်သည်။

၅။ ပဂ္ဂဟဆိုသည်မှာ မလျော့သောစိတ်ဖြင့် အားထုတ်အပ်သော ဝိပဿနာနှင့်ယှဉ်သော သမ္ပဓာန်ကိစ္စကို ပြီးစေတတ်သော အားထုတ်အပ်သော လုံ့လဝီရိယကို ဆိုခြင်းဖြစ်သည်။

၆။ သုခဆိုသည်မှာ အလွန်မွန်မြတ်သော ချမ်းသာဟုဆိုအပ်သော ဝိပဿနာစိတ်နှင့်ယှဉ်သော စေတသိကသုခကို ဆိုခြင်းဖြစ်သည်။

၇။ ဉာဏဆိုသည်မှာ သိကြာမင်းသည် ပစ်လွှတ်အပ်သော ဝရဇိန် လက်နက်နှင့်တူသော လက္ခဏာရေးသုံးပါးတို့ကို ထင်ရှားစွာ မြင်စွမ်းနိုင်သော လွန်စွာထက်မြက်လှသော ဝိပဿနာဉာဏ် ပညာကို ဆိုခြင်းဖြစ်သည်။

၈။ ဥပဋ္ဌာနဆိုသည်မှာ သတိပဋ္ဌာန်ဖြစ်သော ကြာမြင့်စွာသော ပြုလုပ်အပ်သောအမှုဟု ဆိုအပ်သော စကား တရားအစဉ်ကို အောက်မေ့မှတ်ခြင်းငှာစွမ်းနိုင်သောသတိကို ဆိုခြင်း ဖြစ်သည်။

၉။ ဥပေက္ခာဆိုသည်မှာ အလုံးစုံသော ရုပ်နာမ်သင်္ခါရတို့၌ သမ္ပ-ယုတ်တရားတို့ကို အညီအညွတ်ဖြစ်စေတတ်သော ဝိပဿနာနှင့်

တက္ကဖြစ်သော ဝိဿနုပေက္ခာ၊ မနောဒွါရာဝဇ္ဇန်း၌ဖြစ်သော အာဝဇ္ဇနုပေက္ခာ၊ ဤဥပေက္ခာနှစ်ပါးကို ဆိုခြင်းဖြစ်သည်။

၁၀။ နိကန္တိဆိုသည်မှာ အဆိုပါသြဘာသအစ ဥပေက္ခာအဆုံးရှိသော ရှေကိုးပါးသော တရားတို့သည် တမျိုးမျိုး ဖြစ်ပေါ်လာသည် ရှိသော် ထိုသြဘာသ စသော တရားတို့၌ ငုံကွက် တပ်မက်ခြင်းကို ပြုတတ်သော တဏှာဟူ၍ပင် မသိနိုင်လောက်အောင် ဝိပဿနာဟူ၍သာ မှတ်ထင်ရအောင် နူးနူး ညံ့ညံ့ သိမ်သိမ် မွေ့မွေ့ ဖြစ်လေ့ရှိသော တဏှာကို ဆိုခြင်းဖြစ်သည်။

ဤလိုဤပုံ သြဘာသစသော ဥပက္ကိလေသတရား ဆယ်ပါးရှိသည်ဟု သိမှတ်ပါလေ။

## ထက်ဝယ်ဖွဲ့ခွေအစ စကြဝဠာတသောင်း

အဆိုပါ သြဘာသ စသော ဥပက္ကိလေသတရား ဆယ်ပါးတို့တွင် သြဘာသဆိုတဲ့ အရောင်အလင်းသည် အချို့ယောဂီပုဂ္ဂိုလ်အား ထက်ဝယ်ဖွဲ့ခွေနေရာအရပ်မျှကိုသာ ထွန်းလင်းစေနိုင်၏။ အချို့တိုက်ခန်းအတွင်း၊ အချို့တိုက်ခန်းအပြင်၊ အချို့ကျောင်းတိုက်တခုလုံး၊ အချို့တဂါဝုတ်၊ အချို့ယူဇနာ ၁၀ က်၊ အချို့တယူဇနာ, နှစ်ယူဇနာ, သုံးယူဇနာ။ပ။ အချို့မြေပြင်မှ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင် တခဲနက်အလင်းရောင်ကိုပြုလျက်တည်၏။ ဘုရားမြတ်စွာ၏ အရောင်အလင်းမှာမူကား စကြဝဠာတသောင်း မယာ လောကဓာတ်ကို တပြိုင်နက် ထွန်းလင်းတောက်ပစေလျက် တည်၏ဟု ဝိသုဒ္ဓိမဂ်၌ ဆို၏။

## ဝိပဿနာ လမ်းလွဲတတ်ပုံ

ဤသြဘာသစသော ၁၀-ပါးသော ဝိပဿနာညစ်ညူးကြောင်းတရားတို့တွင် တပါးပါး ဖြစ်ပေါ်လာသည်ရှိသော် ငါ့အား ဤအခါမှ ရှေး၌ ဤသို့သဘောရှိသော အရောင်အလင်းသည် မဖြစ်စဖူးပဲ ထူးထူးကဲကဲကြီး ဖြစ်ခဲ့ပြီတကား၊ ငါသည် မချွတ်ကေန် မဂ်သို့ရောက်ပြီ ဖိုလ်သို့ရောက်ပြီဟု

မဂ်ဖိုလ် မဟုတ်သေးသော အရောင်းအလင်းကိုပင် မဂ် ဖိုလ် နိဗ္ဗာန်ဟု ထင်မှားယူမှားနေသော ကမ္မဋ္ဌာန်းအရာ၌ မလိမ္မာသေးသော ယောဂီပုဂ္ဂိုလ်သည် မဟာနာဂ-မဟာဒတ္တ-စူဠသုမနထေရ်တို့ကဲ့သို့ လည်းကောင်း၊ ရှေးအခါက ဆရာတော်ကြီးတပါးကဲ့သို့လည်းကောင်း ဝိပဿနာလမ်းလွဲချော်၍ သွားတတ်လေသည်။ ထိုယောဂီပုဂ္ဂိုလ်သည် မိမိ၏ ရှုနေကျဖြစ်သော ဖြစ်ပျက်ကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ ဤအရောင်အလင်းကိုသာ သာယာနှစ်သက်၍ နေတတ်လေသည်။ ဤသို့နေခြင်းသည်ပင် လမ်းလွဲ ဖြစ်လေတော့သည်။

ပီတိ-ပဿဒ္ဓိစသော ကျန်ဥပက္ကိလေသတို့၌လည်း ထိုနည်းအတူ သိမှတ်ပါလေ။

မှတ်ချက်။ ။ဖော်ပြခဲ့ပြီးသော မထေရ်ကြီးသုံးပါးတို့တွင် မဟာနာဂမထေရ်ကြီး၏ ဝိပဿနာလမ်းလွဲပုံကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မဂ္ဂါမဂ္ဂနိဒ္ဒေသပိုင်းမှာ ကြည့်ရှုပါလျှင် တွေ့မြင်နိုင်ပါသည်။

ဤ၌ကား ဥပရိပဏ္ဏာသ အဋ္ဌကထာ သာမဂါမသုတ်လာ ဆရာတော်ကြီးတပါး၏ ဝိပဿနာလမ်းလွဲပုံကို အလွန်မှတ်သားစရာကောင်းလှ၍ ဖော်ပြပါဦးမည်။

## ဩဘာသကို မဂ်ဟု ယူမှားပုံ

အဆိုပါ ဆရာတော်ကြီးတပါးသည် တနေ့သောအခါ တပည့်ရဟန်းများက ကမ္မဋ္ဌာန်းတရားကို မေးမြန်းကြတဲ့အခါ ဆရာတော်ကြီးက အမိန့်ရှိတော်မူသည်မှာ–တပည့်တို့– ဤသာသနာတော်၌ ရဟန်းသည် မိမိနေရာအရပ်သို့ကပ်၍ ထိုင်နေပြီးလျှင် မူလလက်ကိုင် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၏။ ထိုသို့ နှလုံးသွင်းသော ရဟန်းအား ကိုယ်မှထွက်သော အရောင်အလင်းသည် ထွက်ပေါ်လာ၏။ ဤအရောင်အလင်းသည် ပဌမမဂ်မည်၏ (ဝါ)သောတာပတ္တိမဂ်မည်၏။

ထိုရဟန်းသည် နှစ်ကြိမ်မြောက် အရောင်အလင်းကို ဖြစ်စေ၏။ ငါသည် ဒုတိယမဂ်ကို (ဝါ)သကဒါဂါမိမဂ်ကို ရသည်မည်၏။ ဤအတူ သုံးကြိမ်

မြောက် အရောင်အလင်း၊ လေးကြိမ်မြောက် အရောင်အလင်းကို ဖြစ်စေ၏။ ဤသို့ အရောင်အလင်းဖြစ်ကာမျှတည်းဖြင့် မဂ်သို့ရောက်သည်လည်းကောင်း၊ ဖိုလ်သို့ရောက်သည်လည်းကောင်း ဖြစ်တော့၏ဟု တပည့်ရဟန်းတို့အား မိန့်ကြားလေသည်။ တပည့်ရဟန်းတို့ကလည်း ထိုဆရာတော်ကြီး မိန့်ကြားတိုင်းပင် မဂ်ဖိုလ်မဟုတ်သော အရောင်အလင်းကို မဂ်ဖိုလ်ဟု ယုံကြည်ကြလေသည်။

ထိုဆရာတော်ကြီး ပျံလွန်တော်မူတဲ့အခါ အရိုးကို စေတီတည်၍ ရဟန္တာပုဂ္ဂိုလ်စေတီဟူ၍ အရိုအသေ ယုံကြည်စွာဖြင့် ပန်းဆီမီး စသည်တို့ဖြင့် ပူဇော်၍ နေကြလေသည်။

နောက် ကာလအတန်ကြာမြင့်လာသော် ဝိပဿနာ၌ လိမ္မာသော အာဂန္တုက ရဟန်းတပါး ရောက်လာ၍ ထိုစေတီကို စစ်ဆေးမေးမြန်းတဲ့အခါ ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့အတိုင်း အာဂန္တုက ရဟန်းအား လျှောက်ထားကြလေသည်။

ထိုအခါ အာဂန္တုကရဟန်းက ဤအရောင်အလင်းဟာ မဂ်မဟုတ်ဘူး၊ ဝိပဿနာညစ်ညူးကြောင်း ဘေးရန်သာ ဖြစ်သည်၊ သင်တို့ ဆရာတော်ကြီးသည် ရဟန္တာပုဂ္ဂိုလ်မဟုတ်၊ ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်နှင့်သာ ပျံလွန်တော်မူရခြင်း ဖြစ်သည်ဟု ပြောပြသော်လည်း ထိုဆရာတော်ကြီး၏ တပည့်တကာတို့မှာ လုံးဝ ယုံကြည်ခြင်း မရှိကြပဲ အရောင်အလင်းကိုပဲ မဂ်ဖိုလ်ဟု ယူမှားသော အယူမှားကို မစွန့်နိုင်ကြကုန်ဟု ဆို၏။ ထိုနောက် ဆက်လက်၍ ပြောပြသည်မှာ ထိုအယူမှားကို မစွန့်မပယ်သမျှ ကာလပတ်လုံး အရာဖြစ်စေ, အထောင်ဖြစ်စေ နတ်ရွာကိုလည်းကောင်း၊ မဂ်ဖိုလ်ကိုလည်းကောင်း တားမြစ်၏၊ (ဝါ) သဂ္ဂါဝရဏ- မဂ္ဂါဝရဏ ဖြစ်၏ဟု ဖွင့်ပြထား၏။ ထို့ကြောင့် ဤအယူမှားကို အထူးသတိပြုသင့်ပေသည်။

## မိမိသာမြင်ရ-သူတပါးမမြင်ရ

ထို ဩဘာသ စသော အရောင်အလင်းကို(တံ တဿေဝ ပညာယတိ။ စေတန ဖုဋ္ဌောကာသေ ရူပဂတမ္ပိ ပညာတိ)ဆိုတဲ့ သာရတ္ထဒီပနီဋီကာနှင့် အညီ

မိမိသာ မြင်ရ၏။ သူတပါး မိမိအနီးမှာရှိနေသော်လည်း မမြင်နိုင်ကြပေ။ ထိုအရောင်အလင်းပျံ့နှံ့ရာအရပ်၌ရှိသော ရုပါရုံအဆင်းအမျိုးမျိုးကိုလည်း ဒိဗ္ဗစက္ခုအဘိညာဏ်ရသော ရဟန်းအား ထင်မြင်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ မနောဒွါရိကဉာဏ်အား ထင်လာမြင်လာသတဲ့။

ထိုစကားသည် မှန်၏၊ တဆင့်စကား ကြားဖူးသည်ကား—သီဟိုဠ်ကျွန်း စိတ္တလတောင်ကျောင်း၌ သီတင်းသုံးနေထိုင်ကြသော မထေရ်နှစ်ပါး တို့သည် တနေ့သော လဆုတ်ပက္ခ-လကွယ်နေ့ညတွင် ကောင်းကင်တခုလုံး တိမ်ဖုံးလွှမ်းနေ၍ (လကွယ် သန်းခေါင်၊ မိုးမှောင်တိမ်တိုက်၊ လျှပ်မကြိုက် သား၊ အမိုက်အပြား၊ အင်လေးပါး)ဆိုသလို အမိုက်မှောင်အတိ ဖြစ်နေ သည်။ ထိုအခါ သူနေရာ ငါ့နေရာသို့ဝင်၍ တရားကို အားထုတ်နေကြရာ ဤ ဥဒယဗ္ဗယဉာဏ်၏ အာနုဘော်ကြောင့် ဩဘာသခေါ်သော အရောင် အလင်း ဖြစ်ပေါ်လာတဲ့အခါ မထေရ်ငယ်က အရှင်ဘုရား—တပည့်တော် အား စေတီရင်ပြင် မြတ်သောနေရာ၌ အဆင်းငါးမျိုးရှိသော ပန်းတို့သည် ထင်မြင်ပါကုန်၏ဟု လျှောက်ထားတဲ့အခါ မထေရ်ကြီးက ဝဖန် အို— ငါ့ရှင်— ဤ ထင်မြင်ခြင်းတို့သည် အံ့ဩလောက်စရာ မဟုတ်သေးဘူး၊ ငါ့မှာမူကား ယခုအခါ မဟာသမုဒ္ဒရာ၏ ယူဇနာပတ်လည်အရပ်၌ သွား လာနေကြတဲ့ ငါး၊ လိပ် တို့ကို မြင်ရ၏ဟု ပြောဆိုလေသည်။ ထို့ကြောင့် ထိုအရောင်အလင်းကို မိမိသာမြင်၏။ သူတပါး မမြင်ရဟု ဆိုသည်ကို လည်းကောင်း၊ အရောင်အလင်း ပျံ့နှံ့ရာအရပ်၌ အဆင်း ရုပါရုံတို့ကို မြင်ရကုန်၏-ဟု ဆိုသည့်ကိုလည်းကောင်း ယုံကြည်ထိုက်ပေသည်။ တွေ့မြင် ဖူးသော ယောဂီပုဂ္ဂိုလ်များ သဘောကျနိုင်ကြပေလတ္တံ့။

## ဩဘာသစသော ဥပက္ကိလေသတရား ဆယ်ပါးတို့ကို ထပ်မံရှင်းလင်းချက်များ

၁။ ဩဘာသ—ဩဘာသသည် တကယ်တမ်းနောက်သို့မဆုတ် တရား ကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဤ ဩဘာသစသော ဝိပဿနာ ညစ်ညူးကြောင်းဖြစ်သော ဥပက္ကိလေသ ၁၀-ပါးတို့တွင် တပါးပါး

ဖြစ်ပေါ်လာသည်ရှိသော် ဤ-ကမ္မဋ္ဌာန်းအရာ၌ လိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ထိုဩဘာသ စသည်တို့နှင့် တွေ့ရသည်ရှိသော် ငါ-ကမ္မဋ္ဌာန်းယူစဉ် ကမ္မဋ္ဌာန်းပေးသော ဆရာက ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာတဲ့အခါ ဩဘာသ စသော ဥပက္ကိလေသတရားများ ဖြစ်ပေါ်လာတတ်၏-ဟု မှာကြားထားတာ ရှိလျက်သားပဲ၊ ထိုဆရာ မှာကြားထားတဲ့အတိုင်း ယခုအခါ ငါ့အား ထိုအရောင်အလင်းသည် ဖြစ်ပေါ်လာချေပြီတကားဟု သိ၍ ပညာဖြင့် ပိုင်းခြားရမည်။

## ပိုင်းခြားပုံ

ပါဠိလို ပိုင်းခြား၍ရှုပုံကား—အယံ ဩဘာသော ဥပ္ပန္နော၊ သော ခေါ ပနာယံ အနိစ္စော သင်္ခတော ပဋိစ္စသမုပ္ပန္နော ခယဓမ္မော ဝယဓမ္မော ဝိရာဂဓမ္မော နိရောဓဓမ္မော-ဟု ပိုင်းခြား၍ ရှုရမည်ဟု သိမှတ်ပါလေ။

မြန်မာလို ပိုင်းခြား၍ရှုပုံကား—ငါ့အား ဤအရောင်အလင်းသည် ဖြစ်ပေါ်လာ၏။ စင်စစ်သော်ကား ထိုအရောင်အလင်းသည် အမြဲမရှိ၊ အမြဲမတည်။ ပြုပြင်အပ်သော သဘောရှိ၏။ အကြောင်းကိုစွဲ၍ဖြစ်၏။ ကုန်တတ်သော သဘောရှိ၏။ ပျက်တတ်သော သဘောရှိ၏။ ကင်းတတ်သော သဘောရှိ၏၊ ချုပ်တတ်သော သဘောရှိ၏-ဟု ပညာဖြင့် ပိုင်းခြား၍ ရှုရမည်ဟု သိမှတ်ပါလေ။

## တနည်း အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုပုံ

ဤအရောင်အလင်းသည် ငါ့ကိုယ်အတ္တ အကယ်၍ဖြစ်ငြားအံ့၊ ငါ့ကိုယ် အတ္တဟု ယူခြင်းငှာ တတ်ကောင်းလေရာ၏။ ဝါ၊ စွဲလမ်းရာ၏။ ဘယ်နည်းနှင့်မျှ ငါ့ကိုယ်အတ္တဟု မဟုတ်နိုင်ပေ။ ထိုအရောင်အလင်းသည် ငါ့အလိုသို့ မလိုက်၊ ငါ့အကြိုက်သို့ မပါစေနိုင်သောကြောင့် ငါ့ကိုယ် အတ္တမဟုတ် အနတ္တသာတည်း။ ဖြစ်ပြီး၍မရှိသောကြောင့် နိစ္စမဟုတ် အနိစ္စသာတည်း။ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်အပ်သောကြောင့် သုခမဟုတ် ဒုက္ခတို့သာတည်းဟု ပညာဖြင့် ပိုင်းခြား၍ရှုရမည်ဟု သိမှတ်ပါလေ။

## တနည်း တဏှာ မာန ဒိဋ္ဌိခွာ၍ ရှုပုံ

ပါဠိလို ရှုပုံကား—ဩဘာသော နေသော မမ၊ န မေသောဟမသ္မိ၊ န မေသော အတ္တာ-ဟု ရှုရမည်ဟု သိမှတ်ပါလေ။

မြန်မာလိုရှုပုံကား—ဤ အရောင်အလင်းသည် ငါ၏ အရောင်အလင်း မဟုတ်၊ ဤအရောင်အလင်း ငါသည် မဖြစ်၊ ဤအရောင်အလင်းသည် ငါ့ကိုယ်အတ္တမဟုတ်-ဟု ပညာဖြင့် ပိုင်းခြား၍ ရှုရမည်ဟု သိမှတ်ပါလေ။

မှတ်ချက်။ ။အကယ်၍ ဩဘာသ မဟုတ်ပဲ ပီတိ ပဿဒ္ဓိ စသည် ဖြစ်အံ့။ ပီတိ နေသော မမ။ န မေသောဟမသ္မိ။ န မေသော အတ္တာ ဟူ၍ လည်းကောင်း၊ ပဿဒ္ဓိ နေသော မမ။ န မေသောဟမသ္မိ။ န မေသော အတ္တာ ဟူ၍လည်းကောင်း ပီတိ ပဿဒ္ဓိ စသည် အမည်ပြောင်းလွှဲ၍ ရှုရမည်ဟု သိမှတ်ပါလေ။

## တနည်း ရှုပုံ

၁။ ကိုယ်မှထွက်လာ လင်းရောင်ဟာ မဂ်မဟုတ်သေးပါ၊ ဖြစ်ပျက်မြင်မှ မဂ်ဟုတ်တာ၊ ငါ့ကိုယ် ငါ့ဟာ ငါမဟုတ် နာမ်နှင့်ရုပ်၊ အနိစ္စ, ဒုက္ခ, အနတ္တသာ ဟုတ်၏ဟု ရှုရမည်ဟု သိမှတ်ပါလေ။

၂။ ပီတိငါးဖြာ ဖြစ်ပေါ်လာ မဂ်မဟုတ်သေးပါ၊ ဖြစ်ပျက်မြင်မှ မဂ်ဟုတ်တာ၊ ငါ့ကိုယ် ငါ့ဟာ ငါမဟုတ် နာမ်နှင့်ရုပ်၊ အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၃။ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းတာ မဂ်မဟုတ်သေးပါ (ပ) အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၄။ အားကြီးသဒ္ဓါ ဖြစ်ပေါ်လာ မဂ်မဟုတ်သေးပါ (ပ) အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၅။ အားထုတ်လွန်စွာ ဖြစ်ပေါ်လာ မဂ်မဟုတ်သေးပါ (ပ) အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၆။ လွန်ကဲချမ်းသာ ဖြစ်ပေါ်လာ မဂ်မဟုတ်သေးပါ (ပ) အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၇။ ထက်မြက်ပညာ ဖြစ်ပေါ်လာ မဂ်မဟုတ်သေးပါ (ပ) အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၈။ သတိထင်စွာ ဖြစ်ပေါ်လာ မဂ်မဟုတ်သေးပါ (ပ) အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၉။ နှစ်-ဥပေက္ခာ ဖြစ်ပေါ်လာ မဂ်မဟုတ်သေးပါ (ပ) အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၁၀။ ရွှေကိုးပါးမှာ နှစ်သက်တာ မဂ်မဟုတ်သေးပါ၊ ဖြစ်ပျက်မြင်မှ မဂ်ဟုတ်တာ၊ ငါ့ကိုယ် ငါ့ဟာ ငါမဟုတ် နာမ်နှင့်ရုပ်၊ အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေးပါ။

၂။ ပီတိ–ပီတိသည် (ခု-ခ-ဩ ဥ၊ ဖ-ကိုရှု၊ ငါးခု ပီတိမှတ်) ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ–

(က) မွေးညင်းထကာ၊ ပီတိမှာ၊ ခုဒ္ဒကာဟုမှတ်။

(ခ) လျှပ်စစ်ပမာ၊ ပီတိမှာ၊ ခဏိကာဟုမှတ်။

(ဂ) လှိုင်းတံပိုးရှို၊ ဖြစ်တုံဘိ၊ ဩက္ကန္တိကဟုမှတ်။

(ဃ) ပျံတက်အာကာ၊ ပီတိမှာ၊ ဥဗ္ဗေဂါဟုမှတ်။

(င) ဂွမ်းဆီထိပမာ၊ ပီတိမှာ၊ ဖရဏာဟုမှတ်။

ဤ ဆောင်ပုဒ်လင်္ကာများနှင့်အညီ (၁)ခုဒ္ဒကာပီတိ၊(၂)ခဏိကာပီတိ၊ (၃) ဩက္ကန္တိကာပီတိ၊ (၄)ဥဗ္ဗေဂါပီတိ၊ (၅)ဖရဏာပီတိဟု အကျဉ်းအားဖြင့် ငါးမျိုးရှိရာ "ပီနယတီတိ ပီတိ" အရ စိတ်နှလုံးထဲမှာ လွန်စွာနှစ်သိမ့်အားရစေတတ်သောကြောင့် ပီတိ-ဟု ဆိုရခြင်းဖြစ်သည်။

## ပီတိ ၅-မျိုးတို့ကို ရှင်းပြပုံ

ထို ပီတိ ၅-မျိုးတို့တွင်—

(၁) **ခုဒ္ဒကာပီတိ**—ခုဒ္ဒကာပီတိ ဆိုသည်မှာ တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် အာရုံ·အာရမ္မဏိက ကပ်သွား၍ ခန္ဓာအတွင်းထဲမှာ တဖွားဖွားဖြစ်၍ တဖွားဖွားပျက်နေကြတဲ့ တရားအာရုံနှင့် ထင်ထင်ရှားရှား တွေ့သွားတဲ့အခါ·မိမိခန္ဓာကိုယ်ထဲမှာ ဖြိုးကနဲ·ဖြန်းကနဲ ကြက်သီးမွေးညင်းထခြင်း၊ တနေရာကဖြစ်စေ တကိုယ်လုံးကဖြစ်စေ အသားတွေ ဇိုးဇိုးဇတ်ဇတ် လှုပ်ခြင်း၊ မျက်ရည်ကျခြင်း၊ မျက်ရည်ယိုလာခြင်း၊ ရှိုက်ကြီး·ငင်ကြီးငိုနေခြင်း၊ ရင်ထဲနှလုံးထဲ၌ ဖိုကနဲ·ရိုပ်ကနဲဖြစ်သွားခြင်း စသည်ဖြင့် တက်ကြွခြင်း အဖြစ်မျိုး တမျိုးမျိုးကို ဖြစ်ပေါ်စေ၍ သိမ့်ကနဲ မြေလျှင် လှုပ်လိုက်သလို တကြိမ်လောက်သာ ဖြစ်ပေါ်လာပြီး ပျောက်သွားသော (သေးငယ်သော) နှစ်သိမ့် အားရမှုကို ခုဒ္ဒကာပီတိ ဆိုခြင်းဖြစ်သည်။

ဤပီတိကိုလည်း ဖော်ပြခဲ့သည့်အတိုင်း မမြဲ·ဆင်းရဲ·အစိုးမရ·အနိစ္စ·ဒုက္ခ·အနတ္တသာဟု ထင်မြင်လာအောင် ရှုမှတ်ပေးရမည်ဟု သိမှတ်ပါလေ။

(၂) **ခဏိကာပီတိ**—ခဏိကာပီတိ ဆိုသည်မှာ· တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ရှေးနည်းအတူ တရားအာရုံနှင့် တွေ့တဲ့အခါ အဆိုပါ·ခုဒ္ဒကာပီတိမှ ဝါ·ပီတိငယ်မှ၊ဝါ·ပီတိအငယ်စားမှ တဆင့်တက်ကာ တကိုယ်လုံး·တခကောင်လုံးကြီးဟာ လျှပ်စစ်ပစ်သလို ဖြန်းကနဲ·ဖြန်းကနဲ ဖြစ်စေ၊ စိုးစိုးစိမ့်စိမ့်ဖြစ်စေ၊ တခဏ·တမိနစ်လောက်ဖြစ်စေ၊ ငါးမိနစ်လောက်ဖြစ်စေ တဖြန်းဖြန်းဖြစ်နေသော ခဏခဏ အားရနှစ်သိမ့်မှုကို ခဏိကာပီတိဆိုသည်။

ဤပီတိကိုလည်း ဖော်ပြခဲ့သည့်အတိုင်း ရှုမှတ်ပေးရမည်ဟု သိမှတ်ပါလေ။

(၃) **ဩက္ကန္တိကာပီတိ**—ဩက္ကန္တိကာပီတိ ဆိုသည်မှာ·တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ရှေးနည်းအတူ တရားအာရုံနှင့် တွေ့တဲ့အခါ

မိုးကာလအခါ ချောင်းထဲမြစ်ထဲမှာ ရေလှိုင်းလုံးကြီးရေလှိုင်းတံပိုးကြီးတွေ အလိပ်အလိပ် တရိပ်ရိပ်နှင့် ဖြစ်နေသည်တို့ကို ပကတိမျက်စိဖြင့် မြင်နေရသလို ထို့တူပမာ တကိုယ်လုံးကြီးကို လွှမ်းခြုံပြီး လှိုင်းစီး-ဒန်းစီး-ယောင် ပုခက် စီးနေရသလို၊ အောက်အထက် သက်ကာ သက်ကာ ဖြစ်ပေါ်လာ၍ တော်တော်ကြာ ပြေပျောက်သွားသော အတော်အတန် အားကောင်းတဲ့နှစ်သိမ့်အားရမှုကို ဩက္ကန္တိကာပီတိ ဆိုခြင်းဖြစ်သည်။

ဤပီတိကိုလည်း ရှေးနည်းအတူ ရှုမှတ်ပေးရမည်ဟု သိမှတ်ပါလေ။

(၄) ဥဗ္ဗေဂါပီတိ—ဥဗ္ဗေဂါပီတိဆိုသည်မှာ ဆိုခဲ့ပြီးသော ပီတိတို့ထက် တဆင့်ထက်တဆင့် အဆင့်အတန်းမြင့်ကာ အားကောင်း၍လာသော ကြောင့် မိမိခန္ဓာကိုယ်ကြီးကို အထက်သို့ လက်တသစ်ခန့်၊ လက်လေးသစ်ခန့်၊ တထွာ တတောင်ခန့် ပမာဏရှိသည်ဘို့ဖြင့် အထက်သို့ ကြွတက်သည်ကိုပုံ၍ မိမိသည် ဘယ်လိုချုပ်တည်နေရမှန်းပင်မသိ အထက်သို့ ကြွတက်သွားအောင် ဖြစ်ပေါ်လာတတ်သော နှစ်သိမ့်မှုကို ဥဗ္ဗေဂါပီတိ ဆိုခြင်းဖြစ်သည်။

မှတ်ချက်။ ။ဤဥဗ္ဗေဂါပီတိနှင့်စပ်၍ ဝိပဿနာအရာ၌ လွန်စွာ အတွေ့အကြုံများ၍ ကျမ်းကျင်လိမ္မာတော်မူကြတဲ့ ရှေးဆရာတော်ကြီးများသည် ဤသို့မိန့်ဆိုတော်မူကြသတဲ့။ ဘယ်လို မိန့်ဆိုတော်မူကြပါသနည်းဆိုတဲ့အမေး၌– ငါ့ရှင်တို့ ပီတိဆိုတာ ကျမ်းဂန်၌ တိုက်ရိုက်လာသော ငါးမျိုးသာမကသေးပဲ လွန်စွာပဲ အံ့ဩဖွယ်ကောင်းအောင် များပြားဆန်းကြယ်တယ် ငါ့ရှင်တို့။ ဘယ်လိုများဖြစ်သလဲဆိုယင် ရံခါ မျက်ခုံးလှုပ်သလိုလဲ ဖြစ်တတ်တယ်၊ ရံခါ ငိုတုံ-ရယ်တုံလဲ ဖြစ်တတ်တယ်၊ အဲဒါလဲ ပီတိသဘော ပီတိဓာတ်ကျသွားတာပဲ။ ရံခါ တောင်မြောက်လေးပါးယောင်တုံ ရမ်းတုံလဲ ဖြစ်တတ်တယ်။ ရံခါ လက်မြောက်၊ ခြေမြောက်၊ လက်ရမ်း၊ ခြေရမ်း၊ ဦးခေါင်းရမ်းလဲ ဖြစ်တတ်တယ်။ ရံခါ လက်အုပ်ချီမိုးရှိခိုး၍လဲ နေတတ်တယ်။ အချို့ပုဂ္ဂိုလ်များမှာ တရားအားထုတ်နေစဉ် ထတုံ၊ ထိုင်တုံ၊ ကွေးတုံ၊ ဆန့်တုံလဲ ဖြစ်နေတတ်ကြတယ်။ အချို့ပုဂ္ဂိုလ်များမှာ မငြိမ်မသက် ယောက်ယက်ခတ် ဖြစ်နေကြတာများလဲ ရှိတယ်။

အဆိုပါ အမျိုးအစားမှတပါး တမျိုးတခြား ဖြစ်နေကြတာများကိုလဲ တွေ့ရတတ်တယ်။ ဤလိုဖြစ်ပုံဖြစ်နည်းမျိုးတွေဟာ ဥဗ္ဗေဂါပီတိ သဘော မျိုးတွေပဲ။ ပီတိဇောကျနေတဲ့အခါ ဤလိုအဖြစ်မျိုးတွေကို တခုမတွေ့ယင် တခုတွေ့ရတတ်သေးတယ်၊ ပီတိဇောဆိုတာ လွန်စွာဆန်းကြယ်များပြား တယ်။ ထိုပီတိဇောတွေ ပြေငြိမ်းသွားတဲ့အခါ ပြင်ပမှနေ၍ မြင်ရတဲ့ ပုဂ္ဂိုလ်များက ဤလိုဤပုံဖြစ်နေတာကို သိရဲ့လားလို့ မေးကြည့်တော့ အချို့ပုဂ္ဂိုလ်ကတော့ ဘာမှမသိရဟု ပြောဆို၏။ အချို့ပုဂ္ဂိုလ်ကတော့ သိတာလိုလို မသိတာလိုလိုဖြစ်၏ဟု ပြောဆို၏။ ဤလိုဖြစ်နေတဲ့အခါ ပီတိဇော၏သဘောကို မသိတဲ့ပုဂ္ဂိုလ်များက ဤလိုဖြစ်တာဟာ ဘယ်လို သဘောလဲ၊ နတ်များပူးဝင်နေတာလား၊ လူများက ပြုစားထားတာလား၊ သို့မဟုတ် စိတ်ညို့အတတ်ပညာနှင့် လုပ်ထားတာလား၊ ဤလို ဘာလား ညာလားနှင့် ခြေတို့ လက်တို့ မျက်စိမှိတ်ပြ နှုတ်သီးစူ မေးငေါ့နှင့်တောင် ထင်ယောင်ထင်မှား ဖြစ်နေတတ်ကြသေး၏။

## ပီတိတမျိုးရှိသေးတယ်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းဒါယကာသဌေးကြီးသည် ရှေးဦးစွာ မြတ်စွာဘုရားထံသို့ သွားတဲ့အခါ မနက်မိုးမလင်းသေးပဲလျက် ဤကိုယ်မှ ထွက်သော ပီတိရောင်ဖြင့် သွားတာပဲ။

ကပ္ပိနမင်း-အနော်ဇာဒေဝီမိဖုရားကြီးတို့လဲ မြတ်စွာဘုရားထံသို့ သွား တဲ့ခါ လှေဖောင်မပါပဲ ဤပီတိဇောတွေနှင့်ပဲ မြစ်ကြီးသုံးတန်ကို ကူးသွား ကြတာပဲ-ဟု မိန့်ဆိုတော်မူကြသတဲ့။ ယောဂီပုဂ္ဂိုလ်တို့ဖြစ်ရပ်နှင့် ကျမ်းဂန် လာကို ထောက်ဆပါလျှင် ထိုဆရာတော်ကြီးများစကားကို မပယ်သင့် မပယ်ထိုက်ဟု ဝိသုဒ္ဓိဒီပနီကျမ်းဆရာတော်က ထောက်ခံချက်ပေးသည်ကို ဖတ်ရှုရဖူးပါသည်။

မှတ်ချက်။ ။ဤပီတိဇောမှာ ကာမပီတိ၊ ဓမ္မပီတိဟု နှစ်မျိုးရှိရာတွင် ကာမပီတိဆိုသည်မှာ ငါးပါးအာရုံ ကာမဂုဏ်ကို အာရုံပြု၍ကျသော ပီတိဇောသာ ဖြစ်ပါသည်။ တန်ဖိုးမထွက် အပါယ်ဘုံသို့ ကျတတ်၍

ရှုံးဘက်သာဖြစ်လေသည်။ ဓမ္မပီတိဆိုသည်မှာ ဘုရားအာရုံ တရားအာရုံ သံဃာအာရုံတို့ကို အာရုံပြု၍ကျသော ပီတိဇောဖြစ်၍ နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိလေသည်။

အဆိုပါ ဓမ္မပီတိဇောသည် တရားအားမထုတ်သောပုဂ္ဂိုလ်, အားထုတ်သော်လည်း တရားအာရုံနှင့် မတွေ့မမိသော ပုဂ္ဂိုလ်များမှာ အသက်အရာရှည်ကြာ၍နေသော်လည်း ဤဓမ္မပီတိဇောမျိုး တကြိမ်တခါမျှ မကျဖူးပါ။ ထောင်တန်, သိန်းတန်ဖြစ်စေကာမူ သာသနာပ ဖြစ်နေပါက တကြိမ်မျှ ကျဖူးမည် မဟုတ်ပါ။ သာသနာတွင်းကြုံကြ၍ ဘုရား,တရား, သံဃာ တရားအာရုံနှင့် တွေ့ရမှသာ ဤဓမ္မပီတိဇောမျိုး ကျတတ်သောကြောင့်လည်းကောင်း၊ ဤဓမ္မပီတိကို ဝိပဿနာရှုတတ်ပါက မဂ်ဖိုလ်ထုတ်ချောက် ရောက်နိုင်သောကြောင့်လည်းကောင်း သာသနာတွင်းကြုံရခြင်းသည် လွန်စွာဝမ်းမြောက်ဖွယ် ကောင်းလှပေသည်။

(၅) **ဖရဏာပီတိ**–ဖရဏာပီတိဆိုသည်မှာ စည်ပေါင်းအိမ်, တောင်ကျချောင်း, လေထိုးလေဖြည့်ထားသော ဘောလုံးကဲ့သို့လည်းကောင်း၊ အကြိမ်တရာ သန့်သန့်ရှင်းရှင်း ဖတ်ယူထားသော ဝါဂွမ်းပုံကြီးကို ဆီထောပတ်များ လောင်းထည့်လိုက်တဲ့ခါ အိစက်စက်ကြီး ဖြစ်သွားသကဲ့သို့လည်းကောင်း တကိုယ်လုံး တကောင်လုံးကြီး စိမ့်လျက် အေးလျက်မိမိ၏လက်ခြေတို့ကိုပင် မလှုပ်မသယ်ချင်အောင် အလွန့်အလွန်သက်သာလှသော ပြောမယုံ ကြုံဖူးမှသိဆိုတာလို ပီတိကိုဖြစ်စေတတ်သော အလွန်အားကောင်းသော နှစ်သိမ့်အားရမှုကို ဖရဏာပီတိ ဆိုခြင်းဖြစ်သည်။

**မှတ်ချက်**။ ။ကမ္မဋ္ဌာန်းဆရာ တရားစစ်ဆေးတဲ့ခါ တပည့်ယောဂီပုဂ္ဂိုလ်တို့က အဆိုပါ ပီတိငါးမျိုးတို့တွင် တမျိုးမျိုးကို တွေ့ရ၍ တွေ့တဲ့အတိုင်း အစစ်ခံချက်တွက်လာတဲ့အခါ ပီတိငါးမျိုးထဲက ဘယ်ပီတိမျိုးပဲဖြစ်ဖြစ် ပီတိငါးမျိုးမှတပါး အခြားသောပီတိမျိုးထဲက ဘယ်ပီတိပဲဆိုတာကို ကမ္မဋ္ဌာန်းဆရာလုပ်တဲ့ ပုဂ္ဂိုလ်များက မှန်ကန်စွာသိရှေရမည့်အပြင် ပီတိဘေးရန်တွေနှင့် တွေ့နေရမှန်းသိ၍ ထုံးစံအတိုင်း အားပေးစကားပြောကြားပြီးလျှင် ထိုပီတိဘေးရန်မှ အမြန်လွတ်မြောက်သွားအောင် ပြုပြင်

ပြောင်းလွဲပေးတတ်စေရမည်၊ ဝါ၊ ဝိပဿနာရှုနည်းကို ညွှန်ကြားပေးရမည်ဟု သိမှတ်ပါလေ ကမ္မဋ္ဌာန်းဆရာပုဂ္ဂိုလ်များတို့။

## အံ့ဩလောက်တဲ့ ဥဗ္ဗေဂါပီတိ

၁။ **မဟာတိဿဝတ္ထု၌** ပြဆိုထားသည်မှာ သီဟိုဠ်ကျွန်း ပုဏ္ဏဝလ္လိက ကျောင်း၌နေသော မဟာတိဿမထေရ်သည် ညဥ့်အခါ လရောင်ဖြင့် ဘုရားစေတီတော်ကြီးကို ကြည်ညိုကြည့်ရှုနေရာ ရှေးက နေ့အခါ မြင်ဖူးသော အာရုံ၏အစွမ်းဖြင့် ဘုရားလျှင်အာရုံရှိသော အဆိုပါ ဥဗ္ဗေဂါပီတိ ဖြစ်ပေါ်လာ၍ ကောင်းကင်၌ လွင့်တက်သွားပြီးလျှင် ဘုရားစေတီရင်ပြင်ပေါ်၌ ကျ၍ တည်ရှိလေ၏-ဟု ဆိုသည်။ ဤလိုအဖြစ်မျိုးဟာ ဥဗ္ဗေဂါပီတိဇော ချီယူသွားခြင်းမျိုးပဲ ဖြစ်သည်။

၂။ **အမျိုးသမီးဝတ္ထု၌** ပြဆိုထားသည်မှာ–သီဟိုဠ်ကျွန်း ဝတ္တကာလရွာ၌ အမျိုးသမီးတဦးသည် နှစ်စဥ်ကျင်းပပြုလုပ်နေကြသော အာကာသ ဘုရားစေတီတော်ကြီးကို ပူဇော်ကျင်းပသည့်နေ့၌ မိမိမှာကိုယ်ဝန်ပဋိသန္ဓေ ရင့်မာခြင်းဖြစ်နေ၍ မိဘတို့နှင့် အတူတကွ ဘုရားစေတီတော်ကြီးကို ဖူးမြော်ရန် မလိုက်ရပဲ အိမ်၌ကျန်ရစ်နေခဲ့ရာ မိဘတို့သည် အိမ်မှထွက်ခွါသွားပြီးနောက် အိမ်တံခါးပေါက်၌ ရပ်နေလျက် လ-ရောင်ဖြင့် တောင်ထိပ်ပေါ်ရှိ ဘုရားစေတီတော်ကြီးကို ကြည့်ရှုကြည်ညိုနေသည်ရှိသော် မီးနှင့်ထိန်ထိန်လင်းလင်း ရွှေနှင့်ဝင်းဝင်းဖြစ်နေသော ဘုရားစေတီရင်ပြင်ကို ကြည့်ရှုနေစဥ် ဘုရားလျှင်အာရုံရှိသော ဥဗ္ဗေဂါပီတိအထိ ဖြစ်ပေါ်လာ၍ ကောင်းကင်သို့ လွင့်တက်သွားကာ မိဘတို့ထက် ရှေးဦးစွာ ဘုရားစေတီရင်ပြင်ပေါ်၌ ကျပြီးလျှင် ဘုရားစေတီတော်ကြီးကို ဖူးမြော်၍ တရားနာလျက် နေလေတော့သည်။ နောက်မှရောက်လာသော မိဘတို့သည် မေးသည်ရှိသော် ကောင်းကင်ခရီးဖြင့် လာခဲ့သည်ဟု ပြောဆိုလေရာ ချစ်သမီး–ကောင်းကင်ခရီးဆိုတာ ဈာန်အဘိညာဥ်ရသော ရဟန်းတို့၏ အရာသာ ဖြစ်ချေသည်၊ မပြောကောင်းပေ၊ ချစ်သမီးသည် ဘယ်လိုလာခဲ့သနည်းဟု ထပ်မံ၍ မေးပြန်တဲ့အခါ မိခင်-ဖခင်တို့ ချစ်သမီးသည်

ဖေဖေ-မေမေတို့ အိမ်မှထွက်ခွါသွားပြီးနောက် အိမ်တံခါးပေါက်၌ ရပ်နေလျက် လ-ရောင်ဖြင့် ဘုရားစေတီတော်ကြီးကို ကြည့်ရှုကြည်ညိုနေရာ ဘုရားလျှင်အာရုံရှိသော ဗလဝပီတိဖြစ်ပေါ်လာ၍ ရပ်နေသည်ကိုလည်း ရပ်နေမှန်းမသိ၊ ဘယ်လိုရပ်တည်၍နေရသည်ကိုပင်မသိ၊ ဤအာရုံနိမိတ်ဖြင့်သာ ဤဘုရားစေတီရင်ပြင်ပေါ်သို့ ရောက်လာပါသည်ဟု ပြောဆိုသတဲ့။ ဤလိုဖြစ်ခြင်းမျိုးဟာလဲပဲ ပီတိဇော ချီယူသွားခြင်းမျိုးပဲဖြစ်သည်။ အဘယ်မျှလောက် အံ့ဩစရာကောင်းသလဲ။ ထိုအမျိုးသမီးဖြစ်ပုံကို အတုယူ၍ အကျိုးရှိအောင် ကျင့်တတ်ကြပါစေသတည်း။

ဗုဒ္ဓါဒိဂေါစရံ ပီတိံ လဘိတွာယေဝ တံခဏေ ဝိပဿနံ ဝဍ္ဎေတွာ သုဝိမုတ္တာ အသံခယာ။

ဗုဒ္ဓါဒိဂေါစရံ၊ ဘုရားစသော အာရုံလျှင် အာရုံရှိသော။ ပီတိံ၊ နှစ်သိမ့်ခြင်းပီတိကို။ လဘိတွာယေဝ၊ ရ၍သာလျှင်။ တံခဏေ၊ ထိုခဏ၌။ ဝိပဿနံ၊ ဝိပဿနာကို။ (ဝါ) အနိစ္စ-ဒုက္ခ-အနတ္တရှုတဲ့ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားများ၍။ သုဝိမုတ္တာ၊ ဖြစ်ပျက် မွေးသေဆိုတဲ့ သံသရာဝဋ်ဆင်းရဲကြီးထဲမှ ကျွတ်လွတ်ထွက်မြောက် နိဗ္ဗာန်သို့ရောက်ကြကုန်သော သတ္တဝါတို့သည်။ အသံခယာ၊ မရေမတွက်နိုင်အောင် များပြားလှလေကုန်ပြီ-ဟုဆိုသောကြောင့် အဆိုပါ ပီတိအမျိုးအစား အများအပြားတို့တွင် တပါးပါးကို တွေ့တဲ့အခါ ဘယ်ပီတိကိုမှ ချမ်းသာမပေးပဲ (ဝါ) မလွှတ်စေပဲ ဖြစ်ပေါ်လာတဲ့(ဝါ)ကိုယ်ထဲမှာ ကိုယ်တွေ့-တွေ့ရတဲ့ ပီတိတို့ကို ဤပီတိတို့သည် ဖြစ်တတ် ပျက်တတ်သောသဘော၊ ကုန်တတ်သောသဘော၊ ပျောက်ပျက်တတ်သောသဘော၊ ခယဓမ္မ-ဝယဓမ္မ၊ မမြဲ-ဆင်းရဲ-အစိုးမရ-အနိစ္စ-ဒုက္ခ-အနတ္တတို့သာဖြစ်သည်ဟု ဝိပဿနာရှု၍ မိမိတို့ ရဟန်းကိစ္စ ပြီးစီးသွားနိုင်ကြအောင် ဖုဿဒေဝမထေရ်၊ တိဿဒတ္တမထေရ် စသည်တို့ကဲ့သို့ ဖြစ်မြောက်နိုင်ကြအောင် ကြိုးစား၍ ဝိပဿနာ ရှုတတ်ကြပါစေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ယောဂီပုဂ္ဂိုလ်များကိုယ်တွေ့

ဤပီတိဇောမျိုးကျနေခိုက် ကျနေဆဲဖြစ်သော ယောဂီပုဂ္ဂိုလ်သည် မဂ်အပ္ပနာမဟုတ်သေးသော်လည်း အပ္ပနာဖြစ်ဖို့ရန်နီးနီး ဥပစာရသမာဓိ အားကြီးနေ၍ ကိုယ်ခန္ဓာ ခိုင်မာတောင့်တင်းနေ၍ ကွေးလို့ ဆန့်လို့မရ၊ ဘယ်လိုစ၍ ပြုလုပ်ရမည်ကို မသိပဲလဲ ဖြစ်နေတတ်သေး၏။ ဖြစ်ဖူးသော ယောဂီပုဂ္ဂိုလ်များ သဘောကျနှစ်သက်ကြလတ္တံ့။ အချို့မှာ-ပဋ္ဌာရုံ(အာရုံငါးပါး)ပါ ချုပ်ခနေ၍ မဖြစ်စဖူး-မတွေ့စဖူး အထူးဖြစ်နေ၍ အကျပ်တွေ့ပြီး ကြောက်လာသောကြောင့် အချို့ပုဂ္ဂိုလ်များက အသံမထွက်၊ အချို့ပုဂ္ဂိုလ်များက အသံထွက်အောင်ပင် ငိုမိ-ရယ်မိတတ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ခန္ဓာမှာရှိနေတဲ့(ဝါ)ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်ကို မလစ်မလပ်ရအောင် သတိဆောင်၍ ရှုမှတ်နေတဲ့ခါ အလွန်နှစ်သက်မှု- ဗလဝပီတိဇောကျလာသောကြောင့် မူလ ဖြစ်ပျက်သော တရားအာရုံမှ လွတ်သွား၍ တစုံတခုသော အာရုံကို မနောဝိညာဏ်ဖြင့် ပြောင်းလွှဲ၍ အာရုံပြုနေသောကြောင့် ၎င်းအာရုံကို သဘောကျနေလျှင် ပြုံးရယ်မိတတ်၏။ ကြောက်မက်ဖွယ်ထင်လျှင် ချုံးချုံးချ၍ ငိုနေတတ်ကြသေး၏။ ဤလိုဖြစ်ခြင်းကား ဝိပဿနာလမ်းကြောင်းမှ လွဲချော်ကျသွားခြင်းဖြစ်ပါသည်။ မစိုးရိမ်ပါနှင့်၊ မူလဖြစ်ပျက်ကိုသာ ဆက်လက်၍ ရှုခိုင်းပါလေ၊ လမ်းဆုံးယင် ရွှာတွေ့မည်မှာ မလွဲတော့ပါ။ အချို့ပုဂ္ဂိုလ်များမှာ-ဆင်းရဲတဲ့ ဒုက္ခဝေဒနာများနှင့် တွေ့နေရသောကြောင့်လည်းကောင်း၊ ခန္ဓာကိုယ်ကြီး၌ ပတ်တီးစည်းထားသလို တင်းကျပ်ကြီး ဖြစ်နေသောကြောင့်လည်းကောင်း၊ အချို့ပုဂ္ဂိုလ်များမှာ အသက်ရှုကျပ်ပြီး ဘယ်လိုမှ မတတ်နိုင်သောကြောင့်လည်းကောင်း ငိုပွဲဆင်နေတာတွေကိုလဲ တွေ့ရတတ်သေး၏။ သို့ရာတွင်- ငိုစရာ- ရယ်စရာ မဟုတ်ပါ။ ခန္ဓာမှာရှိနေကြတဲ့ ချမ်းသာမှု သုခဝေဒနာ၊ ဆင်းရဲမှု ဒုက္ခဝေဒနာ၊ ချမ်းသာ-ဆင်းရဲမဟုတ်တဲ့ ဥပေက္ခာဝေဒနာတွေဟာ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်နှင့် မရောမယှက် ဒုက္ခဝေဒနာ ပရမတ်သက်သက်ပါ။ အဆိုပါ ရွှေဆင်းရဲမှုတွေ အချုပ်အချုပ် အသေ အသေမှာ နောက်-ဆင်း

ရဲမှုတွေ အသစ်အသစ် အစားထိုး၍ ဖြစ်ပျက်နေကြတဲ့ ဖြစ်ပျက် အနိစ္စ-ဒုက္ခ-အနတ္တလို့သာ ရှုပေးပါလေ၊ လမ်းဆုံးယင် ရွာတွေ့မည်မှာ မလွဲတည်း။

## အကျဉ်းဆောင်ပုဒ် (အရကျက်မှတ်ရန်)

–တရားအလုပ်၊အားထုတ်သောခါ၊ ဒုက္ခဝေဒနာ၊ တွေ့၍လာ၊ ထိုခါမခံချိ။

–သည်းမခံချင်၊ လွှတ်လိုက်လျှင်၊ ဉာဏ်စဉ် မတက်ဘိ။
အရိုးကြေကြေ၊ သားကြေကြေ၊ ထုတ်လေလို့လမိ။

–လုံ့လသည်းထန်၊ သည်းညည်းခံ၊ နိဗ္ဗာန်မျက်မှောက်သိ။

ပဋိပဒါလေးပါးရှိရာတွင် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာပုဂ္ဂိုလ်မျိုးတို့၌သာ တွေ့တတ်ပါသည်။ သုခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်မျိုးတို့မှာ မတွေ့ရတတ်ပါ၊ တွေ့သော်လည်း ရွှေအိုးကြီးကို တွေ့ရသည်ဟူ၍သာ စိတ်နှလုံးသွင်း၍ အားထုတ်ပါလေ။ ရှေးဦးစွာ အပါယ်လွှတ်မည့် တရား၊ နောက်အခါ မွေးသေလွှတ်မည့် တရားမျှားသာ ဖြစ်လေသည်။

## သိကြား-ဗြဟ္မာများ တားမြစ်လို့မရနိုင်

တဖန်ထပ်၍ပြောပြပါဦးမည်၊ ဤပီတိဇောသည် တဖြေးဖြေး အရှိန်ကုန်သွားတဲ့အခါ၊ ကောင်းစွာသတိရလာတဲ့အခါ ရပ်နား၍ပင် မနေချင်ပဲ ဆက်လက်၍ တရားကို အားထုတ်မြဲ အားထုတ်လိုတဲ့ စိတ်ဓာတ်များ ဖြစ်ပေါ်လာတတ်၏။ အားလဲထုတ်ကြ၏။တရားအားထုတ်ရတာ သိပ်အရသာရှိတာပဲ၊ သိပ်အားထုတ်လို့ ကောင်းတာပဲဟု ခဏခဏ-တဖွဖွလဲ ပြောနေတတ်ကြသေး၏။ ဤလိုဖြစ်ခြင်းဟာလဲ ပီတိအရသာကို ပြောမယုံ ကြုံဖူးမှသိ ဆိုတာလို ကိုယ်တွေ့သိရ၍ ပီတိကို အမွှမ်းတင်ကာ ပြောတတ်ကြတာပဲ၊ သူတပါးတို့ကိုလဲ ကိုယ်လိုပဲတရားအရသာတွေကို တွေ့စေလိုတဲ့ ခံစားစေလိုတဲ့ စေတနာကောင်းနှင့် တရားကိုအားထုတ်ကြစမ်းပါ၊တရားက လူကိုပြုပါ

လိမ့်မည်။ ဘာဘာညာညာစသည်ဖြင့် မဲဆွယ်၍ တရားဟောနေတတ်သေး၏။ ဝါ၊ တရားအားထုတ်ခိုင်းနေတတ်သေး၏။ ဤလို တရားအရသာတွေ့ရအောင် ကြိုးစားအားထုတ်ကြပါလေ။ ဤလို ဤပုံ တရားအရသာနှင့် တွေ့ဖူးသော ယောဂီပုဂ္ဂိုလ်တို့ကို တရား အားမထုတ်ပဲ နေရမည်ဟု သိကြား,ဗြဟ္မာများက လာ၍ တားမြစ်သော်လည်း မရတော့ပေ။ ဤအခြေအနေမျိုးသို့ ရောက်အောင် ကြိုးစား၍ အားထုတ်ကြစမ်းပါ ယောဂီအပေါင်း သူတော်ကောင်းတို့။

## မဂ်ဖိုလ်ရပြီဟု အထင်ကြီးတတ်ပုံ

ထို့ပြင် ထိုပီတိဇောတွေ ဆက်ကာဆက်ကာ အရှိန်မပျက် ကျနေတဲ့အခါ (အဆင်း, အသံ, အနံ့, အရသာ, အတွေ့) ဆိုတဲ့ ပဥ္စာရုံပါချုပ်ပြီး ဘာတခုကိုမှ မမြင်, မကြား, မနံ, မစား, မတွေ့ထိရတော့ပဲလဲ ဖြစ်နေတတ်သေး၏။ ထိုအခါ ကမ္မဋ္ဌာန်းပြ ဆရာပုဂ္ဂိုလ်နှင့် တပည့်ပုဂ္ဂိုလ်ပါ ပီတိဇောအကြောင်းကို ကောင်းစွာ မသိထားပါလျှင် ထိုပီတိဇောကိုပင် မဂ်ဇော, ဖိုလ်ဇောဟု ထင်မှတ်၍ မဂ်ရပြီ ဖိုလ်ရပြီဟု ရန်းခြင်း, အထင်ကြီးခြင်း (အဓိမာန)ဖြစ်တတ်လေသည်။ ဤလို ဖြစ်ခြင်းမျိုးကို ဝိပဿနာညစ်ညူးကြောင်း ဘေးရန်ဖြစ်သော ပီတိ-ဥပက္ကိလေသ ဟု သိမှတ်ပါလေ။ ရှေးနည်းအတိုင်း ရှုပေးပါလေ။

## ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်အထူး

အထူးသတိပြုရန်မှာ ဝိပဿနာဉာဏ် စစ်မှန်က ရုပ်နာမ်ကို အာရုံပြုနေသည်။ မဂ်ဉာဏ်စစ်မှန်က ရုပ်နာမ်ကို အာရုံမပြု။ ဖြစ်ပျက်ချုပ်ငြိမ်းသော နိဗ္ဗာန်ကိုသာ အာရုံပြုသည်။ ဖြစ်ပျက် ရုပ်နာမ်ကို အာရုံမပြုလျှင် ဝိပဿနာဉာဏ်မဟုတ်။ နိဗ္ဗာန်ကို အာရုံမပြုလျှင်လည်း မဂ်ဉာဏ်မဟုတ်။ အလယ်မှာပင်၍ ရှုပ်သော အရှုပ်ဉာဏ်သာ ဖြစ်သည်။ သတိရှိပါစေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ထိုအရှုပ်ဉာဏ်ကို ဖယ်ရှား၍ ဝိပဿနာဉာဏ် စစ်မှန်လာအောင် မူလ ဖြစ်ပျက်ကို ပြန်၍ ရှုရမည်။ ဤဖြစ်ပျက်ရှုသော ဝိပဿနာဉာဏ် ရင့်သန်လာမှု၊ ဝါ၊ သင်္ခါရုပေက္ခာဉာဏ် ရင့်သန် ထက်မာ တဘက်ကမ်း ခပ်လာမှ ဝိပဿနာ၏ အထွတ်အထိပ်သို့ရောက်သော သိခါပတ္တဖြစ်၍ မဂ်သို့ တရှိန်တည်း၊ ဝါ၊ တဟုန်ထိုး တက်သွားနိုင်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာခေါ်သော အနုလောမဉာဏ် ဖြစ်လာပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် များ ဖြစ်ပေါ်လာနိုင်ပေမည်။ ဤပီတိသည် ယောဂီပုဂ္ဂိုလ်တို့အား အတွေ့ အကြုံများလှ၍ အထင်မှားတတ်သောကြောင့် ဤကျမ်း၌ ကျယ်ကျယ် ပြန့်ပြန့် ဖော်ပြလိုက်ပါသည်။

၃။ ပဿဒ္ဓိ-ဤပဿဒ္ဓိမှာ ဝိပဿနာပညာအားကောင်းလာ၍ ထိုင်းမှိုင်း ငိုက်မျဉ်းခြင်း ထိနမိဒ္ဓ အညစ်အကြေးတို့မှ တစထက် တစ ကင်းကွာ လာသောကြောင့် ကိုယ်၏ ငြိမ်းချမ်းခြင်း၊ စိတ်၏ ငြိမ်းချမ်းခြင်း နှစ်ပါး လုံး ဖြစ်နေပေသည်။ ဤပဿဒ္ဓိတရား ဖြစ်ပေါ်လာလျှင် ယှဉ်ဘက်ဖြစ် သော လဟုတာ စသော စေတသိက်များလည်း တပြိုင်နက် ဖြစ်ပေါ် လာကြ၍ ယောဂီပုဂ္ဂိုလ်မှာ ညောင်းညာရမှန်းမသိ၊ ပင်ပန်းဆင်းရဲခြင်း မရှိသလောက် ဖြစ်နေ၍ ဆက်လက်ပြီး ထိုင်မယ်ဆိုလျှင် ၁-နာရီ၊ ၂-နာရီ မက တနေ့လုံး တညလုံးပင် ထိုင်နိုင်မည်ကဲ့သို့ ထင်မှတ်နေတတ်၏။ လဟု တာ၏ အစွမ်းကြောင့် လေးလံထိုင်းမှိုင်း တွေဝေခြင်းမရှိ၊ သွက်လက် လျင်မြန်လျက် ကိုယ်လက်ပေါ့ပါးပြီး မိမိ၏ခန္ဓာကိုယ်ကြီးရှိနေတာကိုပင် ရှိမှန်းမသိ ဖြစ်နေတတ်၏။ ယောဂီပုဂ္ဂိုလ်၏ ကိုယ်တွေ့ဖြစ်၍ သဘောကျ နှစ်သက်ပေမည် ဖြစ်သည်။ ဤအဖြစ်မျိုးကိုပင် အခုမှ အခု တွေ့နေရ သောကြောင့် မဂ်ဖိုလ်ဟု ထင်မှတ်နေတတ်သေး၏။ ဝိပဿနာညစ်ညူး ကြောင်း ဘေးရန်ဖြစ်သော ပဿဒ္ဓိ-ဥပက္ကိလေသ ဟု သိမှတ်ပါလေ၊ ရှေးနည်းအတိုင်း ရှုပေးပါလေ။

၄။ အဓိမောက္ခ—ဤ အဓိမောက္ခမှာလည်း တရက်ထက် တရက် ဝိပဿနာဉာဏ် အားကောင်းလာသောကြောင့် ရှေးကထက် ထက်သန်စွာ ကက်သန်စွာ ဖြစ်ပေါ်လာသော အားကြီးသော သဒ္ဓါတရားပေတည်း။

ယုံကြည်ကာမတ္တ မဟုတ်တော့ပဲ လွန်လွန်ကဲကဲ လိုက်လိုက်လှဲလှဲ ခိုင်မြဲစွာ သက်ဝင်ယုံကြည်၍ ဆုံးဖြတ်တတ်သော ယုံကြည်မှုဖြစ်သောကြောင့် အဓိမောက္ခဟု ဆိုရလေသည်။ ယောဂီပုဂ္ဂိုလ်သည် ထိုယုံကြည်မှုသဒ္ဓါကြောင့် မူလရှုမှတ်မှုကို လွှတ်ထား၍ ရံခါ ဘုရားကို၊ ရံခါ တရားကို၊ရံခါ သံဃာကို၊ ရံခါ ကမ္မဋ္ဌာန်းနည်းပြပေးသော ဆရာကို ယုံကြည်မှုတွေ၊ လေးစားမှုတွေ၊ ကျေးဇူးတင်မှုတွေ တသီတတန်းကြီး ဖြစ်နေတတ်၍ မူလဖြစ်ပျက်ကိုပင် မရှုမိတော့ပဲ လွှတ်သွားတတ်၏။ ဤသို့ဖြစ်ခြင်းမျိုးသည် ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်ဖြစ်သော အဓိမောက္ခ-ဥပက္ကိလေသပေတည်း။ ရှေးနည်းအတူ ရှုမှတ်ပေးပါလေ။

၅။ ပဂ္ဂဟ—ဤပဂ္ဂဟဲ၌လည်း ရှေးနည်းအတူ ဝိပဿနာဉာဏ် ရင့်သန်လာမှုကြောင့် အားထုတ်ခါစကဲ့သို့ လျော့လွန်း တင်းလွန်းခြင်း၊ ကြံစည်တွေးတောခြင်း မရှိသလောက် ဖြစ်နေတော့၍ အားထုတ်နေတဲ့ အချိန်အခါတွင်ပဲ အားထုတ်ချင်တဲ့စိတ်တွေ ပြင်းထန်စွာ ဖြစ်ပေါ်လာပြီး နောက်အခါ တစတစနှင့် အညီအမျှ ဖြစ်ပေါ်လာသော ဝီရိယတရားမျိုးပေတည်း။ ထိုဝီရိယ၏ ထောက်ပံ့မှုကြောင့်ပင် ယောဂီပုဂ္ဂိုလ်သည် သမာဓိ၏ ဘေးရန်ဖြစ်သော အတိတ်၊ အနာဂတ်ဖြစ်သော အာရုံတို့ကို တွေးတောကြံစည်မှု မရှိသလောက် ဖြစ်သွားတော့၏။ အထူးသတိပြုရန်မှာ (ဝီရိယသမာဓိသမတံ) ဆိုတဲ့အတိုင်း ဝီရိယလွန်လျှင် စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စဝင်လာ၍ ဝိပဿနာ ချိန်မကိုက်သောကြောင့် ရှင်အာနန္ဒာကဲ့သို့ မဂ်ကို မရ။ သမာဓိလွန်လျှင်လည်း ထိနမိဒ္ဓဝင်လာ၍ ဝိပဿနာချိန်မကိုက်သောကြောင့် မဂ်ကို မရ။ ထို့ကြောင့် မလျော့မတင်း စောင်းကြိုးညှင်းကဲ့သို့ မတင်းလွန်း မလျော့လွန်း ဝီရိယနှင့် သမာဓိ ညီမျှစေရမည်ဟု သတိပြုသင့်ပေသည်။ ရှေးနည်းအတူ ရှုမှတ်ပေးပါလေ။

၆။ သုခ—ဤသုခသည်လည်း ဝိပဿနာဉာဏ် ရင့်သန်လာမှုကြောင့်ပင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုဖြစ်နေခြင်းပေတည်း။ ဤသုခကြောင့်ပင် ကိုယ်စိတ်နှစ်ပါးလုံး အေးမြချမ်းသာမှုကြောင့် တရားအရသာကို ကိုယ်တွေ့ခံစားနေရသောကြောင့် အချို့သော ယောဂီပုဂ္ဂိုလ်တို့မှာ တရားအားထုတ်

ရတာ ချမ်းသာလေစွ ချမ်းသာလေစွဟု အကြိမ်ကြိမ် စိတ်ထဲကရော နှုတ်ကရော ရွတ်ဆိုနေတတ်ကြသေး၏။ ဤသို့ဖြစ်ခြင်းမျိုးဟာလဲ ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်ဖြစ်သော သုခ-ဥပက္ကိလေသဟု သိမှတ်ပါလေ။ ရှေးနည်းအတူ ရှုမှတ်ပေးပါလေ။

၇။ ဉာဏ — ဤ ဉာဏသည်လည်း ဝိပဿနာဉာဏ် ရင့်သန်လာမှုကြောင့်ပင် ဖြစ်ပေါ်လာသောကြောင့် သံကြားမင်း၏ ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ ဖြစ်ပျက်မှုတွေကို အမှီလိုက်၍ သိနိုင်သော အလွန်ထက်မြက်လျင်မြန်သော ဝိပဿနာဉာဏ်ပေတည်း။ ဤသို့ ရှေးကနှင့်မတူ ရှေးကထက်မက အသိဉာဏ် ထက်မြက်လှသောကြောင့် ဤသို့အသိဉာဏ် ထက်မြက်လာခြင်းမျိုးသည် မဂ်ဖိုလ်သို့ ရောက်လို့ပဲဟု ထင်မှတ်နေလျှင် မဂ်မဟုတ်သော ဉာဏဥပက္ကိလေသကိုပင် မဂ်ဟုထင်မှားခြင်းဖြစ်လေသည်။ ရှေးနည်းအတူ ရှုမှတ်ပေးပါလေ။

၈။ ဥပဋ္ဌာန — ဤဥပဋ္ဌာနသည်လည်း ရှည်မြင့်စွာသော ကာလတို့က ပြောအပ် ဆိုအပ်သည်တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်းငှာ စွမ်းနိုင်သော သတိစေတသိက်ပင်တည်း။ ဤသို့ ရှေးကနှင့်မတူ အထူးသဖြင့် သတိအစွမ်းထက်လှသောကြောင့် ဤသတိအစွမ်းထက်မြက်ခြင်းမျိုးသည် မဂ်သို့ရောက်လို့ပဲဟု စသည်ဖြင့် မဂ်မဟုတ်သော ဥပဋ္ဌာန-ဥပက္ကိလေသကိုပင် မဂ်ဟု ထင်မှားခြင်းပေတည်း။ ရှေးနည်းအတူ ရှုမှတ်ပေးပါလေ။

၉။ ဥပေက္ခာ — ဤ ဥပေက္ခာသည်လည်း မိမိခန္ဓာမှာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသော ရုပ်နာမ်သင်္ခါရတို့၌ မုန်းချစ်မပြု လျစ်လျူရှုနိုင်သော ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာ နှစ်ပါးတို့ပေတည်း။ ထိုတွင် ဝိပဿနုပေက္ခာ ဆိုသည်မှာ ရုပ်နာမ်သင်္ခါရတို့၌ လေ့ကျက်ပြီးဖြစ်၍ အသင့်အားဖြင့်ရှုနိုင်သော တတြမဇ္ဈတ္တတာစေတသိက်ကို ဆိုခြင်းဖြစ်သည်။ အာဝဇ္ဇနုပေက္ခာဆိုသည်မှာ မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော စေတသိက်ကို ဆိုခြင်းဖြစ်သည်။ ဤ ဥပေက္ခာ နှစ်ပါးတို့ကို ဥပမာဆိုသော် အာဇာနည်မြင်း နှစ်ကောင်တို့ကို မောင်းနှင်နေသော ရထားထိန်းသည် တမင်ကြောင့်ကြစိုက်၍ မမောင်းနှင်ရတော့ပဲ ကြိုးနှင့်

တံဖျာ ကြိမ်လုံးတို့ကို ကိုင်ရုံသာကိုင်၍ လိုက်သွားရသကဲ့သို့ ထိုတူပမာ ဖြစ်မှုပျက်မှုသဘောတွေဟာ နောက်ကထက် အလွန်ထင်ရှားနေ၍ မထင်-ထင်အောင် မမြင်-မြင်အောင် တမင်ကြောင့်ကြစိုက်၍ မရှုရတော့ပဲ ရေပေါ်ငါးပမာ အလိုက်သင့်စွာသာ ရှုနေရလေတော့၏။ ဤလို ရှေးကနှင့် မတူ ထူးခြားစွာ ဖြစ်ပေါ်လာခဲ့တာ မဂ်သို့ရောက်လို့ပဲ စသည်ဖြင့် မဂ်မဟုတ်သော ဥပေက္ခာ-ဥပက္ကိလေသကိုပင် မဂ်ဟု ထင်မှတ်ခြင်း ဖြစ်လေသည်။ ရှေးနည်းအတူ ရှုမှတ်ပေးပါလေ။

**၁၀။ နိကန္တိ**—ဤနိကန္တိသည်လည်း အဆိုပါ ဩဘာသစသော ရှေ့ကိုးပါးတို့ကို နှစ်သက် တပ်မက် သာယာနေသော တဏှာပေမ-အာလယ ပေတည်း။ ထိုတဏှာသည် လွန်စွာ သိမ်မွေ့သောကြောင့် တဏှာဟူ၍ပင် မသိနိုင်ပေ။ ဝိပဿနာ၌ မွေ့လျော်သော ဝိပဿနာရတိဟူ၍သာ ထင်မှတ်နေတတ်၏။ ဤနိကန္တိကို ဥပမာဆိုသော်-တိုင်းပြည်တပြည်၌ ဖြစ်ပျက်နေသော အကြောင်းကို သိရအောင် စေလွှတ်ထားသော သူလျှိုနှင့်တူ၏။ ထိုသူလျှိုသည် မိမိရောက်ရာ တိုင်းပြည်နိုင်ငံတို့၌ ကိုယ်နှုတ်အမူအရာ အားဖြင့် တိုင်းရင်းသားအသွင်ဆောင်၍ ပြောဆိုနေထိုင်စေကာမူ သူ၏စိတ်သဘော ထားကတော့ အမြဲတမ်းပင် တိုင်းပြည်နိုင်ငံ၏ ပျက်စီးရာပျက်စီးကြောင်း အခွင့်အခါကိုသာလျှင် ကြံစည်ရှာဖွေနေ၏။ ထို့အတူ ဤနိကန္တိသည်လည်း ဩဘာသစသော ကိုးပါးသော တရားတို့နှင့် အာရုံအာရမ္မဏိက အဖြစ်ဖြင့် လိုက်လျောညီညွတ်အောင် ရောနှောဆက်ဆံမှုကိုပြု၍ နေစေကာမူ နိကန္တိ၏ သဘောရင်းကတော့ အမြဲတမ်းပင် ဝိပဿနာဉာဏ်၏ ပျက်စီးရာပျက်စီးကြောင်း အခွင့်အရေးကိုသာ ရှာဖွေကြံစည်၍သာ နေလေတော့သည်၊ ဤနိကန္တိကို ခွါနိုင်တဲ့နည်းနှင့်၊ ဝါ၊ဝိပဿနာရှုနည်းနှင့် မခွါနိုင်သမျှ မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်မရနိုင်ဟု သိမှတ်ပါလေ။

ခွါနည်းကား—ရှေးကပြဆိုခဲ့ပြီးသော "ကိုယ်မှထွက်လာ၊ လင်းရောင်ဟာ၊ မဂ် မဟုတ်သေးပါ၊ ဖြစ်ပျက်မြင်မှု၊ မဂ်ဟုတ်တာ၊ သူငါမဟုတ်၊ နာမ်နှင့်ရုပ်၊ အနိစ္စ-ဒုက္ခ-အနတ္တ ရှုပေးပါ" စသည်တည်း။ ။ ဤဥပက္ကိ

လေသတရေး ဆယ်ပါးသည် ယောဂီပုဂ္ဂိုလ်တို့အား လွန်စွာထင်ရှား ထွေရောင်စာတ်သောကြောင့် ဤသို့ထပ်မံ၍ အကျယ်ဖော်ပြလိုက်ပါသည်။

## ဥပက္ကိလေသ ဖြစ်-မဖြစ် ရှင်းတမ်း

ဤဥပက္ကိလေသတရား ဆယ်ပါးတို့တွင် ဩဘာသစသော ရှေ့ကိုးပါးတို့သည်သာလျှင် ဥပက္ကိလေသဖြစ်သော တဏှာမာနဒိဋ္ဌိတို့၏ ဖြစ်ရာဌာန၏ အဖြစ်ကြောင့် ဥပက္ကိလေသဟု ဆိုအပ်ကုန်၏။ အကုသိုလ်ဖြစ်သောကြောင့် ဆိုသည်မဟုတ်ကုန်။ နောက်ဆုံးဖြစ်သော နိကန္တိသည်သာလျှင် ဥပက္ကိ-လေသလည်းဖြစ်၏။ တဏှာ, မာန, ဒိဋ္ဌိတို့၏ ဖြစ်ရာဌာနဖြစ်သောကြောင့် အကုသိုလ်လည်းဖြစ်၏ဟု သိမှတ်ပါလေ။

## တဏှာ, မာန, ဒိဋ္ဌိ သုံးပါးနှင့် ဥပက္ကိလေသတရား သုံးဆယ်ဖြစ်ပုံ

ဝိပဿနာအရာ၌ မလိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ငါ့အား ဤသို့သဘောရှိသော အရောင်အလင်းသည်၊ ပီတိသည်၊ ပဿဒ္ဓိသည်၊ အဓိမောက္ခသည်၊ ပဂ္ဂဟသည်၊ သုခသည်၊ ဉာဏသည်၊ ဥပဋ္ဌာနသည်၊ ဥပေက္ခာသည်၊ ဤသို့သဘောရှိသော နိကန္တိသည် ရှေးက မဖြစ်စဖူး ထူးထူးခြားခြား ဖြစ်လေစွတကား။ ငါသည် မချွတ်ကေန် မဂ်သို့ရောက်သည် ဖြစ်၏၊ ဖိုလ်သို့ရောက်သည်ဖြစ်၏၊ နိဗ္ဗာန်သို့ရောက်သည်ဖြစ်၏ဟု မဂ်မဟုတ်သည်ကို မဂ်ဟူ၍ ဖိုလ်မဟုတ်သည်ဆို ဖိုလ်ဟူ၍ နိဗ္ဗာန်မဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ယူမှားသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာလမ်းကြောင်းမှ ဖဲကြဉ်သည်မည်၏။ မူလကမ္မဋ္ဌာန်းကို၊ ဝါ၊ ဖြစ်ပျက်ရှုမှုကို စွန့်လွှတ်၍ နိကန္တိကိုသာ သာယာနှစ်သက်၍ နေတော့၏။ ထို့ကြောင့် ထိုအရောင်အလင်းစသည်ကို ငါ့ဟာ ငါ့ဉစ္စာဟု စွဲလမ်းသော် တဏှာဂါဟ ဖြစ်၏။ ငါဟု စွဲလမ်းသော် မာနဂါဟဖြစ်၏။ ငါ့ကိုယ်ဟု စွဲလမ်းသော် ဒိဋ္ဌိဂါဟဖြစ်၏။ ဤဥပက္ကိလေသတရား ဆယ်ပါးတို့တွင် တပါးတပါးလျှင် တဏှာ, မာန, ဒိဋ္ဌိ သုံးပါးသုံးပါးစီ ဖြစ်သောကြောင့် ယင်း (၁၀)ပါးကို

(၃)နှင့် မြှောက်ပွားသော် ဥပက္ကိလေသတရား (၃၀)ဖြစ်သည်ဟု သိမှတ်ပါလေ။

## ၀ဏ္ဏ, မာန်, ဒိဋ္ဌိ ခွာပုံ

နေတံ မမ။ နေသောဟမသ္မိ။ န မေသော အတ္တာ။

(ဤကား ပါဠိလိုခွါပုံတည်း။)

ဤအရောင်အလင်း စသည်သည် ငါ၏ဥစ္စာမဟုတ်။ ငါမဟုတ်။ ငါ၏ အတ္တမဟုတ်။ နာမ်ရုပ်အနတ္တသာဟုတ်၏။

(ဤကား မြန်မာလိုခွာပုံတည်း။)

ဤလို ဤပုံ ကြိမ်ဖန်များစွာ ဇခါခါ ဉာဏ်နှင့် ကပ်၍ ကပ်၍ ကြပ်ကြပ်ခွါပေးရမည်။ (ဝါ) သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းပေးရမည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ဝိကမ္ပန-ဓမ္မုဒ္ဒစ္စ-သဒ္ဓမ္မပဋိရူပက သုံးမျိုး

ဤလို ဤပုံ ဥဒယဗ္ဗယဉာဏ် အာနုဘော်ကြောင့် ဩဘာသ စသော ဝိပဿနာ ညစ်ညူးကြောင်းတရား (၁၀) ပါးတို့ ဖြစ်ပေါ်လာသည် ရှိသော် ဗဟုသုတနည်းပါး စာပေ မသင်ကြားဖူးသော ယောဂီပုဂ္ဂိုလ်သည် မဂ်မဟုတ်သည်ကို မဂ်ဟူ၍လည်းကောင်း၊ ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟူ၍လည်းကောင်း၊ နိဗ္ဗာန်မဟုတ်သည်ကို နိဗ္ဗာန်ဟူ၍လည်းကောင်း သိမ်မွေ့လှစွာသော ဥဒ္ဒစ္စသဟဂုတ် မောဟမူ စိတ္တုပ္ပါဒ်ကို မဂ်ဖိုလ်ဟု ယူမှားမိသည်ကို ဝိသုဒ္ဓိမဂ်၌ (ဝိကမ္ပန) စိတ်တုန်လှုပ်၏ဟု ဆိုသည်။ ပဋိသမ္ဘိဒါမဂ်၌ (ဓမ္မုဒ္ဒစ္စ) စိတ်ပျံ့လွင့်သည်ဟု ဆိုသည်။ ကဿပသံယုတ် အဋ္ဌကထာ၌ (သဒ္ဓမ္မပဋိရူပက) သူတော်ကောင်းတရား အတုအယောင်ဟု ဆို၏။ ဥပမာဆိုသော် နေမထွက်ခင် အနီရောင် ရှေးဦးစွာ ထွက်ပေါ်

လာပြီးမှ နေမင်းကြီး ထွက်ပေါ်လာသကဲ့သို့ ထို့တူပမာ မဂ်ဉာဏ် ဖိုလ်ဉာဏ် အစစ် မဖြစ်ပေါ်လာမီ မဂ်တု ဖိုလ်တု သြဘာသ စသည် ဖြစ်ပေါ်ယောပြီးမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်အစစ် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။ ရစရာမရှိအောင် မကောင်းတဲ့တရားတွေ မဟုတ်ပေ။ ဝိပဿနာအလုပ် သာမန်အားထုတ်သူတို့မှာ ထိုအဖြစ်မျိုး မတိုးမရောက်နိုင်ပါ။ ကိုယ် စိတ်ပါလက်ပါ စူးစူးစိုက်စိုက် အင်တိုက်အားတိုက် ကြိုးစားအားထုတ် သော ယောဂီပုဂ္ဂိုလ်တို့မှာသာ ထိုအဖြစ်မျိုးကို တိုးရောက်နိုင်ပါသည်။ ဤ သြဘာသ စသော ဥပက္ကိလေသ ဖြစ်ပေါ်မှလည်း ဥဒယဗ္ဗယဉာဏ် ရင့်သန်ပေသည်။ ဤ ဥဒယဗ္ဗယဉာဏ်သည် မဂ် ဖိုလ် ထုတ်ချောက် အရောက်ပို့နိုင်သော ဉာဏ်ပေတည်း။ လိုရင်းကြီးမှတ်ပါလေ။ စင်စစ်မှာ (ဝိကမ္ပနု-ဓမ္မုဒ္ဓစ္စ-သဒ္ဓမ္မပဋိရူပက) အဆိုပါ သုံးမျိုးသည် ဥဒ္ဓစ္စသဟဂုတ် မောဟမူစိတ္တုပ္ပါဒ်ချည်းသာ ဖြစ်သည်ဟု သိမှတ်ပါလေ။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

ဤလို ဤပုံ မနေမနား မီးပွတ်သောယောကျ်ား ကဲ့အလားသို့ တရားကို အားထုတ်သည်ရှိသော် ဝိပဿနာ ညစ်ညူးကြောင်းဖြစ်သော တဏှာ-မာန-ဒိဋ္ဌိတို့သည် တစထက်တစ စင်ကြယ်ခြင်းသို့ ရောက်သဖြင့် ဤ သြဘာသ အစရှိသည်ကား မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းလမ်းမှန် မဟုတ်သေးပေ။ စင်စစ်သော်ကား ဝိပဿနာ ဉာဏ်၏ ညစ်ညူးကြောင်း အနှောင့်အယှက်သာတည်း။ ထို ညစ်ညူး ကြောင်းမှလွတ်သော မဂ်လမ်းခရီးသို့ တဖြောင့်တည်းသွားသော ဝီထိပ္ပ-ဋိပန္နဖြစ်သော ဖြစ်နှင့်ပျက်ကိုသာ တဲ့တဲ့မြင်စွမ်းနိုင်သော လောကီဝိပဿနာ ဉာဏ် အမြင်မှန်သာ (ဝါ) ဤဥဒယဗ္ဗယဉာဏ်သည်သာ မဂ်ဟုတ်၏ (ဝါ)လောကုတ္တရာမဂ်သို့ ရောက်အောင် ပို့ဆောင်နိုင်သော အကြောင်း ရင်းဟုတ်၏။ ဤ သြဘာသစသည်ကား မဂ်မဟုတ်ဟု မဂ်ဟုတ်သည်-မဟုတ် သည်ကို ဆုံးဖြတ်ပိုင်းခြား၍ သိနိုင်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း သည်သာလျှင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏-ဟု သိမှတ်ပါလေ ယောဂီ အပေါင်း သူတော်ကောင်းတို့။

## သစ္စာသုံးပါး-သစ္စာလေးပါးကို သိမြင်ပုံ

ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ကောင်းစွာရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် လောကီဉာဏ်ဖြင့်ပင် သစ္စာသုံးပါးကို ပိုင်းခြား၍ သိမြင်လာတော့၏။ သိမြင်ပုံကား-ဝိသုဒ္ဓိခုနစ်ပါးတို့တွင် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဖြင့် ဒုက္ခသစ္စာကိုသိမြင်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ဖြင့် သမုဒယသစ္စာကိုသိမြင်၏။ ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်ဖြင့် မဂ္ဂသစ္စာကို သိမြင်လေတော့၏။

တနည်းဆိုသော် ဒိဋ္ဌိဝိသုဒ္ဓိ၌ ရုပ်နာမ်ကို သိမြင်သဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍သိမြင်ပြီ။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ ရုပ်နာမ်အကြောင်းကို သိမြင်သဖြင့် သမုဒယသစ္စာကို သိမြင်ပြီ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ မဂ်သို့ရောက်ကြောင်းဉာဏ်အမြင်ကို သိမြင်သဖြင့် မဂ္ဂသစ္စာကို သိမြင်ပြီ။ ထိုရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုမြင်သဖြင့် ထိုရုပ်နာမ်တို့၏ ဆန့်ကျင်ဘက် မဖြစ်မပျက်သော (ဝါ) အသစ်မဖြစ်ပဲ ချုပ်သောနိဗ္ဗာန်ကို အနုမာနအားဖြင့် သိမြင်၍ ညွတ် ကိုင်း ရှိုင်း သွားသည်ရှိသော် နိရောဓသစ္စာ ကိုလည်း သိမြင်ပြီ။ ဤသို့လျှင် လောကီဉာဏ်ဖြင့်ပင် သစ္စာသုံးပါး၊ သစ္စာလေးပါးတို့ကို မသိရစဖူး အထူးသိရပြီဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ဤ၌ ကြားညှပ်၍ ရဟန္တာကြီးထေးပါး မိန့်ကြားပုံကို ဖော်ပြပါဦးမည်

ယတော ခေါ အာဝုသော ဘိက္ခု ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခု·နော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ။

(သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်-၃၉၆)

အနက်ကား—အာဝုသော၊ ငါ့ရှင်။ ဘိက္ခု၊ ရဟန်းသည်။ ယတော ခေါ၊ အကြင်အခါ၌။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဖဿာယတနာနံ၊ တွေ့ထိမှု၏တည်ရာ ဖဿာယတနတို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုလည်းကောင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်ခြင်းကိုလည်းကောင်း။ ယထာဘူတံ၊

ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။ အာဝုသော၊ ငါ့ရှင်။ တွေ့ာဝတာ ခေါ၊ ဤမျှလောက်ဖြင့်။ ဘိက္ခုနော၊ ရဟန်းအား။ ဒဿနံ၊ သိမြင်ခြင်း သည်။ သုဝိသုဒ္ဓံ၊ အမြင်စင်ကြယ်သည်။ ဟောတိ၊ ဖြစ်တော့၏။

(ဤကား-ပထမရဟန္တာကြီး၏ မိန့်ခွန်းတည်း။)

တဖန် ဒုတိယရဟန္တာကြီးက ဥပါဒါနက္ခန္ဓာတရား ငါးပါးတို့၏ အဖြစ် အချုပ်ကိုလည်းကောင်း၊

တဖန် တတိယရဟန္တာကြီးက မဟာဘုတ်လေးပါးတို့၏ အဖြစ်အချုပ် ကိုလည်းကောင်း၊

တဖန် စတုတ္ထရဟန္တာကြီးက အလုံးစုံသော တရားအပေါင်းသည် ဖြစ်ခြင်းသဘောရှိ၏။ ထိုဖြစ်ခြင်းသဘောရှိသော တရားအပေါင်းသည် ချုပ်ခြင်းသဘောရှိ၏ဟု အဖြစ် အချုပ်ကို လည်းကောင်း မြင်လျှင် အမြင်မှန်ဟု အသီးအသီးမိန့်ကြားတော်မူကြ၏။ မိန့်ကြားတော်မူကြသည့် အတိုင်းလည်း မှန်ပါ၏။

ဤလို ဖြစ်ခဲ့ရုပ်နာမ် ပစ္စုပ္ပန်တို့၏ ဖြစ်ဆဲ ချုပ်ဆဲကို တပ်တပ် ထင်ထင် တွေ့တွေ့မြင်တွေ့အမြင်ကို အမြင်မှန်ဟု ဆိုရလေသည်။

အဇ္ဈတ္တိကဖဿာယတနခြောက်ပါး ဥပါဒါနက္ခန္ဓာငါးပါး မဟာဘုတ် လေးပါး တေဘူမကသင်္ခါရတရားနှစ်ပါးတို့၏ ဖြစ်ဆဲချုပ်ဆဲကို မြင်ခြင်း သည်လည်း အမြင်မှန်ပင်ဖြစ်၏။

ဤလိုဤပုံ ဖြစ်ဆဲရုပ်နာမ် ပစ္စုပ္ပန်ကိုမြင်မှပဲ ဝိပဿနာကိစ္စတပ်သော ဝိပဿနာသမ္မာဒိဋ္ဌိ အစစ် အမှန် ဖြစ်၏။ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်မှပဲ မဂ်ကိစ္စတပ်သော တဖန်အသစ်မဖြစ်ပဲ ချုပ်သည်ကို သိမြင်နိုင်သော မဂ္ဂသမ္မာဒိဋ္ဌိ အစစ်အမှန်ဖြစ်နိုင်ပေမည်ဟု သိမှတ်ပါလေ။

ဤတွင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပိုင်း ပြီး၏။

# ၆-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

## ဉာဏ်နှင့်ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသို့ ရောက်ပြီးသော၊ ဝါ၊ ပြည့်စုံပြီးသော ယောဂီပုဂ္ဂိုလ်သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့ ရောက်ခြင်းအကျိုးငှာ ဥဒယဗ္ဗယဉာဏ်ကိုပင် တဖန်ထပ်၍ ပွားပြန်ရာ၏။

> "အဋ္ဌန္နံ ပန ဉာဏာနံ ဝသေန သိခါပ္ပတ္တာ ဝိပဿနာ, နဝမဉ္စ သစ္စာနုလောမိကဉာဏန္တိ အယံ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ"

ဆိုတဲ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်အညီ ဥဒယဗ္ဗယဉာဏ် အစ အနုလော-မဉာဏ်အဆုံးရှိသော ကိုးပါးသောဉာဏ်သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဉာဏ်ကိုးပါးနှင့် အဓိပ္ပါယ်

၁။ ဥဒယဗ္ဗယဉာဏ် ရှုမှတ်တိုင်း, ရှုမှတ်တိုင်း အဖြစ်နှင့်အပျက်ကိုသာ မြင်နေတဲ့ဉာဏ်။

၂။ ဘင်္ဂဉာဏ် အဖြစ်ကိုလွှတ်၍ အပျက်သက်သက်ကိုသာ သိမြင်နေတဲ့ ဉာဏ်။

၃။ ဘယဉာဏ် အပျက်တွေကိုချည်းမြင်နေ၍ ကြောက်မက်ဖွယ်ထင်သော ဉာဏ်။

၄။ အာဒီနဝဉာဏ် ရုပ်နာမ်တို့၏အပြစ်ကိုသာ သိမြင်နေတဲ့ဉာဏ်။

၅။ နိဗ္ဗိန္ဒာဉာဏ် အပြစ်တွေကို မြင်ဖန်များတော့ တစတစ မုန်းတီးငြီးငွေ့ လာတဲ့ဉာဏ်။

၆။ မုစ္စိတုကမျတာဉာဏ် ထိုဖြစ်ပျက်တို့မှ လွတ်လို လွတ်ချင် ရုန်းထွက်ချင်တဲ့ဉာဏ်။

၇။ ပဋိသင်္ခါဉာဏ် လွတ်မြောက်အောင် အနိစ္စ-ဒုက္ခ-အနတ္တတို့ကို စူးစိုက်၍ ရှုနေတဲ့ဉာဏ်။

၈။ သင်္ခါရုပေက္ခာဉာဏ် ရုပ်နာမ်သင်္ခါရတို့၌ အညီအမျှ မုန်း-ချစ်မပြု လျစ်လျူရှုနေတဲ့ဉာဏ်။

၉။ အနုလောမဉာဏ် ရှေ့ဉာဏ်-နောက်ဉာဏ်နှင့် လျော်နေတဲ့ဉာဏ်။

ထိုဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည်–

တံ သမ္ပာဒေတုကာမေန ဥပက္ကိလေသမုတ္တံ ဥဒယဗ္ဗယဉာဏံ အာဒိံ ကတွာ ဧတေသု ဉာဏေသု ယောဂေါ ကရဏီယော–

ဆိုတဲ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်အညီ အောက် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်အညီ ဥဒယဗ္ဗယဉာဏ်ကို တဖန်ပြန်၍ရှုရပြန်တယ်။ ဘာကြောင့်လဲဆိုတော့ ပြဆိုခဲ့ပြီးသော သြဘာသ ပီတိ စသော ဝိပဿနာညစ်ညူးကြောင်းဘေးရန်ဆယ်ပါးတို့တွင် တပါးပါးဝင်၍နှောင့်ယှက်သောကြောင့် ထင်မြင်ပြီးသော လက္ခဏာရေးသုံးပါးတို့ဟာ ပျောက်ကွယ်လုမတတ် ဖြစ်သွားပြန်တယ်။ ထို့ကြောင့် ရှေးကကဲ့သို့ လက္ခဏာရေးသုံးပါး ထင်မြင်လာအောင် ဥဒယဗ္ဗယဉာဏ်ကို ထပ်မံပွားရပြန်သည်ဟု သိမှတ်ပါလေ။ ဤသို့ပွားများခြင်းဟာ ဝိပဿနာအရာမှာ ဓမ္မတာပဲဖြစ်သည်။ ဥပမာဆိုသော် အညစ်အကြေးရှိသော ဆီမီးစာသည် မီးတောက်အရောင် ကောင်းစွာမကြည်လင်နိုင်သကဲ့သို့ ထို့တူပမာ ဥပက္ကိလေသ ညစ်ညူးညစ်နွမ်းနေသော ဥဒယဗ္ဗယဉာဏ်သည်လည်း မိမိ၏ သဘောအတိုင်း လက္ခဏာရေးသုံးပါးတို့ကို ထိုးထွင်း၍သိခြင်းငှာ မစွမ်းနိုင်ပေ။ ထို့ကြောင့် ဥပက္ကိလေသတို့မှ စင်ကြယ်၍ လက္ခဏာရေးသုံးပါးတို့ကို ကောင်းစွာထင်မြင်စေခြင်းငှာ ဤဥဒယဗ္ဗယဉာဏ်ကို ထပ်မံရှုရပြန်သည်၊ အကြောင်းမှန်ကို သိမှတ်ပါလေ။

## လက္ခဏာရေးသုံးပါးနှင့် ပဋိပဒါညာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

လက္ခဏာနံ ပန ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌဟန္တိ–

ဝိသုဒ္ဓိမဂ်နှင့် အညီ အနိစ္စ-ဒုက္ခ-အနတ္တခေါ်သော လက္ခဏာရေး သုံးပါးတို့သည် အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့်၊ အဘယ်တရားဖြင့် ဖုံးလွှမ်းအပ်သောကြောင့် မထင်မြင်နိုင်ပါသနည်း ဆိုတဲ့အမေး၌–

**ပါဠိလို မထင်မြင်နိုင်ပုံကား–**

၁။ အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

၂။ ဥဒယဗ္ဗယမ္ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ အဘိဏှသမ္ပဋိပီဠနံ မနသိကာရာ ဣရိယာပထေ ဥဂ္ဃာဋိတေ ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

**မြန်မာလို မထင်မြင်နိုင်ပုံကား–**

၁။ ရှေးဦးစွာ ဖြစ်ခြင်းပျက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ ရှေ့နောက်အစဉ်မပြတ် စပ်၍ဖြစ်ပျက်နေသော သန္တတိပညတ် ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့်လည်းကောင်း အနိစ္စလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ မထင်မြင်နိုင်ပေ။ (ဤကား အနိစ္စလက္ခဏာ မထင်မြင်နိုင်ပုံကို ပြခြင်းတည်း။)

စက်ဖြတ် ၁၂—ဗ-မ-သ-စ

၂။ ဖြစ်ခြင်း-ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ တပါးညောင်းလျှင် တပါးပြောင်းသောအားဖြင့် ဣရိယာပုထ်တို့ဖြင့် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဒုက္ခလက္ခဏာသည် ကောင်းစွာမထင်မြင်နိုင်ပေ။ (ဤကား ဒုက္ခလက္ခဏာ မထင်မြင်နိုင်ပုံကို ပြခြင်းတည်း။)

၃။ အထူးထူးသော ဓာတ်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုခြင်းကို နှလုံးမသွင်းခြင်း၊ မဆင်ခြင်ခြင်းဖြင့်လည်းကောင်း၊ တလုံးတခဲတည်း ဖြစ်၍နေသော ဃနဖြင့်ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း အနတ္တလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ မထင်မြင်နိုင်ပေ။ (ဤကား အနတ္တလက္ခဏာ မထင်မြင်နိုင်ပုံကို ပြခြင်းတည်း။)

## လက္ခဏာရေးသုံးပါး မထင်သည်မှတပါး ထင်သည်ကို ပြဆိုဦးအံ့

၁။ ဖြစ်ခြင်း-ပျက်ခြင်းကို သိမ်းဆည်း၍ အစဉ်မပြတ် ရှေ့နောက် စပ်နေသော သန္တတိပညတ်ကို ဝိပဿနာဉာဏ်ဖြင့် ခွါအပ်သည်ရှိသော် (ဝါ) ဖြစ်ဆဲရုပ်နာမ် ပစ္စုပ္ပန်ကို ကွက်ကွက်ကွင်းကွင်း ထင်မြင်အောင် ဝိပဿနာရှုသည်ရှိသော် အနိစ္စလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ ထင်မြင်လာတော့၏။ (ဤကား အနိစ္စလက္ခဏာထင်မြင်ပုံတည်း။)

၂။ ဖြစ်ခြင်း-ပျက်ခြင်း အလျှင်းမပြတ် နှိပ်စက်အပ်သည်တို့ကို နှလုံးသွင်း၍ ဣရိယာပုထ်တခုတည်း မပြောင်းမရွှေ့ပဲ ထားသောအားဖြင့် ခွါအပ်သည်ရှိသော် ဒုက္ခလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ ထင်မြင်လာတော့၏။ (ဤကား ဒုက္ခလက္ခဏာ ထင်မြင်ပုံတည်း။)

၃။ အထူးထူးသော ဓာတ်တို့ကို ခွဲခြမ်းဝေဖန်၍ တခဲနက်ကို ခွဲခြမ်းပြုအပ်သည်ရှိသော် အနတ္တလက္ခဏာသည် မဖောက်မပြန် ကောင်းမွန်စွာ ထင်မြင်လာတော့၏။ (ဤကား အနတ္တလက္ခဏာ ထင်မြင်ပုံတည်း။)

## ဓာတ်ကြီးလေးပါးနှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

**ပထဝီဓာတ်**—"ခက်မာ - ဖွဲ့စည်း - ပူအေး - ထောက်ကန် - ဓာတ်မှန် သူ သဘော"နှင့်အညီ တကိုယ်လုံးရှိ ဆံပင်အစ ဦးနှောက်အဆုံးရှိသော ကောဋ္ဌာသ ၂၀-သည် ခက်မာခြင်း၊ နူးညံ့ခြင်းသဘောရှိသောကြောင့် လည်းကောင်း၊ ခက်မာနူးညံ့ခြင်း သူ့သဘောကိုသာ ဆောင်တတ်သော ကြောင့်လည်းကောင်း (အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု)အရ ပထဝီဓာတ်ဟု သမုတ်၏။ ပုဂ္ဂိုလ်သတ္တဝါ လားလားမျှမဟုတ်ချေ။ ဤ ပထဝီဓာတ်သည်လည်း ခက်မာခြင်း နူးညံ့ခြင်း သဘောတရားမျှသာ တည်း။ ဤသဘောက အပို ပထဝီဓာတ်ဆိုစရာ လုံးဝမရှိတော့ပြီ။ ဤ ခက်မာခြင်းသဘော၊ နူးညံ့ခြင်းသဘောတွေသာ ခဏချင်း-ခဏချင်း မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသည်ဟု သိမှတ်ပါလေ။ (ဤကား ပထဝီဓာတ် ၂၀-ကို ပြခြင်းတည်း။)

**အာပေါဓာတ်**—သည်းခြေအစ ကျင်ငယ်အဆုံးရှိသော ကောဋ္ဌာသ ၁၂-ပါးသည် ဖွဲ့စည်းခြင်း- ယိုစီးခြင်းသဘောရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဖွဲ့စည်းခြင်း သူ့သဘောကိုသာ ဆောင်တတ်သောကြောင့် လည်းကောင်း အာပေါဓာတ်ဟု သမုတ်၏။ ပုဂ္ဂိုလ်သတ္တဝါကား လားလား မျှမဟုတ်ချေ။ ဤအာပေါဓာတ်သည်လည်း ဖွဲ့စည်းခြင်းသဘောမျှသာ တည်း။ ဤသဘောက အပို အာပေါဓာတ်ဟုဆိုစရာ သီးခြားမရှိတော့ပြီ။ ဤဖွဲ့စည်းခြင်းသဘောတွေသာ မပြတ်မစဲ ထပ်လဲလဲ ဖြစ်ပျက်နေကြသည် ဟု သိမှတ်ပါလေ။ (ဤကား အာပေါဓာတ် ၁၂-ပါးကို ပြခြင်းတည်း။)

**တေဇောဓာတ်**—တရက်ခြာဖျားခြင်း-သန္တပ္ပနတေဇော၊ အပူတပြင်း အပူမကျပဲ ဖျားခြင်း-ဒဟနတေဇော၊ ဆံဖြူ သွားကျိုးခြင်း စသော ဇီရဏတေဇော၊ စားမျိုသော အာဟာရတို့ကို ကြေညက်စွာ ချက်ပေး တတ်သော ပါစကတေဇော ဤတေဇောလေးမျိုးတို့သည် ပူခြင်းသဘော ရှိသောကြောင့်လည်းကောင်း၊ ပူခြင်းသဘောကိုသာ ဆောင်တတ်သော ကြောင့်လည်းကောင်း တေဇောဓာတ်သာဟုတ်၏။ ပုဂ္ဂိုလ်သတ္တဝါများ လားလားမျှမဟုတ်ချေ။ ဤတေဇောဓာတ်သည်လည်း ပူအေးခြင်းသဘော

မျှသာတည်း။ ဤသဘောကအပို တေဇောဓာတ်ဆိုစရာ လုံးဝမရှိတော့ပြီ၊ ဤတေဇောသဘောတွေသာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသည်ဟု သိမှတ်ပါလေ။ (ဤကား တေဇောဓာတ် လေးမျိုးကိုပြခြင်းတည်း။)

**ဝါယောဓာတ်**—အထက်သို့ လေအန်ခြင်း -ဥဒ္ဓင်္ဂမဝါယော၊ အောက်သို့ လေစုန်ခြင်း-အဓောဂမဝါယော၊ ဝမ်းတွင်းလေခေါ်သော-ကုစ္ဆိဋ္ဌဝါယော၊ အူတွင်းလေခေါ်သော-ကောဋ္ဌာသယဝါယော၊အင်္ဂါကြီးငယ်သို့ သွားလာသော - အင်္ဂမင်္ဂါနုသာရိဝါယော၊ ထွက်သက် ဝင်သက်လေခေါ်သော အဿာသပဿာသဝါယော ဤဝါယောကောဋ္ဌာသ ခြောက်မျိုးတို့သည် ထောက်ကန် လှုပ်ရှားခြင်းသဘော ရှိကုန်သောကြောင့်လည်းကောင်း၊ ထောက်ကန်လှုပ်ရှားခြင်း သူသဘောကိုသာ ဆောင်တတ်သောကြောင့်လည်းကောင်း ဝါယောဓာတ်သာဟုတ်၏။ ပုဂ္ဂိုလ်သတ္တဝါကား လား လားမျှ မဟုတ်ချေ။ ဤ ဝါယောဓာတ်သည်လည်း ထောက်ကန်လှုပ်ရှားခြင်း သဘောသက်သက်သာတည်း။ ဤသဘောကအပို ဝါယောဓာတ်ဟု ဆိုစရာ သီးခြားမရှိတော့ပြီ။ ဤသဘောတွေသာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြရကုန်၏-ဟု သိမှတ်ပါလေ။ (ဤကား- ဝါယောဓာတ် လေးမျိုးကို ပြခြင်းတည်း။)

ဤလို ဤပုံ အကျဉ်းအားဖြင့် “ခက်မာ-ဖွဲ့စည်း-ပူအေး-ထောက်ကန်” ဟူသော မိမိသဘောကိုသာ ဆောင်နေကြတဲ့ ဓာတ်ကြီးလေးပါး-ပရမတ္ထတရားအစစ် ဘယ်ပုဂ္ဂိုလ်-ဘယ်သတ္တဝါနှင့်မှ မရောမယှက် အလွတ်သက်သက်သာဖြစ်၍ နေသည်တို့ကိုလည်းကောင်း၊ တဖန် အကျယ်အားဖြင့် ပထဝီဓာတ်-၂၀၊ အာပေါဓာတ် ၁၂-ပါး၊ တေဇောဓာတ် ၄-ပါး၊ဝါယောဓာတ် ၆-ပါး၊ ပေါင်း ၄၂-ပါးသော ဒွေစတ္တာလီသ ဓာတ်တရား-ပရမတ်တရားစစ်စစ် ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်နှင့် မပတ်သက်၊ အလွတ်သက်သက် ဖြစ်နေသည်ကိုလည်းကောင်း ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီးသိမြင်လာအောင် (ဝါ)ပုဂ္ဂိုလ်သတ္တဝါဆိုတာ အဆိုသာရှိ၏၊ နဂိုရှိတာက-ရုပ်နာမ်ခန္ဓာဖြစ်၏။ ပုဂ္ဂိုလ်ဆိုတာ-ပညတ်သာရှိ၏၊ ပရမတ်ရှိတာက ရုပ်နာမ်ခန္ဓာဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်ပျောက် ဓာတ်ပရမတ်တွေ

ဘွားဘွားကြီး မဖောက်မပြန် ဟုတ်မှန်တဲ့အတိုင်း မထင်-ထင်အောင် မမြင်-မြင်အောင် ဉာဏ်ဦးခေါင်းထောင်၍ သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းသောအားဖြင့် ကြည့်ရှုပါလေ။

ဤသို့စသည်ဖြင့် အထူးထူးသောဓာတ်တို့ကို (ဝါ) ခက်မာ, ဖွဲ့စည်း, ပူအေး, ထောက်ကန် သူ့သဘော သူဆောင်နေတဲ့ ဓာတ်သဘောတို့ကို ဝိပဿနာဉာဏ်မျက်စိဖြင့် ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး ထင်မြင်လာသည်ရှိသော် တခုတည်းတပေါင်းတည်း- တယောက်တည်းသော ယောကျ်ား-မိန်းမ တမျိုးသီးခြားရှိနေသကဲ့သို့ ထင်မှတ်ယူဆမှားနေသော အခဲ ဃန ပညတ်ကို ဉာဏ်နှင့်ကွဲပြားအောင် ခွဲခြမ်း၍ ကြိမ်ဖန်များစွာ အခါခါရှုကြည့်သည်ရှိသော် သူငါမဟုတ် နာမ်နှင့်ရုပ်အနတ္တ။ပုဂ္ဂိုလ်သတ္တဝါ များ မရှိလုံးလုံး ဆိတ်သုဉ်းနေသော အနတ္တလက္ခဏာသည် မဖောက် မပြန် ဟုတ်မှန်စွာ ထင်မြင်လာတော့၏။ (ဤကား အနတ္တလက္ခဏာ ထင်မြင်ပုံကို ပြခြင်းတည်း။)

## တစုံမှုကို မမြင်

ဤသို့လျှင် အဆိုပါ ၄၂-ပါးသော အခြင်းအရာတို့ဖြင့် စေ့စေ့ ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုသည်ရှိသော် မိမိ၌လည်းကောင်း၊ သူတပါး၌လည်း ကောင်း ငါ့ကိုယ်ဟူသော အတ္တအနေအားဖြင့်လည်းကောင်း၊ ငါ့ဟာ-ငါ့ ဥစ္စာဟူသော တဏှာအနေအားဖြင့်လည်းကောင်း၊ငါဟု မာန်မာနအနေ အားဖြင့်လည်းကောင်း ရစရာ-ယူစရာ တစုံတခုကို မမြင်တော့ပေ။ ဥပမာ ဆိုသော် အိုးဆေးရေ-ခွက်ဆေးရေစသော မကောင်းသောအညစ်အကြေး တို့ကို စွန့်ပစ်ရာဖြစ်သော စန္ဒနိကံ ခေါ်သော တန်စီးဗက်အိုင်ကို (ဝါ) တန်စီး ဗွက်အိုင်ထဲ၌ (ဝါ) ရေစီးဗွက်အိုင်ထဲ၌ ရစရာ-ယူစရာ ရှိလိမ့်နိုးနိုး၊ ရွှေခဲငွေခဲ ရှိလိမ့်နိုးနိုး စုံစမ်းရှာဖွေသည်ရှိသော် တစုံတခုကို လုံးဝ မတွေ့ မမြင်ရသကဲ့သို့ ထို့တူပမာ သူ- ငါ- ယောကျ်ား- မိန်းမ စသည်ခေါ် ဆိုကြတဲ့ ခန္ဓာကို ပညာမျက်စိ-ဉာဏ်မျက်စိ-ဝိပဿနာမျက်စိဖြင့် စေ့စေ့ ငုငု ကြည့်ရှုသည်ရှိသော် တစုံတခုသော ရစရာ-ယူစရာကို လုံးဝမတွေ့မမြင်

မှပေ။ တနည်းဆိုသော် အမှိုက် တံမြက်ချေးစွန့်ရာအရပ်ကို။ တနည်း–ကျင်ကြီး, ကျင်ငယ်စွန့်သော တွင်းကို။ တနည်း—သူသေကောင် မြှုပ်ရာဖြစ်သော မြေသုသာန်သင်္ချိုင်းကို စုံစမ်းရှာဖွေသည်ရှိသော် တစုံတခုရစရာ ယူစရာကို လုံးဝမတွေ့မမြင်ရသကဲ့သို့ ထို့တူပမာ ခါတ်ကြီး ၄၂-ပါးခေါ်သော ဤခန္ဓာကိုယ်ကြီးထဲမှာ ငါ့ကိုယ် ငါ့ဟာ ငါဟု ဆိုရလောက်အောင် (ဝါ)ဆိုနိုင်လောက်အောင် တစုံတရာ တစုံတခုကိုမျှ ရှာ၍မတွေ့ရတော့ပေ။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ ၄၂-ပါးသော ဓာတ်ကြီးထဲမှာ သူမပါ ငါမရှိ၊ ဘယ် သူ-ငါ-ယောကျ်ား-မိန်းမ မရှိ၊ သူငါဟူက မြူမျှရှာမရ၊ သူငါတို့နှင့် ဘာမျှမစပ်ယှက်-မပတ်သက်၊ သူငါတို့ဆိုတဲ့ ပညတ်တို့နှင့် အလွတ်သက်သက်ကြီးသာဖြစ်နေ၍ ဤ ၄၂-ပါးသော ဓာတ်ကြီးထဲမှာ သူ ငါ ယောကျ်ား မိန်းမဟူက မရှိလုံးဝ ဆိတ်သုဉ်း၍နေသော သုညအနတ္တတို့သာ ဖြစ်နေကြသောကြောင့်ပေတည်း။

## ငါ့ကိုယ်-ငါ့ဟာ-ငါမဟုတ်-နာမ်ရုပ်အနတ္တ

နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

တံ ဧတံ၊ ထိုဓာတ်ကြီးလေးပါး,ဓာတ်ကြီး ၄၂-ပါးတို့သည်။ မမ၊ ငါ၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ နေသောဟမသ္မိ၊ ငါလည်းမဟုတ်။ န မေသော အတ္တာ၊ ငါ့ကိုယ်လည်းမဟုတ်။ နာမ်ရုပ် အနတ္တသာ ဟုတ်မှန်ပါတကား။ ဣတိ၊ ဤသို့။ ဧဝမေဟံ ဧဝံ ဧတံ၊ ဤသို့လျှင်။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ သမ္မပ္ပညာယ၊ ကောင်းသော ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏ ဟူလို။

## လက္ခဏာရေးဆိုက် သစ္စာလေးပါးကိုက်

ဤလို ဤပုံ ၄၂-ပါးသော ဓာတ်ကြီးပေါ်မှာ ပညာမျက်စိ ဉာဏ်မျက်စိ ဝိပဿနာမျက်စိဖြင့် စေ့စေ့ငုငု ကြည့်ရှုသည်ရှိသော် သူ-ငါ ယောကျ်ား - မိန်းမ စသော ပညတ်ကို လုံးဝမမြင်၊ လောက၌ ပြောဆို

နေကြသည့် သူ-ငါ-ယောကျ်ား - မိန်းမ စသော ပညတ်ပျောက်၊ ပရမတ်ပေါက်၊ အနိစ္စ—ဒုက္ခ—အနတ္တဆိုတဲ့ လက္ခဏာဆိုက်၊ ဒုက္ခ-သမုဒယဆိုတဲ့ သစ္စာလေးပါး ကိုက်အောင် မနေ မနား မိုးပွတ်သော ယောကျ်ားကဲ့အလားသို့ မဂ်ဆိုက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ရှုမှတ်ရမည်ဟု သိမှတ်ပါလေ။ (ဤကား—လက္ခဏာရေးသုံးပါး ထင်သည်ထက် ထင်သည်ကို ပြဆိုခြင်းတည်း။)

## အရိယာနှင့် ပုထုဇဉ်

လက္ခဏာရေးသုံးပါးတို့ကို မဖောက်မပြန် ဟုတ်မှန်စွာ ထိုးထွင်း၍ သိမြင်ခြင်းမှာ မဂ်သို့ရောက်သော အရိယာတို့မှသာလျှင် ထင်မြင်နိုင်သည်။ ပုထုဇဉ်တို့မှာ သပ္ပုရိသူပနိဿယ သဒ္ဓမ္မဿဝန ယောနိသော မနသိကာရ သုတမယဉာဏ် ဘာဝနာမယဉာဏ၏ အစွမ်းဖြင့်သာ၊ တဒင်္ဂ ထင်မြင်နိုင်ကြသည်ဟု သိမှတ်ပါလေ။

## ဖုံးလွှမ်းထားသောကြောင့်

လက္ခဏာရေးသုံးပါးတို့ကို ထိုးထွင်း၍ မသိနိုင် မထင်နိုင်ကြသည်မှာ တစုံတခုသော ဝတ္ထုကို မြက်သစ်ရွက်စသည်ဖြင့် ဖုံးလွှမ်းထားသကဲ့သို့ ဖုံးလွှမ်းထားသောကြောင့် မထင်နိုင် မမြင်နိုင်အောင် ဖြစ်ရလေသည်။

### ၁။ အနိစ္စကို သန္တတိပညတ်ဖြင့် ဖုံးလွှမ်းထားခြင်း

**အနိစ္စကို သန္တတိပညတ်ဖြင့် ဖုံးလွှမ်းထားပုံကား** ရုပ်နာမ်တရားတို့၏ ရှေ့နောက် အစဉ်မပြတ် စပ်၍နေခြင်းဟူသော သန္တတိပညတ်ဖြင့် ဖုံးလွှမ်းထားခြင်းကြောင့် တစပ်တည်းကဲ့သို့ ဖြစ်၍ နေ၍ ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မမြင်နိုင်၍ နိစ္စ ဓုဝ သဿတ အဝိပရိဏာမဓမ္မကဲ့သို့ မှတ်ထင်နေသောကြောင့် ရုပ်နာမ်တို့၏ အနိစ္စကို မထင်နိုင် မမြင်နိုင်အောင် ဖြစ်နေကြသည်။

ဥပမာဆိုသော် – သဲသောင်ပြင် ကမ်းပါးကြီးကို မြင်သောသူသည် ဤသဲသောင်ပြင် ကမ်းပါးကြီးသည် တဖာလုံ တမိုင် တယူဇနာ စသည် ရှိလိမ့်မည်ဟု ထင်မှတ်နေသကဲ့သို့ပေတည်း။ သို့ရာတွင် ထင်မှတ်နေသည့် အတိုင်း မဟုတ်ချေ။ အမှန်မှာ သေးငယ်လှစွာသော တလုံး တလုံးသော သဲလုံးကလေးတွေဟာ မရေမတွက်နိုင်အောင် ထိကာ စပ်ကာ ဖြစ်၍ နေပေသည်။

ဥပမာတနည်းဆိုသော်–တရွရွ သွားလာနေကြသော ခြတန်းကြီးကို မြင်ရသောသူသည် ဤခြတန်းကြီးသည် အတောင်ငါးဆယ်၊ အတောင် တရာရှိလိမ့်မည်ဟု ထင်မှတ်နေရသကဲ့သို့တည်း။ သို့ရာတွင် ထင်မှတ်နေသကဲ့သို့ မဟုတ်ချေ၊ အမှန်မှာ ဆန်ခြေချိုးခန့်မျှသာရှိသော သေးငယ် လှစွာသော ခြတကောင်၏ အမြီးစွန်းနှင့် ခြတကောင်၏ ခေါင်းစွန်းချင်း ထိကပ်ကာ မရေ မတွက်နိုင်အောင် ဆက်စပ်၍ သွား လာနေခြင်းမျှ သာတည်း။

ဥပမာတနည်းဆိုသော်–မြစ်ကမ်းထိပ်၌ ရပ်၍ကြည့်နေသော သူသည် မြစ်ချောင်းတွင်းရှိ မြစ်ရေတွေကို ပကတိအတိုင်းကဲ့သို့ ထင်မှတ်နေရာ၏။ သို့ရာတွင် ထင်မှတ်နေသကဲ့သို့ကား မဟုတ်ပါချေ။ အမှန်မှာ ကြည့်နေ စဉ် ခဏ၌ပင် တရိပ်ရိပ်စီးဆင်းနေသော ရေသည် မျက်စိတမှိတ်ခန့်မျှ မတည်၊ အောက်သို့ အစဉ်မပြတ် စီးဆင်းသွားနေသည်သာလျှင်တည်း။ ထို့တူပမာ ရုပ်နာမ်တို့၏ ဥပါဒ်စွန်း ဘင်စွန်းချင်း ထိကာ စပ်ကာ အနှစ် ငါးဆယ်၊ အနှစ်တရာ အစဉ်မပြတ် ရှေ့နောက်စပ်၍ မရေမတွက်နိုင် အောင် ဖြစ်ပျက်နေကြသော သန္တတိပညတ်ဖုံးလွှမ်းထားသောကြောင့် အသက် ငါးဆယ်ရှိပြီ၊ အသက်တရာရှိပြီဟု ဆိုရလေသည်။ ဤလို ဤပုံ ရုပ်နာမ်တရားတို့၏ ဥပါဒ်-ဌီ-ဘင် အစဉ်မပြတ် ဖြစ်၍ နေကြခြင်းတည်း ဟူသော သန္တတိပညတ် ဖုံးလွှမ်းထားသောကြောင့် အနိစ္စကို ကောင်းစွာ မထင်နိုင် မမြင်နိုင်ကြဟု သိမှတ်ပါလေ။

## ၂။ ဒုက္ခလက္ခဏာကို ဣရိယာပထဖြင့် ဖုံးလွှမ်းထားခြင်း

**ဒုက္ခလက္ခဏာကို ဣရိယာပထဖြင့် ဖုံးလွှမ်းထားပုံကား**—သွားခြင်း ဣရိယာပုထ်၌ဖြစ်သော ညောင်းညာတောင့်တင်းခြင်း စသော ဒုက္ခကို ရပ်ခြင်းဣရိယာပုထ်ဖြင့် ဖျောက်၏။ ရပ်ခြင်းဣရိယာပုထ်၌ဖြစ်သော ဒုက္ခကို ထိုင်ခြင်းဣရိယာပုထ်ဖြင့် ဖျောက်၏၊ ဤသို့ စသည်ဖြင့် ဖြစ်တိုင်း, ဖြစ်တိုင်းသော ဒုက္ခကို ပြောင်းလဲပေးခြင်း ဣရိယာပုထ်ဖြင့် ဖုံးလွှမ်းထားသောကြောင့် ဒုက္ခကို မထင်နိုင် မမြင်နိုင်ကြဟု သိမှတ်ပါလေ။

**မှတ်ချက်။** ။ဤ၌ ဖုံးလွှမ်းခြင်းဆိုသည်မှာ ဣရိယာပုထ်တပါး ညောင်းလျှင် ဣရိယာပုထ်တပါး ပြောင်းပေးခြင်းကိုပင် ဖုံးလွှမ်းခြင်း ဖြစ်သည်ဟုဆိုသည်။ ဥပမာ သွားခြင်းညောင်းလျှင် ရပ်ခြင်းကို ပြောင်းပေးခြင်း၊ ရပ်ခြင်းညောင်းလျှင် ထိုင်ခြင်းကို ပြောင်းပေးခြင်း၊ ထိုင်ခြင်း ညောင်းလျှင် လျောင်းအိပ်ခြင်းကို ပြောင်းပေးခြင်းပေတည်း။

ဤလို တပါး ညောင်းလျှင် တပါး ပြောင်းပြောင်းပေးခြင်းကိုပင် ဖုံးလွှမ်းသည်ဟု ဆိုသည်။ ဤလို တပါးညောင်းလျှင် တပါးသို့ပြောင်းရွှေ့ ပေးခြင်းဟူသော ဣရိယာပုထ် ဖုံးလွှမ်းထားသောကြောင့် ဤခန္ဓာကိုယ် ကို ဒုက္ခဟု မထင်မြင်နိုင်ပေ။ ပြောင်းရွှေ့ပေးခြင်းဟူသော ဣရိယာပုထ် ဖုံးလွှမ်းထားသောကြောင့် ဒုက္ခလက္ခဏာ မထင်မြင်နိုင်၊ ဣရိယာပုထ်ကို ပြောင်းရွှေ့မပေးပဲ ထားသောအားဖြင့် ဣရိယာပုထ် ခွါပေးလိုက်ပါလျှင် သေရတော့မလို မအောင့်နိုင် မအည်းနိုင် ဒုက္ခလက္ခဏာ ထင်လာပေ လိမ့်မည်။ ခွါဆိုသည်မှာလည်း တမျိုးတဖုံ ခွါရတော့သည်မဟုတ်ပေ။

ဥပမာ သွားဆိုလျှင် မရပ်မနားပဲ ၁-နာရီ၊ ၂ နာရီစသည်ဖြင့် တသွား တည်း သွားနေခြင်းပေတည်း။ ဤလို မရပ်မနားပဲ တသွားတည်း သွား၍ နေပါလျှင် သွားနေရတာ ကြာလာတဲ့အခါ ရှေ့သို့တလှမ်းဆက်၍ သွားရ မည်ကို ကြောက်လာတော့သည်။ ပျင်းရိလာတော့သည်။ ငြီးငွေ့လာတော့ သည်။ ဒူးဆစ်တွေ တုန်လာတော့သည်။ သေရတော့မလို မခံမရပ်နိုင် ဖြစ်လာတော့သည်။ ထိုအခါ "သြော်....ဤခန္ဓာကိုယ်ကြီးဟာ ဒုက္ခတုံး

ဒုက္ခဲ ဒုက္ခအဖုံအပုံ ဒုက္ခအသိုက်အအုံကြီးပါတကား”ဟု ဒုက္ခကို ထင်မြင် သိလာတော့သည်။

## ၃။ အနတ္တကို ဃနဖြင့် ဖုံးလွှမ်းခြင်း

အနတ္တလက္ခဏာကို ဃနဖြင့် ဖုံးလွှမ်းပုံကား—ဆံပင်, မွေးညင်း, ခြေသည်း(သဲ), လက်သည်း(သဲ), သွား, အရေ စသော ၃၂-ပါးသော ကောဋ္ဌာသတို့သည် ဆံပင်နေရာ ဆံပင်၊ မွေးညင်းနေရာ၌ မွေးညင်း စသည်ဖြင့် သူ့ဒနေရာနှင့်သူ ဖြစ်နေကြ၍ ဤဆံပင်စသော ၃၂-ပါးသော အခြင်းအရာတို့သည် အသီး, အသီး၊ အစု, အစု၊ တခုစီ, တခုစီ ဖြစ်သော်လည်း တပေါင်းတည်း အစိုင်အခဲကဲ့သို့ဖြစ်၍ ထင်မှတ်ကြရ၏။ ထို ကာစု တည်းကဲ့သို့ ထင်မှတ်ကြရသော သဘောကိုပင် ပါဠိလိုအားဖြင့် ဃနဟု ဆိုရလေသည်။ ထို ဃနဖုံးလွှမ်းခြင်းကြောင့်ပင် အနတ္တကို အနတ္တဟု မှန်စွာမသိနိုင်ကြ၍ အတ္တဟု ထင်မှတ်နေသောကြောင့် အနတ္တကို ဃနဖြင့် ဖုံးလွှမ်းခြင်းဖြစ်သည်ဟု ဆိုရလေသည်။

အမှန်မှာ သူကောင်, ငါကောင်, အတ္တကောင် မဟုတ်ချေ။ ဆံပင်အစ ကျင်ငယ်အဆုံး ၃၂-တုံး၊ ၃၂-စု၊ ၃၂-ခု၊ အပေါင်းအစု၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုသည်မှာ သီးခြားသတ္တဝါ မဟုတ်၊ အသက်ကောင် လိပ်ပြာကောင် မဟုတ်၊ဘာတခုမှမသိတတ်၊ ရုပ်ပရမတ် နာမ်ပရမတ် မမြဲ ဆင်းရဲ အစိုးမရ မလှမပ မတင့်တယ် စက်ဆုပ်ရွံရှာဖွယ် ခေတ်ပရမတ် အပေါင်းအစုမျှ သာဖြစ်၏။

## နိဗ္ဗိန္ဒဉာဏ် ရင့်သန်လာဖို့ရန်

ထိုလက္ခဏာရေးသုံးပါးတို့ကို ရှုပွားရာတို့၌ ရှေးဦးစွာ အနိစ္စ,အနိစ္စ လက္ခဏာ၊ ဒုက္ခ,ဒုက္ခလက္ခဏာ၊အနတ္တ,အနတ္တလက္ခဏာတို့ကို သိထားရာ၏။ ထိုတွင် ရုပ်နာမ်တရားဒြဗ်သည်၊ ငါ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် အနိစ္စမည်၏။ ထိုရုပ်နာမ်၊ ငါ၊ ရုပ်နာမ်ခန္ဓာတို့၌ အမြဲကပ်လျက် တည်ရှိ နေသော သင်္ခတလက္ခဏာခေါ်သော ဥပါဒ် ဋီ ဘင် သုံးခုသည် ရုပ်နာမ်ဒြဗ်ကို မမြဲဟု မှတ်ကြောင်းဖြစ်၍ လက္ခဏာမည်၏။ ဤနှစ်ရပ်ကို

ပေါင်း၍ အနိစ္စလက္ခဏာမည်၏။ ။ထိုရုပ်နာမ်ခန္ဓာတို့၌ အမြဲတမ်း ကပ်လျက်ပါရှိနေသော ဥပါဒ်-ဌီ-ဘင် သုံးခုကို သဘောပေါက်အောင် ထင်မြင်မှ ရုပ်နာမ်ခန္ဓာတို့၌ တစ တစ မုန်းတီးငြီးငွေ့ခြင်း နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာနိုင်၏။

ဥပမာဆိုသော်–အဝတ်အထည် ရောင်းသော ဈေးဆိုင်၌ ရှိသော ပုဆိုးသည် အစ၌လည်းကောင်း၊ အလယ်၌လည်းကောင်း၊ အဆုံး၌ လည်းကောင်း ကြီးစွာသော အပေါက်သုံးခုရှိ၏။ သို့သော် ထိုပုဆိုးကို ကောင်းစွာ ခေါက်ထားသဖြင့် ထိုအပေါက်ကို မမြင်ရပေ။ ပုဆိုးဝယ်ယူ လိုသောသူသည် ပုဆိုးတိုက်ဖြန့်၍ အဆင်းသဏ္ဌာန်ကို မြင်ရလျှင် ငွေကျပ် ၅၀- ၁၀၀ ပေး၍ ဝယ်ယူလိုသောဆန္ဒ များစွာဖြစ်ပေါ်လာ၏။ ပုဆိုးကို ပြန်၍ကြည့်သော် အစ-အလယ်-အဆုံး သုံးခုသော အပေါက်တို့ကိုမြင်၍ စပါးလေးလုံးခန့် (တချင်ရွေး)မျှ ပေး၍ ဝယ်ယူလိုသောဆန္ဒ မရှိတော့ပြီ၊ ထိုပုဆိုး၌ မုန်းတီးငြီးငွေ့ခြင်းဖြစ်ပေါ်လာသကဲ့သို့ ထို့တူပမာ ရုပ်နာမ်ခန္ဓာ တို့၏ ဥပါဒ်-ဌီ-ဘင် သုံးခုကို ဝိပဿနာဉာဏ်ဖြင့် သဘောပေါက်အောင် ထင်မြင်မှသာ ရုပ်နာမ်ခန္ဓာတို့၌ တပ်မက်ခြင်းကင်းကွာသော ဝိရာဂ ခေါ်သော မဂ်စိတ်၊ ဝိမုတ္တိခေါ်သော ဖိုလ်စိတ်တို့သည် ဖြစ်ပေါ်လာ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်နိုင်ပေသည်။ ဒုက္ခ, ဒုက္ခလက္ခဏာ၊ အနတ္တ, အနတ္တလက္ခဏာ တို့၌လည်း ထို့အတူပေ ဘည်း။

ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ သုံးသပ်ဆင်ခြင်ရာတို့၌ အရိယာပုဂ္ဂိုလ်တို့အား မဂ်၏ရှေ့အဖို့တို့၌ ဝိပဿနာဉာဏ်၏ အစွမ်းဖြင့် အနိစ္စလက္ခဏာ ထင်မြင်လာသည်ရှိသော် ဒုက္ခလက္ခဏာ-အနတ္တလက္ခဏာ တို့သည်လည်း အစဉ်အတိုင်း ထင်မြင်လာကြကုန်၏ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

အနိစ္စလက္ခဏာ–တတ္ထ အနိစ္စန္တိ ခန္ဓပဉ္စကံ။ကသ္မာ ဥပ္ပါဒဝယညထတ္တဘာဝါ၊ ဟုတွာ အဘာဝတော ဝါ။ ဥပ္ပါဒဝယညထတ္တံ အနိစ္စ-လက္ခဏံ ဟုတွာ အဘာဝသင်္ခါတော ဝါ ဿာကာရ-ဝိကာရော။

ဒုက္ခလက္ခဏာ—ယဒနိစ္စံ ပံ ဒုက္ခန္တိ ပဖနဝေဟာ ပန ဟာဒေဝ ခန္ဓပဉ္စကံ ဒုက္ခံ၊ ကသ္မာ အဘိဏှပဋိပီဠနာ။ အဘိဏှပဋိပီဠနာကာရော ဒုက္ခလက္ခဏံ။

အနတ္တလက္ခဏာ—ယံ ဒုက္ခံ တဒနတ္တာတိ ပန ဝစနတော တဒေဝ ခန္ဓပဉ္စကံ အနတ္တာ၊ ကသ္မာ အဝသဝတ္တနတော။ အဝသဝတ္တနာကာရော အနတ္တလက္ခဏံ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဆိုလိုရင်း အကျဉ်းချုပ်မှာ ခန္ဓာငါးပါးတို့ကို အနိစ္စ-ဒုက္ခ-အနတ္တဟု မှတ်လေ။ ထိုခန္ဓာငါးပါးတို့၏ မမြဲ,ဆင်းရဲ, အစိုးမရသော အခြင်းအရာကို လက္ခဏာဟုမှတ်လေ။ ထိုနှစ်ပါးစုံတို့ကို ပေါင်း၍ အနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာ ဆိုသည်ဟု သိမှတ်ပါလေ။

## အမေးပုစ္ဆာနှစ်မျိုး

၁။ ခန္ဓာငါးပါးဆိုတာ အဘယ်နည်း။ ၂။ ခန္ဓာငါးပါးသည် အဘယ့်ကြောင့် အနိစ္စ-ဒုက္ခ-အနတ္တဖြစ်ရသနည်း-ဆိုတဲ့ အမေးပုစ္ဆာနှစ်မျိုး၌—၁-အဖြေကား ပဋိသန္ဓေလေးပါးတို့တွင် အမိဝမ်း၌ ပဋိသန္ဓေတည်နေတဲ့အခါ ကာယဒသက-ဘာဝဒသက-ဝတ္ထုဒသကဆိုတဲ့ ကမ္မဇရုပ်သုံးဆယ်ခေါ်သော ကလလရေကြည်သည် ရူပက္ခန္ဓာမည်၏။ ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်သော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ-သညာမှ ကြွင်းသော စေတသိက်ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။

ဤလို ဤပုံ အဆိုပါ အစုငါးစုတို့ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သော ကာလတို့၌ ပေါင်းအပ် စုအပ်သောကြောင့် ခန္ဓာငါးပါး ဆိုသည်ဟု သိမှတ်ပါလေ။ (ဤကား-ခန္ဓာငါးပါး၏ အဖြေတည်း။)

အဆိုပါ အစုငါးစုထဲမှာ ခန္ဓာငါးပါးတို့သည် တခုတခုသော ဘဝပဋိ-သန္ဓေမှ စုတိသေနေ့သို့ကျအောင် အသက်ထက်ဆုံး ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် (ဝါ) ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း မရပ်မနား ဖြစ်ပြန်ယင်း ပျက်ပြန်ယင်း၊ ပျက်ပြန်ယင်း ဖြစ်ပြန်ယင်း မရပ်မစဲ ထပ်တလဲလဲ လျင်စွာလျင်စွာဖြစ်၍ လျင်စွာ လျင်စွာ ပျက်နေသောကြောင့် မျက်တောင်တခတ်စာမျှ မခိုင်မြဲသော အနိစ္စသဘောသာ ဖြစ်ရရှာသည်။ ထိုခန္ဓာငါးပါးတို့သည် ဤလိုဤပုံ ဖြစ်ခြင်းဥပါဒ်ဖြင့်လည်း နှိပ်စက်သည်။ ရင့်ခြင်းဌီဖြင့်လည်း နှိပ်စက်သည်။ ပျက်ခြင်း ဘင်ဖြင့်လည်း နှိပ်စက်သည်။

ထိုသို့ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း ဟူသော ဥပါဒ်-ဌီ-ဘင်အားဖြင့် မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခသဘောသာ ဖြစ်ရရှာသည်။ ထိုခန္ဓာငါးပါးတို့ကို ဖြစ်ခြင်းဥပါဒ်သို့ မရောက်ရအောင်၊ ရင့်ခြင်းဌီသို့ မရောက်ရအောင်၊ ပျက်ခြင်း ဘင်သို့ မရောက်ရအောင် မည်သည့်လူ နတ် ဗြဟ္မာ သတ္တဝါ တစုံတယောက်မှ မတတ်နိုင်၊ မတားဆီးနိုင်၊ စိုးမပိုင်။ ပိုင်သူ-နိုင်သူ-စိုးပိုင်သူ-ချုပ်ချယ်နိုင်သူ လုံးဝ မရှိသောကြောင့်လည်းကောင်း၊ အဆိုပါ ရုပ်နာမ်ခန္ဓာထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ပုဂ္ဂိုလ်သတ္တဝါဟူက မရှိလုံးလုံး ဆိတ်သုဉ်း၍နေသောကြောင့်လည်းကောင်း၊ (ဝါ) နိစ္စသာရ, သုခသာရ, အတ္တသာရ မရှိလုံးလုံး ဆိတ်သုဉ်း၍နေသောကြောင့်လည်းကောင်း၊ (ဝါ) အလိုသို့လိုက် အကြိုက်သို့ ပါစေနိုင်တဲ့ ပြုလုပ်ခံစားတတ်သော ကာရကအတ္တ၊ ဝေဒကအတ္တ၊ နိဝါသီအတ္တ၊ သယံဝသီအတ္တဟူက မရှိလုံးလုံး ဆိတ်သုဉ်း၍နေသောကြောင့်လည်းကောင်း သူကောင် ငါကောင် အတ္တမဟုတ်၊ နာမ်ရုပ် အနတ္တသဘောသာ ဖြစ်ရရှာသည်ဟု သိမှတ်ပါလေ။

(ဤကား ခန္ဓာငါးပါးသည် အနိစ္စ, ဒုက္ခ, အနတ္တသဘော ဖြစ်ရခြင်း၏ အဖြေတည်း။)

## ဥဒယဗ္ဗယဉာဏ် ပြီးဆုံးခြင်း

အဆိုပါ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ ရုပ်နာမ်ခန္ဓာငါးပါး၊ • ရုပ်နာမ် တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တကိုလည်းကောင်း၊ အနိစ္စလက္ခဏာ ဒုက္ခ လက္ခဏာ အနတ္တလက္ခဏာတို့ကို လည်းကောင်း ဆိုခဲ့ပြီးတိုင်း ပိုင်းခြား မှတ်သားပြီးလျှင် ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ-အနိစ္စ ဟူ၍ လည်းကောင်း၊ ဒုက္ခ-ဒုက္ခ ဟူ၍လည်းကောင်း၊ အနတ္တ-အနတ္တ ဟူ၍ လည်းကောင်း၊ (ဝါ) မမြဲ-မမြဲ ဟူ၍လည်းကောင်း၊ ဆင်းရဲ-ဆင်းရဲ ဟူ၍ လည်းကောင်း၊ အစိုးမရ-အစိုးမရ ဟူ၍လည်းကောင်း နှေ့ညမခြား မိုးပွတ်သောယောကျ်ား ကဲ့အလားသို့ မနေမနား ပွားများအားထုတ်သည် ရှိသော် ထိုဥဒယဗ္ဗယဉာဏ်သည် ရင့်သန်ထက်မာခြင်းသို့ ရောက်သည်ဖြစ်၍ (ဝါ) ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဖြစ်နှင့် အပျက်ကိုသာ မြင်နေရတော့သည် ဖြစ်၍ (ဝါ) သွားလျှင်လည်း ဖြစ်ပျက်၊ ရပ်လျှင်လည်း ဖြစ်ပျက်၊ ထိုင်လျှင် လည်း ဖြစ်ပျက်၊ လျောင်းလျှင်လည်း ဖြစ်ပျက် စသည်ဖြင့် ဘယ်အရာမဆို ဖြစ်ပျက်နှစ်ခုကိုသာ ပိုင်ပိုင်နိုင်နိုင် မိမိဉာဏ်ဝမှာ တရေးရေး ထင်မြင်လာ တော့၏။ ထိုအခါ ဤဥဒယဗ္ဗယဉာဏ်သည် ထိပ်တန်းသို့ ရောက်တော့၏ (ဝါ) အပြီးအဆုံးသို့ ရောက်တော့၏ဟု သိမှတ်ပါလေ။

---

## ဘင်္ဂဉာဏ်

ဤလိုဤပုံ အဖြစ်နှင့် အပျက်ကိုသာ ထင်မြင်နေသော ဥဒယဗ္ဗယ ဉာဏ်သည် လျင်စွာ လျင်စွာ ထင်မြင်လာသည်ရှိသော် ရုပ်နာမ်တို့၏ ဖြစ်ပေါ်စ ဥပါဒ်ကိုလည်းကောင်း၊ ဝါ၊ အဖြစ်ကိုလည်းကောင်း၊ အလယ်၌ ပျက်အံ့ဟု ဘင်သို့ရှေးရှုနေသော ဌီကိုလည်းကောင်း၊ ဖြတ်ကနဲ ပြတ်စဲ သွားတဲ့ ဘင်ကိုလည်းကောင်း၊ ရုပ်နာမ်တို့၏ဖြစ်ခြင်း ပဝတ္တကို လည်း ကောင်း၊ ဖြစ်ကြောင်း နိမိတ္တကိုလည်းကောင်း မမှီမရောက်နိုင်တော့ပဲ ကောင်းကင်အထက် လျှပ်စစ်ကိုကြည့်သောသူသည် လျှပ်စစ်၏ လျင်မြန် ခြင်းကြောင့် လျှပ်စစ်၏ဖြစ်ပေါ်စကို မသိမမြင်လိုက်ရတော့ပဲ အပျက်

အပျက်ကိုသာ မြင် မြင်နေရသကဲ့သို့ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို ရှုမှတ်တိုင်း ရှုမှတ်တိုင်းတို့၌ တပျက်တည်းပျက်နေတဲ့ အပျက်အပျက်ကိုသာ ထင်မြင်နေတော့သည်။ ဘာမဆို သွားလျှင်လည်းပျက်၊ ရပ်လျှင်လည်းပျက်၊ ထိုင်လျှင်လည်းပျက်၊ အိပ်လျှင်လဲပျက် စသည်ဖြင့် အပျက်အပျက်ကိုသာ မြင်နေတော့သည်။ အပျက်၌သာ အသိဉာဏ်သည် တည်နေတော့၏။

ထိုအခါ ကွဲဆဲဖြစ်သော အိုးခွက်၊ ကြေဘ်ချက်ဆဲဖြစ်သော နှမ်းကဲ့သို့ အဖြစ်ကိုမမြင် အပျက်အပျက်ကိုသာ မြင်နေတော့၏။ တနည်းဆိုသော် မိုးသည်းထန်စွာ ရွာနေတဲ့အခါ ကမ်းထိပ်က ရပ်၍ ရေပြင်ကို ကြည့်နေပါလျှင် ရေပြင်ထဲမှာ ရေတွေဟာ လျင်စွာ လျင်စွာဖြစ်၍ လျင်စွာလျင်စွာ ပျက်ပျက်သွားကြသော ရေမြှုပ်ရေပွက်တို့ကိုသာ မြင်မြင်နေရသကဲ့သို့ ခပ်သိမ်းသော ရုပ်နာမ်သင်္ခါရတို့သည် လျင်စွာ လျင်စွာ ပျက်ပျက်နေကြတော့သည်တို့ကို မိမိဉာဏ်ဝမှာ တရေးရေး ထင်မြင်နေတော့၏။

ဤလိုဤပုံ မဟာဘုတ်ရုပ်တို့အပေါ်၌ ဖြစ်စေ၊ ဥပါဒါရုပ်တို့အပေါ်၌ ဖြစ်စေ၊ လေးပါးသော ဣရိယာပုထ် ရုပ်တို့အပေါ်၌ဖြစ်စေ၊ ခြောက်ဒွါရ ခြောက်အာရုံတို့၏ အပေါ်၌ဖြစ်စေ ရှုမှတ်တိုင်း ရှုမှတ်တိုင်းတို့၌ အဖြစ်ကို မမြင်ရတော့ပဲ အပျက်အပျက်ကိုသာ တရေးရေးထင်မြင်နေသော ဉာဏ်သည် ဘင်ဉာဏ်မည်၏။ ဉာဏ်စဉ်တဆင့်တက်သည်မည်၏။ မည်သို့မှ ရှုမှတ်ရန်မလို၊ မြင်တဲ့အတိုင်းသာ မပြတ်မစဲ ထပ်တလဲလဲ ရှုမှတ်နေရမည်။ ဤသို့ ရှုမှတ်နေခြင်းဖြင့် ဤဘင်ဉာဏ်ရင့်သန်၍ ထိပ်တန်းသို့ရောက်သည် ရှိသော် ဘယဉာဏ်သို့ သူ့အလိုလို ရောက်သွားပေလိမ့်မည်။

တနည်းဆိုသော် အာရုံ၏ ဘင်ကိုလည်းကောင်း၊ ထိုဘင်စွန်းကိုမြင်သော စိတ်၏ ဘင်ကိုလည်းကောင်း၊ ထိုဘင်စွန်းကိုမြင်သော စိတ်၏ဘင်အစွန်းကိုလည်းကောင်း ဤလို အာရုံ၏ဘင်၊ စိတ်၏ဘင်၊ ထိုစိတ်၏ဘင်၊ ဤသုံးချက်ကို သိမြင်သော ဘင်ဉာဏ်သည် ထိပ်တန်းသို့ ရောက်လေတော၏။

## ဥဒယဗ္ဗယဉာဏ်နှင့် ဘင်္ဂဉာဏ်တို့၏အထူး

ရှုမှတ်တိုင်း ရှုမှတ်တိုင်းတို့၌ ရုပ်နာမ် သင်္ခါရတို့၏ အပိုင်းအမိုင်း တပြတ်စီ တပြတ်စီ ဖြစ်နေသည့်တို့ကို သိမြင်ခြင်းသည် ဥဒယဗ္ဗယဉာဏ် မည်၏။ အဖြစ်ကို လုံးဝ မမြင်ရတော့ပဲ တပိုင်းစီ တပိုင်းစီ ပျက်ပျက်သွားတဲ့ အပျက် အပျက် သက်သက်ကိုသာ မြင်မြင် နေရသည်မှာ ဘင်္ဂဉာဏ်မည်၏။ ဤသို့ထူးကြ၏။

## သေမင်းမမြင်နိုင်တော့ပြီ

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

(ဓမ္မပဒ)

ပုဗ္ဗုဠကံ၊ လျင်စွာ လျင်စွာ ပျက်စီး၍နေသော ရေပွက်ကို။ ပဿေ ယထာ၊ မြင်နေရသကဲ့သို့ လည်းကောင်း။ မရီစိကံ၊ နေပူတံလျှပ်ကို။ ပဿေ ယထာ၊ မြင်နေရသကဲ့သို့ လည်းကောင်း။ ဧဝံ တထာ၊ ထို့ အတူ။ လောကံ၊ ရုပ်နာမ်လောကကို။ အဝေက္ခန္တံ၊ အပျက်ကိုသာမြင်၍နေသော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊သေမင်းသည်။(အရဟတ္တာဓိဂမေန ပုနဗ္ဘဝါ-ဘာဝတော၊ ယခုလက်ရှိဘဝ အရဟတ္တမဂ်သို့ရောက်သဖြင့် နောင်တဖန် ပဋိသန္ဓေ မနေရတော့သည်ဖြစ်၍ သေခြင်းတရား မရှိသောကြောင့်။) န ပဿတိ၊ မမြင်နိုင်ပါတော့သတည်း။

**မှတ်ချက်။** ။ဤ ဘင်္ဂဉာဏ်မှ စ၍ အနုလောမဉာဏ်တိုင်အောင် အပျက်ကိုချည်း စူးစိုက်၍ ရှုမှတ်ရမည်။ နည်းလမ်း ကျခဲလှသည်။ သတိပြုပါ။ ဤလို ရှုခြင်းမျိုးဟာ သေမင်းမမြင်နိုင်တဲ့နည်းပဲ ဖြစ်သည်။ သေမင်း မမြင်နိုင်အောင် ဘင်္ဂဉာဏ်ကိုရအောင် အားထုတ်ပါလေ။

## ဘင်္ဂဉာဏ်၏ အာနိသင် ရှစ်ပါး

တတြိမေ အဋ္ဌာနိသံသာ (ပ) အရတိရတိသဟနတာတိ ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဤ-ဘင်္ဂဉာဏ်ကိုရသော ယောဂီပုဂ္ဂိုလ်သည်–

၁။ သေသော်လည်း မပြတ်၊ ထပ်ပြီး ဖြစ်ဦးမှာပဲ ဟု ယူမှားသော သဿတဒိဋ္ဌိအယူမှားကို ပယ်နိုင်ခြင်း။

၂။ မိမိအသက်၌ ငဲ့ကွက်ခြင်းကို စွန့်နိုင်ခြင်း။

၃။ နေ့ညဥ့်မပြတ် ဝိပဿနာအလုပ်ကို လွန်စွာ အားထုတ်နိုင်ခြင်း။

၄။ စင်ကြယ်သော အသက်မွေးမှုရှိခြင်း။

၅။ နဝကမ္မမှု ကိစ္စ ကြီးငယ်တို့၌ ကြောင့်ကြအားထုတ်မှုကို စွန့်ပယ်နိုင်ခြင်း။

၆။ မိမိကိုယ်ကို ချစ်ခင်ခြင်းကင်းသဖြင့် ကြောက်ခြင်း ထိတ်လန့်ခြင်း ကင်းခြင်း။

၇။ အရာရာတို့၌သည်းခံနိုင်ခြင်း၊ကောင်းသောအမှု၌ မွေ့လျော်ခြင်း။

၈။ ဆိတ်ငြိမ်သော တောကျောင်း၌ သမထ ဝိပဿနာဟူသော လွန်ကဲသောကုသိုလ်၌ မမွေ့လျော်ခြင်း၊ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းတို့ကို နှိပ်နင်းနိုင်ခြင်း–

ဤရှစ်ပါးတို့တည်း။

### ဆောင်ပုဒ်လင်္ကာ

ဘင်္ဂဉာဏ်တွင်၊ ကျိုးရှစ်အင်ကား၊ သဿတဖျက်၊ အသက်မခင်၊ ဘာဝနာယှဥ်၊ သက်မွေးမှားစင်၊ ဗျာပါဒကြဉ်၊ အတ္တစင်၍၊ လုံးစုံဘေးကင်း၊ သည်းခံခြင်းနှင့်၊ ကာမ မပျော်၊ ကောင်းမှုပျော်ဟု၊ သူတော်သဘာဝ၊ ရှစ်ဌာနသည်၊ ဘင်္ဂဉာဏ်မြင်၊ အာနိသင်တည်း။

## တိုက်တွန်းနှိုးဆော်ချက်

ဒိသွာ ယုဋ္ဌေ သဒါ တတ္ထ၊ အင္ဂုဏာဝရေ ဣမေ။
အာဒိတ္တစေလသိရောဝ၊ သီဃံ အမတပတ္တိယာ။

မြန်မာပြန်ကား–ထို အပျက် အပျက်ကိုသာ ထင်မြင်ရင့်သန် ဘင်္ဂဉာဏ်၌ ဤရှစ်ပါးသော ထူးခြားတင့်အပ် ကျေးဇူးအာနိသင်မြတ်တို့ကို တပ်တပ်ထင်ထင် သိမြင်ပါ၍ လျှင်လျှင်မြန်မြန် မနှေးဖင့်ပဲ မသေရာမှန် ပြည်နိဗ္ဗာန်ကို ကေန်ထုတ်ချောက် အမြန်ရောက်စေခြင်းအကျိုးငှာ ဘယ်ခါမပြတ် မလစ်လပ်စေပဲ အခါခပ်သိမ်း ပုဆိုးဦးသျှောင် ရဲရဲလောင်သို့ ငြိမ်းအောင်သတ်ခြင်းငှာ လူယောကျ်ားကဲ့သို့ ကိစ္စတပါး လက်လွှတ်ထားလျက် တရားကိုသာ အားထုတ်ရာသတည်း။
ဘင်္ဂဉာဏ်ပြီး၏။

---

## ဘယဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဤလိုဤပုံ ဘင်္ဂဉာဏ်ကို လက်ကိုင်ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဘင်္ဂဉာဏ်ကိုပင် ကြိမ်ဖန်များစွာ လေ့လာပွားများရမည်။ ထိုသို့ ပွားများသော ယောဂီပုဂ္ဂိုလ်အား (သဗ္ဗာဘဝယောနိဂတိဝိညာဏဋ္ဌိတိသတ္တာဝါသေသု ။ပ။ မဟာဘယံ ဟုတွာ ဥပဋ္ဌဟန္တိ)ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ အသက်ရှည်ကြာ ချမ်းသာလိုရေး သေဘေးကိုလည်း ကြောက်တတ်သော ယောကျ်ားသည် ခြင်္သေ့သစ်ကျား သားရဲဝံအောင်း မြွေဆောင်းစွယ်ပြူး ဘီလူးရက္ခိုသ် နွားမိုက်ခွေးကြမ်း အမှန်ပြွမ်းသောဆင် အဆိပ်လျှင်သော မြွေဆိုး မိုးကြိုးစက်ကွင်း သင်္ချိုင်းစစ်ပွဲ အလုံ့စဲသော ရွားမီးခဲစုကို တွေ့မြင်ရ၍ မှိုင်းမေ့ဝေနောက် သေမတတ် ကြောက်သကဲ့သို့ ခပ်သိမ်းဥဿုံ ပျက်ပြားကုန်သော တေဘူမက သင်္ခါရတို့ကို ဘေးကြီးဘေးကြီးပါတကား-ဟု ထင်မြင်လာကုန်၏။

ထိုအခါ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝ၌ ထင်မြင်သာသည်မှာ (ကေသာကိရ ဣတ္ထိယာ။ပ။ဘယတုပဋ္ဌာနဉာဏံ)ဆိုတဲ့ ဝိသုဒ္ဓိမဂ်နှင့်အညီ သတ်ပြီး

သတ်ဆဲဖြစ်သော သားကြီး,သားလတ်တို့ကိုမြင်၍ သတ်လတ္တံ့သောသား ငယ်၌ တွယ်တာငဲ့ကွက်ခြင်းအာလယကင်းသော အမိကဲ့သို့လည်းကောင်း၊ သားကိုးယောက်လည်း သေလေပြီ၊ လက်ထဲမှာရှိတဲ့သားလည်း သေဆဲ၊ ဝမ်းထဲမှာရှိတဲ့ သားလည်း မခင်မတွယ်တာတော့ပဲ သားသမီး မတင်သော မြိန်းမကဲ့သို့လည်းကောင်း ထို့တူပမာ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ပျက်၍,ပျက်၍၊ သေ၍,သေ၍ချည်းသာ တသေတည်းသေ၍ နေကြသော ကြောင့် ခင်မင်တွယ်တာခြင်း မရှိတော့ပေ။ ထိုအခါ ဘယဉာဏ်သည် ပြီးဆုံးပြီဟု သိမှတ်ပါလေ။

မှတ်ချက်၊ ။ယထာ နာမ စက္ခုမာ ပုရိသော ။ပ။ တရဏမတ္တမေဝ ဟောတိ ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဘယဉာဏ်ဆိုသော်လည်း မြေဖုံတ်ဘီလူးတို့ကိုမြင်၍ ကြောက်သကဲ့သို့ ကြောက်သည်မဟုတ်ပေ။ မျက်စိအမြင်နှင့်ပြည့်စုံသော ယောကျ်ားသည် မြို့တံခါးအပြင်၌ အကြီး,အလတ်, အငယ်ဟူသော မီးကျီးတွင်းသုံးခုတို့ကိုလည်းကောင်း၊ ရှားသားတံကျင်, သံတံကျင်, ရွှေတံကျင်ဟူသော တံကျင်သုံးခုတို့ကိုလည်းကောင်း မြင်ရသည်ရှိသော် ဤမီးကျီးတွင်းသုံးခု၊ တံကျင်သုံးချောင်းတို့၌ မတော်တဆ ကျသွားသောသူသည်ကား ကြီးမားပြင်းပြလှစွာသော ဆင်းရဲဒုက္ခကို မုချတွေ့ရတော့မည်ဖြစ်၍ ကြောက်မက်ဖွယ်ကြီးပါတကားဟု ဘယဉာဏ်ဖြင့် နှိုင်းယှဉ်ပိုင်းခြား ဆုံးဖြတ်စေကာမျှသာ ဖြစ်သည်ဟု သိမှတ်ပါလေ။

ထိုမီးကျီးတွင်း တံကျင်တို့၌ ကျလတ္တံ့သောအကြောင်း မကောင်းသောအမှုကို မိမိမပြုသောကြောင့်ကား မိမိစိတ်ထဲမှာ အသည်း(သဲ)တုံ အူတုံ ကြောက်ခြင်းမဖြစ်သကဲ့သို့ မီးကျီးတွင်း တံကျင်တို့နှင့်တူသော ကာမ-ရူပ-အရူပ တည်းဟူသော ဘုံသုံးပါးတို့၌ ပဋိသန္ဓေနေခြင်းမှ စုတိသေနေ့ကျအောင် မပြတ်မစဲ ထပ်တလဲလဲ တသက်လုံး ပျက်ပြားနေဖန် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို သိမြင်ရသော ယောဂီပုဂ္ဂိုလ်သည် လောက၌ ကြောက်မက်ဖွယ်တို့ကိုမြင်၍ ကြောက်သကဲ့သို့ မဟုတ်ပေ။ ပညာဖြင့်သာ ဤ ဖြစ်ပျက်သင်္ခါရတွေဟာ ကြောက်မက်ဖွယ် ဘေးကြီးပါတကားဟု

နှိုင်းယှဉ်ကြံစည်ရုံမျှသာ ဖြစ်သည်။ မဟာကုသိုလ်ဇောပေတည်း။ သစ်ကျား ဘီလူးတို့ကို ကြောက်သကဲ့သို့ ကြောက်လျှင် ကုသိုလ်ဇောမဟုတ်၊ အကုသိုလ်ဒေါသဇောသာ ဖြစ်သည်။

ဤတွင် ဘယဉာဏ်ပြီး၏။

---

## အာဒီနဝဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဤလိုဤပုံ ဘယဉာဏ်ကိုရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဘယဉာဏ်ကိုပင် ကြိမ်ဖန်များစွာ လေ့လာပွားများရမည်၊ ထိုသို့ ပွားများသော ယောဂီပုဂ္ဂိုလ်အား (သုခေန ဇီဝိတုကာမဿ ။ပ။ အာဒီနဝဉာဏံ နာမ) ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ အသက်ရှည်လို ချမ်းသာလိုသော ယောကျ်ားသည် သားရဲနေသောတော၊ ကျားခိုအောင်းနေသောတောင်ခေါင်း၊ မိကျောင်းရက္ခိုသ်စောင့်သော ရေ၊ ခိုးသူဒမြနေသော ခရီးလမ်း၊ သန်လျက်ထမ်း၍လာသော လူသတ်သမား၊ အဆိပ်ခတ်သော ထမင်း၊ မီးစွဲလောင်နေသော အိမ်၊ ချိန်ရွယ်ပစ်ထိုး ခုတ်ထစ်သော စစ်မြေပြင်သို့ ရောက်၍ ရှုံ့ကြောက်လန့်ထိတ် စိတ်မပျော်ရွှင် ထက်ဝန်းကျင်အားဖြင့် အပြစ်ဒေါသ အာဒီဝနကိုသာ မြင်နေသကဲ့သို့ ခပ်သိမ်းသော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသတို့၌ တာဏ-လေဏ-ဂတိ-ပဋိသရဏ စောင့်ရှောက်ရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်အားထားရာကို မမြင်၊ ဘဝါဂ်ဂတ ဘယ်ဘုံဘယ်ဘဝ တစုံတခုသော သင်္ခါရကိုမျှ တောင့်တမှုမပြု၊ တေဘူမက ဘုံသုံးတန်ကို အလျှံကင်းစဲသော မီးကျီးတွင်း မီးကျီးခဲစု၊ ပထဝီ-တေဇော-အာပေါ-ဝါယောဟူသော ဓာတ်ကြီးလေးဖြာကို အဆိပ်ထန်သောမြွေ၊ ငါးထွေသောခန္ဓာကို ဥက္ခိတ္တာသိက-ချိမ့်မိုးရွယ်သောသန်လျက်လက်၌ရှိသော ယောကျ်ား၊ အဇ္ဈတ္တိကာယတနခြောက်ပါးကို ရွာဆိုးရွာပျက်ကြီးပမာ, ဗာဟိရာယတနခြောက်ပါးကို ဂါမဃာတက-ခိုးသားဒမြ၊ ဝိညာဏဋ္ဌိတိ-ခုနစ်ပါး၊ သတ္တာဝါသကိုးပါးတို့ကို တဆယ့်တပါးသောမီးတို့ဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်နေသည့်ပမာ ဘင်္ဂါနုပဿနာ၏

အစွမ်းအားဖြင့် ဘေးကြီး-ဘေးကြီးဟု ထင်လာကုန်ပြီးသော ရုပ်နာမ် သင်္ခါရတရားတို့ကို အိုင်းအနာ ရောဂါ-မြှား-ငြောင့်ပမာ သက်သာရာမရှိ၊ သမ္မတ္တိကင်းစင် ထက်ဝန်းကျင်မှ ကြီးစွာသော အပြစ်အစုသာ ဉာဏ်ဝမှာ ထင်မြင်လာတော့၏။

တန္ဆာယ်ငင် တစင်လုံးပါ ဆိုသကဲ့သို့ ပဋိသန္ဓေနေတာလည်း ရုပ်နာမ်၊ အိုတယ်၊ နာတယ်၊ သေတယ်ဆိုတာလည်း ရုပ်နာမ်၊ ရုပ်နာမ်ကို နုတ်ချန် လိုက်လျှင် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိပြီ။ ရုပ်နာမ် ဆိုတာ လွန်စွာ အပြစ်များပါလား-ဟု ရုပ်နာမ်၏အပြစ်ကိုသာ မြင်လာ တော့၏။ ထိုအခါ အာဒီနဝဉာဏ်ပြီးပြီဟု သိမှတ်ပါလေ။

### အာဒီနဝဉာဏ်နှင့် သန္တိပဒဉာဏ် ဆယ်ပါး

ဥပ္ပါဒဥ္စ ပဝတ္တဥ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။

အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနာ အပ္ပဋိသန္ဓိ၊ ဉာဏံ သန္တိပဒေ ဣဒံ။

ဣဒံ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ။
ပဉ္စဋ္ဌာနေ သန္တိပဒေ၊ ဒသ ဉာဏေ ပဇာနာတိ။
ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ။
(ဝိသုဒ္ဓိမဂ်-၂၈၆)

မြန်မာပြန်ကား— ဥပ္ပါဒ-ပဝတ္တ-နိမိတ္တ-အာယူဟန-ပဋိသန္ဓိ ဤငါးပုဒ် တို့သည် ရုပ်နာမ်ကိုချည်း ဆိုသည်။ ဤရုပ်နာမ်ငါးမျိုးကို ဆင်းရဲဒုက္ခ ချည်းပါတကားဟု ရှုအင်၏။ ဤဝဋ္ဋငါးမျိုးရှိသောဉာဏ်ကို အာဒီနဝ ဉာဏ်မည်၏ဟု သိမှတ်ပါလေ။

အနုပ္ပါဒ-အပ္ပဝတ္တ-အနိမိတ္တ-အနာယူဟန-အပ္ပဋိသန္ဓိ-ဤငါးပုဒ်တို့သည် နိဗ္ဗာန်ကိုချည်း ဆိုသည်။ ဤနိဗ္ဗာန်ငါးမျိုးကို ချမ်းသာသုခချည်းပါ

တကားဟု ရှုအပ်၏။ ဤ ဝတ္ထုငါးမျိုးရှိသော ဉာဏ်ကို သန္တိပဒဉာဏ်မည်၏ဟု သိမှတ်ပါလေ။

## ပွားများပုံ

ပါဠိလိုပွားများပုံကား—

ဥပ္ပါဒံ ဘယံ၊ ပဝတ္တံ ဘယံ၊ နိမိတ္တံ ဘယံ၊ အာယူဟနံ ဘယံ၊ ပဋိသန္ဓိ ဘယံ။ (ဤကား အာဒီနဝဉာဏ်၌ ပါဠိလိုပွားများပုံတည်း။)

အနုပ္ပါဒံ ခေမံ၊ အပ္ပဝတ္တံ ခေမံ၊ အနိမိတ္တံ ခေမံ၊ အနာယူဟနံ ခေမံ၊ အပ္ပဋိသန္ဓိ ခေမံ။(ဤကား သန္တိပဒဉာဏ်၌ ပါဠိလိုပွားများပုံတည်း။)

မြန်မာလိုပွားများပုံကား—

၁။ ရုပ်နာမ်တို့၏ ဖြစ်ပေါ်လာခြင်းသည် ကြောက်မက်ဖွယ်ကောင်းသော ဘေးကြီးပါတကား။

၂။ ရုပ်နာမ်တို့၏ ထပ်ကာ စပ်ကာ ဖြစ်ပျက်နေခြင်းသည် ကြောက်မက်ဖွယ် ဘေးကြီးပါတကား။

၃။ ရုပ် နာမ်နိမိတ် ဖြစ်ပေါ်လာခြင်းသည် ကြောက်မက်ဖွယ် ဘေးကြီးပါတကား။

၄။ နောင်ပဋိသန္ဓေအကြောင်း အားထုတ်သော ကံသည် ကြောက်မက်ဖွယ် ဘေးကြီးပါတကား။

၅။ လာလတ္တံ့သော ပဋိသန္ဓေသည် ကြောက်မက်ဖွယ်၊ ဘေးကြီးပါတကား။

(ဤကား အာဒီနဝဉာဏ်၌ မြန်မာလို ပွားများပုံတည်း။)

၁။ ရုပ်နာမ်တို့၏ မဖြစ်မပျက်ရာ နိဗ္ဗာန်သည်ကား ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

၂။ ရုပ်နာမ်တို့၏ အသစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

၃။ ရုပ်နာမ်နိမိတ်မဖြစ်ရာ နိဗ္ဗာန်သည်ကား ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

၄။ နောင်ပဋိသန္ဓေအကြောင်း အားမထုတ်ခြင်းသည် ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

၅။ လာလတ္တံ့သော ပဋိသန္ဓေမရှိခြင်းသည် ဘေးမရှိ၊ ဘေးကင်းလှပါ၏တကား။

(ဤကား သန္တိပဒဉာဏ်၌ မြန်မာလို ပွားများပုံတည်း။)

**မှတ်ချက်။** ။ရုပ်နာမ်တို့၏ အပြစ်ကိုမြင်သော အာဒီနဝဉာဏ် ငါးပါး။
နိဗ္ဗာန်၏ ချမ်းသာကိုမြင်သော သန္တိပဒဉာဏ် ငါးပါး။

ဤဉာဏ် ၁၀-ပါးတို့၌ လိမ္မာသည်၏ အဖြစ်ကြောင့် မျက်မှောက်ဘဝ၌ နိဗ္ဗာန်ရှိ၏ဟု ယူမှားသောအယူကြောင့် မတုန်လှုပ်တော့ပြီဟု ဆိုလိုခြင်း ဖြစ်သည်။

တနည်း–ပွားများပုံ

၁။ ဥပ္ပါဒေါ၊ ရုပ်နာမ်တို့၏ဖြစ်ခြင်းသည်။ ဒုက္ခော၊ ဆင်းရဲကြီးပါတကား။

၂။ အနုပ္ပါဒေါ၊ ရုပ်နာမ်တို့၏ မဖြစ်ခြင်းသည်။ သုခေါ၊ ချမ်းသာကြီးပါတကား။

၃။ ပဝတ္တော၊ ရုပ်နာမ်တို့၏ အသစ် အသစ် ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခော၊ ဆင်းရဲကြီးပါတကား။

၄။ အပ္ပဝတ္တော၊ ရုပ်နာမ်တို့၏ အသစ်မဖြစ်ပေါ်လာခြင်းသည်။ သုခေါ၊ ချမ်းသာကြီးပါတကား။

၅။ နိမိတ္တော၊ ရုပ်နာမ်နိမိတ် ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခော၊ ဆင်းရဲအစုကြီးပါတကား။

၆။ အနိမိတ္တော၊ ရုပ်နာမ်နိမိတ် မဖြစ်ပေါ်လာခြင်းသည်။ သုခေါ၊ ချမ်းသာအစုကြီးပါတကား။

၇။ အာယူဟနော၊ အားထုတ်သောကံသည်။ ဒုက္ခော၊ ဆင်းရဲအစုကြီးပါတကား။

၈။ အနာယူဟနော၊ ကံကို အားမထုတ်ခြင်းသည်။ သုခေါ၊ ချမ်းသာအစုကြီးပါတကား။

(ဤကား ပွားများပုံ တနည်းတည်း။)

**အထူးသိရန်မှာ**—ဖြစ်ပျက် ရုပ်နာမ်ဘေးတို့ကို တပ်တပ်ထင်ထင် သဘောပေါက်အောင် မြင်မှ ဆန့်ကျင်ဘက်နိဗ္ဗာန်ကို လိုလားနှစ်သက်သော အာရမ္မဏိက မဂ်စိတ် ဖိုလ်စိတ် ဖြစ်ပေါ်လာနိုင်အောင် ပွားများ အားထုတ်ရသည်ဟု သိမှတ်ပါလေ။

## ရှုပုံရှုနည်း နည်းယူရန်

ဣမေသံ မမ ခန္ဓာနံ ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသံ။ ပ။ တေ မမ ပဉ္စက္ခန္ဓာ ဓမ္မာ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စာ။ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခာ။ အသာရကဋ္ဌေန အနိယာမရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ။ ဧဝံ ဘင်္ဂဝသေန အာဒီနဝါနုပဿံ အာဒီနဝေ ဉာဏံ။

**အနက်ကား**—မမ၊ ငါ့အား။ ဣမေသံ ခန္ဓာနံ၊ ဤခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏။ ဥပ္ပါဒေါ၊ ကံအားလျော်စွာ ဘဝတဖန် ရုပ်နာမ်ခန္ဓာ တဖန် တဖန် ဖြစ်ရခြင်းသည်။ သာမိသံ၊ ထိုထိုများစွာ လူဗိုလ်ပါတို့၏ ဟင်းလျာ လက်သုပ် ပြုလုပ်အပ်သော ဝက်သား, ကြက်သား, အမဲသားကဲ့သို့ ဆိုတူပမာ ကိလေသာမာရ်၊ ဒေဝပုတ္တမာရ်တို့သည် အဖန်ဖန် နှိပ်နင်းလျက်

သေမင်း၏ ဟင်းလျာလက်သုပ် ပရိဘုတ် အာဟာရသည်။ ဟောတိ၊ မုချ မသေ့ ဖြစ်ရလေ၏။ အနုပ္ပါဒေါ၊ တဏှာပယ်သော မဂ်အကျင့်ဖြင့် အရ· ဟတ္တဖိုလ်သို့ ရောက်သဖြင့် နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းအေးပြီးနောက် တစုံ တခုသော ဘုံဘဝတို့၌ ပဋိသန္ဓေ တဖန် မနေရတော့ပဲ တဖန် အသစ် မဖြစ်ရခြင်းသည်။ နိရုမိသံ၊ ကိလေသမာရ် ဒေဝပုတ္တမာရ်တို့၏ အဖန်ဖန် နှိပ်စက်ခြင်း ကင်းလွတ်လျက် သေမင်း၏ဟင်းလျာအဖြစ်မှ လွတ်ရတော့ သည်။ ဟောတိ၊ မုချမသေ့ ဖြစ်ရလေတော့၏ ။ပ။ မမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော။တေ ဓမ္မာ၊ ထို တကိုယ်လုံး တကောင်လုံး ဆိုတဲ့ ရုပ်နာမ် တရားတို့သည်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက် ကြောင့်။ ဝယဋ္ဌေန၊ ပျက်စီးတတ်သော အနက်ကြောင့်။ အနိစ္စာ၊ အမြဲ မရှိကုန်။ ဘယဋ္ဌေန၊ ဘေးဟူသော အနက်ကြောင့်။ ပီဠနဋ္ဌေန၊ နှိပ်စက် တတ်သော အနက်ကြောင့်။ ဒုက္ခာ၊ဆင်းရဲကုန်၏။အသာရကဋ္ဌေန၊ အနှစ် သာရ မရှိသော အနက်ကြောင့်။ အနိဿရဋ္ဌေန၊ အစိုးမရသော အနက် ကြောင့်။ အဝသဝတ္တနဋ္ဌေန၊ အလိုသို့ မလိုက်တတ်သော အနက်ကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ ဧဝံ၊ ဤသို့။ ဘင်္ဂဝသေန၊ ကုန်ပျောက် ပြုန်းတီးပျက်စီးခြင်း၏ အစွမ်းဖြင့်။ အာဒီနဝါနုပဿံ၊ အပြစ်ဒေါသကို သုံးသပ်ဆင်ခြင်ခြင်းသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ် မည်၏။

**မှတ်ချက်။** ။ပဝတ္တ၊ နိမိတ္တ၊ အာယူဟန၊ ပဋိသန္ဓိ၊ အပ္ပဝတ္တ၊ အနိမိတ္တ၊ အနာယူဟန၊ အပ္ပဋိသန္ဓိတို့၌လည်း ထို့အတူ သိမှတ်ပါလေ။

ဤလို ရှေးဖြစ်သော အာဒီနဝဉာဏ် ငါးပါးတို့ကို ရုပ်နာမ်သင်္ခါရတို့၏ အပြစ်ကိုပြလို၍ ဟောတော်မူသည်·ဟု သိမှတ်ပါလေ။

နောက်ဖြစ်သော သန္တိပဒဉာဏ် ငါးပါးတို့ကိုကား အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက်တို့ကို ပြခြင်းငှာလည်းကောင်း၊ ထို-သန္တိပဒဉာဏ်ကို ရ၍ ထိုထိုဘုံဘဝတို့၌ တဖန် အသစ် အသစ်ဖြစ်ရမည်ကို ထိတ်လန့်တုန်လှုပ် သော စိတ်နှလုံးရှိသော ယောဂီပုဂ္ဂိုလ်အား ထိုအပြစ်၏ ဆန့်ကျင်ဘက် ရုပ်နာမ်ကို သိမြင်သဖြင့် ထိုရုပ်နာမ်၏ ဆန့်ကျင်ဘက် အသစ်မဖြစ်သော နိဗ္ဗာန်ကို အနုမာန မျက်မှန်းဆဖြင့် သိရသောကြောင့် (ဝါ) အပျက်၏

ဆန့်ကျင်ဘက် မဖြစ် နိဗ္ဗာန်လည်းရှိ၏ဟု သိရသဖြင့် သက်သာရာကို ရစေခြင်းငှာလည်းကောင်း၊ ထိုအဖြစ် ရုပ်နာမ်ရှိလျှင် မဖြစ်သော နိဗ္ဗာန်လည်း ရှိ၏ဟု သိသော သန္တိပဒဉာဏ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်၏ စိတ်နှလုံးသည် ရုပ်နာမ်တို့၏ အပြစ်ကိုမြင်သဖြင့် ထိုရုပ်နာမ်တို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ညွတ်ကိုင်း၏-ဟု သိစိမ့်သောငှာလည်းကောင်း ဟောတော်မူခြင်းဖြစ်သည်ဟု သိမှတ်ပါလေ။ သိသည့်အတိုင်း သတောမိအောင် ကြိမ်ဖန်များစွာ အခါခါ သုံးသပ် ဆင်ခြင်ရမည်ဟု သိမှတ်ပါလေ။

## ဒိဋ္ဌဓမ္မနိဗ္ဗာန်

ဤအာဒီနဝဉာဏ်နှင့် သန္တိပဒဉာဏ် နှစ်ပါးတို့၌ လိမ္မာသည်၏အဖြစ်ကြောင့် ရုပ်နာမ်ကား အရှုပ်ကြီး၊ နိဗ္ဗာန်ကား အရှင်းကြီး၊ ရုပ်နာမ်ကား အပူကြီး၊ နိဗ္ဗာန်ကား အအေးကြီး စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်လာသောကြောင့် မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင် ဒိဋ္ဌဓမ္မနိဗ္ဗာန်ရှိ၏ဟု ယူမှားသော ဒိဋ္ဌိတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ဤတွင် အာဒီနဝဉာဏ် ပြီး၏။

---

## နိဗ္ဗိန္ဒာဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

ဤလိုဤပုံ အာဒီနဝဉာဏ်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုအာဒီနဝဉာဏ်ကိုပင် ထပ်မံ၍ လေ့လာပွားများရမည်။ ထိုသို့ ပွားများသော ယောဂီပုဂ္ဂိုလ်အား (သေယျထာပိ နာမ စိတ္တကူဋပဗ္ဗတပါဒါဘိ-ရတော ။ပ။ မာနသော ဟောတိ)နှင့်အညီ အနောတတ္တအိုင်၏ အနောက် မျက်နှာအရပ်တွင် ရတနာခုနစ်ပါးဖြင့်ပြီးသော စိတ္တကူဋတောင်ခြေ၌ ပျော်ပိုက်၍နေသော ရွှေဟသာမင်းသည် စဏ္ဍာလရွာ၏အထွက် ရွံ့အိုင်ငယ်ဗွက်၌ မနှစ်ခြိုက် မပျော်ပိုက်နိုင်၊ အိုင်ကြီး ခုနစ်အိုင်တို့၌သာ ပျော်ပါး နှစ်ခြိုက်သကဲ့သို့လည်းကောင်း၊ ရွှေချိုင့် လှောင်သွင်း၍ထားသော

သားမင်း ကေသရာဇာသည် ယူဇနာသုံးထောင် ကျယ်ပြောဆောင်သော ဟိမဝန္တာတောင်အကွေ့၌သာ ပျော်ရှင်သကဲ့သို့လည်းကောင်း၊ (ဟတ္ထ-ပါဒ-ဝါလ-သောဏ္ဍ-ဝတ္ထိကောသ)ဟူသော ဘူမိဖုသန အင်္ဂါငါးပါးတို့ဖြင့် မြဲ၍တည်သောကြောင့် သတ္တပတိဋ္ဌမည်သော သဗ္ဗသေတ ဝေဟာသပုံ ဆဒ္ဒန်ဆင်မင်းသည် မြို့တွင်း၌ မမွေ့လျော်နိုင် ဆဒ္ဒန်အိုင်၌သာ မွေ့လျော်သကဲ့သို့လည်းကောင်း ခပ်သိမ်းကုန်သော သင်္ခါရရုပ်နာမ်ခန္ဓာတရားတို့ကို အပြစ်ဒေါသ အာဒီဝနအားဖြင့် မြင်ပြီးသော ယောဂါဝစရ၊ ကေသရာ၊ ဆင်မင်းသည် အကြွင်းမရှိ ဘဝ-ယောနိ-ဂတိ-ဌိတိ-သတ္တာဝါသ တို့၌ မနှစ်ခြိုက် မမွေ့လျော်နိုင်။ ညှိုးမှိုင်နွမ်းချိ ပျင်းရိငြီးငွေ့ မပျော်မွေ့ပဲ အနုပဿနာသုံးပါး, ခုနစ်ပါး, ဆယ်ပါး အနုလောမဉာဏ်ဖြင့် မြင်အပ်ပြီးသော အနုပ္ပါဒနိရောဓနိဗ္ဗာန် တရားအား ရှုံ၍သာ ပျော်ပါး ညွတ်ကိုင်းရှိုင်းသောစိတ် ရှိ၍သာနေလေတော့၏။ ထိုအခါ နိဗ္ဗိန္ဒာဉာဏ် ပြီးပြီဟု သိမှတ်ပါလေ။

## ဘယဉာဏ်-အာဒီနဝဉာဏ်-နိဗ္ဗိန္ဒာဉာဏ် သုံးပါးတို့၏တူပုံ

ယာ စ ဘယတုပဋ္ဌာနေ ပညာ၊ယဉ္စ အာဒီနဝေ ဉာဏံ၊ ယာ စ နိဗ္ဗိန္ဒာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ ဟူသည်နှင့်အညီ ဤ ဘယ-အာဒီနဝ-နိဗ္ဗိန္ဒာဉာဏ် သုံးပါးတို့သည် တူသောအနက်ရှိတယ်၊ သဒ္ဒါမျှသာထူးကြတယ်၊ သဘောအားဖြင့်တော့ အနု-အလတ်-အရင့်သာကွဲ၍ ဆင်တူရိုးမှားပဲ ဖြစ်ကြတယ်၊ ရှုမှတ်နေတဲ့အခါ ဉာဏ်ဝမှာ ကြောက်မက်ဖွယ်ထင်တာရယ်,အပြစ်မြင်တာရယ်,မုန်းတီးငြီးငွေ့နေတာရယ်၊ ဤမျှလောက်ပါပဲ။ ဥပမာဆိုသော် ရန်သူလက်ထဲသို့ရောက်နေတဲ့သူဟာ ရှေးဦးစွာ ရန်သူကို ကြောက်တဲ့စိတ် ဖြစ်နေတယ်။ ပြီးတော့ ရန်သူကို အပြစ်မြင်လာတယ်၊ပြီးတော့ ရန်သူလက်ထဲမှာနေရတာကို ငြီးငွေ့လာတယ်။ ထို့တူပမာ အဆိုပါ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်တို့ကို တွေ့မြင်ရဖန်များလာတဲ့အခါ ကြောက်မက်ဖွယ်ထင်လာတဲ့ ဘယဉာဏ်၊ ရုပ်နာမ်တို့၏ အပြစ်ကို ထင်မြင်လာတဲ့ အာဒီနဝဉာဏ်၊ ရုပ်နာမ်တို့၌ ငြီးငွေ့လာတဲ့ နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပေါ်လာပေတယ်။

အပြစ်မြင်လာပုံကား—ရှုနေကျ မှတ်နေကျဖြစ်တဲ့ ရုပ်နာမ်တို့ရဲ့ အနိစ္စ-ဒုက္ခ-အနတ္တ အပြစ်ကိုလည်းကောင်း၊ ရုပ်နာမ်ရလို့ အိုရ-နာရ-သေရတာပဲ၊ရုပ်နာမ်မရယင်၊ ဝါ၊ ရုပ်နာမ်ကို နုတ်ချန်ထားလျှင် အိုစရာ-နာစရာ သေစရာ မရှိတော့ဘူး၊ အပါယ်ကျတယ် ငရဲကျတယ် ဆိုတာတွေဟာ ရုပ်နာမ်ရှိလို့ပဲ ဖြစ်တယ်။ ရုပ်နာမ်မရှိယင် အပါယ်လဲ ကျစရာမရှိတော့ဘူး။ ခြေပြတ်တယ် လက်ပြတ်တယ် ဦးခေါင်းပြတ်တယ်၊ ခြေကျိုး လက်ကျိုး မျက်စိကန်း နားပင်း ဆွံ့အ အရူး အနှမ်း ဆိုတာတွေလဲ ရုပ်နာမ်ရှိလို့ ဖြစ်တာပဲ၊ ရုပ်နာမ်မရှိယင် ရုပ်နာမ်ကိုပြန်မရယင် ဤအဖြစ်မျိုးတွေဟာ အားလုံးမရှိတော့ဘူး၊ ငြိမ်းပြီ-အေးပြီ၊ ရုပ်နာမ်ဆိုတာ လွန်စွာ အပြစ်များပါသကားဟု တနွယ်ငင် တစင်လုံးပါ ဆိုတာလို ရုပ်နာမ်တို့၏ အပြစ်တို့ကို အကွက်မိမိ သိမြင်လာတော့သည်။

ဤတွင် နိဗ္ဗိန္ဒာဉာဏ် ပြီး၏။

---

## မုစ္စိတုကမျတာဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

ဤလိုဤပုံ နိဗ္ဗိန္ဒာဉာဏ်ကိုရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုနိဗ္ဗိန္ဒာဉာဏ်ကိုပင် ထပ်မံ၍ လေ့လာပွားများရမည် ဖြစ်သည်။ ထိုသို့ လေ့လာပွားများသော ယောဂီပုဂ္ဂိုလ်အား (ယထာ နာမ ဇာလဗ္ဘန္တရဂတော မစ္ဆော။ပ။ မုစ္စိတုကာမဿ ဥပ္ပဇ္ဇတိ)နှင့်အညီ ပိုက်ကွန်၌မိသော ငါး၊ မြွေ(မွေ့)ခံတွင်းသို့ရောက်သော ဘား(ဖား)၊ လှောင်ချိုင့်၌ထားသော ကြက်၊ အလမ္ပာယ်လက်၌ မြွေ၊ ကျော့ကွင်းမိသော သားသမင်၊ ဂဠုန်လက်တွင်း၌မိသော နဂါး၊ ကြောင်လက်တွင်း၌မိသော ကြွက်သူငယ်၊ စွန်လက်တွင်း၌မိသော စာသူငယ်၊ ညွန်တွင်း၌ကျသော ဆင်၊ ရာဟုခံတွင်းသို့ဝင်ဆင်းရသော လ၊ ရန်သူဝိုင်းထားခံရသော ယောကျ်ား၊ ဤ ငါး စသော သတ္တဝါတို့သည် ကျင်နာတုန်လှုပ်၍၊ အသက်ဘေးမှ ထွက်ပြေး လွတ်မြောက်လိုသကဲ့သို့ ထို့တူပမာ ဝိပဿနာဉာဏ် အတန်တန် ဘင်္ဂ-ဘယ-အာဒီနဝ-နိဗ္ဗိန္ဒာဉာဏ်တို့ တိုင်အောင် လက်ကိုင်ပွားစီး အားထုတ်ပြီးသော အာရဒ္ဓဝိပဿက

ပုဂ္ဂိုလ်သည် တောဘုမကာ သင်္ခါရဟူသမျှတို့၌ ပျော်ပိုက်တပ်စွန်း စွဲလမ်းနှစ်သက် ငဲ့ကွက်တွယ်တာခြင်းမထင်၊ အပြစ်မြင်၍ လွတ်လို လွတ်ချင်သော စိတ်သည် တဖွားဖွားဖြစ်ပေါ်၍ နေလေတော့သည်။ ထိုအခါ မုစ္စိတုကမျတာဉာဏ် ပြီးပြီဟု သိမှတ်ပါလေ။

မှတ်ချက်။ ။ဤ မုစ္စိတုကမျတာဉာဏ်၌ ဝိပဿနာရှုပုံရှုနည်းမှာ အထူးမရှိတော့ပြီ၊ နိဗ္ဗိန္ဒာဉာဏ်၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်းသာဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ဤတွင် မုစ္စိတုကမျတာဉာဏ် ပြီး၏။

---

## ပဋိသင်္ခါဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

၁။ ဤလိုဤပုံ မုစ္စိတုကမျတာဉာဏ်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုမုစ္စိတုကမျတာဉာဏ်ကိုပင် တဖန် လေ့လာ ပွားများရမည်။ ထိုသို့ လေ့လာပွားများသော ယောဂီပုဂ္ဂိုလ်အား(ကောကိုရ ပုရိသော ။ပ။ တိလက္ခဏာရောပနံ)နှင့်အညီ (ဝါ) ငါးဆောင်းယောကျ်ား တံငါသားသည် ငါးဖမ်းမည့်အကြံ စိတ်အားသန်၍ ရေကန်သို့သက် ဆောင်းလက်ကို ကိုင်စွဲ ရေထဲ၌ပုန်းအောင်း ငါးကိုဆောင်းလေလျှင် လက်မောင်းလက်ရုံး ဝါးလုံးခန့်နီးနီး အကြေးအကွက် စက်အထွေထွေ လည်ရေးသုံးတန် (ဝါ) လည်ရေးသုံးဆင့် မျက်လုံးနီကြင် အဆိပ်လျှင်သော ရေတွင်းပေါက်မြွေ သဲမြွေ (မွေ)မြွေကို အမြေးလိုက်ချုပ် ဆောင်းနှင့်အုပ်မိက အဟုတ်အဟတ် ငါးကြီးမှတ်၍ ရအင်ပြီတခါ ငါးဖမ်းတံငါမှာ ဝမ်းသာအားရ စိတ်မာန်ကြွလျက် ဆောင်းဝလက်သွင်း အပြင်သိမ်းအုပ် လည်စိကိုဆုပ်မိလျှင် ဖော်ထုတ်၍ ကြည့်သောအခါ လည်ရေးသုံးတန် မျက်ဆန်နီကြင် မြွေပွေးကိုမြင်၍ အထင်မှောက်မှား ငါးကားမဟုတ် ကြမ်းကြုတ်ခက်ထန် လျင်မြန်အားရှိ မြွေပွေးကြီးဟု သိသဖြင့် သိတ-တသိတ မြမြကြက်သီး ချွေးဒီးဒီးကျ ကြောက်လန့် လှုသောကြောင့် အာကမြွေ(မွေ)မကိုက်ပေလို့သာ သေဘေးစစ်စစ် မုချဖြစ်၏ဟု အပြစ်ကို

မြင်လျက် မနှစ်သက် မသာယာ လွန်စွာ တွန့်ကုပ် စက်ဆုပ်ငြီးငွေ့၍ မတွေ့မမြင်အောင် လွတ်ချင်သောအခါ လွတ်ရာအကြောင်း ဦးခေါင်း အမြီး တလျောက်တည်း ပတ်ပတ်လည် မုန့်ညက်ကိုနယ်သကဲ့သို့ ဆုပ်နယ် ပင်ပန်း အားကုန်ခန်းစေပြီးမှ မြွေကြမ်းကိုလွတ်လျက် ကုန်းထက်သို့ ပြေးတက်ရပ်နေဘိသကဲ့သို့ ထို့တူပမာ ယောဂီဖြူ သူမြတ်မှာလည်း ရအပ် ပြီးသော အတ္တဘောကို လေ့ချော-လေ့ယာဉ် မြင်း-ဆင် ရထား၊ အစား အဝတ်-ပေါက်လွတ်မြောက်စား အားမရနိုင်ပဲ နိစ္စ-သုခ-အတ္တမှတ်ထင်၊ ကြေးမုံပြင်မှန်တွဲ အနဲ့နဲ့ဖိုးလိမ်း တစိမ့်စိမ့်ကြည့်ရှုလျက် (ဩော်-ချမ်းသာ လေစွ၊ ချမ်းသာလေစွ)ဟု တဖွဖွကျူးရင့် ဘဝင်မြင့်နေသည်နှင့် ငမိုက်သားယောကျ်ား မြွေနဂါးကို ငါးမှတ်၍ ဝမ်းမြောက် ဝမ်းသာ ဖမ်းယူသည်နှင့် ရှေးဦးစွာ တူစေရမည်။

၂။ ဤယောဂီပုဂ္ဂိုလ်သည် မနသိကာရ-ကလျာဏမိတ်ကောင်း အသင့် ပေါင်းမိ၍ သူတော်ကောင်းတရားကို ကြားနာပွားများ အားထုတ်ရသဖြင့် ဤခန္ဓာကိုယ် အတ္တဘောကာသား နိစ္စ, သုခ, အတ္တမဟုတ်၊ နာမ်ရုပ် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ သာတည်းဟု ဆနမြေးယှက် တခဲနက်ကို ဝိပဿနာ ဉာဏ်ဖြင့် ဝက်ဝက်ကွဲအောင် ဖို့ခွဲဖျက်ဆီး၍ရှုတဲ့အခါ သူငါ မထင်, သူငါ မရှိ, သူငါမဟုတ်၊ နာမ်ရုပ်ဝမ္မ သင်္ခါရတို့၏ မမြဲ-ဆင်းရဲ အစိုးမရသော လက္ခဏာရေးသုံးပါးတို့ကို ကောင်းစွာသိမြင်လာသည်နှင့် တံငါလူသည်မ်း မြွေကိုဖမ်း၍ စုံစမ်းကြည့်ရှု သုံးခုလည်ရစ် မြွေအဖြစ်ကို စင်စစ်သိမြင် သည်ကို နည်းမှီထပ်တူ ဒုတိယယူရမည်။

၃။ ယောဂီပုဂ္ဂိုလ်သည် လောကီသင်္ခါရဟူသမျှ၌ အနိစ္စ, ဒုက္ခ, အနတ္တဟု ဘင်ကိုရှု၍ ဘယတုပဋ္ဌာနဉာဏ် ထက်သန်လျှင်လျှင် မြဲမြံစွာထင်သည်နှင့် ယခင်တံငါအား မြွေလည်ကြားကို ကြောက်အားတကြီး ကြက်သီးတမျှ ဇောချွေးကျသည်ကို တတိယယူရမည်။

၄။ ယောဂီသူချွန် ပုဂ္ဂိုလ်မွန်၏ ဉာဏ်မျက်စိ၌ အာဒိနဝါ ထိုအခါနှင့် တံငါလူမိုက် မြွေကိုက်မည့် အဖြစ်ကို စိစစ်ထင်မြင် ယခင်တူနည်း ငြီးငွေ့ စဉ် အခါမှာ နိဗ္ဗိန္ဒာဉာဏ်နှင့်ယှဉ် လွတ်ချင်သည့်အမှုကို မုစ္စိတုကမျတာ

လွှတ်ရာသောအကြောင်း ထောင်းထောင်းကြေညက် မြေကို လက်ဖြင့် နှိပ်စက်ပွတ်ခြေ ပင်ပန်းစေလျက် ဦးခေါင်းထက်ဌာ သွက်သွက်လည်ရစ် မကိုက်နိုင်အောင် အားကုန်ခန်းမှ မြေကြမ်းကိုလွှတ်ပြီး ကုန်းထက်သို့ ပြေးတက်ရပ်နေသကဲ့သို့ ထို့တူပမာ အနာဒိက ဘဝအဟို ရှေးထိုထိုက ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ နိစ္စ-သုခ-အတ္တဟု နေ့ည စွဲမှတ် ဤလေးရပ်ကို ထပ်၍တဖန် မဖောက်ပြန်အောင် ခန္ဓာ-အာယတန-ဓာတ် ဥပါဒ်-ဌီ-ဘင် အစဉ်မမြဲ ဆင်းရဲအစု အသုဘအစစ် အနှစ်မပါ အကာအတိ ကိုယ်မရှိဟု တိတိကျကျ သိရှိရ၍ လက္ခဏာရေးသုံးတန်ဖြင့် ထပ်မံ၍ အဖန်ဖန်သုံးသပ်သော ယောဂီသူမြတ်၏ ပဋိသင်္ခါဉာဏ် မြဲမြံ ကြံ့ခိုင် မယိမ်းမယိုင်သည်ကိုပင် အဆိုပါ ဥပမာဖြင့် ကောင်းစွာ ဟပ်၍ ထပ်တူသိမ်းကျုံး နှလုံးသွင်းထားရမည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ဤလိုဤပုံ နိစ္စ, သုခ, အတ္တ, သုဘ-ဟူသော အခြင်းအရာဖြင့် တဖန် မဖြစ်စေနိုင်သောအခါ ဤပဋိသင်္ခါဉာဏ် ကောင်းစွာဖြစ်ပြီဟု သိမှတ် ပါလေ။

ဤတွင် ပဋိသင်္ခါဉာဏ် ပြီး၏။

---

## သမ္မသနဉာဏ်နှင့် ပဋိသင်္ခါဉာဏ်တို့၏အထူး

သမ္မသနဉာဏ်လဲ ရုပ်နာမ်ကို အနိစ္စ-ဒုက္ခ-အနတ္တလို့ ရှုတာပဲ၊ ပဋိသင်္ခါ ဉာဏ်လဲ ရုပ်နာမ်ကို အနိစ္စ-ဒုက္ခ-အနတ္တလို့ရှုတာပဲ ဘယ်လိုထူးကြသလဲ ဆိုလျှင် သမ္မသနဉာဏ်သည် တလုံးတခဲတည်းမှတ်ထင်နေသော ဃနအခဲ မပျောက်သေး၊ ဟာလာဟင်းလင်းထင်တဲ့ အာကာသ မပျောက်သေး၍ အပေါင်းအစည်းအားဖြင့်သာ ရှုရသောကြောင့် အနိစ္စ-ဒုက္ခ-အနတ္တကို ခပ်ကျဲကျဲမြင်နိုင်သည်။

ပဋိသင်္ခါဉာဏ်ကား ဥဒယဗ္ဗယဉာဏ် စသော ခြောက်ပါးသော ဉာဏ် တို့ကို လွန်မြောက်၍ တဉာဏ်ထက်တဉာဏ် အားကောင်းလာသောကြောင့်

သိမ်မွေ့စွာဖြစ်ပျက်နေကြသော ရုပ်နာမ်တို့ကိုပင် မမြဲ,ဆင်းရဲ,အစိုးမရတဲ့ အနိစ္စ-ဒုက္ခ-အနတ္တ သဘောသွားတို့ကို ဘွားဘွားကြီး ထင်ထင်ရှားရှား လျင်မြန်စွာ စိပ်စိပ်မြင်စွမ်းနိုင်ပေသည်။ လိုရင်းမှာ—ကျကျမြင်နှင့် စိပ်စိပ်မြင်ပဲ ထူးကြသည်ဟု သိမှတ်ပါလေ။

## လက္ခဏာဉာဏ် ရင့်သန်လာစေရန်

ထို့ပြင် ဤပဋ္ဌိသင်္ခါရဉာဏ်ကို ဘာကြောင့် ထပ်၍ ရှုရပြန်သနည်းဟု မေးဖွယ်ရာရှိ၏၊ ဖြေဆိုရန်ကား—သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်,ဘင်ဉာဏ် သုံးပါးတို့က ရုပ်နာမ်ကို အနိစ္စ-ဒုက္ခ-အနတ္တဟု သိမြင်ကြသော်လည်း ဘယဉာဏ်, အာဒီနဝဉာဏ်,နိဗ္ဗိန္ဒဉာဏ်,မုစ္စိတုကမျတာဉာဏ် အဆိုက်မှာ ဖြစ်ပျက်ရုပ်နာမ်တွေကို ကြောက်မက်ဖွယ်သဘော, အပြစ်မြင်တဲ့သဘော, ငြီးငွေ့နေတဲ့သဘော, ထိုရုပ်နာမ်တို့မှ လွတ်လိုလွတ်ချင်ဖြစ်နေတဲ့သဘော ဤသဘောတရားတွေက တစထက်တစ လွန်ကဲ လွန်ကဲလာဘော့ ထင်နေကျ မြင်နေကျ လက္ခဏာရေး သုံးပါးတို့ဟာ ပျောက်ကွယ်သွားမတတ် အားနည်းအားသေးသွားတယ်၊လက္ခဏာရေးသုံးပါးကောင်းကောင်းလှလှ မထင်မမြင်လျှင်လဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ တက်ရောက်နိုင်ဖို့ရာ လွန်စွာ ခဲယဉ်းနေပြန်တယ်။ ထို့ကြောင့် လက္ခဏာရေးသုံးပါး ဉာဏ်အမြင် အားကောင်း အားရှိလာအောင် နောက်ထပ်တဖန် ပွားရပြန်သည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## သင်္ခါရုပေက္ခာဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဤလိုဤပုံ ပဋ္ဌိသင်္ခါဉာဏ်ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထို ပဋ္ဌိသင်္ခါဉာဏ်ကိုပင် လေ့လာပွားများရာ၏။ ထိုသို့ လေ့လာပွားများ သော ယောဂီပုဂ္ဂိုလ်အား (သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါတိ ဒွိကောဋိကံ သုညတံ ပဋိဂ္ဂဏှာတိ)နှင့်အညီ ဤသင်္ခါရုပေက္ခာဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် အဆိုပါ ပဋ္ဌိသင်္ခါဉာဏ်ဖြင့် သင်္ခါရ တို့သည် အတ္တမှလည်းကောင်း၊ အတ္တနိယမှလည်းကောင်း ဆိတ်သုဉ်းကုန်

၏ဟု သိမ်းဆည်းခြင်း၏အစွမ်းဖြင့် ဖြစ်သော်လည်း ပဋိသင်္ခါဉာဏ်သည် အထူးအားဖြင့် အနတ္တအခြင်းအရာကို သိမ်းဆည်းခြင်းသည် ပြဋ္ဌာန်းကုန်၏။ မှန်၏၊ ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းသည်ရှိသော် သစ္စာလေးပါးတို့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ပြည့်စုံ၏၊ အနတ္တအခြင်းအရာဖြင့် မသိမ်းဆည်းသည်ရှိသော် မပြည့်စုံနိုင်ခြင်းဖြစ်၏။

ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းခြင်း၏ မရှိသည်၏အဖြစ်ကြောင့် အလောင်းတော် - အရက - သရဘင် ဆရာစသည်တို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာကို ပညတ်ဟောကြားသော သာသနာသည် အနိယျာနိက ဖြစ်၍ မဂ်ဖိုလ်ကို မရဟု ဆို၏။

ထို့ကြောင့်—

သင်္ခါရာနံ အနိစ္စာကာရာဒိပဋိဂ္ဂဏှာဝသေန ။ ပ။ အနိယျာနိကမေဝ ဇာတံ—

ဟု ဝိသုဒ္ဓိမဂ်ဋီကာ၌ ပြဆိုထား၏။

မြန်မာပြန်ကား—ပဋိသင်္ခါဉာဏ်ဖြင့် ထင်မြင်ပြီးသော ရုပ်နာမ်တရားတို့သည် အနိစ္စ, ဒုက္ခ အခြင်းအရာစသည်ကို သိမ်းဆည်းခြင်း၏အစွမ်းဖြင့် ဖြစ်သော်လည်း ပဋိသင်္ခါဉာဏ်သည် အထူးအားဖြင့် အနတ္တအခြင်းအရာကို သိမ်းဆည်းဆင်ခြင်ခြင်းသာ ပဓာနတည်း။ မှန်၏၊ ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းဆင်ခြင်ခြင်း ရှိသည်ရှိသော် သစ္စာလေးပါးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည် ပြည့်စုံ၏။ ထို-အနတ္တ အခြင်းအရာကို သိမ်းဆည်း ဆင်ခြင်ခြင်း မရှိသည် ရှိသော် သစ္စာလေးပါးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည် မပြည့်စုံနိုင်ခြင်းဖြစ်၏။

ထိုအနတ္တ အခြင်းအရာကို သိမ်းဆည်းဆင်ခြင်ခြင်း၊ စီးဖြန်းခြင်းမရှိသည်၏ အဖြစ်ကြောင့်သာလျှင် အလောင်းတော်-အရက-သရဘင်ရသေ့ ဆရာကြီးစသည်တို့၏ အနိစ္စ-ဒုက္ခ-လက္ခဏာကို ဟောကြား ပညတ်သော အဆုံးအမဩဝါဒသည်လည်း သံသရာဝဋ္ဋဒုက္ခမှမလွတ်မြောက်နိုင်သည်သာ

ဖြစ်၏-ဟု ဆိုလိုခြင်းဖြစ်သည်။ အနတ္တလက္ခဏာ ကောင်းကောင်းလှလှ ထင်မြင်မှ မဂ်ဖိုလ်ကို ရ၏ဟု သိမှတ်ပါလေ။ ။

ဆိုလိုရင်းအဓိပ္ပာယ်ကား–အရက-သရဘင်္ဂရသော့ဆရာကြီးတို့၏ အဆုံး အမသြဝါဒသည် အနိစ္စနှင့် ဒုက္ခကိုသာ ဆုံးမနိုင်၏။ ဝါ၊ ဟောပြောနိုင်၏။ အနတ္တလက္ခဏာကို ထင်မြင်အောင် မဆုံးမ မဟောပြောနိုင်၍ မဂ်ဖိုလ်ကို မရကြကုန်။ အကယ်၍သာ ထိုဆရာကြီးတို့သည် အနတ္တလက္ခဏာကို ထင် မြင်အောင် ဟောကြားနိုင်ပါမူကား မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်မည်ဖြစ်၏။ ထိုအနတ္တကိုကား ပစ္စေကဗုဒ္ဓါလည်း မဟောပြနိုင်၊ မြတ်စွာဘုရားတပါး တည်းသာ ဟောကြားနိုင်သော တရားမျိုးဖြစ်သည်။

ဤလို အနတ္တလက္ခဏာကို ကောင်းကောင်းလှလှ ထင်မြင်မှသာ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်-ရောက်နိုင်မည် ဖြစ်၍ ဤ သခ်ါရုပေက္ခာဉာဏ်ဖြင့် အနတ္တလက္ခဏာ ကောင်းကောင်းလှလှ ထင်မြင်အောင် အစွမ်းကုန် အား ထုတ်ရမည်-ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ဆင်ခြင်ပွားများပုံ

ရှေးဦးစွာ–

သင်္ခါရ သခ်ါရာ သုညာ။သင်္ခါရ သခ်ါရာ သုညာ။သင်္ခါရ သခ်ါရာ သုညာ။

(ဤကား–ပါဠိလို ဆင်ခြင်ပွားများပုံတည်း)

မြန်မာလို ဆင်ခြင်ပွားများပုံကား–ခပ်သိမ်းဉဿုံ အလုံးစုံသော တေ ဘူမက ရုပ်နာမ်သခ်ါရတို့သည် နိစ္စ သုခ အတ္တသာရမှ မရှိလုံးလုံး ဆိတ် သုဉ်းသော သဘောတရားတွေချည်းပါတကား။ ခပ်သိမ်းဉဿုံ အလုံးစုံ သော တေဘူမက ရုပ်နာမ်သခ်ါရတို့သည် နိစ္စ သုခ အတ္တသာရမှ မရှိလုံး လုံး ဆိတ်သုဉ်းသော သဘောတရားတွေချည်းပါတကား။ ခပ်သိမ်းဉဿုံ အလုံးစုံသော တေဘူမက ရုပ်နာမ်သခ်ါရတို့သည် နိစ္စ သုခ အတ္တသာရမှ မရှိလုံးလုံး ဆိတ်သုဉ်းသော သဘောတရားတွေချည်းပါတကား။ ဤလို ဤပုံ ကြိမ်ဖန်များစွာ အခါခါ ဆင်ခြင်ပွားများရမည်ဟု သိမှတ်ပါလေ။

ကျမ်းလာနည်းတည်း။ ဝါ၊ ကျမ်းဂန်နည်းကျကျ ဆရာနည်းရရတည်း။ သို့မှသာ မဂ်ဖိုလ်ရမည်ဟု သိမှတ်ပါလေ။

**တနည်း ဒွိကောဋိကသုညတနည်းဖြင့် ပွားများပုံ**

သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ—

ဟု ဒွိကောဋိကနည်းဖြင့် ပွားများရမည်။

**အနက်ကား—** ဣဒံ ခန္ဓပဉ္စကံ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားသည်။ အတ္တေန ဝါ၊ ငါကိုယ်ဟူသော အတ္တသဘောမှလည်းကောင်း။အတ္တနိယေန ဝါ၊ ကိုယ်၏ဥစ္စာ သတ္တဝါသခ်ါရမှလည်းကောင်း။ (ဝါ)သူတပါးဉာတိမိတ္တ ပရိက္ခာရ အခြံအရံဟူသော အတ္တနိယ သဘောမှလည်းကောင်း။ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်းလေစွ့တကား။

**တနည်း စတုကောဋိကသုညတနည်းဖြင့် ပွားများပုံ**

နာဟံ ကွစနိ၊ ကဿစိ ကိဉ္စနတသ္မိံ ၊ န စ မမ ကွစနိ၊ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ—

ဟု စတုကောဋိကသုညတနည်းဖြင့် ပွားများရမည်။

**အနက်ကား**—အဟံ၊ ငါသည်။ ကွစနိ၊ တစုံတခုသောအရပ်၊ တစုံတခု သော ကာလ-တစုံတခုသောဌာန၌။ အတ္တာနံ၊ မိမိကိုယ်ကို။ န ပဿာမိ၊ မမြင်။ ကဿစိ၊ တစုံတယောက်သော သူ၏။ ကိဉ္စနတသ္မိံ၊ ဉာတိမိတ္တ ပရိက္ခာရအဖြစ်၌။ န ပဿာမိ၊ ဆောင်အပ်သောအဖြစ်ကိုမမြင်။ မမ၊ငါ၏။ အတ္တာနံ၊ ကိုယ်ကို။ ကွစနိ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ န ပဿာမိ၊ မမြင်။ ပရဿ၊ တပါးသောသူ၏။ အတ္တာ၊ ကိုယ်သည်။ မေ၊ ငါ၏။ ကိသ္မိဉ္စိ ကိဉ္စနတံ၊ တစုံတခု ကြောင့်ကြအပ်သော အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ န ပဿာမိ၊ မမြင်။

**မှတ်ချက်။** ။ဆိုလိုရင်းအဓိပ္ပာယ်ကား ဤ သူ, ငါ, ယောကျ်ား, မိန်းမ စသည်ဖြင့် ခေါ်ဆိုရှဲနေကြသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့

သည်ကား ငါ့ကိုယ်ဟု ထင်တဲ့အတိုင်း ငါ့ကိုယ်လည်းမဟုတ်၊ သူ့ကိုယ်ဟု ထင်တဲ့အတိုင်း သူ့ကိုယ်လည်း မဟုတ်၊ သူ့ဥစ္စာ ငါ့ဥစ္စာလည်း မဟုတ်၊ ဘယ်လူ ဘယ်နတ် ဘယ်ပြဟ္မာ ဘယ်သူမှ မဟုတ်၊ ခေါ်ဆိုရန်ရှိ ပညတ်မျှသာ ဟုတ်၏။ 'အမှန်ကေန်မှာ အဝိဇ္ဇာ တဏှာ စသော အကြောင်းကြောင့်ဖြစ်သော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး အကျိုးတရား အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာသက်သက်မျှသာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤ နာဟံကွစနိ၏ အဓိပ္ပာယ်မှာ လွန်စွာ ရှုပ်ထွေးသည်၊ ဆိုလိုရင်း အဓိပ္ပာယ်ကို သိနိုင်ခဲ့သည်။ မိမိကိုယ် သူတပါးကိုယ်ရယ်လို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ လုံးဝမရှိ၊ မိမိ သူတပါး နှစ်မျိုးလုံးပင် လုံးဝမရှိဖြစ်နေသောကြောင့် မိမိ သူတပါးအတွက်နှင့် ဘာတခုမှ ကြောင့်ကြစိုက်ဖွယ် လုံးဝမရှိကြောင်းကို ပြဆိုခြင်း ဖြစ်သည်။ အမှန်မှာ မိမိ သူတပါးဆိုတဲ့ အတ္တ အတ္တနိယမှ မရှိလုံးလုံး ဆိတ်သုဉ်းနေသော သုညသဘောကို ပြလိုရင်း ဖြစ်သည်ဟု သိမှတ်ပါလေ။

## ဆကောဋိကသုညတနည်းဖြင့် ပွားများပုံ

စက္ခု သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ၊ အဝိပရိဏာမဓမ္မေန ဝါ။ သောတံ ဃာနံ ဇိဝှါ ကာယော မနောတိ။ ဇရာ မရဏံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိ-ပရိဏာမဓမ္မေန ဝါ–

ဟု ဆကောဋိကသုညတနည်းဖြင့် ပွားများရမည်။

အနက်ကား–စက္ခု၊ မျက်စိရုပ်သည်။ အတ္တေန ဝါ၊ အတ္တသဘောမှလည်းကောင်း။ အတ္တနိယေန ဝါ၊ ဉာတိ မိတ္တ ပရိက္ခာရ ဟူသော အတ္တ-နိယသဘောမှလည်းကောင်း။ နိစ္စေန ဝါ၊ တောင်ထွတ်ကဲ့သို့ မြဲသော အဖြစ်မှ လည်းကောင်း။ ဓုဝေန ဝါ၊ မရွေ့ရှားသော အဖြစ်မှလည်းကောင်း။ သဿတေန ဝါ၊ အခါခပ်သိမ်း အမြဲတည်သော အဖြစ်မှလည်း

ကောင်း။ အဝိပရိဏာမဓမ္မေန ဝါ၊ အိုခြင်း သေခြင်းဟူသော မဖောက် မပြန်သော သဘောမှလည်းကောင်း။ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်း၏။

**မှတ်ချက်။** ။သောတံ ဃာနံ စသည်တို့ကိုလည်း ဤစကားနည်းကို မှီ၍ ပွားများပါလေ။

## အဋ္ဌကောဋိကသုညတနည်းဖြင့် ပွားများပုံ

ရူပံ အသာရံ နိဿာရံ သာရာပဂတံ နိစ္စသာရေန ဝါ ဓုဝသာရေန ဝါ သုခသာရေန ဝါ အတ္တသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။ပ။ယထာ နဠော အသာရော နိဿာရော သာရာပဂတော။ယထာ ဧရဏ္ဍော ။ပ။ ဥဒုမ္ဗရော။ ယထာ သေတဝစ္ဆော။ ယထာ ပါရိဘဒ္ဒကော။ ယထာ ဖေဏပိဏ္ဍော။ ယထာ ဥဒကပုဗ္ဗုဠံ။ ယထာ မရီစိကာ။ ယထာ ကဒလိက္ခန္ဓော။ ယထာ မာယာ အသာရာ နိဿာရာ သာရာပဂတာ၊ ဧဝမေဝ ရူပံ ။ပ။ ဇရာမရဏံ အသာရံ နိဿာရံ သာရာပဂတံ နိစ္စသာရေန ဝါ ဓုဝသာရေန ဝါ သုခသာရေန ဝါ အတ္တသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ–

ဟု အပြည့်အစုံဆို၍ ရှုပွားရမည်ဟု သိမှတ်ပါလေ။

**အနက်ကား—** ရူပံ၊ တကိုယ်လုံး တကောင်လုံးရှိ ရုပ်တရားသည်။ အသာရံ၊ အနှစ်အသားမဟုတ်။ နိဿာရံ၊ အနှစ်အသားမရှိ အကာ အဂါသာတည်း။ သာရာပဂတံ၊ အနှစ်အသားမှ ကင်း၏။ နိစ္စသာရေန ဝါ၊ နိစ္စသာရဟူသော အနှစ်အသားမှလည်းကောင်း။ ဓုဝသာရေန ဝါ၊ အမြဲတည့်ခြင်းတည်းဟူသော ဓုဝသာရမှလည်းကောင်း။ သုခသာရေန ဝါ၊ ချမ်းသာခြင်း တည်းဟူသော သုခသာရမှလည်းကောင်း။ အတ္တသာရေန ဝါ၊ အတ္တတည်းဟူသော သာရမှလည်းကောင်း။ နိစ္စေန ဝါ၊ တောင်ထွက် ကဲ့သို့ အမြဲ တည်ခြင်းမှ လည်းကောင်း။ ဓုဝေန ဝါ၊ မရွေ့မပြောင်း မြဲခြင်းမှလည်းကောင်း။ သဿတေန ဝါ၊ အခါခပ်သိမ်း

ပညတ်ခြင်းမှလည်းကောင်း။ အဝိပရိဏာမဓမ္မေန ဂါ၊ ဇရာမရဏဟူသော မဖောက်ပြန်ခြင်းမှလည်းကောင်း။ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်း၏။ပ။ ကိမိဝ၊ ယုံရန်တခု ပုံစံပြု၍ ကန္တုနိုင်းရာ ဥပမာကား။ နဠော၊ ကျူပင် သည်။ အသာရော ယထာ၊ အနှစ်မရှိ အနှစ်မဟုတ်သကဲ့သို့။ နိဿာရော ယထာ၊ အနှစ်မရှိသကဲ့သို့။ သာရာပဂတော ယထာ၊ အနှစ်ကင်းသကဲ့သို့။ ဧရဏ္ဍော၊ ကြက်ဆူပင်သည်။ ဥဒုမ္ဗရော၊ ရေသဖန်းပင်သည်။ သေတ-ဝစ္ဆော၊ ရေခံတက်ပင်သည်။ ဂါ၊ ကျောက်မဲကူပင်သည်။ ပါရိဆတ္တ-ကော၊ ပင်လယ်ကသစ်ပင်သည်။ ဖေဏပိဏ္ဍော၊ ရေမြှုပ်ဆိုင်သည်။ ဥဒကပုဗ္ဗုဠံ၊ ရေဥရေပွက်သည်။ မရီစိကာ၊ တံလျှပ်သည်။ ကဒလိက္ခန္ဓော၊ ငှက်ပျောပင်သည်။ မာယာ၊ မျက်လှည့်အကတ်သည်။ အသာရော ယထာ၊ အနှစ်မဟုတ်သကဲ့သို့။ နိဿာရော ယထာ၊ အနှစ်မရှိသကဲ့သို့။ သာရာပ-ဂတော ယထာ၊ အနှစ်ကင်းသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ရူပံ၊ တကိုယ်လုံးရှိနေတဲ့ ရုပ်တရားသည်။ ဇရာမရဏံ၊ ဇရာမရဏသည်။ အသာရံ၊ အနှစ်မဟုတ် ။ပ။ အဝိပရိဏာမဓမ္မေန ဂါ၊ ဇရာမရဏဟူသော မဖောက်ပြန်ခြင်းမှသည်းကောင်း။ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်း၏။

**မှတ်ချက်။** ။ဤရုပ်အတူ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့၌လည်း အပြည့်အစုံဆို၍ ရှုပွားရမည်ဟု သိမှတ်ပါလေ။

ဤလိုဤပုံ ရှုပွားများဆင်ခြင်မှ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ထက်မာ **လာမည်။** ၎င်းဉာဏ် ရင့်သန် ထက်မာလာမှ အနုလောမဉာဏ်ကို ထင်မြင် လာမည်။ အနုလောမဉာဏ်ကို ကောင်းစွာထင်မြင်လာမှ သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍သိသော မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်ပေါ် လာနိုင်မည်။ ဝိပဿနာဉာဏ်ဆယ်ပါးတို့တွင် ဤသင်္ခါရုပေက္ခာဉာဏ် လိုရင်းပေတည်း။

## ကောဋ္ဌိကသုညတနည်းဟု ခေါ်ဆိုရပုံ

ဤကောဋ္ဌိကသုညတနည်းသည် ဒွိကောဋ္ဌိက၊ စတုကောဋ္ဌိက၊ ဆ-ကောဋ္ဌိက၊ အဋ္ဌကောဋ္ဌိက၊ ဒသကောဋ္ဌိက၊ ဒွါဒသကောဋ္ဌိက၊ ဒွေစတ္တာ-လီသကောဋ္ဌိက-ဟု ခုနစ်မျိုးရှိရာ ဒွိ-စတု-ဆ စသည်တို့မှာ ၂-၄-၆ စသည်

တို့ကို ဆိုသည်။ ကောဋ္ဌိဆိုသည်မှာ အဖို့အစုန်းကို ဆိုသည်။ ဥပမာ– အတ္တ-က တခုသောအဖို့အစွန်း၊ အတ္တနိယ-က တစုသောအဖို့အစွန်း၊ ဤ အတ္တ-အတ္တနိယအဖို့အစွန်းနှစ်ပါးတို့မှ ဆိတ်သုဉ်းနေသည်ကို မရှိနေသည် ကို ကောဋ္ဌိကသုညတနည်းဟု ဆိုသည်ဟု သိမှတ်ပါလေ။

## ရေပွက်ပမာ ရုပ်ခန္ဓာ

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။
(ဓမ္မပဒပါဠိ)

**အနက်ကား။** ။ပုဗ္ဗုဠကံ၊ လျင်စွာဖြစ်၍ လျင်စွာပျက်နေသော ရေပွက်ကို။ ပဿေ ယထာ၊ ပကတိမျက်စိဖြင့်ပင် တပ်တပ်ထင်ထင် တွဲတွဲကြီး မြင်နေရသကဲ့သို့ လည်းကောင်း။ မရီစိကံ၊ နေပူတံလျှပ်ကို။ ပဿေ ယထာ၊ တပ်တပ်ထင်ထင် တွဲတွဲကြီးမြင်နေရသကဲ့သို့လည်းကောင်း။ ဝံ တထာ၊ ထို့အတူ။ လောကံ၊ ရုပ် နာမ် ခန္ဓာ ဖြစ်ပျက်သော လောက ကို။ အဝေက္ခန္တံ၊ ဉာဏ်ဖြင့် သက်၍ အပျက် အပျက်ကိုသာ ဉာဏ်တွေ့ ဉာဏ်မြင် ဖြစ်၍နေသော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သတ္တဝါခပင်း သတ်ဖြတ်ညှဉ်းဆဲ၍နေသော သေမင်းသည်။ နပဿတိ၊ မမြင်နိုင်တော့ပြီ။

## သေမင်းမမြင်နိုင်တော့ပြီ

အဘယ့်ကြောင့် သေမင်းမမြင်နိုင်ပါသနည်းဆိုလျှင် (အရဟတ္တာဓိ- ဂမေန ပုနဗ္ဘဝါဘာဝတော)ဆိုတဲ့ဋီကာ နှင့်အညီ သင်္ခါရုပေက္ခာဉာဏ် အမြင် သန့်၍ ဉာဏ်စဉ်ဆုံးပြီး အရဟတ္တဖိုလ်(ဝါ)ရဟန္တာအဖြစ်ကိုရသဖြင့် တဖန် ဘဝအသစ်၌ မဖြစ်တော့ပဲ အမြဲငြိမ်းအေးနေသောနိဗ္ဗာန်ကို ရောက်သွား သောကြောင့် သေမင်းမမြင်နိုင်တော့ပြီဟု ဓမ္မပဒဋ္ဌကထာ၌ ပြဆိုထားသည်။

ဤနည်းဟာ သေမင်း မမြင်နိုင်တဲ့ နည်းပဲ။ သေမင်း မမြင်စေလိုလျှင် သေမင်းကိုကြောက်လျှင် ဤနည်းလမ်းကို လိုက်ရုံပဲ။ ဤနည်းလမ်းကို မလိုက်ပဲနှင့် သေမင်းကိုအရမ်းကြောက်နေတာကတော့ သဘာဝမကျဘူး၊

နည်းလမ်းမှဲ့ တာဝန်လဲ မဟုတ်ဘူး၊ မလိုက်သော သူ၏ တာဝန်သာ ဖြစ်ချေသည်-ဟု သိမှတ်ပါလေ။

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။
(စူဠနိဒ္ဒေသ-မောဃရာဇသုတ်-၁၉)

အနက်ကား–မောဃရာဇ၊ မောဃရာဇရဟန်း။ သဒါ၊ နေ့ရောညဉ့်ပါ ချိန်ခါမပြတ်။ သတော၊ သတိရှိသည်ဖြစ်၍။ ဝါ၊ သတိပညာနှင့် ပြည့်စုံသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တဟု ယူမှားသော အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိကို။ ဦဟစ္စ၊ ဝိပဿနာဉာဏ်အမြင်ဖြင့် ပယ်နှုတ်၍။ (ဝါ) ပယ်စွန့်၍။ (ဝါ) ပယ်ခွါ၍။ လောကံ၊ ရုပ်နာမ်ခန္ဓာဟူသော လောကကြီးကို။ သုညတော၊ ပုဂ္ဂလ သတ္တဟူက (ဝါ) နိစ္စ-သုခ-အတ္တ-သုဘ ဟူက မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့် (ဝါ) ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းသွားအောင်။ အဝေက္ခဿု၊ စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုစမ်းပါလော့။ ဧဝံ၊ ဤသို့ကြည့်သည်ရှိသော်။ မစ္စုတရော၊ သေမင်းနိုင်ငံကို လွန်မြောက်နိုင်သည်။ သိယာ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ လောကံ၊ ခန္ဓာလောကကို။ အဝေက္ခန္တံ၊ နိစ္စ-သုခ-အတ္တ- သုဘ-ဟူက မရှိလုံးလုံး ဆိတ်သုဉ်းအောင် ရှုနိုင်သော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ အရဟတ္တမဂ်သို့ ရောက်သဖြင့် (ဝါ) ရဟန္တာအဖြစ်သို့ရောက်သဖြင့် နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီး ငြိမ်းရသောကြောင့် မမြင်နိုင်တော့သည်သာလျှင်တည်း။

နိဗ္ဗာန်မှတပါး မည်သည့်ချမ်းသာကိုမှ အလိုမရှိတော့ပြီ

တိဏကဋ္ဌသမံ လောကံ၊ ယဒါ ပညာယ ပဿတိ။
နာညံ ပတ္ထယတေ ကိဉ္စိ၊ အညတြ ပ္ပဋိသန္ဓိယာ။
(စူဠနိဒ္ဒေသပါဠိ၊ ဆဋ္ဌမူ-၁၈၆)

**အနက်ကား**—ယော၊ အကြင် အို-နာ-သေရေး ဒုက္ခဘေးတွေနှင့် ရောထွေးနေတဲ့ သံသရာဝဋ်ဆင်းရဲကြီးထဲမှ ကျွတ်လွတ်ထွက်မြောက် နိဗ္ဗာန်ကို လျင်စွာ ရလိုရောက်လိုသော အလိုဆန္ဒ ပြင်းပြလှသော ယောဂီ ပုဂ္ဂိုလ်သည်။ လောကံ၊ ရုပ်နာမ်ခန္ဓာဟူသော လောကကို။ တိက္ခကဋ္ဌ- သမံ၊ မြက်ခြောက်မြက်ဆွေး ထင်းခြောက်ထင်းဆွေးနှင့် တူသည်ကို။ (ဝါ) တူနေအောင်။ (ဝါ) မြက်ထင်းဆွေးနှင့် ရုပ်နာမ်ခန္ဓာ တထပ်တည်း တူနေအောင်။ ယဒါ၊ အကြင်အခါကာလ၌။ ဝိပဿနာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်၊ ပဿတိ၊ တပ်တပ်ထင်ထင် တွတ်တွတ်ကြီး သိမြင်နေ၏။ တဒါ၊ ထိုအခါကာလ၌။ အပ္ပဋိသန္ဓိယာ၊ တဖန်ပြန်၍ ပဋိသန္ဓေနေရခြင်း မရှိသော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။ အညတြ၊ ဌပေတွာ၊ ချန်ထား၍။ အညံ၊ နိဗ္ဗာန်ချမ်းသာကြီးမှ တပါးသော။ ကိဉ္စိ၊ တစုံတခုသော လူ့ နတ် ချမ်းသာကို။ န ပတ္ထယတေ၊ မစုံမက်၊ မနှစ်သက်၊ တောင့်တမှုကို လုံးဝ မပြုတော့ပြီ။

ဤလိုဖြစ်မှုတွေဟာ သင်္ခါရုပေက္ခာဉာဏ် မှင့်သန်လာအောင် ပွားများ တဲ့အကျိုးတွေပဲ၊

ဖော်ပြခဲ့ပြီးသော သင်္ခါရုပေက္ခာဉာဏ်၏ ရှုနည်းများအတိုင်း မပြတ် မစဲ ထပ်တလဲလဲ နေ့ညမနား မီးပွတ်သောယောကျ်ား ကဲ့အလားသို့ ပွား များသော ယောဂီပုဂ္ဂိုလ်မှန်ပါလျှင် သံသရာတွင် ခန္ဓာအစဉ်မှာ မြစ်ရေ ကဲ့သို့ ဖြစ်အစဉ်-ပျက်အစဉ်နှင့်လာခဲ့ကြသော အဆိုပါ ခန္ဓာငါးပါးရုပ်နာမ် တရားတို့ကို မှီ၍ဖြစ်ပေါ်လာတတ်သော ကြောက်ခြင်း-ဘယ၊ နှစ်သက် ခြင်း-နန္ဒီတို့ကို ပယ်ဖျောက်၍ ထိုသင်္ခါရတို့ကို ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ် နှင့် မရောမယှက် အလွတ်သက်သက်သာ တသံသရာလုံး စုတိပဋိသန္ဓေ ခြားကာ, ခြားကာ ချားရဟတ်ပမာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက် မွှေးသေ နေကြသည်ဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ဤသင်္ခါရုပေက္ခာ ဉာဏ်ဖြင့် ကောင်းစွာ ထိုးထွင်း၍ သိမြင်လာခဲ့ရာ ထိုဖြစ်ပျက်သင်္ခါရ တို့ကို ရှေးအခါကလို ငါ့ကိုယ် အတ္တဟု ဒိဋ္ဌိအားဖြင့်လည်းကောင်း၊ ငါ့ဟာ ငါ့ခန္ဓာဟု တဏှာအားဖြင့်လည်းကောင်း၊ ငါဟု မာနအားဖြင့်

လည်းကောင်း မယူဆတော့ပဲ။ ပါ၊ ဒွယူမမှား အယူမလွဲတော့ပဲ တရားမျက်စိလည်နေတာကို ရှင်းရှင်းကြီးပြေပျောက်သွားကာ လျစ်လျူရှု၍သာ နေလေတော့သည်ဟု ဆို၏။

ဥပမာဆိုသော် (စက္ခုဘာရိယော ပုရိသော ဝိယ)နှင့်အညီ လူကြီးစုံရာ မျက်နှာစုံညီ လက်ဖက်စား၍ စွန့်ကွာပြီးသော မယားရှိသော လင်ယောကျ်ားသည် ရှေးအခါက လွန်စွာချစ်ခင် ကိုယ့်အသက်ထက်ပင် ချစ်ခင်ကြင်နာ ဆင်းမှာနတ်တူ အိမ်သူမယား ကျင့်မှားယွင်းချွတ် တရားပျက် မယားချောကို သဘောဖောက်ပြား သူတပါးနှင့် ယဉ်ပါး လွန်ကျူး လက်ပူးဖွေ့မိ ကိုယ်တိုင်ပင် မြင်သိရသဖြင့် စိစိညက်ကြေ ရိုက်နှက်ထောင်းထု၍ ခါးဝတ်တထည်ကို ဝတ်စေ၍ ကွာရှင်းလိုက်ပြီးနောက် သူတယောက်နှင့် ဖောက်ဖောက်ယွင်းယွင်း ဘယ်လိုပင် အကျင့်ကင်းသော်လည်း ချစ်ခြင်း·မုန်းခြင်း အလျှင်းပင်မပြု လျစ်လျူရှုနိုင်သကဲ့သို့ ထို့တူပမာ ရှေးအခါက ဤခန္ဓာနာမ်ရုပ်တို့ကို ငါ့ကိုယ်·ငါ့ဟာ·ငါဟု တစာစာနှင့် ကငါတည်း ငါ၍လာခဲ့သော အလုံးစုံသော တေဘူမက ရုပ်နာမ်သင်္ခါရတို့၌ ငါ့ကိုယ်·ငါ့ဥစ္စာဟူသော အတ္တ·အတ္တနိယတို့၏ မရှိလုံးလုံး ဆိတ်သုဉ်းသော၊ ဝါ၊ ဘယ်သူ ဘယ်ဝါမှ မဟုတ်သော အချည်းနှီး ဖြစ်သော သုညသဘောကို ကိုသင်္ခါရုပေက္ခာဉာဏ်ဖြင့် တပ်တပ်ထင်ထင် တွဲတွဲကြီးမြင်ရကား ဘယတုပဋ္ဌာနဉာဏ်ဖြင့်ပြီးသော ကြောက်မက်ဖွယ် ထင်ခြင်းကိုလည်းကောင်း၊ သြဘာသ·ပီတိစသော ဥပက္ကိလေသကြောင့် ဖြစ်သော နန္ဒီဟူသော နှစ်သက်ခြင်းကိုလည်းကောင်း ပယ်ဖျောက်စွန့်ခွါ၍ လျစ်လျူရှုခြင်းဖြင့်သာ ဖြစ်၍ တည်နေလေတော့၏။

ဤလိုဤပုံ တည်ရှိနေသော ယောဂီပုဂ္ဂိုလ်အား အလုံးစုံသော ဘဝ ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ စိတ်သည် စဉ်းငယ်အနည်းငယ် ရှိုင်းသော ပိန်းကြာဖက်၌ ကျရောက်သော မိုးရေ မိုးပေါက်တို့သည် လျင်စွာလျင်မှာ ကျလျှောသကဲ့သို့လည်းကောင်း၊ မီးထဲသို့ ပစ်လိုက်သော ကြက်တောင်သည် လျင်မြန်စွာ တွန့်လိမ်သွားသကဲ့သို့ လည်းကောင်း

လျော့ကျ တွန့်လိမ်သည်ဖြစ်၍ အလုံးစုံသော တေဘူမက သင်္ခါရတို့၌ လျစ်လျူရှု၍သာလျှင် တည်နေလေတော့သည်။ ထိုအခါ ထိုသင်္ခါရုပေက္ခာ ဉာဏ်သည် ကောင်းစွာ ပြီးဆုံးပြီဟု သိမှတ်ပါလေ။

ဤတွင် သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

---

## အနုလောမဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

### ဒိသာကာကဥပမာ

ဤသင်္ခါရုပေက္ခာဉာဏ်သည် ရင့်သန်အားရှိသောအခါ အနုလောမဉာဏ် အခြေမှန်၍ နိဗ္ဗာန်ကို သန္တိအားဖြင့်။ ဝါ၊ ငြိမ်းအေးသောအား ဖြင့် သိမြင်နိုင်သည်ရှိသော် ပင်လယ်ရေပြင်၌ ခုတ်မောင်း သွားလာ နေသော သင်္ဘောသားတို့သည် ဖမ်းယူခဲ့သော ဒိသာကာကမည်သော ကျီးငှက်ကို ကြိုးဖြေ၍ လွှတ်လိုက်သည်ရှိသော် ထိုကျီးငှက်သည် ကမ်းကို မမြင်သေးသမျှ ကာလပတ်လုံး ပြန်ကာပြန်ကာ သင်္ဘောလင်းယင်တိုင်၌ သာ ရပ်နားလာ၍ တဘက်ကမ်းကို မြင်တဲ့အခါ ပြန်၍မလာတော့ပဲ ကမ်းရှိ ရာအရပ်သို့သာ တရှိန်တည်းပျံသွားသကဲ့သို့ ထိုဥပမာ ဤသင်္ခါရုပေ- က္ခာဉာဏ်သည်လည်း ခပ်သိမ်းသော ရုပ်နာမ်သင်္ခါရတို့ကို အာရုံမပြုတော့ပဲ ထို ရုပ်နာမ်သင်္ခါရတို့ကို ကျော်ကန့်စွန့်လွှတ်လိုက်ပြီးလျှင် ငြိမ်းအေးသော နိဗ္ဗာန်ကို အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ပြေးဝင်လေတော့သည်။

ထိုသို့ပါ သင်္ခါရုပေက္ခာဉာဏ် မရင့်သန်သေးလျှင် နိဗ္ဗာန်ကို ငြိမ်းအေး သောအားဖြင့် မမြင်နိုင်သေးသမျှ ကာလပတ်လုံး ထိုသင်္ခါရုပေက္ခာဉာဏ် ဖြစ်နေဟန်မှာ ပုန်ညက်သင့်လတ် ဝါးဂွမ်းဂုတ်အလား မွန်မွန်ညက်ညက် ဖြစ်ပျက်ရှိနေကြသော သင်္ခါရတရားတို့ကို ကိမ်းဘည်းရှေ့ရှု အာရုံပြု၍ လျင်လျူပြုလျက်သာ မနုဿပါဏနာသားပါ၏ အရှမ်းပြင့်သာ ဖည်နေလေ တော့၏။

ဘယဉာဏ်မှ စ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်ပုံကို ဥပမာ (၁၂) မျိုးတို့ဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဖော်ပြထားပါသည်။ သဘောပေါက်အောင် ကြည့်ရှုပါလေ။

## ဥပမာ ၁၂-မျိုး

ဝဂ္ဂုလိ ကဏှသပ္ပေါ စ၊ ဃရံ ဂေါ ယက္ခိ ဒါရကော။
ခုဒ္ဒံ ပိပါသံ သိတုဏှံ၊ အန္ဓကာရံ ဝိသေန စ။

(ဝိသုဒ္ဓိမဂ်-၁-၃၀၁)

မြန်မာပြန်ကား–(၁) လင်းနို့ဥပမာ၊ (၂) ရေမြွေဟောက်ဥပမာ၊ (၃) အိမ်ဥပမာ၊ (၄) နွားဥပမာ၊ (၅) ဘီလူးမဥပမာ၊ (၆)သူငယ်ဥပမာ၊ (၇) အစာမွတ်သိပ်ခြင်းဥပမာ၊ (၈) ရေမွတ်သိပ်ခြင်းဥပမာ၊ (၉)အအေးဥပမာ၊ (၁၀)အပူဥပမာ၊ (၁၁)အမိုက်မှောင်ဥပမာ၊(၁၂) အဆိပ်ဥပမာ၊ (၁၂)မျိုးတည်း။

## ဆောင်ပုဒ်လင်္ကာ

လင်းနို့, ရေမြွေ၊ တစေ့ အိမ်, နွား၊ ထူးခြားလေစွ၊ ဘီလူးမ, သူငယ်၊ တသွယ် စာငတ်၊ ရေအငတ်နှင့်၊ မှတ်ဖို့ အေး,ပူ၊ အဆိပ်တူနှင့်၊ မှောင်ကူ တဝ၊ နိုင်းသင့်လှသည်၊ မှတ်ကြ ဆယ့်နှစ်ပါတည်း။

## ဥပမာ ၁၂-မျိုးတို့နှင့် တူပုံကား

ထိုဥပမာ ၁၂-မျိုးတို့တွင်–

၁။ လင်းနို့ဥပမာဆိုသည်မှာ–လင်းနို့ငှက်သည် ခက်မငါးဖြာရှိသော သစ်မည်စည်ပင်ကြီးသို့တက်၍ တခုသောသစ်ကိုင်း၌ နားနေပြီးလျှင် မိမိလိုလားသော အသီးအပွင့်ကို ရှာဖွေသည်ရှိသော် တစုံတခုသော အသီးအပွင့်ကိုမျှ မရသောကြောင့် ဤ သစ်ကိုင်းကား အသီးအပွင့်မရှိ အချည်းနှီးသာပေတည်းဟု စွန့်၍ နှစ်ခုမြောက်သစ်ကိုင်း, သုံးခုမြောက်သောသစ်ကိုင်း,

လေးခုမြောက်သောသစ်ကိုင်း, ငါးခုမြောက်သော သစ်ကိုင်းတို့၌ နားနေ၍ ရှာဖွေသော်လည်း ပထမသစ်ကိုင်းနှင့်အတူ တစုံတခုသော အသီးအပွင့် ကိုမျှ မရ၍ ဤ သစ်ပင်ကား အသီး အပွင့် မရှိသော သစ်ပင်တည်းဟု အာလယပြတ်ကာ အလယ်ပင်မကြီးသို့ တက်ပြီးလျှင် သစ်ခွကြား၌ ဦးခေါင်းကို ထုတ်ဖော်၍ ကောင်းကင်သို့ ပျံတက်သွားပြီး အသီး အပွင့်နှင့် ပြည့်စုံသော သစ်ပင်တပင်၌ နားလျက် ချမ်းသာစွာနေလေ၏။ (ဤကား-ဥပမာစကားရပ်တည်း)

ဤဥပမာစကားရပ်၌ အသီးအပွင့်ကို အလိုရှိသော လင်းနို့ငှက်နှင့် မဂ်ဖိုလ်ကို အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် တူ၏။ ခက်မငါးဖြာရှိသော သစ်ပင်နှင့် ခန္ဓာငါးပါးတူ၏။ ထိုသစ်ပင်၌ လင်းနို့သည် အစာရှာအံ့ဟု ဝင်သည်နှင့် ခန္ဓာငါးပါး၌ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာရှုသည်တူ၏။ ထို လင်းနို့ငှက်သည် ဝင်ပြီး၍ တခုသော သစ်ကိုင်း၌ အသီးအပွင့်ကို ရှာဖွေ သည်ရှိသော် မရ၍ ကျန်သောသစ်ကိုင်းတို့၌လည်း ဤနည်းအတူ ရှာဖွေ သည်ရှိသော် မရသည်နှင့် ယောဂီပုဂ္ဂိုလ်သည် ရူပက္ခန္ဓာကို သုံးသပ်ဆင်ခြင် ၍ ထိုရူပက္ခန္ဓာ၌ ငါ ငါ၏ဥစ္စာ ဉာတိမိတ္တ အခြံအရံစသည်ဖြင့် ယူခြင်းငှာ ခန့်သည်ကို တစုံတရာကို မမြင်၍ ထိုရူပက္ခန္ဓာကို စွန့်၍ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌ သုံးသပ် ဆင်ခြင် သော်လည်း ဤအတူ မမြင်ရသည်နှင့်တူ၏။

ထိုလင်းနို့သည် တစုံတခုသော အသီးအပွင့်ကို မမြင်ရ၍ ဤသစ်ပင် ကား အသီးအပွင့်မရှိသော သစ်ပင်တည်းဟု စွန့်၍ လင်းနို့သည် ထို သစ်ပင်၌ တပ်မက်ခြင်း အာလယကို စွန့်သည်နှင့် ယောဂီပုဂ္ဂိုလ်သည် ခန္ဓာငါးပါးတို့၌ အနှစ်သာရကိုကား မမြင်၊ အနိစ္စ-စသော လက္ခဏာ သုံးပါးတို့ကိုသာမြင်၍ ငြီးငွေ့သော ယောဂီပုဂ္ဂိုလ်၏ မုစ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ်-သင်္ခါရုပေက္ခာဉာဏ်တို့ ဖြစ်ပေါ်လာသည်နှင့် တူ၏။ ထို လင်းနို့သည် သစ်ခွကြား၌ ကောင်းကင်သို့ ပျံတက်အံ့ဟု ဦးခေါင်းထောင် သည်နှင့် ဂေါတြဘူဉာဏ် ဖြစ်သည် တူ၏။ ကောင်းကင်သို့ ပျံတက်သည် နှင့် မဂ်ဉာဏ်သည် တူ၏။ လင်းနို့သည် အသီးအပွင့်နှင့် ပြည့်စုံသော

သစ်ပင်၌ နားနေ၍ ချမ်းသာစွာ နေသည်နှင့်၊ ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြု၍ နေသည်နှင့် တူ၏။ (ဤကား လင်းနို့ ဥပမာတည်း။)

## ဆောင်ပုဒ်လင်္ကာ

လင်းနို့ငှက်သည်၊ သစ်မည်စည်ပင်၏၊ ငါးမည်ခက်မကြီး၊ စာရှာမှီးသော်၊ ပွင့်သီးမရ၊ စွန့်ထအာသာ၊ ဖြောင့်စွာသစ်ခက်၊ လျှောက်ကာတက်၍၊ ခေါင်းထွက်ရှုမျှော်၊ မိုးပေါ် ကောင်းကင်၊ လေလျဉ် ပျံသွား၊ ပင်တပါး၌၊ ကျနား ပမာ၊ ငါးခန္ဓာ၌၊ လက္ခဏာရှု၊ ငြီးငွေ့မှုကြောင့်၊ မုစ္စိတု စ၊ ဉာဏ်သုံးတန်၊ နုလောမံနှင့်၊ ဂေါတြဘုံဘူ၊ မဂ်ဖိုလ်ဟူ၍၊ ယှဉ်တူ ဆိုင်ဟပ်ရာသတည်း။

၂။ မြွေဟောက်ဥပမာဆိုသည်ကား တံငါသည်ယောက်ျားသည် ရေ၌ ပိုက်ကွန်ကို အုပ်၍ ရေ၌ ငုပ်လျှိုး၍ ငါးကိုရှာသည်ရှိသော် ပိုက်ကွန်အတွင်း၌ လည်ရေးသုံးတန်ရှိသော ရေမြွေဟောက်၏ လည်ပင်းကို ဆုပ်ကိုင်မိလျှင် အလွန်ကြီးသော ငါးကြီးကို ဖမ်းမိပြီဟု ဝမ်းမြောက် ဝမ်းသာစွာဖြင့် ရေပေါ် သို့ ပေါ် လာသောအခါ လည်ရေးသုံးတန်ရှိသော ရေမြွေဟောက်ကိုဖြုန်းကနဲတွေ့မြင်လိုက်လျှင်ဘဝင်စိတ်တုန်လှုပ်၍ဟယ်.... ငမိုက်သားမြွေယုတ် ငါးမဟုတ်ပါတကား၊ ငါ-အထင်လွဲမှားချေပြီ၊ ရုတ်ကနဲ လွှတ်လိုက်လျှင်ဖြင့် ငါ့အသက်သေတော့မည်ဟု ကိုင်မိသည့်လည်ပင်းကို တင်းတင်းကြီးဆုပ်ကိုင်ပြီးလျှင် ဦးခေါင်းပေါ် ကျော်လွှားကာ အားကုန် လွှင့်ပစ်လိုက်ပြီး ကုန်းပေါ် သို့တက်၍ အမြန်ထွက်ပြေးလေတော့သတည်း။ (ဤကား ဥပမာစကားရပ်တည်း။)

ဤဥပမာစကားရပ်၌ တံငါသည် ယောက်ျားသည် ရေမြွေဟောက်ကို ငါးဟု ထင်မှတ်၍ ဖမ်းမိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်သည်နှင့် ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗိန္ဒဉာဏ် မရင့်သန်မီ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို သာယာနှစ်သက်ခြင်းသည် တူ၏။ တံငါသည် ယောက်ျားသည် ရေပေါ် သို့ ပေါ် လာ၍ လည်ရေးသုံးတန်ရှိသော ရေမြွေဟောက်ကို တွေ့မြင်သည်နှင့်

ခန္ဓာငါးတန် ရုပ်နှင့်နာမ်၏ လက္ခဏာရေးသုံးပါးကို ထင်မြင်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် ရေမြွေဟောက်ကို ဖမ်းကိုင်မိတဲ့အခါ အဆိပ်ပြင်းထန်သော မြွေဟောက်ဟုသိ၍ ကြောက်လန့်သည်နှင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ နေ့ညဉ့်မစဲ ဖောက်ပြန် ပျက်စီးနေသော ပီဠနသဘောကိုမြင်၍ အလွန်ကြောက်လန့်သော ဘယဉာဏ်ဖြစ်ခြင်းသည်တူ၏။ တံငါသည်ယောကျ်ားသည် ယင်းမြွေဟောက်သည် ငါ့အား ချမ်းသာမပေး သေဘေးကိုသာ ဖြစ်စေလိမ့်မည်ဟု မြွေဟောက်၌ အပြစ်ကိုရှုခြင်းနှင့် ခန္ဓာငါးတန် ရုပ်နှင့်နာမ်၏ အပြစ်ကိုရှုတတ်သော အာဒီနဝဉာဏ်ဖြစ်ခြင်းသည်တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်၏ အပြစ်ကိုမြင်သဖြင့် ထိုမြွေဟောက်၌ ရွံရှာမုန်းတီး ငြီးငွေ့စက်ဆုပ်ခြင်းဖြစ်သည်နှင့် ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌ ရွံရှာမုန်းတီးငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်ကို လွှတ်လိုသော အကြံဖြစ်သည်နှင့် ယောဂီပုဂ္ဂိုလ်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့မှ လွတ်လိုလွတ်ချင်သော မုဉ္စိတုကမျတာဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်ကို လွှတ်လို၍ လွှတ်ခြင်းအကြောင်းကို ကြံစည်သည်နှင့် ပဋိသင်္ခါဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်ကိုလွှတ်သည်နှင့် ဂေါတြဘူဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် မြွေဟောက်ကို လွှတ်ပြီး၍ ကုန်းကက်သို့ တက်ပြေးသည်နှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ခြင်းသည် တူ၏။ တံငါသည်ယောကျ်ားသည် အမြန်ဟွက်ပြေးပြီး၍ ဘေးမရှိရာအရပ်၌ ချမ်းသာစွာနေသည်နှင့် နိဗ္ဗာန်ကို မဂ်ဉာဏ်·ဖိုလ်ဉာဏ်ဖြင့် အာရုံပြု၍နေခြင်းသည် တူ၏။(ဤကား ရေမြွေဟောက်ဥပမာတည်း။)

မှတ်ချက်။ ။ဤ၌ ကျန်သောဥပမာ ၁၁-မျိုးတို့၏ ဥပမာ-ဥပမေယျကိုကို မပြဆိုပဲ ချန်လှပ်၍ ထားသည်။ အပြည့်အစုံ ကြည့်ရှုလိုပါလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သင်္ခါရုပေက္ခာဉာဏကထာ၊ သဒ္ဒမ္မ စာမျက်နှာ ၃၁၁ မှာ ကြည့်ရှုပါလေ။

## အနုလောမဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဤသင်္ခါရုပေက္ခာဉာဏ် ရင့်သန်ထက်မာလာ၍ လောကုတ္တရာမဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာရန် ရှေးဖြစ်သော လောကီဝိပဿနာဉာဏ် ရှစ်ပါးနှင့်လည်းကောင်း၊ နောက်ဖြစ်သော မဂ်ဉာဏ်-ဖိုလ်ဉာဏ်-ပစ္စဝေက္ခဏာဉာဏ်များနှင့် လည်းကောင်း လျော်ကန်သော အနုလောမဉာဏ် ဖြစ်ပေါ်လာ၏။ ဤအနုလောမဉာဏ်သည် မဂ္ဂဝီထိ၌ ပါဝင်သော ပရိကံ-ဥပစာ-အနုလုံဇောကိစ္စတပ်သော စိတ်သုံးကြိမ်မျှသာဖြစ်သော တချက်တည်း ဆက်ကာ ဆက်ကာဖြစ်သော ဉာဏ်ပေတည်း။

ဥပမာသိုသော် မင်း၏အမတ်ကြီးရှစ်ယောက်တို့သည် ရှေးရှေးသော ရာဇသတ်ကျမ်းနှင့်အညီ တရားစီရင်ကြ၏။ ထိုအမတ်ကြီးတို့၏ စီရင်ထုံးသည် ရှေးရာဇသတ်ကျမ်းနှင့်လည်းကောင်း၊ မင်းအလိုနှင့်လည်းကောင်း လျော်ညီစွာဖြစ်သကဲ့သို့ ထို့တူပမာ ဤအနုလောမဉာဏ်သည်လည်း ဖော်ပြခဲ့ပြီးသော လောကီ ဝိပဿနာဉာဏ် ကိုးပါးနှင့် လည်းကောင်း၊ အထက်၌ ဖော်ပြလတ္တံ့သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့နှင့် လည်းကောင်း၊ ၎င်းမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၌ အကျုံးဝင်သော ဗောဓိပက္ခိယတရား ၃၇-ပါး တို့နှင့်လည်းကောင်း လျော်သောဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်သည်။

ဆိုလိုရင်းမှာ ရှေးဖြစ်သော ရာဇသတ်ကျမ်းနှင့် အောက်ဉာဏ် ရှစ်ပါးနှင့်တူသည်။ အမတ်ကြီးတို့စီရင်ထုံးနှင့် အနုလောမဉာဏ် တူသည်။ မင်း၏အလိုနှင့် မဂ်တရား-ဖိုလ်တရား-ဗောဓိပက္ခိယတရားများ တူသည်၊ ဆိုလိုရင်းဖြစ်သည်။

ဤတွင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

---

### မုစ္စိတုကမျတာဉာဏ်-ပဋိသင်္ခါဉာဏ်-သင်္ခါရုပေက္ခာဉာဏ်တို့၏ အထူး

ယာ စ မုစ္စိတုကမျတာ၊ ယာ စ ပဋိသင်္ခါ၊ ယာ စ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ စ နာနံ–

နှင့်အညီ ဤမုဉ္စိတုကမျတာဉာဏ်-ပဋိသင်္ခါဉာဏ်-သင်္ခါရုပေက္ခာဉာဏ် သုံးပါးတို့သည် အနက်, အရင်း, အလတ်အားဖြင့်သာ ထူးကြသည်။ အားလုံး တူသဘောင်ရှိသည်၊ သဒ္ဒါမျှသာ ထူးကြသည်။

## ဂေါတြဘူဉာဏ်နှင့် ဝုဋ္ဌာနဂါမိနီဝိပဿနာအလယ်ဉာဏ်

ဤအနုလောမဉာဏ်၏ အခြားမဲ့၌ ဂေါတြဘူဉာဏ် ဖြစ်ပေါ်လာ၏။ ဤဂေါတြဘူဉာဏ်သည် ရုပ်နာမ်သင်္ခါရကို အာရုံမပြု။ ထို့ကြောင့် ဝိပဿနာဉာဏ်၌ မပါဝင်ပေ။ သို့သော် ပဋိသင်္ခါဉာဏ်များနှင့် မဟာကုသိုလ်ချင်း- တူနေ၍ ဝိပဿနာအလျဉ်၌ ကျသောကြောင့် လောကီဝိပဿနာဉာဏ်၌ပဲ သွင်း၍ ယူရလေသည်။ လောကီစင်စစ်လဲ မဟုတ်၊ လောကုတ္တရာစင်စစ်လဲမဟုတ်၊ အလယ်ဉာဏ်ဖြစ်သည်။

## သိခါပတ္တဝုဋ္ဌာနဂါမိနီဝိပဿနာခေါ်ဆိုရပုံ

ထို ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပေါ်လာခြင်းပေတည်း။ အထွတ်အထိပ်သို့ ရောက်သော၊ ဝါ၊ သိခါပတ္တဖြစ်သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်-ဟု ခေါ်ဆိုရသည်။

အဘယ့်ကြောင့်ဆိုသော် ဤဉာဏ်နှစ်ပါးသည် ရုပ်နာမ်သင်္ခါရအာရုံမှလည်းကောင်း၊ ဖြစ်ပျက်နေသော ခန္ဓာပပဉ္စမှ လည်းကောင်း ထမြောက်တတ်သောကြောင့် ဝုဋ္ဌာန၊ တဟုန်တည်း မဂ္ဂဝီထိသို့ (ဝါ) မဂ်သို့ ရောက်ကြောင်းဖြစ်သောကြောင့် ဂါမိနီ၊ ဤ နှစ်ပါးကိုပေါင်း၍ ဝုဋ္ဌာနဂါမိနီဝိပဿနာဟု ခေါ်ဆိုရလေသည်။

မှတ်ချက်။ ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် လွန်စွာ လွန်စွာ အကျိုးတရား ကြီးမားလှပါသောကြောင့် မဖြစ်မနေ အရိုးကြေကြေ အရေစုတ်စုတ် ကြိုးစားအားထုတ်ပါလေဟု တိုက်တွန်းနှိုးဆော်လိုသော အရှင်ဗုဒ္ဓဃောသာဆရာသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖော်ပြထား၏။

**စက်ဖြတ် ဓာ—၁၊ ၈၊ ၁၁၊ ၈**

ဉတိ’နေကေဟိ နာမေဟိ၊ ကိတ္တိတာ ယာ မဟေသိနာ။
ဝုဋ္ဌာနဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ။

ဝုဋ္ဌာတုကာမော သံသာရ-ဒုက္ခပင်္ကာ မဟဗ္ဘယာ။
ကရေယျ သတတံ တတ္ထ၊ ယောဂံ ပဏ္ဍိတဇာတိကော။
(ဝိသုဒ္ဓိ-ဒု–၃၁၁)

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအမည် (၁၇)ပါး အကျဉ်း

နိဗ္ဗိန္ဒ ဟူသော အမည်, မုစ္စိတု,ပဋိသင်္ခါ,သင်္ခါရု,ဝုဋ္ဌာနဂါမိနီ,သိခါပတ္တာ, အာသေဝန, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဝေါဒါန်, ဓမ္မဋ္ဌိတိ,သညဂ္ဂ, ပဓာနီယင်္ဂ,ပဋိပဒါဝိသုဒ္ဓိ,အတမ္မယတာ ဤ(၁၇)ပါးတို့တည်း။ အကျယ်ကို ကြည့်ရှုလိုပါလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ကြည့်ရှုပါလေ။

# ၇-ဉာဏဒဿနဝိသုဒ္ဓိ

လေးပါးသော မဂ်ဉာဏ်တို့၌ နိဗ္ဗာန်ကို မြင်စွမ်းနိုင်သော ဉာဏ်သည် ဉာဏ်အမြင်စင်ကြယ်သောကြောင့် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ထိုဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် အဆိုပါ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ဣမေ သင်္ခါရာ အနိစ္စာဟူ၍လည်းကောင်း၊ ဣမေ သင်္ခါရာ ဒုက္ခာဟူ၍လည်းကောင်း၊ ဣမေ သင်္ခါရာ အနတ္တာဟူ၍လည်းကောင်း မပြတ်မစဲ ထပ်တလဲလဲ လက္ခဏာရေးသုံးပါးသို့တင်၍ ဆင်ခြင်သုံးသပ် ပေးရမည်ဟု သိမှတ်ပါလေ။

ထိုသို့ သုံးသပ်သည်ရှိသော် ထိုသင်္ခါရုပေက္ခာဉာဏ်သည် ထက်သန် ရင့်မာသည်ဖြစ်၍ သိခါပတ္တဖြစ်သော သင်္ခါရုပေက္ခာဉာဏ် အထွတ်အထိပ်သို့ ရောက်တော့၏။ ဝါ၊ ထိပ်တန်းသို့ ရောက်တော့၏။ ထိုသို့ ရောက်သည် ရှိသော် ဣန္ဒြေငါးပါး ဖြစ်ပေါ်လာ၏။

ထိုဣန္ဒြေငါးပါးတို့တွင် ၁-သဒ္ဓိန္ဒြေသည် အားကြီးသော အဖြစ်သို့ လည်းကောင်း၊ ၂-ဝီရိယိန္ဒြေသည် ချီးမြှောက်ခြင်းသို့လည်းကောင်း၊ ၃-သတိန္ဒြေသည် ကောင်းစွာထင်ခြင်းသို့လည်းကောင်း၊ ၄-သမာဓိန္ဒြေ သည် အလွန်ငြိမ်သက် တည်ကြည်ခြင်းသို့လည်းကောင်း၊ ၅-သင်္ခါရု-ပေက္ခာဉာဏ်ခေါ်သော ပညိန္ဒြေသည် အလွန်အလွန် ထက်သန်ခြင်းသို့ လည်းကောင်း ရောက်လေတော့၏။

ဤလို ဤပုံ ဣန္ဒြေငါးထွေ ဖြစ်ပေါ်ပြီးနောက် မဂ်ဖြစ်ပေါ်အံ့သော အကြိမ်၌ ရှေးဦးစွာ မနောဒွါရာဝဇ္ဇန်းစိတ်သည် တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ၎င်းရုပ်နာမ်သင်္ခါရကိုပင် အနိစ္စ· ဒုက္ခ· အနတ္တဟု ရှု၍ ပရိကံ,ဥပစာ,အနုလုံဟူ၍ အနုလုံဇောသုံးကြိမ်ဖြစ်၍ ချုပ်၏။

**မှတ်ချက်။** ။ ထိုတွင် မဂ်ဖြစ်အောင် ပြုပြင်ပေးသောဇောကို ပရိကံ၊ မဂ်နှင့်နီးကပ်လျက်ဖြစ်သော ဇောကို ဥပစာ၊ မဂ်ဖြစ်ပေါ်လာခြင်းအား လျော်သောဇောကို အနုလုံဟု ဆိုသည်။

## အကြမ်း အလတ် အနု

ထိုအနုလုံဇော သုံးကြိမ် ဖြစ်ပေါ်လာပြီးနောက် ထိုအနုလောမဉာဏ် သုံးပါး၏ အာနုဘော်ကြောင့်ပင် ထူလ- မဇ္ဈိမ- သုခုမ။ ဝါ၊ အကြမ်း အလတ် အနုဖြစ်သော သစ္စာလေးပါးကို ဖုံးလွှမ်း၍ ထားတတ်သော မောဟခေါ်သော ကိလေသာအမိုက်မှောင်ထုကို ခါတွက်ဖျောက်လွှင့်နိုင်ပြီးသော ယောဂီပုဂ္ဂိုလ်အား ခပ်သိမ်းဉာဏ်သုံ အလုံးစုံသော သင်္ခါရတို့ကို ကြီးမားလှစွာသော အနှောင့်အယှက်ကြီးကဲ့ဟူ၍ စိတ်ထဲ၌ ထင်မှတ်၍ ထိုသင်္ခါရတို့၌ ယောဂီပုဂ္ဂိုလ်၏စိတ်သည် မဝင်ဆန့် မတန့်မရပ် မငြိမကပ်ပဲ ကြာချပ်၌ (ဝါ) ကြာရွက်၌ ကျရောက်သော ရေပေါက်ကဲ့သို့ နောက်သို့ တွန့်ဆုတ်လတ်သည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်အား–

## ခြောက်ပစ္စယသတ္တိဖြင့်

ထိုအနုလောမဉာဏ် သုံးကြိမ်တို့၏ အခြားမဲ့၌ အကြောင်းကင်း အဖြစ်ရှင်း သင်္ခါရ လွတ်ကင်းသော နိရောဓမှန် အေးနိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်ဟူသော အနွယ်အရာ ပုထုဇဉ်အရေအတွက်ကို လွှန့်မြောက်နိုင်စက် အရိယာဟူသော အနွယ်အရာ အရိယာအရေအတွက်သို့ ရောက်၍ အနန္တရပစ္စယ သမနန္တရပစ္စယ အာသေဝနပစ္စယ နတ္ထိပစ္စယ ဝိဂတပစ္စယ ဥပနိဿယပစ္စယ နှင့်အညီ အာဝဇ္ဇန်း မဟုတ်သော်လည်း မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်၍ မဂ်အား အနန္တရ,သမနန္တရ,ဥပနိဿယ,အာသေဝန,နတ္ထိ,ဝိဂတ–ဟူသော ခြောက်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကာသော ရှေ့နောက် ဝိသုဒ္ဓိတို့ ၏ဝင်၊ အကြားတွင် ဝိပဿနာဉာဏ်ဟု ခေါ်ခေါ်လောက်၊ လျော်ရာသွင်းသျှင် ဝိပဿနာအလျဉ်၌ ကျရောက်ကြောင်း ဝိပဿနာဟူသော အမည်ကို ရသော၊ ဝါ၊ သိခါပတ္တ ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ ဦးထိပ်သဖွယ်ဖြစ်၍

တဖန် ပြန်လည် ဆုတ်နစ်ခြင်းမရှိသော ယခင် အနုလောမဉာဏ်ကိုစွဲ တပ်သော စိတ်သည်ပင် ဂေါတြဘူကိုစွဲတပ်၍ ဖြစ်ပေါ်လာ၏။

## ရေမြောင်းခုန်လွှားသော ယောကျ်ား၏ ဥပမာ

တချက်သော အာဝဇ္ဇန်းဖြင့် တခုသော ဝီထိ၌ အနုလုံ-ဂေါတြဘူ နှစ်ပါးပြားရာဝယ် (ယထာပိ မာတိကံ) စသည်နှင့်အညီ ဥပမာဆိုသော် ဤမှာဘက်ကမ်းမှ သစ်ခက်၌ ဖွဲ့ချည်ထားသော ကြိုးလုံတံကိုကိုင်၍ (ဝါ) စီး၍ ရေမြောင်းကို ခုန်လွှားသော ယောကျ်ားကဲ့သို့ ဥဒယဗ္ဗယဉာဏ် စသည်မှ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် လျင်သောအဟုန်ဖြင့် ပြေးလာခဲ့ရာ (ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ) ဟူသော ဤမှာဘက်ကမ်းဝယ် ခန္ဓာကိုယ်အတ္တဘောတည်းဟူသော သစ်ခက်၌ ဖွဲ့ချည်သော ရုပ်နာမ်ခန္ဓာဟူသော ကြိုးလုံတံကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော အာဝဇ္ဇန်းဖြင့် ကိုင်၍ ပရိကံ, ဥပစာ, အနုလုံ ဟူသော သုံးချက်ဖြင့် ခုန်တက်ကျော်လွှား၍ ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်း၌ အာသေဝနပစ္စည်းကို မရ၍ တုန်လှုပ်လျက် အသာအယာ ကျလေ၏။

## နက္ခတ်ကြည့်သော ယောကျ်ား၏ ဥပမာ

ထိုအခါ ထိုယောဂီပုဂ္ဂိုလ်သည် (ဧကော ကိရ စက္ခုမာ ပုရိသော) စသည်နှင့်အညီ ဥပမာဆိုသော် အကြမ်း, အလတ်, အနု သုံးခုသော မိုးတိမ်တိုက်ကို လေးကြိမ်ပယ်ရှား၍ နက္ခတ်ကြည့်သော ယောကျ်ားသည် စန်းနှင့်ယှဉ်သော ရွှေသမင်းကို ပင်းဝင်းကြီး မြင်ရသကဲ့သို့ ပရိကံ, ဥပစာ, အနုလုံ သုံးခုသည် အကြမ်း, အလတ်, အနု သုံးခုသော အမှောင်ထုကိုသာ ပယ်ရှားနိုင်သည်၊ နိဗ္ဗာန်ကိုကား မမြင်နိုင်ပေ၊ ဂေါတြဘူဉာဏ်သည်လည်း နိဗ္ဗာန်ကိုသာ မြင်နိုင်သည်၊ ကိလေသာကို မပယ်နိုင်ပေ။

## လေးပစ်သော ယောကျ်ား၏ ဥပမာ

ထို အနုလုံ ဂေါတြဘူ နှစ်ပါးတို့တွင် ဧကော ကိရ ဣဿာသော စသည်နှင့်အညီ ဥပမာဆိုသော် လေးပစ်ရာ၌ ကျော်ကြားသော လေး

ပစ်သမား ယောကျ်ားသည် မျက်နှာကို အဝတ်ရစ်ပတ်လျက် ယန္တရား စက်၌ ရပ်တည်လျက် စက်လှည့်ပေးသောသူ၏ တုတ်သံအမှတ်ဖြင့် ရှစ် ဥသဘဝေးသော အရပ်၌ ထားသော ပိတောက်သားနှစ် ပျဉ်ချပ်တရာ ကို တချပ်မှ မလွဲချော်ရအောင် ပစ်ဖောက်သကဲ့သို့ ဧဝံ နိဗ္ဗတ္တာဟိတိ မဂ္ဂဿ သည်း ဒတ္တာ ဝိယ နိရုဇ္ဈတိ-နှင့်အညီ အဆိုပါ ဂေါတြဘုဉာဏ်သည် ပေးလိုက်သောအမှတ်ကို မလွတ်စေပဲ တသံသရာလုံးက စွဲ၍လာခဲ့သော လောဘခဲ့ ဒေါသခဲ့ မောဟခဲတို့ကို ဖောက်ခွဲ ဖြိုဖျက်လျက် နည်းတထောင် ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိမဂ်စိတ်သည် ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် တကြိမ်သာဖြစ်၍ ချုပ်၏။ မဂ္ဂါဘိညာ သကိံ မတာ-နှင့် အညီ တည်း။

ထိုနောက် သောတာပတ္တိ ဖိုလ်စိတ်သည် မန္ဒပညာ ပုဂ္ဂိုလ်အား ဖိုလ် ဖိုလ်ဟု နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ တိက္ခပညာ ပုဂ္ဂိုလ်အား ဖိုလ် ဖိုလ် ဖိုလ်ဟု သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၍ချုပ်၏။ ထို့နောင် မဂ်ဖိုလ်နိဗ္ဗာန် ပယ်ကျန်ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခ-ဏာဉာဏ် ငါးတန်သည် ဖြစ်၍ချုပ်၏။

## သုခပဋိပဒါ ခိပ္ပါဘိညာ

ထို့နောင် ထိုယောဂီပုဂ္ဂိုလ်သည် ထိုနေရာ ထိုအခါ၌လည်းကောင်း၊ တပါးသောနေရာ တပါးသောအခါ၌လည်းကောင်း ထို ရုပ်နာမ် သင်္ခါရ တို့ကိုပင် အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍ လည်းကောင်း တပါးပါးကို သုံးသပ်ဆင်ခြင်၍ အဆိုပါ ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင်-မဂ္ဂင်တို့ကို ပေါင်းစုထက်သန်စေလျက် ဝိပဿနာဉာဏ် အဆက် ဆက်ဖြင့် တက်၍ တက်၍ သကဒါဂါမိမဂ်- ဖိုလ်- ပစ္စဝေက္ခဏာဉာဏ်၊ အနာဂါမိမဂ်- ဖိုလ်- ပစ္စဝေက္ခဏာဉာဏ်၊ အရဟတ္တမဂ်- ဖိုလ်- ပစ္စဝေက္ခဏာ ဉာဏ် လေးမဂ်လေးဖိုလ်တို့သည် ဆင့်ကာ ဆင့်ကာ ဖြစ်ပေါ်လာကြကုန်၏။

ဤလို ဤပုံ ပစ္စဝေက္ခဏာဉာဏ် ခြားကာ ခြားကာ တမဂ်ပြီး တမဂ် တဖိုလ်ပြီး တဖိုလ်သို့ ရောက်ပြီးရပြီးသော ရဟန္တာပုဂ္ဂိုလ်သည် လောက၌

ကုန်ပြီးသော အာသဝေါတရားရှိသော မြတ်သော အလှူကိုခံထိုက်သော ရဟန္တာပုဂ္ဂိုလ်အစစ်အဖြစ်သို့ ရောက်တော့သည်မည်၏။

ဤကား သင်္ခါရုပေက္ခာဉာဏ် အလွန်ရင့်သန် အလွန်အားကောင်းသော သုခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်တို့၏ ချမ်းသာသော အကျင့်နှင့် လျင်မြန်သော အသိဉာဏ်ဖြင့် တနေရာတည်း တထိုင်တည်းမှာ တဆက်တည်း တရှိန်တည်း လေးမဂ်-လေးဖိုလ် ဉာဏ်စဉ်တက်သွားသော ပုဂ္ဂိုလ်တူ၊ ပုဂ္ဂိုလ်မြတ်ကို ပြဆိုခြင်းပေတည်း။

မှတ်ချက်။ ။ဤနေရာ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ—မပြုပုံ ကျမ်းဂန် အရ ပြဆိုဦးအံ့။

တံ ပနေတံ သစေ သန္တိပဒံ နိဗ္ဗာနံ သန္တတော ပဿတိ၊
သဗ္ဗံ သင်္ခါရပ္ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒု-၂၉၄)

အနက်ကား—တံ ပနေတံ-တံ ပန ဧတံ သင်္ခါရုပေက္ခာဉာဏံ၊ ထိုသင်္ခါရုပေက္ခာဉာဏ်သည် ရင့်သန်လာသည်ရှိသော်။ သန္တိပဒံ၊ ငြိမ်းအေးသော သဘောရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္တတော၊ ငြိမ်းအေးသည်ဟု။ သစေ ပဿတိ၊အကယ်၍ တွေ့မြင်သည်ဖြစ်ငြားအံ့။ ဧဝံ သတိ၊ဤသို့ တွေ့မြင်သည်ရှိသော်။ သဗ္ဗံ၊ အလုံးစုံသော။ သင်္ခါရပ္ပဝတ္တံ၊ ဖြစ်ပျက်နေသော သင်္ခါရ သဘောကို။ ဝိဿဇ္ဇေတွာ၊ လက်ကနဲဖြစ်၍ (ဝါ) လွှတ်လိုက်၍။ နိဗ္ဗာနမေဝ၊ မသေရာမှန် မြတ်နိဗ္ဗာန်သို့သာလျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်၏ (ဝါ) မျက်မှောက်ပြုသောအားဖြင့် ရောက်၏။

(ဤကား သင်္ခါရုပေက္ခာဉာဏ် ရင့်သန်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုပုံတည်း။)

နော စေ နိဗ္ဗာနံ သန္တတော ပဿတိ၊ ပုနပ္ပုနံ သင်္ခါရာ-
ရမ္မဏမေဝ ဟုတွာ ပဝတ္တတိ။

အနက်ကား—နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္တတော ငြိမ်းအေးသည်ဟု။ နော စေ ပဿတိ၊ အကယ်၍ မတွေ့မမြင်ရသည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့

မတွေ့မမြင်ရသည်ရှိသော်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သင်္ခါရာရမ္မဏမေဝ၊ ဖြစ်ပျက်သင်္ခါရ အာရုံရှိသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တတိ၊ ဖြစ်နေ၏။

ဤကား သင်္ခါရုပေက္ခာဉာဏ် မရင့်သန်၍ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ပဲ သင်္ခါရကိုသာ အဖန်တလဲလဲ အာရုံပြုနေရပုံတည်း။ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်အောင်သာ အားထုတ်ပါလေ ယောဂီတော့။

ထို့ပြင် မိလိန္ဒမင်းကြီး နိဗ္ဗာန်ကို မျက်မှောက်ပြုပုံမေး၍ ရှင်နာဂသိန် ဖြေကြားပုံ ပေါ်ရင်းအမြွက်မျှကို ပြဆိုပါဦးမည်။

**တဿ** တံ စိတ္တံ အပရာပရံ မနသိကရောတော ပဝတ္တံ သမတိက္ကမိတွာ အပ္ပဝတ္တံ ဩက္ကမတိ။ အပ္ပဝတ္တမနုပ္ပတ္တော မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ။

(မိလိန္ဒပဉှာပါဠိ၊ ၃၁၁)

**အနက်ကား**–အပရာပရံ၊ အဆင့်ဆင့် (ဝါ) အထပ်ထပ် အကြိမ်ကြိမ်။ မနသိကရောတော၊ ဖြစ်ပျက်ကို နှလုံးသွင်းသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ **တံ** စိတ္တံ၊ ထိုဝိပဿနာရှုသော စိတ်သည်။ ပဝတ္တံ၊ ဖြစ်ပျက်ရုပ်နာမ်အစဉ်ကို။ သမတိက္ကမိတွာ၊ လွန်မြောက်၍။ အပ္ပဝတ္တံ၊ မဖြစ်မပျက်ရာသို့။ ဩက္ကမတိ၊ သက်ဝင်ပြေးသွားလေ၏။ မဟာရာဇ၊ မြတ်သော မင်းကြီး။ အပ္ပဝတ္တံ၊ မဖြစ်မပျက်ရာသို့။ အနုပ္ပတ္တော၊ အစဉ်ရောက်သော။ သမ္မာပဋိပန္နော၊ ကောင်းစွာ ကျင့်သောသူဟို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတီတိ၊ မျက်မှောက်ပြု၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ဟု မိန့်တော်မူပါသည်။

(ဤဝိသုဒ္ဓိမဂ်နှင့် မိလိန္ဒပဉှာပါဠိတို့ကို သတိပြု၍ ကြည့်ရှုပြီးလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ-မပြုပုံတို့ကို သိရှိကြပါလေ။)

## သမ္မာဒိဋ္ဌိ (၂) မျိုး မဂ်ဓာဏ် ထူးခြားချက်

ဒွိခါ ဟောတိ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ စ မဂ္ဂသမ္မာဒိဋ္ဌိ စ။ ဝိပဿနာသမ္မာဒိဋ္ဌိ ကမ္မဿကတာ...ရ အနိစ္စာဒိဝသေန ပရိဝိမံ-

သံဝတိ။ မဂ္ဂသမ္မာဒိဋ္ဌိ ပန ဝိမံသနပရိယောသာနေ ဘူမိလဒ္ဓံ ဝဋ္ဋံ သမုဂ္ဃါဋ္ဋယမာနာ ဝူပသမာနာ သီတုဒကဃဋသဟဿံ မတ္ထကေ အာသိဉ္စမာနာ ဝိယ ဥပ္ပဇ္ဇတိ။

(ဥပရိပဏ္ဏာသအဋ္ဌကထာ၊ မဟာစတ္တာရီသသုတ်-၉၂)

**အနက်ကား**- သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ ဝိပဿနာသမ္မာဒိဋ္ဌိ စ၊ ဝိပဿနာကိစ္စတပ်သော သမ္မာဒိဋ္ဌိလည်းကောင်း၊ မဂ္ဂသမ္မာဒိဋ္ဌိ စ၊ မဂ်ကိစ္စတပ်သော သမ္မာဒိဋ္ဌိလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာကိစ္စ တပ်သော သမ္မာဒိဋ္ဌိသည်။ တေဘူမကသင်္ခါရေ၊ ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်တရားတို့ကို။ အနိစ္စာဒိဝသေန၊ အနိစ္စစသည်၏ အစွမ်းဖြင့် (ဝါ) အနိစ္စ-ဒုက္ခ-အနတ္တ၏အစွမ်းဖြင့်။ ပရိဝိမံသတိ၊ စူးစမ်းဆင်ခြင်၏ (ဝါ) အနိစ္စ-ဒုက္ခ-အနတ္တဟု သုံးသပ်ဆင်ခြင်၏။ ပန၊ ဝိပဿနာသမ္မာဒိဋ္ဌိမှတပါး မဂ္ဂသမ္မာဒိဋ္ဌိကို ဆိုဦးအံ့။ မဂ္ဂသမ္မာဒိဋ္ဌိ၊ မဂ်ကိစ္စတပ်သော (ဝါ) မဂ်ဉာဏ်နှင့်ယှဉ်သော မဂ္ဂသမ္မာဒိဋ္ဌိသည်။ ဝိမံသနပရိယောသာနေ၊ စူးစမ်းဆင်ခြင်သော အဆုံး၌။ ဘူမိလဒ္ဓံ၊ ဘူမိလဒ္ဓဟု ဆိုအပ်သော (ဝါ) ဉာဏ်၏ တည်ရာကိုရသော။ ဝဋ္ဋံ၊ ဝဋ်တရားကို။ သမုဂ္ဃါဋ္ဋယမာနာ၊ အကြွင်းမဲ့ခွါသည်။ ဝူပသမာနာ၊ ငြိမ်းအေးစေသည် (ဝါ) အဖြစ်အပျက်ကို ငြိမ်းစေသည်။ ဟုတွာ၊ ဖြစ်၍၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ သီတုဒကဃဋသဟဿံ၊ ရေအေးအိုးတထောင်ကို။ မတ္ထကေ၊ ဦးခေါင်းထက်၌။ အာသိဉ္စမာနာ ဝိယ၊ သွန်းလောင်းလိုက်သကဲ့သို့။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

(ဤကား **သမ္မာဒိဋ္ဌိ** ၂-မျိုး မင်ခဏ၌ ထူးခြားချက်ပေတည်း။)

**မှတ်ချက်**၊ ။ဘုံသုံးပါးတို့၌ ရုပ်နာမ်က အပို ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ရုပ်နာမ်မျှသာ ရှိ၏ဟု ရုပ်နာမ် ပိုင်းခြားဝေဖန်၍ အမှန်ကိုသိဖို့ရာ လွန်စွာ့ လွန်စွာ အရေးကြီးလှပါသည်။ ရုပ်နာမ်မှန်က ဥပါဒ်-ဌီ-ဘင်မျှသာဖြစ်၍ ပျက်ကြသောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုခြင်းအမှုကို ပြုပါလျှင် နိဗ္ဗာန်ရောက်ကြောင်းကို ပြဆိုကားပါသည်။

**နာမေ စ** ရူပေ **စ၊** ဣမေသု ခေါ ဘိက္ခဝေ ဒွီသု **ဓမ္မေသု** ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ **ဓမ္မေ ဒုက္ခဿန္တကရော** ဟောတိ။

(အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ်-၂၉၇)

**အနက်ကား**— ဘိက္ခဝေ၊ ရဟန်းတို့။ နာမေ စ၊ နာမ်တရား၌လည်း **ကောင်း**။ ရူပေ စ၊ ရုပ်တရား၌လည်းကောင်း။ ခေါ၊ **စင်စစ်**။ ဣမေသု ဒွီသု **ဓမ္မေသု**၊ဤရုပ်နာမ်နှစ်ပါး တရားတို့၌။ဘိက္ခု၊ရဟန်း**သည်**။သမ္မာ၊မဖောက် မပြန် ဟုတ်မှန်စွာ။ ဝိရဇ္ဇမာနော၊ တပ်ခြင်းကင်းသည်။ သမ္မာ၊ **မဖောက်** မပြန် ဟုတ်မှန်စွာ။ ဝိမုစ္စမာနော၊ လွတ်သည်။ သမ္မာ၊ မဖော**က်**မပြန် ဟုတ် မှန်စွာ။ပရိယန္တဒဿာဝီ၊အဖြစ်အပျက်ဆိုတဲ့ **ရှေ့နောက်အစွန်းကိုမြင်သည်**။ **ဝါ**၊ ဥပါဒ်နှင့်ဘင်ကို မြင်သည်။ ဟုတ္ဂာ၊ ဖြစ်၍။ **သမ္မဒတ္ထံ**၊ မဖောက်မ**ပြန်** ဟုတ်မှန်သော သဘောကို။ အဘိသမေစ္စ၊ ဉာဏ်ဖြင့်ရှေ့ရှု **ကောင်းစွာ** သိ၍။ ဒိဋ္ဌေဝ ဓမ္မေ ဣဓပစ္စက္ခဘဝေ၊ ဤ ယခုဘဝ၌ပင်။ ဒုက္ခဿန္တကရော၊ ဒုက္ခ၏ **အဆုံး**ကိုပြုသည်။ ဝါ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ ဇာတ်သိမ်း ရာမှန် ပြည်နိဗ္ဗာန်သို့ ရောက်တော့သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရလေ တော့၏။

## **ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ**

ထိုသို့မဟုတ်၊ ဤ-သင်္ခါရုပေက္ခာဉာဏ်သည် အားမသန်-အားနည်း နေသော ယောဂီပုဂ္ဂိုလ်တို့မှာ အဆိုပါ သင်္ခါရတို့ကို ရှုမှတ်နေကျအတိုင်း မမြဲ, ဆင်းရဲ, အစိုးမရဟု ရှုမှတ်နေစဉ် အတော်ကြာ ရှုမှတ်နေတဲ့အခါ တကိုယ်လုံးကြီးကဖြစ်စေ၊ ခန္ဓာကိုယ် အစိတ်အပိုင်းကဖြစ်စေ သုတ်သုတ် သုတ်သုတ်၊ ရှိန်းရှိန်း-ရှိန်းရှိန်း၊ လှုပ်**လှုပ်**-လှုပ်လှုပ်၊ ဒိတ်ဒိတ်-ဒိတ်ဒိတ်၊ စိုးစိုး-စစ်စစ်ဖြစ်စေ တမျိုးမျိုးကို တွေ့ရတတ်သည်။ ဝိပဿနာနုပဂ ဝိပဿနာရှုထိုက်သော မဟာဘုတ်ရုပ်တို့နှင့် တွေ့ရခြင်းဖြစ်သည်။ တွေ့ရတဲ့ အတိုင်းသာ အတွေ့မပြတ်, အမြင်မပြတ် ရှေ့နောက်စပ်အောင် မမြဲ, ဆင်းရဲ, အစိုးမရဟု ရှုမှတ်ပေးပါလေ၊ ရှေ့၌**လည်း** နည်းတူသိမှတ်ပါ**လေ**။

ရံခါ တင်းမှု, တောင့်မှု, ကျပ်မှု, မာမှု, နူးညံ့မှု သဘောတွေနှင့်လည်း တွေ့ရတတ်ပေသည်။ (ပထဝီမဟာဘုတ်) ရုပ်တို့နှင့် တွေ့ရမှုပေတည်း။

ရံခါ ခန္ဓာကိုယ်ကြီး စီးကပ် စိုထိုင်းပြီး ယိုစီးကပ်နေတဲ့ (အာပေါမဟာဘုတ်) ရုပ်တို့နှင့်လည်း တွေ့ရတတ်ပေသည်။

ရံခါ တကိုယ်လုံးကြီးကဖြစ်စေ၊ ခန္ဓာကိုယ် အစိတ်အပိုင်းက ဖြစ်စေ တနေရာရာကဖြစ်စေ ပူတဲ့သဘော, အေးတဲ့သဘော(တေဇောမဟာဘုတ်) ရုပ်တို့နှင့်လည်း တွေ့ရတတ်သည်။

ရံခါ တကိုယ်လုံးကဖြစ်စေ၊ လက်ခြေ-ဦးခေါင်းကဖြစ်စေ၊ ခန္ဓာကိုယ် အစိတ်အပိုင်းကဖြစ်စေ တိုလ့်ပ် ယိမ်းယိုင်ခြင်းစသော(ဝါယောမဟာဘုတ်) ရုပ်တို့နှင့်လည်း တွေ့ရတတ်သည်။

ဘယ်လိုပဲတွေ့တွေ့ ခန္ဓာမှာတွေ့ရတဲ့ သဘောတွေဟာ ဖြစ်ပျက်တွေ ချည်းသာဖြစ်၍ မမြဲ-ဆင်းရဲ-အစိုးမရဟုသာ ရှုမှတ်ပေးပါ။ ရံခါ မခံသာတဲ့ ဒုက္ခဝေဒနာတွေနှင့်လည်း အလူးအလိမ့်တွေ့နေရတတ်သည်။ အချို့မှာ ရှေးဦးစွာ မွေးညင်းပေါက်မှ မီးပန်းကလေးတွေ မီးလောင်နေသည်ကို မြင်နေရသကဲ့သို့ တစတစ တကိုယ်လုံး-တကောင်လုံး-မီးဟုန်းဟုန်းကြီး တောက်လောင်နေသကဲ့သို့လည်း တွေ့ရတတ်သည်။ ဤလို ဒုက္ခဝေဒနာ အမျိုးမျိုးနှင့် တွေ့နေရတဲ့ခါ မတွေ့စဖူး အတွေ့ထူးကြီးနှင့် သေရတော့မလို ဖြစ်ပေါ်လာပြီး စိတ်ပျက်တတ်ကြသည်။ မပျက်ပါလေနှင့်၊ တရားအား ထုတ်၍ တရားသဘောအတိုင်း တွေ့ရတာပါ။ တတ်နိုင်သမျှ သည်းခံပါ၊ သည်းခံတဲ့အလေ့အကျင့်ကို ကျင့်ပေးပါလေ။

### ဆောင်ပုဒ်လင်္ကာ

တရားအလုပ်၊ အားထုတ်သောခါ၊ ဒုက္ခဝေဒနာ၊ တွေ့၍လာ၊ ထိုခါ မခံချိ။

သည်းမခံချင်၊ လွှတ်လိုက်လျှင်၊ ဉာဏ်စဉ် မတက်ဘိ။

အရှိုးကြောကြော၊ သားကြွေကြွေ၊ ထုတ်ငလ လုံ့လဘိ။

လုံ့လသည်းထန်၊ သည်းညည်းခံ၊ နိဗ္ဗာန်မျက်မှောက်သိ–

ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ဖြစ်ပျက်- အနိစ္စ-ဒုက္ခ-အနတ္တ-ဝိပဿနာသာ ရှုမှတ်ပေးပါလေ။

စောစောပိုင်းက သေရတော့မလို မခံသာတဲ့သဘောတွေဟာ ဘယ်ကိုရောက်၍ ဘယ်ကိုပျောက်သွားမှန်း မသိ။ အငြိမ်းကြီးငြိမ်း အအေးကြီးအေးရာသို့ ရောက်သွားတတ်ပေသည်။ (ဝါ) နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်၍ မျက်မှောက်ပြုသွားခြင်း ဖြစ်ပေသည်။ ဤအတွေ့သဘောတွေဟာ ယောဂီတယောက်တည်းမှာ အကုန်လုံးတွေ့ရသည်လည်း မဟုတ်ပေ။ တွေ့သင့်တွေ့ထိုက်သရွေ့သာ တွေ့ကြုံရသော ယောဂီပုဂ္ဂိုလ်တို့၏ အစစ်ခံထွက်ဆိုချက်ကိုသာ အနည်းငယ်ဖော်ပြထားခြင်း ဖြစ်ပေသည်။ သူတမျိုး-ငါတမျိုး တွေ့ကြုံရသောယောဂီပုဂ္ဂိုလ်တို့၏ ကိုယ်တွေ့တရားတို့ကိုလည်း စုံလင်အောင် မဖော်ပြနိုင်ပေ။ ဘယ်လို-ဘယ်လောက် တွေ့ရလိမ့်မည်ဟုလည်း မပြောနိုင်ပေ။ တွေ့ခြင်သလို တွေ့သွားတတ်ပေသည်။

ဤလိုဤပုံ-မိမိသန္တာန်မှာ တွေ့ တွေ့နေ တဲ့ အတွေ့သဘောတွေကို ဘယ်လိုပဲတွေ့တွေ့ တွေ့ရတဲ့အတိုင်းသ . အမြဲမပြတ် ရှုနေနောက်စပ်အောင်နည်းယင်-နာရီဝက် ပျားယင် ၁-နာရီ ၂-နာရီ စသည်ဖြင့် အတွေ့မပြတ်-အမြင်မပြတ်-တစပ်တည်း စပ်အောင် ရှုမှတ်နေတဲ့ခါ အဆိုပါ ဖြစ်ပျက်အတွေ့တို့သည် တဖြေးဖြေး သိမ်မွေ့ ထက် သိမ်မွေ့၊ နူးညံ့သည်ထက်နူးညံ့၊ သေးသိမ်သည်ထက်-သေး မြ က် မှေးမှိန်၍-မှေးမှိန်၍သွားသည်ကို တွေ့ရတတ်သည်။ ဤလိုဖြစ်သွားပြီးနောက် တဖန်ပြန်၍ ဖြစ်ပျက်တွေတစတစနှင့် ကျယ်ပြန့်ကျယ်ပြန့်၍ လာတတ်ပြန်သည်။ ဤလိုဤပုံ-မျှားလိုက်,နဲလိုက်,ကြမ်းလိုက်,နူးညံ့ မြန်လိုက်,နှေးလိုက်နှင့် တခါတရံ ဖြစ်ပျက်တွေဟာ သေးသိမ် မှေးမှိန်ပြီး ပျောက်လုမတတ် အကြိမ်ကြိမ်အခါခါ ဖြစ်နေပြီးလျှင် နောက်ဆုံးအကြိမ်၌ ဖြစ်ပျက် ရုပ်နာမ် သင်္ခါရတို့သည်

တဖြေးဖြေး မှေးမှိန်-သေးသိမ် နုးညံ့သိမ်မွေ့၍ဖြစ်စေ၊ သို့မဟုတ်-မော်တော်ကား ဘရိတ်အုပ်လိုက်သလို ရုတ်တရက်ဖြစ်စေ ချုပ်ဆုံးသွားပြီးနောက် လုံးဝအသက်ဆက်၍ မဖြစ်ပေါ်လာတော့ပဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန်အာရုံတော်ကြီးကိုသာ မဂ်စိတ်-ဖိုလ်စိတ်ပြင့် အာရုံရောက်၍ မျက်မှောက်ပြု၍ နေလေတော့သည်။ (ဝါ) မဂ်စိတ်တစိတ်ဖြင့် နိဗ္ဗာန်တအာရုံဆိုတဲ့ တစိတ်တအာရုံတည်းသာဖြစ်၍နေလေတော့သည်။

(ဤကား ဒုက္ခပဋိပဒါ ဒန္ဓာဘိညာပုဂ္ဂိုလ်ကို ပြဆိုခြင်းပေတည်း။)

## သစ္စာလေးချက် တပြိုင်နက်

ဤ၌ ဒုက္ခသစ္စာကို ပရိညာကိစ္စဖြင့်၊ သမုဒယသစ္စာကို ပဟာနကိစ္စဖြင့်၊ နိရောဓသစ္စာကို သစ္ဆိကာတဗ္ဗကိစ္စဖြင့်၊ မဂ္ဂသစ္စာကို ဘာဝေတဗ္ဗကိစ္စဖြင့် တပြိုင်နက်သိသည်-ဖြစ်၏ဟူလို။

## မဂ်ကိစ္စ စာဆန့်ခြောက်ချက်

ထို့ကြောင့်—မဂ်၏ကိစ္စ၊ ဆောင်ဩဆာား၊ လေးဝသစ္စံ၊ လေးပြန် ဆယ့်ခြောက်၊ပြီးဆုံးရောက်၏၊ ထို့နောက် ဒုက္ခာ၊ပရိညာတည်း၊ မုမှာ ပဟာန်၊ နိရောဓံ သစ္ဆိ၊ နောက်မှ-မဂ္ဂဘာဝနာ၊ ကိစ္စာပုဒ်တိုင်းထည့်ဟု ဆိုသည်။

ဤလိုဤပုံ ပဋိပဒါလေးပါးတို့တွင် မည်သည့် ပဋိပဒါပဲဖြစ်ဖြစ် ချမ်းသာနှင့် ဆင်းရဲ အနှေးနှင့် အမြန်လောက်သာ ပါရမီဓာတ်ခံ ဉာဏ်အားလျော်စွာ ကွာခြားကြသည်။

## သစ္စာလေးချက် တပြိုင်နက်

တေသာနန္တမုခေဟ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော သမုဒယသစ္စံ ပဇဟန္တော နိရောဓသစ္စံ သစ္ဆိကရောန္တော မဂ္ဂသစ္စံ ဘာဝနာဝသေန ဥပ္ပဇ္ဇတိတိ—

ဆိုတဲ့ သာရသင်္ဂဟာအဋ္ဌကထာနှင့်အညီ—

၁။ ထိုဂေါတြဘူဉာဏ်၏ အခြားမဲ့၌သာလျှင် သောတာပတ္တိမဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိသည်။ သမုဒယသစ္စာကို ပယ်သည်။ နိရောဓသစ္စာကို မျက်မှောက်ပြုသည်။မဂ္ဂသစ္စာကိုပွားသည်၏အစွမ်းဖြင့်ဖြစ်သည်။

၂။ တနည်းဆိုသော်– ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ဒုက္ခသစ္စာကို သိ၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့် သမုဒယသစ္စာကို သိ၏။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြင့် မဂ္ဂသစ္စာကို သိ၏။ ဤ ဉာဏဒဿနဝိသုဒ္ဓိဖြင့် နိရောဓသစ္စာကို သိ၏။

၃။ တနည်းဆိုသော်–တဏှာမှတပါးသော ရုပ်နာမ်ခန္ဓာသည် ဆင်းရဲအမှန်။ တဏှာသည် ဆင်းရဲကို ဖြစ်စေတတ်သည်အမှန်။ တဏှာခန္ဓာနှစ်ပါးစုံတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည် ဒုက္ခချုပ်ငြိမ်းရာ အမှန်။ မဂ္ဂင်ရှစ်ပါးသည် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အမှန်ဟု အမှန်လေးပါးခေါ်သော သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိ၏။

၄။ တနည်းဆိုသော် – မဂ်ဉာဏ်ဖြင့် နိရောဓသစ္စာကို မတွေ့မဝေ အာရုံပြုနေခိုက် အသမ္မောဟကိစ္စဖြင့် သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍သိခြင်းကိစ္စ ပြီးစီး၍သွားလေတော့သည်။ ထို့ကြောင့် "သစ္စာလေးချက် တပြိုင်နက် မဂ်၏ကိစ္စပြီးသတည်း" ဟု ဆိုရလေသည်။

ထို့နောင်–ထိုမဂ်စိတ်၏အကျိုးဖြစ်ကုန်သော နှစ်ကြိမ်လည်းကောင်း၊ သုံးကြိမ်လည်းကောင်း ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ကုန်၏။ အကြင်တိက္ခပြစ်သော ယောဂီပုဂ္ဂိုလ်အား ဥပစာ-အနုလုံဟု နှစ်ကြိမ်မြောက်ဖြစ်ကုန်၏။ ထိုယောဂီပုဂ္ဂိုလ်အား သုံးကြိမ်မြောက် ဂေါတြဘူ၊ လေးကြိမ်မြောက် မဂ်စိတ် ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏။ အကြင်မန္ဒဖြစ်သော ယောဂီပုဂ္ဂိုလ်အား ပရိကံ-ဥပစာ-အနုလုံဟူသော သုံးကြိမ်မြောက် ဖြစ်ကုန်၏။ ထိုယောဂီပုဂ္ဂိုလ်အား လေးကြိမ်မြောက် ဂေါတြဘူ၊ ငါးကြိမ်မြောက် မဂ်စိတ်-ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏။

ဤမျှအတိုင်းအရှည်ရှိသော မဂ်စိတ်-ဖိုလ်စိတ်ဖြစ်ခြင်းဖြင့် ထိုယောဂီပုဂ္ဂိုလ်သည်–

ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ(အဘိဓမ္မတ္ထသင်္ဂဟ၊၁၃၄) နှင့်အညီ ဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်သဖြင့် ပယ်အပ်ပြီးသော အပါယ်လေးပါးသို့ သွားခြင်းရှိသည်ဖြစ်၍ (ဝါ) အပါယ်လေးပါးသို့ သွားခြင်းကို ပယ်ပြီးသည်ဖြစ်၍ လူနတ်အရေအားဖြင့် ခုနစ်ကြိမ် ပဋိသန္ဓေနေခြင်းလျှင် အတိုင်းအရှည်ရှိသော သောတာပန်ပုဂ္ဂိုလ်အစစ်အဖြစ်သို့ ရောက်တော့သည်မည်၏။

## မဂ္ဂဝီထိအားဖြင့်ဆိုသော်

ဆိုခဲ့ပြီးသောနည်းဖြင့် ပွားများအားထုတ်၍ ဤသင်္ခါရုပေက္ခာဉာဏ်သည် ရင့်သန်ထက်မာခြင်းသို့ ရောက်သည်ရှိသော် မိမိပဋိသန္ဓေစိတ်နှင့် ဘုမ္မိ ဇာတိ သမ္ပယုတ္တဓမ္မ သင်္ခါရ အာရုံအားဖြင့် တူညီကြသော ဥပါဒ်-ဌီ-ဘင်နှင့် ပြည့်စုံသော ခဏတ္တယသမင်္ဂီဖြစ်သော ပဋိသန္ဓေစိတ်နှင့် အာရုံတူကြ၍ ကာလအားဖြင့် အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ—ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်— တေဘူမက သင်္ခါရတို့တွင် တပါးပါးကိုအာရုံပြု၍ ဆင်ခြင်တတ်သောမနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တေဘူမက အာရုံကိုပင် အာရုံပြု၍ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် လေးခုတို့တွင် တခုခုသည် မန္ဒပညာအားဖြင့် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု လေးကြိမ်၊ တိက္ခပညာအားဖြင့် ဥပစာ, အနုလုံ, ဂေါတြဘူဟု သုံးကြိမ် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထို့နောင် အနုလုံသည် တေဘူမကသင်္ခါရတို့ကို (ဝါ) ဖြစ်ပျက်ရုပ်နာမ်တို့ကို အာရုံမပြုတော့ပဲ ချမ်းသာတကာတို့ထက် ချမ်းသာသော (ဝါ) ချမ်းသာထိပ်သီး အဓိပတိကြီး ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို အာရုံပြု၍ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် ပုထုဇဉ်အနွယ်ကို အကြွင်းမရှိ ပယ်ဖြတ်နှိပ်နင်း အတင်းဖျက်ဆီး၍ အရိယာအနွယ်ကို တကာယ ကြီးကျယ်တိုးပွားအောင် ပြုလုပ်လျက် ဂေါတြဘူကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် နည်းပေါင်းတထောင်တို့ဖြင့် ဓာန်သာဓင်အပ်သော သောတာပတ္တိမဂ်စိတ်သည် သဟာယရောင်ခြည်တထောင်ဖြင့် ဥဒည်တောင်ထိပ်စွန်းမှ တက်၍ ယှန်းတောက်သော နေမင်းကြီးပမာ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ၊ ၎င်းတို့နှင့် သက်ဆိုင်ရာ အပါယဂမနီယ ကိလေသာအထု အမှောင်အစုကို တခုမကျန် ပယ်ဖျက် နှိပ်နင်းလျက် အရှိန်ပြင်းစွာသော သောတာပတ္တိမဂ်ရောင်ဝါသည် ဥပါဒ်, ဌီ, ဘင် အားဖြင့် ဖြစ်၍ချုပ်၏။ ထို့နောင် အာဘောလိကော ဟူ၍လည်းကောင်း၊ အာနန္တရိကညာဏ ဟူ၍လည်းကောင်း လာရှိသည်နှင့်အညီ သောတာ-ပတ္တိမဂ်၏ အခြားမဲ့၌ အကြားမရှိ တစပ်တည်းစပ်လျက် သောတာပတ္တိဖိုလ်စိတ်သည် မန္ဒပညာအားဖြင့် ဖိုလ်-ဖိုလ် ဟူ၍ နှစ်ကြိမ်၊ တိက္ခပညာအားဖြင့် ဖိုလ်-ဖိုလ် ဖိုလ်ဟူ၍ သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၍ချုပ်၏။

## နည်းပေါင်းတထောင်

မှတ်ချက်—သောတာပတ္တိမဂ်၌ နည်းပေါင်းတထောင် ဆိုသည်မှာ ရှေးဦးစွာ ဈာန်ကိုနှလုံးသွင်းရာ၌ (သုဒ္ဓိကပဋိပဒါ၊ သုဒ္ဓိကသုညတ၊ သုညတပဋိပဒါ၊ သုဒ္ဓိကအပ္ပဏိဟိတ၊ အပ္ပဏိဟိတပဋိပဒါ၊) ဤငါးပါးသော ဝါရတို့၌ နှစ်ပါး-နှစ်ပါးကုန်သော စတုက္ကနည်း ပဉ္စကနည်းတို့၏အစွမ်းအားဖြင့် ဆယ်ပါးသောနည်းတို့သည် ဖြစ်ကုန်၏။ ကြွင်းသော နှလုံးသွင်းခြင်းတို့၌လည်း ဤဈာနာဘိနိဝေသ အဟူတည်း။ ဤနှစ်ဆယ်သော နှလုံးသွင်းခြင်းတို့၌ နှစ်ရာသောနည်းတို့သည် ဖြစ်ကုန်၏။ နှစ်ဆယ်သော နှလုံးသွင်းခြင်းဟူသည်မှာ ၁-ဈာနာဘိနိဝေသ၊ ၂-မဂ္ဂါဘိနိဝေသ၊ ၃-သတိပဋ္ဌာနာဘိနိဝေသ၊ ၄-သမ္မပ္ပဓာနာဘိနိဝေသ၊ ၅-ဣဒ္ဓိပါဒါဘိနိဝေသ၊ ၆-ဣန္ဒြိယာဘိနိဝေသ၊ ၇-ဗလာဘိနိဝေသ၊ ၈-ဗောဇ္ဈင်္ဂါဘိနိဝေသ၊ ၉-သစ္စာဘိနိဝေသ၊ ၁၀-သမထဝိပဿနာဘိနိဝေသ၊ ၁၁-ဓမ္မာဘိနိဝေသ၊ ၁၂-ခန္ဓာဘိနိဝေသ၊ ၁၃-အာယတနာဘိနိဝေသ၊ ၁၄-ဓာတုဘိနိဝေသ၊ ၁၅-အာဟာရာဘိနိဝေသ၊ ၁၆-ဖဿာဘိနိဝေသ၊ ၁၇-ဝေဒနာဘိနိဝေသ၊

၁၈-သညာဘိနိဝေသ၊ ၁၉-စေတနာဘိနိဝေသ၊ ၂၀-စိတ္တာဘိနိဝေသ၊ ဤ ၂၀-တို့ပေတည်း။

## နည်းပေါင်းတထောင် မြောက်ပွားပုံ

အဆိုပါ-နည်း ၂၀၀-တို့ကို ဆန္ဒာဓိပတိစသော အဓိပတိလေးပါးတို့နှင့် မြှောက်အပ်ကုန်သည်ရှိသော် ၈၀၀-သော နည်းတို့သည် ဖြစ်ကုန်၏။ ဤသို့ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အဓိပတိလေးပါးတို့နှင့် မမြှောက်ခင်က နည်း ၂၀၀၊ အဓိပတိလေးပါးတို့နှင့်မြှောက်လျှင် နည်း ၈၀၀ ဖြစ်ကုန်၏။ ဤနှစ်ရပ်ကိုပေါင်း၍ သောတာပတ္တိမဂ်၌ နည်းပေါင်းတထောင်ဖြစ်သည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## လေးမဂ်ပေါင်း နည်းလေးထောင်

ထို့အတူ ကြွင်းသောမဂ်တို့၌လည်း နည်းတထောင်စီ ဖြစ်သည်။ လေးမဂ်လုံးပေါင်းသော် နည်းပေါင်းလေးထောင် ဖြစ်သည်ဟု သိမှတ်ပါလေ။

(သမ္မောဟအဋ္ဌကထာ-သစ္စဝိဘင်း-၁၁၅)

**မှတ်ချက်**— ဤ ရူပါဘိနိဝေသဆိုသည်မှာ ရူပ-ရုပ်၊ အဘိ-နိဝေသ-က နှလုံးသွင်းခြင်းဟု ဆိုလို၏။ ဥပမာ ရှေးဦးစွာ သမထသက်သက်ကို အားထုတ်၍ ရူပါနိရလာတဲ့အခါ ရုပ်နံ ပါဒကံ ကတ္တာ နှင့်အညီ ၎င်းရုပ်ကိုအခြေခံ၍ (ဝါ) ရုပ်မှထ၍ ရုပ်စိတ်တို့ကို နာမ်၊ ၎င်းစိတ်တို့၏ မှီရာဝတ္ထုရုပ်တို့ကို ရုပ်။ ဤလို နာမ်ရုပ် ပိုင်းခြားပြီးလျှင် ရုပ်နာမ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် ဝိပဿနာရှုနည်းအတိုင်း ရှု၍ သောတာပတ္တိမဂ်သို့ ရောက်သွားသည်ကို ရူပါဘိနိဝေသ ဆိုသည်။ ကြွင်းသော နိဝေသတို့၌လည်း နည်းတူသိမှတ်ပါလေ။

## သောတာပတ္တိမဂ္ဂဝီထိပုံစံ

၁။ အတီတဘဝင်=လွန်သောဘဝင်၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။

၂။ ဘဝင်စလန=လှုပ်သောဘဝင်၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။

၃။ ဘဝင်္ဂုပစ္ဆေဒ=ပြတ်သောဘဝင်၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။
၄။ မနောဒွါရာဝဇ္ဇန်း=အာရုံကို ဆင်ခြင်သောစိတ်၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။
(၎င်း ၄-ပါးတို့သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုသည်။)
၅။ ပရိကံ= မဂ်ကို ပြုပြင်သောဇော၊ ဥပါဒ်- ဌီ-ဘင် ဖြစ်၍ပျက်သည်။
၆။ ဥပစာ=မဂ်၏အနီး၌ဖြစ်သောဇော၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။
၇။ အနုလုံ=မဂ်နှင့်လျော်သောဇော၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။
(၎င်း ၃-ပါးတို့သည် တေဘူမကသင်္ခါရကို အာရုံပြုသည်။)
၈။ ဂေါတြဘူ=ပုထုဇဉ်အနွယ်ကိုဖြတ်သောဇော၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။
၉။ သောတာပတ္တိမဂ်စိတ်=နိဗ္ဗာန်အာရုံသို့ ရှေးဦးစွာ ရောက်သောဇော၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။
၁၀။ သောတာပတ္တိဖိုလ်=မဂ်၏ အကျိုးဖြစ်သော ဇော၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။
၁၁။ ဘဝင်=ဘဝမပြတ်မလပ်ခြင်းအကြောင်း၊ ဥပါဒ်-ဌီ-ဘင် ဖြစ်၍ပျက်သည်။
(၎င်း ၄-ပါးတို့တွင် ရှေ့သုံးပါးတို့မှာ နိဗ္ဗာန်ကို အာရုံပြုသည်။)

## တိုတို ကျဉ်းကျဉ်း ရှင်းရှင်း ပုံစံ
## (မဂ္ဂဝီထိကျစဉ်)

တီ၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဘဝင်။
၀၀၀၊၀၁၀၊ ၀၀၀၊၀၀၀၊ ၀၀၀၊၀၀၀၊ ၀၀၀၊၀၀၀၊ ၀၀၀၊၀၀၀၊ ၀၀၀၊
(၀၀၀–ဥပါဒ်-ဌီ-ဘင် အစဉ်ဟု သိမှတ်ပါလေ။)

မှတ်ချက်။ ။ဤဝီထိအစဉ်၌ ဘဝင်သည် တိဟိတ်ဘဝင်ကျ၏၊(၀၀၀) ဟူသော သုညသုံးလုံးတို့တွင် ပထမ သုညတလုံးကို ဥပါဒ်, ဒုတိယ သုည

တလုံးကို ဌီ, တတိယသုညတလုံးကို ဘင်လို့ သိပါ။ အဆိုပါ (တိ-န-ဒ-မ) စသော ဝီထိစိတ်များဖြစ်ပေါ်လာတဲ့ခါ ရှေးဦးစွာ ဖြစ်စကို ဥပါဒ်၊ အလယ်ကို ဌီ၊ အဆုံးကို ဘင် ဆိုသည်။ ဆိုလိုရင်းမှာ (ဖြစ်-ရင့်-ပျက်)ဟု ဆိုလို၏။ ဤလို (ခဏတ္တယသမင်္ဂီ)ခေါ်သော မဂ်စိတ်ခဏ ဥပါဒ်-ဌီ-ဘင် မျှ ဖြစ်၍ချုပ်သွားသော အခိုက်အတန့်ကာလမျှကိုသာ မဂ်ပုဂ္ဂိုလ်-မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လို့ ဆိုရလေသည်။ မျက်စိတမှိတ်ခန့်မျှကြာမည်မဟုတ်ပေ။ ၎င်းမဂ်စိတ်ချုပ်သည်နှင့်တပြိုင်နက် အကြားမရှိ တစပ်တည်းလိုလို သောတာပတ္တိဖိုလ်စိတ်သည် ဥပါဒ်-ဌီ-ဘင်အားဖြင့် ဖြစ်၍ချုပ်၏။ ထိုအခိုက်အတန့်မျှကိုသာ ဖိုလ်ပုဂ္ဂိုလ်-ဖလဋ္ဌာန်ပုဂ္ဂိုလ်ဆိုရသည်။ အဆိုပါ ဥပါဒ်-ဌီ-ဘင်မျှဖြစ်၍ ပျက်သွားကြတဲ့ မဂ်စိတ် ဖိုလ်စိတ်ကို အကြောင်းပြု၍ မဂ်ပုဂ္ဂိုလ်-ဖိုလ်ပုဂ္ဂိုလ်ဟု ဆိုရလေသည်။ ၎င်းမဂ်စိတ်-ဖိုလ်စိတ်မှတပါး မဂ်ပုဂ္ဂိုလ်-ဖိုလ်ပုဂ္ဂိုလ်ဟူ၍ လက်ညှိုးထိုးပြစရာ မြူမျှမရှိတော့ပေဟူ၍ သိမှတ်ပါလေ။

သို့ရာတွင် မဂ်ပုဂ္ဂိုလ်မှာ မဂ်စိတ်တချက်ခေါ်တဲ့ ဥပါဒ်-ဌီ-ဘင်မျှ တည်တန့်နိုင်ပါသော်လည်း ဖိုလ်ပုဂ္ဂိုလ်မှာကား အထက်အထက်မဂ်ကို မရသေးသမျှ နေ့-လ-နှစ် ဘဝ တည်နိုင်ပါသည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

(ဤကား သောတာပတ္တိမဂ္ဂဝီထိကျပုံကို ပြဆိုခြင်းပေတည်း။)

သကဒါဂါမိမဂ်၊အနာဂါမိမဂ်၊အရဟတ္တမဂ်ဝီထိကျပုံတို့၌လည်း နည်းတူ သိမှတ်ပါ လေ။ အထူးမှာကား ဂေါ်တြဘူနေရာ၌ ဝေါဒါန်-ဝေါဒါန်-ဝေါဒါန်ဟု လွှဲပြောင်း၍ဆိုရုံသာ ထူးပါတော့သည်။

## အမြတ်ဆုံး သောတာပတ္တိဖိုလ်

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

(ဓမ္မပဒဂါထာ-၁၇၈)

ပထဗျာ၊မြေပြင်အလုံး၌။ ဧကရဇ္ဇေန၊စကြဝတေးမင်းဖြေး တယောက် တည်းဖြစ်ရသောထက်လည်းကောင်း။ သဂ္ဂဿ၊ နတ်ပြည်ဗြဟ္မာ့ပြည်သို့။

ဂမနေန၊ သွားရောက် ခံစားရသောထက်လည်းကောင်း။ သဗ္ဗာလောကာ-ဓိပစ္စေန၊ အလုံးစုံသော လူလောက, နတ်လောက, ဗြဟ္မာလောကကြီးကို လွှမ်းမိုးအုပ်စိုးရသောထက်လည်းကောင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို လက်ကိုင်ရရှိခြင်းသည်။ ဝရံ၊ ဆိုအပ်ခဲ့ပြီးသော စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားရသောထက် အရာ-အထောင်-မက သာအောင် လွန်စွာ လွန်စွာ မြတ်လှသည်သာတည်း။ (ဤကား-အနက်)

## အပါယ်ဘေးအတွက် ရင်အေးချက်

အဘယ့်ကြောင့် သောတာပတ္တိဖိုလ်က မြတ်ရပါသနည်းဆိုတဲ့ အမေး၌ အဖြေကား-မြေအပြင်လုံးကို အစိုးရသော စကြာမင်း၊ သိကြားမင်း ဗြဟ္မာမင်းကြီးပင်ဖြစ်စေကာမူ ဤသောတာပတ္တိမဂ်ဖိုလ်ကို လက်ကိုင်မရသေးလျှင် ဘယ်ဘုံဘယ်ဘဝမှာ ဘာကောင်ပဲဖြစ်ဖြစ် ကုသိုလ်ကံအဟုန်ကုန်က အပါယ်လေးဘုံသို့ တဖန် ကျတတ်ပြန်သောကြောင့်ပေတည်း။ (ဝါ) ဗြဟ္မာဖြစ်၍ "ဈာန်တဝင်းဝင်း ဝက်စားကျင်းမှာ တရှုတ်ရှုတ်" ဖြစ်တတ်ပါသောကြောင့် အပါယ်ဘေးမှ လွတ်လပ်ရေး မရသေးပါ။ အဆိုပါ သောတာပတ္တိမဂ်ဖိုလ်ကို လက်ရှိဘဝ လက်ကိုင်ရရှိထားပါက မဂ်ခဏ, ဖိုလ်ခဏကပင် အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားနိုင်ပြီဖြစ်၍ အပါယ်ဘေးအတွက် ရင်မလေးရတော့ပဲ တခါတည်း ရင်အေးပြီးဖြစ်သောကြောင့်ပေတည်း။

## သည်မျှသာမကသေး—မပိုင်းခြားနိုင်ချေ

၁။ ကဒါစိပိ အနိဗ္ဗိဒ္ဓ- ပုဗ္ဗံ မဂ္ဂေါ ပနေသတိ။
လောဘံ ဒေါသဥ္စ မောဟဥ္စ၊ ဝိဒ္ဓံသေန္တော ဇာယတိ။

၂။ ပိဓေ သဒါ' ပါယဒွါရံ၊ သောသေတိ ဒုက္ခသာဂရံ။
မိစ္ဆာမဂ္ဂံ ပဇဟာတိ၊ အရိယဒ္ဓနမုခိကရော။

၃။ သမေတိ ဝေရဘယာနိ၊ နေတိ ဗုဒ္ဓါဿ ဩရသံ။
အညေသဉ္စာနိသံသာနံ၊ မဂ္ဂေါ လာဘာယ ဝတ္တတိ။
ဝိတ္ထာရော စော ပကာသေတုံ၊ န သက္ကာ ဒီဃမစ္စုနာတိ။
(ဝိသုဒ္ဓိမဂ် ရတနာဂါထာ)

**အနက်ကား –**

၁။ သော ဧသော မဂ္ဂေါ ပန၊ ရှိန်စော်ထက်မြက် ဤအရိယာမဂ်သည်ကား။ ကဒါစိပိ၊ တကြိမ်တဖန် တရံတခါမျှလည်း။ အနိဗ္ဗိဒ္ဓပုဗ္ဗံ၊ အနမတဂ်သံသာစက်ဝယ် မပစ်မဖောက် မထွင်းဖူးသေးသော။ တာဒိသံ၊ ခဲယဉ်းစွာဘိ ထိုသို့သဘောရှိသော။ လောဘက္ခံ၊ လိုဖြည့်တပ်စွဲ လောဘခဲကိုလည်းကောင်း။ ဒေါသက္ခံ၊ ကြမ်းကြုတ်မျက်မဲ ဒေါသခဲကိုလည်းကောင်း။ မောဟက္ခံ၊ တွေဝေမိုက်မဲ မောဟခဲကိုလည်းကောင်း။ ဝိဒ္ဓံသေန္တော ဧဝ၊ မှုန့်မှုန့်ညက်ညက် ဖောက်ခွဲ ဖြိုဖျက်သည် ဖြစ်၍သာလျှင်။ ဇာယတိ၊ ထင်ရှားစွာ ဖြစ်ပေါ် လာ၏။

၂။ သော ဧသော မဂ္ဂေါ၊ ရှိန်စော်ထက်မြက် ဤအရိယာမဂ်သည်။ အပါယဒွါရံ၊ အပါယ်လေးပါး တံခါးပေါက်ကို။ သဒါ၊ အခါခပ်သိမ်း။ (ဝါ)အပြီးအစီး။ ပိဓေ၊ လုံခြုံသောထွေ ပိတ်ထားလေ၏။ ဒုက္ခသာဂရံ၊ ဆင်းရဲအစုတ် ရေသမုဒ်ကို။ (ဝါ)"တေန ပုတ္တော သတ္တော နာမ နတ္ထိ" နှင့်အညီ သတ္တဝါ တယောက် တယောက်လျှင် အပါယ်သို့ လားရောက်စေတတ် ဆင်းရဲဒုက္ခ ရေဟူသမျှကို။ သောသေတိ၊ သောတာပတ္တိမဂ် အဆိုက်တွင် တစက်မျှ မကျန်လေ ခန်းခြောက်စေတော့၏။ မိစ္ဆာမဂ္ဂံ၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ စသော မိစ္ဆာမဂ္ဂင်ရှစ်ပါး မိစ္ဆာလမ်းမှားကို။ ပဇဟာတိ၊ စွန့်ပယ်ပစ်ပေ လွှဲရှောင်လေ၏။ အရိယဒ္ဓနမုခိကရော၊ သစ္စာ သီလ စသည်ပေါင်းစု သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါးကို ရှေ့ရှု ပြုလေတော့၏။

၃။ သော ဧသော မဂ္ဂေါ၊ ဤအရိယာမဂ်သည်။ ဝေရဘယာနိ၊ တွင်း ပြင် နီး ဝေး ရန်သူဘေးဟူသမျှတို့ကို။ သမေတိ၊ ကြွင်းကျန် မရှိ

ငြိမ်းအေးစေဘိ၏။ ဗုဒ္ဓဿ၊ သုံးလူ့ထွတ်ထား ရှင်တော်ဘုရား၏။ ဩရသံ၊ ရင်တော်နှစ်သားတော်-သမီးတော်အစစ်အဖြစ်သို့။နေတိ၊မရောက်ချင် မနေ ရောက်အောင် ပို့ဆောင်လေတော့၏။ အညေသဉ္စ၊ ဤသို့စသား ပြရှိထားသည့်မှတပါး များပြားစွာလည်း ဖြစ်ကုန်သော။အာနိသံသာနံ၊ ရတနာသုံးအင်ကို သက်ဝင်ယုံကြည်ခြင်း စသော အကျိုးအာနိသံသတို့ကို လည်း။ လာဘာယ၊မလွဲမှန်စွာ ရရှိခြင်းအကျိုးငှါ။ ဝတ္တတိ၊ မဂ်အာနုဘော် ကြီးတေဇော်ကြောင့် ဖြစ်ပေါ်လာလေတော့၏။ တေ၊ ထိုကြီးမြတ် များဖြင့် အရိယာမဂ်၏ အာနိသင်တို့ကို။ ဗီဿမစ္စုနာ၊ နေ့, ရက်, လ, နှစ် သက္ကရာဇ်ရှည်ကြာ အခါကာလအားဖြင့်။ ဝိတ္ထာရေ၊ ဟိုလိုတမျိုး ဤလို တသွယ် ဘယ်လိုပင် အမျိုးမျိုး အသွယ်သွယ် အကျယ်အကျယ် မငြိမ်းဖွယ် ဟောကြားခြင်းအားဖြင့်။ ပကာသေတုံ၊ စုံစုံလင်လင် အကုန်ပင်ပြ၍ ဟောခြင်းငှါ။ န သက္ကာ၊ ဘုရားမှတပါး ဘယ်သူအားမျှ မဟောစွမ်းနိုင် မတတ်စွမ်းနိုင်တော့သည်သာလျှင်တည်း။

## ဉာဏဒဿနဝိသုဒ္ဓိ ပြီးဆုံးခြင်း

ဤကား ကုလပုတ္တ,အာစာရပုတ္တ,အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့သည် ဝဋ်မှထွက်ချွန်း ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခါစက (သီ- စိတ်-ဒိဋ္ဌိ-ကင်၊မဂ်-ပဋိလျှမ်၊ဉာဏ်ယှဉ်သတ္တထား။ မဂ်ဖိုလ်လိုရှိ၊ကြိုးစားဘိ၊ သုဒ္ဓိခုနစ်ပါး)ဆိုတဲ့ ဆောင်ပုဒ်လင်္ကာနှင့်အညီ နေယျပုဂ္ဂိုလ်တို့၏ကျင့်စဉ် ဝိသုဒ္ဓိခုနစ်ပါး, ဝိပဿနာဉာဏ်စဉ် ၁၀-ပါးတို့ဖြင့် မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် လုပ်ထုံး လုပ်နည်းကို အစ အဆုံး ဖော်ပြခြင်း ပေတည်း။

အို...ယောဂီအပေါင်း သူတော်ကောင်းတို့၊ ဤမျှ အကျိုးကြီးမား လှသော သောဘာပတ္တိမဂ်ဖိုလ်ကို လက်ရှိဘဝ သေနေ့က မဦးခင် ဤမဂ် အရကဦးသွားအောင် အားထုတ်ပါတော့အံ့ဟု မိမိစိတ်ကို ဆုံးဖြတ်ချက် ချကြကုန်လော့။

ဤတွင် ဉာဏဒဿနဝိသုဒ္ဓိပိုင်း ပြီး၏။

# ပစ္စဝေက္ခဏာဉာဏ်ပိုင်း

## မဂ်ဆိုတာဘာလဲ

ကိလေသေ မာရေတီတိ မော၊ နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊
မော စ သော ဂေါ စာတိ မဂ္ဂေါ–

ဆိုတဲ့ ဝစနတ္ထဝိဂြိုဟ်နှင့် အညီ ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်ရပ်သို့ သွားတတ်သောကြောင့် မဂ်ဟု ဆိုရလေသည်။ ဘယ်လိုကိလေသာကို ပယ်သတ်၍ ဘယ်လိုနိဗ္ဗာန်ရပ်သို့ သွားတတ်ပါသလဲဆိုတဲ့ အမေး၌ သောတာပတ္တိမဂ်ဆိုယင် မဂ်သည် ပယ်အပ်သော သက်ဆိုင်ရာ ကိလေသာတို့ကို မဂ်၏ရှေ့အဖို့မှာ တဒင်္ဂ, မဂ်ခဏမှာ သမုစ္ဆေဒအားဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာကိလေသာတို့ကို အသေသတ်၍ အပါယ်ဇာတ်ငြိမ်းအေးသော နိဗ္ဗာန်သို့ သွားသည်။ (ပထမနိဗ္ဗာန်ပေတည်း)။

သကဒါဂါမိမဂ်ဆိုယင် အနုသယ ကာမရာဂ ဗျာပါဒကိလေသာတို့ကို ခေါင်းပါးရုံနည်းရုံ သတ်၍ လူနတ် တကြိမ်မျှကို ချင်းချန် ကြွင်းကျန်သော လူဇာတ် နတ်ဇာတ် ငြိမ်းအေးသော နိဗ္ဗာန်သို့ သွားသည်။ (ဒုတိယနိဗ္ဗာန်ပေတည်း)။ အနာဂါမိမဂ်ဆိုယင် ကာမရာဂ ဗျာပါဒ ကိလေသာတို့ကို အကြွင်းမရှိ ပယ်သတ်၍ လူဇာတ် နတ်ဇာတ် အပြီးအပြတ် ငြိမ်းအေးသော နိဗ္ဗာန်သို့ သွားသည်။ (တတိယနိဗ္ဗာန်ပေတည်း)။ အရဟတ္တမဂ်ဆိုယင် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပ သံယောဇဉ်နှင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီး အလုံးစုံဇာတ်သိမ်း၍ အငြိမ်းကြီးငြိမ်း အအေးကြီးအေးသော နိဗ္ဗာန်သို့ သွားသည်။ (စတုတ္ထနိဗ္ဗာန်ပေတည်း)။ ဤလိုဤပုံ-သက်ဆိုင်ရာ သံယောဇဉ်နှင့် ကိလေသာတို့ကို ပယ်သတ်၍ နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ်ဆိုရသည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်

ဧယသံ ဥပပတ္တိယာ သော မဂ္ဂံ ပစ္စဝေက္ခတိ၊ ဖလံ ပစ္စဝေက္ခတိ၊ ပဟီနကိလေသေ ပစ္စဝေက္ခတိ၊ အဝသိဋ္ဌကိလေသေ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ပစ္စဝေက္ခတိ။

(သာရသင်္ဂဟအဋ္ဌကထာ)

ဤ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် စသော မဂ်တရား, ဖိုလ်တရားတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းကြောင့် မဂ်ကိုဆင်ခြင်ခြင်းသည် တစ်ထိ, ဖိုလ်ကို ဆင်ခြင်ခြင်းသည် တစ်ထိ, ပယ်ပြီး ကိလေသာတို့ကို ဆင်ခြင်ခြင်းသည် တစ်ထိ, ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်ခြင်းသည် တစ်ထိ, နိဗ္ဗာန်ကို ဆင်ခြင်ခြင်းသည် တစ်ထိ ဤလို သောတာပတ္တိမဂ်နောင် ပစ္စဝေက္ခဏာ ငါးထိ ငါးထိကျ၏ဟူလို။

## သောတာပန်ဆင်ခြင်ပုံ

၁။ ဣမိနာ ဝတာဟံ မဂ္ဂေန အာဂတောတိ မဂ္ဂံ ပစ္စဝေက္ခတိ။

(သာရသင်္ဂဟအဋ္ဌကထာ)

အနက်ကား—အဟံ၊ ငါသောတာပန်သည်။ ဝတ၊ ကေန် စင်စစ်။ ဣမိနာ မဂ္ဂေန၊ ဤဖြစ်ပျက်မနား ရုပ်နာမ်သင်္ခါရတရားကည်းဟူသော လမ်းရိုးဖြင့် ရှုမှတ်၍ လာခဲ့ရာ လွန်စွာ အေးချမ်း သာယာလှစွာသော နိဗ္ဗာန်သို့ သိမြင်ရသော မဂ်ခရီးဖြင့်။ အာဂတော၊ လာခဲ့ရပါတကား။ ဣတိ၊ ဤသို့ မဂ္ဂံ၊ မိမိရရှိသောမဂ်ကို။ ပစ္စဝေက္ခတိ၊ တဖန်ပြန်၍ ဆင်ခြင်၏။

(ဤကား မဂ်ကိုဆင်ခြင်ပုံတည်း။)

၂။ အယံ မေ အာနိသံသော လဒ္ဓေါတိ ဖလံ ပစ္စဝေက္ခတိ။

အနက်ကား—မေ မယာ၊ ငါသောတာပန်သည်။ အယံ အာနိသံသော၊ ကျိုးပေးမပြတ် မိမိမြင်၏ အခြားမဲ့၌ ဖိုလ်တည်းဟူသော ဤအကျိုးကို။

ယဒွေါ၊ ရှုအပ်ပေပြီ။ ဣတိ၊ ဤသို့။ ဖလံ၊ မိမိရပြီးသော ဖိုလ်ကို။ ပစ္စဝေက္ခတိ၊ တဖန်ပြန်၍ ဆင်ခြင်၏။

(ဤကား ဖိုလ်ကို ဆင်ခြင်ပုံတည်း။)

၃။ ဣမေ နာမ ကိလေသာ ပဟီနာတိ ပဟီနကိလေသေ ပစ္စဝေက္ခတိ။

**အနက်ကား**—မေမယာ၊ငါသောတာပန်သည်။ဣမေ နာမ ကိလေသာ၊ ဤ ဒိဋ္ဌိဝိစိကိစ္ဆာကိလေသာတို့ကို။ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ ဣတိ၊ ဤသို့။ ပဟီနကိလေသေ၊ ပယ်အပ်ပြီးသော ကိလေသာတို့ကို။ ပစ္စဝေက္ခတိ၊ တဖန်ပြန်၍ ဆင်ခြင်၏။

(ဤကား ပယ်ပြီးကိလေသာတို့ကို ဆင်ခြင်ပုံတည်း။)

၄။ ဣမေ နာမ ကိလေသာ အဝသိဋ္ဌာတိ ဥပရိမဂ္ဂတ္တယဝဇ္ဈေ ကိလေသေ ပစ္စဝေက္ခတိ။

**အနက်ကား**—မေ မမ၊ငါ သောတာပန်အား။ဣမေ နာမ ကိလေသာ၊ ဤအမည်ရှိကုန်သော အထက်မဂ်သုံးပါးဖြင့် ပယ်သတ်အပ်ကုန်သော ကာမရာဂ, ဗျာပါဒ စသော ကိလေသာတို့သည်။ အဝသိဋ္ဌာ၊ ကြွင်းကျန်ကုန်သေး၏။ ဣတိ၊ ဤသို့။ ဥပရိမဂ္ဂတ္တယဝဇ္ဈေ၊ အထက်မဂ်သုံးပါးသည် ပယ်သတ်အပ်ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပစ္စဝေက္ခတိ၊ တဖန်ပြန်၍ ဆင်ခြင်၏။

(ဤကား ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ပုံတည်း။)

၅။ အယံ မေ ဓမ္မော အာရမ္မဏတော ပဋိလဒ္ဓေါတိ အမတံ နိဗ္ဗာနံ ပစ္စဝေက္ခတိ။

**အနက်ကား**—မေ မယာ၊ ငါ သောတာပန်သည်။ အယံ ဓမ္မော၊ ဤ ဖြစ်ပျက်မနား ရုပ်နာမ်သင်္ခါရတရားတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားတော်မြတ်ကြီးကို။ အာရမ္မဏတော၊ အာရုံပြုသော အားဖြင့်။ ပဋိလဒ္ဓေါ၊ မဂ်ပညာ ဖိုလ်ပညာ, မဂ်မျက်စိ ဖိုလ်မျက်စိဖြင့် ထိုးထွင်း၍ သိအပ်ပေပြီ။ ဣတိ၊ ဤသို့။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပစ္စဝေက္ခတိ၊ တဖန်ပြန်၍ ဆင်ခြင်၏။

(ဤကား နိဗ္ဗာန်ကို ဆင်ခြင်ပုံတည်း။)

ထို့အတူ သကဒါဂါမိမဂ်၌ ငါးဝီထိ, အနာဂါမိမဂ်၌ ငါးဝီထိ, အရဟတ္တမဂ်၌ ကြွင်းကျန်သော ကိလေသာ မရှိ၍ လေးဝီထိ။ မဂ်လေးပါးလုံးပေါင်းသော်(ကေူနဝီသတိ ပစ္စဝေက္ခဏာနိ နာမ)ဆိုတဲ့ ဝိသုဒ္ဓိမဂ်နှင့်အညီ ပစ္စဝေက္ခဏာဉာဏ်(၁၉)တန်တို့ ဖြစ်ပေ၏။ (ဤသည်တို့ကား—ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ အပြည့်အစုံကို ပြဆိုခြင်းပေတည်း။)

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ နဝါ—

ဆိုတဲ့ အဘိဓမ္မတ္ထသင်္ဂဟအရ ပယ်ပြီး ကိလေသာ, ကြွင်းကျန်သော ကိလေသာတို့ကိုကား ဆင်ခြင်သည်လည်း ရှိ၏၊ မဆင်ခြင်သည်လည်း ရှိ၏။ (ဝါ) ဆင်ခြင်တဲ့ အရိယာပုဂ္ဂိုလ်လဲ ရှိ၏၊ မဆင်ခြင်တဲ့ အရိယာပုဂ္ဂိုလ်လဲ ရှိ၏၊ အရိယာပုဂ္ဂိုလ်တိုင်း ဆင်ခြင်သည် မဟုတ်၊ ရှေးသုံးပါးတို့ကိုတော့ အရိယာပုဂ္ဂိုလ်တိုင်း ဆင်ခြင်ကတ်ကြသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် သကဒါဂါမိတည်ပြီးသော ဘထွေးတော် မဟာနာမ်မင်းကြီးသည် အရှင်ဘုရား .... တပည့်တော်သည် သကဒါဂါမိမဂ်ကို မျက်မှောက်ပြုအပ်ပါလျက် ကိလေသာတို့သည် တပည့်တော်၏ စိတ်ကို တခါတရံ ပူပန်စေကုန်၏ဟု လျှောက်ထားဖူးပေသည်။ ဤလို လျှောက်ထားခြင်းမျိုးဟာ မိမိပယ်ပြီးသော ကိလေသာကို မဆင်ခြင်မိသော ကြောင့်ပင် ဖြစ်ပေသည်။

သို့ရာတွင် ပယ်-ကျန် ကိလေသာ နောက်နှစ်ပါးမှာ များသော အားဖြင့် အကြား အမြင် ဗဟုသုတ ရှိသော ယောဂီပုဂ္ဂိုလ်များသာ ဆင်ခြင်မိ၍ အကြား အမြင် နည်းပါးသော ယောဂီပုဂ္ဂိုလ်များမှာ မဆင်ခြင်မိပဲ ဖြစ်တတ်လေသည်။ ဤလို ဆင်ခြင်မှုဖြစ်သော ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်ဟု ဆိုရပေသည်။ ထို့ကြောင့်ပင် (မဂ်ဖိုလ်နိဗ္ဗာန်၊ ပယ်-ကျန်-ကိလေ၊ ဆင်ခြင်ပေ၊ ငါးတွေ့ ပစ္စဝေက္ခဏာ)ဟု ရှေးဆရာတော်ကြီးများ အဆိုပြုခဲ့လေသည်။

## ဝါဒထူးတမျိုး

သာ ပန န သဗ္ဗေသံ ပရိပုဏ္ဏာ ဟောတိ။ ဧကော ဟိ ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ။ ဧကော အဝသိဋ္ဌကိလေသမေဝ။ ဧကော မဂ္ဂမေဝ။ ဧကော ဖလမေဝ။ ဧကော နိဗ္ဗာနမေဝ။ ဣမေသု ပန ပဉ္စသု ပစ္စဝေက္ခဏေသု ဧကော ဝါ ဒွေ ဝါ နော လဒ္ဓုံ န ဝဋ္ဋတိ။

(မူလပဏ္ဏာသအဋ္ဌကထာ စူဠဒုက္ခက္ခန္ဓသုတ်-၃၆၆)

**အနက်ကား**–သာ ပန၊ ထိုပစ္စဝေက္ခဏာဉာဏ်သည်ကား။ သဗ္ဗေသံ၊ အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့အား။ ပရိပုဏ္ဏာ၊ ပြည့်စုံသည်။ န ဟောတိ၊ မဖြစ်။ ဟိ သစ္စံ၊ မှန်၏။ ဧကော၊ တယောက်သော အရိယာပုဂ္ဂိုလ်သည်။ ပဟီနကိလေသမေဝ၊ ပယ်ပြီးသော ကိလေသာကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဧကော၊ တယောက်သော အရိယာပုဂ္ဂိုလ်သည်။ အဝသိဋ္ဌကိလေသမေဝ၊ ကြွင်းသော ကိလေသာကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဧကော၊ တယောက်သော အရိယာပုဂ္ဂိုလ်သည်။ မဂ္ဂမေဝ၊ မဂ်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဧကော၊ တယောက်သော အရိယာပုဂ္ဂိုလ်သည်။ ဖလမေဝ၊ ဖိုလ်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဧကော၊ တယောက်သော အရိယာပုဂ္ဂိုလ်သည်။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ပန၊ အထူးကား။ ပဉ္စသု၊ ငါးပါးကုန်သော။ ဣမေသု ပစ္စဝေက္ခဏေသု၊ ဤပစ္စဝေက္ခဏာတို့တွင်။ ဧကော ဝါ၊ တပါးကိုလည်းကောင်း။ ဒွေ ဝါ၊ နှစ်ပါးတို့ကိုလည်းကောင်း။ ပစ္စဝေက္ခတိ၊ ကောန်မုချ ဆင်ခြင်ရ၏။ နော လဒ္ဓုံ၊ တပါးပါးကိုမျှ မဆင်ခြင်ပဲ နေခြင်းကို ရခြင်းငှါ၊ န ဝဋ္ဋတိ၊ မအပ်ပေ။

**မှတ်ချက်။** ။ဤ မူလပဏ္ဏာသအဋ္ဌကထာ၏ ဝါဒသည် တပါးသော အဋ္ဌကထာ၏ ဝါဒတို့နှင့် လုံးဝ မတူချေ။ တမူကွဲပြား **တမျိုးတခြား** ဖြစ်သော ဝါဒထူး-ဝါဒဆန်းပေတည်း။ သို့သော်-ယောဂီပုဂ္ဂိုလ်တို့သည် လည်း မိမိတို့ပါရမီဓာတ်ခံ ပဋိဘာန်အမျိုးမျိုး ရှိနေတတ်သောကြောင့်

ပုဉ်းပါးပေါ်ပြည်း အခြားဟိုနှင့် မတူဟူ၍ မပယ်အပ်။ အလေးအမြတ်ပင် ပြုအပ်၏ဟု သိမှတ်ပါလေ။

## မဂ်လေးပါးတို့၏ ခန္ဓာ ဘဝ အသီးသီးမှ ထပုံ

သောတာပတ္တိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓေန သတ္တ ဘဝေ ဌပေတွာ အနမတဂ္ဂေ သံသာရေ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တီတိ ဝိတ္ထာရေ။ ဣတိ မဂ္ဂေါ ဥပါဒိန္နအနုပါဒိန္နတော ဝုဋ္ဌာတိ။ ဘဝဝသေန ပန သောတာပတ္တိမဂ္ဂေါ အပါယဘဝတော ဝုဋ္ဌာတိ။ သကဒါဂါမိမဂ္ဂေါ သုဂတိဘဝေကဒေသတော။ အနာဂါမိမဂ္ဂေါ သုဂတိကာမဘဝတော။ အရဟတ္တမဂ္ဂေါ ရူပါရူပဘဝတော ဝုဋ္ဌာတိ၊ သဗ္ဗဘဝေဟိ ဝုဋ္ဌာတိယေဝါတိ။

(မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ မဟာသကုလုဒါယိသုတ်-၁၇၅)

**အဓိပ္ပါယ်ကား**–သောတာပတ္တိမဂ်ဖြင့် ပဋိသန္ဓေဝိညာဏ်၏ ချုပ်ခြင်းကြောင့် ခုနစ်ဘဝတို့ကို ထား၍ မယ်အပ်သော အစရှိသော သံသရာ၌ နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း ဤနာမ်ရုပ်နှစ်ပါး တရားတို့သည် ခုနစ်ဘဝ၌ ချုပ်ကုန်၏။(ဤကား ခန္ဓာမှ ထပုံတည်း။)

ဘဝမှ ထပုံကား သောတာပတ္တိမဂ်သည် အပါယ်ဘဝမှ ထ၏။ သကဒါဂါမိမဂ်သည် သုဂတိဘဝမှ တစိတ်တဒေသ ထ၏။ အနာဂါမိမဂ်သည် ကာမသုဂတိဘဝမှ ထ၏။ အရဟတ္တမဂ်သည် ရူပဘဝ, အရူပဘဝ အလုံးစုံသောဘဝတို့မှ ထ၏။

မှတ်ချက်။ ။ ဤ၌ "ထ"ဆိုသည်မှာ ကျွတ်လွတ်ထွက်မြောက်ခြင်းကို ဆိုသည်။ သောတာပတ္တိမဂ်သည် အပါယ်ဘဝမှ ထ၏ဆိုယင် အပါယ်လေးပါးမှ အပြီးအစီး ကျွတ်လွတ်ထွက်မြောက်ခြင်းကို ဆိုသည်။ ကျန်သော မဂ်တို့၌လည်း နည်းတူသိမှတ်ပါလေ။

ဤတွင် ပစ္စဝေက္ခဏာဉာဏ်ပိုင်း ပြီး၏။

# သမာပတ်ပိုင်း

## သမာပတ် သုံးမျိုး

သမာပတ္တိ ပနေတ္ထ တိဝိဓာ ဟောတိ၊ ဈာနသမာပတ္တိ ဖလသမာပတ္တိ နိရောဓသမာပတ္တိတိ—

ဟူသည်နှင့် အညီ သမာပတ်သည် ဈာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ်ဟု သုံးမျိုး-သုံးစား-သုံးပါးအပြားရှိသည်။

## အကျဉ်းဆောင်ပုဒ်

၁။ ဈာန်,ဖလ၊ နိရောဓ၊ သုံးဝသမာပတ်။

၂။ ဈာန်ကိုရရှိ၊ တိပုထုဇဉ်၊ ဖလဋ္ဌာန်၊ ဈာန်ကို ဝင်စား၏။

၃။ လေးဖလဋ္ဌာန်၊ သ-သကံ၊ ဖလံ ဝင်စား၏။

၄။ သမာပတ်ရှစ်၊ ရလစ်-နာဂါမ်၊ အရဟံ၊ ခံစံ နိရောဓ်—

ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ—

ဈာနသမာပတ်, ဖလသမာပတ်, နိရောဓသမာပတ် ဟု သုံးမျိုးရှိရာ ဈာန်ရ-တိဟိတ်ပုဂ္ဂိုလ် ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့မှာ မိမိတို့ ရရှိထားသော ဈာန်နှင့် မိမိတို့ ရရှိထားသော ဖိုလ်ကို ဝင်စားနိုင်ကြကုန်၏။ မဂ်လေးပါးကို ရရှိပြီးသော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ ရရှိကြသော ဖိုလ်ကို ဝင်စားနိုင်ကြကုန်၏။သမာပတ်ရှစ်ပါးလုံးကိုရတဲ့ အနာဂါမ်ရဟန္တာ ပုဂ္ဂိုလ်များမှသာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြကုန်၏။

> ဖလေသု ဟောဋ္ဌိမဖလံ ဥပရိမာ အရိယာ န သမာပဇ္ဇန္တိ ပုဂ္ဂလန္တရဘာဝူပဂမနေန ပဋိပ္ပဿဒ္ဓတ္တာ။ ဟောဋ္ဌိမာ စ ဥပရိမံ န သမာပဇ္ဇန္တိ အနဓိဂတတ္တာ။ တသ္မာ သဗ္ဗေသမ္ပိ အရိယာနံ ယထာသကံ ဖလမေဝ ဥပ္ပဇ္ဇတိ။
>
> (သာရသင်္ဂဟအဋ္ဌကထာ)

ဖိုလ်တို့တွင် အောက်အောက်၌ ဖြစ်သောဖိုလ်ကို အထက်အထက်၌ ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် မဝင်စားနိုင်ကြကုန်။ အဘယ်ကြောင့် ဆိုသော် ပုဂ္ဂိုလ်တပါး၏ အဖြစ်သို့ရောက်သဖြင့် ငြိမ်းလေပြီးသော ကြောင့်တည်း။ အောက်အောက်၌ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်လည်း အထက်အထက်၌ဖြစ်သော ဖိုလ်ကို မဝင်စားနိုင်ကြကုန်။ အဘယ့်ကြောင့် ဆိုသော် မိမိတို့မရအပ်သေးသောကြောင့်ပေတည်း။ ထို့ကြောင့် အလုံး စုံသော အရိယာပုဂ္ဂိုလ်တို့အား မိမိတို့သန္တာန်မှာ ထင်ရှားရှိနေသော တရားတို့တွင် မိမိတို့၏ဖိုလ်သည်သာလျှင် အထွတ်အမြတ်ဆုံးဖြတ်သော တရားဖြစ်သောကြောင့် မိမိတို့ရရှိထားသော ဖိုလ်ကိုသာလျှင် ဝင်စားနိုင် ကြသတဲ့။

ထိုသမာပတ်သုံးမျိုးတို့တွင် ဤကျမ်း၌ ဈာနသမာပတ်နှင့် နိရောဓ သမာပတ်နှစ်မျိုးတို့ကို ပြဆိုဖို့ရာ ဈာနလာဘီပုဂ္ဂိုလ်လည်းမဟုတ်၊ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်လည်း မဟုတ်ကြသေး၍ အရှဋ္ဌာန မဟုတ်ကြ သောကြောင့် ပြဆိုဖို့ရာ မလိုအပ်တော့ပါ။ သို့ရာတွင် ဗဟုသုတအဖြစ် ကိုတင်၍ သိရှိထားနိုင်ကြရန် ကျမ်းဂန်လာအတိုင်း အကျဉ်းအမြွက်မျှ ပြဆိုပါဦးအံ့။

## အပ္ပနာဇော

ဤ၌ ဈာန်ဇော မဂ်ဇော ဖိုလ်ဇောတို့ကို အပ္ပနာဇောဟု ဆိုရာ "အပ္ပေတိ အပ္ပနာဝသေန ဥပ္ပဇ္ဇတီတိ အပ္ပနာ" ဆိုတဲ့ ဝစနတ္ထအရ ဈာန်ဇောဖြစ်လျှင် ကသိုဏ်းအာရုံသို့၊ မဂ်ဇောဖိုလ်ဇောဖြစ်လျှင် သင်္ခါရ ချုပ်ငြိမ်းရာနိဗ္ဗာန်အာရုံသို့၊ ဝါ၊ အာရုံ၌ သွတ်သွင်း၍ ထားဘိသကဲ့သို့ ကပ်ငြိ စွဲဝင် သက်ရောက်၍ နေတတ်သောကြောင့် အပ္ပနာဟု ဆိုရ လေသည်။

## ၁။ ဈာနသမာပတ်ဝင်စားပုံ

ဈာနလာဘီ ယောဂီပုဂ္ဂိုလ်သည် ပဌမရူပါဝစရဈာန် စသည်တို့တွင် မိမိရရှိပြီးသောဈာန်ကို ဝင်စားလိုတဲ့ခါ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ပြီးလျှင်

မိမိ အားထုတ်ထားသော ကမ္မဋ္ဌာန်းအားလျော်စွာ ဝင်စားလိုတဲ့အခါ ရှေးက မိမိရရှိထားဖူးသောကသိုဏ်းအာရုံသည် မနောဒွါရာဝဇ္ဇန်း ထင်းကနဲ လင်းကနဲ ထင်ထင်ရှားရှား ထင်လာပြင်လာတော့၏။ထို့နောင် ဘဝင်နှစ်ကြိမ်ဖြစ်၍ ပြတ်သွားပြီးလျှင် ထိုကသိုဏ်းအာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဉာဏသမ္ပယုတ် သောမနဿဇော နှစ်ပါးတို့တွင် တပါးပါးသော ဇောသည် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ရူပါဝစရကုသိုလ်ဈာန်စိတ်သည် အပ္ပနာအဖြစ်ဖြင့် တကြိမ်သော်လည်းကောင်း၊ တနေ့လုံးသော်လည်းကောင်း၊ အကြိမ်များစွာသော်လည်းကောင်း (ဈာန်-ဈာန်-ဈာန်)စသည်ဖြင့် အကြိမ်များစွာဖြစ်၍ အဓိဋ္ဌာန်ထားသော အချိန်စေ့တဲ့အခါ ချုပ်ပြီးလျှင် (ဘဝင်-ဘဝင်ဘဝင်) စသည်ဖြင့် ဘဝင်များစွာကျ၍ ဈာန်မှ ထတော့၏။ အကျယ်ကို သိလိုပါက ဝိထိလက်ရိုးကျမ်းမှာ ကြည့်ပါလေ။

(ဤကား ဈာနသမာပတ်ဝင်စားပုံတည်း။)

## ဖလသမာပတ်အကြောင်းအရာကို ဖော်ပြချက်

ဖလသမာပတ်ဝင်စားလိုသော အရိယာပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်သဖြင့် တယောက်ထီးတည်း ကိန်းအောင်းနေထိုင်သဖြင့် ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် အစဉ်အတိုင်း ဝိပဿနာရှု၍ ရုပ်နာမ်သင်္ခါရတို့ကိုအာရုံပြုသော ဝေါဒါန်အမည်ရသော ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ ဖိုလ်စိတ်သည် ဖလသမာပတ်၏ အစွမ်းအားဖြင့် သင်္ခါရချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံ၌ သွတ်သွင်း၍ထားဘိသကဲ့သို့ ကပ်စွဲဝင်ရောက်လျက် သက်ဝင်၍တည်နေလေတော့၏။ရှေးက ရဖူးသော ဖိုလ်စိတ်သာဖြစ်ပေါ်လာ၏။ စိတ်မညွတ်သော အထက်မဂ်ဉာဏ်များသည် ထိုဖိုလ်ဝင်စားခိုက်၌ မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် (ဖလသမာပတ္တတ္ထိကေန ဟိ အရိယာေကန ရဟောဂတေန ပဋိသလ္လီနေန ။ပ။ ဖလမေဝ ဥပ္ပဇ္ဇတိ နော မဂ္ဂေါ)ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဆိုထားသောကြောင့်တည်း။ ဤပါဌ်ကိုထောက်ဆ၍ သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့သည် မိမိရရှိထားသော မဂ်ဖိုလ်ကို ဝင်စားလိုတဲ့အခါ ဖိုလ်စိတ်သာ

ဖြစ်ပေါ်လာစေသတည်းဟု စိတ်ညွှတ်ထားရခြင်း၊ ဥဒယဗ္ဗယဉာဏ်က စ၍ ဝိပဿနာရှုရခြင်းကို ဖော်ပြထားခြင်းပေတည်းဟု သိအပ်၏။

## အနှစ်သာရမရှိတဲ့ ကေစိဝါဒ

ဤ၌ အနှစ်သာရမရှိတဲ့ ကေစိဝါဒကား သောတာပတ္တိမဂ်သို့ရောက်ရှိပြီးသော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဖိုလ်ကို ဝင်စားအံ့ဟု ဝိပဿနာရှုတဲ့ခါ သကဒါဂါမိမဖြစ်၏။ ထိုသကဒါဂါမိပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖိုလ်ကို ဝင်စားအံ့ဟု ဝိပဿနာရှုတဲ့ခါ အနာဂါမိဖြစ်၏ဟု အဘယဂီရိစသော ကေစိဆရာတို့သည် ဆိုကြကုန်၏။ ထိုကေစိ ဆရာတို့ကို ပြင်းပြင်း ထန်ထန် ရှုတ်ချ၍ ပြောဆိုအပ်၏။

သင်တို့ပြောဆိုတိုင်း ဖိုလ်ကို ဝင်စားအံ့ဟု ဝိပဿနာရှုသည်ရှိသော် သောတာပန်က သကဒါဂါမိဖြစ်၊ သကဒါဂါမိက အနာဂါမိဖြစ်၊ အနာဂါမိက ရဟန္တာဖြစ်လတ္တံ့။ ရဟန္တာက ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့။ ပစ္စေကဗုဒ္ဓါက ဘုရားဖြစ်လတ္တံ့။ ဤသို့ မဖြစ်နိုင်ချေ။ ဖြစ်ရိုးထုံးစံလဲမရှိပေ။ ထို့ကြောင့် ထိုမှတပါးသော အကျိုးသည်မရှိချေ။ အဘယ်ကြောင့်ဆိုသော် (ဒသဂေါတြဘူ မမွာ ဝိပဿနာဝသေန ဥပ္ပဇ္ဇန္တိ)မဂ်အကျိုးရှိသောဝိပဿနာ၊ ဖိုလ်အကျိုးရှိသော ဝိပဿနာကို အသီးအခြားပြု၍ ဟောတော်မူအပ်သော ပါဠိတော်၏ အစွမ်းအားဖြင့်ပင် ကေစိဆရာတို့ဝါဒကို ပယ်အပ်ပြီးဖြစ်တော့၏။ ထို့ကြောင့် ကေစိဝါဒကို မမှတ်အပ် မယူအပ်။ သေက္ခပုဂ္ဂိုလ်အားလည်း ဖိုလ်သည်သာလျှင်ဖြစ်၏။ မဂ်သည် မဖြစ်ဟု အမှန်ယူအပ်၏။

## ဖိုလ်ဝင်စားနိုင်သော အကြောင်းနှစ်ပါး

ဒွေ ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတောဝိမုတ္တိယာ သမာပတ္တိယာ၊ သဗ္ဗနိမိတ္တာနဥ္စ အမနသိကာရော အနိမိတ္တာယ စ ဓာတုယာ မနသိကာရောတိ။

(ဥဒါနအဋ္ဌကထာ-၃၂)

**အဓိပ္ပာယ်ကား**——ငါ့ရှင်တို့၊....အနိမိတ္တမည်သော စေတောဝိမုတ္တိကို ဝင်စားခြင်း၏အကြောင်းတို့သည် ဤဆိုလတ္တံ့ သောနှစ်ပါးတို့ပေတည်း။ အလုံးစုံသော ရုပ်နာမ်သင်္ခါရတို့ကို လုံးဝနှလုံးမသွင်းရခြင်းလည်းကောင်း၊ အနိမိတ္တမည်သော အသင်္ခတဓာတ် နိဗ္ဗာန်ကိုသာ နှလုံးသွင်းရခြင်းလည်းကောင်း၊ ဤနှစ်ပါးတို့ပေတည်းဟု ဆိုလိုခြင်းဖြစ်ပေသည်။

## ၂။ ဖလသမာပတ်ဝင်စားပုံ

ဖလသမာပတ္တတ္ထိကေန အရိယသာဝကေန ရဟောဂတေန
ပဋိသလ္လီနေန ဥဒယဗ္ဗယာဒိဝသေန သင်္ခါရာ ဝိပဿိတဗ္ဗာ။
တဿေဝံ ပဝတ္တာနုပုဗ္ဗဝိပဿနဿ သင်္ခါရာရမ္မဏဂေါတြဘု-
ဉာဏာနန္တရံ ဖလသမာပတ္တိဝသေန နိရောဓေ စိတ္တံ အပ္ပေတိ။
(ဥဒါနအဋ္ဌကထာ-၃၂)

ဖလသမာပတ်ကို ဝင်စားလိုသော အရိယာသာဝကပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ တယောက်ထီးတည်း ကိန်းအောင်းသဖြင့် ၁၀-မိနစ်၊ ၁၅-မိနစ်၊ ၁-နာရီစသည် မိမိအလိုရှိသလောက် အချိန်ကို ပိုင်းခြားလျက် ဤအတွင်း သင်္ခါရချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံ တခုတည်းကိုသာ အာရုံပြုသော၊ ဝါ၊ ဖိုလ်စိတ် တစိတ် နိဗ္ဗာန်အာရုံ တအာရုံဟုဆိုအပ်သော တစိတ် တအာရုံတည်းသာဖြစ်၍နေသော မိမိရရှိပြီးသော ဖိုလ်ဇောသာ အကြိမ်များစွာစော၍ ကျ၍ မနေစေသတည်း။ အန္တရာယ်ရှိက သိပါစေသတည်း။ မရှိက အချိန်ကျမှ ထပါစေသတည်းဟု အဓိဋ္ဌာန်ပြုပြီးလျှင် ဥဒယဗ္ဗယဉာဏ်မှစ၍ အစဉ်အတိုင်း ဝိပဿနာရှုအပ်၏။ ဤသို့ရှုသော ထိုယောဂီပုဂ္ဂိုလ်အား ဖြစ်သော ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်၏ အစွမ်းဖြင့် သင်္ခါရလျှင်အာရုံရှိသော(ဝါ)ရုပ်နာမ်သင်္ခါရတို့ကိုအာရုံပြုသော ဝေါဒါန်အမည်ရသော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ ဖလသမာပတ်၏ အစွမ်းဖြင့် ဖိုလ် ဖိုလ် ဖိုလ် စသည်ဖြင့် အကြိမ်များစွာစော၍(ဝါ) ကျ၍ နေလေတော့၏။

(ဤကား ဖလသမာပတ်ဝင်စားပုံတည်း။)

## အပ္ပနာဇော ဣရိယာပုထ်ခိုင်မှာပုံ

အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ။

(အဘိဓမ္မတ္ထသင်္ဂဟ)

**အနက်ကား**—အပ္ပနာဇဝနံ၊ အပ္ပနာဇော ဆဗ္ဗိသသည်။ ဣရိယာပထမ္ပိ၊ ဣရိယာပုထ်ကိုလည်း။ သန္နာမေတ်၊ ခိုင်မာစေ၏။

**အဓိပ္ပာယ်ကား**—ဈာန်အပ္ပနာပဲဖြစ်ဖြစ်၊ မဂ်အပ္ပနာပဲဖြစ်ဖြစ် ဈာန်ဝင်စား ဖိုလ်ဝင်စားနေသော ယောဂီပုဂ္ဂိုလ်၏ လျောင်း ထိုင် ရပ် သွား လေးပါးသော ဣရိယာပုထ်တို့သည် ဈာန်ဇော ဖိုလ်ဇောကျနေတဲ့ခါ ခန္ဓာကိုယ်ကြီးသည် တောင့်တင်း ခိုင်မာနေတော့၏။ ယိမ်းမှား မရှိရာ။ (ဤကား—အပ္ပနာဇောကျခိုက် ဣရိယာပုထ်ခိုင်မာပုံတည်း။)

## သမာပတ်ဝင်စားနေစဉ် မည်သည့်အသံမှမကြား

သမာပန္နော နာမ အန္တောသမာပတ္တိယံ ကဏ္ဍမူလေ ဓမမာနဿ သင်္ခယုဂဠဿာပိ အသနိသန္နိပါတဿာပိ သဒ္ဒံ န သုဏာတိ။

(သုတ်မဟာဝါအဋ္ဌကထာ၊ သက္ကပဥှာသုတ်-၂၉၇)

သမာပန္နော နာမ၊ သမာပတ်ကိုဝင်စားသည်ဆိုသည်ကား။ အန္တော-သမာပတ္တိယံ၊ သမာပတ်အတွင်း၌။ (ဝါ) သမာပတ်ကို ဝင်စား၍ နေတဲ့အခိုက်အတန့်၌။ ကဏ္ဍမူလေ၊ နားရင်း၌။ ဝါ၊ နား၌တည့်၍။ ဓမမာနဿ၊ မှုတ်သော။သင်္ခယုဂဠဿ၊ခရုသင်းနှစ်ခု၏။ သဒ္ဒမ္ပိ၊ အသံကိုလည်းကောင်း။ အသနိ၊ မိုးကြိုး၏။ သန္နိပါတဿ၊ ဒိုင်းကနဲပစ်ခွဲလိုက်သော။ သဒ္ဒမ္ပိ၊ မိုးကြိုးသံကိုလည်းကောင်း။ န သုဏာတိ၊ လုံးဝ မကြားရတော့ပေဟု ဆိုလိုသည်။

## အဘယ့်ကြောင့် မကြားရသနည်း

အဘယ့်ကြောင့် မကြားရသနည်းဆိုတဲ့အမေး၌ ဈာနသမာပတ် ဖလသမာပတ်ကိုဝင်စားနေတဲ့ခါ ဝင်စားတဲ့အတိုင်းလဲ ဈာန်ဇောဖိုလ်ဇောသာ

ဆက်ကာဆက်ကာကျနေသည်။ ၎င်းစျာန်ဇော ဖိုလ်ဇောသည်လည်း စျာန်ဖြစ်လျှင် ကသိုဏ်းအာရုံ၊ ဖိုလ်ဖြစ်လျှင် နိဗ္ဗာန်အာရုံ တခုတည်းကိုသာ စွဲကပ်ဝင်ရောက်၍ အာရုံပြုနေသည်။ ပြင်ပမှာရှိနေတဲ့ ဖြစ်ပျက်အာရုံတို့ကို လုံးဝအာရုံမပြုတော့ပေ။ စျာန်စိတ် တစိတ်၊ ကသိုဏ်း တအာရုံ၊ တစိတ်တအာရုံ။ ဖိုလ်စိတ် တစိတ်၊ နိဗ္ဗာန် တအာရုံ၊ တစိတ်တအာရုံ။

ဤသို့ဤပုံ တစိတ် တအာရုံတည်းသာ ဖြစ်နေကြသည်။ ထို့ကြောင့် ခရသင်းသံကိုလည်း မကြား၊ မိုးကြိုးသံကိုလည်း မကြားရတော့ပေ။

## ဆူဆူညံညံ လှည်းသံကို မကြား

ထို့မှတပါး ပက္ကုသမလ္လပုတ္တသည် သမာပတ်ဝင်စားနေသော ကာလာမ၏ တပည့်တယောက်ကို အရှင်ဘုရား—ရှည်းငါးရာ လွန်သွားသည်ထို (ငါ) ဖြတ်သွားသည်ကို မြင်လိုက်ပါသလား။ ဆူဆူညံညံ လှည်းသံအသွေ့တို့ကော ကြားလိုက်ပါသလားဟု မေးတဲ့ခါ မြင်လဲမမြင် ကြားလဲမကြားဟု ပြန်ပြော၏။ ဒါဖြင့်ယင် အရှင်ဘုရား အိပ်ပျော်နေပါသလားဟု မေးတဲ့အခါ အိပ်ပျော်၍လဲ မနေပါဟု ပြော၏။ ဒါဖြင့်ယင် အရှင်ဘုရားမှာ အမှတ်သညာများကော ရှိပါသလားဟု မေးတဲ့ခါ ရှိပါရဲ့ဟု ပြော၏။

ထို့နောင် ပက္ကုသသည် ဘုရားထံချဉ်းကပ်၍ မေးလျှောက်ပြန်တဲ့ခါ ပက္ကုသ—ငါဘုရားသည် အခါတပါး အာတုမမြို့၏ တခုသော ကောက်နယ်ရုံ၌ သမာပတ်ဝင်စား၍ သီတင်းသုံးနေတယ်။ ထိုအခါ မိုးသည်းထန်စွာရွာသည် ရှိသော် ပြိမ်းပြိမ်းချုန်းချုန်း ထစ်ချုန်းသည်ရှိသော် လျှပ်စစ်နောင်တို့သည် တလက်လက် ပစ်သည်ရှိသော် မိုးကြိုးသည် ပစ်ခွဲသည်ရှိသော် ငါဘုရားနေသော ကောက်ရိုးပုံနှင့် မနီးမဝေးသောအရပ်၌ လယ်သမားနှစ်ယောက်နှင့် နွားလေးကောင်တို့ကို မိုးကြိုးသည် ပစ်သတ်လိုက်၏။

ပက္ကုသ—ထိုအချိန် ငါဘုရားသည် သမာပတ်မှထ၍ စင်္ကြံသွား၏။ ထိုအခါ တယောက်သော ယောကျ်ားသည် ငါဘုရားထံသို့ လာရောက်၍ ငါဘုရားက အဘယ်အကြောင်းကြောင့် များစွာသော လူစုလူဝေးတွေ

ဖြစ်နေကြဘိသနည်းဟု မေးတဲ့အခါ အရှင်ဘုရား ယခုမကြာမီကပင် မိုးသည်းထန်စွာ ရွာသည်ရှိသော် မိုးသည် ခြိမ်းခြိမ်းချုန်းချုန်း ပြုသည် ရှိသော် လျှပ်စစ်ရောင်တို့သည် တလက်လက်ပစ်သည်ရှိသော် မိုးကြိုးသည် လယ်သမားနှစ်ယောက်နှင့် နွားလေးကောင်တို့ကို ပစ်သတ်လိုက်ပါတယ်။ ဒါကြောင့်မို့ များစွာသော လူစုလူဝေးတွေ ဖြစ်နေကြပါတယ်ဘုရား။

အရှင်ဘုရားက အဘယ်အရပ်မှာ ရှိနေပါသလဲလို့ မေးတဲ့ခါ ငါဘုရားလည်း ဤနေရာတွင်ပင် ရှိနေတာပါပဲဟု မိန့်တော်မူတဲ့ခါ ဒါဖြင့်ယင် အရှင်ဘုရားသည် မိုးကြိုးပစ်သံတွေကို မကြားပါလားဟု မေးလျှောက်တဲ့ခါ မြတ်စွာဘုရားက လုံးဝ ငါမကြားဟု မိန့်တော်မူ၏။ ဒါဖြင့်ယင် အရှင်ဘုရား အိပ်ပျော်၍ နေပါသလား ဘုရားဟု မေးလျှောက်တဲ့ခါ အိပ်ပျော်၍လည်း မနေပါဟု မိန့်တော်မူ၏။ ဒါဖြင့်ယင် အရှင်ဘုရားမှာ အမှတ်သညာများကော ရှိပါရဲ့လားဟု မေးလျှောက်တဲ့အခါ ရှိပါရဲ့ဟု မိန့်တော်မူ၏။ ဤလိုဤပုံ ပက္ကုသနှင့် မြတ်စွာဘုရားတို့၏ အမေးအဖြေများကို ထောက်ထားဆင်ခြင်၍ ဈာနသမာပတ် ဖလသမာပတ် ဝင်စားနေတဲ့ခါ ပြင်ပသဒ္ဒါရမ္မဏ်သမျှ ဘာတခုကိုမှ မကြားမမြင် မသိတော့ပေ ဆိုတဲ့ စကားများကို ယုံမှားမရှိထိုက်တော့ပေ။

(သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်)

## ၃။ နိရောဓသမာပတ်ဝင်စားပုံ

သမာပတ်ရှစ်ပါးကို ရရှိပြီးသောအနာဂါမ်နှင့် ဈာန်ရရဟန္တာပုဂ္ဂိုလ်တို့သည် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့၏ အစဉ်အဆိုင်း ချုပ်ခြင်း၏အစွမ်းအားဖြင့် စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ပိုင်းခြားထားသော ကာလပတ်လုံး မဖြစ်ဘဲ ချုပ်နေခြင်းခေါ်သော နိရောဓသမာပတ်ကို ဝင်စားလိုတဲ့ခါ–

၁။ ဆိတ်ငြိမ်ရာကပ် လျောက်ပတ်သောနေရာ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် နိရောဓသမာပတ်သို့ ရှေးရှု သတိနှင့်ယှဉ်သော စိတ်ကို ဖြစ်စေ၍ ပဌမဈာန်ကို ဝင်စား၍ ၎င်းဈာန်မှ ထပြီးလျှင် ၎င်းဈာန်၌

ရှိသော ဝိတက်-ဝိစာရ စသော သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့ တင်၍ အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုဆင်ခြင်ရသည်။

၂။ ထို့နောင် ဒုတိယဈာန်ကို ဝင်စား၍ ထပြီးလျှင် ၎င်းဈာန်၌ ရှိသော သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုပါ။

၃။ ထို့နောင် တတိယဈာန်ကို ဝင်စား၍ ထပြီးလျှင် ၎င်းဈာန်၌ ရှိသော သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုပါ။

၄။ ထို့နောင် စတုတ္ထဈာန်ကို ဝင်စား၍ ထပြီးလျှင် ၎င်းဈာန်၌ ရှိသော သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုပါ။

၅။ ထို့နောင် ပဉ္စမဈာန်ကိုဝင်စား၍ ထပြီးလျှင် ၎င်းဈာန်၌ရှိသော သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုပါ။

၆။ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၍ ထပြီးလျှင် ၎င်း ဈာန်၌ရှိသော သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုပါ။

၇။ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စား၍ ထပြီးလျှင် ၎င်းဈာန်၌ ရှိသော သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုပါ။

၈။ အာကိဉ္စညာယတနဈာန်ကို ဝင်စား၍ ထပြီးလျှင် ၎င်းဈာန်၌ ရှိသော သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ရှုပါ၊

၎င်းနောက် ပုဗ္ဗကိစ္စလေးပါးပြု-

၁။ နာနာဗဒ္ဓအဝိကောပန=ကိုယ်နှင့်မစပ် ပစ္စည်းရပ်ကို မီးစသော ရန်သူ မဖျက်ဆီးစေနိုင်သတည်း။

၂။ သံဃပတိမာနန=သံဃာတို့ခေါ်လာလျှင် သမာပတ်မှ ထနိုင်စေ သတည်း။

၃။ သတ္ထုပက္ကောသန=ဘုရားခေါ်တော်မူလျှင် သမာပတ်မှ ထနိုင် စေသတည်း။

၄။ အဒ္ဓါနုပရိစ္ဆေဒ=မိမိအသက် ၇-ရက်အတွင်း တည်အံ့လော-မတည်အံ့လော ဟု ဆင်ခြင်ခြင်း၊ ၇-ရက်အတွင်း ထစေနိုင်သတည်း –

ဟု အဆိုပါ ပုဗ္ဗကိစ္စလေးပါးတို့ကို ပြုလုပ်ပြီးလျှင်–

၉။ နေဝသညာ နာသညာယတန ဈာန်ကို ဆက်လက် ဝင်စား၍ ထိုဈာန်ဇောသည် နှစ်ကြိမ်မျှကျ၍ ချုပ်ပြီးလျှင် ဖြစ်နေကျစိတ်အစဉ်သည် နောက်ထပ် ဖြစ်ပေါ်မလာတော့ပဲ၊ ဝါ၊ စိတ်-စေတသိက်-စိတ္တဇရုပ်တို့၏ ၇-ရက်အတွင်း မဖြစ်ပဲ ချုပ်ခြင်းတို့ ရောက်လေတော့၏။ ထိုသို့ဖြစ်ခြင်းကိုပင် နိရောဓသမာပတ် ဝင်စားသည်ဟု ဆိုရလသည်။

ထို့နောက် မိမိအလိုရှိသလောက် ၇-ရက်ပတ်လုံး နေပြီးလျှင် ၎င်းသမာပတ်မှ ထသော အခါ အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇောသည် နိဗ္ဗာန်ကိုအာရုံပြု၍ တကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ နိရောဓသမာပတ်မှ ထတော့၏။ ဘုရား, ရဟန္တာဖြစ်လျှင် အနာဂါမိဖိုလ်ဇောမကျ၊ ၎င်းအစား အရဟတ္တဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြု၍ တကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ နိရောဓသမာပတ်မှ ထတော့၏။

(ဤကား နိရောဓသမာပတ်ဝင်စားပုံတည်း။)

**မှတ်ချက်။** ။ဤ၌ ဒုတိယဈာန်အဆုံး ဝစီသင်္ခါရ ချုပ်၏။ တတိယဈာန်အဆုံး ကာယသင်္ခါရ ချုပ်၏။ နေဝသညာနာသညာယတနဈာန်အဆုံး စိတ္တသင်္ခါရ ချုပ်၏။

ဤ၌ စကားပြောဆိုမှုကို ဝစီသင်္ခါရဆိုသည်။ နှုတ်မြွက်မှု မရှိတော့ပြီဟူလို။ ကိုယ်အင်္ဂါလှုပ်ရှားမှုကို ကာယသင်္ခါရဆိုသည်။ ကိုယ်အင်္ဂါမလှုပ်ရှားတော့ပြီဟူလို။ ကြံစည်တွေးတောမှုကို စိတ္တသင်္ခါရဆိုသည်။ တစုံတရာဘာတခုကိုမှ မတွေးတော မကြံစည်တော့ပြီ။

## နဝပုဗ္ဗဝိဟာရသမာပတ်

ဤ-နိရောဓသမာပတ်ကို အချိုကျမ်းဂန်တို့၌ အစဉ်အတိုင်း ဝင်စား၍ နေရသောကြောင့် နဝပုဗ္ဗဝိဟာရသမာပတ်ဟူ၍လည်း ဟောတော်မူသည်။

## ပုထုဇဉ်-သောတာပန်-သကဒါဂါမိပုဂ္ဂိုလ်တို့ မဝင်စားနိုင်

ထို နိရောဓသမာပတ်ကို ပုထုဇဉ်-သောတာပန် သကဒါဂါမိပုဂ္ဂိုလ်တို့ မဝင်စားနိုင်ကြကုန်။ သမထ ဝိပဿနာ အား-နှစ်ပါးနှင့် မပြည့်စုံသောကြောင့် မဝင်စားနိုင်ခြင်းဖြစ်ပေသည်။ ဈာနလာဘီ အနာဂါမိ-ရဟန္တာ-ပစ္စေကဗုဒ္ဓါ-ဘုရားရှင်တို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြပေကုန်၏။ သမထ-ဝိပဿနာတည်းဟူသော အား-နှစ်ပါးနှင့် ပြည့်စုံသောကြောင့် ဖြစ်ပေသည်။

ထို့ပြင် ထိုနိရောဓသမာပတ်ကို ပဉ္စဝေါကာရဘုံ၌ ကာမအနာဂါမိ-ရဟန္တာပုဂ္ဂိုလ်တို့သည် ကဗဠီကာရ အာဟာရအတွက် ၇-ရက်သာ များသောအားဖြင့် ဝင်စားနိုင်ကြသည်။ ရူပအနာဂါမိ ရဟန္တာပုဂ္ဂိုလ်တို့မှာကား ပီတိဘက္ခာ-ပီတိအာဟာရဖြစ်၍ အလိုရှိသလောက် ဝင်စားနိုင်ကြသည်ဟု သိမှတ်ပါလေ။

## နိဗ္ဗာန

ထို နိရောဓသမာပတ်ကို သင်္ခတ, အသင်္ခတဟူ၍လည်းကောင်း၊ လောကီ, လောကုတ္တရာဟူ၍လည်းကောင်း မဆိုသင့်။ အဘယ့်ကြောင့် ဆိုသော် ပရမတ္ထသဘောအားဖြင့် မရှိသည်၏အဖြစ်ကြောင့်တည်း။ ဆိုလိုရင်းကား အရိယာပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဝင်စားအပ်သည်၏အဖြစ်ကြောင့် နိပ္ဖန္နဟု ဆိုသင့်၏။ အနိပ္ဖန္နဟူ၍ကား မဆိုသင့်ပေဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပြဆိုထားပါသည်။

## သေသောသူနှင့် နိရောဓသမာပတ်ဝင်စားသူတို့၏အထူး

သေသူမှာ အဆိုပါသင်္ခါရသုံးပါးလည်း မရှိ။ အာယုဆိုတဲ့ အသက်လဲကုန်၏။ ဥသ္မာ ခေါ်သော ကမ္မဇတေဇောဓာတ်လည်း ငြိမ်း၏။ စက္ခုစသော ဣန္ဒြေတို့လည်း ပျက်စီး၏။ နိရောဓသမာပတ် ဝင်စားသောသူမှာကား-အဆိုပါ သင်္ခါရသုံးပါးလုံး ချုပ်ငြိမ်း၏။ နာမ်ဇီဝိတိန္ဒြေအသက်သာကုန်၏။ ရုပ်ဇီဝိတိန္ဒြေအသက်ကား မကုန်။ အပူငွေ့ခေါ် ကမ္မဇတေဇောလည်း မငြိမ်း။ စက္ခုစသော ဣန္ဒြေသည်လည်း အထူးသဖြင့်ကြည်လင်၏။ (ဤကား အထူးတည်း။)

## မျက်မှောက်ဘဝ ချမ်းသာစွာနေခြင်းငှါ

ကသ္မာ သမာပဇ္ဇန္တီတိ ဒိဋ္ဌဓမ္မသုခဝိဟာရတ္ထံ။ ယထာ ဟိ ရာဇာ ရဇ္ဇသုခံ၊ ဒေဝတာ ဒိဗ္ဗသုခံ အနုဘဝန္တိ။ ဧဝံ အရိယာ အရိယံ လောကုတ္တရသုခံ အနုဘဝိဿာမာတိ အဒ္ဓါနပ္ပရိစ္ဆေဒံ ကတွာ ဣစ္ဆိတိစ္ဆိတက္ခဏေ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ။

(ဝိသုဒ္ဓိမဂ်၊ ပညာဘာဝနာနိသံသ-၃၄၂)

မြန်မာပြန်ကား– ထိုဈာနလာဘီ-မဂ္ဂလာဘီ ပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် ဤနိရောဓသမာပတ်ကို ဝင်စားကြကုန်သနည်းဆိုတဲ့ အမေး၌ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်း အကျိုးငှါ ဝင်စားကြကုန်သတဲ့။ ဥပမာဆိုသော် မင်းတို့သည် မင်းချမ်းသာကို၊ နတ်တို့သည် နတ်ချမ်းသာကို ခံစားကြကုန်သကဲ့သို့ ထို့အတူ အရိယာပုဂ္ဂိုလ်တို့သည်လည်း မိမိရရှိထားသော လောကုတ္တရာချမ်းသာကို ခံစားအံ့ဟု အချိန်ကာလကို ပိုင်းခြား၍ အလိုရှိသောခဏ၌ ဈာနသမာပတ်၊ ဖလသမာပတ်တို့ကို ဝင်စား၍ နေကြကုန်သတဲ့။

## နိဗ္ဗာန်ဆိုက်ရောက်–မျက်မှောက်ချမ်းသာ

တနည်းဆိုသော် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့၏ နိရောဓသမာပတ်ကို ဝင်စား၍ နေခြင်းသည် အဘယ် အကျိုးရှိသနည်းဟု မေးခဲ့သော်

မျက်မှောက်ဘဝ၌ ဖြစ်ခြင်းသဘောရှိကုန်သော သင်္ခတ တရားတို့သည် ပျက်ခြင်းသဘော ရှိသောကြောင့် ထိုသင်္ခတ တရားတို့၏ ခဏ ခဏ ဖြစ်ခြင်း,ပျက်ခြင်း၌ ငြီးငွေ့၍၊ ဝါ၊ အမြင်ကပ်၍ မျက်မှောက်ဘဝ–ပစ္စက္ခ အတ္တဘော၌ စိတ်, စေတသိက် မရှိကုန်သည်ဖြစ်၍ သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ကပ်၍ ချမ်းသာစွာ နေအံ့ဟု နှလုံးသွင်း၍ ဝင်စား၍နေကြကုန်၏ဟု ဆိုလိုခြင်းဖြစ်ပေသည်။

## တနည်း-ရဟန်းချမ်းသာရှစ်မျိုး(လင်္ကာ)

၁။ ဥစ္စာစပါး၊ လုံခြုံငြားသို့၊ သိုထားသိမ်းခြင်း၊ မရှိကင်း၊ အေးခြင်း တလီ၊ ချမ်းသာသည်။

၂။ အပြစ်ကင်းကွာ၊ ဆွမ်းကိုသာလျှင်၊ မှန်စွာမယွင်း၊ ရှာဖွေခြင်း၊ အေးခြင်းတလီ ချမ်းသာသည်။

၃။ ငြိမ်းအေးပြီးစွာ၊ ဆွမ်းဟာရကို၊ ရှင်ပြစိတ်ထား၊ သုံးဆောင်စား လျှင်း၊ အေးခြင်းတလီ ချမ်းသာသည်။

၄။ တိုင်းသားပြည်သူ၊ ခပ်သိမ်းလူမှု၊ ကောက်ယူခွန်တုတ်၊ နှိပ်စက် ပုတ်ညှဉ်း၊ မရှိကင်း၊ အေးခြင်းတလီ ချမ်းသာသည်။

၅။ မိမိကိန်းအောင်း၊ နေရာကျောင်းနှင့်၊ တစောင်းတစ၊ ဟူသမျှ၌၊ တပ်စွဲကင်းခြင်း၊ မရှိကင်း၊ အေးခြင်းတလီ ချမ်းသာသည်။

၆။ ခိုးသူ နှိပ်စက်၊ မနှောင့်ယှက်၍၊ လုယက်သည့်ဘေး၊ မရှိဝေး၊ အေးခြင်းတလီ ချမ်းသာသည်။

၇။ ရာဇာမည်လတ်၊ မင်းမှူးမတ်မူ၊ ထိုသသူနှင့်၊ ကြည်ဖြူရှင်မော၊ တသောသောနှင့်၊ ရောနှော၍ခြင်းကင်း၊ မရှိကင်း၊ အေးခြင်းတလီ ချမ်းသာသည်။

ဂ။ အရုပ်ဒိဿ၊ ရှစ်မျက်နှာ၌၊ လိုရာရုပ်ခွင်၊ ကြွသွားချင်က၊ ပိတ်ပင်ဆီးတား၊ ချုပ်ချယ်ထားခြင်း၊ မရှိကင်း၊ အေးခြင်း တလီချမ်းသာသည်။

ဤကား ရဟန်းချမ်းသာ ရှစ်မျိုးတည်း။

(အဋ္ဌသာလိနီအဋ္ဌကထာ နိဒါနကထာ၌ ပြဆိုထားပါသည်။)

## ၁။ သောတာပတ္တိမဂ်သို့ တက်ပုံ

သောတာပတ္တိမဂ်သို့တက်ပုံမှာ ဉာဏဒဿနဝိသုဒ္ဓိပိုင်း၌ ပြဆိုခဲ့ပြီးသော လောကီဝိသုဒ္ဓိခြောက်ပါးအတိုင်း အားထုတ်လာခဲ့ရာ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ထက်မာလာပြီးနောက် အနုလောမဉာဏ်အခြေမှန်လျှင် ဂေါတြဘူ၊ မဂ်၊ဖိုလ်၊နိဗ္ဗာန်၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့်၍ ဘဝင်ကျပြီးနောက် ၎င်းဘဝင်ကို ဖြတ်၍ ပစ္စဝေက္ခဏာဉာဏ် ငါးဆန့်တို့ဖြင့် ဦးစွာသော ပထမ ဉာဏဒဿနဝိသုဒ္ဓိခေါ်သော သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်ရှိပြီးနောက် (မဂ်မသိ ဖိုလ်နှင့်မေး)ဆိုတဲ့ ဝိပဿနာပဂေးတို့၏ အဆိုနှင့်အညီ မိမိရရှိသောတရားသည် စစ်မှန်သည် မစစ်မှန်သည်ကို သိရှိရအောင် စမ်းသပ်ကြည့်ရှုဖို့ရာ၊ ဝါ၊ ဖိုလ်ဝင်စားကြည့်ဖို့ရာ လိုအပ်ပါသည်။

## စမ်းသပ်ပုံ

**စမ်းသပ်ပုံမှာ—** ၅-မိနစ်၊ ၁၀-မိနစ်၊ ၁၅-မိနစ်၊ တနာရီစသည်ဖြင့် မိမိအလိုရှိသလောက်အချိန်ကို ပိုင်းခြားပြီးလျှင် ငါရရှိသောတရားသည် စစ်မှန်ပါက ၎င်းအချိန်အတွင်း နိဗ္ဗာန်ကို မျက်မှောက်ပြု၍နေသော သောတာပတ္တိဖိုလ်ဇောသာကျ၍ ဖြစ်၍ နေပါစေသတည်း။ အကြောင်းရှိက သိပါစေသတည်း။ မရှိက အချိန်ကျမှ သနိုင်ပါစေသတည်းဟု စိတ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ အဓိဋ္ဌာန်ပြုပြီးလျှင် ထုံးစံအတိုင်း ဥဒယဗ္ဗယ ဉာဏ်ကစ၍ ရှုနေကျအတိုင်း ဝိပဿနာရှုလျှင်နေပါ။

ဤလိုနေသည်ရှိသော် မကြာမီသော်လည်းကောင်း၊ အချိန်တော်တော် ကြာမှသော်လည်းကောင်း ရှုမှတ်နေတဲ့ တရားတွေအပေါ်မှာ မှုန်းတီး

ငြိမ်းငွေ့နေသလိုလို ဖြစ်ပေါ်လာပြီးလျှင် မြင်တွေ့မြင်တွေ့နေရတဲ့ ဖြစ်ပျက်တွေဟာ များလိုက်-နည်းလိုက်၊ မြန်လိုက်-နှေးလိုက်၊ ကြမ်းလိုက်-နုလိုက်နှင့် ဆီချက်တဲ့အခါမှာ ဆီတွေဟာ အပေါ်သို့လျှံတက်လိုက်, အောက်သို့ လျှောကျသွားလိုက် ဖြစ်နေသည်ကို ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ တက်လိုက်-ကျလိုက် ဖြစ်နေပြီးလျှင် မကြာမီပင် ထိုဖြစ်ပျက်သင်္ခါရတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံတခုတည်းကိုသာ အာရုံပြု၍နေသော ဖိုလ်-ဖိုလ်-ဖိုလ် စသည်ဖြင့် အကြိမ်များစွာ ဖိုလ်ဇောချည်းပဲ ကျနေ၍ ထိုဖိုလ်ဇောသည် လောကုတ္တရာနိဗ္ဗာန်အာရုံကိုသာ တဘက်သတ် အာရုံပြုနေ၍ လောကီအာရုံကို လုံးဝအာရုံမပြုသောကြောင့် လောကီဘက်ရှိ တရားအလုံးစုံတို့ကို ဘာတခုကိုမျှ သိမြင်၍ မနေတော့ပေ။ တလောက လုံးကို တခဏကလေးမေ့ထားခြင်း၊ တခဏကလေး မျက်နှာလွှဲထားခြင်း ပေတည်း။ အဓိဋ္ဌာန်ထားသော အချိန်စေ့တဲ့အခါ တိတိကျကျ ဖြစ်စေ၊ အနည်းငယ်ပိုလွန်၍ဖြစ်စေ ဖိုလ်မှထ၍ ဘဝင်ကျသွားပြီးနောက် မိမိစိတ်သည် ကြည်လင်ပေါ့ပါးစွာနှင့် ဝမ်းသာအားရဖြစ်နေပါလျှင် စစ်မှန်ပြီဟု သိ၍ စိတ်ချပါလေ။ ဘုရားသားတော်-သမီးတော်အစစ် ဖြစ်ပြီဟု သိ၍ ဝမ်းမြောက်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## မဂ္ဂဋ္ဌာန် ဖလဋ္ဌာန်

ဤ၌ မဂ်စိတ်ဖြစ်ဆဲကို မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ဖိုလ်စိတ်ဖြစ်ဆဲကို ဖလဋ္ဌာန် ပုဂ္ဂိုလ်ဟု ခေါ်ဆိုရသည်။ ဥပါဒ်-ဌီ-ဘင်ဟု ဆိုအပ်သော ခဏတ္တယ သမင်္ဂီ၊ မဂ်စိတ်-ဖိုလ်စိတ်မှ အခြားတပါး မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်ဟူ၍ လက်ညှိုး ထိုးပြစရာ လုံးဝ မရှိတော့ပါ။ အထက်ဖြစ်သော သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ပုဂ္ဂိုလ်တို့၌လည်း နည်းတူ သိမှတ်ပါလေ။ သို့ရာတွင် မဂ်ပုဂ္ဂိုလ်မှာ ဥပါဒ်-ဌီ-ဘင်ဆိုတဲ့ စိတ္တက္ခဏ တချက်မျှလောက် သာ တည်နေနိုင်ပါသော်လည်း ၎င်းမဂ်စိတ်-ဖိုလ်စိတ်၏ အခြားမဲ့၌ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်လေတော့သည်။ ၎င်း သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်မှာမူကား အထက်ဖြစ်သော သကဒါဂါမိမဂ်ကို

မရောက်မရသေးသမျှကာလပတ်လုံး သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၏ အဖြစ်၌ တည်နေနိုင်လေသည်။ အထက်မဂ်တို့၌လည်း နည်းတူသိမှတ်ပါလေ။

## အနည်းဆုံး ၄ ကြိမ် ၅-ကြိမ်

ဤ ဖိုလ်ဝင်စားကြည့်မှုကို တကြိမ်မျှ စမ်းသပ်၍ ရရုံမျှနှင့် အားရ ကျေနပ်၍ မနေပါလေနှင့်။ (ဝသီဘော်နိုင်အောင်) အလေ့ အလာ အားကောင်းလာအောင် ခဏခဏ မကြာမကြာ အဆိုပါနည်းအတိုင်း ဖိုလ်ဝင်စား၍ ကြည့်ပါလေ။ အနည်းဆုံး ၄-ကြိမ် ၅-ကြိမ် ဝင်စား၍ ကြည့်ပါ။ ဝင်စားတိုင်း ဝင်စားတိုင်း ရရှိ၍ ကျေနပ်အားရမှသာ အထက် သကဒါဂါမိမဂ်သို့ တက်ပါလေ။

## ၂။ သကဒါဂါမိမဂ်သို့တက်ပုံ

ထို သောတာပန် အရိယာ သာဝကပုဂ္ဂိုလ်သည် ထိုနေရာ၌ လည်းကောင်း၊ တပါးသော နေရာ၌လည်းကောင်း ကာမရာဂ-ဗျာပါဒ ကိလေသာကို ခေါင်းပါးစေခြင်းငှာ အထက်သကဒါဂါမိမဂ်သို့ ရောက်စေ ခြင်းငှာ စိတ်ညွတ်၍ ရှုနေကျဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဥဒယဗ္ဗယဉာဏ်မှစ၍ ရှုနေကျအတိုင်း အနိစ္စ-ဒုက္ခ-အနတ္တဟု ဝိပဿနာ ရှုအပ်ကုန်၏။ ထိုသို့ရှုသော ယောဂီပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့် သင်္ခါရုပေက္ခာဉာဏ်အဆုံး၌ တခုတည်းသော အာဝဇ္ဇန်းဖြင့် အနုလုံ-ဂေါတြဘူဉာဏ်တို့ ဖြစ်ကုန်သည်ရှိသော် ဝေါဒါန်အမည်ရသော ဂေါတြဘူ ဉာဏ်၏ အခြားမဲ့၌ သကဒါဂါမိ မဂ်စိတ်, ထိုသကဒါဂါမိမဂ်၏ အခြားမဲ့၌ သကဒါဂါမိဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်၏။ ထို့နောင် ဘဝင်ကျ၍ ပစ္စဝေက္ခဏာဉာဏ် ငါးတန်တို့သည် ဖြစ်ကုန်၏။

ပြီးလျှင် ရှေးနည်းအတိုင်း သကဒါဂါမိဖိုလ်ဇောသာ စောပါစေ သတည်းဟု မိဋ္ဌာန်၍ ဖိုလ်ဝင်စားကြည့်ပါ။ ရလျှင် စင်မှန်ပြီဟု သိ၍ စိတ်ချပါ။ ဤမျှ အတိုင်းအရှည်ဖြင့် ထိုသကဒါဂါမိပုဂ္ဂိုလ်သည် ဤ လူ့ဘုံသို့တကြိမ်သာလာ၍ ဒုက္ခ၏အဆုံးကိုပြုနိုင်သော သကဒါဂါမိပုဂ္ဂိုလ် အစစ်အဖြစ်သို့ ရောက်လေတော့သည်ဟု သိမှတ်ပါလေ။

## ၃။ အနာဂါမိမဂ်သို့တက်ပုံ

ထိုသကဒါဂါမ် အရိယာသာဝကပုဂ္ဂိုလ်သည် ထိုနေရာ၌လည်းကောင်း၊ တပါးသောအခါ၌လည်းကောင်း ကာမရာဂ ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်းငှာ အထက်အနာဂါမိမဂ်သို့ ရောက်စေခြင်းငှါ စိတ်ကို ညွတ်၍ ရှုနေကျဖြစ်သော ရုပ်နာမ်သင်္ခါရတို့ကို ဥဒယဗ္ဗယဉာဏ်မှ စ၍ ရှုနေကျအတိုင်း အနိစ္စ-ဒုက္ခ-အနတ္တ ဟုဝိပဿနာရှုအပ်ကုန်၏။ထိုသို့ရှုသော ယောဂီပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့် သင်္ခါရုပေက္ခာဉာဏ်အဆုံး၌ တခုတည်းသော အာဝဇ္ဇန်းဖြင့် အနုလုံ-ဂေါတြဘူဉာဏ်တို့သည် ဖြစ်ကုန်သည့်ရှိသော် ဝေါဒါန်အမည်ရသော ဂေါတြဘူဉာဏ်၏အခြားမဲ့၌ အနာဂါမိမဂ်စိတ်ဖြစ်၏။ ထိုအနာဂါမိမဂ်၏အခြားမဲ့၌ အနာဂါမိဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်ကုန်၏။ ထို့နောင် ဘဝင်ကျ၍ ပစ္စဝေက္ခဏာဉာဏ်ငါးတန်တို့သည် ဖြစ်ကုန်၏။ ပြီးလျှင် ရှေးနည်းအတိုင်း အနာဂါမိဖိုလ်ဇောသာ စောပါစေသတည်း ဟု ဓိဋ္ဌာန်၍ ဖိုလ် ဝင်စားကြည့်ပါ။ ရလျှင် စစ်မှန်ပြီဟုသိ၍ စိတ်ချပါ။ ဤမျှ အတိုင်းအရှည်ဖြင့် ထိုအနာဂါမ်ပုဂ္ဂိုလ်သည် ဥပပတ္တိပဋိသန္ဓေနေသော သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ပရိနိဗ္ဗာန်ဝင်စံရလတ္တံ့သော အောက်ကာမဘုံသို့ တဖန်ပြန်လည်ခြင်းသဘော မရှိသော ပဋိသန္ဓေအစွမ်းဖြင့် ဤကာမဘုံသို့ တဖန်ပြန်လည်၍ မလာသော အနာဂါမ်ပုဂ္ဂိုလ်အစစ်အဖြစ်သို့ ရောက်လေတော့သည်ဟု သိမှတ်ပါလေ။

## ၄။ အရဟတ္တမဂ်သို့တက်ပုံ

ထို အနာဂါမ်အရိယာသာဝကပုဂ္ဂိုလ်သည် ထိုနေရာ၌လည်းကောင်း၊ တပါးသောအခါ၌ လည်းကောင်း ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပ ကိလေသာတို့ကို အကြွင်းမဲ့ အကြားမရှိ၊ အကြွင်းမထား ပယ်ရှားခြင်းအကျိုးငှာ အထက် အရဟတ္တမဂ်သို့ ရောက်စေခြင်းအကျိုးငှာ ရှုနေကျဖြစ်သော ရုပ်နာမ်သင်္ခါရတို့ကို ဥဒယဗ္ဗယဉာဏ်မှစ၍ ရှုနေကျအတိုင်း အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုအပ်ကုန်၏။ ထိုသို့ရှုသော ယောဂီပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့် သင်္ခါရုပေက္ခာဉာဏ်၏ အခြားမဲ့၌ အရဟတ္တမဂ်စိတ်, အရဟတ္တဖိုလ်စိတ်ဖြင့်

နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်၏။ ထို့နောက် ဘဝင်ကျ၍ ပစ္စဝေက္ခဏာဉာဏ် လေးတန်တို့သည် ဖြစ်ကုန်၏။ ပြီးလျှင် ရှေးနည်းအတိုင်း အရဟတ္တ ဖိုလ်ဇောသာ စောပါစေသတည်း ဟု မိဋ္ဌာန်၍ ဖိုလ် ဝင်စားကြည့်ပါ။ ရလျှင် စစ်မှန်ပြီဟုသိ၍ စိတ်ချပါ။ ဤမျှအတိုင်းအရှည်ဖြင့် ထိုအရဟတ္တ ဖိုလ် ပုဂ္ဂိုလ်သည် ကုန်ပြီးသော အာသဝေါရှိသော လောက၌ မြတ်သော အလှူကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ်အစစ်အဖြစ်သို့ ရောက်လေတော့၏ဟု သိမှတ်ပါလေ။

## ဇာတ်သိမ်း ပြည်နိဗ္ဗာန်

ဤလို၌ပုံ အရဟတ္တဖိုလ်သို့ (ဝါ) ရဟန္တာအဖြစ်သို့ ရောက်သည့် နေ့မှစ၍ သက်တော်ရှည်သမျှ ကာလပတ်လုံး နေတော်မူ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူသော ပရိနိဗ္ဗာနစုတိ (ဘင်္ဂက္ခဏ) ဟိုဘက်သို့အကျမှာ တစုံ တခုသောဘုံဘဝ၌ ရုပ်နာမ်ဇာတိ အသစ်တဖန် ဖြစ်ပြန်ခြင်းမရှိ၊ အဇာတိ၊ အပဝတ္တ၊ အနုပ္ပါဒနိရောဓ နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီးငြိမ်း အအေးကြီး အေးလေတော့သည်။ (ဝါ) ပရိနိဗ္ဗာန် ဝင်စံလေတော့သည်။ (ဝါ) ဘဝစက်၊ သံသရာစက်၊ ပဋိစ္စသမုပ္ပါဒ်စက် အပြတ်ကြီးပြတ်၍ အရပ်ကြီး ရပ်လေတော့သည်။ (ဝါ) ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းတဲ့ ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်ဟု သိမှတ်ပါလေ။

## စက်ဖြတ်ဝိပဿနာကျမ်း

ထို့ကြောင့်ပင် ဤဝိပဿနာ၏ ကျမ်းအမည်ကို "**စက်ဖြတ် ဝိပဿနာကျမ်း**" ဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။ **ဘဝစက်တွေကို** ဖြတ်သလဲလို့မေးလျှင် ပြုအပ်သော ကံအားလျော်စွာ **ကောင်း ဆိုး ယုတ်** မြတ် ကြီးငယ်ဘဝ၌ ရုပ်နာမ်ခန္ဓာ ဘဝတဖန် ရုပ်နာမ်ခန္ဓာ၊ လူနတ် ပြဟ္မာ၊ ဆင်မြင်း၊ ကျွဲနွား၊ ခွေးဝက်၊ ကြက်ငှက်ပိုးရွ၊ ခြပုံးစသော ရေတွက်၍ မကုန်နိုင်သော ဘဝစက်တွေကို တချက်ထဲဖြတ်သည်။ ဖြစ်ပျက် မွေးသေ **အစဦးမပြတ် စပ်နေတဲ့ သံသရာစက်ခေါ်သော ပဋိစ္စသမုပ္ပါဒ်စက်ကြီးကို**

အပြီးအပြတ် လက်စသတ် ဖြတ် ည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## မာရ်စစ်သည်ကို ပြဆိုခန်း

ဤအရဟတ္တမဂ်သို့ရောက်အောင် စစ်တပ်ပေါင်း အဘယ်မျှလောက် တိုက်ခဲ့ရသနည်းဟု မေးလျှင် စစ်တပ် (၁၀) တပ်လောက် တိုက်ခဲ့ရပါသည်ဟု ဖြေဆိုရန်ရှိ၏။

## ပြင်ပစစ် ကိုယ်တွင်းစစ် (၂)မျိုး

လောက၌ (ယုဒ္ဓ) ခေါ်သော စစ်ထိုး, စစ်တိုက်ခြင်းသည် ပြင်ပစစ် ကိုယ်တွင်းစစ်ဟု နှစ်မျိုးရှိရာ ပြည်ထောင်အချင်းချင်း မင်းတို့၏ ဓား, လှံ, သေနတ် စသော လက်နက်တို့ဖြင့် စစ်ထိုး, စစ်တိုက်ခြင်းသည် ပြင်ပစစ် မည်၏။ ဘုရားစသော သူတော်ကောင်းတို့၏ ကိုယ်တွင်းရှိ ကိလေသာ တထောင့်ငါးရာတို့ကို သမ္မသန စသော ဝိပဿနာလက်နက် မဂ်လက်နက် ဖိုလ်လက်နက်တို့ဖြင့် တိုက်ခိုက်ခြင်းသည် ကိုယ်တွင်းစစ်ဖြစ်လေသည်။

## အမြင်မှားနှင့် အမြင်မှန်

ထိုစစ်တိုက်ခြင်း နှစ်မျိုးတို့တွင်—

၁။ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးလှသော အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်တို့သည်ကား အရေးပေါ် အရေးရောက်၊ သူဦးယင် ကိုယ်သေ၊ ကိုယ်ဦးယင် သူသေ စသော ခဲယမ်းမီးကျောက် စသော လက်နက်တို့ကို စွဲကိုင်၍ တိုက်ခိုက်ရသော ပြင်ပစစတပ်ကိုသာ မြဲမြဲစွဲစွဲ သဲသဲမဲမဲ တိုက်ခိုက်သတ်ကြကုန်၏။

၂။ အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံကုန်သော ဘုရားစသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ကား အရေးပေါ်အရေးရောက်လှသော၊ ဝါ၊ တခါနိုင်လျှင် နောင်ပေါ်ဖန်ပြန်၍ မချုံနိုင်သော ကိုယ်တွင်းကိလေသာ တထောင့်ငါးရာတို့ကိုသာ မြဲမြဲစွဲစွဲ သဲသဲမဲမဲ တိုက်ခိုက်ကြကုန်၏။

ထိုနှစ်မျိုး နှစ်စားတို့တွင် ပထမအမျိုးအစားသည်ကား အသိမှား, အမြင်မှား, အယူမှားတည်း။ ဒုတိယအမျိုးအစားသည်ကား အသိမှန်, အမြင်မှန်, အယူမှန်ပေတည်း။

ထိုတွင် ကိုယ်တွင်းစစ်ဆိုသည်မှာ အခြားမဟုတ်ပါ။ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို မပေါက်မရောက်နိုင်အောင် ပိတ်ပင်တားဆီး၍ထားသော အထက်၌ ဖော်ပြလတ္တံ့သော သေမင်းခေါ် မာရ်စစ်သည် (၁၀) တပ်တို့ပေတည်း။

## မာရ်စစ်သည် (၁၀) တပ်

၁။ ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ပဝုစ္စတိ။

၂။ ပဉ္စမီ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌာ ဘီရူ ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော စ အဋ္ဌမာ။

၃။ လာဘော သိလောကော သက္ကာရော၊
မိစ္ဆာလဒ္ဓေါ စ ယော ယသော။
ယော စ'တ္တာနံ သမုက္ကံသေ၊
ပရေ စ အဝဇာနတိ။

၄။ သော နမုစိ တေ သေနာ၊ ကဏှဿာ' ဘိပ္ပဟာရိနီ။
န နံ အသူရော ဇိနာတိ၊ ဇေတွာ စ လဘတေ သုခံ။
(မဟာနိဒ္ဒေသ – ၇၃)

**အနက်ကား—**

၁။ နမုစိ၊ ဟယ်မာရ်နတ်။ ကာမာ၊ ငါးပါးအာရုံ ကာမဂုဏ်တို့ကို။ တေ၊ သင်မာရ်နတ်၏။ ပဌမာ၊ ရှေးဦးစွာသော။ သေနာ၊ စစ်သည်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ အရတိ၊ တရားအလုပ် အားထုတ်မှု၌ မမွေ့လျော်ခြင်းကို။ ဒုတိယာ၊ နှစ်ခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ဝုစ္စတိ။

ဆိုအပ်၏။ ခုပ္ပိပါသာ၊ ဆာလောင်မွတ်သိပ်ခြင်းကို။ တေ၊ သင်မာရ်နတ်၏။ တတိယာ၊ သုံးခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဏှာ၊ အာရုံ၌ တပ်မက်တတ်သော တဏှာကို။ တေ၊ သင်မာရ်နတ်၏။ စတုတ္ထီ၊ လေးခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၂။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို (ဝါ) တဆတ်ဆတ် ငိုက်မျဉ်းခြင်းကို။ တေ၊ သင်မာရ်နတ်၏။ ပဉ္စမီ၊ ငါးခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘီရူ၊ ဆိတ်ငြိမ်ရာအရပ်၌ တယောက်တည်း တရားအားမထုတ်ရဲပဲ တဖျပ်ဖျပ် ကြောက်ရွံ့ထိတ်လန့်နေခြင်းကို။ တေ၊ သင်၏။ ဆဋ္ဌာ၊ ခြောက်ခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝိစိကိစ္ဆာ၊ ငါအားထုတ်သောတရားသည် ဟုတ်မှန်ပါ၏လောဟု ယုံမှားခြင်းကို။ တေ၊ သင်၏။ သတ္တမီ၊ ခုနစ်ခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ မက္ခော စ၊ သူကျေးဇူးကို ချေဖျက်ခြင်းကိုလည်းကောင်း။ ထမ္ဘော စ၊ ခက်ထန်ခြင်းကိုလည်းကောင်း။ တေ၊ သင်၏။ အဋ္ဌမာ၊ ရှစ်ခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

၃။ လာဘော စ၊ လာဘ်ရခြင်းကိုလည်းကောင်း။ သိလောကော စ၊ ကျော်စောခြင်းကိုလည်းကောင်း။ သက္ကာရော စ၊ ပူဇော်သက္ကာရကိုလည်းကောင်း။ တေ၊ သင်၏။ နဝမာ၊ ကိုးခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မိစ္ဆာလဒ္ဓေါ၊ မကောင်းယုတ်မာ မတရားသဖြင့် ရအပ်သော။ ယော စ ယသော၊အကြွင်အခြံအရံအကျော်အစောသည်လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တေဟိ၊ ထိုလာဘ် လာဘများခြင်း စသည်တို့ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ သမုက္ကံသေ၊ ကောင်းစွာချီးမြှောက်၏။ ပရေ စ၊ သူတပါးတို့ကိုလည်း။ အဝဇာနာတိ၊ မထီမဲ့မြင်ပြုလုပ်၏။ တော်၊ ဤသို့ပြုလုပ်ခြင်းကို။ တေ၊ သင်၏။ ဒသမာ၊ ဆယ်ခုမြောက်သော။ သေနာ၊ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

စက်ဖြတ် ၁၈—ပ•မ•သ•စ

၄။ နုမုဗ်၊ ဟယ်မာရ်နတ်။ ဓသော၊ ဤဆိုအပ်ခဲ့ပြီးသော ဆယ်ပါး သည့်ကား။ တေ၊ သင်၏။ သေနာ၊ စစ်သည်တည်း။ ကဏှဿ၊ သင် မာရ်နတ်၏။ အဘိပ္ပဟာရိနိ၊ လူနတ်ဗြဟ္မာသတ္တဝါတို့ကို လွှမ်းစွာအနွှရာယ် ပြုတတ်သော။ဝါ၊ လွှမ်းစွာနှိပ်စက်တတ်သော။ သေနာ၊စစ်သည်ကို။ အသူ ရော၊မရဲရင့်သောသူသည်၊ ဝါ၊ကြောက်ရွံ့၍ နောက်တွန့်နေသောသူသည်။ ဝါ၊ စစ်မတိုက်ဝံ့သောသူသည်။ န ဇိနာတိ၊ မအောင်နိုင်ချေ။ ဇေတွာဝ၊ ကြောက်မရွံ့နောက်မတွန့်ပဲ ရဲရဲကြီးတိုက်နိုင်မှသာ။ ဝါ၊ တိုက်ရဲသော ယောဂီများသာ။ သုခံ၊ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှန်ကို။ လဘတေ၊ မုချ ပိုင်ပိုင် ရရှိနိုင်၏။

### အကျဉ်းဆောင်ပုဒ်

မဂ်ဖိုလ် မပေါက်၊ မဂ် မရောက်အောင်၊
မာရ်စစ်သည်ကား၊ တပ်ရင်းများ၊ ဆယ်ပါးရှိသည်ကို။
ရှင်လူအများ၊ သတိထား၊ သိနားလည်စေလို့။

### မာရ်စစ်သည်ဆယ်တပ်၏ သံပေါက်ကဗျာများ

၁။ ကာမဂုဏ်ငါး၊ အာရုံများ၊ လှည့်စားနေသည်ကို။
ကာမခေါ်အပ်၊ တစ်နံပါတ်၊ မာရ်နတ်စစ်သည်ဆို။

၂။ ပရေးနှင့်တွေ၊ မပျော်၍၊ မမွေ့နိုင်သည်ကို၊
အရတိမှတ်၊ နှစ်နံပါတ်၊ မာရ်နတ်စစ်သည်ဆို။

၃။ အာရုံငါးချက်၊ စိတ်ကညွတ်၊ ဆာမွတ်သိပ်သည်ကို။
ခုပ္ပိပါသက်၊ သုံးနံပါတ်၊ မာရ်နတ်စစ်သည်ဆို။

၄။ ကာမဂုဏ်ကင်း၊ နေရခြင်း၊ ပျင်းရိနေသည်ကို။
တဏှာ ခေါ်အပ်၊ လေးနံပါတ်၊ မာရ်နတ်စစ်သည်ဆို။

၅။ ကရေးနှင့်တွေ့၊ သန်းဝေ၍၊ ငိုက်လေ့ရှိသည့်ကို။
ထိနမိဒ္ဓတ်၊ ငါးနံပါတ်၊ မာရ်နတ်စစ်သည်ဆို။

၆။ တရားထုတ်အံ့၊ စိတ်မသန့်၊ ကြောက်လန့်နေသည်ကို။
ဘီရူခေါ်အပ်၊ ခြောက်နံပါတ်၊ မာရ်နတ်စစ်သည်ဆို။

၇။ သိက္ခာသုံးပါး၊ ထိုတရား၊ ယုံမှားရှိသည်ကို။
ဝိစိကိစ္ဆတ်၊ ခုနစ်နံပါတ်၊ မာရ်နတ်စစ်သည်ဆို။

၈။ ကျေးဇူးတရား၊ ချေဖျက်ငြား၊ ထောင်လွှားခက်ထန်နေသည်ကို။
မက္ခ ထမ္ဘတ်၊ ရှစ်နံပါတ်၊ မာရ်နတ်စစ်သည်ဆို။

၉။ လာဘ်ပူဇော်နော၊ ခြံရံပေါ၊ ကျော်စောရှိမှုကို။
လာဘောမာရ်တပ်၊ ကိုးနံပါတ်၊ မာရ်နတ်စစ်သည်ဆို၊

၁၀။ ကိုယ်ကိုမြှောက်စား၊ သူမြောက်ထား၊ ပြုလုပ်ငြားသည်ကို။
ဥက္ကာ ဝမ္ဘနတ်၊ ဆယ်နံပါတ်၊ မာရ်နတ်စစ်သည်ဆို။

ဤကား မာရ်နတ်စစ်သည် ဆယ်တပ်ပေတည်း။

## သမ္မာဒိဋ္ဌိ ဗိုလ်ချုပ် စစ်မိန့်ခွန်း

အို ရဲဘော်တပ်သား မဂ္ဂင်များတို့–မာရ်မင်း၏ စစ်သည်ဆယ်တပ်ကို ကြောက်ရွံ့ပို၍ မတိုက်လိုက စစ်ရှုံးကြလျှင် သေမင်းလက်တွင်း ခန္ဓာနှင်း၍ ဆင်းရဲမဆုံးရှိလိမ့်မည်။ အဆိုပါမာရ်မင်း၏ စစ်သည်ဆယ်တပ်ကို ဘယ်ပုံခွင်း၍ နှိမ်နင်းကြမည်နည်း။

ဤကား သမ္မာဒိဋ္ဌိဗိုလ်ချုပ် စစ်မိန့်ခွန်းတည်း။

## တပ်သား ဗိုလ်ဝီရိယအဖြေ

စိုးပါနှင့်ဗိုလ်ချုပ်ကယ်၊ အဆိုပါဆယ်ရပ် မာရ်မင်းတပ်ကို၊ ([illegible] ဝီရိယေ) ဤနှစ်ခုနှင့် ကြပ်မတ်၍တိုက်ပါမည်။ ([illegible] ထဲမှ ရဲအာဇာနည်)။

## ဝီရိယနှစ်မျိုး

ဝီရိယသည် ကာယိကဝီရိယ စေတသိကဝီရိယဟု နှစ်မျိုးရှိရာ ကိုယ်ကို အားထုတ်မှုကို ကာယိကဝီရိယဆို၍၊ စိတ်ကို အားထုတ်မှုကို စေတသိက ဝီရိယဟု ဆိုသည်။ ထိုတွင် တရားအလုပ် အားထုတ်တဲ့အခါ မိမိပိုင်းခြား မှတ်သားထားသော နေ့ညဥ့်နာရီအတွင်းမှာ တရက်တညမျှ မပျက်မကွက် မလစ်ဟင်းစေရအောင် အားထုတ်မှုကို ကာယိကဝီရိယဟု ဆိုသည်။ မိမိ ရှုးစိုက်ထားသော အာရုံမှတပါး စိတ်ထွက်မသွားရအောင် တင်းကြပ်စွာ သတိပြုပြီးလျှင် တွေဝေမှု ထိုင်းမှိုင်းမှု ငိုက်မျဉ်းမှုစသည် မဖြစ်ရအောင် သတိဆောင်၍ မိမိထားလိုတဲ့အချိန်အထိ ထားနိုင်အောင် မိမိစိတ်ကို အားထုတ်မှုကို စေတသိကဝီရိယဟု ဆိုသည်။

တရားအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်မှာ ဤဝီရိယနှစ်မျိုး တို့ကို လွန်စွာလိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤဝီရိယနှစ်မျိုး ကို လက်ကိုင်မထားလျှင်၊ (ဝါ) လက်ကိုင်မရှိလျှင် မဂ်အပွနာ ဖိုလ်အပွနာ ဖြစ်နိုင်ခဲသောကြောင့်ပေတည်း။ ယောဂီပုဂ္ဂိုလ်များ သတိထားကြလေ။ ဤဝီရိယနှစ်မျိုး လက်ကိုင်ထား၍ ဇွဲသတ္တိရှိရှိနှင့် တတပ်ပြီးတတပ် ဆယ် တပ်လုံးပေါက်အောင် တိုက်နိုင်ခဲသောကြောင့် ဤအရဟတ္တဖိုလ်သို့ ချောချောမောမော ရောက်ခဲနိုင်ပေသည်ဟု ဖြေဆိုပါလေ။

## မဂ်လေးပါး ကိလေသာပယ်ခန်း

မဂ်လေးပါးတို့သည် မဂ်ခဏ-မဂ်ခဏတို့၌ ပယ်အပ်သော ကိလေသာ တို့ကို ပြဆိုဦးအံ့။

### ၁။ သံယောဇဉ် (၁၀)ပါး

သံယောဇဉ်ဆိုသည်မှာ—

သံသာရဝဋ္ဋေ သတ္တေ သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာ-

နှင့် အညီ မျက်မှောက် တမလွန် ခန္ဓာဝန်ကိုလည်းကောင်း၊ အကျိုးနှင့် အကြောင်းကိုလည်းကောင်း၊ ဆင်းရဲအပေါင်း၌ ဝဋ္ဋတွင်းသား သတ္တဝါ

တို့ကိုလည်းကောင်း ထမ်းပိုး က-၍ နွားကိုယှဉ်စေသကဲ့သို့ ယှဉ်စေတတ် နှောင်ဖွဲ့တတ်သောကြောင့် သံယောဇဉ်ဟု ဆိုရလေသည်။

ထိုသံယောဇဉ်သည် ကာမရာဂ, ရူပရာဂ, အရူပရာဂ, ပဋိဃ, မာန, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဝိဇ္ဇာ သံယောဇဉ်ဟု အရေအတွက်အားဖြင့် (၁၀)ပါးရှိ၏။

တရားကိုယ်အားဖြင့် လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, မောဟ-ဟု သုတ္တန်နည်းအားဖြင့်(၇) ပါး၊ အဘိဓမ္မာနည်းအားဖြင့် (၈) ပါး၊ သုတ္တန်, အဘိဓမ္မာနည်းအားဖြင့် ပေါင်းသော် သံယောဇဉ်သည် တရားကိုယ်အားဖြင့် (၉)ပါးရှိ၏။

ထိုသံယောဇဉ်တို့တွင်–ပထမ (သောတာပတ္တိမဂ်)သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, အပါယ်သို့လားစေတတ်သော ကာမရာဂ, ဗျာပါဒတို့ကို ပယ်သတ်ကုန်၏။

ဒုတိယ (သကဒါဂါမိမဂ်) သည် ရုန့်ရင်းသော ကာမရာဂ, ဗျာပါဒတို့ကို ခေါင်းပါးရုံ(အောင်)ပယ်သတ်ကုန်၏။ တတိယ (အနာဂါမိမဂ်) သည် ဆိုခဲ့ပြီးသော ဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ,ကာမရာဂ, ဗျာပါဒတို့ကို (အဓောဘာဂိယ) အောက်ကာမဘုံ၌ ဖြစ်ထိုက်သော သံယောဇဉ်ငါးပါးတို့ကို ပယ်သတ်ကုန်၏။ စတုတ္ထ (အရဟတ္တမဂ်) သည် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာတို့ကို (ဥဒ္ဓံဘာဂိယ) အထက် ရူပ အရူပဘုံတို့၌ ဖြစ်ထိုက်သော သံယောဇဉ်တို့ကို ပယ်သတ်ကုန်၏။

## ၂။ ကိလေသာ (၁၀)ပါး

ကိလေသာဆိုသည်မှာ–"စိတ္တံ ကိလိဿတိ ဥပတပ္ပတိ, ဗာဓိယတိ ဝါ ဧတေဟီတိ ကိလေသာ" နှင့် အညီ သတ္တဝါတို့၏စိတ်ကို ညစ်နွမ်းစေတတ်, ပူပန်စေတတ်, နှိပ်စက်တတ်သောကြောင့် ကိလေသာဟု ဆိုရလေသည်။

ထိုကိလေသာသည်–လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟု (၁၀)ပါးရှိ၏။

ထိုကိလေသာ(၁၀)ပါးတို့တွင် ပထမ (သောတာပတ္တိမဂ်)သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးတို့ကို ပယ်၏။ ဒုတိယ (သကဒါဂါမိမဂ်)သည် ဤကိလေသာ နှစ်ပါးတို့ကိုပင် ပယ်၏။ တတိယ (အနာဂါမိမဂ်) သည် ဒေါသကိလေသာကို ပယ်၏။ စတုတ္ထ (အရဟတ္တမဂ်) သည် လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟု ဆိုအပ်သော ကြွင်းသော ကိလေသာ (၇)ပါးတို့ကို ပယ်သတ်ကုန်၏။

## ၃။ မိစ္ဆတ္တတရား (၈)ပါး (၁၀)ပါး

မိစ္ဆတ္တ-ဆိုသည်မှာ မှားယွင်း ချွတ်ချော်တဲ့ နှလုံးသွင်းမှု အသိအမြင် မှားမှုကို ဆိုသည်။ ထိုမိစ္ဆတ္တတရားတို့သည် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ ဟု ရှစ်ပါးရှိ၏။ ၎င်းတို့တွင် မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ နှစ်ပါးကိုထည့်လျှင် (၁၀)ပါးဖြစ်၏။ သမ္မာဒိဋ္ဌိ၏အပြန် ဆန့်ကျင်ဘက်ဖြစ်၏။

အဓိပ္ပါယ်ကား–မှားသောအယူ၊ မှားသောအကြံ၊ မှားသောစကား၊ မှားသောအမှု၊ မှားသောအသက်မွေး၊ မှားသောအားထုတ်မှု၊ မှားသော သတိ၊ မှားသောတည်ကြည်ခြင်း၊ မှားသောနှလုံးသွင်း၊ မှားသောအသိ ဉာဏ်ဟု ဆိုလိုရင်းဖြစ်သည်။

ဆိုလိုရင်းမှာ– ဘုရားဟော ပါဠိတော်နှင့် တလွဲတချော် ထော်လော် ကန့်လန့်(အတ္တနောမတိ) မိမိထင်ရာမြင်ရာကြံ၍ ပြုလုပ်ကြသော သဘော တရားတို့ပေတည်း။

အထူးကွက်၍ပြဆိုရလျှင်– အသညသတ်ဘုံ၊ နေဝသညာ နာသညာ- ယတနဘုံတို့၌ ရုပ်သင်္ခါရ၊ နာမ်သင်္ခါရတို့မှ မလွတ်မကင်းသေးပဲလျက် သင်္ခါရမှလွတ်ကင်းသော နိဗ္ဗာန်ဟု နှလုံးသွင်းမှားခြင်း။

ယခုမျက်မှောက်ခေတ်၌ ပဋိစ္စသမုပ္ပါဒ်တရားကို တပိုင်းတစ အတိုအထွာ အနည်းငယ် ကြားနာကြည့်ရှုရုံမျှနှင့် လည်လည်ပတ်ပတ် မသိ မမြင်ကြပဲလျက် ဒါနဟာ သံသရာရှည်သည်ဟု နှလုံးသွင်းမှားခြင်း မိစ္ဆာဝိမုတ္တိ၊ အပါယ်လားကြောင်း မကောင်းမှုစင်စစ်ဖြစ်သော အကျုမြှုပ်ဟိုက်ထရိုဂျင်၊ ညူကလီယား စသော လက်နက်ဆန်းတို့ကို ပြုစွမ်းနိုင်သော မိစ္ဆာဉာဏ်တို့ပေတည်း။

ထိုတွင် မိစ္ဆတ္တေသု မိစ္ဆာဒိဋ္ဌိ မုသာဝါဒေါ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါ၊ ဣမေ ဓမ္မာ ပထမဉာဏဝဇ္ဈာဟုဆိုသောကြောင့် သောတာပတ္တိမဂ်နှင့် သက္ကဒါဂါမိမဂ်သည် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မုသာဝါဒ–ဤလေးပါးတို့ကို ပယ်သည်။

မိစ္ဆာသင်္ကပ္ပေါ ပိသုဏာဝါစာ ဖရုသဝါစာ၊ ဣမေ ဓမ္မာ တတိယဉာဏဝဇ္ဈာ-ဟု ဆိုသောကြောင့် အနာဂါမိမဂ်သည် မိစ္ဆာသင်္ကပ္ပ, ပိသုဏာဝါစာ-ဖရုသဝါစာ–ဤသုံးပါးတို့ကို ပယ်သည်။

သမ္ဖပ္ပလာပ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ မိစ္ဆာဝိမုတ္တိဉာဏာနိ စတုတ္ထဉာဏဝဇ္ဈာ-ဟု ဆိုသောကြောင့် အရဟတ္တမဂ်သည် သမ္ဖပ္ပလာပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ–ဤခြောက်ပါးတို့ကို ပယ်သတ်ကုန်၏။

**မှတ်ချက်။** ။ဤ၌(စေတနာ ယေဝ စေတ္တာ ဝါစာတိ ဝေဒိတဗ္ဗာ)ဟု ဝိနည်းအဋ္ဌကထာ၌ ဆိုသောကြောင့် ဝါစာကို စကားဟုယူလျှင် အသံဝစီဝိညတ်ဖြစ်၍ ရုပ်ဖြစ်နေသည်။ နာမ်မဟုတ်တော့ပြီ။ ထို့ကြောင့် ရုပ်၏အဖြစ်ကို နှစ်စေခြင်းငှာ ကြည်ရှောင်သော စေတနာကိုသာ ဝါစာ-ဟု ယူလေဟု ဆိုလိုခြင်းဖြစ်ပေသည်။

## ၄။ လောကဓံတရား(၈)ပါး

**လောကဓံဆိုသည်မှာ**–လောကသားတို့ တွေ့ရသောတရားဟု ဆိုလိုရင်းဖြစ်သည်။ အနည်းငယ် ထင်ရှားစေဦးအံ့။ လောက၌ အကျုံးဝင်

သော ဝဋ္ဋဟူသော လောက၏ ဖြစ်ခြင်းပျံ့သည်မျိုးသော် ပေါင်းမှု-မကောင်းမှု၏အစွမ်းကြောင့် ကောင်းကျိုး-မကောင်းကျိုးစသည်တို့သည် ရံခါ-ကောင်းကျိုး ရံခါ-မကောင်းကျိုးတို့သည် မလွှဲမရှောင်သာ-လွှဲမဖြစ် ရှောင်မဖြစ် လွှဲမရ-ရှောင်မရ အခါအခွင့်အားလျော်စွာ သာမန်ပုထုဇဉ် ပုဂ္ဂိုလ်တို့ကို မဆိုထားနှင့် ဘုရား-ရဟန္တာ ပုဂ္ဂိုလ်တို့သော်မှ မလွတ်ရ၊ တွေ့ကြုံကြရသော သဘောတရားတော့ကို လောကဓံဟု ဆိုရလေသည်။

ထိုလောကဓံသည်—

၁။ လာဘော—လာဘ်ရခြင်း(လာဘ်များခြင်း)၊
၂။ အလာဘော—လာဘ်မရခြင်း(လာဘ်နည်းခြင်း)၊
၃။ ယသော—အခြွေအရံ အကျော်အစောများခြင်း၊
၄။ အယသော—အခြွေအရံ အကျော်အစောနည်းခြင်း၊
၅။ နိန္ဒာ—ကဲ့ရဲ့ခံရခြင်း၊
၆။ ပသံသာ—ချီးမွမ်းခံရခြင်း၊
၇။ သုခံ—ချမ်းသာခြင်း၊
၈။ ဒုက္ခံ—ဆင်းရဲခြင်းဟု—

ရှစ်ပါးရှိသည်။

### ကောင်းသောလောကဓံ(၄)မျိုး

ထိုလောကဓံရှစ်မျိုးတို့တွင် ကောင်းသောလောကဓံ(၄)မျိုး၊ မကောင်းသောလောကဓံ(၄)မျိုးဟု (၂)မျိုးရှိရာ ၁-လာဘော၊ ၂-ယသော၊ ၃-ပသံသာ၊ ၄-သုခံ ဤ(၄)မျိုးတို့မှာ ကောင်းသောလောကဓံမျိုး ဖြစ်သည်။

### မကောင်းသောလောကဓံ(၄)မျိုး

(၁)အလာဘော၊ (၂)အယသော၊ (၃)နိန္ဒာ၊ (၄)ဒုက္ခံ ဤ(၄)မျိုး တို့မှာ မကောင်းသောလောကဓံမျိုး ဖြစ်၏။

ယိုယောကဓံတရားများမှာ (ဧဟေယိ ပုမ္ပဇ္ဇာ သဗ္ဗော၊ နာမ နုပ္ပ။ ဗုဒ္ဓါဒိနုမ္ပိ ဟောန္တိ ယေဝ)နှင့်အညီ သူလို-ငါလို သာမန်ပုဂ္ဂိုလ်ကို မဆိုထားနှင့် ဘုရား-ရဟန္တာပုဂ္ဂိုလ်များသော်မှ မလွှတ်ကင်းနိုင်ကြရသော တရားမျိုးဖြစ်၍ လောကဓံအကြောင်းကို ကောင်းကောင်းကြီး သိထားကြပြီးလျှင် ၎င်းလောကဓံနှင့် မရှောင်သာ မလွဲသာ ရင်ဆိုင်ရတဲ့အခါ ဘုရား-ရဟန္တာပင် မဟုတ်သော်လည်း လောကဓံအကြောင်းကို ကောင်းကောင်းကြီးသိထားတဲ့ ပညာရှိတဦးတယောက် ဖြစ်နေလျှင် မတုန်မလှုပ် ကြံ့ကြံ့ခံနိုင်ရေး ရှိစေရမည်။ ဤမှသာ ဗုဒ္ဓဘာသာဝင် စစ်မှန်ပေသည်၊ အထူးသတိပြုပါလေ။

ထိုတွင် သောတာပန်ပုဂ္ဂိုလ်နှင့် သကဒါဂါမိပုဂ္ဂိုလ်တို့သည် ဘယ်လောကဓံကိုမှ မပယ်နိုင်သေးပေ။ သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်တို့လောက် မဆိုးတော့ပေ၊ ခံနိုင်ရည်စွမ်းသတ္တိ ရှိပေပြီ။ အနာဂါမိပုဂ္ဂိုလ်သည် အလာဘော၊ အယသော၊ နိန္ဒာ၊ ဒုက္ခ-ဟု ဆိုအပ်သော လာဘ်မရခြင်း၊ အခြွေအရံ အကျော်အစောနည်းခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲခြင်းတို့ကြောင့်ဖြစ်သော ဒေါသလေးပါးတို့ကို ပယ်၏။ ရဟန္တာပုဂ္ဂိုလ်သည် လာဘော၊ ယသော၊ ပသံသာ၊ သုခံဟု ဆိုအပ်သော လာဘ်ရခြင်း၊ အခြွေအရံ အကျော်အစောများခြင်း၊ ချီးမွမ်းခံရခြင်း၊ ချမ်းသာခြင်းတို့ကြောင့်ဖြစ်သော လောဘ လေးပါးတို့ကို ပယ်၏။

## ၇။ မစ္ဆရိယ ငါးမျိုး

မစ္ဆရိယဆိုသည်မှာ—ကျောင်း-အိမ်စသော ငါးမျိုးတို့၌ သူတပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကို မနာလို-ဝန်တို-သည်းမခံနိုင်သော သဘောဆိုး ငါးမျိုးကို ဆိုသည်။

ထိုမစ္ဆရိယတရားသည်—

၁။ အာဝါသမစ္ဆရိယ၊

၂။ ကုလမစ္ဆရိယ၊

၃။ လာဘမစ္ဆရိယ၊

၄။ ဓမ္မမစ္ဆရိယ၊

၅။ ဝဏ္ဏမစ္ဆရိယဟု–

ငါးမျိုးရှိ၏။

**အဓိပ္ပာယ်မှာ–**

(၁) ကျောင်း, အိမ်စသော အရိပ်အာဝါသ၌ မနေမထိုင် စေလို၍ ဝန်တိုခြင်း။

(၂) အလုပ်အကျွေး ဒါယကာ, ဒါယိကာမတို့၌ သူတပါးတို့နှင့် မဆက်ဆံစေလို မရင်းနှီးစေလို၍ ဝန်တိုခြင်း။

(၃) ပစ္စည်းလာဘ်လာဘတို့၌ ဝန်တိုခြင်း။

(၄) မိမိသိရှိထားသော တရားတို့ကို သူတပါးတို့အား မသိစေလို၍ ဝန်တိုခြင်း။

(၅) ဘယ်အရာမျိုးမဆို မိမိထက်သာ၍ မနာလိုတဲ့သဘောမျိုးဖြင့် မိမိထက်သာသော အဆင်း ဂုဏ်ကျေးဇူးတို့၌ မနာလို၍ ဝန်တိုခြင်း။

ထိုမစ္ဆရိယ ငါးမျိုးတို့တွင် ကုလမစ္ဆရိယသည် များသောအားဖြင့် ရဟန်းများနှင့်သာ သက်ဆိုင်သည်။ အဆိုပါ မစ္ဆရိယငါးပါးတို့သည် မစားရ ငရဲခံ ဆိုသကဲ့သို့ လွန်စွာလွန်စွာ အရုပ်ဆိုးလှ၏။ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့၌ အရှိန်အစော်မဲ့အောင် ပြုလုပ်တတ်၏။ မြတ်စွာဘုရား လက်ထက်တော်အခါက လောသကတိဿရဟန်း ဇမ္ဗုကပရိဗိုဇ်စသည်တို့၏ အဖြစ်မျိုး အဖြစ်ဆိုးတို့ကို ထောက်မြော်၍ ကြောက်ကြပါလေ သူတော်ကောင်းအပေါင်းတို့။

ထိုမစ္ဆရိယ ငါးပါးတို့ကို သောတာပတ္တိမဂ်ကပင်လျှင် အကြွင်းမရှိ အကျန်မရှိ အပြီးအပြတ် လက်စားသတ် ပယ်သတ်ပြီးဖြစ်၍ သကဒါဂါမိမဂ် အနာဂါမိမဂ်-အရဟတ္တမဂ်တို့ ပယ်သတ်စရာ မရှိတော့ပြီ။

## ၆။ ဝိပလ္လာသ မူလ ၄-ပါး၊ မူလီ ၁၂-ပါး

ဝိပလ္လာသဆိုသည်မှာ—အရှေ့ကို အနောက်၊ အနောက်ကို အရှေ့၊ အောက်ကို အထက်၊ အထက်ကို အောက်၊ အကောင်းကို အဆိုး၊ အဆိုးကို အကောင်း၊ အမှန်ကို အမှား၊ အမှားကို အမှန်ဆိုသလို ပြောင်းပြန်လန် အောင် မှားယွင်းသော အမှတ်မှား၊ အသိမှား၊ အယူမှားသော တရားမျိုး တရားဆိုးကို ဆိုသည်။

**မှားပုံမှာကား**—အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ စင်စစ် ကေန်ဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ နိစ္စ-သုခ-အတ္တ-သုဘဟု ပြောင်းပြန်လန်အောင် လွဲမှား သည်။ တနည်းဆိုသော်-ဝိပလ္လာသတရားသည် မျက်မှန်အစိမ်းနှင့်တူသည်။ တူပုံကား မြက်ကိုစားသောမြင်းသည် ဇောင်းထဲမှာ လှောင်ထားတဲ့ခါ မြက်တွေခြောက်သွား၍ မစားပဲနေတဲ့ခါ မြင်းပိုင်ရှင်က မြက်ခြောက် မြက်ဆွေးတွေကို မြက်စိမ်း မြက်စိုတွေဟု ထင်မှတ်လာအောင် မျက်မှန် အစိမ်းကို တပ်ပေးလိုက်တဲ့ခါ မြက်ခြောက် မြက်ဆွေးတွေဟာ မြက်စိမ်း- မြက်စိုတွေလို ထင်မြင်လာတော့ စားချင်လွန်းလို့ သွားရည်တမျှားမျှား ဖြစ်နေသကဲ့သို့ ထိုတူပမာ မြင်းပိုင်ရှင်နှင့်တူနေတဲ့ ဝိပလ္လာသတရားဆိုးက မြင်းနှင့်တူနေတဲ့ သတ္တဝါတွေကို ဝိပလ္လာသ-မျက်မှန်အစိမ်း တပ်ပေးလိုက် တဲ့ခါ မြင်းနှင့်တူနေတဲ့ ပုထုဇဉ်သတ္တဝါတို့သည် အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ စင်စစ် ကေန်ဖြစ်နေတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို နိစ္စ-သုခ-အတ္တ- သုဘဟူ၍သာ ပြောင်းပြန်လန်အောင် ဖောက်ပြန် မှားယွင်းနေရလေ တော့သည်။

## ဝိပလ္လာသတရား (၁၂) ပါး

ထိုဝိပလ္လာသတရားသည် မူလအားဖြင့် အနိစ္စ ဒုက္ခ အနတ္တ အသုဘဟု လေးပါးရှိရာ တပါးတပါးလျှင် အမှတ်မှားတဲ့ သညာဝိပလ္လာသ၊ အသိ မှားတဲ့ စိတ္တဝိပလ္လာသ၊ အယူမှားတဲ့ ဒိဋ္ဌိဝိပလ္လာသ-ဟု သုံးပါးစီရှိကြ၍ လေးပါးလုံးပေါင်းသော် ၄×၃=လီ၊ ၁၂-ပါးဖြစ်သည်။

ယုံပုဂ္ဂိုလ်မှ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်သည် အနိစ္စ၌ နိစ္စဟု ဖောက်ပြန်သော သညာ-စိတ္တ-ဒိဋ္ဌိ (၃)ပါး၊ အနတ္တ၌ အတ္တဟု ဖောက်ပြန်သော သညာ-စိတ္တ-ဒိဋ္ဌိ (၃)ပါး၊ အသုဘ၌ သုဘဟု ဖောက်ပြန်သော ဒိဋ္ဌိတပါး၊ ဒုက္ခ၌ သုခဟု ဖောက်ပြန်သော ဒိဋ္ဌိတပါး၊ ပေါင်း ရှစ်ပါး။ ဤဝိပလ္လာသတရား ရှစ်ပါးကို ပယ်၏။ အနာဂါမိမဂ်သည် အသုဘ၌ သုဘဟု ဖောက်ပြန်နေသော သညာ-စိတ္တ-ဝိပလ္လာသတရား နှစ်ပါးတို့ကို ပယ်၏။ အရဟတ္တမဂ်သည် အလုံးစုံ အကုန်ပယ်၏။

## ၇။ ဂန္ထတရား (၄) ပါး

ဂန္ထတရားဆိုသည်မှာ "ဂန္ထေန္တိ ဃဋ္ဋေန္တီတိ ဂန္ထာ" နှင့်အညီ အချုပ်ကောင် နှောင်အိမ် စသော အနှောင်အဖွဲ့ကဲ့သို့လည်းကောင်း၊ သံခြေချင်း—ခြေသုတ်ကြိုးဝန်းတို့၏ အချင်းချင်း စပ်သဖြင့် မပြတ်မကွာနိုင်သည့်၏အဖြစ်ကို ပြုခြင်းကဲ့သို့လည်းကောင်း နှောင်ဖွဲ့တတ် ပြုတတ်သောကြောင့် ဂန္ထတရားဟု ဆိုရလေသည်။

ထိုဂန္ထတရားသည် (၁) အဘိဇ္ဈာကာယဂန္ထ၊ (၂) ဗျာပါဒကာယဂန္ထ၊ (၃) သီလဗ္ဗတပရာမာသကာယဂန္ထ၊ (၄) ဣဒံသစ္စာဘိနိဝေသကာယဂန္ထ-ဟု သရုပ်အားဖြင့် (၄)ပါး၊ တရားကိုယ်အားဖြင့် လောဘ, ဒေါသ, ဒိဋ္ဌိ ဟု (၃)ပါးရှိ၏။ ထိုတွင် လောဘကို အဘိဇ္ဈာကာယဂန္ထ၊ အမျက်ဒေါသကို ဗျာပါဒကာယဂန္ထ၊ ထံကုန်စေခြင်းငှာ နွားကဲ့သို့ကျင့်သော (ဂေါသီလ) ခွေးကဲ့သို့ကျင့်သော (ကုက္ကုရသီလ)၊ ကိုယ်လေသာ ကုန်ခန်းစေခြင်းငှာ နံ့သေးက မီးလေးပုံ အထက်က နေပူ အပူငါးမျိုးကို ခံ၍ ကျင့်သော (ပဉ္စာတပ)၊ ကိလေသာအညစ်အကြေး ကင်းဝေးစင်ကြယ်စေခြင်းငှာ ရေငုပ်သောအကျင့် (ဥဒကောရောဟန)၊ အစာ မစားသောအကျင့် အစရှိသော မိစ္ဆာဒိဋ္ဌိ အကျင့်မျိုးတို့ကို သီလဗ္ဗတပရာမာသကာယဂန္ထ ဆိုသည်၊ ထိုအကျင့်မျိုးတို့ကို ကျင့်ပြီးလျှင် ငါ၏အယူအကျင့်သည်သာ မှန်၏။ သူတပါးတို့၏ အကျင့်သီလသည် မှားး၏ဟု ပြင်းထန်စွာ မှတ်ယူခြင်း၊

နှလုံးသွင်း မှားယွင်းခြင်းကို ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ဆိုသည်ဟု သိမှတ်ပါလေ။

ထိုတွင် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် ဒိဋ္ဌိဖြစ်သော သီလဗ္ဗတပရာမာသနှင့် ဣဒံသစ္စာဘိနိဝေသကာယဂန္ထနှစ်ပါးတို့ကို ပယ်၏။ အနာဂါမိမဂ်သည် ဒေါသဖြစ်သော ဗျာပါဒကာယဂန္ထကို ပယ်၏။ အရဟတ္တမဂ်သည် လောဘဖြစ်သော အဘိဇ္ဈာကာယဂန္ထကို ပယ်၏။

## ဂ။ အဂတိ (၄) ပါး

အဂတိ ဆိုသည်မှာ "ဆန္ဒာဒိဝသေန န ဂစ္ဆတီတိ အဂတိ" ဟူသည်နှင့် အညီ ပစ္စည်းဝေဖန်တဲ့နေရာ၊ တရားဆုံးဖြတ်တဲ့နေရာ စသည်တို့၌ ချစ်သဖြင့် လည်းကောင်း၊ (ဝါ) ချစ်၍လည်းကောင်း၊ မုန်းသဖြင့် လည်းကောင်း၊ (ဝါ) မုန်း၍လည်းကောင်း၊ မသိတွေဝေသဖြင့် လည်း ကောင်း၊ (ဝါ) မသိတွေဝေ၍ လည်းကောင်း၊ ကြောက်သဖြင့် လည်းကောင်း၊ (ဝါ) ကြောက်၍လည်းကောင်း မပြုသင့်သည်ကို ပြုခြင်း၊ ပြုသင့်သည်ကို မပြုခြင်း စသည်ကို ဆိုသည်။

ထိုအဂတိသည် (၁) ဆန္ဒာဂတိ၊ (၂) ဒေါသာဂတိ၊ (၃) မောဟာ ဂတိ၊ (၄) ဘယာဂတိ ဟု လေးပါးရှိ၏။ ယို အဂတိလေးပါးလုံးကို သောတာပတ္တိမဂ်ဉာဏကပင် ပယ်အပ်ပြီးဖြစ်လေတော့သည်။

## ဃ။ အာသဝ (၄) ပါး

အာသဝဆိုသည်မှာ "ဘဝတော အာဘဝဂ္ဂံ, ဓမ္မတော အာဂေါ တြဘုံ သဝန္တိ ပဝတ္တန္တီတိ အာသဝါ" နှင့်အညီ ဘုံအားဖြင့် အထက် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ဖြစ်ပွားယိုစီးတတ်ခြင်း စသော အကြောင်းများကြောင့် အာသဝဟု ဆိုသည်။

ထိုအာသဝသည် (၁) ကာမာသဝ၊ (၂) ဘဝါသဝ၊ (၃) ဒိဋ္ဌာသဝ၊ (၄) အဝိဇ္ဇာသဝ ဟု သရုပ်အားဖြင့် (၄)ပါးရှိ၏။ ကရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ, မောဟ-ဟု (၃)ပါးရှိ၏။

ထိုအာသဝ (၄)ပါးတို့တွင် ငါးပါးအာရုံ ကာမဂုဏ်တို့၌ စုံစုံမက်မက် ခုံခုံတက်အောင် တပ်မက်သာယာသော တဏှာလောဘကို (ကာမာသဝ) ဆိုသည်။ ဘုံသုံးပါးတို့၌ ကပ်ကာ ထပ်ကာ ဖြစ်လိုဖြစ်ချင်နေတဲ့ တဏှာလောဘကို (ဘဝါသဝ) ဆိုသည်၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူမှားကို (ဒိဋ္ဌာသဝ) ဆိုသည်။ သစ္စာလေးပါးတို့ကို မသိအောင် ဖုံးလွှမ်းသော မောဟကို (အဝိဇ္ဇာသဝ)ဟု ဆိုသည်။

ထိုတွင် သောတာပတ္တိမဂ်  သကဒါဂါမိမဂ်သည် ဒိဋ္ဌာသဝကို ပယ်၏။ အနာဂါမိမဂ်သည် ကာမာသဝကို ပယ်၏။ အရဟတ္တမဂ်သည် ဘဝါသဝ၊ အဝိဇ္ဇာသဝကို ပယ်၏။

## ၁၀။ ဩဃ (၄) ပါး

ဩဃဆိုသည်မှာ "ဝဋ္ဋသ္မိံ ယေဝ ဩဟနန္တိ ဩသီဒါပေန္တီတိ ဩဃာ" ဟူသည်နှင့်အညီ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို သံသရာဝဋ်၌သာလျှင် နစ်မွန်း, နစ်မြုပ်, မျှောပါးစေတတ်သောကြောင့် လည်းကောင်း၊ လွှမ်းမိုးဖိစီး၍ သတ်တတ်သောကြောင့်လည်းကောင်း၊ ကူးမြောက်နိုင်ခဲသောကြောင့် လည်းကောင်း၊ ပကတိ ရေအလျဉ်နှင့် တူသောကြောင့် လည်းကောင်း ဩဃ-ဟု ဆိုသည်။

ထိုဩဃသည် (၁) ကာမောဃ၊ (၂) ဘဝေါဃ၊ (၃) ဒိဋ္ဌောဃ။ (၄) အဝိဇ္ဇောဃ ဟု သရုပ်အားဖြင့် (၄)ပါးရှိ၏။ တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟု (၃)ပါးရှိ၏။ (အာသဝနည်းတူ) သိပါလေ။

ထိုတွင် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် ဒိဋ္ဌောဃကို ပယ်၏။ အနာဂါမိမဂ်သည် ကာမောဃကို ပယ်၏။ အရဟတ္တမဂ်သည် ဘဝေါဃ၊ အဝိဇ္ဇောဃကို ပယ်၏။

## ၁၁။ ယောဂ (၄) ပါး

ယောဂဆိုသည်မှာ "ဝဋ္ဋသ္မိံ ယောဇေန္တီတိ ယောဂါ" ဟူသည်နှင့် အညီ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှမှ

မလွတ်စေပဲ ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှနှင့် အမြဲယှဉ်တွဲစေတတ်သောကြောင့် ယောဂဟုဆိုသည်။

ထိုယောဂသည် (၁) ကာမယောဂ၊ (၂) ဘဝယောဂ၊ (၃) ဒိဋ္ဌိယောဂ၊ (၄) အဝိဇ္ဇာယောဂဟု သရုပ်အားဖြင့် (၄)ပါးရှိ၏။ တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟ-ဟု (၃)ပါးရှိ၏။

ထိုယောဂတို့တွင် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် ဒိဋ္ဌိယောဂကို ပယ်၏။ အနာဂါမိမဂ်သည် ကာမယောဂကို ပယ်၏။ အရဟတ္တမဂ်သည် ဘဝယောဂ, အဝိဇ္ဇာယောဂကို ပယ်၏။

တနည်း– အာသဝ, ဩဃ, ယောဂ သုံးပါးတို့ကို ပေါင်း၍ဆိုသော် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် ဒိဋ္ဌာသဝ, ဒိဋ္ဌောဃ, ဒိဋ္ဌိယောဂတို့ကို ပယ်၏။ အနာဂါမိမဂ်သည် ကာမာသဝ, ကာမောဃ, ကာမယောဂတို့ကို ပယ်၏။ အရဟတ္တမဂ်သည် ဘဝါသဝ, ဘဝေါဃ, ဘဝယောဂ, အဝိဇ္ဇာသဝ, အဝိဇ္ဇောဃ, အဝိဇ္ဇာယောဂတို့ကို ပယ်၏။

## ၁၂။ ဥပါဒါန်တရား (၄) ပါး

ဥပါဒါန်ဆိုသည်မှာ "ဘုသံ အာဒိယန္တီတိ ဥပါဒါနာ၊ ဒဠှဂ္ဂါဟံ ဂဏှန္တီတိ အတ္ထော" နှင့်အညီ အမှန်မကျ အမှားဟူသမျှကို ပြင်းထန်ခိုင်မြဲစွာ မလွတ်တမ်း ကျခဲတန်းလန်း လိပ်ခဲတန်းလန်း စွဲလမ်းဖမ်းယူတတ်သောကြောင့် ဥပါဒါန်ဟု ဆိုသည်။

ထိုဥပါဒါန်သည် (၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန်-ဟု သရုပ်အားဖြင့် (၄)ပါးရှိ၏။ တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ-ဟု (၂)ပါးရှိ၏။

ထိုဥပါဒါန်တရား (၄)ပါးတို့တွင် ကာမဂုဏ်၌ အစွဲကြီးသော တဏှာကို ကာမုပါဒါန်ဟု ဆိုသည်။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူနှင့် အစွဲကြီးစွဲသော မိစ္ဆာဒိဋ္ဌိစေတသိက်ကို ဒိဋ္ဌုပါဒါန်ဟု ဆိုသည်။ (ဂန္ထတရားတွင် ပြဆိုခဲ့

ပြီးသော နည်းအတိုင်း) အစွဲလမ်းကြီးမှုကို သီလဗ္ဗတုပါဒါန်၊ သက္ကာယဒိဋ္ဌိ အယူမှား၌ အစွဲကြီးမှုကို အတ္တဝါဒုပါဒါန်ဟု ဆိုသည်။

ထိုတွင် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်တို့ကို ပယ်၏။ အနာဂါမိမဂ်သည် ကာမဘုံ၌ တပ်မက်သော ကာမုပါဒါန်ကို ပယ်၏။ အရဟတ္တမဂ်သည် ရူပဘုံ၊ အရူပဘုံတို့၌ တပ်မက်သော ရူပရာဂ၊ အရူပရာဂကို ပယ်၏။

## ၁၃။ နီဝရဏတရား (၆) ပါး

နီဝရဏဆိုသည်မှာ– "စိတ္တံ နီဝရန္တိ ပရိယောနန္ဓန္တီတိ နီဝရဏာ" နှင့်အညီ လူနတ်ဗြဟ္မာ သတ္တဝါတို့၏စိတ်ကို ကုသိုလ်တရား မဖြစ်ပွားရအောင် ပိတ်ပင်တားဆီး တားမြစ်တတ်သောကြောင့် နီဝရဏဟု ဆိုသည်။

ထိုနီဝရဏတရားသည် (၁) ကာမစ္ဆန္ဒနီဝရဏ၊ (၂) ဗျာပါဒနီဝရဏ၊ (၃) ထိနမိဒ္ဓနီဝရဏ၊ (၄) ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ (၅) ဝိစိကိစ္ဆာနီဝရဏ၊ (၆) အဝိဇ္ဇာနီဝရဏဟု သရုပ်အားဖြင့် ခြောက်ပါးရှိ၏။ တရားကိုယ်အားဖြင့် (၁) လောဘ၊ (၂) ဒေါသ၊ (၃) ထိန၊ (၄) မိဒ္ဓ၊ (၅) ဥဒ္ဓစ္စ၊ (၆) ကုက္ကုစ္စ၊ (၇) ဝိစိကိစ္ဆာ၊ (၈) မောဟဟု ရှစ်ပါးရှိ၏။

ထိုနီဝရဏတို့တွင် ငါးပါးအာရုံ ကာမဂုဏ်ကို သာယာနှစ်သက် တပ်မက်တတ်သော တဏှာလောဘကို (ကာမစ္ဆန္ဒနီဝရဏ)ဟု ဆိုသည်။ အမျက်ထွက်-စိတ်ဆိုးသည်ကို (ဗျာပါဒနီဝရဏ)ဟု ဆိုသည်။ ငိုက်မျဉ်းခြင်း, ထိုင်းမှိုင်းခြင်းသဘောကို (ထိနမိဒ္ဓနီဝရဏ)ဟု ဆိုသည်။ စိတ်ပျံ့လွင့်ခြင်း, ပူပန်ခြင်းသဘောကို (ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ)ဟု ဆိုသည်။ ဘုရား,တရား, သံဃာတို့၌ ယုံမှားခြင်းကို (ဝိစိကိစ္ဆာနီဝရဏ)ဟု ဆိုသည်။ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာစသောတရားတို့ကို မသိသောမောဟကို(အဝိဇ္ဇာနီဝရဏ)ဟုဆိုသည်။

ထိုတွင် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် ဝိစိကိစ္ဆာနီဝရဏကို ပယ်၏။ အနာဂါမိမဂ်သည် ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ကုက္ကုစ္စနီဝရဏတို့ကို ပယ်၏။ အရဟတ္တမဂ်သည် ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာနီဝရဏတို့ကို ပယ်၏။

## ၁၄။ အနုသယ (၇) ပါး

အနုသယဆိုသည်မှာ–"သန္တာနေ အနု အနု သေန္တီတိ အနုသယာ၊ လဒ္ဓါ အနုရူပံ ဟေတုံ ဥပ္ပဇ္ဇန္တီတိ အတ္ထော" နှင့်အညီ လူနတ်ပြဿာ သတ္တဝါတို့၏ သန္တာန်၌ လျှောက်ပတ်သောအကြောင်းကို ရသည်ရှိသော် အဖန်တလဲလဲ ကိန်းတတ်ဖြစ်တတ်သောကြောင့် အနုသယဟု ဆိုသည်။

ထိုအနုသယသည် (၁) ကာမရာဂါနုသယ၊ (၂) ဘဝရာဂါနုသယ၊ (၃) ပဋိဃာနုသယ၊ (၄) မာနာနုသယ၊ (၅) ဒိဋ္ဌာနုသယ၊ (၆) ဝိစိကိစ္ဆာနုသယ၊ (၇) အဝိဇ္ဇာနုသယဟု သရုပ်အားဖြင့် (၇) ပါး ရှိ၏။ တရားကိုယ်အားဖြင့် လောဘ, ဒေါသ, မာန်, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟ ဟု ခြောက်ပါးရှိ၏။

ထိုအနုသယတို့တွင် ကာမဂုဏ်၌ တပ်မက်သော တဏှာလောဘကို (ကာမရာဂါနုသယ)ဟု ဆိုသည်။ ဘုံသုံးပါးတို့၌ အဖန်တလဲလဲ ဖြစ်လိုဖြစ်ချင်နေတဲ့ တဏှာလောဘကို (ဘဝရာဂါနုသယ)ဟု ဆိုသည်။ အမျက်ထွက်မှုဒေါသကို (ပဋိဃာနုသယ)ဟု ဆိုသည်။ မာန်မာနထောင်လွှားမှုကို (မာနာနုသယ)ဟု ဆိုသည်။ မိစ္ဆာဒိဋ္ဌိအယူမှားကို (ဒိဋ္ဌာနုသယ)ဟု ဆိုသည်။ ဘုရား, တရား, သံဃာ စသော သုတ္တန်၌ ယုံမှားခြင်း ၁၆-ပါး၊ အဘိဓမ္မာ၌ ယုံမှားခြင်း ၈-ပါးတို့ကို (ဝိစိကိစ္ဆာနုသယ)ဟု ဆိုသည်။ သစ္စာလေးပါး တရားတို့၌ မသိသောမောဟကို (အဝိဇ္ဇာနုသယ) ဟု ဆိုသည်။

ထိုတွင် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယကို ပယ်၏။ အနာဂါမိမဂ်သည် ကာမရာဂါနုသယ၊ ပဋိဃာနုသယကို ပယ်၏။ အရဟတ္တမဂ်သည် ဘဝရာဂါနုသယ၊ မာနာနုသယ၊ အဝိဇ္ဇာနုသယတို့ကို ပယ်၏။

## ၁၅။ မလတရား (၃) ပါး

မလဆိုသည်မှာ– "မလန္တိ လိမ္ပန္တီတိ မလာ"နှင့်အညီ ဆီသုတ်လိမ်းထားသော ညွန်ကဲ့သို့ မိမိလည်း မစင်ကြယ်၊ မိမိမှ တပါးသော တရားကိုလည်း မစင်ကြယ်သည်၏ အဖြစ်ကို ပြုတတ်သော အညစ် အကြေး တရားမျိုးကို ဆိုသည်။

ထိုမလတရားသည် (၁) လောဘမလ၊ (၂) ဒေါသမလ (၃) မောဟမလဟု သုံးမျိုး ရှိ၏။ ထိုမလတရား သုံးမျိုးတို့တွင် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် မည်သည့် မလတရားကိုမျှ မပယ်နိုင်သေး။အနာဂါမိမဂ်သည် ဒေါသမလကိုပယ်၏။ အရဟတ္တမဂ်သည် လောဘမလ၊ မောဟမလကို ပယ်၏။

## ၁၆။ အကုသလကမ္မပထတရား (၁၀)ပါး

အကုသလကမ္မပထတရားဆိုသည်မှာ အကုသိုလ်ကံ၏အဖြစ်ကြောင်း၊ ဒုဂ္ဂတိဘုံသို့ လားရောက်ခြင်း၏ အကြောင်း၏အဖြစ်ကို ပြုတတ်သော အညစ်အကြေးတရားမျိုးကို ဆိုသည်။

ထိုအကုသလကမ္မပထတရားတို့သည် (၁)ပါဏာတိပါတ၊ (၂)အဒိန္နာဒါန၊ (၃) ကာမေသုမိစ္ဆာစာရ၊ (၄)မုသာဝါဒ၊ (၅) ပိသုဏဝါစာ၊ (၆) ဖရုသဝါစာ၊ (၇) သမ္ဖပ္ပလာပ၊ (၈) အဘိဇ္ဈာ၊ (၉) ဗျာပါဒ၊ (၁၀)မိစ္ဆာဒိဋ္ဌိဟု ၁၀-ပါးရှိ၏။

ထိုအကုသလကမ္မပထတရားတို့တွင်–

၁။ ကိုယ်ချင်းစာနာ သနားခြင်းကရုဏာမထားပဲ သတ္တဝါတယောက် သေပျောက်ပျက်စီးအောင် ရက်ရက်စက်စက် သတ်ဖြတ်မှုကို (ပါဏာတိပါတ)ဟု ဆိုသည်။

၂။ ဥစ္စာရှင်မပေးသော သူတပါးဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ခိုးယူခြင်းကို (အဒိန္နာဒါန)ဟု ဆိုသည်။

၃။ မိဘာစသောအုပ်ထိန်းသူ၊ ကာမပိုင်လင်ရှိသူတို့ ခွင့်မပြုပဲ မသွားမလာကောင်းသော အဂမနိယဝတ္ထုတို့၌ သွားလာကျင့်ကြံမှုကို(ကာမေသု မိစ္ဆာစာရ)ဟု ဆိုသည်။

၄။ သူတပါးအကျိုးစီးပွား ပျက်ပြားသွားအောင် မဟုတ်မမှန် လုပ်ကြံ၍ လိမ်လည်ပြောဆိုမှုကို (မုသာဝါဒ)ဟု ဆိုသည်။

၅။ ချစ်သူ နှစ်ဦး အချစ်ပျက်၍ ကွဲပြားသွားအောင် ညာ၍ ကုန်းချောတိုက်မှုကို (ပိသုဏာဝါစာ)ဟု ဆိုလိုခြင်းဖြစ်သည်။

၆။ သူတပါးတို့အား နင်လားငါလား ကြမ်းတမ်းခက်မာမှုကို (ဖရုသဝါစာ)ဟု ဆိုသည်။

၇။ သူတပါးတို့အား ကောင်းကျိုးချမ်းသာနှင့် မစပ်ယှက်ပဲ ပျော်ပွဲသက်သက်, ရှေးစကား, ယုံတမ်းစကား, ခရီးသွားကျာ သက်ကယ် ရိတ်သွား၏၊ ဝါ၊မယ်သီတာ ဒသဂီရိဝတ္ထု စသော ရုပ်စကား, ရွာစကား, အဖျင်းစကား, အတင်းစကား, တရားမပါ အနှစ်မပါ အကျိုးမရှိသော စကားမျိုးကို ပြောဆိုခြင်းကို (သမ္ဖပ္ပလာပ)ဟု ဆိုသည်။

၈။ သူတပါးဥစ္စာကို မိမိဥစ္စာဖြစ်အောင် စိတ်ထဲကကြံစည်ခြင်းကို (အဘိဇ္ဈာ)ဟု ဆိုသည်။

၉။ သူတပါးတို့အား ကရုဏာမထားပဲ သေကြေပျက်စီးကြောင်း မကောင်းသောစိတ်ဖြင့် ကြံစည်ခြင်းကို (ဗျာပါဒ)ဟု ဆိုသည်။

၁၀။ ကောင်းမှု-မကောင်းမှုကို ပြုသော်လည်း ကောင်းသောကံ၊ မကောင်းသောကံ မဖြစ်။ ထိုကောင်းမှု မကောင်းမှုကံ၏ အကျိုးလည်း မရှိဟု ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း မရှိဟု ပယ်၍ အလွဲအချော်မှတ်ထင်ယူမှားမှုကို (မိစ္ဆာဒိဋ္ဌိ)ဟု ဆိုသည်။

ထိုအကုသလကမ္မပထတရားတို့တွင် သောတာပတ္တိမဂ်သည် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ မိစ္ဆာဒိဋ္ဌိ၊ ဤခြောက်ပါးတို့ကို ပယ်၏။ သကဒါဂါမိမဂ်သည် အကြွင်းမဲ့ မပယ်နိုင်၊ ခေါင်းပါးရုံ နည်းပါးရုံသာ တတ်နိုင်သည်။ အနာဂါမိမဂ်သည် ဖရုသဝါစာ၊ ဗျာပါဒတို့ကို ပယ်၏။ အရဟတ္တမဂ်သည် အဘိဇ္ဈာ၊ သမ္ဖပ္ပလာပတို့ကို ပယ်၏ဟု အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် ရထကာရဝဂ်၌ ပြဆိုထားသည်။

## ၁၇။ အကုသိုလ်စိတ္တုပ္ပါဒ်(၁၂)ပါး

အကုသိုလ်စိတ္တုပ္ပါဒ်ဆိုသည်မှာ လောဘ ဒေါသ မောဟ စသော စိတ်တို့၏ ဥပါဒ်ဆဲ ဖြစ်ဆဲကို ဆိုသည်။ ထိုအကုသိုလ်စိတ္တုပ္ပါဒ်တို့သည် လောဘမူစိတ္တုပ္ပါဒ်(၈)ပါး၊ ဒေါသမူစိတ္တုပ္ပါဒ်(၂)ပါး၊ မောဟမူစိတ္တုပ္ပါဒ်(၂)ပါး ပေါင်း(၁၂)ပါးရှိ၏။

ထိုအကုသိုလ်စိတ္တုပ္ပါဒ်တို့တွင် သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်(၄)ခု၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ္တုပ္ပါဒ်(၁)ခု ပေါင်း(၅)ခုတို့ကို ပယ်၏။ အနာဂါမိမဂ်သည် ဒေါသမူစိတ္တုပ္ပါဒ်(၂)ခုကို ပယ်၏။ အရဟတ္တမဂ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ် (၄) ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်(၁)ခု ပေါင်း(၅)ခုတို့ကို ပယ်၏။

## ဥပ္ပန္နာရဟ ဘူမိလဒ္ဓခေါ် အနာဂတ်ကိလေသာ

မဂ်သည် ကိလေသာကိုပယ်ရာ၌ အတိတ်ကိလေသာ၊ အနာဂတ်ကိလေသာ၊ ပစ္စုပ္ပန်ကိလေသာဟု ကာလ သုံးပါးရှိရာ အဘယ် ကာလ၌ ဖြစ်သော ကိလေသာကို ပယ်ပါသနည်းဆိုတဲ့အမေး၌ အတိတ်ကာလ ကိလေသာသည် ချုပ်ပြီးဖြစ်၍ ပယ်၍မရ။ အနာဂတ်ကာလကိလေသာသည် မဖြစ်ပေါ်သေး၍ ပယ်၍မရ။ ပစ္စုပ္ပန်ကာလကိလေသာသည် ဖြစ်တုန်း ဖြစ်ဆဲဖြစ်၍ ပယ်၍မရ၊ ပယ်၍ မဖြစ်စကောင်း။

ဒါဖြင့်ယင် အဘယ်ကိလေသာကို ပယ်သနည်းဟု မေးရန်ရှိ၏။ မဂ်သည် ပယ်အပ်သောကိလေသာတို့သည် ဖြစ်ပြီး- ဖြစ်ဆဲ- ဖြစ်လတ္တံ့ ဖြစ်၍ အဘာဝအဖြစ်သို့ ရောက်နေလေသည်။ အဘာဝတရားတို့၏လည်း ကာလသုံးပါးတို့မှ လွတ်နေသောတရားဖြစ်ခြင်းကြောင့် (မုချ)အားဖြင့် ပယ်အပ်သည် မမည်ပေ။ ထိုသို့ မမည်သော်လည်း ဤအရိယာမဂ်ကို မပွားသည်ရှိသော်၊ (ဝါ)"ကြော့ရိုး့အရေ၊ ကြွင်းကျန်စေ၊ ခြောက်လေ သား အသွေး။ အသက်ကိုမှ၊ မငဲ့ရ၊ သမ္မပ္ပဓာန်လေး "ဟူ၍ လည်းကောင်း၊ "ကာမံ တစော စ ဇီဝိတေ စ အနုပေက္ခိတ္ဝာ ပဟိတတ္တ-စိတ္တော" ဟူ၍လည်းကောင်း ပြဆိုအပ်သည်နှင့်အညီ အသက်ခန္ဓာ မငဲ့ ညှာပဲ အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်ပဲ သဲသဲမဲမဲ စွဲစွဲမြဲမြဲ အားမထုတ်သည် ရှိသော်၊ (ဝါ)အားထုတ်သော်လည်း ပါရမီ ဉာဏ် အခြေခံ မပြည့်စုံသေး၍ အရဟတ္တမဂ်အထိ မရရှိသေးသည်ရှိသော် ဘဝတဖန် ရုပ်နာမ်ခန္ဓာ တဖန်အသစ် ပြန်၍ဖြစ်တတ်သော သဘော တရားကို မလွန်မြောက်နိုင်သေးသောကြောင့် ကံအားလျော်စွာ တပါး သော ခန္ဓာ၊လေးပါးသော ခန္ဓာ၊ငါးပါးသော ခန္ဓာတို့သည် အသစ်တဖန် ဖြစ်ပေါ်လာပြန်၍ ဖြစ်ပျက်မွေးသေ သံသရာရှည်၍ ဖြစ်နေပြန်ရာ အဆိုပါ အရိယာမဂ်ကို အဆိုပါနည်းအတိုင်း မနေမနား မီးပွတ်သော ယောကျ်ား ကဲ့အလားသို့ ပွားများအားထုတ်သောကြောင့် သောတာ ပတ္တိမဂ် စသော မဂ်အဆင့်ဆင့် ဖြစ်ပေါ်လာ၍ မိမိမဂ်နှင့် ဆိုင်ရာ မဂ်ခဏ-မဂ်ခဏ တို့မှာ သက်ဆိုင်ရာ ကိလေသာတို့ကို သမုစ္ဆေဒပဟာန် အားဖြင့် အကြွင်းမရှိ ပယ်သတ်ခဲ့၍ အရဟတ္တမဂ်သို့ ဆိုက်ရောက်တဲ့ခါ သက်တော်ရှည်သမျှ နေတော်မူ၍ ပရိနိဗ္ဗာန်ဝင်စံပြီးနောက် တစုံ တခုသော ဘုံဘဝတို့၌ ရုပ်နာမ်ဇာတိ အသစ်ဝဖန် ဖြစ်ရိုးထုံးစံ မရှိ။ အဇာတိ အပ္ပဝတ္တ အနုပ္ပါဒနိရောဓ နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီးငြိမ်း

အအေးကြီးအေးရသောကြောင့် အရိယမဂ်ကို မပွားပဲထားလျှင် အသစ်ဖြစ်ထိုက်သော (ဥပ္ပဇ္ဇနရဟ ဘူမိလဒ္ဓ) ခေါ်သော အနာဂတ်ကာလ ကိုလေသာကိုသာ ပယ်သတ်၏ဟု မုချမဆိုနိုင်သော်လည်း ဥပစာအားဖြင့် ဆိုသင့် ဆိုထိုက် ဆိုအပ်ပေသည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

တနည်းဆိုသော်–(ယထာ ပန ။ပ။ မဏ္ဍူကကဏ္ဍကံ နာမ ဝိသကဏ္ဍကံ အာဓကာဋ္ဋေယျ ။ပ။ အန္နံပါဒါနေ ပရိနိဗ္ဗာယတိ)ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ လေးပါးသောမဂ်ဉာဏ်အဆိပ်နှင့်တွေ့ထိခြင်းကြောင့် အဆုံးစွန် စုတိဝိညာဏ်ချုပ်သဖြင့် လောင်စာမရှိသော မီးသည် အငြိမ်းကြီး ငြိမ်းအေးသွားသကဲ့သို့ ထို့တူပမာ ရုပ်နာမ်ခန္ဓာ လောင်စာမရှိသော တဆယ့်တသီး အပူမီးတို့သည် အငြိမ်းကြီးငြိမ်း-အအေးကြီးအေးလေတော့ သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

# ပုဂ္ဂလဘောဒပိုင်း

ပုဂ္ဂိုလ်ဆိုသည်မှာ--နိရယံ ဝုစ္စတိ ပုံ။ တံ ဂစ္ဆတီတိ ပုဂ္ဂလော-နှင့်အညီ ငရဲကို ပုံ-ဆိုသည်။ ထိုငရဲသို့ များသောအားဖြင့် သွားတတ်သောကြောင့် ပုဂ္ဂိုလ်ဟု ဆိုသည်။ နည်းသောအားဖြင့်လည်း လူ နတ် သုဂတိသို့ သွားတတ်သောကြောင့် ပုဂ္ဂိုလ်ဟု ဆိုရပါသေးသည်။

## ပုဂ္ဂိုလ်လေးမျိုး

ထိုပုဂ္ဂိုလ်သည် (၁)အန္ဓပုထုဇဉ်၊ (၂)ကလျာဏပုထုဇဉ်၊ (၃)စူဠသောတာပန်၊ (၄)မဟာသောတာပန်-ဟု လေးမျိုးရှိသည်။

ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင်—

၁။ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ မသင်ဖူး-မကြားဖူး-မနာဖူးသော ပုဂ္ဂိုလ်မျိုးကို (အန္ဓပုထုဇဉ်ပုဂ္ဂိုလ်)ဟု ဆိုသည်။

၂။ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ သင်ဖူး-ကြားဖူး- နာဖူးသော ပုဂ္ဂိုလ်မျိုးကို (ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်) ဟု ဆိုသည်။

၃။ ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ကို ပိုင်းခြား၍သိမြင်သော နာမရူပပရိစ္ဆေဒဉာဏ်၊ ရုပ်နာမ် အကြောင်းကို ကောင်းကောင်းသိသော ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ်နှစ်ပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မျိုးကို (စူဠသောတာပန်ပုဂ္ဂိုလ်) ဟု ဆိုသည်။

၄။ သစ္စာလေးတန် တရားမှန်ကို မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်သော ပုဂ္ဂိုလ်မျိုးကို (မဟာသောတာပန်ပုဂ္ဂိုလ်)ဟု ဆိုသည်။

## သာမည–သောတာပန်ပုဂ္ဂိုလ်(၃)မျိုး

ထိုသောတာပန်ပုဂ္ဂိုလ်သည်–

၁။ သတ္တက္ခတ္တုပရမ သောတာပန်၊

၂။ ကောလံကောလ သောတာပန်၊

၃။ ကောဗိဇ သောတာပန်-ဟု သုံးမျိုးရှိသည်။

ထိုသောတာပန်ပုဂ္ဂိုလ်သုံးမျိုးတို့တွင်–

၁။ လောကုတ္တရာဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်း သိမြင်၍ သောတာပန်ဖြစ်သော ဘဝမှ စ၍ လူ့ဘုံ-နတ်ဘုံ အရောအားဖြင့် ခုနစ်ကြိမ် ပဋိသန္ဓေနေခြင်းအတိုင်းအရှည်ရှိသော သောတာပန်ပုဂ္ဂိုလ်မျိုး သည် (သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်)မည်၏။

၂။ ခုနစ်ကြိမ်သို့လည်း မရောက်၊ တကြိမ်လည်း မက၊ ၂-၃-၄-၅-၆-ဘဝ၊ တမျိုးမျိုးဖြင့် ပဋိသန္ဓေနေခြင်းသဘောရှိသော တမျိုးမှ တမျိုး၊ တဘဝထက် တဘဝ မြင့်မြတ် မြင့်မြတ်သွားသော သောတာပန် ပုဂ္ဂိုလ် မျိုးသည် (ကောလံကောလ သောတာပန်ပုဂ္ဂိုလ်)မည်၏။

၃။ သောတာပန်ဖြစ်ပြီးနောက် တကြိမ် တဘဝသာ ကာမဘုံ၌ ပဋိသန္ဓေ နေခြင်း သဘောရှိသော သောတာပန် ပုဂ္ဂိုလ်မျိုးသည် (ကောဗိဇသောတာပန်ပုဂ္ဂိုလ်မျိုး)မည်၏။

## အနု အလတ် အရင့် ပုဂ္ဂိုလ်သုံးမျိုး

ထိုသောတာပန်ပုဂ္ဂိုလ်သုံးမျိုးတို့၏အထူးကား သဒ္ဓိန္ဒြေစသော ဣန္ဒြေ နုနေယင် (သတ္တက္ခတ္တုပရမ သောတာပန်)ဟု ဆိုသည်။ သဒ္ဓိန္ဒြေစသော ဣန္ဒြေအလတ်ဖြစ်နေယင် (ကောလံကောလ သောတာပန်)ဟု ဆိုသည်။ သဒ္ဓိန္ဒြေစသောဣန္ဒြေအရင့်ဖြစ်နေယင်(ကောဗိဇသောတာပန်)ဟုဆိုသည်။ ဤသောတာပန်သုံးမျိုးတို့၏ အဆုံးအဖြတ်ကို သိလိုလျှင် အဘိဓမ္မတ္ထဒီပက ကျမ်း ဒုတိယအုပ်၊ ကမ္မဋ္ဌာန်ပိုင်းမှာ ကြည့်ရှုပါလေ။

## ဝဋ္ဋာဘိရတ-ဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ်တမျိုး

ငါတို့ ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါ၌ သောတာပန်ဖြစ်ကြကုန်သော ယခု-တာဝတိံသာဘုံ၌ ထင်ရှားရှိနေသော သိကြားမင်း, တုသိတာဘုံ၌ ရှိနေသော ဇေတဝန်ကျောင်းဒကာဖြစ်သော အနာထပိဏ်သူဌေး,ပရနိမ္မိတာဘုံ၌ရှိသော ပုဗ္ဗာရုံကျောင်းအမကြီးဖြစ်သော ဝိသာခါ ဤသုံးယောက်တို့သည် မိမိတို့ရောက်ရှိနေကြသော နတ်ဘုံတို့၌ သက်တမ်းစေ့တဲ့ခါ သုဒ္ဓါဝါသငါးဘုံခေါ်သော–

၁။ အဝိဟာဘုံ၌ အနာဂါမ်ဖြစ်ကြပြီးလျှင် မဟာကပ် (၁၀၀၀) အသက်ရှည်၍ နေကြလတ္တံ့။

၂။ အတပ္ပာဘုံ၌ အနာဂါမ်ဖြစ်ကြပြီးလျှင် မဟာကပ် (၂၀၀၀) အသက်ရှည်၍ နေကြလတ္တံ့။

၃။ သုဒဿာဘုံ၌ အနာဂါမ်ဖြစ်ကြပြီးလျှင် မဟာကပ် (၄၀၀၀) အသက်ရှည်၍ နေကြလတ္တံ့။

၄။ သုဒဿီဘုံ၌ အနာဂါမ်ဖြစ်ကြပြီးလျှင် မဟာကပ် (၈၀၀၀)အသက်ရှည်၍ နေကြလတ္တံ့။

၅။ အကနိဋ္ဌာဘုံ၌ အနာဂါမ်ဖြစ်ကြပြီးလျှင် မဟာကပ် (၁၆၀၀၀) အသက်ရှည်၍ နေကြလတ္တံ့။

ထိုသောတာပန်ပုဂ္ဂိုလ်သုံးယောက်တို့သည် အဆိုပါ သုဒ္ဓါဝါသငါးဘုံတို့၌ ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ်ဘုံစဉ်စံများဖြစ်ကြပြီးလျှင် မဟာကပ်(၃၁၀၀၀) ပြည့်သောအခါ ဤအကနိဋ္ဌာဘုံ၌ပင် ပရိနိဗ္ဗာန်ဝင်စံကြကုန်လတ္တံ့။

ထိုကြောင့်(ဝဋ္ဋာဘိရတသတ္တာနာမ တေဟိ သဒိသာ သုခဘာဂိနော နာမ နတ္ထိ)ဟူသော သုတ်မဟာဝါအဋ္ဌကထာ သက္ကပဉှာသုတ်(၃၃၂)၌ လာသည်နှင့်အညီထိုသုံးယောက်တို့နှင့်တူကုန်သောဝဋ်ချမ်းသာခေါ်သော လူနတ်ချမ်းသာတို့ကို မငြီးငွေ့နိုင်၊ မမုန်းနိုင်၊ မြိန်မြိန်ရှက်ရှက်ခံစားခြင်း

ရှိကုန်သော မွေးသေဝင့်၌ပျော်ပိုက်မွေ့လျော်ကုန်သောသတ္တဝါတို့မည်သည် ထိုသုံးယောက်တို့မှ တပါး အခြားမရှိတော့ပြီဟု ပြဆိုထားလေသည်။ ဤသောတာပန်သုံးယောက်တို့မှာ အဆိုပါ သတ္တက္ခတ္တုပရမ သောတာပန်, ကောလံကောလ သောတာပန်, ဧကဗီဇ သောတာပန် ပုဂ္ဂိုလ်မျိုးတို့၌ မပါဝင်ပါ၊ သီးသန့်ဖြစ်ကြပါသည်။

## အပြားအားဖြင့် သောတာပန် ပုဂ္ဂိုလ် (၂၄)မျိုး

အဆိုပါ သတ္တက္ခတ္တုပရမသောတာပန် ကောလံကောလသောတာပန် ဧကဗီဇသောတာပန်ပုဂ္ဂိုလ် သုံးယောက်တို့ကို ပဋိပဒါလေးပါးနှင့်မြှောက်သော် (၁၂)ယောက် ဖြစ်၏။ ၎င်းကို သဒ္ဓါဓုရ၊ ပညာဓုရ နှစ်ပါးနှင့် မြှောက်သော် သောတာပန် (၂၄)ယောက် ဖြစ်၏။

**သာကေပါဠိကား–**

စတုဝီသသောတာပန္နာ၊ ကတမေ–သတ္တက္ခတ္တုပရမကောလံကောလဧကဗီဇဝသေန တယော သောတာပန္နေ ဒုက္ခပဋိပဒါဒန္ဓာဘိညာဒုက္ခပဋိပဒါခိပ္ပါဘိညာသုခပဋိပဒါဒန္ဓာဘိညာ သုခပဋိပဒါခိပ္ပါဘိညာဝသေန စတူဟိ ပဋိပဒါဟိ ဂုဏိတေ ဒွါဒသ ဟောန္တိ။ တေ သဒ္ဓါဓုရပညာဓုရဝသေန ဒွီဟိ ဂုဏိတေ စတုဝီသတိ ဟောန္တိ– ဖြစ်ပါသည်။

## သာမညာ–သကဒါဂါမ်ပုဂ္ဂိုလ် (၅)မျိုး

၁။ (ဣဓ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ)– ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန် ဝင်စံသော သကဒါဂါမ်ပုဂ္ဂိုလ်၊

၂။ (တတ္ထ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ)– ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ ပရိနိဗ္ဗာန်ဝင်စံသော သကဒါဂါမ်ပုဂ္ဂိုလ်၊

၃။ (ဣဓ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ)– ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ ပရိနိဗ္ဗာန်ဝင်စံသော သကဒါဂါမ်ပုဂ္ဂိုလ်၊

၄။ (တတ္ထ ပတ္ဘာ ဣမ ပရိနိဗ္ဗာယီ)– ထိုနတ်ဘုံ၌ သကဒါဂါမိဖြစ်၍ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်ဝင်စံသော သကဒါဂါမိပုဂ္ဂိုလ်၊

၅။ (ဣမ ပတ္ဘာ တတ္ထ နိဗ္ဗတ္တိတွာ ဣမ ပရိနိဗ္ဗာယီ)– ဤလူ့ဘုံ၌ သကဒါဂါမိဖြစ်၍ ထိုနတ်ဘုံ၌ဖြစ်၍ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်ဝင်စံသော သကဒါဂါမိပုဂ္ဂိုလ်–

ဤသို့အားဖြင့် (၅)မျိုးရှိ၏။

## အပြားအားဖြင့် သကဒါဂါမိပုဂ္ဂိုလ် (၆၀)

ထိုသာမည သကဒါဂါမိပုဂ္ဂိုလ် (၅)မျိုးတို့တွင် (ပဥ္စမမြောက်)သကဒါဂါမိပုဂ္ဂိုလ်မျိုးကိုသာ ဤနေရာ၌ သကဒါဂါမိအရ ယူရမည်။ ၎င်းကို– ဝိမောက္ခသုံးပါးနှင့် မြှောက်သော် (၃)ယောက် ဖြစ်၏။ ၎င်းကို–ပဋိပဒါလေးပါးနှင့်မြှောက်သော် (၁၂)ယောက်ဖြစ်၏။ ၎င်းကို–သာမညသကဒါဂါမိပုဂ္ဂိုလ်(၅)မျိုးနှင့် မြှောက်သော် သကဒါဂါမိပုဂ္ဂိုလ် (၆၀)ဖြစ်၏။

## သာမည–အနာဂါမိပုဂ္ဂိုလ် (၅) ယောက်

၁။ (အန္တရာပရိနိဗ္ဗာယီ)– သုဒ္ဓါဝါသဘုံ၌ အသက်တမ်း အလယ်သို့ မရောက်မီ အကြား၌ ပရိနိဗ္ဗာန်ဝင်စံသော အနာဂါမိပုဂ္ဂိုလ်၊

၂။ (ဥပဟစ္စ ပရိနိဗ္ဗာယီ)– သုဒ္ဓါဝါသဘုံ၌ အသက်တမ်းအလယ်ကိုလွန်၍ ပရိနိဗ္ဗာန်ဝင်စံသော အနာဂါမိပုဂ္ဂိုလ်၊

၃။ (အသင်္ခါရပရိနိဗ္ဗာယီ)–သုဒ္ဓါဝါသဘုံ၌ လုံ့လကျိုးကုတ်အားမထုတ်ပဲ ပရိနိဗ္ဗာန်ဝင်စံသော အနာဂါမိပုဂ္ဂိုလ်၊

၄။ (သသင်္ခါရပရိနိဗ္ဗာယီ)–သုဒ္ဓါဝါသဘုံ၌ လုံ့လကျိုးကုတ်အားထုတ်၍ ပရိနိဗ္ဗာန်ဝင်စံသော အနာဂါမိပုဂ္ဂိုလ်၊

၅။ (ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ)–သုဒ္ဓါဝါသဘုံ၌ အထက်အထက်သို့တက်၍ ပရိနိဗ္ဗာန်ဝင်စံသော အနာဂါမိပုဂ္ဂိုလ်–

ဤသို့အားဖြင့် (၅)ယောက်ရှိ၏။

ထိုသာမည အနာဂါမ်ပုဂ္ဂိုလ်(၅)ယောက်တို့တွင် ပဌမမြောက် အနာဂါမ်ပုဂ္ဂိုလ်ကိုသာ ဤနေရာ၌ အနာဂါမ်အရ ယူရမည်။

## ဥဒ္ဓံသောတအနာဂါမ်ပုဂ္ဂိုလ် အကျဉ်းအားဖြင့်(၄)မျိုး

၁။ အဝိဟာဘုံမှ စ၍ အကနိဋ္ဌာဘုံတိုင်အောင် ဘုံစဉ်စံသော "ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ" အနာဂါမ်ပုဂ္ဂိုလ်၊

၂။ အဝိဟာဘုံမှ သုဒဿီဘုံတိုင်ရုံသာ ဘုံစဉ်စံသော "ဥဒ္ဓံသောတ န အကနိဋ္ဌဂါမီ" အနာဂါမ်ပုဂ္ဂိုလ်၊

၃။ ကာမသုဂတိ (၇)ဘုံမှ အကနိဋ္ဌာဘုံ သို့ရောက်ပြီး ပရိနိဗ္ဗာန်ဝင်စံသော "န ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ" အနာဂါမ်ပုဂ္ဂိုလ်၊

၄။ သုဒ္ဓါဝါသ အောက်လေးဘုံတွင် မိမိဖြစ်ရာဘုံ၌သာ ပရိနိဗ္ဗာန်ဝင်စံသော "န ဥဒ္ဓံသောတ န အကနိဋ္ဌဂါမီ" အနာဂါမ်ပုဂ္ဂိုလ်—

ဤသို့အားဖြင့် အကျဉ်း(၄)မျိုးရှိသည်ဟု မှတ်လေ။

(ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ၅၀၉)

## ဝိသေသအားဖြင့် အနာဂါမ်ပုဂ္ဂိုလ်(၄၈)ယောက်

ထိုအနာဂါမ်ပုဂ္ဂိုလ်တို့သည် အဝိဟာဘုံ၌ ပဋိသန္ဓေနေ၍ မကြာမီ ပရိနိဗ္ဗာန်ဝင်စံသောပုဂ္ဂိုလ်၊ အသက်တမ်း အလယ်သို့မရောက်မီ ပရိနိဗ္ဗာန်ဝင်စံသောပုဂ္ဂိုလ်၊ အသက်တမ်း အလယ်သို့ရောက်ပြီးမှ ပရိနိဗ္ဗာန်ဝင်စံသောပုဂ္ဂိုလ် ဤသို့အားဖြင့် အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် သုံးယောက်၊ အသက်တမ်းအလယ်ကို လွန်သော ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်တယောက်၊ ဥဒ္ဓံသောတ အနာဂါမ်ပုဂ္ဂိုလ်တယောက်၊ ဤသို့အားဖြင့် အနာဂါမ်ပုဂ္ဂိုလ် (၅)ယောက် ဖြစ်၏။

ထိုအနာဂါမ်ပုဂ္ဂိုလ် (၅) ယောက်ကို အသင်္ခါရ၊ သသင်္ခါရ နှစ်ပါးစီ ခွဲသော် (၁၀)ယောက် ဖြစ်၏။ ထို့အတူ အဘပ္ပါ၊ သုဒဿာ၊ သုဒဿီဘုံ

တို့၌လည်း(၁၀)ယောက်စီ ဖြစ်၏။ အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတ အနာဂါမ်ပုဂ္ဂိုလ်မျိုး မရှိသောကြောင့် (၄)ယောက်ကိုသာ နှစ်ပါးစီခွဲ၍ (၈) ယောက်ဖြစ်၏။ အားလုံးပေါင်းသော် အနာဂါမ်ပုဂ္ဂိုလ် (၄၈)ယောက် ဖြစ်၏။

မှတ်ချက်။ ။အကနိဋ္ဌဘုံကား အရိယာဘဝဂ်ဖြစ်၍ အထက်သို့ ဘုံစဉ်စီ မရှိသောကြောင့် "ဥဒ္ဓံသောတ" အနာဂါမ်ပုဂ္ဂိုလ် မရှိဟု မှတ်လေ။

## သာမည–ရဟန္တာပုဂ္ဂိုလ်(၆)ယောက်

၁။ သဒ္ဓါကို အကြီးအမှူးပြု၍ ကိလေသာမှလွတ်သော သဒ္ဓါဝိမုတ္တ ရဟန္တာပုဂ္ဂိုလ်၊

၂။ ပညာကို အကြီးအမှူးပြု၍ ကိလေသာမှလွတ်သော ပညာဝိမုတ္တ ရဟန္တာပုဂ္ဂိုလ်၊

၃။ သဒ္ဓါ, ပညာနှစ်ပါးကို အကြီးအမှူးပြု၍ ကိလေသာမှလွတ်သော ဥဘတောဘာဂဝိမုတ္တရဟန္တာပုဂ္ဂိုလ်၊

၄။ ဝိဇ္ဇာသုံးပါးကို ရ၍ ကိလေသာမှ လွတ်သော တေဝိဇ္ဇာပတ္တ ရဟန္တာပုဂ္ဂိုလ်၊

၅။ အဘိညာဉ်ခြောက်ပါးကိုရ၍ ကိလေသာမှလွတ်သော ဆဠဘိညာပတ္တရဟန္တာပုဂ္ဂိုလ်၊

၆။ ပဋိသမ္ဘိဒါလေးပါးကိုရ၍ ကိလေသာမှလွတ်သော ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်—

ဤသို့ သာမညအားဖြင့် ရဟန္တာပုဂ္ဂိုလ် ခြောက်ယောက်ရှိ၏။

## အပြားအားဖြင့် ရဟန္တာပုဂ္ဂိုလ်(၇၂)ယောက်

အဆိုပါ ရဟန္တာပုဂ္ဂိုလ်(၆)ယောက်ကို ပဋိသမ္ဘိဒါ ၄-ပါးနှင့်မြှောက်သော် (၂၄)ယောက် ဖြစ်၏။ ၎င်းကို ဝိမောက္ခသုံးပါးနှင့် မြှောက်သော်

ရဟန္တာပုဂ္ဂိုလ်ပေါင်း (၇၂)ယောက် ဖြစ်၏။ တနည်းဆိုသော် သဒ္ဓါအရ ရဟန္တာပုဂ္ဂိုလ်(၆၀)ကား သုညတဝိမောက္ခ စသော သုံးယောက်သော ရဟန္တာပုဂ္ဂိုလ်တို့ကိုထည့်၍ ပဋိသမ္ဘိဒါလေးပါးနှင့်မြှောက်သော် ရဟန္တာ ပုဂ္ဂိုလ်(၁၂)ယောက် ဖြစ်၏။ ၎င်းကို ပညာဝိမုတ္တ, ဥဘတောဘာဂဝိမုတ္တ, တေဝိဇ္ဇာပတ္တ, ဆဠဘိညာ, ပဋိသမ္ဘိဒါပတ္တ ဤငါးပါးတို့နှင့် မြှောက်ပွား သော် ရဟန္တာပုဂ္ဂိုလ်(၆၀)ရှိ၏။

### အရိယာပုဂ္ဂိုလ်ပေါင်း(၁၅၈)ယောက်

၁။ သောတာပန်အရိယာပုဂ္ဂိုလ် (၂၄) ယောက်၊

၂။ သကဒါဂါမ်အရိယာပုဂ္ဂိုလ် (၁၂) ယောက်၊

၃။ အနာဂါမ်အရိယာပုဂ္ဂိုလ် (၄၈) ယောက်၊

၄။ ရဟန္တာပုဂ္ဂိုလ် (၇၂) ယောက်၊

၅။ တနည်း-ရဟန္တာပုဂ္ဂိုလ် (၆၀)ယောက်၊

၆။ ပစ္စေကဗုဒ္ဓါပုဂ္ဂိုလ် (၁)ယောက်၊

၇။ ဘုရားရှင်ပုဂ္ဂိုလ် (၁)ယောက်—

ဤသို့ အရိယာပုဂ္ဂိုလ်ပေါင်း (၁၅၈)ယောက်၊ တနည်း (၁၄၆)ယောက် ဖြစ်၏။

### သမသီသိ လေးမျိုးရှိ မှတ်သိရဟန္တာ

" အရဟတ္တမဂ်၊ မျက်မှောက်ပြုရာ၊ ချိန်ဇာခါနှင့်၊ ရောဂါ ဝေဒနာ၊ ဣရိယာပထ၊ ဇီဝိတရုပ်၊ အတူချုပ်၊ စတုတ် ကောက်ယူပါ " ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ—

**သမသီသိသည်**—

၁။ ဣရိယာပထသမသီသိ၊

၂။ ရောဂသမသီသိ၊

၃။ ဇီဝိတသမသီသီ၊

၄။ ဝေဒနာသမသီသီဟု လေးမျိုးရှိ၏။

ထိုလေးမျိုးတို့တွင် –

၁။ အကြင် ပုဂ္ဂိုလ်သည် ရပ်ခြင်း စသော ဣရိယာပုထ် လေးပါးတို့တွင် တပါးပါးသော ဣရိယာပုထ်ကို ဆောက်တည်၍ ဤဣရိယာပုထ်ကို မပျက်စေမူ၍ ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်စေအံ့ဟု ဝိပဿနာကို ပွား၏။ ထိုအခါ ထိုပုဂ္ဂိုလ်အား အရဟတ္တဖိုလ်သို့ရောက်ခြင်းသည်လည်းကောင်း၊ ဣရိယာပုထ်ပျက်ခြင်းသည်လည်းကောင်း တပြိုင်နက်ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ဣရိယာပထသမသီသီပုဂ္ဂိုလ်မည်၏။

၂။ အကြင်ပုဂ္ဂိုလ်သည် မျက်စိရောဂါ စသည်တို့တွင် တပါးပါးကပ်ရောက်သော် ဤရောဂါမှ မထမြောက်မီ အရဟတ္တဖိုလ်သို့ ရောက်စေအံ့ဟု ဝိပဿနာကို ပွား၏။ ထိုအခါ ထိုပုဂ္ဂိုလ်အား အရဟတ္တဖိုလ်သို့ရောက်ခြင်းသည်လည်းကောင်း၊ ရောဂါမှ လွတ်မြောက်ခြင်းသည် လည်းကောင်း တပြိုင်နက်ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ရောဂသမသီသီပုဂ္ဂိုလ်မည်၏။

၃။ အကြင်ပုဂ္ဂိုလ်အား အာသဝေါတရားကုန်ခြင်းသည်လည်းကောင်း အသက်ကုန်ခြင်းသည်လည်းကောင်း တပြိုင်နက်ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ဇီဝိတသမသီသီပုဂ္ဂိုလ်မည်၏။

၄။ ဝေဒနာသမသီသီ ပုဂ္ဂိုလ်မျိုးမှာ ရောဂသမသီသီ ပုဂ္ဂိုလ်မျိုး၌ ပါဝင်ပြီးဖြစ်သည်ဟု သိမှတ်ပါလေ။

(သဂါထာဝဂ္ဂသံယုတ်၊ ဂေါဓသုတ် အဋ္ဌကထာနှင့် ပုဂ္ဂလပညတ် အဋ္ဌကထာ၊ ၃၇-တို့၌ ပြဆိုထား၏။)

# ဝိမောက္ခဘောဒပိုင်း

## ဝိမောက္ခ(၃)ပါး

"ဝိမုစ္စတိ ဝိမောက္ခေတိတိ ဝိမောက္ခော"နှင့် အညီ ကိလေသာခန္ဓာမှ လွတ်သော ဝိမောက္ခသည် (၁)သုညတဝိမောက္ခ၊ (၂)အနိမိတ္တဝိမောက္ခ၊ (၃)အပ္ပဏိဟိတဝိမောက္ခဟု သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင်—

၁။ သုညတဝိမောက္ခဆိုသည်မှာ အနတ္တာနုပဿနာကို အမျိုးထား၍ ဝိပဿနာကိုပွားများသော ယောဂီပုဂ္ဂိုလ်သည် ဖြစ်ပျက်သင်္ခါရအားလုံး ဆိတ်သုဉ်းသဖြင့် ဆိုင်ရာ ကိလေသာခန္ဓာမှ လွတ်မြောက်သွားသော ကြောင့် သုညတဝိမောက္ခမည်သော မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်သွား သည်ကို ဆိုသည်။

၂။ အနိမိတ္တဝိမောက္ခ ဆိုသည်မှာ အနိစ္စာနုပဿနာကို အမျိုးထား၍ ဝိပဿနာတရားကို ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ရှုမှတ်နေသော ဖြစ်ပျက် ရုပ်နာမ်ခန္ဓာ-နိစ္စနိမိတ်ပျောက်သဖြင့် သက်ဆိုင်ရာ ကိလေသာခန္ဓာမှ လွတ်မြောက်သွားခြင်းကြောင့် အနိမိတ္တဝိမောက္ခ မည်သော မဂ်ဖိုလ်နိဗ္ဗာသို့ ရောက်သွားသည်ကို ဆိုသည်။

၃။ အပ္ပဏိဟိတဝိမောက္ခဆိုသည်မှာ ဒုက္ခာနုပဿနာကို အမျိုးထား၍ ဝိပဿနာတရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ဖြစ်ပျက်ရုပ်နာမ် သင်္ခါရအားလုံး အသုံးမကျ မတောင့်တ၍ တောင့်တမှုကင်းသဖြင့် သက်ဆိုင်ရာ ကိလေသာခန္ဓာမှ လွတ်မြောက်သွားသောကြောင့် အပ္ပဏိ-ဟိတဝိမောက္ခမည်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်သွားသည်ကို ဆိုသည်။

**မှတ်ချက်။** ။သုညတဝိမောက္ခ၌ မဂ်ခဏ-ဖိုလ်ခဏတို့၌ မဂ်လည်း သုညတမဂ်၊ ဖိုလ်လည်း သုညတဖိုလ်၊ နိဗ္ဗာန်လည်း သုညတနိဗ္ဗာန်ဟု

ဆိုနိုင်လေသည်။ ကြွင်းသော အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခ တို့၌လည်း နည်းတူသိမှတ်ပါလေ။

ဤ၌ အနတ္တာနုပဿနာနှင့် သုညတဝိမောက္ခ၊ အနိစ္စာနုပဿနာနှင့် အနိမိတ္တဝိမောက္ခ၊ ဒုက္ခာနုပဿနာနှင့် အပ္ပဏိဟိတဝိမောက္ခဟု တွဲစပ်၍ ယူလေ။

တနည်းဆိုသော်—

၁။ သင်္ခါရစု၊ အနတ္တရှုက၊ မဂ်ဖိုလ်ရ၊ မှတ်ကြ-သုညတဝိမောက္ခမဂ်။

၂။ သင်္ခါရစု၊ အနိစ္စရှုက၊ မဂ်ဖိုလ်ရ၊ မှတ်ကြ-အနိမိတ္တဝိမောက္ခမဂ်။

၃။ သင်္ခါရစု၊ ဒုက္ခရှုက၊ မဂ်ဖိုလ်ရ၊ မှတ်ကြ-အပ္ပဏိဟိတဝိမောက္ခမဂ်။

တနည်း—

သရသ ဘာဝ၊ မဂ်ကိုရ၊ နာမသုံးမည်ပြား။

အပေါင်းသင်္ခါရ၊ နိစ္စ-မဲ့ဝ၊ သတ္တနိမိတ်။ ကင်းဆိတ်ပယ်ခွါ၊ အနိစ္စာနုပဿနာ(အနိမိတ္တာ)။

သုခကင်းကွာ၊ တဏှာရှင်းရှင်း၊ တောင့်တခြင်း၊ ပယ်လျှင်း ဒုက္ခာနုပဿနာ(အပ္ပဏိဟိတာ)။

အတ္တ-သတ္တ၊ ပုဂ္ဂလ-နိမိတ်၊ ဆိတ်အောင်ပယ်ခွါ၊ အနတ္တာနုပဿနာ(သုညတာ)။

တနည်း—ပစ္စနိက၊ မဂ်ကိုရ၊ နာမသုံးမည်ပြား။

ရာဂဆိတ်ပါ—သုညတာ။

ရူပနိမိတ်ပယ်ခွါ—အနိမိတ္တာ။

တဏှာမူလ၊ တောင့်တကင်းကွာ၊ အပ္ပဏိဟိတာ။

**တနည်း**–သဂုဏ ၁၁၀၊ မင်္ဂလိုရ၊ နာမသုံးမည်ပြား။

သင်္ခါရမှန်၊ ဆိတ်အောင်ကြံ၊ သုညတံမြတ်-နိဗ္ဗာန်ဓာတ်။

နိဗ္ဗာန်ဘုံထဲ၊ အာရုံမြဲ၊ မလွဲ သုညတမဂ်။

သင်္ခါရနိမိတ်၊ ဆိတ်၏ကြောင်း၊ သုံးဆယ်မှန်၊ **အနိမိတ္တံမြတ်-**
**နိဗ္ဗာန်ဓာတ်။**

နိဗ္ဗာန်ဘုံထဲ၊ အာရုံစွဲ၊ မလွဲ အနိမိတ္တမဂ်။

တဏှာပဏိဓိ၊ တောင့်တမရှိ၊ အပ္ပဏိဟိတမှန်-မြတ်နိဗ္ဗာန်။

နိဗ္ဗာန်ဘုံထဲ၊ အာရုံမြဲ၊ မလွဲ အပ္ပဏိဟိတမဂ်။

တနည်း–အာရမ္မဏ၊ မဂ်ကိုရ၊ နာမသုံးမည်ပြား။

မဂ်မှာ–ဝိပဿနာဂမ၊ ဖိုလ်မှာ–ဝိပဿနာဂမ, **မဂ္ဂါဂမန၊**
ရသင့်သည်သာ။

မဂ်လေးပါးဝယ်၊ တသွယ်သွယ်၊ ဆယ့်နှစ်မည်ခွဲယ်၊ အံ့ဖွယ်-
လေးဆယ့်ရှစ်။

မဂ်နှင့်တူစွာ၊ ဂုဏ်ပေါင်းဖြာ၊ ဖိုလ်မှာသော်လည်း–ရင်းနည်း။

မဂ္ဂါဂမန၊ သုံးမည်ရ၊ ဖလလေးဖြာ၊ စဉ်တိုင်းသာ၊ လှည့်ကာ
ရေရွှသွင်း။

တဆယ့်နှစ်ပါး၊ ဖိုလ်လေးပါး၊ ပေါင်းခြားသချာ၊ ခြောက်ဆယ်
သာ၊ မှတ်ပါလေတော့မင်း။

# ပဋိပဒါဘောဒပိုင်း

## ပဋိပဒါအပြား(၄)ပါး

**စတဿော ဣမာ ဘိက္ခဝေ ပဋိပဒါ ။ပ။ သုခပဋိပဒါ ခိပ္ပါဘိညာတိ။**
(အင်္ဂုတ္တိုရ်ပါဠိတော်၊စတုက္ကနိပါတ်၊ ၄၆၇)

**ယောဂီတို့အကျင့် ပဋိပဒါ(၄)ပါး ဆိုသည်မှာ—**

၁။ တရားအလုပ် အားထုတ်တဲ့ခါ ဆင်းရဲပင်ပန်းစွာ ကြာမြင့်စွာလဲ ကျင့်ရ ဖြည်းဖြည်းနှေးနှေးမှလဲ မဂ် ဖိုလ် နိဗ္ဗာန်ကို ရ၏။ ဤယောဂီ ပုဂ္ဂိုလ်ကား ဒုက္ခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ်မည်၏။

၂။ တရားအလုပ် အားထုတ်တဲ့ခါ ဆင်းရဲပင်ပန်းစွာ ကြာမြင့်စွာ ကျင့်ရသော်လည်း လျင်လျင်မြန်မြန် မဂ်ဖိုလ်နိဗ္ဗာန်ကို ရ၏။ ဤယောဂီ ပုဂ္ဂိုလ်ကား ဒုက္ခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ် မည်၏။

၃။ တရားအလုပ် အားထုတ်တဲ့ခါ ချမ်းချမ်းသာသာ ကျင့်ရ၍ ဖြည်းဖြည်းနှေးနှေး မဂ် ဖိုလ် နိဗ္ဗာန်ကို ရ၏။ ဤ ယောဂီ ပုဂ္ဂိုလ်ကား သုခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ် မည်၏။

၄။ တရားအလုပ် အားထုတ်တဲ့ခါ ချမ်းချမ်းသာသာ ကျင့်ရ၍ လျင်လျင် မြန်မြန် မဂ် ဖိုလ် နိဗ္ဗာန်ကို ရ၏။ ဤ ယောဂီ ပုဂ္ဂိုလ်ကား သုခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ် မည်၏။

ဤလို ဤပုံ တယောက်နှင့် တယောက် မတူ ကွဲလွဲဖြစ်ကြတာလဲ အကြောင်းမဲ့ မဟုတ်ပေ။ (ပုဗ္ဗာယောဂ ကတာဓိကာရ) ရှေးရှေးသော ဘဝကာလတို့က ဤတရားအလုပ် အားထုတ်မှုကို ပြုလုပ်ခဲ့ဖူးခြင်း၊ မပြုလုပ်ခဲ့ဖူးခြင်း စသော အကြောင်းတို့ကြောင့်သာ ဖြစ်ရလေသည်။ ပါရမီဉာဏ် အခြေခံနည်းရင် နည်းသလို၊ လတ်ရင် လတ်သလို၊ များရင် များသလို အခြေခံသို့လိုက်၍လည်းကောင်း၊ ဣန္ဒြေ အနု-အလတ်-အရင့်

သို့လည်းကောင်း၊ ကိလေသာ အထူ- အလတ်- အပါးသို့ လည်းကောင်း လိုက်၍ ဖြစ်တတ်ကြသည်ဟု သိမှတ်ပါလေ။

စိတ်ပျက်စရာ-စိတ်ညစ်စရာ-လက်လျှော့စရာ မဟုတ်ပေ။ အထူးသတိပြုရန်မှာ တရားအလုပ် အားမထုတ်ပဲ အလိုလို ဣန္ဒြေတွေက ရင့်၍မလာပါ။ ကိလေသာတွေကလည်း ပါး၍ နည်း၍ မသွားပါ။ တရားအလုပ် အားထုတ်ပါလျှင် တစထက် တစ ဣန္ဒြေတွေကလည်း နုရာက-လတ်၊ လတ်ရာက-ရင့်လာပါတော့သည်။ ကိလေသာတွေကလည်း ထူရာက-လတ်၊ လတ်ရာက-ပါး၊ ပါးရာက-နည်း၊ နည်းရာက- ကုန်သွားပါတော့သည်။ ထို့ကြောင့် တရားကို ကြိုးစားအားထုတ်ပါလေ။

## အကျဉ်းဆောင်ပုဒ်များ

၁။ ဆင်းရဲ့ ငြိုငြင်၊ မဂ်သိလျှင်၊ ခေါ်တွင် ဒုဒန္ဓ။ (ဒုက္ခပဋိပဒါ-ဒန္ဓာဘိညာလို့ မှတ်ပါလေ)။

၂။ ဆင်းရဲ့ မငြိုငြင်၊ မဂ်သိလျှင်၊ ခေါ်တွင် ဒုခိပ္ပ။ (ဒုက္ခပဋိပဒါ-ခိပ္ပါဘိညာလို့ မှတ်ပါလေ)။

၃။ ချမ်းသာ ငြိုငြင်၊ မဂ်သိလျှင်၊ ခေါ်တွင် သုဒန္ဓ။ (သုခပဋိပဒါ-ဒန္ဓာဘိညာလို့ မှတ်ပါလေ)။

၄။ ချမ်းသာ မငြိုငြင်၊ မဂ်သိလျှင်၊ ခေါ်တွင် သုခိပ္ပ။ (သုခပဋိပဒါ-ခိပ္ပါဘိညာလို့ မှတ်ပါလေ)။

## တနည်း အကျဉ်းဆောင်ပုဒ်

ဒုဒန်၊ ဒုခိ၊ သုဒန်၊ သုခိ၊ လေးပါးရှိ၊ မှတ်သိ ပဋိပဒါတည်း။

# အရိယာခန်းတမ်း

## အရိယာပုဂ္ဂိုလ်(၇)ယောက်

တနည်း အရိယာပုဂ္ဂိုလ်တို့သည်–

၁။ သဒ္ဓါနုသာရီ အရိယာပုဂ္ဂိုလ်၊

၂။ သဒ္ဓါဝိမုတ္တ အရိယာပုဂ္ဂိုလ်၊

၃။ ဓမ္မာနုသာရီ အရိယာပုဂ္ဂိုလ်၊

၄။ ပညာဝိမုတ္တ အရိယာပုဂ္ဂိုလ်၊

၅။ ဒိဋ္ဌိပတ္တ အရိယာပုဂ္ဂိုလ်၊

၆။ ကာယသက္ခိက အရိယာပုဂ္ဂိုလ်၊

၇။ ဥဘတောဘာဂဝိမုတ္တ အရိယာပုဂ္ဂိုလ်–

ပေါင်း(၇)ယောက်ရှိ၏။

ထိုအရိယာပုဂ္ဂိုလ်(၇)ယောက်တို့တွင်(၁)သဒ္ဓါနုသာရီအရိယာပုဂ္ဂိုလ်နှင့် (၂) သဒ္ဓါဝိမုတ္တအရိယာပုဂ္ဂိုလ်မျိုးတို့သည် အနိစ္စာနုပဿနာကို အမှူးထား၍ ပွားများသော ယောဂီပုဂ္ဂိုလ်သည် သဒ္ဓါသို့ အစဉ်လျောက်သဖြင့် သောတာပတ္တိမဂ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ သဒ္ဓါနုသာရီ အရိယာ သောတာပန် မဂ်ပုဂ္ဂိုလ်မည်၏။ ထိုပုဂ္ဂိုလ်သည် အထက် အရိယာပုဂ္ဂိုလ် (၇)ယောက် ဖြစ်သောအခါ သဒ္ဓါကြောင့် ကိလေသာမှ လွတ်သဖြင့် သဒ္ဓါဝိမုတ္တ အရိယာပုဂ္ဂိုလ် (၇) ယောက် ဖြစ်လာ၏။

(၃) ဓမ္မာနုသာရီအရိယာပုဂ္ဂိုလ်နှင့် (၄) ပညာဝိမုတ္တအရိယာပုဂ္ဂိုလ် မျိုးတို့သည် အနတ္တာနုပဿနာကို အမှူးထား၍ ပွားများသော ယောဂီ

ပုဂ္ဂိုလ်သည် ပညာကိုပွားများ၍ ပညာသို့အစဉ်လိုက်သဖြင့် သောတာပတ္တိမဂ်သို့ရောက်၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ ဓမ္မာနုသာရီ အရိယာ သောတာပန် မဂ်ပုဂ္ဂိုလ်မည်၏။ ထိုပုဂ္ဂိုလ်သည် ပညာကြောင့် ကိလေသာမှလွတ်သဖြင့် ပညာဝိမုတ္တအရိယာပုဂ္ဂိုလ် ဖြစ်၏။

မှတ်ချက်။ ။ ဓမ္မာနုသာရီ၌ ဓမ္မဆိုသည်မှာ ပညာ တရားကို ဆိုသည်ဟု သိမှတ်ပါလေ။

(၃) ဒိဋ္ဌိပတ္တ အရိယာ ပုဂ္ဂိုလ်မျိုးသည် ရုပ်နာမ် သင်္ခါရတို့သည် ဆင်းရဲစစ်စစ်ပဲ။ နိဗ္ဗာန်သည် ချမ်းသာစစ်စစ်ပဲဟု ဉာဏ်ပညာဖြင့် ခွဲဝေ သိမြင်၍ အနတ္တာနုပဿနာကို အဖန်ဖန်ရှုသဖြင့် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဟု ဆိုအပ်သော အလယ် အရိယာ ခြောက်ယောက် ဖြစ်သောအခါ ဒိဋ္ဌိပတ္တအရိယာခြောက်ယောက် ဖြစ်လာကုန်၏။ ဤ၌ ဒိဋ္ဌိပတ္တအရိယာပုဂ္ဂိုလ်ဆိုသည်မှာ မဂ္ဂင်ရှစ်ပါးတွင် စဦးတင်၍ ပါဝင်သော သမ္မာဒိဋ္ဌိ မဂ္ဂင်ပညာကို ဆိုသည်ဟု သိမှတ်ပါလေ။

(၄) ကာယသက္ခိ အရိယာပုဂ္ဂိုလ်မျိုးသည် (နာမကာယေန နိဗ္ဗာနံ သစ္ဆိကရောတိ)နှင့်အညီ ဒုက္ခာနုပဿနာကို အမှုထား၍ ပွားများသော ယောဂီပုဂ္ဂိုလ်သည် သမာပတ်တရားများပြား၍ နာမကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အရိယာ ခြောက်ယောက် ဖြစ်သောအခါ ကာယသက္ခိ အရိယာခြောက်ယောက်ဖြစ်လာ၏။

(၅) ဥဘတောဘာဂဝိမုတ္တ အရိယာ ပုဂ္ဂိုလ်မျိုးသည် အဆိုပါ ကာယသက္ခိအနာဂါမိပုဂ္ဂိုလ်သည် ရူပဈာန်သမာပတ်ရှိ၍ ဝိက္ခမ္ဘနပဟာန် အားဖြင့် ဆန့်ကျင်ဘက်ကိလေသာတို့မှ တကြိမ်လွတ်ခဲ့ပြီးပြီ။ အရဟတ္တ မဂ်ဖြင့် ဆန့်ကျင်ဘက်ကိလေသာတို့မှ သမုစ္ဆေဒပဟာန်အားဖြင့် တကြိမ် လွတ်၏။ ဤသို့ ဤပုံ နှစ်ကြိမ် နှစ်ခါ ဆန့်ကျင်ဘက် ကိလေသာတို့မှ လွတ်သောကြောင့် ဥဘတောဘာဂဝိမုတ္တအရိယာပုဂ္ဂိုလ်ဟုဆိုရလေသည်။

**မှတ်ချက်။** ။အောက်၌ ဖော်ပြခဲ့ပြီးသော သဒ္ဓါဝိမုတ္တနှင့်ပညာဝိမုတ္တ အထူးကား ဥပမာအားဖြင့် ခါး တုံးတုံးနှင့် ငှက်ပျောပင်ကို ခုတ်တဲ့အခါ ခွန်အားစိုက်၍လည်း ခုတ်ရသည်။ ခါးပြတ်ရလည်း မကောင်းသကဲ့သို့ ထိုအတူ သဒ္ဓါဝိမုတ္တတည်းဟူသော ခါးတုံးတုံးနှင့် သခါရတည်းဟူသော ငှက်ပျောပင်တွေကို ခုတ်ဖြတ်ရသောခါ ခွန်အား စိုက်၍လည်း ခုတ်ရသည်။ ပညာဝိမုတ္တကား ထက်လှစွာသောခါးနှင့် ငှက်ပျောပင်တွေကို ခုတ်ဖြတ်တဲ့အခါ ခွန်အားမစိုက်ရပဲ ဖြတ်ရသော ကြောင့် တညီတည်းပြတ်သွားသကဲ့သို့ ထို့အတူ အလွန်အားမထုတ်ရပဲ လျှပ်ကာ လက်ကာနှင့်ပဲ သခါရမှ လွတ်သွားလေ၏။

(သုတ်ပါထေယျ, မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာတို့၌ ပြဆိုထားသည်။)

## အရိယာစစ်တမ်း

ဤဝိမုတ္တိယုဂ ခေတ်ဆန်းချိန်မှစ၍ ခေတ်အားလျော်စွာ တရားအလုပ် အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် ဉာဏ်စဉ်ဆုံးပြီ,တရားပေါက်ပြီ, တရားပြီးပြီ, တရားရပြီ, သောတာပန်စသော အရိယာပုဂ္ဂိုလ်များဖြစ်ပြီ စသည်ဖြင့် ပြောဆိုတတ်ကြ၏။ ထိုသို့ ပြောဆိုဝန်ခံတိုင်း ဟုတ်မဟုတ်, မှန်မမှန်, စစ်မစစ်ကို ဤပိဋကတ်မှတ်ကျောက်ဖြင့် မှတ်တင်၍ ကြည့်ကြပါ။ အဆိုပါ အရိယာပုဂ္ဂိုလ် ခုနစ်ယောက်တို့တွင် ဘယ်အရိယာပုဂ္ဂိုလ်မျိုးများ ဖြစ်ခဲ့သည်၊ ရောက်ခဲ့သည်ကို ကျမ်းဂန်အရ လမ်းမှန်ကျအောင် မှတ်တင်၍ ကြည့်ကြရန် အရိယာစစ်တမ်းကို ပြဆိုပါဦးအံ့။

## ဆဋ္ဌာန(ခြောက်ဌာန)စစ်တမ်း

ဤဆဋ္ဌာနစစ်တမ်းသည် စတုတ္တပါရာဇိက သိက္ခာပုဒ်၌ သမနုဂ္ဂါဟိယ-မာနော၀ါ ဆိုတဲ့ ပုဒ်အဖွင့်၌လည်း ပြဆိုထား၏။ ဥပရိပဏ္ဏာသ အဋ္ဌကထာ ဆဗ္ဗိသောဓနသုတ် အဖွင့်၌လည်း ပြဆိုထား၏၊ ဤ၌ကား ဆဗ္ဗိသောဓန သုတ်၌ ပြဆိုထားသည်ကိုသာ ပြဆိုပါအံ့။

## ပေးခွန်းဟုပယ်ရန် (၆) ပုစ္ဆာ

၁။ ကိံ ဝေ အဓိဂတန္တိ (အဓိဂမပုစ္ဆာ)။ သင်သည် ဘယ်တရားကို ရသလဲ (ရသောတရားကိုမေးသည်)။

၂။ ကိန္တိ တေ အဓိဂတန္တိ (ဥပါယပုစ္ဆာ)။ သင်သည် အဘယ် အကြောင်းကြောင့် ရသလဲ(ရကြောင်းကိုမေးသည်)။

၃။ ကဒါ တေ အဓိဂတန္တိ (ကာလပုစ္ဆာ)။ သင်သည် အဘယ်အခါ ရသလဲ (ရသောအခါကိုမေးသည်)။

၄။ ကတ္ထ တေ အဓိဂတန္တိ (ဩကာသပုစ္ဆာ)။ သင်သည် အဘယ် အရပ်မှာ ရသလဲ (ရသောအရပ်ကိုမေးသည်)။

၅။ ကတမေ တေ ကိလေသာ ပဟီနာတိ (ပဟီနကိလေသပုစ္ဆာ)။ သင်သည် အဘယ်ကိလေသာကို ပယ်သလဲ (ပယ်သောကိလေသာကိုမေးသည်)။

၆။ ကတမေသံ တွံ ဓမ္မာနံ လာဘီ (ပဋိလဒ္ဓဓမ္မပုစ္ဆာ)။ သင်သည် အဘယ်တရားကို ရသလဲ(ရအပ်သောတရားကိုမေးသည်)။

ဤလိုဤပုံ ဆဋ္ဌာန(ခြောက်ပါးဖြင့်)မေးမြန်းစစ်ဆေး၍ ကြည့်ရမည်။

ထိုဆဋ္ဌာန(ခြောက်ပါး)တို့တွင်—

၁။ (ကိံ တေ အဓိဂတံ)ဆိုတဲ့ အမေးမျိုးသည် ရအပ်သောတရားကို မေးသော အမေးမျိုးတည်း။ မေးမြန်းပုံကား—သင်သည် တရားရတယ် ဆိုပြီ၊ ဈာန်တရားကို ရတာလား။ သို့မဟုတ် မဂ်တရားကို ရတာလား။ ဈာန်တရားတို့တွင်လဲပဲ ပဌမဈာန်ကို ရတာလား။ သို့မဟုတ် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ မဂ်တရားကို ရတာလား။ ဘယ်ဈာန် ဘယ် မဂ်ကို ရပါသလဲ စသည်ဖြင့် မေးသော မေးခွန်းမျိုးတည်း။

၂။ (ကိန္တိ တေ အဓိဂတံ)ဆိုတဲ့ အမေးမျိုးသည် ရခြင်း၏အကြောင်း ဖြစ်သော သမထ ဝိပဿနာကိုမေးသော အမေးမျိုးတည်း။ **မေးမြန်း**

ပုံကား–သင်သည် အနိစ္စလက္ခဏာကို စီးဖြန်း၍ရတာလား။ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာကို စီးဖြန်း၍ ရတာလား။ (ဝါ) သမာဓိအစွမ်းဖြင့် နှလုံးသွင်း၍ ရတာလား။ (ဝါ) သမထကိုအားထုတ်၍ ရတာလား။ သို့မဟုတ် ဝိပဿနာအစွမ်းဖြင့် နှလုံးသွင်း၍ ရတာလား။ (ဝါ) ဝိပဿနာကိုပွားများ၍ ရတာလား။ ထိုမှတပါး ရုပ်ကိုနှလုံးသွင်း၍ (ဝါ) ရုပ်ကို ဝိပဿနာရှု၍ ရတာလား။ သို့မဟုတ် နာမ်တရားကို နှလုံးသွင်း၍ ရတာလား။သို့မဟုတ် အဇ္ဈတ္တတရားကို နှလုံးသွင်း၍ ရတာလား။ ဗဟိဒ္ဓတရားကို နှလုံးသွင်း၍ ရတာလား စသည်ဖြင့် မေးသော မေးခွန်းမျိုးတည်း။

၃။ (ကဒါ တေ အဓိဂတံ) ဆိုတဲ့ အမေးမျိုးသည် တရားရသောအခါ ကာလကို မေးသော မေးခွန်းမျိုးတည်း။မေးမြန်းပုံကား–သင်သည် တရားရတယ်ဆိုပြီ၊ နံနက်ကာလ၌ ရတာလား။ သို့မဟုတ် မွန်းတည့်အခါကာလ၌ ရတာလား။ သို့မဟုတ် ညနေချမ်း အခါကာလ၌ ရတာလား။ ဘယ်အချိန်ကာလ၌ ရသလဲဟု မေးသော မေးခွန်းမျိုးပေတည်း။

၄။ (ကတ္ထ တေ အဓိဂတံ) ဆိုတဲ့ အမေးမျိုးသည် တရားရရာ အရပ်ဌာနကို မေးသော မေးခွန်းမျိုးပေတည်း။ မေးမြန်းပုံကား–သင်သည် တရားရတယ်ဆိုပြီ၊ အဘယ်အရပ်ဌာနမှာ ရသလဲ။ ညဉ့်နေရာအရပ်မှာ ရတာလား၊ နေ့နေရာအရပ်မှာ ရတာလား၊ သစ်ပင်ရင်း၌ ရတာလား၊ မဏ္ဍပ်၌ရတာလား၊ ကျောင်း၌ ရတာလား၊ ဘယ်နေရာဌာနမှာ ရသလဲဟု မေးမြန်းစစ်ဆေးရမည်ဟု ဆိုလိုရင်း ဖြစ်သည်။

၅။ (ကတမေ တေ ကိလေသာ ပဟီနာ) ဆိုတဲ့ အမေးမျိုးသည် ပယ်အပ်ပြီးသော ကိလေသာကို မေးသော မေးခွန်းမျိုးတည်း။ မေးမြန်းပုံကား–သင်သည် ကိလေသာကို ပယ်အပ်ပြီဟု ဆိုပြီ။ အဘယ်မဂ်သည် ပယ်အပ်ကုန်သော ကိလေသာတို့ကို သင်ပယ်အပ်ကုန်သနည်း။ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော ကိလေသာတို့ကို ပယ်အပ်ကုန်သလော၊ သို့မဟုတ် သကဒါဂါမိမဂ် စသည်တို့တွင် တပါးပါးသောမဂ်သည် ပယ်အပ်ကုန်သော ကိလေသာတို့ကို ပယ်အပ်ကုန်သလောဟု မေးမြန်းစစ်ဆေးရမည်ဟု ဆိုလိုရင်းဖြစ်သည်။

၆။ (ကတမေသံ တွံ ဓမ္မာနံ လာဘီ)ဆိုတဲ့ **အမေးမျိုးသည် ရအပ်သော** တရားကို မေးသော မေးခွန်းမျိုးတည်း။ မေးမြန်းပုံကား သင်သည် မဂ်တရားကို ရအပ်ပြီဟု ဆိုပြီ၊ အဘယ်မဂ်တရားကို ရအပ်သနည်း၊ သောတာပတ္တိမဂ် စသော မဂ်တရားတို့တွင် အဘယ်မဂ်တရားကို ရအပ်သနည်းဟု မေးမြန်းစစ်ဆေးရမည်ဟု ဆိုလိုရင်းဖြစ်သည်။

ဤလိုဤပုံ စစ်ဆေးမေးမြန်းတဲ့အခါ တကယ် အမှန်တရားကို ရရှိရှိ မှန်လျှင် မေးတိုင်းမေးတိုင်း မဆိုင်းမတွ မစဉ်းစားရတော့ပဲ တိကျပြတ်သားစွာ ဖြေကြားနိုင်သတဲ့။ ထိုသို့ပင် ဖြေကြားနိုင်သော်လည်း ဤသို့ ဖြေကြားကာမျှဖြင့် ဟုတ်မှန်ပြီဟု တထစ်ချ မယုံကြည်ရသေးပေ။ ဤမျှတည်းဖြင့် ပူဇော်သက္ကာရကို မပြုရသေးပေ။ အဆိုပါ ဆဋ္ဌာန (ခြောက်ဌာန) တို့ဖြင့် နောက်ထပ် တဖန် သန့်ရှင်းစင်ကြယ်အောင် ၂-ကြိမ်၊ ၃-ကြိမ် မေးမြန်းစစ်ဆေးအပ်၏။

အကြင်ရဟန်းသည် အကြင်ဈာန်တရား မဂ်တရားကို ရ၏။ ထိုရအပ်သော တရားသည် ထိုရဟန်းအား ထင်ရှားသိသာလှပေ၏။ ဇဝေဇဝါ မသေမချာ ယောင်ဝါးဝါး မဟုတ်ပါချေ။ တပ်အပ်သေချာ ပြောဆိုနိုင်သတဲ့။

ထိုသို့ စစ်ဆေးမေးမြန်းတဲ့အခါ ငါသည် ဤမည်သော ဈာန်တရား ဤမည်သော မဂ်တရားကို ရပါသည်ဟု ဆိုအံ့။ ထိုသို့ဆိုသည်ရှိသော် သင်သည် အနိစ္စလက္ခဏာ စသည်တို့တွင် အဘယ်လက္ခဏာကို အကြီးအမှူးပြု၍ ရသနည်း။ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်း ကြဉ်သော သုံးဆယ့်ရှစ်ပါးသော အာရုံတို့တွင်လည်းကောင်း၊ ရုပ်တရား, နာမ်တရားတို့တွင် လည်းကောင်း၊ အဇ္ဈတ္တ ဗဟိဒ္ဓတရားတို့တွင် လည်းကောင်း အဘယ်တရားကို အဦးပြု၍ နှလုံးသွင်း၍ ရအပ်ပါသနည်းဟု မေးမြန်းစစ်ဆေးအပ်၏။ မှန်၏၊ အကြင်ရဟန်းအား အကြင်လက္ခဏာကို သို့မဟုတ် ရုပ်နာမ် အဇ္ဈတ္တ ဗဟိဒ္ဓတရားတို့ကို နှလုံးသွင်းအပ်၏။ ထိုရဟန်းအား နှလုံးသွင်းသော တရားသည် ထင်ရှားသိသာလှ၏၊ တပ်အပ်သေချာ ပြောဆိုနိုင်၏။

ဤလိုမေးမြန်းတဲ့အခါ ငါ့အား ဤမည်သောလက္ခဏာ၊ ဤမည်သော ရုပ်တရား နာမ်တရား၊ ဤမည်သော အဇ္ဈတ္တ ဗဟိဒ္ဓတရားတို့ကို နှလုံးသွင်း၍ ဤသို့သော အခြင်းအရာဖြင့် ငါသည် ရအပ်၏ဟု ဆိုအံ့။ ဤသို့ဆိုသော် ဒါဖြင့်ရင် နံနက်အခါ မွန်းတည့်အခါ စသည်တို့တွင် တပါးပါးသော အခါကာလ၌ ရသလားဟု မေးအပ်၏။ မှန်၏၊ ခပ်သိမ်းသော သူတို့အား မိမိရသော အခါကာလသည် ထင်ရှားသိသာလှ၏။

ဤလိုမေးမြန်းတဲ့အခါ ငါသည် ဤမည်သောမဂ်တရားကို ရအပ်၏ဟု ဆိုအံ့။ ထိုသို့ဆိုကာမျှဖြင့် ထိုရဟန်း၏စကားကို မယုံကြည်ထိုက်သေးဘူး။ ဘာ့ကြောင့်လဲဆိုတော့ ပညာ ဗဟုသုတ အကြားအမြင်ရှိကုန်သော ပါဠိအဋ္ဌကထာ၌ တတ်သိလိမ္မာ ကျွမ်းကျင်ကုန်သော ရဟန်းတို့သည် ဤဆဋ္ဌာန (ခြောက်ပါး)တို့ကို သုတ်သင်ခြင်းငှာ စွမ်းနိုင်ကုန်၏။ စွမ်းနိုင်သူ များကြကုန်၏။ ထို့ကြောင့် မယုံကြည်အပ်သေးဘူး။

## အာဂမန ပဋိပဒါ

ရဟန္တာဟု ဝန်ခံသော ဤရဟန်းအား အာဂမနပဋိပဒါခေါ်သော အရိယာသို့ရောက်ကြောင်း အကျင့်ကို သုတ်သင်စစ်ဆေးရမည်။ (ဝါ) ဆန်းစစ်၍ကြည့်ရမည်။ ဤသို့စစ်ဆေး၍ ကြည့်တဲ့အခါ အာဂမနပဋိပဒါ ခေါ်တဲ့ အရိယာသို့ ရောက်ကြောင်း အကျင့်လမ်းစဉ်သည် အကယ်၍ မစင်ကြယ်သည်ဖြစ်ငြားအံ့။ ဤသို့ မစင်ကြယ်သည်ရှိသော် ဤသို့ သဘောရှိသော သင်၏ အကျင့်ဖြင့် (ဝါ) သင်အားထုတ်သောနည်းဖြင့် လောကုတ္တရာတရားမည်သည်ကို မရောက်အပ် မရအပ်၊ မရောက်နိုင် မရနိုင်ဟု ဆို၍ သင်သည် ရဟန္တာမဟုတ်ဟု ဆို၍ ပယ်အပ်၏။

ထိုသို့မဟုတ် ထိုရဟန္တာဟုဝန်ခံသော ရဟန်းအား အရိယာမဂ်သို့ ရောက်ကြောင်းအကျင့်သည် (ဝါ) လမ်းစဉ်သည် အကယ်၍ စင်ကြယ် ငြားအံ့ (ဝါ) လုပ်ငန်းစဉ်မှန်ငြားအံ့ (ဝါ) ကျမ်းဂန်နည်းကျ၊ ဆရာ နည်းရ၊ ဖြစ်ခဲ့အံ့။ ဤသို့ စင်ကြယ်သည်ရှိသော် ရှည်စွာ နေညဉ့်ပတ်လုံး သီလသိက္ခာ- သမာဓိသိက္ခာ- ပညာသိက္ခာဟုဆိုအပ်သော သုံးပါးသော

သိက္ခာတို့၌ မမေ့မလျော့ မပေါ့မဆ ပြည့်ရှင့်အောင် ဖြည့်ကျင့်သည်။ (ဝါ) ထကြွနိုးကြားခြင်းကို အဖန်တလဲလဲ မဆုတ်မနစ်အားထုတ်သည်။ (ဝါ) ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းတို့၌ ကပ်ငြိတွယ်တာခြင်း၊ ခင်မင်စွဲလမ်းခြင်းမရှိသည်။ ကောင်းကင်၌ လှမ်းသောလက်နှင့်တူသော စိတ်ဖြစ်နေ၏။ ဤအဖြစ် ဤအနေအထိုင်မျိုး ပေါ်လွင်ထင်ရှားသည်ဖြစ်အံ့။ ထိုရဟန္တာဟု ဝန်ခံသော ရဟန်း၏ ပြောကြားခြင်းသည် အကျင့်ပဋိပဒါနှင့် ဂင်္ဂါရေနှင့် ယမုန်နာရေတို့ နှီးနှောသကဲ့သို့ ညီညွတ်သကဲ့သို့ ဤအတူသာလျှင် ဘုရားမြတ်စွာ စီရင်ထွေးယျသည် တပည့်သားတို့အား ကောင်းစွာပညတ်အပ်သော နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော အကျင့်သည် အကျင့်နှင့်လည်းကောင်း၊နိဗ္ဗာန်နှင့်လည်းကောင်း နှီးနှောညီညွတ်၏ဟု ဆိုသင့်ဆိုထိုက်၏။

## ထိတ်လန့်စေအပ်၏

ဤရဟန္တာ၏အရာသည် လွန်စွာသိနိုင်ခဲသော အရာဖြစ်၍ စိစစ်ရန်ကျန်သေးသည်ကို ဖော်ပြဦးအံ့။

အချို့သော ရဟန်းသည် ပုထုဇဉ်ဖြစ်သော်လည်း ရဟန္တာတို့အကျင့်နှင့်တူသော အကျင့်ရှိသည် ဖြစ်တတ်၏။ ထို့ကြောင့် ထိုရဟန္တာဟု ဝန်ခံသော ရဟန်းကို ထိုထိုထိတ်လန့်ဖွယ်ရာ အကြောင်း ဥပါယ်တံမျဉ်တို့ဖြင့် ကြံစည်ပြု၍ ကြောက်,မကြောက်ကို သိရအောင် ခြောက်လှန့်စေအပ်၏။ ထိုသို့ထိတ်လန့်စေသည်ရှိသော် ရဟန္တာစစ်မှန်မူကား မိုးကြိုးသည် ဦးခေါင်းထိပ်သို့ ကျသော်လည်း ကြောက်ခြင်း- ထိတ်လန့်ခြင်း- ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် လုံးဝ မဖြစ်တော့ပေ။ ပုထုဇဉ်သည်ကား အနည်းငယ်မျှဖြစ်သော်လည်း ကြောက်ခြင်း ထိတ်လန့်ခြင်း စသည်သည် ဖြစ်တတ်သေး၏။

## ခြောက်လှန့်ပုံဝတ္ထု

သီဟိုဠ်ကျွန်း၌နေသော ဒီဃဘာဏက မထေရ်သည် တပါးသော ပိဏ္ဍပါတိက မထေရ်ကို ရဟန္တာနှင့် အသွင်သဏ္ဍာန်တူနေသောကြောင့်

ရဟန္တာ ဟုတ်မဟုတ် စူးစမ်းခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ထိုပိဏ္ဍပါတိက မထေရ် ရေချိုး၍နေတုန်းခါ ရဟန်းငယ်တပါးကို အချက်ပေး၍ ကလျာဏီ မြစ်၏ သမုဒ္ဒရာသို့ဝင်ရာ အဝ၌ ငုပ်၍ ခြေကို ဆုပ်ကိုင်စေ၏။ ထိုအခါ ထိုရဟန္တာဟု ထင်ရသော ပိဏ္ဍပါတိကမထေရ်သည် မိကျောင်းဟူသော အမှတ်ဖြင့် ကျယ်စွာသော ဟင်အော်သံကိုပြု၏။ ထိုအခါမှ ရဟန္တာမဟုတ် ပုထုဇဉ်တည်းဟု သိကြရ၏။ (ဤကား သီဟိုဠ်ကျွန်း၌ ဖြစ်ဖူးသော ဝတ္ထုတည်း။)

**နောက်တနည်းကား**–သီဟိုဠ်ကျွန်း၌ပင် စန္ဒမုခတိဿမင်းလက်ထက်၌ မဟာဝိဟာရ ကျောင်းတိုက်၌ သံဃာ့မထေရ်ဖြစ်သော ရဟန္တာကြီးတပါးသည် မျက်စိအားနည်းသည်ဖြစ်၍ ကျောင်း၌သာ လုပ်ကိုင် သီတင်းသုံးနေထိုင် တော်မူ၏၊ ထိုအခါ အဆိုပါ စန္ဒမုခတိဿမင်းသည် ရဟန္တာပုဂ္ဂိုလ်ကို စုံစမ်းလို၍ တိတ်တဆိတ် အသံမပြုပဲ အနားသို့ချဉ်းကပ်၍ မြွေကဲ့သို့ ခြေထောက်ကို ကိုင်ဆုပ်လိုက်၏၊ (ဝါ) မြွေကိုက်တယ် မြွေပတ်တယ် ထင်အောင် လက်သည်းဖြင့် ခြေထောက်ကို ကိုင်ဆိတ်လိုက်၏၊ ထိုသို့ပင် ပြုလုပ်သော်လည်း ရဟန္တာပုဂ္ဂိုလ်ကြီးသည် ကျောက်တိုင်ကဲ့သို့ တုန်လှုပ် ခြင်း မရှိသည်ဖြစ်၍ ဤအရပ်၌ အဘယ်သူနည်း၊ အဘယ်သူလဲဟု မေးမြန်းလေ၏။ ထိုအခါ တပည့်တော် စန္ဒမုခတိဿမင်းပါ ဘုရားဟု လျှောက်ထားလေသော် (အို) စန္ဒမုခတိဿ– ကောင်းသော သီလ၏ အနံ့သည် လှိုင်သလောဟု မိန့်တော်မူသတဲ့။ ဤသို့လျှင် ရဟန္တာမည်သည် ကြောက်ခြင်း ထိတ်လန့်ခြင်း လုံးဝ မရှိဟု သိအပ်၏။

## ပုထုဇဉ်မှာ ရသတဏှာ မပယ်နိုင်

**နောက်တနည်းကား**–အချို့သောသူသည် ပုထုဇဉ်ပင်ဖြစ်သော်လည်း အလွန်ရဲရင့်သည်ဖြစ်၍ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိပဲဖြစ်တတ်၏၊ သို့သော် တပ်မက်ဖွယ် နှစ်သက်ဖွယ် အာရုံအမျိုးမျိုးတို့ဖြင့် စူးစမ်း၍ ကြည့်သော် ပုထုဇဉ်ဖြစ်ပါက တပ်မက်နေတတ်၏။ အခါတပါး၌ ဝသဘ မင်းသည် ရဟန္တာဟု ထင်ရသော ရဟန်းတပါးကို စုံစမ်းလို၍ နန်းတော်၌ နေထိုင်

စေပြီးလျှင် ထိုမထေရ်၏အနိုး၌ သီးသီးကို ဆုပ်နယ်၍နေ၏၊ ထိုအခါ ရဟန္တာဟု ထင်ရသော ထိုမထေရ်အား တံတွေးများ ယိုစီးကျလာ၏။ ထိုအခါမှ ရဟန္တာ မဟုတ်မှန်း သိရ၏။ မှန်၏၊ ရဟန္တာပုဂ္ဂိုလ်အား ရသ တဏှာကို အရဟတ္တမဂ်ဓားကပင် ကောင်းစွာ ပယ်ခဲ့ပြီးလေပြီ။ နတ်၌ ဖြစ်သော အရသာ၌လည်း တပ်မက်နှစ်သက်ခြင်း မရှိတော့ပြီ။ ထို့ကြောင့် ထိုရဟန္တာ ဟုတ်မဟုတ်ကို ပြဆိုခဲ့ပြီးသော အကြောင်းဥပါယ်တံမျဉ်တို့ဖြင့် စုံစမ်း၍ ကြည့်ရှုသော်လည်း ကြောက်ခြင်းထိတ်လန့်ခြင်းစသည်ဖြစ်သော် သင်သည် ရဟန္တာ မဟုတ်သေးဟု ပယ်ရာ၏။

ထိုသို့ မဟုတ်၊ အဆိုပါ နည်းအမျိုးမျိုးတို့ဖြင့် စုံစမ်းသော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်း စသည့် လုံးဝ မဖြစ်ပဲ ကေသရာဇာခြင်္သေ့မင်း ကဲ့သို့ အကယ်၍နေငြားအံ့၊ နတ်၌ဖြစ်သော အာရုံ၌လည်း အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိသည်ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်သည်ရှိသော် ဤရဟန္တာ သည် ပြည့်စုံသော အမေးပုစ္ဆာပြဿနာကို ဖြေဆိုနိုင်သည်ဖြစ်၍ ထက်ဝန်း ကျင်မှ မင်း မင်း၏အမတ် စသည်တို့သည် ပေးလှူစေအပ်သော ပူဇော် သက္ကာရကို ခံယူခြင်းငှါ ထိုက်သော အဂ္ဂဒက္ခိဏေယျ ရဟန္တာပုဂ္ဂိုလ်အစစ် အဖြစ်ကို သိအပ် မှတ်အပ်၏။

## အရိယာအဆင့်ဆင့် စစ်ဆေးသင့်၏

**မှတ်ချက်။** ။ဤအရိယာစစ်တမ်းမှာ တတန်း တစားတည်း ထား၍ စစ်ဆေးရန် မဟုတ်၊ သောတာပန်အစ ရဟန္တာအဆုံးထား၍ အဆင့် အတန်းအားလျော်စွာ ဝန်ခံရာတွင်သာ စစ်ဆေးသင့်၏။ သေက္ခပုဂ္ဂိုလ် တို့၏ အရာမဟုတ်သော အသေက္ခအဆင့်အတန်းအမျိုးမျိုးကို မစစ်ဆေး မိစေရာ။ သောတာပန်ဟု ဝန်ခံလျှင် သောတာပတ္တိမဂ်နှင့် သက်ဆိုင်ရာ ပယ်သင့် ပယ်ထိုက်သော ကိလေသာတို့ကို ပယ်-မပယ် စသည်သာ စစ်ဆေးထိုက်ပေသည်။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟု ဝန်ခံရာ တို့၌လည်း နည်းတူ သိမှတ်ပါလေ။

## သောတာပန်စစ်တမ်း

ဤနေရာ၌ သောတာပန်၏ အင်္ဂါစစ်တမ်းကို သီးခြားခွဲ၍ ပြဆို သင့်သည်အားလျော်စွာ ပြဆိုပါဦးအံ့။

(တတြပိ သုဒံ ဘဂဝါ နာတိကေ ဝိဟရတိ)စသည်ဖြင့် သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ လာရှိသည်နှင့်အညီ ဘုရားမြတ်စွာ စိန္တေယျာသည် နာတိကရွာအုတ်ကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင် တော်မူတဲ့အခါ အရှင်အာနန္ဒာက မြတ်စွာဘုရား—သာဠှရဟန်း နန္ဒာ ရဟန်းမိန်းမ စသည်ဖြင့် ငါးရာသောသူတို့သည် ဤနာတိကရွာ၌ပင် ကွယ်လွန်ကြပါသည်၊ထိုသူတို့လားရာဂတိကား အသို့နည်းဟု မေးလျှောက် သောအခါ အာနန္ဒာ—သာဠှရဟန်းမှာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံ လေပြီ။ နန္ဒာရဟန်းမိန်းမမှာ အနာဂါမ်ဖြစ်၍ သုဒ္ဓါဝါသဘုံ၌ဖြစ်၍ နိဗ္ဗာန် ဝင်စံလိမ့်မည်။ သုဒတ္တဒါယကာသည် သကဒါဂါမ်ဖြစ်၍ လူ့ပြည် နတ်ပြည် တို့၌ တကြိမ်သာဖြစ်၍ နိဗ္ဗာန်ဝင်စံလိမ့်မည်၊ သုဇာတာဒါယိကာမသည် သောတာပန်ဖြစ်၍ လူ့ဘဝ နတ်ဘဝတို့၌ ခုနစ်ကြိမ်ဖြစ်၍ နိဗ္ဗာန်ဝင်စံ လိမ့်မည် စသည်ဖြင့် ဟောတော်မူ၍ (ဝိဟေသာ ဟေသာ အာနန္ဒ တထာဂတဿ)နှင့်အညီ အာနန္ဒာ—သင်တို့လျှောက်ထားတိုင်း ထိုသူတို့ လားရာဂတိကို ဟောရ ပြောရသည်မှာ ငါဘုရား ပင်ပန်းလှပြီ၊ ယနေ့က စ၍ မလျှောက်ထားကြနှင့်တော့။ (ဓမ္မာဒါသံ နာမ ဓမ္မပရိယာယံ ဒေသေဿာမိ)ဟူသည်နှင့်အညီ ဓမ္မာဒါသ တရားမှန်တော်ကြီးကို အပြီး အစီး ဟောထားပေအံ့ဟု မိန့်တော်မူ၍—

> "ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ "ခီဏနိရယောမှိ ခီဏ-တိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိ-ဝိနိပါတော၊ သောတာပန္နောဟမသ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော"တိ။

(သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်ပါဠိ-၇၉)

**အမိပ္ပာယ်ကား**–အာနန္ဒာ....အကြင်အင်္ဂါလေးပါးနှင့် ပြည့်စုံသော အရိယာသာဝကသည် အလိုရှိသည်ရှိသော် မိမိသည်ပင်လျှင် မိမိကိုယ်ကို "ငါသည် ကုန်ပြီးသော ငရဲရှိသည်၊ကုန်ပြီးသော တိရစ္ဆာန်သို့ လားရောက်ခြင်းရှိသည်၊ ကုန်ပြီးသော ပြိတ္တာရှိသည်၊ ကုန်ပြီးသော အပါယ်သို့ ကျရောက်ခြင်းရှိသည် ဖြစ်၏။ ငါသည် အရိယာမဂ်သို့ ရောက်ပြီးသော သောတာပန်ဖြစ်၏။ အပါယ်သို့ တဖန်ကျရောက်ခြင်းသဘော မရှိတော့ပြီ။ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိတော့၏" ဤသို့ ပြောလိုက ပြောဆိုနိုင်ပါပြီဟု ဆိုလိုခြင်းဖြစ်ပေသည်။

## သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါလေးပါး

၁။ (ဗုဒ္ဓေ အဝေစ္စ ပသာဒေန သမန္နာဂတော)စသည်နှင့်အညီ ဘုရားမြတ်စွာ စိန္တေယျာ၏ အရဟံအစ ဘဂဝါအဆုံး ကိုးပါးလုံးဂုဏ်တော်တို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၂။ (ဓမ္မေ အဝေစ္စ ပသာဒေန သမန္နာဂတော) စသည်နှင့်အညီ သွာက္ခာတအစ ပစ္စတ္တံ ဝေဒိတဗ္ဗော အဆုံး ခြောက်ပါးလုံးဂုဏ်တော်တို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၃။ (သံဃေ အဝေစ္စ ပသာဒေန သမန္နာဂတော) စသည်နှင့်အညီ သုပ္ပဋိပန္နတာအစ ပုညက္ခေတ္တံအဆုံး ကိုးပါးလုံးဂုဏ်တော်တို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၄။ (အရိယကန္တေဟိ သီလေဟိ သမန္နာဂတော)စသည်နှင့်အညီ ယခုကာလ လူတို့စောင့်ရှောက်ကြတဲ့ ဂရုဓမ္မခေါ် ငါးပါးသီလကို သောတာပန်တည်သည့်နေ့မှစ၍ အသက်ထက်ဆုံး သောတာပန် အရိယာပုဂ္ဂိုလ်တိုင်း အရိယာပုဂ္ဂိုလ်တိုင်း လွန်စွာလွန်စွာ မြတ်နိုးစုံမက်ကြတဲ့ ငါးပါးသီလတို့၌ အစ-အလယ်-အဆုံး သုံးပါးလုံးတို့၌ မကျိုးမပေါက်, မပြောက်မကျား ရအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်း။ အဆိုပါ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံညီညွတ်လျှင် ငါသောတာပန်ဖြစ်ပြီ။ ငါသည် ငရဲ တိရစ္ဆာန် ပြိတ္တာ

အသူရကာယ် အပါယ်ဘုံသို့ မကျမရောက်နိုင်တော့ပြီ။ သကဒါဂါမိမင်္ဂ, အနာဂါမိမင်္ဂ, အရဟတ္တမင်္ဂဟု ဆိုအပ်သော အထက်မင်္ဂသုံးပါးသည်လျှင် လည်းလျှောင်းရာ ပြောင်းသွားဖို့ရာရှိတော့သည်ဟု ပြောဆိုလျှင် ပြောဆိုနိုင်ပါပြီဟု ဆိုလိုရင်းဖြစ်သည်။

## ကျမ်းဂန်နှင့်ညီသော သောတာပန်

**တန်ည်းကား—**(ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ) အရ သောတာပန်စစ်မှန်လျှင် ဖိုလ်ဝင်စားလိုက ဝင်စားနိုင်ခြင်း အင်္ဂါတပါး၊ အာဂမသဒ္ဓါ, အဓိဂမသဒ္ဓါ, ဩကပ္ပနသဒ္ဓါ, ပသန္နသဒ္ဓါဟု သဒ္ဓါလေးမျိုးရှိရာ အာဂမသဒ္ဓါမှာ ဘုရားလောင်းတို့ သဒ္ဓါမျိုးဖြစ်၍၊ အဓိဂမသဒ္ဓါမှာ မင်္ဂဖိုလ်ရပြီးသော အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါမျိုးဖြစ်၏။ ဩကပ္ပနသဒ္ဓါမှာ–မင်္ဂမရသေးသော်လည်း အနာထပိဏ်သဌေး၊ မဟာကပ္ပိနမင်း၊ အနော်ဇာဒေဝီမိဖုရား စသည်တို့၏ သဒ္ဓါမျိုးဖြစ်၏။ ပသန္နသဒ္ဓါမှာ လူသာမန်တို့၏ သဒ္ဓါမျိုးဖြစ်၏။ ထိုတွင် အဓိဂမသဒ္ဓါနှင့် ပြည့်စုံခြင်းအင်္ဂါတပါး။ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံနေလျှင် ကျမ်းဂန်နှင့်ညီညွတ်သော သောတာပန်ဟု အချို့ဆရာတို့ ဆိုကြကုန်သေး၏။

မှတ်ချက်။ ။ဤ၌ ဘုရား-တရား-သံဃာ ရတနာသုံးပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သည်ဟု ဆိုရာတို့၌ မသိမလိမ္မာသော ဗုဒ္ဓဘာသာဝင် လူမျိုးတို့ကဖြစ်စေ, ဘာသာခြားလူမျိုးတို့ကဖြစ်စေ ဘုရား-တရား-သံဃာ ရတနာသုံးပါးတို့၌ ယုတ္တိယုတ္တာချကြ၍ ဝေဖန်ပြောဆိုခြင်း စသည်တို့ကို ပြုလုပ် ပြောဆိုတတ်ကြသည်။ ၎င်းသို့ ပြောဆိုကြတဲ့အခါ ထိုသူတို့ ပြောဆိုကြတဲ့အတိုင်းပဲ ဟုတ်မှန်သလောင်ယောင် ထင်ယောင်ထင်မှား ဖြစ်သွားသည်ကိုပင် တုန်လှုပ်သည်ဟု ဆိုသည်ဟု သိမှတ်ပါလေ။ ထိုသို့မဟုတ်ပါမူ ဘယ်သူက ဘယ်လိုပြောပြော ဘုရားမှ-ဘုရား၊ တရားမှ-တရား၊ သံဃာမှ-သံဃာဟု မတုန်မလှုပ် သက်ဝင်ယုံကြည်သည်ကို ဆိုခြင်းဖြစ်သည်။

ထို့ပြင်—

ယေ ကေစိ ဘိက္ခဝေ မယိ အဝေစ္စ ပသန္နာ၊ သဗ္ဗေ တေ သောတာပန္နာ။

(အင်္ဂုတ္တိုရ်ဒိကာ အဝေစ္စသုတ်)

**အဓိပ္ပာယ်ကား**—ရဟန်းတို့...ခပ်သိမ်းသော သူတို့သည် ငါဘုရား၌ သက်ဝင်ယုံကြည်ကြကုန်၏။ ထိုအလုံးစုံသောသူတို့သည် သောတာပန်တို့ ချည်းသာဟု ဟောတော်မူ၏။

ထိုမှတပါး—

ယေ ကေစိ ဘိက္ခဝေ မယိ နိဋ္ဌံ ဂတာ၊ သဗ္ဗေ တေ ဒိဋ္ဌိသမ္ပန္နာ။

(ဇင်းသုတ်)

**အဓိပ္ပါယ်ကား**—ရဟန်းတို့... ခပ်သိမ်းသော သူတို့သည် ငါဘုရား၌ ယုံမှားမရှိ။ မုချ ဘုရားသာဟု ယုံမှားကင်း၏။ ထိုအလုံးစုံသောသူတို့သည် သောတာပတ္တိမဂ်ဉာဏ်နှင့် ကောင်းပြည့်စုံသော သူတို့သာတည်း။

ထို့ပြင်—

တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နာ။

(မဇ္ဈိမပဏ္ဏာသဋီကာ အာကင်္ခေယျသုတ်)

**အဓိပ္ပာယ်ကား**—ရုပ်, နာမ် ခန္ဓာကိုပင် ငါ့ကိုယ်အတ္တဟု ယူသော သက္ကာယဒိဋ္ဌိ၊ မိဿကိုးနတ်၊ ထာဝရဘုရားများ ဖန်ဆင်း၍ဖြစ်တယ် ဆိုတာလည်း ဟုတ်မှန်လေသလောဟု ယုံမှားသော ဝိစိကိစ္ဆာ၊ နွား ခွေး တို့၏ အကျင့်ဖြင့် သံသရာမှ စင်ကြယ်သည်ဟု နှလုံးသွင်းမှားသော သီလဗ္ဗတပရာမာသသံယောဇဉ်။ ဤသံယောဇဉ်သုံးပါး ကုန်ခြင်းကြောင့် (ဝါ) ကုန်လျှင် ကျမ်းဂန်နှင့်ညီသော သောတာပန်အစစ် ကောန်ဖြစ်တော့ သည်ဟု သိမှတ်ပါလေ ယောဂီအပေါင်းတို့။

ထိုမှတပါး–

စတူဟိ ဓမ္မေဟိ သမန္နာဂတော အရိယသာဝကော သောတာ-
ပန္နော ဟောတိ။

(သောတာပတ္တိသံယုတ်)

**အဓိပ္ပာယ်ကား**–ဘုရား-တရား-သံဃာ ဤရတနာသုံးပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းသုံးပါး။ ဤပိုးရွ ခြကောင်ကလေးများကို မသတ်ယင် သင့်ဦးခေါင်းကို ဖြတ်မယ်ဆိုသော်လည်း မသတ်။ မိမိအသက်ကိုသာ အသေခံတော့သည်ဖြစ်၍ သီလနှင့်အသက်ကို လဲနိုင်လောက်အောင် ချစ်ခင်မြတ်နိုးသော သီလတပါး။ ဤ ဘုရား-တရား-သံဃာ-သီလ တည်းဟူသော လေးပါးသော တရားတို့နှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သားသည် သောတာပန်အစစ် ဖြစ်တော့သည်မည်၏ဟု ဆိုလိုရင်းဖြစ်သည်။

## သောတာပန် လက်ဟောင်း လက်သစ် (၂)မျိုး

ယခု ဖော်ပြခဲ့သော သောတာပန်များကတော့ သောတာပန်လက်ဟောင်း အကောင်းစားတွေပဲ။ ယခုခေတ် ဖြစ်ပေါ်နေကြသော သောတာပန်လက်သစ်များနှင့်တော့ မတူကြဘူး။ ဘာကြောင့်လဲဆိုတော့ ယခုခေတ် သောတာပန် လက်သစ်များကတော့ သောတာပန်ဖြစ်တယ်ဆိုယင်ပဲ ဘုရား ရန်သူသဖွယ်ဖြစ်ပြီး ဘုရားကို ရှိမခိုးချင် တရားကို ရှိမခိုးချင် သံဃာကို ရှိမခိုးချင်တော့ဘူး။ ကွယ်ရာမှာဆိုယင် သန်းကောင်, ကျမ်းပိုးကောင် စသော သတ္တဝါများကို သတ်နေခြင်း, သူတပါးသားမယားကို ပြစ်မှားနေခြင်း စသော ဒုစရိုက်တရားများကို ပြုလုပ်နေကြတာပဲ။ ဤလိုပြုလုပ်နေခြင်းမျိုးသည် သောတာပန်မစစ်လို့ပဲ မဟုတ်လား။ သောတာပန်အစစ်မှန်ယင် အဆိုပါ ဒုစရိုက်တရားများကို မပြုလုပ်တော့ပါ။ သောတာပန်တယောက်အတွက်မှာ ဘာမှ ကိုးရိမ်စရာ မရှိတော့ပါ။ အလုံးစုံ စိတ်ချရပြီ။ ဤလို သောတာပန် လက်ဟောင်းနှင့် လက်သစ် နှစ်မျိုးကို ခွဲခြား၍ သိထားပါဦး။ သို့မှသာ ဗဟုသုတများမယ်။

အနည်းငယ် ချဲ့ပြဦးအံ့။ ဤလိုဤပုံ တကယ် တရားကို အားထုတ်၍ တကယ် တရားနှင့်တွေ့၍ တကယ် ဉာဏ်စဉ်ဆုံးသွားသော သောတာပန် အစစ်အမှန်ကြီး ဖြစ်ပါမူကား သန်းကောင်, ကျမ်းပိုးကောင် စသော သတ္တဝါများကို မသတ်လို၊ မသတ်ရဲ၊ လုံးဝ သတ်လိုတဲ့စိတ်မရှိ။ သူတပါး ဥစ္စာကိုလဲ မခိုးရဲ၊ မခိုးလို၊ ခိုးလိုတဲ့စိတ်လဲ မရှိ။ သူတပါးသားမယားကိုလဲ မလွန်ကျူးရဲ၊ မလွန်ကျူးလို၊ လွန်ကျူးလိုတဲ့စိတ်လဲ မရှိ။ မုသားစကား ကိုလဲ မဆိုရဲ၊ မဆိုလို၊ ဆိုလိုတဲ့စိတ်လဲမရှိ၊ သေအရက်ကိုလဲ မသောက်ရဲ၊ မသောက်လို၊ သောက်လိုတဲ့စိတ်လဲမရှိ။ ဤငါးပါးသီလကို ခါးဝတ်ပုဆိုး, ခါးဝတ် ထမီကဲ့သို့ သေအောင်မြဲပြီး အသက်နှင့်လဲပြီး ထိန်းသိမ်း စောင့်ရှောက်ထားနိုင်တယ်ဆိုတော့ သူ့အတွက်ရော ကိုယ့်အတွက်ရော ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး။ ဘယ်လောက်ကောင်းတဲ့ သောတာပန်လဲ ဆိုဘာ ဉာဏ်နှင့်သာ စဉ်းစားကြည့်ပေတော့။

## အပါယ်ငရဲ တကယ်ဆဲ့

ဤငါးပါးသီလကို လုံခြုံစွာ မထိန်းနိုင်ကြလို့ပဲ အပါယ်ငရဲသို့ စွတ်ကန် စွတ်ကန် ကျနေကြရတယ်မဟုတ်လား။ အမှန်မှာ သောတာပန်ဖြစ်မှုလဲပဲ ဤငါးပါးသီလကို လုံခြုံစွာ ထိန်းသိမ်းနိုင်ကြတာ။ ဤငါးပါးသီလ လုံခြုံမှု ကြောင့်ပဲ အပါယ်လားစရာမရှိတော့၍ အပါယ်တံခါး ပိတ်သွားရတာ မဟုတ်လား။ သောတာပန် မဖြစ်ချင်ကြဘူးလား။ ဖြစ်ချင်ရင် အဆိုပါ အင်္ဂါလေးပါးနှင့် ပြည့်စုံအောင် ကြိုးစားပါ။ အင်္ဂါလေးပါးလဲ ပြည့်စုံရော သောတာပန်လဲဖြစ်ရော။ အပါယ်လေးပါးတံခါးလဲ ပိတ်ရော၊ အလွန် နှစ်သက်စရာကောင်းတဲ့ တရားတွေပါတကား။

ထို့ပြင်—

ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသတိ မုတ္တ-
စာဂါ ပယတပါဏိ ဝေါဿဂ္ဂရတာ ယာစယောဂါ ဒါနသံဝိ-
ဘာဂရတာ။ ဣမေဟိ ခေါ ဂေါဓေ စတူဟိ ဓမ္မေဟိ သမန္နာ-

ဂေဟာ အရိယသာဝိကာ သောတာပန္နာ ဟောတိ အဝိနိပါတ-
ဓမ္မာ နိယတာ သမ္ဗောဓိပရာယဏာတိ။

(မဟာဝဂ္ဂသံယုတ်-ကာဠိဂေါဓသုတ်)

**အနက်ကား**—ဂေါဓေ၊ ဂေါဓမင်းသမီး။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ဝိဂတမလမစ္ဆေရေန၊ မပေးလို-မလှူလို၊ ပေးလှူယင် သံသရာရှည်ကြောင်းလိုလို ဝန်တို ကောက်ကျစ် စဉ်းလဲခြင်း မစ္ဆေရမှ ကင်းထသော။ စေတသာ၊ စိတ်ဖြင့်။ အဂါရံ၊ အိမ်ကို။ အဇ္ဈာဝသတိ၊ စိုးအုပ်၍နေ၏။ မုတ္တစာဂါ၊ တွန့်တိုခြင်းမရှိ၊ လွှတ်လွှတ် စွန့်ကြဲခြင်းရှိ၏။ ပယတပါဏိနီ၊ အလှူခံလာလျှင် အသင့်ပေးလှူရန် လက်ကို ဆေးကြောထား၏။ ဝေါဿဂ္ဂရတာ၊ စွန့်လွှတ်ပေးကမ်း လှူဒါန်းခြင်း၌ မွေ့လျော်ပျော်ပိုက်၏။ ယာစယောဂါ၊ တောင်းရမ်းသူတို့အား စိတ်နှလုံးအလိုပြည့်အောင် ပေးဆောင်တတ်သောကြောင့် တောင်းရမ်းခြင်းငှာ ထိုက်၏။ ဒါနသံဝိ-ဘာဂရတာ၊ အလိုရှိသူတို့အား လိုအပ်သောကိစ္စ ပြည့်စုံစေရန် ဝေဖန်ခွဲခြမ်း လှူဒါန်းခြင်း၌ မွေ့လျော်၏။ ဂေါဓေ၊ ဂေါဓမင်းသမီး။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ဓေါ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံသော။ အရိယသာဝိကာ၊ ငါဘုရား၏တပည့်သားသည်။ သောတာ-ပန္နာ၊ သောတာပန်သည်။ ဟောတိ၊ ဖြစ်လေတော့၏။ အဝိနိပါတဓမ္မာ၊ အပါယ်လေးပါးသို့ ကျခြင်းမရှိတော့ပြီ။ နိယတာ၊ နတ်ရွာသုဂတိမြဲပြီ။ သမ္ဗောဓိပရာယဏာ၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ၏။

**မှတ်ချက်**။ ။ယခုခေတ်ကာလ၌ ပေါ်ပေါက်သော သောတာပန်လက်သစ်များနှင့် တူ-မတူကို နှိုင်းယှဉ်၍ကြည့်ကြပေတော့။

**ဆောင်ပုဒ်လင်္ကာ**

သောတာပန်တို့၊ မချိုလင်္ကာ၊ မှတ်စရာကား၊ ဆိုပါ လေးပါး၊
တရားလက်ရှိ၊ ပြည့်စုံသည့်ပြင်၊ ရှေးယခင်လို၊ ဘုရားဂုဏ်ကို-
လွန်ကြည်ညို၊ တရားဂုဏ်ကို-လွန်ကြည်ညို၊ သံဃာ့ဂုဏ်ကို-

လွန်ကြည်ညို၊ ငါးပါး ပြမှု၊ ပေးလှူကြသည်၊ စာဂဂုဏ်ရည်၊
အမြဲတည်သည်၊ သောတာပန်၏သဘောတည်း။

## ၁။ သောတာပန်ပုဂ္ဂိုလ်၏ သဒ္ဓါတရားခိုင်မြဲပုံ (သုပ္ပဗုဒ္ဓဝတ္ထု)

သောတာပန်အစစ်ဖြစ်သူတို့၏ ရတနာသုံးပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်မှုသဒ္ဓါတရားကိုလောကီဥစ္စာရတနာတို့ဖြင့်ဘယ်လိုပင်ဖြားယောင်းဖျက်ဆီးအပ်သော်လည်း မပျက်စီးနိုင်၊ လက်နက်ဖြင့် ခြိမ်းခြောက်သော်လည်း မရ၊ ရာထူးဂုဏ်ကို ပြ၍ သွေးဆောင်သော်လည်း မရနိုင်တော့ပေ။

ထိုတွင် သက်တော်ထင်ရှား ဘုရားလက်ထက် ရာဇဂြိုဟ်ပြည်၌ သုပ္ပဗုဒ္ဓကုဋ္ဌိ ခေါ်သော ဆင်းလဲဆင်းရဲ နူနာရောဂါလဲ စွဲကပ်နေသောသူသည် အားကိုးရာ မရှိသည်ဖြစ်၍ ငယ်စဉ်ကပင် ခွက်ကိုင်လက်စွဲ၍ တောင်းစားရသူဖြစ်၏။ ထိုသူနာသည် တနေ့သောအခါ "မရည်ရွယ်ပဲနှင့် စော်ကဲမင်းဖြစ်၊ ကိုင်ကော်လို့ ခြုံပေါ်သို့ရောက်" ဆိုတာလို တောင်းစားယင်းနှင့် ဘုရားရှင်၏တရားပွဲကြီးကို အဆင်သင့် ကြုံကြိုက်သွားရလေသည်။ ထိုအခါ အစွန်အဖျားကနေ၍ တရားနာနေစဉ် သောတာပန် ဖြစ်သွားလေတော့၏။ ထိုအခါ ကိုယ်မှာစွဲကပ်နေတဲ့ နူနာတွေလဲ ပျောက်ကင်းသွားလေတော့၏။

ထိုအခါ မိမိရသော တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားအံ့ဟု ဘုရားရှင်ယံသို့လာခဲ့စဉ် လမ်းခရီးအကြား၌ သိကြားမင်းသည် သုပ္ပဗုဒ္ဓ၏ သဒ္ဓါတရားကို စုံစမ်းလို၍ ရှေ့ကောင်းကင်မှ ရပ်လျက် အို-သုပ္ပဗုဒ္ဓ သင်သည် အားကိုးရာမဲ့ စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ ယုတ်ညံ့တဲ့ သူဆင်းရဲဖြစ်တယ်။ သင့်အား အတိုင်းမသိသော ရွှေငွေဥစ္စာတို့ကို ပေးမယ်၊ ဘုရားကို-ဘုရားမဟုတ်၊ တရားကို-တရားမဟုတ်၊ သံဃာကို-သံဃာမဟုတ်၊ ငါ့အား ဘုရားဖြင့် အကျိုးမရှိ-ဘုရားကိုမလို။ တရားဖြင့် အကျိုးမရှိ-တရားကိုမလို။ သံဃာဖြင့် အကျိုးမရှိ-သံဃာကိုမလိုဟု ဆိုလော့ဟု စုံစမ်း

ကြည့်၏။ သို့ရာတွင် ထို-သုပ္ပဗုဒ္ဓသည် သိကြားမင်းကို စေ့စေ့ကြည့်၍ သင် ဘယ်သူလဲဟု မေးတဲ့အခါ ငါ-သိကြားမင်းဟု ပြော၏။

ထိုအခါ အလွန်မိုက်သောသိကြားမင်း– သင်သည် မပြောဆိုကောင်း တဲ့စကားကို ပြောဆိုဘိ၏။ငါကား သင်ထင်မြင်တဲ့အတိုင်း လူမွဲလူဆင်းရဲ မဟုတ်ပေ၊ အမှန်မှာ ဘုရားစသောသူတော်ကောင်းတို့သည် ချီးမွမ်းအပ် သော မသေရာမှန် ပြည်နိဗ္ဗာန်သို့ရောက်စေတတ်သော သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပဟုဆိုအပ်သော သူတော်ကောင်းဥစ္စာ ရတနာ ခုနစ်ပါးတို့ဖြင့် ချမ်းသာကြွယ်ဝသော ရတနာသူဌေးကြီး ဖြစ်၏ဟု သိကြားမင်းကို ရဲတင်းစွာ ပြောဆိုရှင်းပြလိုက်သည်။

**မှတ်ချက်။** ။သုပ္ပဗုဒ္ဓသည် သောတာပန် မဖြစ်မီက ဤသူတော် ကောင်းဥစ္စာ ခုနစ်ပါးတို့နှင့် မပြည့်စုံသော်လည်း သောတာပန်ဖြစ်သည် နှင့်တပြိုင်နက် ဓမ္မတာအားဖြင့် ပြည့်စုံပြီးသား ဖြစ်လေတော့သည်။ ဘုရားစသော သူတော်ကောင်းတို့အလိုဆန္ဒမှာ ဤသူတော်ကောင်းတရား ခုနစ်ပါးမရှိသူကို (ဒလိဒ္ဒ) သူဆင်းရဲ။ ဤသူတော်ကောင်းတရားခုနစ်ပါ ရှိသူကို (အဒလိဒ္ဒ) လူချမ်းသာဟု ခေါ်ဆိုရိုး ရှိလေသည်။ ဤအရာကို ရည်၍ ငါလူဆင်းရဲမဟုတ်၊ လူချမ်းသာဖြစ်သည်ဟု ရဲတင်းစွာ ပြောဆို လိုက်သည်(ဓမ္မပဒ-သုပ္ပဗုဒ္ဓဝတ္ထု)။

## ၂။ အသက်ဖြင့် ခြိမ်းခြောက်၍လည်း မရပုံ
## (ဓနဥ္စာနိဝတ္ထု)

သက်တော်ထင်ရှား ဘုရားလက်ထက် ရာဇဂြိုဟ်ပြည်၌ပင် ဘာရဒွါဇ ပုဏ္ဏား၏ မယားဖြစ်သော အရိယာသာဝိကာ သောတာပန်ဖြစ်သော ဓနဥ္စာနီခေါ်သော ပုဏ္ဏေးမကို တနေ့သောအခါ လင်တော်မောင်ပုဏ္ဏား ကြီးက ရှင်မ–နက်ဖြန်ခါ ငါတို့အိမ်၌ ပုဏ္ဏားငါးရာတို့အား ထမင်းကျွေး မွေးဖို့ရာ ပင့်ဖိတ်ထားပါကယ်၊ ထိုပုဏ္ဏားများထမင်းစားနေခိုက်မှာ ရှင်မ ဆိုနေကျဖြစ်တဲ့ နမောဗုဒ္ဓဿကို ဆို၍ သင်၏ဦးပြည်းရဟန်း ရှင်ကြီးဂေါ- တမကို ရှိမခိုးလိုက်ပါနှင့်၊ သင်ရှိခိုးနေသည်ကို ငါ၏ ဆရာပုဏ္ဏားများ

ကွေ့မြင်သွားလျှင် အယူမတူသောသူ၏ ထမင်းကို ငါဟိုမစားလိုဟု ဆိုပြီး ထသွားကြပါလိမ့်မည်ဟု ကြိုတင်၍သတိပေးထားသတဲ့။

ထိုအခါ မနဉ္စာနီပုဏ္ဏေးမက ပြန်၍ပြောဆိုသည်မှာ ပုဏ္ဏား–ငါ၏ အဘ ဘုရားကို သတိရယင်တော့ ရှိမခိုးပဲ (ဝါ) နမော ဗုဒ္ဓဿ မဆိုပဲ မနေနိုင်ဘူး၊ ရှင့်ပုဏ္ဏားများနှင့် ကဲ့လိုက်ကဲ့ပါစေ၊ ဘာပဲဖြစ်ဖြစ် ရှိခိုးရမှာပဲဟု ပြန်၍ ပြောလေသည်။ တဖန်ပုဏ္ဏားက အကြောင်းပြ၍ ပြောပြသော်လည်း မရ အောင်ဖြစ်နေတဲ့အခါ လင်ကောင်မောင် မိစ္ဆာဒိဋ္ဌိဂိုဏ်းဝင် ပုဏ္ဏားကြီးက ဒေါသစိတ်ဖြစ်ပြီး ဟယ်–မနဉ္စာနီပုဏ္ဏေးမ–ကြည့်စမ်း မနက်ဖြန်ခါ ပုဏ္ဏား တွေ ထမင်းစားနေတဲ့အခါ သင့်ရဲ့ဆရာရဟန်း ဂေါတမကို နမောဗုဒ္ဓဿ ဆို၍ရှိခိုးမယ်ဆိုယင်တော့ ဓားနှင့် ခြေဖျားမှဆံပင်ဖျားတိုင်အောင် အပိုင်း အပိုင်း ခုတ်သတ်မယ်သိရဲ့လားဟု တဖန်ခြိမ်းခြောက်ပြန်ရာ မနဉ္စာနီပုဏ္ဏေး မကတော့ မဖြုံပါဘူး။ အို–ပုဏ္ဏား ငါ၏ခြေလက်အင်္ဂါတို့ကို ဘယ်လိုပင် အပိုင်း အပိုင်းပြတ်အောင် ခုတ်သတ်စေကာမူ ငါသည် ဘုရားမြတ်စွာ၏ အဆုံးအမှသာသနာမှ ရှောင်ကြဉ်မည်မဟုတ်၊ ဘုရားကို ရှိမခိုးပဲ မနေနိုင် ပါဘူးဟု ပြန်၍ပြောဆိုလေသည်။

ဤဝတ္ထုကို ထောက်ထား၍ သောတာပန်အစစ် ဖြစ်ပြီးသောသူကို ဘယ်လိုပင် တုတ်ဓားဖြင့် ခြိမ်းခြောက်သော်လည်း မရရိုးကေန် မှန်၏။

(ပြာဟ္မဏသံယုတ်၊အရဟန္တဝဂ် မနဉ္စာနီသုတ်ပါဠိ)

## ၃။ လိမ်ညာလှည့်ပတ်၍ မရပုံ

## (သူရမ္ဗဝတ္ထု)

အခါတပါး ဘုရားမြတ်စွာသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ သူရမ္ဗခေါ်သော သူဌေးသားသည် ကနေ့သောအခါ မြတ်စွာဘုရားကိုပင့်ဖိတ်ပြီး ဆွမ်းကျွေး၍တရားနာရတဲ့ အခါ တရားတော်အဆုံးမှာ သောတာပန်တည်သွားလေသည်။ မြတ်စွာ ဘုရားပြန်ကြွသွားပြီးနောက် မာရ်နတ်က ဘုရားအသွင်ဖန်ဆင်း၍ သူရမ္ဗ ၏ အိမ်တံခါးဝ၌ ရပ်၍အကြောင်းကြား၏။ သူရမ္ဗသည် မြတ်စွာဘုရား

ကြွလာပြန်သည်ဟုကြား၍ ဘုရားဟူသော အမှတ်ဖြင့် လျင်မြန်စွာလာခဲ့၍ အကြောင်းကို မေးလျှောက်သောအခါ ဘုရားအသွင် ဖန်ဆင်းသော မာရ်နတ်က အို...သူရမ္ဗ–ငါဘုရားတရားဟောစဉ်က မစူးမစမ်း မဆင်ခြင်ပဲ ရုပ်နာမ်ခန္ဓာတို့သည် အနိစ္စ, ဒုက္ခ, အနတ္တဟု ဟောခဲ့ပါပေသည်။ ဤအတိုင်း မမှတ်မယူနှင့်၊ အချို့ကုန်သော ရုပ်နာမ်ခန္ဓာတို့သည်ကား မြဲကုန်၏ဟု မှတ်လေဟု ပြောဆိုလေ၏။

ထိုအခါ သူရမ္ဗသည် ဤစကားသည် အလွန်ဝန်လေးလှ၏တကား။ ဘုရားတို့မည်သည်မှာ နှစ်ခွန်းသောစကားမရှိဟု စူးစမ်းဆင်ခြင်၍ သင်သည် မာရ်နတ်မဟုတ်လေဟု မေးမြန်းတဲ့အခါ ဟုတ်၏ဟု ဝန်ခံလေသည်။ သင်ကဲ့သို့သော မာရ်နတ်တွေ အရာအထောင်ပင်လာ၍ ငါ၏ယုံကြည်မှုသဒ္ဓါတရားကို ဖျက်ဆီးသော်လည်း မပျက်စီးနိုင်ချေ။ မြတ်စွာဘုရားသည် သခ်ါရအားလုံးကို အနိစ္စ–ဒုက္ခ–အနတ္တချည်းပဲဟု ဟောထားပြီးသားပဲ။ ဟောတဲ့အတိုင်းလဲ မဖောက်မပြန် မှန်တယ်ဆိုတာ ငါကိုယ်တိုင်က ဉာဏ်ဖြင့် သိရပြီးသားပဲ။ သင်မာရ်နတ်သည် ငါ၏အိမ်တံခါးဝ၌ မနေလင့်ဟု လက်ဖျစ်တီးကာ နှင်ထုတ်လိုက်လေသည်။ မာရ်နတ်လည်း ထိုနေရာ၌ ကွယ်ပျောက်သွားလေတော့သည်။

ဤဝတ္ထုများကိုထောက်ထား၍ သောတာပန်အစစ် ဖြစ်ပြီးသောသူကို ဘယ်မာရ်နတ်, ဘယ်သိကြား, ဘယ်ဗြဟ္မာမှ လိမ်ညာလှည့်ဖျား၍ မရရိုးအမှန် ကေန်တည်း။ ဤကား အမြွက်မျှသာတည်း။ အကျယ်ကို သိလိုက အင်္ဂုတ္တိုရ်အဋ္ဌကထာ ကေနိပါတ် သူရမ္ဗဝတ္ထု၌ ကြည့်ရှုပါလေ။

### သောတာပန်ပုဂ္ဂိုလ်မှန်က သူတပါးအသက်ကို မသတ်

သစေပိ ဟိ ဘဝန္တရဂတံ အရိယသာဝကံ အတ္တနော အရိယဘာဝံ အဇာနန္တမ္ပိ ။ပ။ န စ သော တံ ဃာတေယျ။

( ဥပရိပဏ္ဏာသအဋ္ဌကထာ–၇၄ )

အဓိပ္ပါယ်ကား—ဘဝတပါးသို့ရောက်သော မိမိသည် လွန်ခဲ့သော ဘဝက အရိယာသောတာပန်အဖြစ်သို့ ရောက်ခဲ့သည်ကို မသိသော

အရိယာသောတာပန် ဖြစ်သောသူကို တစုံတယောက်သောသူက သင်သည် ဤပိုးရွခြပုံးကို သတ်၍ စကြဝတေးမင်းအဖြစ်ကို ယူပါဟု ဆိုစေကာမူ ထိုအရိယာသောတာပန်သည် ထိုပိုးရွခြပုံးကို မသတ်လေရာ။ ထိုသို့မဟုတ်၊ သင်သည် ဤပိုးရွခြပုံးကို မသတ်လျှင် သင်၏ဦးခေါင်းကို ဖြတ်အံ့ဟု ဆိုစေကာမူ မိမိ၏ဦးခေါင်းကိုသာ အဖြတ်ခံရာ၏။ ထိုသောတာပန်သည် ပိုးရွခြပုံးကို မသတ်ကေန် အမှန်ပေတည်း။ ဤနည်းအတူ သူတပါး အသက်ကိုသာ မသတ်သည်မဟုတ်။ သူတပါး၏ ဥစ္စာကို ခိုးယူခြင်း၊ သူတပါး၏ သားမယားကို ပြစ်မှားခြင်း၊ မုသားစကားကို ပြောဆိုခြင်း၊ သေအရက်ကို သောက်စားခြင်းတို့ကိုလည်း ဘယ်နည်းနှင့်မျှ မလွန်မကျူး တော့ပြီ။ ဤလိုဤပုံ ကျမ်းဂန်နှင့် ညီညွတ်သော သောတာပန်ပုဂ္ဂိုလ် စစ်မှန်လျှင် အရေးကြုံက အသက်နှင့် ခန္ဓာ လဲနိုင်လောက်အောင် ချစ်မြတ်နိုးလှသော ငါးပါးသီလကို (အရိယကန္တသီလ)ဟုဆိုရလေသည်။ ထို့ကြောင့် သောတာပန် စစ် မစစ်ကို သဒ္ဓါ သီလနှင့် စစ်တမ်း ထုတ်ရာသတည်း။

## ၄။ နိဗ္ဗာန်အစစ်နှင့် နိဗ္ဗာန်အတု

သစ္စာလေးပါးတွင် ပါဝင်သော နိရောဓသစ္စာထိုက်သော ငြိမ်းအေးသော သန္တိသဘောရှိသော နိဗ္ဗာန်သည် နိဗ္ဗာန်အစစ်မည်၏။ သစ္စာလေးပါးတွင် မပါဝင်သော နိရောဓသစ္စာ မထိုက်သော အငြိမ်းသဘော အအေးသဘောသည် (ဝါ) ပကတိ ငြိမ်းပြီးသား အေးပြီးသားဆိုတာ များသည် နိဗ္ဗာန်အတု မည်၏။

### တဏှာ, ခန္ဓာ ငြိမ်း- မငြိမ်း

မှတ်ချက်။ ။ ဤ၌ နိရောဓသစ္စာ ထိုက်- မထိုက်မှာ တဏှာပယ်သော မဂ်အကျင့်ကြောင့်တဏှာငြိမ်း၍ခန္ဓာငြိမ်းခြင်းသည်နိရောဓသစ္စာထိုက်၏။ တဏှာပယ်သော မဂ်အကျင့်ကို မကျင့်ခြင်းကြောင့် တဏှာမငြိမ်း၍ ခန္ဓာ မငြိမ်းခြင်းသည်ကား နိရောဓသစ္စာမထိုက်ဟု သိမှတ်ပါလေ။

## ၅။ မဂ်ဖိုလ်အစစ်နှင့်မဂ်ဖိုလ်အတု

ကျမ်းဂန်နည်းကျကျ ဆရာနည်းရရ အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ် ရင့်သန်လှ၍ အနုလောမဉာဏ် အခြေမှန်လျှင် (ဝါ) ပရိကံ–ဥပစာ–အနုလုံသို့သက်ရောက်လျှင် ဖြစ်ပျက်သင်္ခါရစုန့်လွှတ်၍ မဖြစ် မပျက်သော ဝိသင်္ခါရဓါတ်သော နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မတွေ့မဝေမျက်မှောက်မြင်သိသောမဂ်ဖိုလ်သည် မဂ်စစ်ဖိုလ်စစ်မည်၏။ ထိုသို့မဟုတ် ဝိပဿနာစိတ်ကြောင့်ဖြစ်သော ကိုယ်မှထွက်သော အလင်းရောင်စသည်ကို ဒါ မဂ်ပဲဖိုလ်ပဲဟု ထင်မှားခြင်းသည် မဂ်တုဖိုလ်တုမည်၏။

## ၆။ အတုပေါ်ပေါက် အစစ်ပျောက်

သက်တော်ထင်ရှား ဘုရားလက်ထက် ကဿပမည်သောရဟန်းက မြတ်စွာဘုရားအားလျှောက်ထား၍ မြတ်စွာဘုရားက ဖြေကြားတော်မူသည်မှာ အို– ကဿပ အကြင်မျှလောက် လောက၌ သူတော်ကောင်းတရား အတုအယောင်သည် မပေါ်လာသေး၊ ထိုမျှလောက် သူတော်ကောင်းတရားသည် မကွယ်မပျောက်သေး။

အို–ကဿပ အကြင်အခါ၌ သူတော်ကောင်းတရား အတုအယောင်သည် လောက၌ ဖြစ်ပေါ်လာ၏၊ ထိုအခါ၌ သူတော်ကောင်းနှင့် သူတော်ကောင်းတရားသည် ကွယ်ပျောက်လိမ့်မည်ဖြစ်၏ဟု မိန့်တော်မူခဲ့၏။ ဥပမာ ရွှေတုငွေတုပေါ်လာလျှင် ရွှေစစ်ငွေစစ်တွေ တစ,တစ ပျောက်ကွယ်သွားသကဲ့သို့ ထို့အတူ နိဗ္ဗာန်တု,မဂ်တု, ဖိုလ်တုတွေပေါ်လာလျှင် နိဗ္ဗာန်စစ် မဂ်စစ် ဖိုလ်စစ်တွေ တစ,တစ ကွယ်ပျောက်သွားလိမ့်မည်ဟု ဆိုလိုသည်။

နိဒါနသံယုတ် သဒ္ဓမ္မပဋိရူပကသုတ်၌ ဟောတော်မူသည်ကို ကြီးကြီးမားမား သတိထားကြပြီးလျှင် အရိုးကိုအရွက်ဖုံးသကဲ့သို့ မဖြစ်သင့်မဖြစ်ထိုက်သော အစစ်အမှန်ကို အတုအယောင်မဖုံးလွှမ်းရအောင် နှုတ်စောင့်မည်းကာ ပြောကြ ဟောကြဖို့ရာ လှန်စွာလိုအပ်လှကြောင်း အစစ်လိုလား အမျိုးသားတို့။

# ဝဋ်မှထွက်ခြင်း

## သတိလွတ်သူကို ငါမဟော

၁။ နာဟံ ဘိက္ခဝေ မုဋ္ဌဿတိဿ အသမ္ပဇာနဿ အာနာပါနဿတိံ ဝဒါမိ။

(ဥပရိပဏ္ဏာသပါဠိ၊ ၁၂၇ )

**အနက်ကား**– ဘိက္ခဝေ၊ ရဟန်းတို့။ မုဋ္ဌဿတိဿ၊ လွတ်သော သတိရှိသော။ အသမ္ပဇာနဿ၊ ပညာအဆင်အခြင်ကင်းမဲ့သောသူအား။ အာနာပါနဿတိံ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ အဟံ၊ ငါဘုရားသည်။ န ဝဒါမိ၊ ဟောတော်မမူဟု မိန့်တော်မူခဲ့သည်။

**အဓိပ္ပါယ်ကား**– ရဟန်းတို့.... ဤ အာနာပါန ကမ္မဋ္ဌာန်းသည်ကား လွယ်ကူလှသည်မဟုတ်၊ အလွန်နက်နဲ၏၊ ခက်ခဲ၏။ ခက်ခဲနက်နဲသော ကမ္မဋ္ဌာန်းဖြစ်သည်၊ ဘုရား ပစ္စေကဗုဒ္ဓါ ဘုရားသားတော် ယောကျ်ားမြတ်တို့သာ နှလုံးသွင်းရာဌာနဖြစ်၏။ သေးငယ်သောအလုပ်မဟုတ်ပေ။ သာမန်လူများ၊ ဆရာနည်းမရသောသူများ နည်းနာကျကျ သဘာဝမိမိအားထုတ်နိုင်ခဲ၏။ အကြင်သို့သော အခြင်းအရာဖြင့် နှလုံးသွင်း၏၊ ထိုသို့သော အခြင်းအရာဖြင့်သာလျှင် ငြိမ်သက်သည်လည်း ဖြစ်၏။ ထို့ကြောင့် ဤ–အာနာပါနဿတိကမ္မဋ္ဌာန်း၌ အားကြီးသော သတိကိုလည်းကောင်း၊ အားကြီးသော ဉာဏ်ပညာကိုလည်းကောင်း အလွန်အလိုရှိအပ်၏။

**ဥပမာဆိုသော်** သိမ်မွေ့နူးညံ့သော အဝတ်အထည်ကို ချုပ်လုပ်သောအခါ သိမ်မွေ့သေးငယ်သော အပ်ကိုလည်းကောင်း၊ ထို့ထက်သိမ်မွေ့သေးငယ်သော အပ်နဖားထွင်းသော စူးငယ်ကိုလည်းကောင်း အလိုရှိအပ်သကဲ့သို့ ထို့အတူ နူးညံ့သိမ်မွေ့သောအင်္ဂါနှင့်တူသော ဤ-အာနာပါနကမ္မဋ္ဌာန်းကို ပွားများသောကာလ၌လည်း အပ်နှင့်တူသော သတိကိုလည်းကောင်း၊ အပ်နဖားထွင်းသောစူးနှင့်တူသော သတိနှင့်ယှဉ်သော

အားကြီးသော ဉာဏ်စိတ်ကိုလည်းကောင်း လွန်စွာ အလိုရှိအပ်၏ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆို၏။

## အာနာပါနအကျိုးကား များပြားလှ

ထိုသို့ပင် အာနာပါနကမ္မဋ္ဌာန်းသည် ခက်ခဲနက်နဲသိမ်မွေ့နူးညံ့လှ၍ သာမန်လူစား မဟောကြားသော်လည်း အကျိုးများပြားလှ၏။

၂။ အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေတိ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။
(ဥပရိပဏ္ဏာသပါဠိ၊ ၁၂၄)

အဓိပ္ပါယ်ကား—ရဟန်းတို့....ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများသည်ရှိသော် အကြိမ်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် (ကာ–ဝေ–စိတ်–ဓမ်) ဟူသော သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စုံစေနိုင်ကုန်၏။ သတိပဋ္ဌာန်လေးပါးတို့ကိုပွားများအပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စုံစေနိုင်ကုန်၏။ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွားများအပ်ကုန်သည်ရှိသော် မဂ်ဖိုလ်ခေါ်သော ဝိဇ္ဇာဝိမုတ္တိကို ပြည့်စုံစေနိုင်ကုန်၏ဟု ဟောတော်မူသောကြောင့် လွန်စွာ လွန်စွာ အကျိုးများအကျိုးကြီးလှပေ၏။

## ဗောဇ္ဈင်ခုနစ်ပါးပြည့်စုံပုံ

ဘုရားမြတ်စွာ စိန္တေယျသည် အာနာပါနကို ပွားက သတိပဋ္ဌာန်လေးပါးကို ပြည့်စုံစေပုံ၊ သတိပဋ္ဌာန်လေးပါးကို ပွားက ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စုံစေပုံ၊ ဗောဇ္ဈင်ခုနစ်ပါး ပြည့်စုံက ဝိဇ္ဇာဝိမုတ္တိခေါ်သော မဂ်ဖိုလ်နှင့် ပြည့်စုံစေပုံကို ဟောတော်မူခဲ့ရာ အာနာပါနကို ပွားက သတိပဋ္ဌာန် လေးပါး ပြည့်စုံပုံမှာ သိသာထင်ရှားကယ်ထားဦးတော့ သတိပဋ္ဌာန် လေးပါးကို ပွားများသည်ရှိသော် ဗောဇ္ဈင် ခုနစ်ပါး

ပြည့်စုံပုံ၊ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသည်ရှိသော် ဝိဇ္ဇာဝိမုတ္တိနှင့် ပြည့်စုံပုံကား ဘယ်လို ပြည့်စုံပါသလဲဆိုတဲ့ အမေး၌–

၁။ ထွက်သက် ဝင်သက်အပေါင်း၌ ထွက်သက် ဝင်သက်ဟု သတိပြုသော သတိနှင့်ယှဉ်သော စိတ်သည် သတိသမ္ဗောဇ္ဈင်မည်၏။

၂။ ထိုသတိနှင့်ယှဉ်သော ထွက်သက် ဝင်သက်ကို သိမ်းဆည်းသော ပညာသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။

၃။ ထို သတိပညာနှင့် ယှဉ်သော မတွန့်မဆုတ် အားထုတ်အပ်သော ကာယိကဝိရိယ စေတသိကဝိရိယ နှစ်ပါးစုံသည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။

၄။ အားထုတ်အပ်သော ဝီရိယရှိသော် သူအား (ကာမာမိသ) ကင်းသော ထွက်သက် ဝင်သက်အာရုံတို့၌ နှစ်သိမ့်အားရနေခြင်းသည် ပီတိသမ္ဗောဇ္ဈင်မည်၏။

၅။ နှစ်သိမ့် အားရနေသော စိတ်ရှိသောသူအား ကိုယ်၏ ငြိမ်းချမ်းခြင်း, စိတ်၏ ငြိမ်းချမ်းခြင်း ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်၏။

၆။ ငြိမ်းသော ကိုယ်ရှိသော ချမ်းသာသော သဘောရှိသော သူ၏ စိတ်သည် ထွက်သက် ဝင်သက်အာရုံ၌ ကောင်းစွာ တည်ငြိမ်ခြင်းသည် သမာဓိသမ္ဗောဇ္ဈင်မည်၏။

၇။ ထို ယောဂီပုဂ္ဂိုလ်သည် ထို·ထွက်သက်ဝင်သက်အာရုံ၌ မုန်းချစ်မပြု လျစ်လျူရှု၍ နေခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏။

**မှတ်ချက်။** ။ဤ ထွက်သက် ဝင်သက်ကို သိမ်းဆည်းတတ်သော သတိသည် လောကီစိတ်၌ ယှဉ်၏။ လောကီဖြစ်သော ထွက်သက် ဝင်သက်တို့သည် လောကီဖြစ်သော သတိပဋ္ဌာန် လေးပါးတို့ကို ဖြစ်စေကုန်၏။ ဤ လောကီဖြစ်သော သတိပဋ္ဌာန် လေးပါးတို့သည် လောကုတ္တရာဖြစ်သော သမ္ဗောဇ္ဈင်တို့ကို ဖြစ်စေတတ်ကုန်၏။

**လောကုတ္တရာသမ္မောဇ္ဈင်တို့သည်** မဂ်ဖိုလ်အကျိုးဖြစ်သော ကိလေသနိဗ္ဗာန် အမတမဟာနိဗ္ဗာန်ကို ဖြစ်စေကုန်၏။ ဤသို့လျှင် အာနာပါနဿတိကမ္မဋ္ဌာန်းသည် သတိပဋ္ဌာန်လေးပါးကို၊ သတိပဋ္ဌာန် လေးပါးသည် ဗောဇ္ဈင်တို့ကို၊ ဗောဇ္ဈင်သည် မဂ်လေးပါး ဖိုလ်လေးပါးခေါ်သော ဝိဇ္ဇာဝိမုတ္တိကို ဖြစ်စေကုန်၏ဟု သိအပ်ကုန်၏။

ထို့ပြင်—

> အယမ္ပိ ခေါ ဘိက္ခဝေ အာနာပါနဿတိသမာဓိ ဘာဝိတော ဗဟုလီကတော သန္တော စေဝ ပဏီတော စ အာသေစနကော စ သုခေါ စ ဝိဟာရော ဥပ္ပန္နုပ္ပန္နေ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတိ။
>
> (တတိယပါရာဇိကပါဠိ-၈၈)

**အဓိပ္ပါယ်ကား**-ရဟန်းတို့ အာနာပါနဿတိသမာဓိကိုပွားများအပ်သည်ရှိသော် အကြိမ်များစွာ အလေ့အလာကိုပြုအပ်သည်ရှိသော် ငြိမ်လည်းငြိမ်သက်၏။ မွန်လည်း မွန်မြတ်၏။ တစုံတရာအကြောင်းတပါး လောင်းစွက်စရာလည်း မရှိ။ ချမ်းသာစွာလည်းနေရ၏။ ဖြစ်ကုန် ဖြစ်ကုန်သော ယုတ်မာကုန်သောအကုသိုလ်တရားတို့ကို တခဏချင်းအားဖြင့် ကွယ်ပျောက်စေနိုင်ကုန်၏။ ငြိမ်းစေနိုင်ကုန်၏ဟု ဟောတော်မူခြင်းဖြစ်သည်။

## အာနာပါနဿတိအကျိုးငါးပါး

> ဣဓ ဘိက္ခု အာနာပါနဿတိံ အနုယုတ္တော ကာယသနေ နိသိန္နော၀ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ၊ တထာ အသက္ကောန္တော မရဏကာလေ သမသီသီ ဟောတိ၊ တထာ အသက္ကောန္တော ဒေဝလောကေ နိဗ္ဗတ္တိတွာ ဓမ္မကထိကဒေဝပုတ္တဿ ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏာတိ၊ တတော ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိံ သစ္ဆိကရောတိ၊ တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံ သမ္မုခီဘာဝေ ဗာဟိယတ္ထေရာဒယော ဝိယ ခိပ္ပါဘိညော ဟောတိ။
>
> (မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ-၉၆)

**အဓိပ္ပါယ်ကား**—ဤ·သာသနာတော်၌ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်သော ရဟန်းသည် တနေရာတည်း၌ ထိုင်နေ၍ သာလျှင် အလုံးစုံသောအာသဝေါတရားတို့ကို ကုန်စေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။ထိုသို့မစွမ်းနိုင်သည်ရှိသော် သေလွန်သောအခါ၌ အသက်လည်း ကုန်၊ ကိလေသာလည်းကုန်၊ တပြိုင်နက်ဖြစ်သော သမသီသီရဟန္တာဖြစ်၏။ ထိုသို့မစွမ်းနိုင်သည်ရှိသော် နတ်ပြည်၌ဖြစ်၍ ဓမ္မကထိကနတ်သား၏တရားကို ကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုမှချတ်ချော်ခဲ့သည်ရှိသော် ဘုရားမပွင့်သောကာလ ပစ္စေကဗုဒ္ဓါအဖြစ်နှင့် နိဗ္ဗာန်ဝင်ရ၏။ ထိုမှချတ် ချော်သည်ရှိသော် နောင်ပွင့်လတ္တံ့ သောဘုရားရှင်တို့၏မျက်မှောက်ဘဝ၌ ဗာဟိယမထေရ် စသည်ကဲ့သို့ လျင်သော အသိဉာဏ်ဖြင့် (ဝါ) သုခပဋိပဒါ ခိပ္ပ ဘိညာဖြင့် လွယ်ကူစွာ အရဟတ္တဖိုလ်သို့ ရောက်၏။ (သမသီသီပုဂ္ဂိုလ် အကြောင်းကို ပုဂ္ဂလဘေဒပိုင်းက ပြဆိုခဲ့ပြီးပြီ။)

## အကျဉ်းဆောင်ပုဒ်များ

၁။ အာနာပါန၊ အားထုတ်က၊ တထိုင်တည်းနှင့် မဂ်ဖိုလ်ရ။
၂။ အာနာပါန၊ အားထုတ်က၊ သေခါနီးကျ မဂ်ဖိုလ်ရ။
၃။ အာနာပါန၊ အားထုတ်ကြ၊ နတ်ပြည်ရောက်က မဂ်ဖိုလ်ရ။
၄။ အာနာပါန၊ အားထုတ်က၊ သာသနာပ မဂ်ဖိုလ်ရ။
၅။ အာနာပါန၊ အားထုတ်က၊ နောက်ဘုရားကျ မဂ်ဖိုလ်ရ။
၆။ အာနာပါန၊ ကျိုးငါးဝ၊ အားထုတ်သူတို့ မဂ်ဖိုလ်ရ။
၇။ ရာဟုလောဝါဒ၊ သုတ်ဖွင့်ပြ၊ မှတ်ပါလေကြ ပဏ္ဍိတာ။

ဤသို့လျှင် အာနာပါနဿတိကမ္မဋ္ဌာန်းသည် ကျမ်းဂန်နည်းကျကျ, ဆရာနည်းရရ အားထုတ်သည်ရှိသော် နိဗ္ဗာန်ဆုံးထိကောင်းကျိုးရှိသည်ဟု ဘုရားမြတ်စွာ စိန္တေယျာတို့ ဟောတော်မူခဲ့ပါသောကြောင့် ဤ အာနာပါနဿတိကမ္မဋ္ဌာန်းကို ရှေးဆရာတော်ကြီးများ လုပ်ထုံးလုပ်နည်း ခြေရာလက်ရာ မပျောက်မပျက်ရအောင် သမထအခန်းတွင် ရေးတင်၍ ပြပါဦးမည်။

ဤ အာနာပါနဿတိသမာဓိသည် ပါဠိတော်နည်း အဋ္ဌကထာနည်းဟု နှစ်မျိုးရှိရာ အဋ္ဌကထာနည်းမှာ စိတ်ထွက်များသော ယောဂီပုဂ္ဂိုလ်တို့အား ဦးစားပေး၍ ဖော်ပြထားသော နည်းဖြစ်လေသည်။

## ကမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့ ဝင်ပုံ

ယောဂီပုဂ္ဂိုလ်သည် ထုံးစံအတိုင်း ကမ္မဋ္ဌာန်းယူပြီးလျှင် ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ ပလ္လင်ကိုခွေပြီ၊ ထက်ဝယ်ဖွဲ့ခွေထိုင်၊ ခါးအထက်ကိုယ်ကို ဖြောင့်စွာထား၊ ထွက်သက်-ဝင်သက် အာရုံ၌ မိမိစိတ်ကို စူးစူးစိုက်စိုက် ထား၍ အားထုတ်လေ။

**မှတ်ချက်။** ။ထွက်သက်ကို အာနာ၊ ဝင်သက်ကို ပါန ဆိုသည်ဟု သိထားပါလေ။

၁။ ထွက်သည်–၁၊ ဝင်သည်–၁။ ထွက်သည်–၂၊ ဝင်သည်–၂။
ထွက်သည်–၃၊ ဝင်သည်–၃။ ထွက်သည်–၄၊ ဝင်သည်–၄။
ထွက်သည်–၅၊ ဝင်သည်–၅။

ဤကား (ပဉ္စကဝါရ) တည်း။

၂။ ထွက်သည်–၁၊ ဝင်သည်–၁။ ထွက်သည်–၂၊ ဝင်သည်–၂။
ထွက်သည်–၃၊ ဝင်သည်–၃။ ထွက်သည်–၄၊ ဝင်သည်–၄။
ထွက်သည်–၅၊ ဝင်သည်–၅။ ထွက်သည်–၆၊ ဝင်သည်–၆။

ဤကား (ဆက္ကဝါရ)တည်း။

၃။ ထွက်သည်–၁၊ ဝင်သည်–၁။ ထွက်သည်–၂၊ ဝင်သည်–၂။
ထွက်သည်–၃၊ ဝင်သည်–၃။ ထွက်သည်–၄၊ ဝင်သည်–၄။
ထွက်သည်–၅၊ ဝင်သည်–၅။ ထွက်သည်–၆၊ ဝင်သည်–၆။
ထွက်သည်–၇၊ ဝင်သည်–၇။

ဤကား (သတ္တကဝါရ)တည်း။

၄။ ထွက်သည်–၁၊ ဝင်သည်–၁။ ထွက်သည်–၂၊ ဝင်သည်–၂။
ထွက်သည်–၃၊ ဝင်သည်–၃။ ထွက်သည်–၄၊ ဝင်သည်–၄။
ထွက်သည်–၅၊ ဝင်သည်–၅။ ထွက်သည်–၆၊ ဝင်သည်–၆။
ထွက်သည်–၇၊ ဝင်သည်–၇။ ထွက်သည်–၈၊ ဝင်သည်–၈။

ဤကား (အဋ္ဌကဝါရ)တည်း။

၅။ ထွက်သည်–၁၊ ဝင်သည်–၁။ ထွက်သည်–၂၊ ဝင်သည်–၂။
ထွက်သည်–၃၊ ဝင်သည်–၃။ ထွက်သည်–၄၊ ဝင်သည်–၄။
ထွက်သည်–၅၊ ဝင်သည်–၅။ ထွက်သည်–၆၊ ဝင်သည်–၆။
ထွက်သည်–၇၊ ဝင်သည်–၇။ ထွက်သည်–၈၊ ဝင်သည်–၈။
ထွက်သည်–၉၊ ဝင်သည်–၉။

ဤကား (နဝကဝါရ)တည်း။

၆။ ထွက်သည်–၁၊ ဝင်သည်–၁။ ထွက်သည်–၂၊ ဝင်သည်–၂။
ထွက်သည်–၃၊ ဝင်သည်–၃။ ထွက်သည်–၄၊ ဝင်သည်–၄။
ထွက်သည်–၅၊ ဝင်သည်–၅။ ထွက်သည်–၆၊ ဝင်သည်–၆။
ထွက်သည်–၇၊ ဝင်သည်–၇။ ထွက်သည်–၈၊ ဝင်သည်–၈။
ထွက်သည်–၉၊ ဝင်သည်–၉။ ထွက်သည်–၁၀၊ ဝင်သည်–၁၀။

ဤကား (ဒသကဝါရ) တည်း။

မှတ်ချက်။ ။၁-အစ၊ ၅-အဆုံး။ (ပဉ္စကဝါရ) ၁-ဝါရဟုမှတ်။

၁-အစ၊ ၆-အဆုံး။ (ဆက္ကဝါရ) ၂-ဝါရဟုမှတ်။

၁-အစ၊ ၇-အဆုံး။ (သတ္တကဝါရ) ၃-ဝါရဟုမှတ်။

၁-အစ၊ ၈-အဆုံး။ (အဋ္ဌကဝါရ) ၄-ဝါရဟုမှတ်။

၁-အစ၊ ၉-အဆုံး။ (နဝကဝါရ) ၅-ဝါရဟုမှတ်။

၁-အစ၊ ၁၀-အဆုံး။ (ဒသကဝါရ) ၆-ဝါရဟုမှတ်။

ဤကား ဝါရငယ် (၆)ဝါရတို့ပေတည်း။ ၅-ခုအောက်လည်း မနည်းစေရ။ ၁၀-ခုထက်လည်း မများစေရ။ အကြား အကြားတွင်လည်း မကျိုးမပျက်စေရ။ သတိကြီးစွာထား၍ ရေတွက်ရမည်။ စိတ်မထွက်သာအောင်, သမာဓိရလွယ်အောင် စိစစ်၍ပြသော အဋ္ဌကထာနည်းတည်း။ ၎င်း (၆)ဝါရတို့တွင် ကြိုက်ရာ ဝါရတခုခုကို ယူ၍ ရေတွက်ရသည်။ တခုစီ-တခုစီ တိုး၍ ရေတွက်ရမည်ဟု အထင်မှား၍ ယူမှားတတ်သည်။ ဤလို မဟုတ်ပါ။ ဝါရဆိုသည်မှာ ပါဠိစကား ဖြစ်ပါသည်။ မြန်မာလို ပြန်တော့ ရေတွက်သောအကြိမ်ဟု ဆိုပါသည်။

## ဝါရကြီး ၄၅-ဝါရ

ဝါရကြီးဆိုသည်မှာ ဝါရငယ် ၆-ဝါရတို့၌ ပြဆိုခဲ့ပြီးသောအတိုင်း အစနှင့် အဆုံးကိုပေါင်း၍ ၅ နှင့် ၆-ပေါင်းသော် ၁၁-ဖြစ်၏။ ၁၁ နှင့် ၇-ပေါင်းသော် ၁၈-ဖြစ်၏။ ၁၈-နှင့် ၈-ပေါင်းသော် ၂၆-ဖြစ်၏။ ၂၆ နှင့် ၉-ပေါင်းသော် ၃၅-ဖြစ်၏။ ၃၅ နှင့် ၁၀-ပေါင်းသော် ၄၅-ဖြစ်၏။ ဤကား ဝါရကြီး ၄၅-ဝါရပေတည်း။

၎င်းဝါရကြီး ၄၅-ခုကိုတည်၊ ၈-ခုနှင့်မြှောက်သော် ထွက်သက်ပေါင်း (၃၆၀)၊ ဝင်သက်ပေါင်း (၃၆၀) ဖြစ်၏။ မြန်မာနာရီနှင့် ၁-နာရီလျှင် ထွက်သက်-ဝင်သက်ပေါင်း (၇၂၀) ဖြစ်၏။ စက်နာရီ (စံတော်ချိန်နာရီ) နှင့်ဆိုလျှင် (၁၈၀၀) ဖြစ်၏။ တနေ့လျှင် ထွက်သက်-ဝင်သက်ပေါင်း (၄၃၂၀၀) ဖြစ်၏။ တနေ့နှင့် တညဆိုလျှင် ထွက်သက်-ဝင်သက်ပေါင်း (၈၆၄၀၀) ဖြစ်၏ဟူလို။

## အာနာပါနသမထ ရှေ့ပိုင်း

ဤအာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိစိတ်ကို ထွက်သက်-ဝင်သက် အာရုံ၌ စူးစိုက်ထားပြီးလျှင် ဤကား ထွက်သက်၊ ဤကား ဝင်သက် စသည်ဖြင့် အကြိမ်အရာအထောင် မက ရှုမှတ်နေရမည်။ ဤသို့ ရှုမှတ်နေ၍ မိမိစိတ်သည် ထွက်သက်-ဝင်သက်

အာရုံ၌ ကေဂ္ဂတာကျကျ၊ သမာဓိရရ ရှိလတ်သော် (စိတ္တဿ ဒမထော သာဓု)နှင့်အညီ တောင်မြောက်လေးပါး သွားလာတတ်သောစိတ်ကို မသွားမလာရအောင် ထိန်းသိမ်းနိုင်ရုံ သမာဓိ သမထ ရှေ့ပိုင်းမျှသာ ရှိသေးသည်ဟု မှတ်လေ။

## အာနာပါနဝိပဿနာ နောက်ပိုင်း

ယောဂီပုဂ္ဂိုလ်သည် ဤ ထွက်သက်ဝင်သက်ကား ရုပ်တရား၊ ဤ ထွက်သက်ဝင်သက်ကို သိမ်းဆည်း၍နေသော သတိနှင့်ယှဉ်သော စိတ်သည်ကား နာမ်တရား၊ ဤ ရုပ်-နာမ် နှစ်ပါးတို့သည် အဝိဇ္ဇာစသော အကြောင်းကြောင့် ဖြစ်ကုန်၏ဟု ရုပ်နာမ်အကြောင်းကို သိမ်းဆည်းပြီး လျှင် ဤထွက်သက်ဝင်သက်ရုပ်သည် မမြဲ,ဆင်းရဲ,အစိုးမရ၊ အနိစ္စ,ဒုက္ခ, အနတ္တသာမည်၏။ ထွက်သက်ဝင်သက်ကို သိမ်းဆည်းသော သတိနှင့် ယှဉ်သော စိတ်နာမ်သည်လည်း မမြဲ,ဆင်းရဲ,အစိုးမရ၊ အနိစ္စ ဒုက္ခ,အနတ္တ သာမည်၏ဟု လက္ခဏာရေးသုံးပါးသို့တင်၍ အကြိမ်အရာမက အထောင် မက ဝိပဿနာရှုနေပါလျှင် ပဒပရမ. အဘဗ္ဗပုဂ္ဂိုလ်မဟုတ်လျှင် လက်ရှိ ဘဝ၌ မဂ်ဖိုလ် နိဗ္ဗာန်ကို မုချရမြဲမှတ်ပါလေ။ ဤကား (စိတ္တံ ဒန္တံ သုခါဝဟံ)နှင့်အညီ မိမိစိတ်ကို နိုင်အောင်ထိန်းသိမ်းနိုင်၍ မဂ်ဖိုလ်နိဗ္ဗာန် ရွက်ဆောင်ဟန်တည်း။

## စတုသစ္စကမ္မဋ္ဌာန်း

၁။ ထွက်သက်ဝင်သက်ကို ထွက်သည် ဝင်သည်ဟု သိမ်းဆည်းသော သတိသည် ဒုက္ခသစ္စာမည်၏။

၂။ ထိုသတိကိုဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သော တဏှာသည် သမုဒယသစ္စာမည်၏။

၃။ ထိုဒုက္ခ-သမုဒယနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိတတ်သော သမုဒယသစ္စာကို ပယ်တတ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုတတ်သော မဂ်စိတ်လေးခု၌ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့လျှင် သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့် (ဝါ) စတုသစ္စကမ္မဋ္ဌာန်းအဖြစ်ဖြင့် လုံ့လကြိုးကုတ် ဝိပဿနာအလုပ်ကို အားထုတ်သည်ရှိသော် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်လေတော့သည်။

ထို့ကြောင့် ဤထွက်သက်ဝင်သက်တရားအပေါင်းသည် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းသော တပါးသော ရဟန်း၏ မွေးသေဝဋ်မှ ထွက်မြောက်ကြောင်း အစစ်အမှန်တည်းဟု သိအပ်၏။

## ခေတ်ကြီးလေးပါး တပါးပါးဖြင့် နိဗ္ဗာန်ရောက်ပုံ

သာဝကာ ဟိ စတုန္နံ ခေတ္တူနံ ကေဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ၊ ဗုဒ္ဓါနံ ပန အဏုပ္ပမာဏမ္ပိ သင်္ခါရဂတံ ဉာဏေန အဒိဋ္ဌမတုလိတမတီရိတမသစ္ဆိကတံ နတ္ထိ။

(မူလပဏ္ဏာသအဋ္ဌကထာ -၅၄)

**အဓိပ္ပါယ်ကား**—မှန်၏။ ဘုရားတပည့်သား သာဝကတို့သည် ခေတ်ကြီးလေးပါးတို့တွင် (ဝါ) ပထဝီ—အာပေါ—တေဇော—ဝါယောဟုဆိုအပ်သော ခေတ်ကြီးလေးပါးတို့တွင် ကြိုက်နှစ်သက်ရာ တပါးပါးကို တစိတ်တဒေသမျှသာဖြစ်သော ခေတ်ကိုသုံးသပ်၍ (ဝါ) လက္ခဏာရေးသုံးပါးသို့ တင်၍ (ဝါ) ဝိပဿနာရှု၍ နိဗ္ဗာန်ရောက်နိုင်၏ဟူ၍ ဖွင့်ဆိုထားသောကြောင့် နွားတကောင်ကောင်းရှိနှင့် ချောင်းတက်ပါ့မလားဟူ၍ တွေးမနေနှင့် မေးမနေနှင့် အချိန်ကုန်၍ တရားမရမီသေသွားမယ်၊ ယုံယုံကြည်ကြည်သာ အားထုတ်ပါ၊ ဤအာနာပါနကမ္မဋ္ဌာန်းသည် ခေတ်ကြီးလေးပါးတို့တွင် ဝါယောရုပ် ကမ္မဋ္ဌာန်းပါပဲ။ ဒါ တခုတည်းကို စွဲမြဲယင်လဲ မဂ် ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။ အကျယ်ပွားဖို့ရာမှာ ဉာဏ်ကြီးရှင်ဖြစ်တော်မူကြသော အဂ္ဂသာဝက၊ မဟာသာဝက၊ မြတ်စွာဘုရားတို့၏ အရာသာ ဖြစ်သည်ဟု ဆိုလိုပေသည်။

## ဝိပဿနာအညစ်အကြေး (၈) ပါး သတိထား

ဤလို ထွက်သက်- ဝင်သက်အာရုံနှင့် ထွက်သည်ဝင်သည်ဟု စသည်ဖြင့် ရေတွက်နေသော အာရမ္မဏိက တစိတ်တအာရုံတည်း ဖြစ်မြောက်သွားအောင် အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် ပရိဂ္ဂဟနှစ်ပါးနှင့်၊ ဝါ၊ သိမ်းဆည်းခြင်းနှစ်ပါးနှင့် မပြည့်စုံလျှင်—

၁။ အာနမန–ရှေ့သို့ညွတ်ခြင်း၊
၂။ ဝိနမန–နံပါးသို့ညွတ်ခြင်း၊
၃။ သံနမန–ထက်ဝန်းကျင်ညွတ်ခြင်း၊
၄။ ပနမန–နောက်သို့ညွတ်ခြင်း၊
၅။ ဣဉ္ဇန–စဉ်းငယ်ရှေ့ရှုလှုပ်ခြင်း၊
၆။ ဖန္ဒန–စဉ်းငယ်နံပါးသို့လှုပ်ခြင်း၊
၇။ စလန–စဉ်းငယ်ထက်ဝန်းကျင်လှုပ်ခြင်း၊
၈။ ကမ္ပန–စဉ်းငယ်နောက်သို့လှုပ်ခြင်း–

အားဖြင့် ပဘာဝန–ဘာဝနာအညစ်အကြေး ရှစ်ပါးတို့တွင် တပါးပါးနှင့် တွေ့နေရသေးလျှင် ပဘာဝနလေးပါးတို့နှင့် မပြည့်စုံသေးသည် ဖြစ်၍ ဘာဝနာပြီးဆုံးခြင်းသို့ မရောက်သေးပေ။ မယိမ်းမယိုင် ကျောက်စာတိုင်အလား တည်တံ့ငြိမ်သက်သွားအောင် အားထုတ်သော ယောဂီပုဂ္ဂိုလ်မှာကား ပဘာဝန– တရားလေးပါးနှင့် ပြည့်စုံသောကြောင့် ဘာဝနာပြီးကုံးခြင်းသို့ရောက်ပြီဟု သိမှတ်ပါလေ (ပဋိသမ္ဘိဒါမဂ်–အဋ္ဌကထာ)။

## ပဘာဝန (ပွားများခြင်း) တရားလေးပါး

ပဘာဝန– တရားလေးပါးဆိုသည်မှာ ပွားများခြင်းတရားလေးပါးဟု ဆိုလိုသည်။

ဧဝံ သန္တေ ဝါတူပလဒ္ဓိယာ စ ပဘာဝနာ ဟောတိ ။ပ။ ပဘာဝနာ ဟောတိ။

(ပဋိသမ္ဘိဒါမဂ်–ပါဠိတော်)

၁။ **ဝါတူပလဒ္ဓပဘာဝနာ**— ဝင်လေထွက်လေကို အာရုံပြုကာ ရှုမှတ်သော စိတ်ဖြစ်ခြင်းတပါး။

၂။ **အဿာသပဿာသပဘာဝနာ**— ဝင်လေထွက်လေတို့၏ ဖြစ်နေခြင်းကို အာရုံပြုကာ ရှုမှတ်သောစိတ် ဖြစ်ခြင်းတပါး။

၃။ **အာနာပါနဿတိပဘာဝနာ**—ထွက်လေဝင်လေလျှင် အာရုံရှိသော သတိဖြစ်ခြင်းကို အာရုံပြုကာ ရှုမှတ်သော စိတ်ဖြစ်ခြင်းတပါး။

၄။ **အာနာပါနဿတိသမာဓိပဘာဝနာ**— ထွက်လေဝင်လေနှင့် ယှဉ်သော သမာဓိဖြစ်နေခြင်းကို အာရုံပြုကာ ရှုမှတ်သော စိတ်ဖြစ်ခြင်းတပါး။

ဤ ပဘာဝန တရားလေးပါးသို့ ဆိုက်ရောက်အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ရှုန့်ရင်းကြမ်းတမ်းသော ထွက်လေဝင်လေတို့သည် တစထက်စစ ငြိမ်သက်-နူးညံ့၊ ငြိမ်သက်-နူးညံ့၊ သိမ်မွေ့-သိမ်မွေ့၍ သွားသည်ဖြစ်၍ ဥပစာရအပ္ပနာသို့ပင် သက်ဝင်နိုင်သော ဘာဝနာ၏ပြည့်စုံခြင်းသို့ ရောက်တော့သည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

ထို့ကြောင့်ပင်—

> အာနာပါနဿတိ ယဿ၊ ပရိပုဏ္ဏာ အဘာဝိတာ။
> ကာယောပိ ဣဉ္ဇိတော ဟောတိ၊ စိတ္တမ္ပိ ဟောတိ ဣဉ္ဇိတံ။
> ကာယောပိ ဖန္ဒိတော ဟောတိ၊ စိတ္တမ္ပိ ဟောတိ ဖန္ဒိတံ။
> (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

**အဓိပ္ပာယ်ကား**— အကြင်ယောဂီပုဂ္ဂိုလ်၏ အာနာပါနဿတိသည် အပြည့်အစုံ မပွားအပ်သည်ဖြစ်ငြားအံ့။ ထိုယောဂီပုဂ္ဂိုလ်၏ ကိုယ်သည် တုန်လှုပ်သည်ဖြစ်၏။ စိတ်သည်လည်း တုန်လှုပ်သည်ဖြစ်၏—ဟု ဟောတော်မူသည်ကို သတိပြုမိကြကာ ထိုအဖြစ်မျိုး အဖြစ်ဆိုး၊ကြည့်မကောင်း မြင်မကောင်း မဖြစ်ရအောင် အဆိုပါ ပဘာဝနတရား လေးပါးတို့နှင့် ပြည့်စုံအောင် ပွားများအားထုတ်ရမည်ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ပရိဂ္ဂဟာနှစ်ပါး ကြီးကြီးမားမား သတိထား

အဆိုပါ ပရိဂ္ဂဟာတရားသည် (ကာယပရိဂ္ဂဟာ-စိတ္တပရိဂ္ဂဟာ)ဟု နှစ်မျိုး ရှိရာ ကာယပရိဂ္ဂဟာဆိုသည်မှာ ကိုယ်ကိုသိမ်းဆည်းခြင်းကို ဆို၍ စိတ္တ ပရိဂ္ဂဟာဆိုသည်မှာ စိတ်ကိုသိမ်းဆည်းခြင်းကို ဆိုသည်။

၁။ ထိုတွင် ကိုယ်ကို သိမ်းဆည်းခြင်း ဆိုသည်မှာ အခြားမဟုတ်၊ (နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယာတိ ဣမိနာ ကာယပရိဂ္ဂဟော)ဆိုတဲ့ အဋ္ဌကထာပါဠ်နှင့်အညီ ခါးအထက်ဖြစ်သော ကိုယ်ကို ဖြောင့်မတ်စွာထား၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေခြင်းကို ဆိုသည်။

၂။ စိတ္တပရိဂ္ဂဟာ၊ စိတ်ကို သိမ်းဆည်းခြင်းဆိုသည်မှာ အခြားမဟုတ်၊ (ပရိမုခံ သတိံ ဥပဋ္ဌပေတွာတိ ဣမိနာ စိတ္တပရိဂ္ဂဟော)ဆိုသောကြောင့် တရားအားထုတ်တဲ့အခါ ဘာကိုမျှအာရုံမပြုပဲ မိမိအားထုတ်ရမဲ့ကမ္မဋ္ဌာန်း တခုတည်းကိုသာ စူးစိုက်၍ (ဝါ) အာရုံပြု၍ ရှုမှတ်နေခြင်းကို စိတ္တပရိဂ္ဂဟာ စိတ်ကိုသိမ်းဆည်းခြင်းဆိုသည်။

အဆိုပါ ပရိဂ္ဂဟာနှစ်ပါးနှင့် မပြည့်စုံလျှင် ကိုယ်၏တုန်လှုပ်ခြင်း, စိတ်၏ တုန်လှုပ်ခြင်းစသော ဝိပဿနာ၏ အညစ်အကြေးများ ဖြစ်ပေါ်လာ တတ်သည်။ ထို့ကြောင့် တရားထိုင်တိုင်း-ထိုင်တိုင်း ပြည့်စုံစေရမည်။ အကယ်၍ အဆိုပါ ပရိဂ္ဂဟာနှစ်ပါး အစောင့်အရှောက်မထားပဲ အားထုတ် မိ၍ အဆိုပါ တုန်လှုပ်ခြင်း, ယိမ်းယိုင်ခြင်း-စသော ဘာဝနာအညစ် အကြေးများ ဖြစ်ပေါ်လာပါက အဆိုပါ ပရိဂ္ဂဟာနှစ်ပါးကို ကောင်းစွာ ပြန်၍ ထားရမည်ဟု သိမှတ်ပါလေ။

ထို့ကြောင့်ပင်—

> ယဒါ ပနဿ ကာယောပိ စိတ္တမ္ပိ ပရိဂ္ဂဟိတာ ဟောန္တိ၊
> တဒါ တေ သန္တာ ဟောန္တိ ဝူပသန္တာ။ တေသု ဝူပသန္တေသု
> အဿာသပဿာသာ သုခုမာ ဟုတွာ ပဝတ္တန္တိ။
>
> (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ပ-၂၆၆)

**အဓိပ္ပာယ်ကား**—အကြင်အခါ၌ ယောဂီပုဂ္ဂိုလ်အား အဆိုပါ ပရိဂ္ဂဟနှစ်ပါးတို့ကို သိမ်းဆည်းအပ်ကုန်၏။ ထိုအခါ ကိုယ်-စိတ်တို့သည် (ဝါ) ကိုယ်ရောစိတ်ပါ ငြိမ်သက်လာကုန်၏။ အထူးသဖြင့် ငြိမ်သက်လာကုန်၏။ ထိုအခါ အဆိုပါ ထွက်လေ ဝင်လေတို့သည် သိမ်မွေ့နူးညံ့၍ လာကုန်၏ဟု ဆိုလိုသည်။

**မှတ်ချက်**။ ဤကား အာနာပါနယောဂီပုဂ္ဂိုလ်သည် မလိုလားအပ်သော အဖြစ်မျိုး-အဖြစ်ဆိုးတွေနှင့် ရင်မဆိုင်ရမှု၍ လိုအပ်သော အဖြစ်မျိုးတို့နှင့်သာ တွေ့ဆုံစေရန် ကျမ်းဂန်အရ လမ်းမှန်ကျအောင် ညွှန်ပြခြင်းပေတည်း။

ဤကား (စိတ္တာ ဿ မဒထော သာခု)နှင့်အညီ တရားအားမထုတ်ခင်က (ဝါ)စိတ်ကိုမထိန်းမသိမ်းခင်က တောင်-မြောက်အရပ်လေးပါး သွားလာဟော့ရမ်း လွန့်ကြွေ့ကြမ်းတဲ့ စိတ်ရူး စိတ်နှမ်း၊ စိတ်ရိုင်း စိတ်ကြမ်းကို တခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌ ကေဂ္ဂတာကျကျ-သမာဓိရရ ရှိအောင် ဆုံးမနိုင်ရုံမျှ သမာဓိသမထ ရှေ့ပိုင်းမျှသာ ရှိသေးသည်၊ ဖြစ်သေးသည် ဟူလို။

(စိတ္တံ ဒန္တံ သုခါဝဟံ)နှင့်အညီ အာရုံတပါးစိတ်ထွက်မသွားတဲ့ခါ(ဝါ) အာရုံအာရမ္မဏိကဖြစ်နေတဲ့ခါ (ဝါ) တစိတ်-အာရုံတည်းဖြစ်နေတဲ့ခါ သမာဓိသမထ ရှေ့ပိုင်းကိုရပ်ဆိုင်းကာ တုံးစံအတိုင်း ရုပ်နာမ်ပိုင်းခြား ရုပ်နာမ်အကြောင်းကို သိမ်းဆည်းပြီး ရုပ်နာမ်တို့၏ မမြဲသော အနိစ္စအချက်၊ ဆင်းရဲ နှိပ်စက်သော ဒုက္ခအချက်၊ အစိုးမရသော အနတ္တအချက် တို့ကို မမိ မိအောင်ဖမ်းပြီး သမ္မသန-စသော ဝိပဿနာဉာဏ်စဉ်ဖြင့် ပွားများအားထုတ်သည်ရှိသော် ရှေးဦးစွာ အပါယ်လွတ်တရား၊ သောတာပတ္တိမဂ်ဖိုလ်၊ နောက်ကာလ မွေးသေလွတ်သော အရဟတ္တဖိုလ်ကို လက်ရှိဘဝ လက်ကိုင်ရအောင် ကြိုးစားကြပါရန် အကျိုးမြော်၍ နှိုးဆော်လိုက်ပါသည် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။

# ပကိဏ္ဏကခန်း

---

ဖော်ပြလတ္တံ့သော ပကိဏ္ဏက မှတ်ချက်များကို သဘောကျအောင်၊ သဘောပေါက်အောင် ကြိမ်ဖန်များစွာ လေ့လာပေးပါလေ။

## အခ္ဓိဋ္ဌာန်ပြုခြင်း-မပြုခြင်း

သောတာပန် စသော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ ရရှိပြီးသော မဂ်နောင်-ဖိုလ်ဝင်စားလိုက်တဲ့အခါ တစုံတရာ အဓိဋ္ဌာန်ခြင်း မပြုလုပ်ပဲ ဝင်စားပါလျှင် သမာဓိအားရှိသလောက် ဝင်စားနိုင်၍ သမာဓိအားကုန်သွားတဲ့အခါ ဖိုလ်မှ ထရလေတော့သည်။

## တိတိကျကျ ဝင်စားနိုင်ခြင်း

ထိုသို့မဟုတ်ပဲ မဂ်သို့တက်စဉ်က ပြဆိုခဲ့တဲ့အတိုင်း အချိန်ကာလကို ပိုင်းခြားဓိဋ္ဌာန်၍ ဝင်စားပါမူကား အလေ့အထအားကြီး၍ ဝသီဘော် နိုင်လျှင် နိုင်သလို အဓိဋ္ဌာန်ထားသော အချိန်ကာလ ကျမှ ဖိုလ်မှ ထနိုင်ခြင်းဟာ တိတိကျကျ ဖြစ်နိုင်ကြသည်။

## ဝသီဘော်ငါးပါး

ဤ၌ ဝသီဘော်ဆိုသည်မှာ (ဝသီဘာဝ) အလေ့ အကျင့် အလေ့ အလာဟု ဆိုလိုခြင်းဖြစ်သည်။

ထို ဝသီဘော်သည်—

၁။ အာဝဇ္ဇနဝသီဘော်၊

၂။ သမာပဇ္ဇနဝသီဘော်၊

၃။ အဓိဋ္ဌာနဝသီဘော်၊

၄။ ဝုဋ္ဌာနဝသီဘော်၊

၅။ ပစ္စဝေက္ခဏာဝသီဘော်–

ဟု ငါးမျိုးရှိ၏။

ဈာနလာဘီ ပုဂ္ဂိုလ်သည် မိမိရရှိထားသော ပထမဈာန်စသည်တို့ကို ခိုင်မြဲစိတ်ချရအောင် ခဏ ခဏ ဝင်စားလေ့လာရသကဲ့သို့ပေတည်း။

## ပို၍ဖြစ်စေ လို၍ဖြစ်စေ

တိတိကျကျဆိုသော်လည်း ဝသီဘော်နိုင်မှသာ တိတိကျကျဖြစ်နိုင်ပေမည်။ ဝသီဘော် ကြံ၍-ကြာ၍ မနိုင်မနင်းဖြစ်နေပါလျှင် တိတိကျကျ ဖြစ်ခဲမည်ထင်သည်။ အဓိဋ္ဌာန်ထားသော အချိန်ထက် စော၍ ဖြစ်စေ၊ နောက်ကျ၍ ဖြစ်စေ။ ဝါ၊ ပို၍ဖြစ်စေ၊ လို၍ဖြစ်စေ ဖြစ်တတ်လေသည်။ တိတိကျကျ မဖြစ်သောကြောင့်ကား မဂ်မဟုတ်ဟု မယူဆရာ။ ရရှိထားပြီးသော မဂ်သည် ပျောက်ကွယ်၍မသွားပါ။ အချို့ယောဂီတို့မှာ မဂ်ကိုရ၍ ဖိုလ်ကိုဝင်စား၍ ရလွယ်သော်လည်း ဝိပဿနာအလုပ်ကိုပစ်ထားတာ ကြာလျှင် သမာဓိကျနေသောကြောင့် ဖိုလ်ဝင်စား၍ မရလွယ်ပဲ ဖြစ်နေတတ်လေသည်။ ထိုအခါ သမာဓိ အားကောင်းလာအောင် ခဏ ခဏ မပြတ် မပြတ် ဝိပဿနာကို ဝင်စားပါလေ။

## ပုထုဇဉ်တို့ မဝင်စားနိုင်

ထိုဖလသမာပတ်ကို ပုထုဇဉ်များမှာ မိမိတို့၏ အရာမဟုတ်သည့်၏ အဖြစ်ကြောင့် မဝင်စားနိုင်ပါ။ ပုထုဇဉ်များမှာ မိမိတို့၏အရာဖြစ်သော သမာဓိနှင့်ဝိပဿနာကိုသာ ဝင်စားနိုင်ကြပါသည်။

## သမာဓိဝင်စားပုံ

ပုထုဇ္ဇနဿာပိ အတ္တနာ ပဋိလဒ္ဓလောကိယသမာဓိသမာပဇ္ဇနတော။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒု-၃၄၁)

**အနက်ကား**–ပုထုဇ္ဇနဿာပိ၊ပုထုဇဉ်အားလည်း။ အတ္တနာ၊ **မိမိသည်။** **မဇ္ဈိလဒ္ဓလောကိယသမာဓိ၊** ရအပ်သော လောကိယသမာဓိကို။ သမာ-**ပဇ္ဇနတော၊ ဝင်စားသောကြောင့်တည်း။** (ဝါ) **အလိုရှိတဲ့အခါ ဝင်စား၍** **နေနိုင်သောကြောင့်တည်း။**

**မှတ်ချက်။** ။ပုထုဇဉ်ဘဝမှာ သမာဓိမျှ ဝင်စားနိုင်လျှင် **သင့်တော်** **လှပြီ။** ဤလို ပုထုဇဉ်မျိုးကိုပဲ ရှာကြည့်စမ်းပါဦး။ ရှာမှရှား-လှာမှပါး **အရှားကြီး**ပဲ မဟုတ်**ပါ**လား။ ပုထုဇဉ်ဘဝမှာ ဤလို သမာဓိဝင်စား၍ **နေနိုင်**အောင် ခဲကြပါလေ၊ မဲကြပါလေ၊ ယောဂီ**အ**ပေါင်း သူတော် **ကောင်း**တို့။

## ဝိပဿနာဝင်စားပုံ

မဂ္ဂေ သစေ နတ္ထိ၊ သမာပတ္တိယာ အသတိ ဝိပဿနာပိ ဝဋ္ဋတိ။
(အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ **တိကနိပါတ်**)

**အနက်ကား**–မဂ္ဂေ၊ မဂ်**သည်**။ (ဝါ) မဂ်ကိုရရှိထားခြင်း**သည်**။ သစေ နတ္ထိ၊ အကယ်၍ မရှိသည်ဖြစ်ငြားအံ့။ သမာပတ္တိယာ၊ ဈာန်သမာပတ်-ဖလသမာပတ်သည်။ အသတိယာ၊ မရှိသည်ရှိသော်။ ဝိပဿနာပိ၊ ဝိပဿနာကို ဝင်စား၍ နေခြင်းသည်လည်း။ ဝဋ္ဋတိ၊ ငါးမရှိ-ဖားစွံ၊ သစ်မရခင်-ဝါးပေါင်းကွတ် ဆိုသကဲ့သို့ သင့်တင့်လျောက်ပတ်လှ၏။

## ရဟန်းကိစ္စသုံးပါး

အဓိသီလာဓိစိတ္တာ အဓိပညာ သိက္ခာနိ။ ဘိက္ခုကိစ္စတ္တယံ
ဧဝံ ကရောန္တော သုဘိက္ခုကော။

**အဓိပ္ပာယ်ကား**–သီလပြည့်ရင့်အောင် ဖြည့်ကျင့်ခြင်း၊ သမာဓိပြည့်ရင့်အောင် ဖြည့်ကျင့်ခြင်း၊ ပညာပြည့်ရင့်အောင် ဖြည့်ကျင့်ခြင်း ဤသုံးပါးဟာ ရဟန်းကိစ္စ၊ ရဟန်းအလုပ်တဲ့။ ဤသုံးပါးသော ရဟန်းကိစ္စကို ပြည့်ရင့်အောင် ပြုလုပ်သော ရဟန်းသည်ကား ကောင်းသောရဟန်းဖြစ်**သ**တဲ့။ ဤရဟန်းကိစ္စသုံးပါးကို **သ**တိပြုပါလေ။

## ဗုဒ္ဓမိန့်ခွန်းများ

၁။ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။
(၄၄)ကြိမ်ဟောသည်။

(နိဒါနဝဂ္ဂသံယုတ်ပါဠိ-၁၅၀)

**အနက်ကား**–ဘိက္ခဝေ၊ ရဟန်းတို့။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ ဉာဏာယ၊ သိစေခြင်းငှါ။ သတ္ထာ၊ ယထာဘူတဉာဏ်ကို ရအောင် ဟောပြောတတ်သော ဆရာကို။ ပရိယေသိတဗ္ဗော၊ မတွေ့မနေ သေသေကြေကြေ ရအောင်ရှာဖွေအပ်၏၊ ရှာဖွေရမည်၊ ရှာဖွေကြလေဟု ဟောတော်မူ၏။

၂။ ဥဇုကော နာမ သော မဂ္ဂေါ၊ အဘယာ နာမ သာဒိသာ။
ရထော အကူဇနော နာမ၊ ဓမ္မစက္ကေဟိ သံယုတော။
ဟိရီ တဿ အပါလမ္ဗော၊ သတျဿ ပရိဝါရဏံ။
ဓမ္မာဟံ သာရထိံ ဗြူမိ၊ သမ္မာဒိဋ္ဌိပုရေဇဝံ။
ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိ-၃၀)

**အဓိပ္ပာယ်ကား**—ထိုမဂ္ဂင်ရှစ်ပါး အရိယမဂ်တရားတည်းဟူသော လမ်းသည် အကောက်မသန်း အဖြောင့်တန်းဆုံးဖြစ်သော လမ်းမည်၏။ ထိုနိဗ္ဗာန်အရပ်သည် ဘေးမရှိရာအရပ် မည်၏။ ကာယိက-စေတသိက ဟူသော စက်နှင့်ယှဉ်သော အရိယာမဂ်သည် အသံမမည်သော ရထား မည်၏။ ရှက်ခြင်းဟိရီ၊ ကြောက်ခြင်း ဩတ္တပ္ပသည် အရိယာမဂ်ဟူသော ရထား၏ အမိုးတံကဲမည်၏။ အောက်မေ့ခြင်းသတိသည် အရိယာမဂ်ဟူသော ရထား၏ အကာအရံမည်၏။ ကောင်းသောအမြင် သမ္မာဒိဋ္ဌိလျှင် ရှေ့သွားရှိသော တရားကို ရထားမှူးဟူ၍ ဆို၏။ အကြင်မိန်းမ၊ အကြင်ယောကျ်ားအား ထိုသို့သဘောရှိသော ယာဉ်သည် ရှိ၏။ ထိုသူသည် စင်စစ် ထိုယာဉ်ဖြင့် နိဗ္ဗာန်ကို ရောက်နိုင်၏-ဟု ဟောတော်မူ၏။

၃။ ကေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေ ဇနာ သဂ္ဂဂါမိနောတိ။

အာရာမရောပါ ဝနရောပါ၊ ယေ ဇနာ သေတုကာရကာ။
ပပဉ္စ ဥဒပါနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ။

တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေ ဇနာ သဂ္ဂဂါမိနောတိ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိ-၃၀)

**အဓိပ္ပာယ်ကား**– အဘယ်သူတို့အား နေ့၌လည်းကောင်း, ညဉ့်၌လည်းကောင်း အခါခပ်သိမ်း ကောင်းမှုသည် တိုးပွားပါသနည်း။ အဘယ်သူတို့သည် တရား၌ တည်ကုန်ရာသနည်း။ အဘယ်သူတို့သည် သီလနှင့်ပြည့်စုံကုန်သနည်း။ အဘယ်သူတို့သည် နတ်ပြည်သို့ သွားကုန်သနည်းဟု လျှောက်၏။

အကြင်သူတို့သည် သစ်သီးဥယျာဉ် ပန်းဥယျာဉ် စိုက်ပျိုးကြကုန်၏။ တောသစ်ပင်ကို စိုက်ပျိုးကြကုန်၏။ တံတားခင်းကြကုန်၏။ အကြင်သူတို့သည် ရေအိုးစင်ကိုလည်းကောင်း၊ ရေတွင်းကိုလည်းကောင်း၊ နေရာကျောင်းကိုလည်းကောင်း လှူဒါန်းကြကုန်၏။ ထိုသူတို့အား နေ့၌လည်းကောင်း, ညဉ့်၌လည်းကောင်း အခါခပ်သိမ်း ကောင်းမှုသည် တိုးပွား၏။ ထိုသူတို့သည် တရား၌တည်ကုန်၏။ ထိုသူတို့သည် အလေ့အထ စာရိတ္တသီလနှင့် ပြည့်စုံကုန်၏။ ထိုသူတို့သည် နတ်ပြည်သို့ သွားရကုန်၏ဟု ဟောတော်မူ၏။

၄။ သဒ္ဓါယ ဝိယ သြမဒ္ဒော၊ ဒုယှမာနော၀ မတ္တကော။
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၁၂)

**အဓိပ္ပာယ်ကား**—လှံဖြင့် အထိုးခံရသော သူကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသော သူကဲ့သို့လည်းကောင်း ရဟန်းသည်

ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး၌ ငါ့ကိုယ်အတ္တဟု အမြင်မှားမှု သက္ကာယဒိဋ္ဌိကို ပယ်သတ်ရန် သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ၏ဟု ဟောတော်မူ၏။

၅။ အက္ခေယျသညိနော သတ္တာ၊ အက္ခေယျသ္မိံ ပတိဋ္ဌိတာ။
အက္ခေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော။

၆။ အက္ခေယျဉ္စ ပရိညာယ၊ အက္ခာတာရံ န မညတိ။
တံ ဟိ တဿ န ဟောတီတိ၊ ယေန နံ ဝဇ္ဇာ န တဿ အတ္ထိ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၁၁)

**အဓိပ္ပာယ်ကား**—ခန္ဓာ ငါးပါးတို့၌ (ပုဂ္ဂိုလ် သတ္တဝါ စသည်) အမှတ်ရှိကုန်သည်ဖြစ်၍ ခန္ဓာ ငါးပါး၌ တည်ကုန်သော သတ္တဝါတို့သည် ခန္ဓာငါးပါးကို ပိုင်းခြား၍ မသိသောကြောင့် သေမင်း၏ အလိုနိုင်ငံသို့ လိုက်ရကုန်၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါးကို ပိုင်းခြား၍သိသောကြောင့် ပုဂ္ဂိုလ်သတ္တဝါ-ဟု ပြောကြားဖွယ်ကို မမှတ်ထင်။ အကြင် ရာဂစသော အကြောင်းဖြင့် ထိုသူကိုဆိုငြားအံ့။ ထိုရဟန္တာပုဂ္ဂိုလ်အား ထိုအကြောင်းသည် မရှိ။ မှန်၏၊ ထို-ရာဂစသော အကြောင်းသည် ထို-ရဟန္တာပုဂ္ဂိုလ်အား မဖြစ်-ဟု ဟောတော်မူ၏။

၇။ သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရဏန္တံ ဟိ ဇီဝိတံ။
ယထာကမ္မံ ဂမိဿန္တိ၊ ပုညပါပဖလူပဂါ။
နိရယံ ပါပကမ္မန္တာ၊ ပုညကမ္မာ စ သုဂ္ဂတိံ။

၈။ တသ္မာ ကရေယျ ကလျာဏံ၊ နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၉၈)

**အဓိပ္ပာယ်ကား**—သတ္တဝါအားလုံးတို့သည် သေကုန်လတ္တံ့။ ထိုစကားသည် မှန်၏၊ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။ သတ္တဝါ

အားလုံးတို့သည် ကောင်းကျိုးမကောင်းကျိုးကို ရကုန်၍ မိမိတို့ ကံအားလျော်စွာ လားရကုန်လတ္တံ့။ မကောင်းမှုကို ပြုကုန်သော သူတို့သည် ငရဲသို့ လားရကုန်လတ္တံ့။ ကောင်းမှုကိုပြုကုန်သောသူတို့သည် နတ်ပြည်သို့ လားရကုန်လတ္တံ့။

ထို့ကြောင့် တမလွန်အကျိုးကို ဆည်းပူးသောသူသည် ကုသိုလ်ကောင်းမှုကို ပြုရာ၏၊ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာဖြစ်ကုန်၏ဟု ဟောတော်မူ၏။

၉။ ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာနုပရိယာယေယျုံ၊ နိပ္ပေါထေန္တော စတုဒ္ဒိသာ။

၁၀။ ဧဝံ ဇရာ စ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနေ။
ခတ္တိယေ ဗြာဟ္မဏေ ဝေဿ၊သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။
န ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါဘိမဒ္ဒတိ။

၁၁။ န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။
န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ။

၁၂။ တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ဗုဒ္ဓေ ဓမ္မေ စ သံဃေ စ၊ ဓီရော သဒ္ဓံ နိဝေသယေ။

၁၃။ ယော ဓမ္မံ စရိ ကာယေန၊ ဝါစာယ ဥဒ စေတသာ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၁၀၂)

အဓိပ္ပါယ်ကား – ကောသလမင်းကြီး....ကျယ်ပြန့်ကုန်သော ကျောက်တောင်တို့သည် ကောင်းကင်ကိုထိ၍ ထက်ဝန်းကျင်အရပ်လေးမျက်နှာမှ သတ္တဝါတို့ကို ကြိတ်ခြေကုန်လျက် အစဉ်လိမ့်၍လာကုန်သကဲ့သို့ ထို့အတူ အိုခြင်းတရားသည်လည်းကောင်း၊ နာခြင်းတရားသည် လည်းကောင်း၊ သေခြင်းတရားသည် လည်းကောင်း သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်ကုန်၏။ မင်း တို့ ကို လည်းကောင်း၊ ပုဏ္ဏား တို့ကို လည်းကောင်း၊

ကုန်သည်တို့ကိုလည်းကောင်း၊ သူဆင်းရဲတို့ကို လည်းကောင်း၊ ဒွန်းစဏ္ဍား ပန်းမှိုက်သွန်တို့ကို လည်းကောင်း လွှမ်းမိုးနှိပ်စက်ကုန်၏။ တစုံတယောက် ကိုမျှ မရှောင်။ အလုံးစုံသောသူတို့ကိုပင်လျှင် လွှမ်းမိုးချေမှုန်း၏။

ထိုအရာ၌ ဆင်တို့၏အရာမဟုတ်။ ရထားတို့၏အရာမဟုတ်။ ခြေသည်တို့၏ (ခြေလျင် စစ်သားတို့၏) အရာမဟုတ်။ အတိုင်ပင်ဖြစ်သော စစ်ထိုးခြင်း (စစ်တိုက်ခြင်း)ဖြင့်လည်းကောင်း၊ ရွှေငွေဥစ္စာပေးခြင်းဖြင့်လည်းကောင်း အောင်ခြင်းငှါ မတတ်ကောင်း။ ထို့ကြောင့်ပင် မိမိအကျိုးကို ကောင်းစွာ မြင်သော ပညာရှိသော မြဲမြံတည်ကြည်သော ပုဂ္ဂိုလ်သည် ဘုရား၌လည်း ကောင်း၊ တရား၌လည်းကောင်း၊ သံဃာ၌လည်းကောင်း ယုံကြည်ခြင်းကို တည်စေရာ၏။

အကြင်သူသည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ ထို့မှတပါး-စိတ်ဖြင့်လည်းကောင်း တရားကို ကျင့်၏။ ထိုသူကို ဤဘဝ၌ ပင်လျှင် ချီးမွမ်းကုန်၏။ တမလွန်ဘဝ၌ နတ်ပြည်၌ မွေ့လျော်ရ၏ဟု ဟောတော်မူ၏။

## မာရ်နတ်မေးပုံ

၁၄။ ကေနဿ ပကတော လောကော၊ ကိုဿ လောကော န ဗုဇ္ဈတိ။ ကိုဝ် သတ္တော သမုပ္ပန္နော၊ ကုဝံ သတ္တော န ရုဇ္ဈတိ။

## ဝဇိရာဘိက္ခုနီမ ဖြေကြားပုံ

၁၅။ ကိံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသင်္ခါရပုဉ္စောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

၁၆။ ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

၁၇။ ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၁၃၆)

အဓိပ္ပါယ်ကား–အဘယ်သူသည် ဤသတ္တဝါကိုဖြစ်စေသနည်း။သတ္တဝါကို ပြုလုပ်သူကား အဘယ်သူနည်း။ အဘယ့်ကြောင့် ဤသတ္တဝါသည် ဖြစ်ပေါ်လာသနည်း။ အဘယ့်ကြောင့် သတ္တဝါချုပ်သနည်းဟု ဆို၏။

မာရ်နတ်–သင်သည် အဘယ်ကို သတ္တဝါဟူ၍ ယုံကြည်ဘိသနည်း။ သင့်အား မကောင်းသောအမြင်သည် အစဉ်လိုက်၏။ ဤသတ္တဝါဟူသည် သင်္ခါရအစု သက်သက်သာတည်း။ ဤသင်္ခါရအစု၌ သဘောအားဖြင့် သတ္တဝါဟူသည်ကို မရအပ်။ အစိတ်အပိုင်း အဆောက်အဦရှိသောကြောင့် ရထားဟူ၍ ခေါ်ဝေါ်ပြောဆိုသောအသံသည် ဖြစ်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါးတို့ ထင်ရှားရှိကုန်သည်ရှိသော် သတ္တဝါဟူ၍ သမုတ်ခြင်း ဖြစ်၏။ ထိုစကားသည် မှန်၏၊ ခန္ဓာငါးပါးဟူသော ဆင်းရဲသည်သာလျှင် ဖြစ်၏။ ဆင်းရဲသည် တည်လည်း တည်၏။ ပျက်လည်း ပျက်၏။ ခန္ဓာငါးပါးဟူသော ဆင်းရဲကိုဖယ်ထား၍ ခန္ဓာငါးပါးဟူသော ဆင်းရဲမှတပါး အခြားသောတရားသည် မဖြစ်ပါတကား။ ဆင်းရဲကိုဖယ်ထား၍ ခန္ဓာငါးပါးဟူသော ဆင်းရဲမှတပါး အခြားသောတရားသည် မချုပ်ပါတကားဟု ပြန်ပြော၏။

၁၈။ အာရမ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

၁၉။ ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၁၅၈)

အဓိပ္ပာယ်ကား–မြတ်စွာဘုရား သာသနာတော်၌ သမထဝိပဿနာ အလုပ်ကို အားထုတ်ကြကုန်လော့။ ဝဋ်မှထွက်မြောက်ကြောင်း လုံ့လကို ပြုကြကုန်လော့။ သမထ-ဝိပဿနာနှင့် ယှဉ်သော လုံ့လကို ကြိုးစားကြကုန်လော့။ ဥပမာမည်သည်ကား–ဆင်ပြောင်ကြီးသည် ကျူထရံယှင်းယိုအိမ်ဆွေးအိုကို ဖျက်ဆီးသကဲ့သို့ သေမင်း၏စစ်သည်ကို ခြေဖျက်ကြကုန်လော့။

အကြင်သူသည် ဤမြမ္မဝိနယသာသနာတော်၌ တရားအလုပ် အားထုတ်မှု၌ မမေ့မလျော့ မပေါ့သည်ဖြစ်၍ နေလတ္တံ့။ ထိုသူသည် ပဋိသန္ဓေနေခြင်းဟုဆိုအပ်သော သံသရာကို တဒင်္ဂပဟာန်စသည်ဖြင့် ပယ်စွန့်၍ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့ဟု ပြောကြားကြပါကုန်လော့။

## သဟမ္ပတိဗြဟ္မာ ရွတ်ဆိုသော ဂါထာ

၂၀။ သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

## သိကြားမင်း ရွတ်ဆိုသော ဂါထာ

၂၁။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၁၆၀)

**အဓိပ္ပာယ်ကား**—အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူတတ်သော အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဤသို့သော ဆရာသခင် အတုမဲ့ ဘုရားရှင်သော်မှလည်း အကြင်လောက၌ ပရိနိဗ္ဗာန်ပြုတော်မူရချေသေး၏။ ထိုလောကထဲ၌ အားလုံးရှိသမျှ သတ္တဝါတို့သည် ရုပ်နာမ်အစုဟူသော ခန္ဓာကိုယ် အတ္တဘောကို စွန့်ပစ်ကြရကုန်မည် ချည်းသာတည်းဟု ရွတ်ဆို၏။

ပြုပြင်အပ်ကုန်သော သင်္ခါရ၊ ဖြစ်ပျက်မနား ရုပ်နာမ် သင်္ခါရတရားတို့သည် ဖြစ်ခြင်း-ပျက်ခြင်း သဘောရှိကုန်သည်ဖြစ်၍ မမြဲလေကုန်စွတကား၊ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်လေကုန်စွတကား။ ထိုသင်္ခါရတရားတို့၏ တဖန်ကသစ်မဖြစ်တော့ပဲ အငြိမ်းအေးနေသော နိဗ္ဗာန်သည်သာလျှင် ချမ်းသာပေလိမ့်တကားဟု ရွတ်ဆို၏။

၂၂။ နယိဒံ သိထိလမာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဒုက္ခပ္ပမောစနံ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၄၆၆)

**အဓိပ္ပါယ်ကား**—အလုံးစုံသော ဆင်းရဲတို့မှ လွတ်မြောက်ရာဖြစ်သော ဤနိဗ္ဗာန်သို့ ပေါ့ပေါ့လျော့လျော့ အားထုတ်ခြင်းကြောင့် မရောက်နိုင်ရာ။ အနည်းငယ်သာဖြစ်သော အားအစွမ်းဖြင့် နိဗ္ဗာန်သို့ မရောက်နိုင်ရာ-ဟု ဟောတော်မူ၏။

၂၃။ ဗျာယထ ဘိက္ခဝေ၊ မာ ပမာဒတ္ထ၊ မာ ပစ္ဆာဝိပ္ပဋိသာရိနော အဟုဝတ္ထ ။ အယံ ဝေါ အမှာကံ အနုသာသနီ။
(သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ ၃၄၇)

**အဓိပ္ပာယ်ကား**—ရဟန်းတို့...ကိလေသာတည်းဟူသော အမှိုက်တို့ကို သမထ-ဝိပဿနာတည်းဟူသောမီးဖြင့် တိုက်ကြကုန်လော့။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြကုန်လင့်။ သေခါနီးကျ နောက်ကာလ၌ နှလုံးမသာမယာ ရှိကြကုန်သည် မဖြစ်ကြစေကုန်လင့်။ ဤသည်ကား သင်တို့အား ငါဘုရားတို့၏ ခုရေနောင်ပါ တသံသရာလုံး နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိအောင် ဆုံးမအပ်သော အဆုံးအမပေတည်း။

**မှတ်ချက်**။ ။ဤအဆုံးအမဩဝါဒကို ဘုရားရှင်သည် (၁၇၈၂)ကြိမ် ဟောကြားတော်မူသည်။

၂၄။ သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ။
(သုတ်မဟာဝါပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်၊ ဂ၁)

**အဓိပ္ပာယ်ကား**—ရဟန်းတို့...ရဟန်းသည် သတိနှင့်ပြည့်စုံသည်ဖြစ်၍ ပညာနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ၏။ ဤသည်ကား သင်တို့အား ငါဘုရားတို့၏ ခုရေနောင်ပါ တသံသရာလုံး နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိအောင် ဆုံးမအပ်သော အဆုံးအမ ဩဝါဒပေတည်း။

**မှတ်ချက်။** ။ဤ၌(ဝိဟရေယျ)ဆိုသည်မှာ (လျောင်း၊ ထိုင်၊ ရပ်၊ သွား) ဣရိယာပုထ်လေးပါးတို့ဖြင့် ပြောင်းလဲ၍နေထိုင်သည်ကို ဆိုလိုသည်။ သွားယင် သွားတယ်ဟု သတိပြု၊ သွားလိုတဲ့နာမ်နှင့် သွားနေတဲ့ရုပ်၊ နာမ်ရုပ်သာ သွားသည်ဟု သိသော ပညာနှင့် ပြည့်စုံသည်ဖြစ်၍ နေသည့်ရှိသော် သွားတတ်သော သူငါစသည်ဘား လုံးဝမရှိ။ သွားလိုတဲ့ နာမ်နှင့် သွားနေတဲ့ရုပ်၊ နာမ်ရုပ်ဖြစ်ပျက်အဆက်ဆက်၊ အနိစ္စ, ဒုက္ခ, အနတ္တအစစ် ဒုက္ခနှင့် သမုဒယသာဖြစ်၏ဟု သိတတ်သော ယထာဘူတ ဉာဏ်ကို လက်ကိုင်ရရှိထားပြီးလျှင် ထိုဉာဏ်ကို ရင့်သန်အောင် ပွားသည်ရှိသော် အနုလောမဉာဏ် အခြေမှန်လျှင် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ ဆက်ကာ-ဆက်ကာဖြစ်၍ တမဂ်ပြီး တမဂ်၊ တဖိုလ်ပြီး တဖိုလ် အရဟတ္တဖိုလ်သို့ရောက်သဖြင့် နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းရလေတော့သည်ဟု ဆိုလိုပေသည်။ (သတိတလုံး၊ မပြတ်သုံး၊ အဆုံးနိဗ္ဗုတာ)နှင့်အညီ ဤသတိ, ပညာ နှစ်ပါးသည် ဤမျှ အရာကျယ်လှ၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

---

# နောက်ဆက်တွဲ

## သာသနာ့ဝန်ထမ်း ရဟန်းများပြုလုပ်ရမည့် ဝန်ထမ်းနှစ်မျိုး

၁။ ဗုဒ္ဓမြတ်စွာ သာသနာ၌ အာဘ-ဘုရား ချထားခဲ့သော သာသနာ့ဝန်ထမ်းရဟန်းများသည် စာပေကျမ်းဂန် သင်အံပို့ချခြင်းတည်းဟူသော (ဂန္ထဓုရ) ပရိယတ္တိဝန်ထမ်းသူလည်းဖြစ်ရမည်။ သို့မဟုတ် ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် မိမိတို့စရိုက်နှင့်ကိုက်ညီသော ကမ္မဋ္ဌာန်းတရား တပါးပါးကို ကမ္မဋ္ဌာန်းဆရာထံမှ သင်ကြားနာယူ၍ သမထာဓမ္မခေါ်သော သမထ-ဝိပဿနာအလုပ်ကို အားထုတ်ခြင်းတည်းဟူသော (ဝိပဿနာဓုရ)ပဋိပတ္တိ ဝန်ထမ်းသူလည်း ဖြစ်ရမည်။

၂။ ထိုသို့ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ကြရာ မိမိတို့စွမ်းနိုင်ရာ တပါးပါး တမျိုးမျိုးကို ထမ်းဆောင်ရမည်မှာ မလွဲသာ မရှောင်သာ ဖြစ်၍ ထမ်းကြရတဲ့အခါ သာသနာ့ဝန်ထမ်း ရဟန်းအချင်းချင်းတို့သည် တဘက်က တဘက်ကို အပြစ်မဆို-မရှုတ်ချ မကဲ့ရဲ-မပုတ်ခတ်ကြပဲ (ဝါ) အထင်အမြင် မလွဲမှားကြပဲ မိမိတို့သည် သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ကြသည်နှင့်အညီ သူတာဝန်ကိုယ့်တာဝန်များကို လိုလေသေးမရှိရအောင် သတိဆောင်ကာ တက်ညီ-လက်ညီဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြဖို့ရာ လွန်စွာလိုအပ်ပါသည်။

## ကျေးဇူးတင်စကား ပြောကြားကြရန်

၃။ ပရိယတ္တိဝန်ကို ထမ်းဆောင်နေကြသူတို့ကလည်း ငါတို့လိုသာ တသက်လုံး ပရိယတ္တိစာပေကို ပို့ချ၍နေကြမည်ဆိုလျှင် ပဋိပတ္တိလုပ်ငန်းဘက်က ဟာကွက်ဖြစ်နေတော့မည်မှာ သေချာလှသည်။ ပဋိပတ္တိဝန်ကို ထမ်းဆောင်နေသူ မရှိပါလျှင် (ဝါ) ပဋိပတ္တိ ကမ္မဋ္ဌာန်းတရားပြသူ အားထုတ်သူ မရှိပါလျှင် ရုပ်တော်-နာမ်တော်မျှ နံ့ရတော့မည် မဟုတ်ပေ

ရုပ်စော်-နာမ်စော်မျှ မနံရပါလျှင် မင်္ဂစော်-ဖိုလ်စော်လည်း နံရတော့မည် မဟုတ်ပေ။ ဤသို့ဖြစ်လျှင်လဲ လူဖြစ်ရကျိုး, သာသနာနှင့်တွေ့ရကျိုး မနပ်နိုင်တော့ပဲ အရှုံးကြီးသာ ရှုံးကြရပေတော့မည်။

လက်ရှိဘဝ မင်္ဂပေါက်-ဖိုလ်ပေါက်-နိဗ္ဗာန်ရောက်ပင် မဟုတ်သော်လည်း ကျမ်းဂန်နည်းကျကျ ဆရာနည်းရရ တရားကို အားထုတ်ကြပါလျှင် အနုပုဂ္ဂိုလ်မှလွတ်၍ ကလျာဏပုဂ္ဂိုလ်ဖြစ်၊ စူဠသောတာပန်ပုဂ္ဂိုလ် စသည်တို့ ဖြစ်နိုင်လောက်ပေသည်။ ဤမျှဖြစ်နိုင်လျှင်ပင် သာသနာ၌ ထောက်ရာ, တည်ရာ, သက်သာရာကိုရ၍ သာသနာတော်တွင်း၌ လူဖြစ်ရကျိုး၊ သာသနာနှင့်တွေ့ရကျိုး နပ်ကြပေမည်။ ပါရမီဉာဏ် အခြေခံ အပြည့်အစုံရှိခဲ့၍ တရားကို အပြည့်အစုံ အားထုတ်ပါလျှင် လက်ရှိဘဝ၌ပင် တမင်္ဂ-တဖိုလ် စသည်ဖြင့် ရနိုင်-ရောက်နိုင်သော အခွင့်အရေး ရှိပေသေးသည်။

၄။ သက်တော်ထင်ရှား ဘုရားလက်ထက်တော်အခါက ဉာဏဒဿနဝိသုဒ္ဓိမင်္ဂဉာဏ် အမြင်စင်ကြယ်ခြင်း (၁) ဆဗ္ဗဿာယတနကမ္မဋ္ဌာန်းကို အားထုတ်သောရဟန်း၊ (၂) ခန္ဓာငါးပါးကမ္မဋ္ဌာန်းကို အားထုတ်သောရဟန်း၊ (၃) မဟာဘုတ်ကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်း၊ (၄) တေဘူမကကမ္မဋ္ဌာန်းကို အားထုတ်သောရဟန်း၊ ဤရဟန်းလေးယောက်တို့သည် စာပေကျမ်းဂန်ကို မသင်ကြားရပဲ ကျမ်းဂန်နည်းကျကျ ဆရာနည်းရရ အားထုတ်ကြပါသဖြင့် ဉာဏဒဿနဝိသုဒ္ဓိ မင်္ဂဉာဏ်-ဖိုလ်ဉာဏ် အမြင်စင်ကြယ်၍ အရဟတ္တဖိုလ်အထိ ပေါက်ရောက်နိုင်ကြသည်ကို ထောက်မြော်သင့်ပေသည်။ ဤလိုအကြောင်းအရာတို့ကို ထောက်ထား၍ ပဋိပတ္တိဝန်ကို ထမ်းဆောင်သော ပုဂ္ဂိုလ်တို့အပေါ်၌ ဤပုဂ္ဂိုလ်တို့ ရှိပေလို့သာဟု ကျေးဇူးတင်စကားကိုသာ ပြောကြားသင့်ပေသည်။

၅။ ပဋိပတ္တိဝန်ကို ထမ်းဆောင်သော ပုဂ္ဂိုလ်တို့ကလဲ ငါတို့လိုသာ တကိုယ်ကောင်းကြံ၍ ပုဂ္ဂိုလ်အားလုံး တရားကိုချည်းသာ အားထုတ်နေကြမယ်ဆိုပါလျှင် ပရိယတ္တိလုပ်ငန်းဘက်က ဟာကွက်ဖြစ်နေတော့မည်သာ သေချာလှပေသည်။ ပရိယတ္တိလုပ်ငန်းကို ထမ်းဆောင်သော ပုဂ္ဂိုလ်

မရှိပါလျှင် (ဝါ) စာပေကျမ်းဂန်ပို့ချသူမရှိပါလျှင် အကျင့်ပဋိပတ္တိလည်း ရှိတော့မည် မဟုတ်။ အကျင့်ပဋိပတ္တိ မရှိပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓလည်း ရရှိနိုင်တော့မည်မဟုတ်တော့ပြီ။ သာသနာသုံးရပ် ကွယ်ရုံသာရှိတော့သည်။ ယခုမူ ထိုသို့မဖြစ်စေပဲ စာပေကျမ်းဂန် သင်အံပို့ချနေကြတဲ့ ဆရာအစဉ်အဆက် တပည့်အစဉ်အဆက် ပရိယတ္တိဝန်းထမ်းပုဂ္ဂိုလ်များ ဆက်ကာ ဆက်ကာ ရှိနေပေလို့သာ သာသနာမကွယ်မပျောက်သေးပဲ ရှိနေသေးတာ ဖြစ်သည်။ ပရိယတ္တိဝန်ထမ်း ပုဂ္ဂိုလ်များ ရှိနေသမျှ ကာလပတ်လုံး အကျင့်ပဋိပတ္တိလည်း ရှိဦးမည်သာဖြစ်သည်။ အကျင့်ပဋိပတ္တိ ရှိနေသမျှ ကာလပတ်လုံး နည်းနှင့်အများ မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓလည်း ရှိဦးမည်သာဖြစ်သည်။

ကိုင်းတောကြီး, ကျူတောကြီးပမာ၊ တနည်းအားဖြင့် ကန်တောင်ကန်ရိုး ရေကန်ကြီးထဲ၌ ပဒုမ္မာ ကြာတောကြီးပမာ ပရိယတ္တိ-ပဋိပတ္တိ-ပဋိဝေဓ-ဟူသော သာသနာကြီး သုံးရပ်တွင် ပရိယတ္တိ သာသနာသည် ပင်မ မူလဘူတ အခြေခံကြီးအစစ် ဖြစ်ပါပေတကား-ဟု သိရှိကြပြီးလျှင် ပရိယတ္တိဝန်ကို ထမ်းဆောင်သော ပုဂ္ဂိုလ်တို့၏အပေါ်၌ ပဋိပတ္တိဝန်ကို ထမ်းဆောင်သော ပုဂ္ဂိုလ်တို့က အထူးကျေးဇူးတင်စကားကိုသာ ပြောကြားသင့်ကြပေသည်။ (သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ။ ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ)ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ ဗဟုဓာတုကသုတ်၌ ဖွင့်ဆိုထားပါသည်။

## အိမ်ကြက်ချင်း ခြံပေါက်ချင်း

၆။ တဦးနှင့်တဦးကို အပြစ်မရှာပါနှင့်၊ အပြစ်မပြောပါနှင့်၊ မပုတ်ခတ်မိပါစေနှင့်၊ နှုတ်စောင့်စည်းပါ၊ အထူးသတိပြု၍ရှောင်ကြဉ်ပါ။ တဦးနှင့်တဦးကို အပြစ်ရှာကြမယ်ဆိုယင် သူ့မှာအပြစ်ရှိနေသလို၊ ကိုယ့်မှာလဲ အပြစ်ရှိနေဦးမှာပဲ။ ပုထုဇဉ်ပုဂ္ဂိုလ်မှန်က အနည်းနှင့်အများ ဘယ်ပုဂ္ဂိုလ်မှ အပြစ်မကင်းနိုင်ကြပေ။ ဤလို သာသနာ့ဝန်ထမ်း ရဟန်းအချင်းချင်း အပြစ်ရှာနေကြမယ်ဆိုလျှင် အိမ်ကြက်ချင်း ခွပ်နေကြသကဲ့သို့ လည်း

ကောင်း၊ ခြံပေါက်ချင်းချင်း ပေ့ခဟ်နေကြသကဲ့သို့ လည်းကောင်း ဖြစ်နေပေလိမ့်မည်။ ဤလိုသာ မဖွယ်မရာဖြစ်နေကြပါလျှင် ရှင်သာမဏေ ပြုစဉ်က(ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ) ဟု ဆိုသော စကားနှင့် ရဟန်းပြုစဉ်က (ဥလ္လုမ္ပတု မံ ဘန္တေ သံဃော) ဟု ဆိုသော စကားရပ်တို့သည် ဘာမှအဓိပ္ပာယ်မရှိတော့ပဲ အမြွတ်မထွက် အရှုံးသက်သက်သာ ဝဋ်မှ မထွက်နိုင်သည့်ပြင် ဝဋ်ထဲ၌သာ လည်မြဲ လည်ကြရမည့် အရေးကိုသာ အလေးပြုကာ တဦးက တဦးကို အပြစ်ရှာ အပြစ်ပြော, ကဲ့ရဲ့ ရှုတ်ချ ပုတ်ခတ်နေမဲ့အစား အကျိုးများအောင် ယောနိသောမနသိကာရ စိတ်နှလုံးကောင်း ထားကြပြီးလျှင် ပရိယတ္တိ-ဝန်ကို ထမ်းဆောင်သော ပုဂ္ဂိုလ်များ ရှိပေလို့သာ သာသနာ မကွယ် မပျောက်ခြင်းဖြစ်သည်။ ပဋိပတ္တိဝန်ကို ထမ်းဆောင်သော ပုဂ္ဂိုလ်များ ရှိပေလို့သာ သာသနာမကွယ်မပျောက်ခြင်းဖြစ်သည်။

ဤလို သာသနာ မကွယ်ပျောက်လို့သာ လူနတ်တွေဟာ အပါယ် ဝေး၍ နတ်ရွာနိဗ္ဗာန်ကို ရောက်နိုင်ကြရခြင်း ဖြစ်ပေသည်ဟု အပြန်အလှန် အညမည ကျေးဇူးတင်စကားကိုသာ ပြောကြားကြပါရန် အကျိုးမြော်၍ နှိုးဆော် လိုက်ပါသည်။ ပရိယတ္တိဝန်နှင့် ပဋိပတ္တိဝန်ကို ထမ်းဆောင် ကြသော ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့။

---

**ပထမ မိတ်ဆက်စာတမ်း**

**အာသဝေါကင်းတဲ့ အသိတရား**

၁။ ဝိသေသတော စ အဇ္ဈတ္တိကရူပံ အသုဘတော ယဿန္တော ကဗဠီကာရာဟာရံ ပရိဇာနာတိ။ အသုဘေ သုဘန္တိ ဝိပလ္လာသံ ပဇဟတိ။ ကာမောဃံ ဥတ္တရတိ။ ကာမယောဂေန ဝိသံယုဇ္ဇတိ။ ကာမာသဝေန အနာသဝေါ ဟောတိ။ အဘိဇ္ဈာကာယဂန္ထံ ဘိန္ဒတိ။ ကာမုပါဒါနံ န ဥပါဒိယတိ။

**အနက်ကား**—ဝိသေသတော စ၊ အထူးအားဖြင့်ကား။ (ဝါ) အာသဝေါကုန်အောင် သိခြင်းအားဖြင့်ကား။ အဇ္ဈတ္တိကရူပံ၊ အဇ္ဈတ္တိက

ရှပ်ကို။ (ပါ) မ်ပ်၏ ခြေဆုံးခေါင်းဆုံး ဟာဟိုယ်ယုံး တာကောင်လုံးကြီးကို။ အသုဘတော၊ မတင့်တယ်သောအားဖြင့်။ (ဝါ) မလှမပအသုဘအားဖြင့်။ ပဿန္တော၊ မြင်သောသူသည်။ ကဗဠီကာရာဟာရံ၊ ကဗဠီကာရအာဟာရကို။ (ဝါ) စားဖွယ် သောက်ဖွယ်ကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။ အသုဘေ၊ အသုဘ၌။ (ဝါ) မတင့်တယ်သည်၌။ သုဘန္တိ ဝိပလ္လာသံ၊ တင့်တယ်၏ဟူ၍ ဖောက်ပြန်ခြင်းကို။ ပဇဟာတိ၊ ပယ်စွန့်၏။ ကာမောဃံ၊ ကာမသြဃကို။ ဥတ္တရတိ၊ လွန်မြောက်နိုင်၏။ ကာမယောဂေန၊ ကာမယောဂနှင့်။ ဝိသံယုဇ္ဇတိ၊ ယှဉ်ခြင်းမှ ကင်း၏။ ကာမာသဝေန၊ ကာမာသဝဖြင့်။ အနာသဝေါ၊ အာသဝမရှိသည်။ ဟောတိ၊ ဖြစ်၏။ အဘိဇ္ဈာကာယဂန္ထံ၊ အဘိဇ္ဈာကာယဂန္ထကို။ ဘိန္ဒတိ၊ ဖျက်ဆီး၏။ ကာမုပါဒါနံ၊ ကာမုပါဒါန်ကို။ န ဥပါဒိယတိ၊ မစွဲလမ်း။

၂။ ဝေဒနံ ဒုက္ခတော ပဿန္တော ဖဿာဟာရံ ပရိဇာနာတိ။ ဒုက္ခေ သုခန္တိ ဝိပလ္လာသံ ပဇဟာတိ။ ဘဝေါဃံ ဥတ္တရတိ။ ဘဝယောဂေန ဝိသံယုဇ္ဇတိ။ ဘဝါသဝေန အနာသဝေါ ဟောတိ။ ဗျာပါဒကာယဂန္ထံ ဘိန္ဒတိ။ သီလဗ္ဗတုပါဒါနံ န ဥပါဒိယတိ။

အနက်ကား—ဝေဒနံ၊ ဝေဒနာက္ခန္ဓာကို။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ပဿန္တော၊ မြင်သောသူသည်။ ဖဿာဟာရံ၊ ဖဿာဟာရကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။ ဒုက္ခေ၊ ဒုက္ခ၌။ သုခန္တိ ဝိပလ္လာသံ၊ သုခဟူ၍ဖောက်ပြန်ခြင်းကို။ ပဇဟာတိ၊ ပယ်စွန့်၏။ ဘဝေါဃံ၊ ဘဝသြဃကို။ ဥတ္တရတိ၊ လွန်မြောက်၏။ ဘဝယောဂေန၊ ဘဝယောဂနှင့်။ ဝိသံယုဇ္ဇတိ၊ ယှဉ်ခြင်းမှ ကင်း၏။ ဘဝါသဝေန၊ ဘဝဟူသော အာသဝဖြင့်။ အနာသဝေါ၊ အာသဝမရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗျာပါဒကာယဂန္ထံ၊ ဗျာပါဒကာယဂန္ထကို။ ဘိန္ဒတိ၊ ဖျက်ဆီး၏။ သီလဗ္ဗတုပါဒါနံ၊ သီလဗ္ဗတုပါဒါန်ကို။ န ဥပါဒိယတိ၊ မစွဲလမ်း။

၃–၄။ သညံ သင်္ခါရေ စ အနတ္တတော ပဿန္တော မနောသဉ္စေတနာဟာရံ ပရိဇာနာတိ။ အနတ္တနိ အတ္တာတိ ဝိပလ္လာသံ ပဇဟာတိ။

ဒိဋ္ဌောဃံ ဥတ္တရတိ။ ဒိဋ္ဌိယောဂေန ဝိသံယုတ္တတိ။ ဒိဋ္ဌာ-
သဝေန အနာသဝေါ ဟောတိ။ ဣဒံ သစ္စာဘိနိဝေသံ
ကာယဂန္ထံ ဘိန္ဒတိ၊ အတ္တဝါဒုပါဒါနံ န ဥပါဒိယတိ။

**အနက်ကား**–သညဥ္စ၊ သညာက္ခန္ဓာကိုလည်းကောင်း။ သင်္ခါရေ စ၊ သင်္ခါရက္ခန္ဓာကို လည်းကောင်း။ အနတ္တတော၊ အနတ္တအားဖြင့်။ ပဿန္တော၊ မြင်သောသူသည်။ မနောသဉ္စေတနာဟာရံ၊ မနောသဉ္စေ-တနာဟာရကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။ အနတ္တနိ၊ မိမိကိုယ် မဟုတ်သည်၌။ အတ္တာတိ ဝိပလ္လာသံ၊ အတ္တဟူသော ဖောက်ပြန်သော အယူကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဒိဋ္ဌောဃံ၊ ဒိဋ္ဌိတည်းဟူသော ဩဃကို။ ဥတ္တရတိ၊ လွန်မြောက်၏။ ဒိဋ္ဌိယောဂေန၊ ဒိဋ္ဌိတည်းဟူသော ယောဂနှင့်။ ဝိသံယုတ္တတိ၊ ယှဉ်ခြင်းမှ ကင်း၏။ ဒိဋ္ဌာသဝေန၊ ဒိဋ္ဌာသဝဖြင့်။ အနာ-သဝေါ၊ အာသဝေါတရားမရှိသည်။ ဟောတိ၊ ဖြစ်၏။ဣဒံသစ္စာဘိနိဝေသံ၊ ဤ ငါ၏ အယူသာလျှင် မှန်၏ဟူသော နှလုံးသွင်းခြင်းနှင့်ယှဉ်သော။ ကာယဂန္ထံ၊ ကာယဂန္ထကို။ ဘိန္ဒတိ၊ ဖျက်ဆီး၏။ အတ္တဝါဒုပါဒါနံ၊ အတ္တတည်းဟူသော ဥပါဒါန်ကို။ န ဥပါဒိယတိ၊ မစွဲလမ်း။

၅။ ဝိညာဏံ အနိစ္စတော ပဿန္တော ဝိညာဏာဟာရံ ပရိ-ဇာနာတိ။ အနိစ္စေ နိစ္စန္တိ ဝိပလ္လာသံ ပဇဟတိ။ အဝိဇ္ဇောဃံ ဥတ္တရတိ။ အဝိဇ္ဇာယောဂေန ဝိသံယုတ္တတိ။ အဝိဇ္ဇာသဝေန အနာသဝေါ ဟောတိ။သီလဗ္ဗတပရာမာသကာယဂန္ထံ ဘိန္ဒတိ။ ဒိဋ္ဌုပါဒါနံ န ဥပါဒိယတိ။

**အနက်ကား**–ဝိညာဏံ၊ ဝိညာဏ်ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ပဿန္တော။ မြင်သောသူသည်။ ဝိညာဏာဟာရံ၊ ဝိညာဏာဟာရကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။ အနိစ္စေ၊ အနိစ္စ၌။ နိစ္စန္တိ ဝိပလ္လာသံ၊ နိစ္စဟူသော ဖောက်ပြန်ခြင်းကို။ ပဇဟတိ၊ ပယ်စွန့်၏။ အဝိဇ္ဇောဃံ၊ အဝိဇ္ဇာတည်းဟူသော ဩဃကို။ ဥတ္တရတိ၊ လွန်မြောက်၏။ အဝိဇ္ဇာ-ယောဂေန၊ အဝိဇ္ဇာယောဂနှင့်။ ဝိသံယုတ္တတိ၊ ယှဉ်ခြင်းမှကင်း၏။ အဝိဇ္ဇာသဝေန၊ အဝိဇ္ဇာသဝဖြင့်။ အနာသဝေါ၊ အာသဝေါတရား

မရှိသည်။ ဟောတိ၊ ဖြစ်၏။ ယ်လဗ္ဘတပရာမာသကာယဂန္ထ၊ သီလဗ္ဗတ-ပရာမာသကာယဂန္ထကို။ ဘိန္ဒတိ၊ ဖျက်ဆီး၏၊ ဒိဋ္ဌုပါဒါနံ၊ ဒိဋ္ဌိဟူသော ဥပါဒါန်ကို။ န ဥပါဒိယတိ၊ မစွဲလမ်း။

ဧဝံ မဟာနိသံသံ၊ ဝေကာဒိဝသေန ဒဿနံ ယသ္မာ။
တသ္မာ ခန္ဓေ မိဓော၊ ဝေကာဒိဝသေန ပဿေယျ။
(သမ္မောအဋ္ဌကထာ အဘိဓမ္မာဘာဇနိယ-၃၃)

**အနက်ကား**—ဧဝံ ယထာဝုတ္တဝသေန၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဝေကာဒိဝသေန၊ သူသတ်ယောကျ်ား စသည်တို့၏ အစွမ်းဖြင့်။ ဒဿနံ၊ ရှုခြင်းသည်။ မဟာနိသံသံ၊ ကြီးသောအကျိုး ရှိသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ မိဓော၊ ပညာရှိသော ရဟန်းသည်။ ဝေကာဒိဝသေန၊ သူသတ်ယောကျ်ား စသည်၏ အစွမ်းဖြင့်။ ခန္ဓေ၊ ခန္ဓာတို့ကို။ ပဿေယျ၊ ရှုကြည့်ရာ၏။ (ဝါ) ရှုကြည့်ကြပါလေ။

**အဓိပ္ပာယ်ကား**—သူသတ်ယောကျ်ား ဆိုသည်မှာ အခြားမဟုတ်ပါ၊ ခန္ဓာငါးပါးကို ဆိုသည်—

၁။ ခေတ်လေးပါး ဖောက်ပြန်၍သေလျှင် ရူပက္ခန္ဓာသတ်၍သေသည်။

၂။ အစားမှား၍ သေလျှင် ဝေဒနာက္ခန္ဓာသတ်၍ သေသည်။

၃။ ဆေးအမှတ်မှား၍ သေလျှင် သညာက္ခန္ဓာသတ်၍ သေသည်။

၄။ အပြုအစုမှား၍ သေလျှင် သင်္ခါရက္ခန္ဓာသတ်၍ သေသည်။

၅။ အသိမှား၍ သေလျှင် ဝိညာဏက္ခန္ဓာသတ်၍ သေသည်။

ဘယ်သူမှ မသတ်၊ ခန္ဓာငါးပါးတို့တွင် တပါးပါးက သတ်၍ သေကြရသည်ဟု မှတ်လေ။ ဤလိုချည်း ဘဝတိုင်း ဘဝတိုင်း ခန္ဓာငါးပါး သတ်၍ သေရသည်ချည်းဖြစ်၍ ခန္ဓာငါးပါးကို သူသတ်ယောကျ်ားဟု ဆိုသည်။ ခန္ဓာငါးပါး သူသတ်ယောကျ်ားနှင့် တထပ်တည်း တသားတည်း ထင်အောင်ပွားလေ၊ ပွားရမည် ယောဂီအပေါင်း သူတော်ကောင်းတို့။

## ခန္ဓာငါးပါးကို လက္ခဏာတင်၍ ရှုရန်

၁။ တကိုယ်လုံး တကောင်လုံးဆိုတဲ့(ရူပက္ခန္ဓာ)ကို မလှပ မတင့်တယ် မဖွယ်မရာ အသုဘ အခြင်းအရာဖြင့် အသုဘ အသုဘဟု ရှုအပ်၏၊ ရှုရမည်၊ ရှုလေ။

၂။ (ဝေဒနာက္ခန္ဓာ)ကို ကျင့်၊ နာ၊ စပ်၊ ခါး ဆင်းရဲသော အခြင်းအရာအားဖြင့် ဒုက္ခ-ဒုက္ခဟု ရှုအပ်၏၊ ရှုရမည်၊ ရှုလေ။

၃-၄။ (သညာက္ခန္ဓာ-သင်္ခါရက္ခန္ဓာ) တို့ကို အစိုးမရ-အစိုးမရ အလိုသို့ မလိုက် အကြိုက်သို့မပါ၊ ငါ့ကိုယ်-ငါ့ဟာ-ငါမဟုတ်သော အခြင်းအရာအားဖြင့် အနတ္တ-အနတ္တဟု ရှုအပ်၏၊ ရှုရမည်၊ ရှုလေ။

၅။ (ဝိညာဏက္ခန္ဓာ)ကို အမြဲမရှိ-အမြဲမရှိသော အခြင်းအရာအားဖြင့် အနိစ္စ-အနိစ္စဟု ရှုအပ်၏၊ ရှုရမည်၊ ရှုလေ။

ဤသို့လျှင် ခန္ဓာငါးပါး တရားတို့ကို အထပ်ထပ် အကြိမ်ကြိမ် အခါခါ မရေမတွက်သာအောင် ရှုဖန်များလာသောအခါ ရူပက္ခန္ဓာကို အသုဘ အခြင်းအရာ ထင်လာသည်ရှိသော်၊ ဝေဒနာက္ခန္ဓာကို ဒုက္ခအခြင်းအရာ ထင်လာသည်ရှိသော်၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ကို အနတ္တအခြင်းအရာ ထင်လာသည်ရှိသော်၊ ဝိညာဏက္ခန္ဓာကို အနိစ္စအခြင်းအရာ ထင်လာသည် ရှိသော် ထိုထို ထင်သော ယောဂီပုဂ္ဂိုလ်အား ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ-ဟု ဆိုအပ်သော အာဟာရလေးပါးကို ပိုင်းခြား၍ သိခြင်း၊ အသုဘ၌ သုဘဟု ဖောက်ပြန်သော ဝိပလ္လာသ, ဒုက္ခ၌ သုခဟု ဖောက်ပြန်သော ဝိပလ္လာသ, အတ္တမဟုတ်သည်၌ အတ္တဟု ဖောက်ပြန်သော ဝိပလ္လာသ, အနိစ္စ၌ နိစ္စဟု ဖောက်ပြန်သော ဝိပလ္လာသ၊ ဤဝိပလ္လာသလေးပါးကို ပယ်နိုင်ခြင်း၊ ဩဃလေးပါးမှ လွန်မြောက်ခြင်း၊ ယောဂလေးပါးနှင့် ယှဉ်ခြင်းမှ ကင်းခြင်း၊ အာသဝေါတရားလေးပါးမှ ကင်းကွာခြင်း၊ ဂန္ထတရားလေးပါးကို ဖျက်ဆီးနိုင်ခြင်း၊ ဥပါဒါန်လေးပါးကို စွဲလမ်းခြင်းမှ ကင်းစင်ခြင်း စသော [illegible] အကျိုးကျေးဇူးတို့ကို ရနိုင်သောကြောင့်

အသက်ထက်ဆုံး ပွားများအားထုတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

### အကျဉ်းဆောင်ပုဒ်လင်္ကာ

၁။ လေးအာဟာရ၊ ပိုင်းခြားက၊ သိထ ဉာဏ်အလင်း။

၂။ ဝိပလ္လာသ၊ ဖောက်ပြန်က၊ ပယ်ထ ပျောက်ကင်းရှင်း။

၃။ သြဃလေးဖြာ၊ ကူးသွားရာ၊ သံသာလွန်မြောက်ခြင်း။

၄။ ယောဂလေးဖြာ၊ ယှဉ်သည်မှာ၊ မြန်စွာ ကင်းပျောက်ခြင်း။

၅။ လေးအာသဝ၊ စီးဆင်းကြ၊ ယိုထ မရှိခြင်း။

၆။ ဂန္ထလေးတန်၊ ထုံးဖွဲ့ပြန်၊ အမှန်ဖျက်ဆီးခြင်း။

၇။ လေးဥပါဒါန်၊ မြဲမြဲမှန်၊ တည်ရန်စွဲလမ်းကင်း။

### တနည်း—အကျဉ်းဆောင်ပုဒ်လင်္ကာ

၁။ အနိစ္စ-အနိစ္စ၊ စိတ်က ထင်ထင်။

၂။ ဒုက္ခ-ဒုက္ခ၊ နှုတ်က တွင်တွင်။

၃။ အနတ္တ-အနတ္တ၊ မှတ်ကြ လူရှင်။

၄။ အသုဘ-အသုဘ၊ ရှုကြ ထာဝစဉ်။

သူ့ငါတို့၏ တကိုယ်လုံး တကောင်လုံးဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို နိစ္စ-သုခ-အတ္တ-သုဘဟုမထင် အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘဟု လှလှကောင်းကောင်းကြီး စိတ်အစဉ်မှာ တရေးရေးထင်နေသည်ရှိသော် စိတ်နေစိတ်ထား ပြောင်းသွားပြီးလျှင် မဂ်စိတ်ဖိုလ်စိတ်များ ဖြစ်ပေါ်၍ မဂ်ဖိုလ်သို့ရောက်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဤကား ဂဏမဓိက်ဆက်စာတမ်း ပြီး၏။

## ဒုတိယမိတ်ဆက်စာတမ်း

သတ္တိမာ ဘိက္ခဝေ သညာ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောန္တိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။ ကတမာ သတ္တ၊ အသုဘသညာ မရဏသညာ အာဟာရေ ပဋိကူလသညာ သဗ္ဗလောကေ အနဘိရတသညာ အနိစ္စသညာ အနိစ္စေ ဒုက္ခသညာ ဒုက္ခေ အနတ္တသညာ။ ဣမာ ခေါ ဘိက္ခဝေ သတ္တ သညာ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောန္တိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာတိ။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမသညာသုတ်-၄၃၂)

**အနက်ကား**— ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးကြောက်ငြား အို-ချစ်သား ရဟန်းတို့။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမာ သညာ၊ ဤအမှတ်သညာတို့ကို။ ဘာဝိတာ၊ ပွားစေအပ်ကုန်သည် ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုးရှိကုန်သည်။ မဟာနိသံသာ၊ များသော အာနိသင်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အမတောဂဓာ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်၏။ အမတပရိယောသာနာ၊ နိဗ္ဗာန်သို့ ရောက်မှသာ လျှင် အကျိုးပေးပြီးဆုံးကုန်၏။ ကတမာ သတ္တ၊ အဘယ် ခုနစ်ပါးတို့နည်းဟူမူကား—

၁။ အသုဘသညာ—မိမိကိုယ်, သူတပါးကိုယ်ကို မလှပ မတင့်တယ် မဖွယ်မရာ အသုဘအခြင်းအရာ မထင်-ထင်အောင် သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲရှုသော သညာလည်းကောင်း။

၂။ မရဏသညာ—နေ့လော, ညဉ့်လော မပြောတတ်ပေ၊ ငါသည် တရက်သေရမည်မှာ ကေန်အမှန်ပါတကားဟု သေခြင်းတရား မထင်-ထင်အောင် သတိနှင့်မကွာ ပညာနှင့်မကင်း တဖန်တလဲလဲ ဆင်ခြင်သော သညာလည်းကောင်း။

၃။ အာဟာရေ – စားသောက် သုံးဆောင်အပ်သော အာဟာရ၌။ ပဋိကူလသညာ၊ အစာဟောင်းအဖြစ်သို့ (ဝါ) မစင်ကျင်ကြီး အဖြစ်သို့ ရောက်လတ္တံ့သည်အဖြစ်ကြောင့် စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်ဟု သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်သော သညာလည်းကောင်း။

၄။ သဗ္ဗလောကေ–အလုံးစုံသော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ၌။ အန-ဘိရတသညာ၊ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရ ခြင်း မကင်းနိုင်သည်၏ အဖြစ်ကြောင့် မွေ့လျော်ဖွယ်မရှိ·ဟု သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်သော သညာလည်းကောင်း။

၅။ အနိစ္စသညာ– ခန္ဓာငါးပါး၌ အမြဲမရှိသောအဖြစ်ကို (ဝါ) ဘွား ကနဲဖြစ်-ဖြုတ်ကနဲချုပ် ငုတ်တုတ်ပျောက်သော အနိစ္စအဖြစ်ကို သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်သော သညာလည်းကောင်း။

၆။ အနိစ္စေ– အမြဲမရှိသော ခန္ဓာငါးပါး၌။ ဒုက္ခသညာ၊ ဖြစ်ခြင်း ပျက်ခြင်း-အလျှင်းမပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲ၏ဟု သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်သော သညာလည်းကောင်း။

၇။ ဒုက္ခေ–ဆင်းရဲသော ခန္ဓာငါးပါး၌။ အနတ္တသညာ၊ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့မပါသောကြောင့် အနတ္တဟု သတိနှင့် မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်သော သညာ လည်းကောင်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာ ခေါ သတ္တသညာ၊ ဤဆိုအပ်ခဲ့ပြီးသော ခုနစ်ပါးသော သညာတို့ကို။ ဘာဝိတာ၊ ပွားစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ မဟပ္ဖလာ၊ များသော အကျိုးရှိကုန်သည်။ မဟာနိသံသာ၊ များသော အာနိသင်

ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အမတောဂဓာ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်၏။ အမတပရိယောသာနာ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်မှသာလျှင် အကျိုးပေးပြီးဆုံးကုန်၏။

## သညာခုနစ်ပါး

၁။ အသုဘသညာ၊
၂။ မရဏသညာ၊
၃။ အာဟာရေ ပဋိကူလသညာ၊
၄။ သဗ္ဗလောကေ အနဘိရတသညာ၊
၅။ အနိစ္စသညာ၊
၆။ ဒုက္ခသညာ၊
၇။ အနတ္တသညာ—
ပေါင်း (၇)ပါးတည်း။

ဤသို့ မြတ်စွာဘုရားသည် ဤ·သတ္တသညာသုတ်ကို ပွားများအား ထုတ်ကြသော သူတော်ကောင်းအပေါင်းတို့သည် နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိသည်ကို သိရှိကြပြီးလျှင် အသက်ထက်ဆုံး ပွားများအားထုတ်ကြပါရန် အကျိုးမြော်၍ နှိုးဆော်တိုက်တွန်းလိုက်ရပါသတည်း။

ဤကား ဒုတိယမိတ်ဆက်စာတမ်း ပြီး၏။

---

## တတိယမိတ်ဆက်စာတမ်း

သရသိ တွံ မာရိသ၊ သရသိ တွံ မာရိသ၊ ယတ္ထ မယံ ပုဗ္ဗေ ဗြဟ္မစရိယံ အစရိမှာတိ။ သော ဝေမာဟ “သရာမိ မာရိသ၊ သရာမိ မာရိသာ”တိ။ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ ခေါ သော သတ္တော ခိပ္ပံယေဝ ဝိသေသဂါမီ ဟောတိ။ နိဗ္ဗာနဂါမီ ဟောတီတိ အတ္ထော။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုက္ကနိပါတ်၊သောတာနုဂတသုတ်၊ ၅၀၇)

**အနက်ကား**—မာရိသ၊ ဓမ္မမိတ်ဆွေ နတ်သား။ တွံ၊ သင် ဓမ္မမိတ်ဆွေ နတ်သားသည်။ သရသိ၊ ပြန်၍အောက်မေ့ပါလော့။ မယံ၊ သင်နှင့်

ငါတို့သည်။ပုဗ္ဗေ၊ရှေးယခင် လူဖြစ်စဉ်အခါတုန်းက။ ယတ္ထ၊ အကြင် သုတ်အဘိဓမ္မာဝိနည်း၌။ ဖြဟ္မစရိယံ၊ သမထဝိပဿနာအကျင့်ကို။ အစရိမှာ၊ ကျင့်ခဲ့ကြကုန်ပြီ။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ သတိပေး နှိုးဆော်အပ်သည်ရှိသော်။ သော၊ ထို-လူ့ပြည်ကသေ၍ နောက်မှ ရောက်လာသော နတ်သားက။ မာရိသ၊ ဓမ္မမိတ်ဆွေ နတ်သား။ ဒးဟံ၊ ငါသည်။ သရာမိ၊ အောက်မေ့ပါပြီ။ မာရိသ၊ ဓမ္မမိတ်ဆွေ နတ်သား။ အဟံ၊ ငါသည်။ သရာမိ၊ အောက်မေ့ပါပြီ။ ဣတိ ဧဝံ၊ ဤသို့။ အာဟ၊ နှုတ်ခွန်းတို့ကို ပြန်ဆိုလေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပါဒေါ၊ ငါသည် လူဖြစ်စဉ်က တရားကို အားထုတ်ခဲ့ဖူးပါတကားဟူ၍ ဖြစ်သော သတိက။ ဒန္ဓော၊ နှန့်နှေးနှေး နောက်ကျ၍ နေသေး၏။ အထခေါ၊ ဓမ္မမိတ်ဆွေ နတ်သားက သတိပေး နှိုးဆော်သော အခါ၌။ သော သတ္တော၊ ထို နတ်ပြည်၌ ဖြစ်သော သတ္တဝါသည်။ ခိပ္ပံယေဝ၊ လျင်စွာသာလျှင်။ ဝိသေသဂါမီ၊ မဂ်ဖိုလ်နိဗ္ဗာန် တရားထူး တရားမှန်ကို ကေန် ယခု မျက်မှောက်ပြုသည်။ ဟောတိ၊ မုချမသွေ ဖြစ်တော့လေသတည်း။

ဤသို့ ရှေးဘဝက တရားတော်ကို သင်အံလေ့ကျက်ခဲ့ခြင်း၊ ဆည်းပူးပွားများအားထုတ်ခဲ့ဖူးခြင်းတည်းဟူသော ဥပနိဿယသည် အကယ်၍ လက်ရှိဘဝ တရားထူးကို မရပဲ ပုထုဇဉ် ပုဂ္ဂိုလ်အဖြစ်နှင့်ပဲ သေတယ်ဆိုဦးတော့ နတ်ပြည်သို့ရောက်၍ တရားအားထုတ်ခဲ့ဖူးသော ဓမ္မကထိက နတ်သားက သတိပေး နှိုးဆော်ပေးလိုက်တဲ့အခါ ဪ....ငါသည် နောက်ဘဝ လူ့ပြည်၌ဖြစ်စဉ်က တရားအားထုတ်ခဲ့ဖူးပါတကားဟု သတိရတာက နောက်ကျ၍နေသေး၏။ စင်စစ်အမှန်မှာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုတာက လျင်မြန်သည်ဟု ဆိုလိုသည်။

ထို့ကြောင့် လက်ရှိဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသော်လည်း သေပြီးသည့်နောက် နတ်ပြည်ရောက်-ရောက်ခြင်း နှစ်ဘဝနှင့် အရိယာပုဂ္ဂိုလ်ဖြစ်နိုင်ကြအောင် အထူးကြိုးစားကြပါရန် အကျိုးမြော်၍ နှိုးဆော်လိုက်ရပါသည် ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့။

ဤကား တတိယ မိတ်ဆက်စာတမ်း ပြီး၏။

# စာကိုယ်ပြီးဆုံး

# ကျမ်းနိဂုံး

၁။ ဝတ္တာဝတာ စ–

ဇောတိယာ မရမ္မရဋ္ဌေ ပခုက္ကူဇနပဒေ ဂန္ဓဂေါနိဂမေ ယရိယာပန္နေ ကဇ္ဇန်းတောင်ဂါမေ ဇာတေန ပဝတ္တိယံ ပန ကသာဇနပဒေ ဝန်းသို နိဂမေ ခန္တျာရာမေ နိစ္စဝါသေန ဝါသိနာ, ခန္တီးရိပ်သာတျာရာမေ ဒေါ်ဘန်းကြီးတိအဝှါယ ဥပါသိကာယ အာဒိံ ကတွာ ပစ္ဆာ ရွှေဘိုဦးမောင်ကြီး ဒေါ်ဒေါ်သီဟိ ကာရိတေ ဏ္ဍကဝိဟာရေ ဝသန္တေန သုဇနော-တိ ဂရူဟိ ဂဟိတနာမဓေယျေန မဟာထေရေန စက္ကဗ္ဗေဒ-ကာမာနံ စက္ကဗ္ဗေဒကတ္တာယ ကတတ္တာ စက်ဖြတ်ဝိပဿနာ-နာမကောယံ ဂန္ထော သက္ကရာဇေ နဝဝီသာဓိကေ

[redacted]

**အယမေတ္ထ အာယာစနာ—**

၂။ ယုတ္တာယုတ္တံ ဝိစိန္တေယျ၊ ယုတ္တံ ဂဏှေယျ ပညဝါ။
အယုတ္တဉ္စ ဝိသဇ္ဇေယျ၊ မာနဒေါသံ န စ ကရေ။

**အထဝါ ပန—**

၃။ ဘူတာဘူတံ ဝိစိကွေယျ၊ ဘူတံ ဂဏှေယျ ပဏ္ဍိတော။
အဘူတဉ္စ ဝိသဇ္ဇေယျ၊ န ကရေယျ အမနာပံ။

၄။ နိဋ္ဌိတာယံ ယထာ ဂန္ထော၊ အန္တရာယံ ဝိနာ သုခံ။
တထေဝ ဟိတသက်ပ္ပါ၊ သမိဒ္ဓါ ဟောန္တု ပါဏိနံ။

၅။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၆။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

စက်ဖြတ်ဝိပဿနာ နိဋ္ဌိတာ။

၁။ စ၊ စာကိုယ်ပြီးဆုံး ကျမ်းနိဂုံးကို ပြဆိုပါအံ့။ တွော၀တာ တွော၀န္တေန၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ် တရားအစဉ်ဖြင့်။ ဇာတိယာ၊ ပဋိသန္ဓေအားဖြင့်၊ (ဝါ) မွေးဖွားရာ, ချက်မြှုပ်ရာ အရပ်ဌာနအားဖြင့်။ မရမ္မရဋ္ဌေ၊ မြန်မာအစ တကောင်းက ဆိုတဲ့အတိုင်း မြန်မာဦးစွန်း ပေါ်ထွန်းရာအခိုက် အမိမြန်မာနိုင်ငံတော်ကြီး၌။ ပခုက္ကူ ဇနပဒေ၊ ပခုက္ကူသာသနာ၀င်အရ ရှေးဦးအစ သားထုတ်ကူမှ နောက်ကာလ၌ ပခမ်းအုတ်ကူ ယခုအခါ ပခုက္ကူခရိုင်ဟု ခေါ်ဆိုနေကြသော ပခုက္ကူမြို့ကြီး၌။ ဂန္ဓဂေါနိဂမေ၊ ထီးလင်း, ဂန့်ဂေါ့,လောင်းရှည်,ဆောဟု ယောလေးမြို့အစုတွင် ပါဝင်သော ဂန့်ဂေါနိဂုံး၌။ ပရိယာပန္နေ၊ အပါအဝင်ဖြစ်သော။ (ဝါ) အုပ်စုနယ်ပယ်တွင် ပါဝင်သော။ ကဇ္ဇနီးတောင်ဂါမေ၊ ကဇ္ဇနီးထောင့်ရွာ၏ အနောက်တောင်ထောင့် အရပ်၌ တည်ထား

သော ရွာဖြစ်၍ ကဇွန်းတောင်ရွာ၊ ယခုအခါ ကဇွန်းထောင့် (ကဇွန်းဒေါင့်)ဟု ခေါ်ဆိုနေကြသော လူနေအိမ်ခြေ တရာကျော်ရှိသော။ (ဝါ) တရာ့ခုနစ်ဆယ်ကျော်ရှိသော ရွာကြီး၌။ ဇာတေန၊ ဘိုးဘွား သူကြီးရိုးရာ မွေးဖွား၍လာသော။

(မဟာထေရေန၌ ဝိသေသန–ဝိသေသျစပ်လေ)

ပန၊ ဇာတိချက်မြှုပ်မှတပါး ပဝတ္တိကာလကို ပြဆိုပါဦးအံ့။ ပဝတ္တံ- ပဝတ္တိယံ၊ နေရင်းဌာန ဆယ့်ရှစ်နှစ်သား သာမဏေဘဝက ကဇွန်းတောင်ရွာမှ ပခုက္ကူ၊ ပခုက္ကူမှ မန္တလေး၊ မန္တလေးမှ တဆင့်တဆင့် ပညာရင်ဖွင့်ယင်း ချင်းနင်းရောက်လာ ပဝတ္တိအခါ၌ကား။ ကသာဇနပဒေ၊ ဝန်းသိုရာဇဝင်အရ ရှေးဦးပထမ (ကပ်ဆာ) ကပ်-ကား ဈေး၊ ဆာ-ကား မိုင်းသာ (မိုင်းသာဈေး)ဟု ခေါ်တွင်လာသည်မှ ယခုအခါ ခရိုင်မြို့ကြီးတမြို့ ဖြစ်နေသော ကသာဇနပုဒ်မြို့ကြီး၌။ ပရိယာပန္နေ၊ အုပ်စု၌ ပါဝင်သော။ ဝန်းသိုနိဂမေ၊(ဝနံ နိဝါသံ ကတ္ဝာ ဝသန္တိ ဧတ္ထာတိ ဝနဝသော)ဝိဂ္ဂိုဟ်အရ ဝန်းသိုမြို့ဟု ခေါ်ကြသော နိဂုံး၌။ ခန္တျာရာမေ၊ ဇင်ဂလင်း-ခန္တီးနာမည်ကြီးသော ရှမ်းခန္တီးမြို့ကြီးမှ ကြွလာတော်မူသော ဆရာတော်ကြီးကို အကြောင်းပြု၍ မှည့်ခေါ်ကြသော ယခုအခါ နေ့ဝါ- ညဝါ ပညာရင်နို့ သောက်စို့လိုင်ငြား စာသင်သားတို့သည် (ဝါ) ပန်းရည်ယူသုံး ပျားပိတုံးပမာ ရပ်ခေလးမျက်နှာ ရပ်ရှစ်မျက်နှာမှ ထွက်ဝင်မစဲ တသဲသဲ တညံညံ စာအံစာချ ပြုလုပ်နေကြသော ခန္တီးစာသင်တိုက်ကြီး၌။ နိစ္စဝါသေန၊ စာပို့စာချကိစ္စဖြင့် ဆယ့်ကိုးနှစ်သားသာမဏေဘဝမှ ရဟန်းဘဝ သုံးဆယ့်ရှစ်ဝါကြာအောင် အမြဲနေထိုင်ခြင်းဖြင့်။ ဝါသိနာ၊ နေလေ့ရှိသော။

(မဟာထေရေန၌ ဝိသေသန-ဝိသေသျစပ်လေ)

ပဋ္ဌာ၊ သက်ရှယ်ကြီးလာ နောက်အခါ၌။ ခန္တီးရိပ်သာတျာရာမေ၊ ဝန်းသိုမြို့နိဂုံးနှင့် မိုင်ဝက်ခန့်ဝေးကွာ ခန္တီးရိပ်သာ ကျောင်းတိုက်တာ အရာမ်၌။ ဒေါ်ဘန်းကြီးတိအင့ါယ၊ ဒေါ်ဘန်းကြီးဟု ခေါ်ဝေါ်သမုတ်အပ်သော။ ဥပါသိကာယ၊ ရတနာသုံးရပ် တရားမြတ်ကို အမြဲဆည်းကပ်

ထတ်သော ဥပါသိကာမသည်။ အာဒိံ ကတွာ၊ အစပြု၍။ ကာရိတော ဆောက်လုပ်အပ်သော။ ပစ္ဆာ၊ နောက်အခါ၌။ ရွှေဘို ဦးမောင်ကြီး-ဒေါ်ဒေါ်သီဟိ၊ ရွှေဘိုမြို့ ခဲအိုတော်- ဦးမောင်ကြီး၊ အစ်မတော်-ဒေါ်ဒေါ်သီတို့သည်။ ကာရိတေ။ ဆောက်လုပ်အပ်သော။ ဇာင္ဂဏကဝိ-ဟာရေ ဂိဇ္ဇကာဝသထေ၊ခြောက်သောင်းကုန် အုတ်ကျောင်းတော်ကြီး၌။ ဝသန္တေန၊ ပရိယတ္တိပညာ-ပဋိပတ္တိသာသနာကို နှေးညမလွတ် အားထုတ်၍နေသော။

(မဟာထေရေန၌ ဝိသေသန-ဝိသေသျ စပ်လေ)

သုဇနေ‌ာတိ၊ သုဇနဟူ၍။ ဂရူဟိ၊ ကျောက်ထီးတန္တု အလေးပြုအပ်သော ပထမ-ပညာသင်စဆရာ (ဥေ ယျာ်လင်္ကာရ)၊ ဒုတိယ-ဗေဒင်ပညာသင်ဆရာ (စန္ဒာဘိဝံသ)၊ တတိယ-အဘိုးဂိုဏ်းထောက်ကြီးဆရာ (ဂန္ဓမာလင်္ကာရ)၊ စတုတ္ထ-၁၂၉၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် သောကြာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသော ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် အရှင်စန္ဒိမာ မဟာထေရ် အမည်ရှိသော ပထမခန္တီး ဆရာတော်ဘုရားကြီး တို့သည်။ ဂဟိတနာမဓေယျေန၊ မှည့်ခေါ်အပ်သော အမည်ရှိသော။ မဟာထေရေန၊ သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၅) ဝါ ရရှိတော်မူသောကြောင့် မဟာထေရအမည်ရသော မထေရ်သည်။ စက္ကစ္ဆေဒကာမာနံ၊ အဝိဇ္ဇာအစ, ဇရာမရဏ အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကြီးကို အပြီးအပြတ် အဆုံးသတ် ဖြတ်လိုကြကုန်သောသူတို့အား။ (ဝါ) သူတို့၏။ စက္ကစ္ဆေဒကတ္ထာယ၊ အဆိုပါပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကို ဖြတ်ခြင်းအကျိုးငှာ။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ စက်ဖြတ်ဝိပဿနာနာမကော၊ စက်ဖြတ်ဝိပဿနာအမည်ရှိသော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ သက္ကရာဇေ၊ လူတို့ဝေါဟာ ကောဇာတက်သစ် သက္ကရာဇ်သည်။ (ဝါ) သမ္မတမင်းလက်ထက်မှ စ၍ရေတွက်–သက္ကရာဇ်သည်။ နဝဝီသာဓိကေ၊ နှစ်ဆဲ့ကိုးနှစ်အလွန်ရှိသော။ တိသတသဟဿဝသော၊ ထောင့်သုံးရာခုနှစ်သို့။ (ဝါ) ၁၃၂၉-ခုနှစ်သို့။ သမ္ပတ္တေ၊ ကောင်းစွာရောက်လတ်သည်ရှိသော်။ ဖဂ္ဂုဏာ-

မာသသာ၊ တပေါင်းလ၏။ ဇုဏှပက္ခေ၊ လဆန်းပက္ခ၌။ ဒသာမေ၊ ၁၀း ရက်ဖြစ်သော။ သုက္ကဝါရေ၊ သောကြာနေ့၌။ အနာယာသေန၊ အနှောင့် အယှက်ကင်းသဖြင့်။ နိဋ္ဌံ၊ အစအဆုံး ကမ္ပတ်ဖုံး၍ ပြီးဆုံးခြင်းသို့။ ပတ္တော ဂတော၊ ရောက်သတည်း။ ဣတိ၊ ဤသို့။ ဒဠှဗ္ဗော၊ မှတ်အပ်၏။ ဣတိ ပရိသမာပနံ၊ ဤကား အပြီးအဆုံးတည်း။ ပန၊ ဆက်ဦးအံ့။ အယံ၊ ဤ ဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ အမှာကာ၊ ကျမ်းပြုဆရာ ငါတို့၏။ အာယာစနာ၊ အနူးအညွတ် ခွင့်လွှတ်တောင်းပန်ခြင်းတည်း။

၂။ ပညဝါ၊ ကျမ်းဂန်မြင်သိ ပညာရှိသည်။ ပဌမံ၊ ရှေးဦးစွာ။ ယုတ္တာ-ယုတ္တံ၊ သင့် မသင့်ကို။ ဝိစိန္တေယျ၊ အထူးသဖြင့် စူးစမ်းဆင်ခြင်ရာ၏။ ယုတ္တံ၊ သင့်သည်ကို။ ဂဏှေယျ၊ ယူရာ၏။ အယုတ္တံ၊ မသင့်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဝိသဇ္ဇေယျ၊ ပယ်စွန့်ရာ၏။ မာနဒေါ-သံ၊ ငါတလူလူ တံခွန်ထူတဲ့ မာန၊ ကတမ်းကမန်း အဆဲကြမ်းတဲ့ ဒေါသ ကို။ န စ ကရေ၊ ဘုရားမကြိုက်၍ မပြုလိုက်ပါနှင့်။

၃။ အထ ဝါ ပန၊ တနည်းသော်ကား။ ပဏ္ဍိတော၊ ကြောင်းကျိုး မြင်သိ ပညာရှိသည်။ (ဝါ) မ-တထောင် တကောင်ဖွား၊ တမိုးအောက် တယောက်ဆိုလောက်သော ပညာရှိသည်။ ပဌမံ၊ ရှေးဦးစွာ။ ဘူတာ-ဘူတံ၊ ဟုတ်မှန်သည် မဟုတ်မှန်သည်ကို။ ဝိစိကွေယျ၊ ထူးကဲလွန်စွာ ဉာဏ်ဖြင့် ကြည့်ရှုရာ၏။ ဘူတံ၊ ကျမ်းဂန်နှင့်အညီ ဟုတ်မှန်သည်ကို။ ဂဏှေယျ၊ ယူရာ၏။ အဘူတံ၊ ကျမ်းဂန်နှင့်မညီ မဟုတ်မမှန်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ဝိသဇ္ဇေယျ၊ ပယ်စွန့်ရာ၏။ အမနာပံ၊ စိတ်၌ခုလု မနှစ်သက်မှုကို။ န ကရေယျ၊ မပြုမိစေရာ။

၄။ အယံ ဂန္ထော၊ ဤ စက်ဖြတ်ဝိပဿနာကျမ်းသည်။ အန္တရာယံ၊ နှောင့်ယှက်သွယ်သွယ် အန္တရာယ်ကို။ ဝိနာ၊ လုံးဝမရှိ ကြဉ်ရှောင်ဘိ၍။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ နိဋ္ဌိတော ယထာ၊ အပြီးအဆုံး ကမ္ပတ်ဖုံးသကဲ့သို့။ တထေဝ၊ ထို့ အတူသာလျှင်။ ပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတသက်ပ္ပါ၊ လောကီ လောကုတ္တရာ အစီးအပွားနှင့်စပ်

သော ကောင်းမြတ်သော အကြံအစည်တို့သည်။ သမိဒ္ဓါ၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၅။ သဒ္ဓမ္မော၊ ဘုရားဟောကြား သူတော်ကောင်းတရားသည်။ စိရံ၊ နှစ်ပေါင်းငါးထောင် ရှည်မြင့်ကြာအောင်။ တိဋ္ဌတု၊ ကျောက်စာတိုင်ပမာ တည်ရစ်ပါစေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ လူရော နတ်ပါ ပြဟ္မာမကြွင်း ခပင်းဥဿုံ လုံးစုံများစွာ သတ္တဝါတို့သည်။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ သဂါရဝါ၊ ရိုသေလေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ကာလေန၊ ရွာသင့်ရွာထိုက်သော မိုးကာလ၌၊ (ဝါ) စိုက်ချိန်ပျိုးချိန် စိုက်ပျိုးချိန်ကာလ ခါသမယ၌။ ဒေဝေါပဇ္ဇုန္နော ဝလာဟကော၊ မိုးနတ်သားသည်။ ဂဇ္ဇိတွာ၊ ချုန်းခြိမ်း၍။ သမ္မာ၊ ကောင်းစွာ။ (ဝါ) သမ္မာခရုံ၊ အရေထန်စွာ (ဝါ) သဲသဲမဲမဲ။ (ဝါ) ရေရမြက်တင် (ဝါ) ရေလာချောင်းစီး မြစ်ရေတွေကြီးအောင်။ ပဝဿတု၊ လေးရပ်မျက်နှာ ရှစ်ရပ်မျက်နှာ အနှံ့အပြား ရွာသွန်းပါစေ သား၊ ဝါ၊ ရွာသွန်းပါစေသတည်း။

၆။ ပေါရာဏာ၊ ရှေး၌ဖြစ်ကြကုန်သော။ သုရာဇာနော၊ ဗောဓိ လောင်းသတ် မင်းကောင်း မင်းမြတ်တို့သည်။ အတ္တနော၊ မိမိ၏။ ပဇံ၊ ရင်ဝယ်မွေးဖွား သတို့သားကို။ ရက္ခိံသု ယထာ၊ ဘေးရန်ဥဿုံ အလုံးစုံနှင့် မတွေ့မကြုံ လုံခြုံအောင် စောင့်ရှောက်ကြကုန်သကဲ့သို့။ တထေဝ၊ ထို နှင့်တမူ အလားတူသာလျှင်။ ရာဇာ၊ တိုင်းပြည်သေဌ်နင်း ပြည့်ရှင်မင်း သည်။ ဓမ္မေန သမေန၊ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ။ ဣမံ ပဇံ၊ ဤ တိုင်းသူပြည်သား လူအများကို။ ရက္ခတု၊ နိစ္စမပြတ် စောင့်ကြပ်ပါစေ သတည်း။ ဝါ၊ သိမ်းမြန်းပိုက်ထုပ် ကြက်သားအုပ်သို့ စိုးချုပ်စောင့် ရှောက်ပါစေသတည်း။

ဤတွင်
စက်ဖြတ်ဝိပဿနာကျမ်း
ပြီးပါပြီ။

ပ-မ-သ-စ ၂၁၂-၁၄-၆-၈၄-၃၀၀၀ (၁)

# အလိမ္မာ စာမှာရှိသည်

## လူကောင်း လူတော်ဖြစ်အောင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ

## မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ

---

## သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် ရိုက်နှိပ်ပြီး သဒ္ဒါကျမ်းများ

၁။ ကစ္စည်းသဒ္ဒါကြီးပါဠိ
၂။ ရူပသိဒ္ဓိပါဠိ
၃။ ရူပသိဒ္ဓိ ဋီကာ
၄။ သဒ္ဒနီတိ ပဒမာလာ
၅။ သဒ္ဒနီတိ ဓာတုမာလာ
၆။ သဒ္ဒနီတိ သုတ္တမာလာ
၇။ သဒ္ဒနီတိ ပဒမာလာ နိဿယ ပထမတွဲ၊ ဒုတိယတွဲ
၈။ သဒ္ဒနီတိ ဓာတုမာလာ နိဿယ ပထမတွဲ၊ ဒုတိယတွဲ
၉။ နိရုတ္တိဒီပနီ
၁၀။ ပယောဂသိဒ္ဓိပါဠိ

---

**တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကြီး**

အတွဲ ၁-၂-၃-၄-၅-၆-၇-၈-၉-၁၀ ထွက်ပြီ

ကျန်အတွဲများ ဆက်ထွက်မည်။